# ဟင်္သာတ



## မဂ္ဂဇင်း


အမှတ်(၁)

ဟင်္သာတမြို့နယ်စာရေးဆရာအသင်းနှင့် မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီမှထုတ်ဝေသည်။




Photo & Design - STANDARD Computer

သို့
အမှတ်တရလက်ဆောင်
မှ
မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီ





# ဟသ်ာတမြို့နယ်မဂ္ဂဇင်း

**ထုတ်ဝေသူ**
ဦးဇော်မိုးအောင်(ဦးစီးအရာရှိ)
ဒုမြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

**အယ်ဒီတာချုပ်**
မျိုးသစ်

**ဒုအယ်ဒီတာချုပ်**
စောမောင်ယော

**အယ်ဒီတာအဖွဲ့**
ကိုချိန်ချိန်၊ သန်းကိုဦး(ဟသ်ာတ)၊ သစ္စာဝါဒီဦးမြင့်အောင်၊
ရဲရဲထွန်း(ဟသ်ာတ)၊ မိုးကျော်(ဟသ်ာတ)၊
မောင်နန်းထက်(ဟသ်ာတ)၊ နန်းရွှေရည်

**စီစဉ်သူ**
ဒေါ်ခင်စောဝင်း(ခင်ရှင်စော) ဘဏ္ဍာရေးမှူး

**တပြင်အယ်ဒီတာ**
ပန်းမြိုင်လယ်စိန်ဝင်း

**ကွန်ပျူတာစာစီ**
ကိုသန်းဌေး(အင်္ဂပူ)

**တတ်ပုံ/ မျက်နှာဖုံးနှင့် ကြော်ငြာဒီဇိုင်း**
ကိုအောင်မော်ဦး(စန်းရွှေရောင်) /ရန်နိုင်ထွန်း (STANDARD Computer

**အတွင်းသရုပ်ဖော်**
မောင်နေကြည်၊ အောင်နိုင်လတ်၊ ကျော်စိုးညိမ်း၊ ဉာဏ်လင်းထက်

**မျက်နှာဖုံးနှင့် အတွင်းစာမျက်နှာမွဲ့စည်းမှု**
ဆုပြည့်စုံထွန်းစာပေ၊ အမှတ် ၅၀၈/၅၁၂ (၂-ခ)၊ ပထမထပ်၊
ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၃၈၃၆၆၄၊ ၃၈၆၈၃၃။

**ပုံနှိပ်သူ**
ဖြိုးဝေလျှံပုံနှိပ်တိုက်(၀၀၆၅၉)

**အုပ်ရေ**
၁၅၀၀

**ရုံးခန်း**
ဟသ်ာတမြို့နယ် စာရေးဆရာအသင်း၊ မရကရုံးအောက်ထပ်၊
ဟသ်ာတမြို့၊ ဖုန်း ၀၉ ၃၆၁၁၉၅၂၇၊ ၀၉ ၄၂၂၄၉၃၂၇၀၊
၀၉ ၃၁၁၄၅၇၃၈၊ ၀၉ ၄၂၅၂၇၇၈၆၈

**ဟသ်ာတမြို့နယ် စာရေးဆရာအသင်းနှင့် မဂ္ဂဇင်း**
**ဖြစ်မြောက်ရေးကော်မတီမှ တန့်သတ်ရိုက်နှိပ်ထုတ်ဝေသည်။**

# ဟင်္သာတ မဂ္ဂဇင်း

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ
အမှတ် (၁)



## မာတိကာ

ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်အမတ် ဦးငွေဦး၏ ဥယျောဇဉ် ၁၄
ဟင်္သာတမဂ္ဂဇင်း ဖြစ်မြောက်ရေးကော်မတီ နာယကများ၏ ပီတိစကားများ ၁၆
ဟင်္သာတမဂ္ဂဇင်း ဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင်များ ၁၇
ဟင်္သာတမြို့နယ် စာရေးဆရာအသင်းအမှုဆောင်ကော်မတီဝင်များနှင့် မဂ္ဂဇင်းအယ်ဒီတာများ ၁၈
မြို့နယ်မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီ၏ ဆန္ဒမွန် ၁၉
ဟင်္သာတမြို့နယ် လှုပ်ရှားမှု သတင်းကဏ္ဍ ၂၀



**ကာတွန်းကဏ္ဍ**
ကြည်လင်း(ဟင်္သာတ)၊ သစ္စာဝါဒီဦးမြင့်အောင်
ကိုရန်နိုင်(မှုခင်းသတင်းထောက်)၊ ပုသိမ်-ဦးစိုး၊
သန်းနိုင်(တောင်လုံးစု)၊ သန်းမင်း။

**အလှစာမျက်နှာကဏ္ဍ**





**ကဗျာကဏ္ဍ**
အဖျောက်မြေမောင်ခွေမွန်
ဟင်္သာတမြေသို့ ၁၃
မောင်လင်းခက်(ဟင်္သာတ)
မိခင်ကြီး၏ ကြေးမုံပြင် ၃၃
မအိ
စနေသမီး ရွာသူမ ၃၄
ဟင်္သာတ-မောင်နွယ်ထွဋ်
ရိုးသားတဲ့လမင်းကြီးရေ ၃၅
ငွေကြည်(စလင်း)
အဖြောင့်လွဲသူ ၃၆
ကွမ်းမား(ပန်းလေးပွင့်)
လှေတော်သံ ၃၇
ကိုလေး(ပန်းလေးပွင့်)
လမ်းပျောက်နေတဲ့ အမေ့သား ၃၈
ကျော်သူရ(RG)
ပြက်လုံးများ ၃၉
မင်းဝေနိုင်(ဟင်္သာတ)
အာကာသိမ်းခံရတဲ့ ပုတီး ၄၀
မောင်နန်းထက်(ဟင်္သာတ)
သေတ္တာထဲက အစာအိမ် ၄၁
နှံ့နာဦး(ဟင်္သာတ)
မျက်ရည်ကျတမ်းကစားတယ် ၄၂
နောင်မင်းနိုင်
ဟင်္သာတ ၄၃
ရုပ်ဆိုး
ချောတိုင်တက်ပွဲ ၄၄
ဇင်(ဟင်္သာတ)
ရောဝတီရဲ့ သံစဉ် ရာဇဝင်ထဲက ဟင်္သာတ ၄၅
စောချမ်းအိမ်(ခမောက်စု)
ယုန်သလင်း (သို့မဟုတ်) သမိုင်းကို
ထမ်းပိုးထားတဲ့ရွာကလေး ၄၆
မောင်ဝင်းထွဋ်(ဟင်္သာတ)
မွေးနေ့လက်ဆောင် ၄၇
ဇလွန် မောင်စိမ်းအောင်
အချစ်ဒိုင်ယာရီ ၄၈
ချက်ဖောင်း
ကလေးကစားပွဲ ၄၉
မောင်မောင်ဆန်းညွန့်
ဇာတ်သိမ်း ၅၀
ဟင်္သာတစိုးမြင့်
စေတနာ ၅၁

**အရုံကဗျာ**
ဇော်ထက်နီ
ဟင်္သာတ ၉၃

**သုဓမ္မသီဂီဘွဲ့တံဆိပ်ရသူနှစ်ဦး**
ဒေါ်စမ်းရှင် ၉၈
ဒေါ်အေးရီ ၉၉

**ဆောင်းပါးကဏ္ဍ**
ဒေါက်တာအောင်ဝင်းမောင်
ရာဇဝင်ထဲက ဟင်္သာတ ၆၁
စောမောင်ယော
အကြောင်းတရားများထဲမှ အကြောင်းတရားတစ်ခု (သို့)
ပညာရေးအားပေးသောမိခင် ၆၉
ဗိုးပြည့်(ဥပဒေ)
ရွှေတိုက်စာရင်းဝင် မြို့ဒွါးယား ၇၃
ဟင်္သာတမင်းခန့်ဟိန်း
တောသူမ မြအုန်းကျင် ၈၁
စိမ်းရည်မြသွေး
မြစ်ရောနဲ့ မြို့ဟင်္သာတ ၈၄
သစ္စာဝါဒီဦးမြင့်အောင်
နိုင်ငံတော်သမ္မတကြီးက ချီးမြှင့်သော အဖွဲ့အစည်း
စွမ်းဆောင်ရည် အကောင်းဆုံး စက္ခုပါလာဒီဖောင်ဒေးရှင်း ၈၈
ဒေါက်တာသန့်စင်
ကျွန်တော်၏ ဟင်္သာတတက္ကသိုလ် ဆရာဘဝ ၉၄
ဦးစိုးသိန်း
ဟင်္သာတမြို့နယ်၏ ကရုဏာရောင်စုံပန်းခင်းအတွင်းမှ
သန့်စင်မွန်မြတ်သော အညတရ သူရဲကောင်းများ ၁၁၃
နိမ္မာန်ဆော်ကဗွိယတစ်ဦး
ဟင်္သာတမြို့ ဘဝအလင်းရောင် ကုသိုလ်ဖြစ် အခမဲ့ဆေးခန်း ၁၁၈

ရောမြေကျော်ဝေ
ရောလင်ထိုင်းဒေသကြီး ဟသ်ာတမြို့၏ သမိုင်းဝင်
ကြီးလေးကြီး အဓိဋ္ဌာန်ပြည့်ဘုရား (၄) ဆူ ၁၂၀
အောင်ဆန်း(ကရဏာလုလင်)
ကရဏာလုလင်လူမှုကူညီရေးအသင်း ၁၂၅
ဟသ်ာတမောင်ခင်အောင်
မသန်သော်လည်းစွမ်းသူ (သို့) ဘဝအလင်းရောင်၏
ပွဲကိုင်ရှင် ၁၂၈
စိုးမြင့်(ပါမောက္ခချုပ်-ငြိမ်း)
အိုင်အိုဒင်းချို့တဲ့မှုနှင့် လူသားအရင်းအမြစ် ကျဆင်းမှု ၁၃၀
တာတီဖိုး(ဟသ်ာတ)
အမျိုးသားနိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး
ဟသ်ာတဦးမြ ၁၃၃
မင်းသန်းဝင်း(ဟသ်ာတ)
ဟသ်ာတသူ စာဆိုရှင် အနောက်နန်းမတော် မမြလေး ၁၃၈
ပဒေသာဦးစိုး
နှလုံးသား၌ ကိန်းအောင်းနေသော ကဗျာနှစ်ပုဒ် ၁၄၃
သုတေသီဦးထွန်း
လောကဓာတ်ခုံရဲ့ တန်ဖိုး ၁၄၆
သန်းထွန်း(ရတနာ)
ဟသ်ာတောင်ပံ ဖြန့်ကြက်ဝံ့ကား ၁၄၇
သန်းလှိုင်(ဆည်မြောင်း)
အလေးထားစောင့်ရှောက်ရမည့် တာတမံများ ၁၅၂
အယ်ဒီတာအဖွဲ့
မိုးထဲလေထဲက ဟသ်ာတ တန်ဆောင်တိုင်ပွဲ ၁၅၆
ကြည်ဝင်း(ဟသ်ာတ)
ထိုက်ကို ၁၆၂
ဦးစိုးတင့်
အေးချမ်းသာလှ ဆွမ်းဒါနအစ မြို့ဟသ်ာ ၁၆၇
ထွန်းမြတ်တေဇာ(မြန်အောင်)
အရေးကြီးသော အခြေခံအုတ်မြစ် ၁၇၀
ဒေါ်ဝင်းကြည်(ပန်းပျိုးမေ)
စေတနာပန်းခင်း ရန့်သင်းပြီ ၁၇၂
ဟသ်ာတသန်းလှိုင်ကျော်(ရွှေပန်းချီ)
ပြင်သစ်ဘုန်းတော်ကြီး၏ မြောက်ကျွန်းရေရှာနည်း ၁၇၆
တင်လှိုင်(ဟိုတယ်/ခရီး)
အနာဂတ်ကြယ်ပွင့်လေးများ ထွန်းတောက်စေရန် အထောက်အကူ
ပြုနေသော ကိုယ်ပိုင်အထက်တန်းကျောင်းများ ၁၈၁
ဒေါက်တာကြည်ကြည်ခင်(သတ္တု)
ခရီးသွားခြင်းနှင့် ဟသ်ာတမြေမှ
သုတေသနမှတ်တမ်းလေးများ ၁၈၅

**ဝတ္ထုကဏ္ဍ**

ညာဏ်ဦးစံ
လေသေနတ် ၁၈၈
သန်းကိုဦး(ဟသ်ာတ)
သစ္စာတော်ချေဖျက်ပေမဲ့ သွေးမပျက်နိုင်ပါ ၁၉၅
ပန်းမြိုင်လယ်စိန်ဝင်း
ဝယ်အချားဘူး ၂၀၄
ရောမြေ ကြည်စိုး
သံသရာကြွေး ၂၁၄
ဟသ်ာတမိုးကျော်
ပန်းမှုဆိုး ၂၁၈
ခင်ရှင်စော
သံယောဇဉ်အမျှင်တန်းပေမဲ့ ၂၂၂
ယုမောင်နိုင်
ပူး ၂၃၀
ရိုးသစ်
မေမေချစ်တဲ့သား ၂၃၅
ကိုကြေး
လာရန်ရာနှုန်း ၉၀ ၂၄၀
ကိုချိန်ချိန်
ဒါပေမဲ့ ၂၄၄
နန်းရွှေရည်
အိပ်မက်ထဲက ရွှေမြို့တော် ၂၄၉
မင်းမြင့်နိုင်(ဘူးသီးတောင်)
မပွင့်မီမကြွေစေချင် ၂၅၇
ရွှေကျွန်းမောင်(ခမောက်စု)
အဖြူရောင်သစ္စာဖြင့် နှောင်ဖွဲ့လေသော မေတ္တာ ၂၆၄
လုံမငြိမ်းချမ်း(ဟသ်ာတ)
ရင်ခွင်ထဲမှာ ကြာပန်းတွေနဲ့ ၂၇၄



# ဟသ်ာတမြေသို့ . . .

အဖျောက်မြေမောင်ဆွေမွန်

\- ဝင်းဝင်း ပပ
သင်းသင်း မြမြနဲ့
အဆင်းလှ သမို့
"ဟသ်ာတ" လို့ မည်တွင်ပေ။
\- ဆင့်ဆင့်သွယ်သွယ်
ဝင့်ဝင့် ထည်ထည် မယွင်းတဲ့
တင့်တယ်ခြင်း ဂုဏ်ကျက်သရေ။
\- စေတနာ ပီတဲ့ ....
ဒေသနာ အညီကွယ့် ....
ဧရာဝတီရဲ့ မချို့အလှ
ဝေဖြာစည်ခဲ့ မြို့ပြမို့
တို့ကတော့ ဂုဏ်ယူနေ
ကြုံသူတွေကို မေးကြည့်စမ်း။
\- ခါတစ်လှည့်လေ ....
သာတဲ့မြေ "ဟသ်ာတ" ကိုလ
လာခဲ့အဆွေ မပျင်းကြစေဖို့
အညာနဲ့အကြေ သတင်းမျှတဲ့ပြင်
ထမင်းဝအောင် ဧည့်ဝတ်ကျေကြစို့ရဲ့
(ကွယ်တို့ရေ ....) ခြေချလို့လှမ်း။ ။

# ဟသ်ာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
# သီရိပျံချီ ဦးဒွေးဦး၏ ဥဧယျာရည်

ရောဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ ဟသ်ာတမြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသ တစ်ခုဖြစ်သည်။ သီးနှံ ဆန်စပါး၊ သားငါးအလွန်ပေါများသောမြို့ဖြစ်သည်။ အဓိကထွက်ကုန်မှာ ဆန်စပါး၊ ပဲပြောင်းဖြစ်သည်။ ဧရာဝတီမြစ်ကမ်းနဖူးပေါ်တွင် ထင်ရှားသော မြို့တစ်မြို့ဖြစ်သည်။

ဟသ်ာတမြို့သူမြို့သားများသည် ဖော်ရွေသည်။ အလှူအတန်းဝါသနာပါသည်။ သံဃဒါနဆွမ်းလောင်းပွဲသည် ဝါတွင်းပါပန့်စ်ဌာန စည်ကားသည်။ ကထိန်ပွဲကျင်းပရာတွင် လှူဒါန်းမှု ရက်ရောသည်။ ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘုရားပုထိုးများစွာရှိသည်။ ဘုရားပွဲများဖြင့် မပြတ်စည်ကားသည်။ ကြေးစည်သံမပြတ်သောမြို့၊ အလှူရေစက် လက်နှင့်မကွာသောမြို့ဖြစ်ပေသည်။

ဟသ်ာတမြို့သူမြို့သားများထဲမှ ထူးချွန်ထက်မြက်သူများ နယ်ပယ်အသီးသီးတွင်ရှိသည်။ ထိုအထဲမှ စာပေ အနုပညာထူးချွန်သူများသည် ပိုမိုထင်ရှားသည်။ နယ်ပယ်အသီးသီး၊ အရပ်ဒေသအသီးသီးသို့ ရောက်နေကြသောဟသ်ာတသားတို့သည် အချိန်ရလျှင်ရသလို မိမိဒေသ ဟသ်ာတသို့ ပြန်လည်တမ်းတသတိတရရှိကြသည်။ ရန်ကုန်ရောက် ဟသ်ာတအသင်းသားများကိုကြည့်လျှင်သိနိုင်သည်။ မမေ့အပ်သော အရပ် (၃) ပါးရှိပါသည်-

(၁) မိမိ၏မွေးရပ်ဒေသ၊

(၂) မိမိရာဇဝင်ဘိသိက်ခံယူသောဒေသ၊

(၃) မိမိစစ်အောင်မြင်သောဒေသ ဟူ၍ဖြစ်သည်။

ထို့ကြောင့် မွေးရပ်မြေကိုမမေ့ပါ။ မွေးရပ်မြေကို တိုးတက်မြင့်မားစေလိုသော ဆန္ဒအမြဲရှိပါသည်။ မွေးရပ်မြေ၏ ထူးခြားထင်ရှားမှုများကို မှတ်တမ်းတင်ပြီး၊ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေပြလိုပေသည်။ ယခု ဟသ်ာတမြို့နယ် မဂ္ဂဇင်းထုတ်ဝေမည်ဆိုသဖြင့် ဖြစ်လိုသည့်ဆန္ဒများပြည့်ဝတော့မည်ဟု ဝမ်းသာလှိုက်လှဲဖြစ်မိပါသည်။ ကူလည်း ကူညီချင်စိတ်ပေါ်ပေါက်ခဲ့ပါသည်။ မြို့နယ်၏ လိုအပ်ချက်တစ်ခုကို ဖြည့်စွက်ဆောင်ရွက်လိုသော ဆန္ဒရှိကြသည့် ဟသ်ာတစာရေးဆရာအသင်းကိုလည်း ကျေးဇူးတင်မိပါသည်။

မြို့နယ်မဂ္ဂဇင်းတစ်စောင်ထုတ်ဝေခြင်းကြောင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေအဆင့်မြင့်မားရေး အတွက် အထောက်အကူပြုနိုင်မည့်အပြင် ဒေသခံပြည်သူများ၏ အသိအမြင်တိုးပွားစေနိုင်မည်ဖြစ်ပါသည်။ အားလုံးပြီးပြည့်စုံနိုင်မည်ဟုမဆိုနိုင်သော်လည်း ကောင်းသည်ထက်ကောင်းအောင် လုပ်ဆောင်သော ကြိုးပမ်းချက် ဖြစ်သည့်အတွက် ဤမြို့နယ်မဂ္ဂဇင်းအား စဉ်ဆက်မပြတ်ထုတ်ဝေသွားနိုင်ပါစေဟု ဆန္ဒပြုမိပါသည်။

သီရိပျံချီဦးဒွေးဦး



## ဟသ်ာတမဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီ နာယက ဟသ်ာတခရိုင် အုပ်ချုပ်ရေးမှူး ဦးစန်းငွေ၏ ပီတိစကားများ




ဟသ်ာတမြို့သို့ စတင်ရောက်ရှိတာဝန်ထမ်းဆောင်ရာတွင် မြို့သူမြို့သားများနှင့်အတူ ရင်းနှီးခင်မင်စွာ မြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လက်တွဲပူးပေါင်းဆောင်ရွက်ခွင့်ရ၍ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ ဟသ်ာတမဂ္ဂဇင်းထွက်ပေါ်လာသဖြင့် မြို့ဖွံ့ဖြိုးတိုးတက်မှုများ၊ စာပေအနုပညာအရည်အသွေးများနှင့် သမိုင်းအစဉ်အလာကောင်းများကို ဖော်ထုတ်ပြသခွင့်ရရှိသဖြင့် ဝမ်းသာပီတိ ထပ်ဆင့်ရှိရပါသည်။ နောင်နှစ် နောင်နှစ်များတွင်လည်း မြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်အတူ စဉ်ဆက်မပြတ် မဂ္ဂဇင်းထုတ်ဝေသွားနိုင်ရေးကိုလည်း ဆန္ဒပြုတိုက်တွန်းအပ်ပါသည်။

စန်းငွေ

## ဟသ်ာတမဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီ နာယက ဟသ်ာတမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်း၏ ပီတိစကားများ




ဟသ်ာတမြို့နယ် အုပ်ချုပ်ရေးမှူးတာဝန် ထမ်းဆောင်ရသည့် ကာလအတွင်း မြို့နယ်၏ သမိုင်းမှတ်တမ်းတစ်ခုကို စိုက်ထူနိုင်ခဲ့သဖြင့် ဝမ်းမြောက်ပီတိဖြစ်ရပါကြောင်းနှင့် နောင်တွင်လည်း မြို့နယ်မဂ္ဂဇင်းကို စဉ်ဆက်မပြတ် ထုတ်ဝေမှတ်တမ်းတင်နိုင်ပါစေကြောင်း။

တင်အောင်ဝင်း

# ဟင်္သာတမဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီ



| | |
|---|---|
| ရှေ့တန်း | ဦးအေးဆွေ၊ ဦးဇော်မိုးအောင်၊ ဦးတင်အောင်ဝင်း၊ ဦးကိုကိုကြီး၊ ဦးမျိုးမြင့်သိန်း၊ ဦးစောမောင် |
| နောက်တန်း | ဦးရန်နိုင်ထွန်း၊ ဦးကျော်စိန်၊ ဦးသန်းဦး၊ ဦးကြည်အေး၊ ဦးမြင့်အောင်၊ ဦးစိန်ဝင်း၊ ဦးတင်မြင့်မောင်၊ ဒေါ်ခင်စောဝင်း၊ ဒေါ်နွဲ့နွဲ့ရီ |

## ဟသ်ာတမြို့နယ်စာရေးဆရာအသင်း အမှုဆောင်ကော်မတီ



ဦးသန်းဦး(သန်းကိုဦး)အဖွဲ့ဝင်၊ ဦးအေးဆွေ(ကိုချိန်ချိန်) အတွင်းရေးမှူး၊ ဦးကိုကိုကြီး(မင်းခန့်ဟိန်း)ဥက္ကဋ္ဌ၊
ဒေါ်ခင်စောဝင်း(ခင်ရှင်စော) ဘဏ္ဍာရေးမှူး၊ ဦးမြင့်အောင်(သစ္စာဝါဒီဦးမြင့်အောင်)အဖွဲ့ဝင်

## ဟသ်ာတမဂ္ဂဇင်းအယ်ဒီတာအဖွဲ့



| | |
|---|---|
| ရှေ့တန်း | မိုးကျော်(ဟသ်ာတ)၊ စောမောင်ယော၊ မျိုးသစ်၊ သန်းကိုဦး၊ သစ္စာဝါဒီဦးမြင့်အောင်၊ နန်းရွှေရည် |
| နောက်တန်း | ကိုချိန်ချိန်၊ ပန်းမြိုင်လယ်စိန်ဝင်း၊ မောင်နန်းထက်(ဟသ်ာတ) |

# " မြို့နယ်မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီ ၏ ဆန္ဒမွန် "

ဟသ်ာတမြို့နယ်ဖွံ့ဖြိုးတိုးတက်ပြောင်းလဲနေသည့်ကာလအတွင်း နှစ်ကာလအတန်ကြာသည်အထိ ထုတ်ဝေနိုင်ခြင်းမရှိသည့် ဟသ်ာတမြို့နယ်မဂ္ဂဇင်းကို ထုတ်ဝေနိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိပါသည်။ မြို့နယ်၏ အဖက်ဖက်မှ တိုးတက်ပြောင်းလဲနေမှုများ၊ မြို့နှင့်ကျေးလက်နေပြည်သူတို့၏ ကျင်လည်လှုပ်ရှားမှု ပုံရိပ်များအား မှတ်တမ်းတင်ခွင့်ရရှိခြင်း အတွက် အသိအမြင်တိုးပွားစေပြီး သမိုင်းမှတ်တမ်းငယ်တစ်ခုဖြစ်လာစေရန် ရည်ရွယ်ပါသည်။

ဟသ်ာတမြို့နယ်သည် သမိုင်းဝင်အဖြစ်အပျက်များရှိသည်သာမက နိုင်ငံကျော်အနုပညာရှင်များ၊ စာပေပညာရှင်များ၊ ထင်ထင်ရှားရှား အမြောက်အများပေါ်ထွန်းသည့်ဒေသတစ်ခုဖြစ်သည်နှင့်အညီ မြို့နယ်မဂ္ဂဇင်းအား ထုတ်ဝေနိုင်ခြင်းအတွက် စာပေချစ်သူ၊ စာပေမြတ်နိုးသူ ပြည်သူလူထုအများ၏ချဉ်ခြင်းအား အတိုင်းအတာတစ်ခုထိဖြည့်ဆည်းပေးနိုင်မည်ဟု မျှော်မှန်းမိပါသည်။

မြို့နယ်မဂ္ဂဇင်းအတွက် မွန်မြတ်သောစေတနာအပြည့်ဖြင့် သုတ၊ ရသ၊ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ၊ ကာတွန်းများ၊ ဓာတ်ပုံမှတ်တမ်းများ စုံလင်စွာပေးပို့ကြသည့် စာပေမြတ်နိုးသူ ကလောင်ရှင်များအား အထူးကျေးဇူးတင်ရှိပြီး စာမျက်နှာအခက်အခဲအရ ဖော်ပြရန် ချန်လှပ်ထားခဲ့ရသည့် စာမူရှင်များအားလည်း နားလည်ပေးနိုင်ရန် မျှော်လင့်ပါသည်။

အထူးသဖြင့် မဂ္ဂဇင်းဖြစ်မြောက်ရေးအတွက် အဖက်ဖက် မှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ဝိုင်းဝန်းကူညီကြသူများ၊ ပါဝင်ဆောင်ရွက်ပေးကြသူများအား ကျေးဇူးတင်ရှိပါကြောင်းလေးလေးနက်နက်မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။ ဟသ်ာတမြို့နယ်မဂ္ဂဇင်း အား စဉ်ဆက်မပြတ် ထုတ်ဝေသွားနိုင်ရေး ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် လိုအပ်သောအကြံပြုချက်များအား ဆန္ဒမွန်ဖြင့် အကြံပြုချက်များပေးကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါသည်။

ဥက္ကဋ္ဌ
ဟသ်ာတမြို့နယ်မဂ္ဂဇင်းဖြစ်မြောက်ရေးဦးစီးကော်မတီ



ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့အတွင်းပတ္တမြား ပရိယတ္တိစာသင်တိုက်ကြီး၏
ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအရိယဝံသဆရာတော်ကြီး
အဘိဓဇဂုဏပူဇာနှင့် သက်တော် (၉၀) ပြည့် ဝိဇာတမင်္ဂလာ
တပည့်သံဃာတော်များနှင့် ဒါယကာ ဒါယိကာမများ ပူဇော်ပွဲအခမ်းအနား



ဟင်္သာတမြို့မြစ်ကွေ့ပရိယတ္တိစာသင်တိုက်ကြီး၌ ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၏ ညွှန်ကြားချက်အရ
နှစ်စဉ်ကျင်းပမြဲဖြစ်သော ပရိတ်ဒေသနာရွတ်ဖတ်ပြိုင်ပွဲတွင် ဟင်္သာတခရိုင်အတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့များမှ
အမျိုးသမီးဝတ်အသင်းများ ရွတ်ဆိုယှဉ်ပြိုင်စဉ်



ဟသ်ာတမြို့မြစ်ကွေ့ပရိယတ္တိစာသင်တိုက် ဇေယျာသိရီ သုံးထပ်ကျောင်းကြီး၌
ဟသ်ာတမြို့နယ်လုံးဆိုင်ရာ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးမှ ကြီးမှူးကျင်းပသော
(၁၅) ကြိမ်မြောက် အဘိဓမ္မာ၊ ဋီကာကျော်နှင့် ဝိသုဒ္ဓိမဂ် စာအောင်ဆုနှင်းသဘင် ကျင်းပစဉ်



ဟသ်ာတမြို့မြစ်ကွေ့ပရိယတ္တိစာသင်တိုက် ဇေယျာသိရီ သုံးထပ်ကျောင်းကြီး၌
ဟသ်ာတမြို့နယ်လုံးဆိုင်ရာ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးမှ ကြီးမှူးကျင်းပသော
လူငယ်မောင်မယ်များအတွက် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းဆင်းပွဲ ကျင်းပစဉ်



ဟသ်ာတခရိုင်၊ ဟသ်ာတမြို့အာဇာနည်ဗိမာန်၌ ၂၀၁၄ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျရောက်သော
(၆၇) နှစ်မြောက် အာဇာနည်နေ့ ချီတက်အလေးပြုအခမ်းအနား ကျင်းပစဉ်

# PHOTO NEWS



ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ရွာသာကုန်းကျေးရွာအုပ်စု ၊ အ.မ.က (၃၈) အခြေခံပညာ
မူလတန်းကျောင်းဆောင်သစ် အလှူရှင် K.M ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင် ဦးကြီးမြင့်၊
ရန်ကုန်က ပညာရေးဌာနသို့ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်လှူဒါန်းပွဲနှင့် ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်




ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌
၁၃ - ၃ - ၂၀၁၄ နေ့က ကလေးသူငယ် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လက်နက်ကိုင် ပဋိပက္ခဒဏ်ခံနေရသော
ကလေးနှင့်လူငယ်များအကြောင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်



ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့တွင် ၂၀၁၄ - ၂၀၁၅ ပညာသင်နှစ် ခရိုင်အဆင့်
ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ဩဂုတ်လ ၃၁ ရက်နေ့က
အ.ထ.က (ခွဲ) အ.လ.က (၁) ဟင်္သာတ၊ အမျိုးသားခန်းမ၌ ကျင်းပစဉ်




ဟသ်ာတမြို့ ဦးစိစာရလမ်း မဟာရေသဘင် ဧည့်ခံဖျော်ဖြေရေးမဏ္ဍပ်၌
မြန်မာသက္ကရာဇ် ၁၃၇၅/၇၆ ခုနှစ်၊ ခရစ်နှစ် ၂၀၁၄ နှစ် မဟာသင်္ကြန်အခါတွင်
ရွှင်လန်းချမ်းမြေ့စွာ ယိမ်းအဖွဲ့များ ကပြဧည့်ခံဖျော်ဖြေစဉ်



ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ ဟသ်ာတမြို့နယ် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ
သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအတွက် မြို့နယ်အဆင့် စာရင်းစစ်စာရင်းကောက် သင်တန်း




ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့တွင် သဘာဝဘေးအန္တရာယ်လျှော့ပါးရေးသင်တန်းကို ဩဂုတ်လ ၂၅ ရက်နေ့က
အ.ထ.က(ခွဲ) အ.လ.က (၁) ဟသ်ာတ၊ အမျိုးသားခန်းမ၌ ဟသ်ာတခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး
ဦးစီးဌာနက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် Seed Asia Japan ၏ ဘ၀သစ် နယ်လှည့်သဘာဝဘေးအန္တရာယ်
လျှော့ပါးရေး အသိပညာပေးအဖွဲ့ သင်တန်းဆရာများက လက်တွေ့သရုပ်ပြ ပို့ချစဉ်

# သွက်လက်လှုပ်ရှား မြို့ဟင်္သာတ၏ သတင်းဓာတ်ပုံများ



ဟင်္သာတမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလ
သီရိပုံချီ ဦးဌေးဦးနှင့်အဖွဲ့မှအင်းဝင်ကျေးရွာအုပ်
အတွင်းရှိပြည်သူများအားဟင်္သာတစေတနာ
နယ်လှည့်ဆေးကုအဖွဲ့နှင့်ပူးပေါင်း၍အခမဲ့ဆေ
ကုသပေးစဉ် (၂၀၁၄ခုနှစ်)



ဟင်္သာတမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
သီရိပုံချီ ဦးဌေးဦးနှင့်အဖွဲ့မှအင်းဝင်ကျေးရွာအုပ်စု
အတွင်းရှိပြည်သူများအားဟင်္သာတစေတနာ
နယ်လှည့်ဆေးကုအဖွဲ့နှင့်ပူးပေါင်း၍အခမဲ့ဆေးဝါး
ကုသပေးစဉ် (၂၀၁၄ခုနှစ်)



ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲသို့ရောဝင်
ဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးသိန်းဒေ
တက်ရောက်ချီးမြှင့်စဉ် (ကင်ပွန်းချောင်းအ
အင်္ဂရမ်းအုပ်စု) ၂၀၁၄ခုနှစ်

# သွက်လက်လှုပ်ရှား မြို့ဟင်္သာ၏ သတင်းဓာတ်ပုံများ




ဟင်္သာတတက္ကသိုလ်ပင်မဆောင်နှင့်
မုခ်ဦးဖွင့်ပွဲအခမ်းအနား
(ဟင်္သာတတက္ကသိုလ်) ၂၀၁၄ခုနှစ်



ဧရာဝတီမြစ်လေ့လာရေးသုတေသနအဖွဲ့
အလုပ်ရုံဆွေးနွေးပွဲ (ဆည်မြောင်း၊ မြန်ဒီခန်းမ)
၂၀၁၄ခုနှစ်



ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲသို့ဧရာဝတီတိုင်း
ဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးသိန်းအောင်
တက်ရောက်ချီးမြှင့်စဉ် (ကင်ပွန်းချောင်းအလက
အင်္ဂရမ်းအုပ်စု) ၂၀၁၄ခုနှစ်

# သွက်လက်လှုပ်ရှား မြို့ဟသ်ာ၏ သတင်းဓာတ်ပုံများ



ဒီဇင်ဘာလူထုအားကစားလ စုပေါင်း
လမ်းလျှောက်ပွဲ (ဦးဘရဲဘုရားဝန်းရှေ့)
၂၀၁၄ခုနှစ်




ဂျပန်နိုင်ငံမှ ဟသ်ာတမြို့နယ် စက္ကူပါလာဒီ
ဖောင်ဒေးရှင်းသို့ အမှိုက်ကား(၂)စီးလှူဒါန်းပွဲ
(ပြည်သူ့ဆေးရုံကြီး) ၂၀၁၄ခုနှစ်



ဟသ်ာတတက္ကသိုလ် အားကစားရုံသစ်ဖွင့်ပွဲ
အခမ်းအနားသို့တိုင်းဒေသကြီးအစိုးရအဖွဲ့
ဝန်ကြီးဦးစိုးမြင့်တက်ရောက်စဉ်
(ဟသ်ာတတက္ကသိုလ်) ၂၀၁၄ခုနှစ်

# သွက်လက်လှုပ်ရှား မြို့ဟင်္သာ၏ သတင်းဓာတ်ပုံများ




(၂၁)ကြိမ်မြောက်မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ (မြို့တော်ခန်းမ) ၂၀၁၄




(၂၁)ကြိမ်မြောက်မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ (မြို့တော်ခန်းမ) ၂၀၁၄



လွတ်လပ်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်နှင့်ဓါတ်ပုံပြပွဲ၊ ဟင်္သာတ ခရိုင်ပြန်/ဆက် ဦးစီးဌာန (မြို့တော်ခန်းမ) ၂၀၁၄

# သွက်လက်လှုပ်ရှား မြို့ဟင်္သာတ၏ သတင်းဓာတ်ပုံများ



ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်
သစ်တောနှင့်သတ္တုဝန်ကြီးဦးစိုးမြင့်မှ
ကျောင်းသုံးပစ္စည်းများထောက်ပံ့စဉ်
(အိပ်ပျက်ကျေးရွာ)
၂၀၁၄



မသန်စွမ်းသူများအားထောက်ပံ့လှူဒါန်းပွဲ
အခမ်းအနား (မြို့တော်ခန်းမ) ၂၀၁၄



မသန်စွမ်းသူများအားထောက်ပံ့လှူဒါန်းပွဲ
အခမ်းအနား (မြို့တော်ခန်းမ) ၂၀၁၄

# သွက်လက်လှုပ်ရှား မြို့ဟင်္သာ၏ သတင်းဓာတ်ပုံများ



ခရိုင်မြို့နယ်ရုံးပေါင်းစုံစုပေါင်းမဟာဘုံကထိန်
အလှူတော်ရေစက်ချစဉ်
(ဆယ်ထပ်ကြီးဘုရားဝန်းသာသနာ့ဗိမာန်
တော်ကြီး) ၂၀၁၄



ဟင်္သာတမြို့ ပျဉ်းမချောင်းရပ်ကွက်၊
ဘိုးသိန်းတန်ကျောင်းဝင်းအတွင်းရှိရှေးဟောင်း
စေတီတော်ပြုပြင်စဉ်
၂၀၁၄




ဟင်္သာတမြို့နယ်ရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်ပွဲ
မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင်အောင်ဝင်းမှ
အသင်းသားများအားနှုတ်ဆက်စဉ်
(ပြည်သူ့အားကစားပြိုင်ကွင်း) ၂၀၁၄

# သွက်လက်လှုပ်ရှား မြို့ဟင်္သာ၏ သတင်းဓာတ်ပုံများ



(၁၄)ကြိမ်မြောက်သူနာပြုမောင်/မယ်သစ်လွ
ကြိုဆိုပွဲ
(သူနာပြုသင်တန်းကျောင်း)၂၀၁၄



ဗိုလ်ချုပ်ရာပြည့်ငြိမ်းချမ်းရေးပွဲတော်
ဟင်္သာတမြို့တွင်းလှည့်လည်လှုံ့ဆော်စဉ်
(ရုံးကြီးရပ်ကွက်)၂၀၁၄




ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအန
ခရိုင်အုပ်ချုပ်ရေးမှူးဦးစန်းငွေမှအမှာစကား
ပြောကြားစဉ်
(ခရိုင်ပြည်သူ့ဆေးရုံကြီးအစည်းအဝေးခန်းမ)
၂၀၁၄

# မိခင်ကြီး၏ ကြေးမုံပြင်

မောင်လင်းခက်

\- ငါ၏မိခင်၊ ပျိုရွယ်စဉ်က
ကျောက်ပြင်ကလေး၊ နံ့သာသွေး၍
ရွှေရေးဆင်းကြန်၊ လှပွင့်ပန်သည့်
မှန်အိုကလေးရှိပါသည် ...။
\- ယခုအခါ၊ အိမ်ခန်းသာ၌
နံ့သာပြောက်ကွက်၊ မှန်ကွဲအက်နှင့်
ဖုန်တက်မြူတင်၊ ကြေးမုံပြင်ကို
မိခင်မကြည့်တော့ပါပြီ ...။
\- မကြည့်သော်ငြား၊ အမေ့နားမှာ
ပြဒါးသန့်စွေး၊ "ဘဝဆေး" မည့်
ကြေးမုံသစ်လေး ရောက်နေသည် ...။
အနိစ္စ ...
ဒုက္ခ ...
အနတ္တ ...
ဓမ္မပွားစည်း၊ မိခင်ကြီး၏
မီးဖိုဝင်ရင်း၊ ဈေးရောင်းရင်း
ရင်တွင်းရှုလတ်၊ မှန်တစ်ချပ်အား ...
တွေးတတ်သူများ တွေးပါလေ ...။ ။



# စနေသမီး ရှာသူမ

မအိ

တို့ ရွာသားအချို့
ပုဝါပါး တဖြန့်ဖြန့် တပြင်ပြင်
ကြက်သားထည့်ထုပ်ချင်လှသမို့
ရွာနားကမြက် နုနုစိုစိုစိမ်းစိမ်းတွေလည်း
ရွာနွားတွေ မစားလို့ မွန်းတိမ်းသွားပြီ
သွားကျိုး ဆံပင်ဖြူ မြက်ရိုင်းတောထ
ရောဝတီကတောင် အားနာနေ
စလောင်းပူလွှန်းစွ မီးအကြိမ်ကြိမ်ကျွမ်းပြီးပေမဲ့
အိုးကမပူစတမ်း ဣန္ဒြေအပြည့် အပျိုရည်မပျက်
မျက်လွှာမဝင့် သက်ပြင်းမချ ပုဝါနှစ်စ အသာမ.ပါလို့
သည်တစ်ဘဝစာတော့ သေချာလိုက်ချင်သပ မောင်ကြီးရယ်
ပျော်လည်းပျော်ကြပါ မော်လည်းမော်ကြပါ နေရာယူတာလည်း ယူတာပေါ့
ရပ်ရွာကိုလည်း စောင့်ရှောက်ပေးသနား
အရှက်တရားလေးတော့ ကပ်ငြိစေချင်
လျှာယဉ် … လက်ယဉ် …မဆင်မခြင် တသွင်သွင်ဂုဏ်မက်
စုံဖက်ပေါင်းသင်း အရာရာငွေနဲ့ချည်း ရင်းရော့
ယောက်ျားတန်မဲ့ ဟော တစ်ယောက် ဟော တစ်ယောက်
မြွေမှန်ရင် တွင်းဝင်ဖြောင့်မှာပါ ဘယ်လိုဆိုပေမဲ့
အဲဒီတွင်းထဲ ငါဝင်မသွားချင်ဘူးကွယ်
လူးဟာယ်၊ လွန့်ဟာယ် မြေပြင်ပေါ်ရောက်ရောက်
သစ်ကိုင်းပေါ် ကွေ့ကွေ့ကောက်ကောက်
လျှောက်ချင်သလို လျှောက်စမ်းပါရစေ
ငါကတော့ဖြင့် စ.ထိရိုးထုံးစံမရှိ
အေး …..ငါ့ကို လာများထိရင်တော့ …..။ ။



# ရိုးသားတဲ့ လမင်းကြီးရေ

ဟင်္သာတမောင်နွယ်ထွဋ်



အချိုမှုန့်တွေမှာ ...
ဆားတွေပါသတဲ့ ...
လျှာနဲ့မလျက်ရဲတာ ...ဒုက္ခ။
အရောင်တင်အစိမ်းမှုန့်မှာ ...
အုတ်နီမှုန့်တွေပါသတဲ့ ...
လျှာနဲ့မတို့ရဲတာ ...ဒုက္ခ။
ဇနီးချော ...
တစ်နည်းစေတနာပေါ့ ...
ဘာအရွက်လဲ ... ဘာအသီးလဲ
သရုပ်ကွဲစွာခွဲကြည့်
ဒီရာသီထိ ဒီအသီးမသီးနိုင်ဘူး
ဒီအရွက်မထွက်နိုင်ဘူး ...
ဓါသီပွံနဲ့ဓာတုပစ္စည်းတွေ ...
ရှင်သွားရည်မကျနဲ့တဲ့
ဟုတ်ကဲ့ ... စားချင်တဲ့ဘဝ ...ဒုက္ခ။
မကြောက်တရားနဲ့ အစားမမှားပါနဲ့။
ယောက်ျားတစ်ခုခုဖြစ်ရင်
ကျုပ်ပဲနာကျင်ရမှာ ...
ကလေးတစ်ပြုံတစ်မကို
ဘေးပုံချလို့မရဘူး
စိတ်နာမ်မသစ်တဲ့
သိပ္ပံခေတ်အူယောင်ငန်းဖျားဟာ
ဆရာဝန်နဲ့ အိမ်ရှင်မ
စေတနာကတော့တူညီစွ။
ဩော် ...
မရှိတော့တဲ့ အမေရေ ...
အမေကျွေးတဲ့ ညထမင်း
အန္တရာယ်ကင်းရှင်းပ
"ထမင်းဆီဆမ်း ...ရွှေလင်ပန်း" တဲ့
တမ်းတလိုက်ရတာ ...
ခု ...သားအသက် ၆၀ ပြည့်ပြီလေ ...
မျက်ရည်လည်နေတုန်းပါလား။ ။

# အဖြောင့်လွဲသူ

ငွေးကြည် (စလင်း)

တစ်နေ့သ၌
စိတ်ကူးရွဲ့ရွဲ့တွေကို ကောက်သင်းကောက်ကြည့်တယ်
မြစ်တွေ ကွေ့ကွေ့ကောက်ကောက်
ငါလည်း မဖြောင့်တန်းဘူး
ကိုယ့်နေ့ ကိုယ့်နာမ်အရ
သစ်ကောက် ဝါးကောက်နဲ့ တုတ်ကောက်များများရောင်းရမယ်တဲ့
အရေးထဲ ချိတ်ကောက်တစ်ချောင်းကောက်ရသေးတယ်။
ချောင်းကောက်ရွာသားက အလည်လာပါဦးတဲ့
စောင်းကောက်ကိုမတီးတတ်တဲ့ငါက
စိတ်ကောက်တဲ့ ချစ်သူကို ဘယ်လိုချော့ရမလဲ။
ပန်းချီပြပွဲတစ်ခု သွားကြည့်တော့
ကောက်ကြောင်းပြပွဲတဲ့။
ကိုယ့်ကိုယ်ကိုယ် ပြန်ကောက်မရအောင်
အကောက်တွေ ရှာသွန်းနေလိုက်ပုံများ
တစ်ခါ တစ်ခါ
အမေရင်းကတောင် ကျီစယ်တယ်
ကျွန်တော့်ကို ကောက်ရတဲ့သားတဲ့။ ။



# လှေတော်သံ

ကွမ်မား (ပန်းလေးပွင့်)

လှေတစ်စင်း
မြစ်တွင်းမှာတဲ့ ဝဲကာခို၊
အထက်ဆို
တက်လို့ခက်ပါရဲ့
ရွက်မပို တက်အိုပျက်တွေနဲ့
ခက် … ခက်ပဲ့ကို။
လက်ကျက ညီညာလို
ယီးလေးယို ဆိုသီချင်းနဲ့
မာန်တင်းပဲ့ဖို့။
ကမ်းကပ်ဖို့ တန်ငယ်လို
ခွန်အားကို ပိုစမ်း၊
လက်တစ်ကမ်း အလိုမို့
တက်ကြမ်းကို ညီစွာခတ်ရင်ဖြင့်
ရည်မှန်းရာ ရွှေဆိပ်ကမ်းကိုလ
မြန်းမကြာ ခိုင်မာမြဲမှာမို့
ဇွဲစိတ်ကို ထမ်း။ ။



# လမ်းပျောက်နေတဲ့အမေ့သား

ကိုလေး (ပန်းလေးပွင့်)

၁။ အမေ့ပေါင်ပေါ် လက်ကားယား ခြေကားယား
အမေ့သနပ်ခါး အလိမ်းခံရင်း
အမေ့သီချင်းတွေကို နားထောင်။

၂။ အမေ့ပေါင်ပေါ်မှာ လက်ကားယား ခြေကားယား
အမေခွံ့တဲ့ သနပ်ခါးကိုစားရင်း
အမေ့သီချင်းတွေကို နားထောင်။

၃။ အမေ့ပေါင်ပေါ်မှာ လက်ကားယား ခြေကားယား
အမေ့ပေါင် လှုပ်အားကို ခိုရင်း
အမေ့သီချင်းတွေကို နားထောင်။

၄။ ရဲရဲလှမ်းပါ့သား
အမေအားပေးသံ အမေ့သားနာခံရင်း
လမ်းလျှောက်ခြင်းကိုတတ်ခဲ့။

... ... ... ...

... ... ... ...

၅။ အခုတော့ အမေရေ
သနပ်ခါးလည်း ခြောက်
သီချင်းများလည်း ပျောက်
အမေ့သားတစ်ယောက်
ဘဝခရီးကြမ်းမှာ စမ်းတဝါးဝါးလျှောက်။ ။



ပန်းချီအောင်နိုင်လတ်

# ပြက်လုံးများ

**အောင်ဟန်တင်**




\- တစ်ခါက ...
စီးပွားတိုးဂမုန်း
မဆုံးနိုင်တဲ့အညွှန်း
ခွန်းချိုချိုအပြုံးရယ်နဲ့
ဝယ်ပါအစ်ကိုတဲ့။
သူကြည့်တော့ ...
ကျွဲတစ်ဖက် နွားတစ်ဖက် ဖိနပ်ဆင်
အင်္ကျီဖားဥစွဲနဲ့ မွဲတဲ့ပုဆိုး။
\- တစ်ရက်က ...
ပြက္ခဒိန်ထဲ
ခြသေ့်နှစ်ကောင် မန္တလေးတောင်
မြတ်ဘုရားရွှေတိဂုံ မြင်ဖူးရုံနဲ့
လူးလာခေါက်တုံ့ ဖူးရပုံကို
ထိုထိုဤသို့ပြောတတ်သူ။
သူကြည့်တော့ ...
ရန်ကုန် - မန္တလေး လာမမေးနဲ့
အဝေးခရီးသွားဘူးသူမဟုတ်။
\- တစ်ကြိမ်က ...
မင်မောင်းကောင်းကောင်း
ထောင်းထောင်းထ စကားလုံးများ
အားပါးတရကြွယ်ဝ
"တေဇ" ဗိုလ်ချုပ်
ထုပ္ပတ်ဇာတ်ကြောင်း
ငယ်ပေါင်းကြီးဖော်
ပျော်ကြပမာ မျက်ရည်စိုလူး
ထူးခြားအက်ရှင် နားဆင်ဖူးခဲ့။
သူကြည့်တော့ ...
ဗိုလ်ချုပ် မမီတဲ့ ကျုပ်
အဟုတ် သူ ထက်ဝက်ငယ်။ ။

# အာဏာသိမ်းခံရတဲ့ ပုတီး

မင်းဝေနိုင် (ဟသ်ာတ)

အရပ်ာံ တစ်ပတ်မပြည့်ခင်က
စိတ်က ရုပ်အပြင်ဘက်ရောက်နေပြီ။
ဆီးရီးယား၊ ကျူးဘား
ရုရှားနဲ့ တရုတ်
အီဂျစ်၊ ဗီယက်နမ်
မြောက်ကိုရီးယား၊ အီရန်
ရန်သူတွေ မဟုတ်ကြပေမဲ့
အကျိုးတူတွေလည်း ဖြစ်နိုင်တယ်။
ရှမ်း၊ ကချင်၊ မွန်၊ ပအိုဝ်၊ ကရင်
မြန်မာ ... မိသားစုတွေဖြစ်ပေမဲ့
မြောက်ဝင်ရိုးစွန်းနဲ့ တောင်ဝင်ရိုးစွန်း
ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို အားနာတယ်
ဦးသန့်ကို ပြေးခေါ်ချင်တယ်
ဗိုလ်ချုပ်အောင်ဆန်းကို လွမ်းလိုက်တာ။
ဖသသပစ္စယာ အိတ်ထဲထည့်တော့
ပူဇော်အထူးခံနေတဲ့ တဏှာလက်သမား
တံတားတွေဝါးစားနေ
တောင်တွေပြိုပြီးရင် ပြို
ကားလမ်းတွေ ကျောက်ပေါက်မှာ ဗလပွနဲ့
အဒိန္နာဒါနာ ဝေရမဏီလည်းမဆိုဖြစ်
ဓားထိုးနေမိတာ ကိုယ့်ပေါင်ပါပဲလား။
ဂျောက်ခနဲ ...
ပုတီးလွတ်အကျမှာ
ထူးအိမ်သင် သီချင်းကိုသတိရ
မေ့ပစ်လိုက် ( ... ) မေ့လိုက်တော့ ( ... )။ ။



# သေတ္တာထဲက အစာအိမ်

မောင်နန်းထက် (ဟသာ်တ)



\- ရိုးရာ ရုပ်သေး
အရုပ်လေးတွေ မြူချိုချို
အမှုပို သူတို့က။
\- မယ်သီတာ ရာမ
ဒသဂီရိ လက္ခဏာ
ဇော်ဂျီ ဝိဇ္ဇာ
ဣန္ဒာ သိကြား
ဘုရင်နှင့် မိဖုရား
မှူးကြီး မတ်ကြီးများ
မင်းသမီး မင်းသား
မြိုင်ထ နစ်ပါးသွား
ခေါင်းခါး ခြေလက်ချိုး
အမျိုးမျိုး အဖုံဖုံ
ဘဝဇာတ်ခုံ
ရုပ်စုံသည်ပွဲ။
\- လှုပ်ရလှုပ်ရ၊ မလှုပ်ရမလှုပ်ရ
ခုန်ရခုန်ရ၊ မခုန်ရမခုန်ရ
ဘုံဘဝ ကြိုးသမျှ
အဟုတ် သူ့ဒြေးတွေပဲ့
အရုပ်လေးတွေက
သဘာဝ စိတ်ပြည့်မောက်
အာဟာရ သိဒ္ဓိမြောက်။
\- အနုပညာ မြတ်နိုး
ကြိုးဆွဲဆရာကြီးခင်ဗျာ ...
သုံးရာသီပတ်ချာ
ပွဲမထွက်ရရှာ ...
ဖုန်တက်နေတဲ့ သေတ္တာ
သော့ခတ်ထားတာ ကြာပြီမို့
ရတနာ စိန်ကျောက် ဝေးလေးစွ
အစာအိမ်ခြောက်။ ။

# မျက်ရည်ကျတမ်းကစားတယ်

နွံနာဦး (ဟင်္သာတ)

\- ကလေးအရွယ် ခပ်ငယ်ငယ်
နင်ရယ် ငါရယ် တို့တစ်တွေရယ်
တဟားဟားရယ်သော မမောဘူးကွယ်
ပုံပြောတမ်းလဲ ကစားတယ်
\- လိုက်တမ်း ပြေးတမ်း ဖန်ခုန်တမ်းရယ်
တူတူတွေလည်း ပုန်းခဲ့တယ်
အဲဒီတုန်းက ပြုံးပျော်အသိ
ပီတိတွေကြွယ် နင်ရယ်ငါရယ်တို့တစ်တွေရယ်
ထုပ်တိုးတမ်းလည်း ကစားတယ်
\- ချိန်တန်ရွယ်လူး အလှထူးချိန်
ချစ်ဦးလေလား ချစ်ဖူးသွားပြီ
ထူးခြားပျော်ရွှင် စိတ်ဘဝင်မှာ
ကြည်လင်အေးမြ လေပြေခသို့
မြူးကြွလန်းဆန်း စိတ်မှာချမ်းငြိမ့်
ပက်ဖြန်းမေတ္တာ ညီမျှပါရဲ့
သာယာခဲ့တယ် နင်နဲ့ငါရယ် နှစ်ယောက်ထဲရယ်
ပန်းနဲ့ပေါက်တမ်း ကစားတယ်
\- အဆင့်တွေကွာ ဘဝချာသူ
ကိုယ့်မှာသိတတ် မသင့်အပ်၍
နယ်စပ်မြေခြား ဝေးကွာသွားအောင်
ပြေးလွှားရှောင်ပုန်း ဘဝရှုံးခဲ့
မမုန်းရက်ပါ ချစ်သက်လျှာရယ်
ခွဲခွာတမ်းပဲ ကစားမယ်
\- နင်ကောင်းစားရေး ငါခွာပြေး
မဝေးမဖြစ် ချစ်၍ပစ်
နှစ်တွေဘယ်ထိ ငါမသိ
သတိရတယ် ငယ်ချစ်ရယ်
ခုတော့ ငါ့နဲ့ ငါရယ် ငါတစ်ယောက်ထဲရယ်
မျက်ရည်ကျတမ်းကစားတယ်။ ။



# ဟသ်ာတ

နောင်မင်းနိုင်




လက်မောင်းတစ်ဖက်ပြုတ်ကျသွားတဲ့ မြို့ရိုးရဲ့ရာဇဝင်က ပြောတယ်။

"မြစ်ကိုက်ခံရတာပါ" တဲ့
အခွင့်အရေးရတိုင်း လက်တစ်ဆုံး ထိုးနှိုက်တတ်တဲ့ မြစ်ရဲ့မိုက်ဇာတ်ကို
ဒီနေ့ထိ ရင်စည်းခံနေရရှာတဲ့မြို့။

အရက်မူးပြန်လာသူပထွေးကို မယားပါသမီး ထိတ်လန့်နေပုံမျိုး
စိုးရိမ်ရေမှတ်ရဲ့ခြေသံကို နားစွင့်ထားရတဲ့မြို့။

ဆည်းလည်းသံတချွင်ချွင်နဲ့ ဗုဒ္ဓဝိပဿနာကို ရှုမှတ်ကြည်ညိုရင်း
ဘာသာတရားလည်း ကိုင်းရှိုင်းတတ်တဲ့မြို့။

စာပေအနုပညာနဲ့ ရေစီးကြောင်းအသစ်ထဲ မျောလာတဲ့ ဂီတကို ရောသောက်ရင်း
လက်ခုပ်သံတွေနဲ့ ယဉ်ကျေးနေတဲ့မြို့။

မျက်ထောင့်နီတို့ရဲ့တစ်လမ်းမောင်း ခွာသံတွေကို ခါချရင်း
ထိလွယ်၊ ရှလွယ်၊ သွေးဆူလွယ်တဲ့မြို့။

စိုးမြတ်မင်းမှ စီရော်နယ်ဒိုအဆုံး တရှန်းရှန်းနဲ့ ဥရောပထိ ခြေဆန့်ထားလို့
အားကစားလည်း ချစ်တတ်သေးတဲ့မြို့။

ဘဝနဲ့ အစပ်အဟပ်မတည့်သူတို့ရဲ့ခွက်ချင်းခတ်သံတွေ
တဟုန်းဟုန်းတောက်လောင်ရင်း
အဲဒီဆိုင်ကယ်တစ်စီးနဲ့ စိတ်ကြီးဝင်နေတဲ့မြို့ပေါ့။

အရိပ်စီးနေသူ လမ်းတွေကို
ရင်လွယ်သားလို ပိုက်ထွေးထားရရှာပေါ့
မြို့။ ။

# ချောတိုင်တက်ပွဲ

ရုပ်ဆိုး

ကျနော်တို့ အခုအခါမှာ
အားကစားရာသီပွဲ စနေပါပြီ။
အခုက ဆင်နွှဲနေတာက
ချောတိုင်တက်ပွဲပါ
အပေါ်ဆုံးလူက အဆက်ဆက်အလံလုခဲ့သူပါ။
အောက်လူက ပခုံးနဲ့ထမ်းတင်တယ်
သူ့ခေါင်းလည်း တက်ခွင့်ပြုတယ်
ပါဝင်တဲ့သူတွေက အဆင့်ဆင့်ပါ။
အောက်ဆုံးလူကတော့
မြေကိုကျားကန် ချောတိုင်ကိုဖက်
အသက်ရှူဖို့ အခက်တွေ့နေပြီ
တစ်ဖက်နဲ့တစ်ဖက် အားပေးသူတို့က
ဆိုင်းသံဗုံသံတွေနဲ့ ဆူညံလို့။
အောက်ဆုံးလူက တွေးနေတယ်
အလံမြန်မြန် ရချင်ရ
လျှောလို့ ကျချင်ကျ
မြန်မြန်ပေါ့ မြန်မြန်
ဒီမှာအသက်မှန်မှန် မရှူနိုင်တော့ဘူး။ ။



# ဧရာဝတီရဲ့သံစဉ် ရာဇဝင်ထဲက ဟင်္သာတ

ဇင် (ဟင်္သာတ)




(၁)
ဟင်္သာတဆိုတာ
ဟင်္သာဖိုမတို့ တမ်းတလို့ပဲခေါ်ခေါ်
ဟင်းလျာတလို့ပဲ ခေါ်ခေါ်
ဟန်းဇဒါးပင်တွေ ပေါက်လို့ပဲခေါ်ခေါ်
ဟင်္သာတသည်
ဧရာဝတီရဲ့သံစဉ်များနှင့်အတူ
ငှက်ဟင်္သာအသွင်ကဲ့သို့
ထက်ဝေဟင်မှာ ပျံဝဲလို့က
ဂန္ဓဝင်မြောက်တဲ့ မဟာဂီတ
ရာဇဝင်ထဲက ဟင်္သာတ
လှပနေဆဲဖြစ်ပါတယ်။

(၂)
ဟင်္သာတဆိုတာ ...
ဧရာဝတီမြစ်ကမ်းနားက
အနီးမြို့သားတွေဟာ
ဧရာဝတီကိုချစ်မြတ်နိုး
ရိုးသား ကြိုးစား ဧရာဝတီသားပီသ
ဘယ်ဆီ ဘယ်ဝယ် နယ်ခြားရောက်ရောက်
တစ်ခါ တစ်ခေါက်အရောက်ပြန်လာ
သံဃာတော်တွေ ဆွမ်းလောင်း
ကောင်းမှုကုသိုလ် ရေစက်သွန်းချ
ကျောင်းနေဖက်တွေနဲ့ ဆုံတွေ့ကြ
အာစရိယပူဇော်ပွဲတွေ နွှဲပျော်
အဆွေတော်, အော်တိုမှာ လက်ဖက်ရည်သောက်
နောက်တစ်ခေါက်ပြန်လာပြီး
ဒယ်အိုးကြီးမှာ မုန့်ဟင်းခါးစား
နလုံးသားထဲက ဟင်္သာတ
သတိရလို့နေပါတယ်။

(၃)
ဟင်္သာတဆိုတာ ...
အသွင်သစ်နဲ့ ဒီမိုကရေစီခေတ်မှာ
ကွန်ကရစ်ခင်းတဲ့လမ်းတွေနဲ့
တိုင်းဧရာရဲ့စပါးကျီ
မြန်ပြည်ရဲ့သွေးကြော
သွေးမနှောတဲ့ မြို့သားတွေ
ဟင်္သာတသားစစ်ရင်
ဧရာဝတီကိုချစ်ကြတယ်
ဧရာဝတီကို ကာကွယ်နိုင်ရမယ်
ခိုင်ကျည်မှု ညီညွတ်စွာနဲ့
ဘယ်ခါဖြစ်ဖြစ်
ဧရာဝတီဟာ နှံ့မနစ်တော့
ချစ်တဲ့ ဟင်္သာတသားတွေ
ရှိနေသရွေ့။ ။

# ယုန်သလင်း (သို့မဟုတ်) သမိုင်းကိုထမ်းပိုးထားတဲ့ရွာကလေး

စောချမ်းအိမ်(ခမောက်စု)




- မဆန်းပြားဘူးဘဲဆိုဆို
  မခမ်းနားဘူးဘဲပြောပြော
  ကျေးလက်တောဆိုပေမဲ့
  မြင့်မြတ်တဲ့သွေးသား
  ဂုဏ်ဒြပ်တစ်ခုနဲ့ထင်ရှားလာခဲ့တာ။
- ကျီတလင်းပဲခေါ်ခေါ်
  ယုံတလင်းပဲတွင်တွင်
  ဘယ်သူမှမငြင်းနိုင်တဲ့
  မော်ကွန်းကမ္ပည်းတိုင်တစ်ခုကို
  မြန်မာ့သမိုင်းမှာ စိုင်စိုင်ထုဆစ်ပေးခဲ့တယ်။
- မန်းဘခိုင်တဲ့ ...
  နာမပိုင်ကရင်လူငယ်တစ်ယောက်က
  ရဲရဲတောက်အတွေး
  မကြောက်ဝံ့တဲ့သတ္တိသွေးနဲ့
  ၁၉၄၄ ဂျပန်တော်လှန်ရေးမှာ
  ဇာတိမြေကိုဌာနချုပ်လုပ်လို့
  ရှုပ်ရှုပ်ချုံချုံဖက်ဆစ်ကိုတိုက်ထုတ်ခဲ့ပေါ့။
- အမျိုးချစ်တဲ့ဇာတိမာန်
  အသွေးသားကအရင်းခံမို့
  ကိုလိုနီစနစ်ကိုဆက်တွန်းလှန်ရင်း
  ကြမ္မာဆိုးမြားတစ်စင်း
  ကံကွက်ကြားပစ်ခွင်းရစ်လို့
  ၁၉၊ ဇူလိုင်လ ၄၇ မှာ
  ဗိုလ်ချုပ်တို့နဲ့ကျဆုံးခဲ့ရ
  အဲဒီအာဇာနည်ခေါင်းဆောင်ကြီးရဲ့သန္ဓေစကို
  ယုန်သလင်းရွာလေးက မွေးဖွားပေးခဲ့တယ်။
- ၁၉၄၀၊ ဖွန်လ ၁ ရက်
  ဇလွန်အစည်းအဝေးဟောပြောချက်နဲ့
  ဖမ်းဝရမ်းထုတ်ခံခဲ့ရတဲ့ဗိုလ်ချုပ်
  ရုတ်တရက်လျှိုးငုပ်ကွယ်ပျောက်
  တစ်ဦးတစ်ယောက်တောင်မသိနိုင်ခဲ့
  မန်းဘခိုင်ရဲ့အိမ်မှာသုံးရက်တာပုန်းခို
  ယုန်သလင်းရဲ့ရင်ခွင်ပျို့ထဲမှာ။
- ပကတိရိုးသား
  မဝင့်ကြွားတတ်တဲ့
  သမိုင်းကိုထမ်းပိုးထားတဲ့အဲဒီရွာကလေး
  အချိန်ကာလမျက်နှာသာမပေးလို့
  (တချို့တွေအတွက်)
  မှေးမှိန်သလိုဖြစ်ခဲ့ရပေမဲ့
  ရွှေထုပ်တဲ့မြုပ်ဝါလို
  ရင်နစ်ချာအမွေအနှစ်ကို
  တန်ဖိုးစစ်စစ်သိမ်းဆည်းထားတာမို့
  ရေခံမြေခံ၊ အစဉ်အလာသဏ္ဍာန်ကောင်း
  နလုံးသားကြီးမြတ်သူတစ်ဦးရဲ့
  ကိန်းအောင်းရာမြေမှာ
  အကြောင်းရယ်ဖန်ရှေးကကံနဲ့
  ရှင်သန်လာလူလားမြောက်
  ယုန်သလင်းရွာသားတစ်ယောက်ဖြစ်ရတာ
  (ကျုပ်လေ)
  ဝမ်းမြောက်ဂုဏ်ယူမိတယ်ဗျာ။ ။

# မွေးနေ့လက်ဆောင်

မောင်ဝင်းထွဋ် (ဟသ်ာတ)




- သက်ခြောက်ဆယ်ပြည့်ပြီ
မနေ့တစ်နေ့ကပုံရိပ်တွေ
နှစ်ပရိစ္ဆေဒရှည်ခဲ့။
- မြစ်တစ်မြစ်ကို
ချစ်၍လည်းနှစ်ခါမကူးနိုင်
မိန့်မှူးမေ့မောကာလများ
မြစ်ရေစီးနဲ့အတူမျောပါသွား။
- ဘဝမှာ ...
အလှအပတွေနဲ့လည်းဆုံခဲ့
အညတရတွေနဲ့လည်းကြုံခဲ့။
- ပျော်ရွှင်တက်ကြွဖွယ်နေ့ရက်များ
ခြစားပိုးကိုက်မသိမ်းပိုက်နိုင်ခဲ့။
- ငေးငိုင်ပူဆွေးရက်တွေလည်း
ရေထဲမှာရေးတဲ့အရုပ်တွေဖြစ်ခဲ့။
- ပဋိစ္စသမုပ္ပါဒ်
စက်ဝိုင်းပတ်ပြေး
ဝေးလွန်းလို့မဆုံးနိုင်တဲ့ခရီးမှာ
အနေသာကြာပေမဲ့
မရေရာအစိုးမရတဲ့ကာလတွေ
ကြာခဲ့ရှည်ခဲ့ကုန်ခဲ့ပြီ။
- သေဖို့မွေးလာတဲ့သခ်ါရတွေ
မွေးဖို့မသေပါစေနဲ့တော့
သံသရာသည်ခရီးကို
ငြီးငွေ့ထိတ်လန့် သံဝေဂတွေနဲ့
အသခ်ၤတမျှော်ရည်မှန်းပြီး
ဖြတ်သန်းလွန်မြောက်နိုင်ပါစေလို့။ ။

# အချစ်ဒိုင်ယာရီ

ဇလွန် မောင်စိမ်းအောင်

- အပူရှိန် မပြင်းပါဘူးတဲ့
နေမင်းကြီးက
ကမ္ဘာ့လူသားတွေကို ပြောတယ်။
အဲသည့်အခါ
စကြဝဠာက ရယ်လိုက်တယ် ။
- သူ့အပြုံးဟာ မလှပါဘူးတဲ့
မိုနာလီဇာက
ပန်းချီဆရာရဲ့စိတ်ကူးကိုပြောတယ်။
အဲသည့်အခါ
လီယိုနာဒိုက ရယ်လိုက်တယ်။
- ဝတ်ရည် မသုံးပါဘူးတဲ့
ပိတုန်းလည်လေးတွေက
သိပ်လှတဲ့ ပန်းကလေးတွေကိုပြောတယ်။
အဲသည့်အခါ
ပျားသတ္တဝါလေးတွေက လှောင်ကြတယ်။
- ဘယ်တော့မှ မမုန်းပါဘူးတဲ့
အချစ်ဆုံး မင်းက
ငါ့ရဲ့သိပ်လှတဲ့နှလုံးသားကိုပြောတယ်။
အဲသည့်အခါ
ကဗျာလေးတွေက ရယ်မှာပဲပေါ့ကွယ်။ ။



# ကလေးကစားပွဲ

ချက်ဖေါင်း

\- အမေ ...
ဒီတစ်ခေါက် ဘုရားဖူးသွားရင်
ကျိုက်ထီးရိုးသေနတ် ဝယ်ခဲ့ပါအမေ။
\- သား ... ကစားတဲ့အခါ
စက်ပိုင်သားက ...
ယမ်းသေနတ်နဲ့ စတိုင်ထုတ်၊ ဗိုလ်လုပ်တယ်အမေ။
\- ကားပိုင်သားက ...
သကြံန်သေနတ်နဲ့ စတိုင်ထုတ်၊ ဗိုလ်လုပ်တယ်အမေ။
\- သားတို့က ...
ဝါးခြမ်းပြားဓားခုတ်၊ သူခိုးလုပ်ရတယ်အမေ။
\- သား ...
ဗိုလ်လုပ်ချင်တယ်အမေ။
\- အမေ ...
ဒီတစ်ခေါက် ဘုရားဖူးသွားရင်
ကျိုက်ထီးရိုးသေနတ် ဝယ်ခဲ့ပါအမေ။ ။

(ရဲဘော်ဖြူဗိုလ် - ဗိုလ်ဘညွန့်အား သတိရလျက်)



# ဇာတ်သိမ်း

မောင်မောင်ဆန်းညွန့် (သားမိုက်)

(က)
မနေ့ကသည်
ယနေ့မဟုတ်
ချုပ်ပျက်နိဂုံး
တုံးလုံးပက်လက်
အသက်ထွက်ကာ
ကျန်ခဲ့ပါပြီ၊ အတိတ်ဆီမှာ .....

(ခ)
မနက်ဖြန်လည်း
ရှင်သန်ဖွံ့ထွား
မမွေးဖွားသေး
ငေးမောမျှော်လင့်
မနေသင့် တွေးချင့်ဆင်ခြင်ပါ .....




(ဂ)
ယနေ့သည်သာ မြတ်ဆုံးပါဟု
စိတ်မှာစွဲမှတ် သဒ္ဒါဓာတ်ဖြင့်
ရှုမှတ်ပွားများ "လေးပါးသစ္စာ"
ဒေသနာကို စိတ်ဖြာကြိုးကုတ်
"ဒါရုပ် ဒါနာမ်" ဖြစ်တိုင်းဟန်ကို
ဝေဖန်စိစစ် သိဉာဏ်စစ်ဖြင့်
သစ်ခန္ဓာကို မကြိုဆိုဘဲ
အို (နာ) သေဇာတ်လမ်းသိမ်းကြစို့။ ။

# စေတနာ

(ဟင်္သာတ – စိုးမြင့်)

\- ပန်းတစ်ငုံသည်
ငုံပြီး ဖူးစေ၊ ဖူးပါစေ ...၊
\- ပန်းတစ်ဖူးသည်
ဖူးပြီး ပွင့်စေ၊ ပွင့်ပါစေ ...၊
\- ပန်းတစ်ပွင့်သည်
ပွင့်ပြီး လှစေ၊ လှပါစေ ...၊
\- ကိုယ်နှင့်မလိုက်၊ မချူထိုက်ဘဲ
မိုက်မိုက်ရူးရူး၊ ဖွတ်မခူးပါ
ဩော် ...ငုံဖူးပွင့်ပန်းလန်းပါစေ။ ။






(မြွေအရေခွံလဲနေသည်)



ချည်းကမ်းမရှိ
မတရားမှောင်းတဲ့
ဆိုင်ကယ်တွေ ရန်က
လွတ်အောင် တက်နေရ
တာ ဟေ့ -
စိမ်း
ဝါ
နီ
ဟင်္သာတ - ဖေကြည်လင်း


ကောင်လေး... ဖြေပါဦး... ဒီဆိုင်ထဲကို ဖေါက်ထွင်းဖို့ ဘယ်လို အစပျိုးခဲ့တာလဲ...
မှုခင်းဂျာနယ်ဝယ်ပြီး အဲ့ဒီအထဲကသူချုပ်တွေ ခိုးတဲ့အကြောင်းဖတ်ပြီး သူတို့နည်းလမ်း အတိုင်း ခိုးခဲ့မိတာပါ ဆရာ....
အမှုစစ်
*ကိုဟန်နိုင်
(ရှုခင်းသတင်းထောက်)

Cartoon







ဥပဒေ ဆိုတာ....
စည်းနဲ့ ဘောင်နဲ့
နေရတယ်ကွ...

Cartoon



Cartoon






Cartoon

Cartoon




# ရှုထောင့်

တစ်ဖက်မြင်နှင့် မဆုံးဖြတ်ဘဲ
ဘက်စုံထောင့်စုံကြည့်ပြီး သုံးသပ်
ဆုံးဖြတ်ပါ-

သရွှာဝိုင်း ဦးမြင့်အောင်

ဟသာ်တမြို့သည် မြန်မာနိုင်ငံရှိ မြို့နယ်များအနက် လူဦးရေသိပ်သည်းမှု (Population Density) ခေါ် တစ်မိုင်ပတ်လည်အတွင်းရှိ လူဦးရေအရေအတွက်အရ သိပ်သည်းမှုများကြောင်း လေ့လာသိရှိရပါသည်။ ဟသာ်တမြို့သည် ရှေးသမိုင်းရာဇဝင် အစဉ်အဆက် မှတ်တမ်းများအရ လေးမည်ရမြို့ ငါးမည်ရမြို့စသည်ဖြင့် ခေတ်အဆက်ဆက် ထင်ရှားကျော်ကြားသောမြို့ ဖြစ်ပေသည်။ ရာဇဝင်နှင့် သမိုင်းဆိုင်ရာ စာအုပ်စာတမ်း များအရ ဟသာ်တမြို့နှင့် စပ်လျဉ်းသည့် မှတ်တမ်းမှတ်ရာများကို အောက်ပါအတိုင်း နိဒါန်းအဖြစ်တင်ပြထားပါသည်။

မွန်လူမျိုးများသည် မြန်မာနိုင်ငံတွင်းသို့ ဘီစီ-၂၀၀၀ ခန့်က စတင်ဝင်ရောက် အခြေချခဲ့ကြသည်ဟု သမိုင်းသုတေသီများက ခန့်မှန်းကြသည်။ နောက်ပိုင်းတွင် ဟံသာဝတီဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသတို့၌ မြို့ပြကျေးရွာများ တည်ထောင်နေထိုင်ခဲ့ကြရာ နေရာဒေသပေါ် မူတည်၍ ကုသိမမဏ္ဍလ (ပုသိမ်) ၃၂ မြို့ ဟံသာဝတီမဏ္ဍလ (ဟံသာဝတီ-ပဲခူး) ၃၂ မြို့ မုတ္တမမဏ္ဍလ (မုတ္တမ) ၃၂ မြို့ဟူ၍ မွန်ဒေသမဏ္ဍလသုံးရပ်ရှိရာတွင် နေရာဒေသကွဲသော်လည်း လူမျိုးနှင့် ဘာသာစကားမှာ တစ်မျိုးတည်းပင်ဖြစ်လေသည်။ ထိုသို့ နေထိုင်ရာ အရပ်ဒေသကို အစွဲပြုပြီး မွန်သုံးရပ်ဟူ၍ ဖြစ်ပေါ်လာခဲ့သည်။ (အချို့သမိုင်းသုတေသီတို့က မွန်ဒေသ မဏ္ဍလတစ်ရပ်စီတွင် ၃၃ မြို့စီ ရှိသည်ဟု ဖော်ပြကြသည်။ စာရေးသူ) အဆိုပါ မွန်သုံးရပ်အနက် ဟသာ်တမြို့သည် ကုသိမ မဏ္ဍလ (ပုသိမ်) ၃၂ မြို့တွင် တစ်မြို့အပါအဝင် ဖြစ်ခဲ့သည်။ ရှေးက ကျိုက်ပတီသာရဝေါမြို့ကွင်းအရပ်မှ ပုသိမ် ၃၂ မြို့တွင် ပါဝင်ခဲ့ပြီး ယခုဟသာ်တနှင့် ဝန်းကျင်ဒေသပင် ဖြစ်လေသည်။

# ရာဇဝင်ထဲက ဟသာ်တ

ဒေါက်တာအောင်ဝင်းမောင် (ရွှေရော)



## ဥမ္မာဒန္တီနှင့်ဟသ်ာတ

ဟသ်ာတမြို့နယ်၊ဟသ်ာတခရိုင်တို့တွင်ဦးစွာပထမ ဆက်စပ်ဖော်ပြခြင်းခံရသော အကြောင်းအရာဖြစ်သည်။ ပုံပြင်ဆန်သော အဖြစ်အပျက်များဖြစ်သော်လည်း ကမ္ဘည်းကျောက်စာဖြင့် မော်ကွန်းတင်ထားရာ ခိုင်မာသော သမိုင်းမှတ်တမ်းဟုဆိုရပေမည်။

ခရစ်နှစ် ၉၈၀ ပြည့်နှစ်ခန့်တွင် ပုသိမ်ဘုရင် သမုဒ္ဒဃောသနှင့် မိဖုရားဥမ္မာဒန္တီတို့သည် သန်လျင်ဘုရင် ဒွေးရာဇာဓိရာဇ်၏ ဘေးအန္တရာယ်မှ လွတ်မြောက်ရန် ထွက်ပြေးတိမ်းရှောင်ခဲ့ရာ ဟသ်ာတမြို့နယ်နှင့် ဟသ်ာတခရိုင်အတွင်း ရောက်ရှိခဲ့ကြသည်။ လွန်ခဲ့သောနှစ်ပေါင်း ၁၀၂၃ နှစ်ခန့်က ဖြစ်သည်။

၎င်းတို့၏ ခရီးစဉ်တစ်ထောက်နားရာနေရာများ၌ စေတီပုထိုးများကို ကိုးကွယ်ရန်အတွက်လည်းကောင်း၊ အထိမ်းအမှတ်အဖြစ်လည်းကောင်း တည်ထားကိုးကွယ်ခဲ့ကြသည်။ ယင်းတို့အနက် ဟသ်ာတမြို့နယ်၊ ဓမ္မိမြို့ (ယခင်မွန်အမည် သံသောတခွန်မြို့ ဥမ္မာဒန္တီလက်ထက်၌ တန်ဘီမြို့ ယင်းမှဓမ္မိမြို့) ကွမ်းခြံကုန်းရပ်တွင် ရွှေရောင်ပြစေတီ၊ ဟသ်ာတခရိုင်၊ အင်္ဂပူမြို့ (၈ ရာစုခန့် မွန်အမည် ကျိုက်အင်္ဂ၊ ယင်းနောက် အုတ်ဖိုမြို့ ထိုမှအင်္ဂပူမြို့) တွင် ရွှေဆံတော်စေတီ၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက်တွင် စစ်သူကြီးနန္ဒအကူအညီဖြင့် တည်ထားသော နန္ဒာလှ (နန္ဒလ) စေတီ၊ အင်္ဂပူမြို့နယ်၊ ညောင်ပင်သာရွာရှိ ကျိုက်သာသပြောင်းစေတီတို့မှာ ထင်ရှားသည်။

ယင်းတို့အနက် ကျိုက်သာသပြောင်းစေတီ ကမ္ဘည်းကျောက်စာအရ ယင်းစေတီကို ခရစ်နှစ် ၉၈၄ ခုနှစ် (လွန်ခဲ့သောနှစ်ပေါင်း ၁၀၁၉ နှစ်)တွင် ဘုရင်သမုဒ္ဒဃောသကိုယ်တိုင် သီဟိုဠ်မှ ပင့်ဆောင်လာခဲ့သော ဂေါတမမြတ်စွာဘုရား၏ ဓာတ်တော် ၅၄ ဆူကို ဌာပနာ၍ ဘုရားတည်ရာတွင် ဗညားကျန်းတောကိုယ်တိုင်ကြီးကြပ်တည်ထားကြောင်း ဖော်ပြထားလေသည်။

သို့ဖြစ်ရာ ယင်းအချိန်က ခရစ်နှစ် ၉၈၀ ပြည့်နှစ် (လွန်ခဲ့သော နှစ်ပေါင်း ၁၀၂၃ ခုနှစ်) ကပင် ဟသ်ာတဒေသတစ်ဝိုက်၌ လူနေအိမ်ခြေ၊ မြို့ပြကျေးရွာများတည်ရှိခဲ့ပြီးဖြစ်ကြောင်း ခန့်မှန်းနိုင်လေသည်။

## တပင်ရွှေထီးနှင့်ဟသ်ာတ

တောင်ငူဘုရင် တပင်ရွှေထီးမင်းသည် ခရစ်နှစ် ၁၅၄၂ ခုနှစ် (လွန်ခဲ့သောနှစ်ပေါင်း ၄၆၁) ခန့်တွင် ပြည်မြို့ကို (ဒုတိယအကြိမ်) အောင်မြင်ပြီးနောက် အထိန်းတော် သတိုးဓမ္မရာဇာကို မင်းမြှောက်တန်ဆာငါးပါးနှင့် မင်းပြုစေသည်။

ခရစ်နှစ် ၁၅၄၃ ခုနှစ်တွင် အင်းဝဘုရင် အုန်းပေါင်ခုံမိုင်းသည် ဗန်းမော်၊ မိုးမိတ်၊ မိုးကောင်း၊ မိုးညှင်းစော်ဘွားတို့နှင့် ပူးပေါင်း၍ ပြည်မြို့ကို တိုက်ခိုက်ရန် စစ်ချီလာသည်။

ထိုအခါ တပင်ရွှေထီး၏ အမိန့်တော်ဖြင့် ဓနဖြူကူထွက်(မြန်အောင်)၊ ဟသ်ာတ၊ တရုတ်မော်၊ လှိုင်၊ မော်ဘီ၊ သာယာဝတီမြို့များမှ သူရဲသူခက်၊ လက်နက်ကိရိယာ၊ မျိုးရိက္ခာတို့ကို ပြည်မြို့သို့ စစ်ကူပေးပို့၍ ပြည်မြို့တွင်းမှ ခံစေသည်။

ထို့နောက်တပင်ရွှေထီးကရေကြောင်း၊ဘုရင့်နောင်ကျော်ထင်နော်ရထာက ကြည်းကြောင်းဖြင့် ပြည်မြို့ကိုဝိုင်းရံနေသော ရန်သူများအား ချီတက်တိုက်ခိုက်အောင်မြင်ပြီး ပုဂံမြို့အထိ ဆက်လက်တိုက်ခိုက် သိမ်းပိုက်သည်။

သို့ဖြစ်ရာ ခရစ်နှစ် ၁၅၄၃ ခုနှစ် (လွန်ခဲ့သော နှစ်ပေါင်း ၄၆၀ နှစ်) မင်းတရားရွှေထီးလက်ထက်၊ ဘုရင့်နောင်လက်ထက်တို့တွင် ဟသ်ာတမြို့သည် စစ်ရေးအရလည်းကောင်း၊ မြို့ပြကျေးရွာအုပ်ချုပ်မှုအရ လည်းကောင်း အရေးပါသော ဒေသတစ်ခုဖြစ်ကြောင်း သိနိုင်ပေသည်။

## အလောင်းဘုရားနှင့်ဟသ်ာတ

(က) ရွှေဘိုမှ ဒဂုန်သို့စစ်ချီ

ကုန်းဘောင်မင်းဆက်နှင့် တတိယမြန်မာနိုင်ငံတော်ကြီးကို စည်းရုံးတည်ထောင်ခဲ့သူ ဦးအောင်ဇေယျခေါ် အလောင်းဘုရားသည် ခရစ်နှစ် ၁၇၅၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံမြောက်ဘက်မှ ကွေ့ရှမ်းများနှင့် တောင်ဘက်မှ မွန်များအား တိုက်ခိုက်နှိမ်နင်း၍ မြန်မာနိုင်ငံတောင်ဘက် ဒဂုန်မြို့ (ရန်ကုန်မြို့)သို့ ဦးတည်ချီတက်ခဲ့ရာ၌

ခရစ်နှစ် ၁၇၅၅ ခုနှစ်၊ (လွန်ခဲ့သော ၂၄၈ နှစ်)တွင် မွန်တို့ထံမှ ဟင်္သာတမြို့အား တိုက်ခိုက်သိမ်းပိုက်ရယူခဲ့သည်။

ယင်းအခါက ဟင်္သာတမြို့ ကျောင်းဆိပ်ရပ် ဆိပ်ကမ်းရှိ မွန်တို့၏ လှေငါးရာကျော်ပါ ရေတပ်အား အလောင်းဘုရား၏ တပ်မှူးသူရဲကောင်းများဖြစ်ကြသော ဗိုလ်မှူးမင်းလှမင်းခေါင်၊ မင်းကျော်စည်သူ၊ မင်းကျော်ရဲလှ၊ ကုလားဗိုလ် အာကာကျော်ထင်၊ ဒေဝဒူတတို့ ဦးစီးလျက် လှေတစ်ရာကျော်ပါရေတပ်ဖြင့် တိုက်ခိုက်အောင်မြင်ပြီး ဟင်္သာတမြို့အား သိမ်းပိုက်ရယူခဲ့ခြင်း ဖြစ်သည်။

မွန်တို့သည် ဟင်္သာတမှ ဆုတ်ခွာခဲ့ပြီးနောက် သန်လျင်ချောင်း၊ ပန်းလှိုင်ချောင်းဝတို့တွင် တပ်များ တည်၍ ခိုင်ခံ့လုံခြုံအောင် ပြင်ဆင်၏။ ထို့ပြင် မွန်ရေတပ်ဗိုလ်မှူးတို့က လှေနှစ်ရာကျော်ရှေ့လွှန်၍ ဇရွံ့(ဇလွန်မြို့) ကင်းတွင် အစောင့်ချထား၏။ ထိုအခါ အလောင်းဘုရားသည် နေမျိုးရွှေတောင်ကို ဗိုလ်မှူးခန့်၍ ဟင်္သာတ ကျောင်းဆိပ်မှ လှေခုနစ်ဆယ့်ငါးစင်းဖြင့် ချီတက်တိုက်ခိုက်စေရာ မွန်တို့ရေတပ်ပျက်၍ ဆုတ်ရလေသည်။

ဤမှတ်တမ်းအရ ဟင်္သာတသည် ခရစ်နှစ် ၁၇၅၅ မတိုင်မီအထိ ဟံသာဝတီမင်းတို့ လက်အောက်တွင် တစ်လှည့်၊ အင်းဝမင်းတို့ လက်အောက်တွင် တစ်လှည့် တည်ရှိခဲ့ပြီး ယင်းနောက်ပိုင်းတွင် အင်းဝမင်း၏ ပိုင်နက်သို့ ပြောင်းလဲတည်ရှိလာသည်ဟု ဆိုနိုင်ပေသည်။

(ခ) ဟံသာဝတီမှ ရွှေဘိုသို့အပြန်

အလောင်းဘုရားသည် ဟံသာဝတီပဲခူးကို သိမ်းပိုက်ရရှိပြီး နေပြည်တော် ရွှေဘိုသို့အပြန်တွင် ခရစ်နှစ် ၁၇၅၇ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက် (လွန်ခဲ့သောနှစ်ပေါင်း ၂၄၆ နှစ်) တွင် ဟင်္သာတဆိပ်ကမ်း၌ ဖောင်တော် ဆိုက်ကပ်ကာ ခေတ္တနားနေတော်မူသည်။

ထိုနေ့ နံနက် ၇ နာရီတွင် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ၏ သံအရာရှိ မစ္စတာအင်းဆိုင်းလက်စတာ (Mr. Ensing Lester) အား ပုသိမ်မြို့အနီးရှိ နေဂရေ့ကျွန်း (Negrais Island) (နဂါးရစ်ကျွန်း) တွင် စက်ရုံထူထောင်ခွင့်ပေးရေးကိစ္စနှင့်စပ်လျဉ်း၍ ဟင်္သာတဆိပ်ကမ်းဖောင်တော်ပေါ်တွင် လက်ခံတွေ့ဆုံပါသည်။

ရန်အပေါင်းကို နှိမ်နင်းခဲ့ပြီး စစ်နိုင်ဘုရင်တစ်ပါးဖြစ်သော အလောင်းဘုရား၏ အင်္ဂလိပ်အရာရှိအပေါ် ဝင့်ကြွားစွာ၊ နားလည်စွာ ပြောဆိုခဲ့ပုံများ၊ အလောင်းဘုရား၏ ပွင့်လင်းသောပြောဟန်ဆိုဟန် အမူအရာများ၊ ဗဟုသုတရှာဖွေစူးစမ်းလိုစိတ်များ၊ စစ်ရေးနှင့်နိုင်ငံရေး ပရိယာယ်ကြွယ်ဝစွာ ပြောဆိုဆက်ဆံနိုင်ပုံများသည် ဟင်္သာတမြေ၊ ဟင်္သာတဆိပ်ကမ်းတွင် ယနေ့တိုင် ပုံရိပ်ထင်ပဲ့တင်ထပ်နေသည်ဟူ၍ ထင်မြင်မိပေသည်။

(ဂ) ရွှေဘိုမှသည် ဟင်္သာတ၊ ဟံသာဝတီ၊ သန်လျင်၊ ထားဝယ်၊ မြိတ်၊ အယုဒ္ဓယသို့စစ်ချီ

နောင်နှစ်နှစ်ကြာပြီးနောက် ခရစ်နှစ် ၁၇၅၉၊ ဩဂုတ်လ (လွန်ခဲ့သော ၂၄၄ နှစ်) တွင် ဟံသာဝတီက အင်းဝဘုရင်အားတော်လှန်ပုန်ကန်မှုကြီးဖြစ်ပွားရာဟံသာဝတီဘုရင်ခံ နန္ဒယော်ဓာ (နေမျိုးနော်ရထာဟု အချို့စာအုပ်များ၌ပြဆို၊ စာရေးသူ) သည် ဟင်္သာတသို့ ဆုတ်ခွာ၍ လူသူလက်နက်အင်အားစုရုံးကာ အခိုင်အမာ စခန်းချနေခဲ့ရသည်။

သို့ဖြစ်ရာ ယင်းအချိန်ကာလက ဟင်္သာတသည် လူသူလက်နက်စားနပ်ရိက္ခာ တောင့်တင်းသည့်အပြင် အင်အားကောင်းသော အင်းဝပိုင်နက်နယ်မြေဖြစ်ကြောင်း သိနိုင်ပေသည်။

မကြာမီ အလောင်းဘုရားသည် ရတနာသိခ် ရွှေဘိုနေပြည်တော်မှ ရဲမက်စစ်သည် အစုံအလင်ဖြင့် စုန်ဆင်းလာပြီး ဟင်္သာတမြို့ရှိ နန္ဒယော်ဓာ၏တပ်များနှင့် ပူးပေါင်းကာ ဟံသာဝတီ ထိုမှသန်လျင်၊ ထားဝယ် ဆက်လက်၍ မြိတ်နှင့် တနင်္သာရီတစ်ရပ်လုံးကို သိမ်းပိုက်ကာ ယိုးဒယားနိုင်ငံမြို့တော် အယုဒ္ဓယအထိ ဆက်လက်ချီတက်တိုက်ခိုက်ခဲ့လေသည်။

ထိုသို့ တိုက်ခိုက်ရာတွင် ဟင်္သာတမြို့၌ အင်အားဖြည့်တင်းခဲ့သော နန္ဒယော်ဓာသည် ရေတပ်ဦးစီးချုပ်အဖြစ် ပါဝင်ဦးဆောင်ခဲ့လေသည်။ ၎င်းသည် ဦးအောင်ဇေယျ မှုလသူရဲကောင်း ၆ ကျိပ် (အမှန် ၆၈ ဦး) တွင် အပါအဝင်ဖြစ်သည်။

### ဘိုးတော်ဘုရား Michael Symes နှင့် ဟင်္သာတ

ကုန်းဘောင်မင်းဆက် ခြောက်ဆက်မြောက် ဘိုးတော်ဘုရားသည် နန်းတက်ပြီး တစ်နှစ်ခန့်အကြာ ခရစ်နှစ် ၁၇၈၂ ခုနှစ်တွင် အလယ်နန်းသမီးတော်ကို ဟင်္သာတမြို့ကို စားစေသည်။ ဘိုးတော်ဘုရားလက်ထက် ခရစ်နှစ် ၁၇၉၅ တွင် အိန္ဒိယဘုရင်ခံချုပ်၏ အထူးသံတမန်ဖြစ်သော မိုက်ကယ်ဆိုင်း (Major Michael Symes) (ကာနယ်ဆိုင်း- Colonel Symes ဟုလည်း ခေါ်တွင်လေ့ ရှိသည်။ စာရေးသူ)သည် အင်္ဂလိပ်မြန်မာနှစ်နိုင်ငံ ဆက်ဆံရေးအတွက် ဘိုးတော်ဘုရားအား အမရပူရမြို့တော်တွင် လာရောက်ဖူးမြော် တွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံနိုင်ရန်အတွက် မိုက်ကယ်ဆိုင်းသည် ရန်ကုန်မြို့မှနေ၍ ဧရာဝတီမြစ်ကြောင်းအတိုင်း ရေကြောင်းခရီးဖြင့် ဆန်တက်၍ အမရပူရမြို့တော်သို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

ထိုခရီးတွင် မိုက်ကယ်ဆိုင်းနှင့် သံတမန်အဖွဲ့သည် ဟင်္သာတမြို့ဆိပ်ကမ်းသို့ ခရစ်နှစ် ၁၇၉၅၊ ဇွန်လ (၄) ရက်နေ့၊ ညနေ (၄း၁၀) နာရီတွင် ဆိုက်ရောက်ခဲ့ပြီး တစ်ညရပ်နားနေခဲ့ကြသည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၀၈ နှစ်ကဖြစ်သည်။ သင်္ဘောဆိုက်ကပ်ရာမှာ ကျောင်းဆိပ် (Kuoumzeik or Convent Stairs) ဖြစ်သည်။ (ယခုဟင်္သာတမြို့ ဦးပါရဲဘုရားတည်ရှိရာမှာ ယခင်ကျောင်းဆိပ်ရပ်ကွက်ပင် ဖြစ်သည်။ စာရေးသူ)

မိုက်ကယ်ဆိုင်းသည် ဟင်္သာတမြို့နှင့်စပ်လျဥ်း၍ ၎င်း၏နေ့စဉ်မှတ်တမ်း၌ အောက်ပါအတိုင်းရေးသားထားသည်။

မြို့နှင့်ဆိပ်ကမ်းအကြားသဲသောင်ပြင်တည်ရှိသည်။ ဥဂ်္ဂတော်အရွယ်အစား မကြီးလှသော်လည်း ထိပ်ဖျားမှ ခြေတော်ရင်းအထိ ပြောင်လက်သပ္ပာယ်သော စေတီနှစ်ဆူကို ဖူးမြင်ကြရသည်။ ဘုန်းကြီးကျောင်း များစွာတည်ရှိပြီး ရဟန်းသံဃာများကို မြစ်ကမ်းတစ်လျှောက် အထက်အောက်စုံဆန် ကြွချီနေကြသည်ကို မြင်တွေ့ရသည်။ ကျောင်းဆိပ်အရပ်သည် အလွန်စည်ကားပြီး ဖွံ့ဖြိုးတိုးတက်သော အရပ်ဖြစ်ကြောင်း သိသာပေသည်။ ချောင်းငယ်၊ မြောင်းငယ်များ အများအပြားရှိပြီး ယင်းတို့ကို ခိုင်ခံ့သောသစ်သားတံတားများ ထိုးထားသည်။ ချည်ထည်ရက်လုပ်သော လုပ်ငန်းများသည် အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည်။

ကျောင်းဆိပ်အနီးတွင် အလွန်သက်တမ်းကြာမြင့်ပြီဖြစ်သော ဟင်္သာတမြို့တည်ရှိသည်။ များစွာသော လှည်းလမ်းများ၊ လူသွားလမ်းများရှိပြီး အခြားမြို့ရွာများနှင့် ဆက်သွယ်သွားလာရေး ကောင်းမွန်သည်။ ထွန်ယက်စိုက်ပျိုးခြင်းနှင့် လယ်ယာစိုက်ခင်းများကို အနည်းငယ်သာ တွေ့ရသည်။ ကျွဲနွားများကို အုပ်စုလိုက် အများအပြားတွေ့ရှိရသည်။

ဟင်္သာတမြို့သည် ကြွယ်ဝချမ်းသာသော မြို့တစ်မြို့ဖြစ်သည်။ ကျွန်းသစ်လုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။ အထူးသဖြင့် ဟင်္သာတမြို့သည် ဧရာဝတီမြစ်ကမ်းပေါ်ရှိ ဆက်သွယ်သွားလာရေး အချက်အခြာကျသောမြို့ဖြစ်ရာ ဆက်လက်ဖွံ့ဖြိုးတိုးတက်ဦးမည်မှာ သံသယရှိစရာမလိုချေ။

နောက်တစ်နေ့ ၁၇၉၅ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့ နံနက်စောစောတွင် ကျောင်းဆိပ် (ဟင်္သာတ) မှ အထက်အညာ အမရပူရရွှေမြို့တော်ဆီသို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။

### သာယာဝတီမင်းနှင့်ဟင်္သာတ

(က) အနောက်နန်းမတော် မမြကလေး

ခရစ်နှစ် ၁၈၂၄ ဘကြီးတော်ဘုရားလက်ထက် အင်္ဂလိပ် - မြန်မာ ပထမစစ်ဖြစ်ပွားခဲ့ရာ စစ်သူကြီး မဟာဗန္ဓုလသည် ဓနုဖြူမြို့ခံတပ်တွင် အင်္ဂလိပ်တို့၏ပုံးဆန်ထိမှန်ကျဆုံးခဲ့ပြီး ၁၈၂၆ ခုနှစ်တွင် ရန္တပိုစာချုပ်ဖြင့် စစ်ပြေငြိမ်းခဲ့သည်။

ယင်းစစ်ပွဲပြီးဆုံးချိန်တွင် ဘကြီးတော်ဘုရား၏ ညီတော်အိမ်ရှေ့မင်း သာယာဝတီမင်းသားသည် ရဲမက် ဗိုလ်ပါများနှင့်အတူ ရေကြောင်းခရီးဖြင့် ဓနုဖြူမြို့သို့ ဆိုက်ရောက်လာသည်။

ထိုအချိန်တွင် ဟင်္သာတမြို့၌ ခုံသမာဓိ မြင်းပျံချီဘွဲ့ရ ရေကင်းဇာတိ ကိုဦးနှင့်မယ်အိတို့၏ သမီး ဟင်္သာတသူ မမြကြုတ်မှာ ရုပ်ရည်ရူပကာချောမောလှပပြီး ယဉ်ကျေး

သိမ်မွေ့လှကြောင်း ထင်ရှားကျော်စောနေလေသည်။

မမြကြျတ်၏ဖခင်မှာ ရုပ်ရည်ခံ့ညား ယောကျ်ားပီသလှသူဖြစ်ပြီး ဓမ္မသတ်၊ ရာဇသတ် ဖြတ်ထုံးအရပ်ရပ်နှင့် စာပေကျမ်းဂန်ကျွမ်းကျင်လှသူ ဖြစ်သည်။ ဟင်္သာတမြို့သူကြီး၏ ထောက်ခံချက်ဖြင့် ရှင်ဘုရင်က (မြင်းပျံချီ) ဘွဲ့ ချီးမြှင့်တော်မူသည်။ မိခင်မယ်အိမှာ ဟံသာဝတီဘုရင်ရာဇာမိရာဇ်၏အနွယ်တော်ဖြစ်သည်။သာယာဝတီမင်းသည် အတွင်းဝန် နေမျိုးသီဟစည်သူ၊ အိမ်တော်ဝန် နေမျိုးဗန္ဓုကျော်၊ အိမ်တော်စာရေးကြီး သီဟကျော်ထင်နော်ရထာ၊ ဟင်္သာတမြို့သူကြီး ဦးရွှေလှူတို့ကို ဦးစီးစေလျက် ရွှေလှေ၊ ရွှေလောင်းများနှင့် မင်းခမ်းမင်းနားကြီးကျယ်စွာ စီရင်ကာ ခနေဖြူမြို့မှ ဟင်္သာတမြို့သို့ ဆန်တက်စေပြီး ထိုအချိန်က အသက် ၁၇ နှစ်အရွယ် မမြကြျတ်အား မိဘများထံမှ စေ့စပ်ကြောင်းလမ်းတောင်းရမ်းယူ၍ ခနေဖြူမြို့သို့ဆောင်တော်မူသည်။ ထို့နောက် သာယာဝတီမင်းသားသည် မမြကြျတ်အား ချစ်ခင်ယုယစွာဖြင့် နန်းဆန်ဆန် "မမြကလေး" ဟု ခေါ်တွင်စေခဲ့သည်။

ရွှေလောင်းတိုက်နယ်ကို စားစေသည်။ အိမ်ရှေ့မင်း၏ မိဖုရားအဖြစ် မြောက်အိမ်တော်၌ စံစေခဲ့သည်။

သာယာဝတီမင်းသည် ၁၈၃၇ ခုနှစ်တွင် မင်းအဖြစ်ရပြီးနောက် မုဒ္ဓါဘိသိက်ခံရာတွင် မမြကလေးကို "သီရိမဟာသုရတနာစန္ဒာဒေဝီ" ဘွဲ့ဖြင့် အနောက်နန်းမတော် မိဖုရားအဖြစ် တင်မြှောက်ခဲ့သည်။ ထို့အပြင် ဟင်္သာတမြို့ကိုလည်း စားစေသည်။

၁၈၄၁ ခုတွင် သာယာဝတီမင်းတရားသည် ရဲမက်ဗိုလ်ပါ အစုံအလင်ဖြင့် ဒဂုန်(ရန်ကုန်)မြို့သို့ ချီလာကာ ရွှေတိဂုံစေတီတော်၏ အနောက်ဘက်၌ လေးငါးလခန့် စံနေစဉ်တွင် ဟင်္သာတသူ အနောက် နန်းမတော်မမြကလေးသည် ရွှေတိဂုံအနောက်ဘက်စောင်းတန်းကို ဆောက်လုပ်လှူဒါန်းတော်မူသည်။

သာယာဝတီမင်းသည် ဟင်္သာတမြို့ လယ်တော်ရွာရှိလယ်များမှထွက်ရှိသောစပါးများကိုမမြကလေး၏မိခင်မယ်အိအား အပိုင်စားပေးကာ စားစေသဖြင့် ယင်းရွာကို လယ်တော်ရွာ (ယခု လယ်တော်ရပ်ကွက်၊ ဟင်္သာတမြို့) ဟု ခေါ်တွင်ကြသည်။ ထို့အပြင် ဟံသာဝတီမင်းတရား၏ ခွင့်ပြုချက်ဖြင့် မမြကလေး၏မိခင်မယ်အိသည်ဟင်္သာတမြို့ ကင်းရွာအရပ်၌ ဘုရားတစ်ဆူတည်ရာ မယ်တော်ဘုရားဟု အမည်တွင်သည်။

မမြကလေး၏ ညီမဖြစ်သူ မလေးဖြူသည် နေဝင်ဘုရင်အခေါ်ခံ ရန်ကုန်မင်းကြီး ဦးမေး၏ဇနီးဖြစ်သည်။ ဟင်္သာတသူ မမြကလေးသည် သဖြန်၊ တေးထပ်၊ ပတ်ပျိုးအစရှိသော ဂီတအနုပညာလက်ရာများစွာကို ရေးသားသီဆိုနိုင်ခဲ့ပြီး မြန်မာစာပေဂီတနယ်ပယ်တွင် ထင်ရှားလှသော စာဆိုရှင်တစ်ဦးဖြစ်သည်။

သာယာဝတီမင်းတရားနှင့် အနောက်နန်းမတော် မမြကလေးတို့၏သမီးမဖွားကြီးခေါ် "လှိုင်ထိပ်ခေါင်တင်" သည်လည်း ဟင်္သာတသူမိခင်၏ ဗီဇမျိုးရိုးအတိုင်း ထင်ရှားသော စာဆိုရှင်တစ်ဦးဖြစ်ပြီး မင်းတုန်းမင်း၏ညီတော် အိမ်ရှေ့စံကနောင်မင်းသားနှင့် လက်ဆက်ခဲ့သည်။

(ခ) ညောင်ရမ်းမြို့စားမိဖုရား

မမြကလေး၏ ဘထွေးတော် ဦးမှူး၏သား ကိုသိုင်းနှင့် ဇနီးမနုတို့၌ သမီးနှစ်ဦးရှိရာ သမီးအကြီး မရွှေပွင့် (မမြကလေး၏ တူမတစ်ဝမ်းကွဲ)ကို သာယာဝတီမင်းတရားကြီးသည် ကောက်ယူ၍ ညောင်ရမ်းမြို့စား မိဖုရားခန့်တော်မူသည်။

(ဂ) ဘထွေးတော်ဦးမှူး

မမြကလေး၏ဖခင် မြင်းပျံချီတွင် ညီတစ်ယောက်သာရှိရာ ဦးမှူးဟု အမည်ရသည် ဦးမှူးသည် မူလကရေကင်းတိုက်စာရေးဖြစ်ပြီး နောက်ပိုင်းတွင် ဟင်္သာတမြို့ အနောက်ဘက် တိုက်စာရေးဖြစ်လာသည်။ အခွန်တော်ပိုမိုရရှိစေရန် ယင်းအချိန်က ဟင်္သာတမြို့သူကြီးဖြစ်သူ ဦးမြတ်သာထွန်းမှ အခွန်တော်ငွေ အချို့အား ခွဲဝေ၍ ဦးမှူးအားပေးရသည်။ ၁၈၄၂ ခုနှစ်တွင် ဟင်္သာတမြို့၌ ဦးမှူးကွယ်လွန်ရာ အနောက် နန်းမတော်မိဖုရားမမြကလေး၏ ဘထွေးတော်ဖြစ်၍ ဟင်္သာတမြို့တွင် မင်းခမ်းမင်းနားဖြင့် ကြီးကျယ်စွာ ဆင်ယင်သင်္ဂြိုဟ်ရသည်။ နေပြည်တော်မှ မှူးမတ်အရာထမ်း အမှုထမ်းတို့သည်လည်း ဟင်္သာတမြို့သို့ကြွချီ၍ ယင်းအသုဘအခမ်းအနားသို့ တက်ရောက်ကြရသည်။

## မင်းတုန်းမင်းနှင့်ဟင်္သာတ

(က) မြောက်နန်းမိဖုရား မသဲ

ဟင်္သာတမြို့ ငါးမျက်နှာစေတီတော်မြတ်ကြီးကို အလောင်းမင်းတရား၏ပထမဆုံးသော မြန်အောင်မြို့ဝန် ဖြစ်ခဲ့သူ မြို့သူကြီးဦးပုမှ ခရစ်နှစ် ၁၈၁၅ တွင် တည်ထား ကိုးကွယ်ခဲ့သည်။

ထို့နောက် ဟင်္သာတမြို့သူကြီးဖြစ်လာသူ ဦးပုအား ဘိုးတော်မင်းတရားလက်ထက်တွင် ကျော်ထင် အနော်ရထာဟူသောဘွဲ့ဖြင့် ချီးမြှင့်တော်မူသည်။ ဟင်္သာတ မြို့သူကြီးဦးပုနှင့် မြို့သူကြီးကတော် ဒေါ်ဖြူကြီးတို့တွင် ဦးမောင်ကလေးနှင့် မသဲဟူသော သားတစ်ယောက်၊ သမီးတစ်ယောက်ထွန်းကားခဲ့သည်။ဦးမောင်ကလေးမှာ ကြီးပြင်းလာသောအခါ ကြံခင်း၊ မြန်အောင်နှစ်မြို့၏ မြို့ဝန် ဖြစ်လာသည်။ ဟင်္သာတ မြို့သူကြီးကတော် ဒေါ်ဖြူကြီး သည် အုတ်ဖိုမြို့သူကြီး ဦးစံမင်း၏နှမအရင်းဖြစ်သည်။

သမီးငယ်မသဲမှာ မင်းတုန်းမင်းသားနှင့် ငယ်စဉ် ဘဝကပင် ချစ်ကြိုက်လက်ဆက်ခဲ့ကြသည်။

မင်းတုန်းမင်းသားသည် ခရစ်နှစ် ၁၈၅၂ ခုနှစ်တွင် မင်းအဖြစ်သို့ရောက်ရှိပြီး ဟင်္သာတသူမသဲကို သီရိမဟာ မင်္ဂလာရတနာဒေဝီဘွဲ့ဖြင့် မြောက်နန်းမိဖုရား တင် မြှောက်သည်။

မြောက်နန်းမိဖုရားမသဲသည် မင်းတုန်းမင်းတရား ကြီးထက် စော၍ ကွယ်လွန်ခဲ့ရာ မင်းတုန်းမင်းတရားကြီး သည် အလွန်ကြေကွဲလျက် မသဲ၏ရုပ်အလောင်းကို မှန်ခေါင်းထဲထည့်၍ ရက်ရှည်လများ တစိမ့်စိမ့်ကြည့် တော်မူပြီး ဥယျာဉ်တော်အတွင်း အုတ်ပြာသာဒ်ဖြင့် မြှုပ်နှံ သင်္ဂြိုဟ်သည်။

(ခ) လင်ပန်းမိဖုရား၊ သက်ပန်းမိဖုရား၊ သရစိမ်း မိဖုရား၊ လက်ျာမင်းထင်

ဟင်္သာတမြို့သူကြီး ဦးပုသည် ဇနီး ဒေါ်ဖြူကြီးနှင့် ကွဲပြီးနောက် ဒုတိယအိမ်ထောင်ပြုသည်။ ယင်းအိမ် ထောင်နှင့်သမီးသုံးယောက်၊ သားတစ်ယောက်ထွန်း ကားခဲ့သည်။

သမီးသုံးယောက်စလုံး ချောမောလှပလွန်း၍ မင်း တုန်းမင်းတရားကြီးမှ တော်ကောက်တော်မူပြီး သမီး အကြီးကို သီရိသုစန္ဒာဒေဝီဘွဲ့ဖြင့် လင်ပန်းတိုက်စား မိဖုရား၊ သမီးလတ်ကို သီရိသုပဘာဒေဝီဘွဲ့ဖြင့် သက် ပန်းတိုက်စားမိဖုရား၊ သမီးငယ်ကို သီရိသုနန္ဒာမဟေသီ ဘွဲ့ဖြင့် သရစိမ်းတိုက်စားမိဖုရားအဖြစ် မြှောက်စား ချီးမြှင့် သည်။ သားငယ်ကို လက်ျာမင်းထင်ဘွဲ့ဖြင့် မြင်းတပ်ဗိုလ် ခန့်ထားတော်မူသည်။ မင်းတုန်းမင်းတရားကြီး သက် တော်ကြီးရင့်မမာမကျန်းဖြစ်ချိန် ခရစ်နှစ်၁၈၇၈ ခုနှစ်တွင် နန်းတွင်းအရှုပ်အထွေးများ ဖြစ်ပေါ်ခဲ့သည်။ မိဖုရားကြီး ဆင်ဖြူမရှင်၏ အစီအစဉ်ဖြင့် မကွေးရာ၊ ဝန်းသို၊ မလွန်၊ သုံးဆယ်စသော မင်းသားများ ဖမ်းဆီးခံရသည်။ ထိုအခါ ဟင်္သာတသူမိဖုရားများဖြစ်ကြသော လင်ပန်းမိဖုရား၊ သက်ပန်းမိဖုရားတို့အပါအဝင်၊ မိဖုရားလေးပါးတို့သည် ယင်းအချိန်က ဩဇာကြီးမားလှသော ဆင်ဖြူမရှင်၏ အန္တရာယ်ကိုမမှုဘဲ မင်းတုန်းမင်းကြီးအား သားတော်များ ဖမ်းဆီးချုပ်နှောင်ခံနေရကြောင်း အရဲစွန့်လျှောက်ထားခဲ့ သဖြင့် ယင်းမင်းသားများအား လွှတ်စေကာ တိုင်းပြည် အား လေးပိုင်းခွဲလျက် ဘုရင်ခံရာထူးများ ခန့်အပ်ခဲ့ သည်။

(သို့သော် နောက်ပိုင်း၌ ယင်းမင်းသားများ အပါ အဝင် မင်းတုန်းမင်းတရားကြီး၏ သားတော် သမီးတော် လေးဆယ်ကျော်တို့မှာ ကွပ်မျက်ခံခဲ့ကြရသည်။)

သရစိမ်းမိဖုရားမှာ နောက်ပိုင်းတွင် ရန်ကုန်မြို့ လန်ကတ်စတာလမ်း (ယခု-နဝဒေးလမ်း၊ ဒဂုံမြို့နယ်) တွင် သမီးတော် နောင်မွန်မြို့စားမင်းသမီးနှင့်အတူ နေ ထိုင်ခဲ့သည်။

## အင်္ဂလိပ်ကိုလိုနီခေတ်နှင့်ဟင်္သာတ

၁၈၅၃ ခုနှစ်တွင် ပဲခူးနယ်ကို အင်္ဂလိပ်တို့ သိမ်းပိုက် လိုက်ပြီးစ ကာလတွင် ဟင်္သာတနှင့် သာယာဝတီတို့ကို ပူးတွဲ၍ ခရိုင်တစ်ခုတည်းပြုလုပ်ပြီး အရေးပိုင်က ဟင်္သာတ၌ ရုံးစိုက်အုပ်ချုပ်ခဲ့သည်။ သို့သော် ယင်း အချိန်ကာလမှာပင် အင်္ဂလိပ်တို့အား မြန်မာမျိုးချစ်တို့၏ နယ်ချဲ့တော်လှန်ရေး လက်နက်ကိုင်တိုက်ပွဲများ ဖြစ်ပွား ခဲ့သည်။

ဧရာဝတီမြစ်၏ အနောက်ဘက်ခြမ်း ဟင်္သာတအပါအဝင် ဒေသများ၌ ဗိုလ်မြတ်ထွန်းဦးဆောင်လျက် ဟင်္သာတနယ်မှ တောင်သူလယ်သမားများဖြင့် အားဖြည့်၍လည်းကောင်း၊ ဧရာဝတီမြစ်၏အရှေ့ဘက်ခြမ်း သာယာဝတီအပါအဝင် ဒေသများ၌ ဗိုလ်ခေါင်းကြီးနှင့် ညီဖြစ်သူ ဗိုလ်ခေါင်းကလေးတို့ဦးဆောင်လျက် ကရင်အမျိုးသားများပါဝင်၍လည်းကောင်း အင်္ဂလိပ်တို့ကို တွန်းလှန်တိုက်ခိုက်ခဲ့လေသည်။

ထိုအချိန်က ဟင်္သာတအရေးပိုင်ဖြစ်သော ဗြိတိသျှစစ်ဗိုလ် ကပ္ပတိန်စမစ် (Captain Smith)က ဗိုလ်ခေါင်းကြီးအား ရာထူးပေးမည်။ "ဟင်္သာတ"လာခဲ့ဟု ရာထူးပြသိမ်းသွင်းသည်ကိုဗိုလ်ခေါင်းကြီးမှလက်မခံဘဲအင်္ဂလိပ်တို့အား ဆက်လက်တွန်းလှန်တိုက်ခိုက်ခဲ့ပေသည်။ သို့ဖြစ်ရာ အင်္ဂလိပ်တို့သည် ယင်းတော်လှန်တိုက်ခိုက်မှုများအား နှိမ်နင်းရန်အတွက် အုပ်ချုပ်ရေးပုံစံများပြောင်းလဲဖွဲ့စည်းခဲ့ရာ ၁၈၅၃ ခုနှစ်၊ နှစ်မကုန်မီတွင် ဟင်္သာတနှင့် သာယာဝတီတို့အား ဧရာဝတီမြစ်အား ပိုင်းခြားလျက် တစ်ခရိုင်စီ သီးခြားခွဲ၍အုပ်ချုပ်ရသည်။ယင်းခရိုင်အသစ်နှစ်ခုဖြစ်သော ဟင်္သာတခရိုင်၏ ခရိုင်အရေးပိုင်ရုံးအား ဟင်္သာတမြို့၌ လည်းကောင်း၊ သာယာဝတီခရိုင်၏ အရေးပိုင်ရုံးအား မင်းကြီးမြို့၌လည်းကောင်း ထားရှိအုပ်ချုပ်ခဲ့ရသည်။

၁၈၆၁ ခုတွင် ယင်းခရိုင်နှစ်ခု၌ အေးချမ်းငြိမ်သက်လာသဖြင့် ခရိုင်နှစ်ခုအား ပြန်လည်ပူးပေါင်းကာ ခရိုင်ရုံးအား မြန်အောင်မြို့၌ထားရှိပြီး မြန်အောင်ခရိုင်ဟု ခေါ်တွင်စေခဲ့သည်။ သို့ဖြစ်ရာ ဟင်္သာတမြို့နှင့် သာယာဝတီမြို့တို့သည် မြန်အောင်ခရိုင်ထဲ၌ ပါဝင်ခဲ့ရသည်။

၁၈၆၂ ခုတွင် အင်္ဂလိပ်တို့သည် သိမ်းပိုက်ထားသော တနင်္သာရီ၊ ရခိုင်နှင့် ဟင်္သာတအပါအဝင် ဖြစ်သော ပဲခူးဒေသတို့အားပူးပေါင်း၍ ဗြိတိသျှမြန်မာနိုင်ငံ (British Burma)ဟု သတ်မှတ်ခဲ့သည်။

၁၃-၃-၁၈၇၀ ပြည့်နှစ်တွင် ခရိုင်အရေးပိုင်ရုံးအား မြန်အောင်မြို့မှ ဟင်္သာတမြို့သို့ ပြန်လည်ပြောင်းရွှေ့ခဲ့ပြီး ဟင်္သာတခရိုင်ဟု ခေါ်တွင်ခဲ့သည်။ သို့ဖြစ်၍ မြန်အောင်မြို့နှင့် သာယာဝတီမြို့တို့သည် ဟင်္သာတခရိုင်၌ ပါဝင်ခဲ့လေသည်။

သာယာဝတီခရိုင်အား ၁၈၇၈ ခုတွင် သီးခြားခရိုင်အဖြစ် ခွဲထုတ်ခဲ့ကာ မြန်အောင်မှာ ယင်းအချိန်မှစ၍ ဟင်္သာတခရိုင်ထဲ၌ ပါဝင်ခဲ့ပေသည်။

၁၈၇၄ ခုတွင် ဗြိတိသျှမြန်မာနိုင်ငံရှိ မြို့ကြီးအချို့၌ မြူနီစီပါယ်ဥပဒေများပြဋ္ဌာန်း၍ မြူနီစီပါယ် ကော်မတီဖွဲ့စည်းခဲ့ရာတွင် ဟင်္သာတသည် ရှေးဦးစွာပြဋ္ဌာန်းဖွဲ့စည်းခဲ့သော မြို့ကြီးခုနစ်မြို့အနက် တစ်မြို့ အပါအဝင်ဖြစ်ခဲ့သည်။ ၁၈၈၁-၈၂ ခုတွင် ပဲခူးဒေသကို ဧရာဝတီမြစ်အား ပိုင်းခြားလျက် ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းဟူ၍ နှစ်ပိုင်းခွဲခြားခဲ့ရာဟင်္သာတသည်ဧရာဝတီတိုင်းထဲ၌ပါဝင်ခဲ့လေသည်။ မူလက ဧရာဝတီတိုင်း၊ တိုင်းမင်းကြီးရုံးအား ဟင်္သာတတွင် ဖွင့်လှစ်ခဲ့ရာ ဟင်္သာတသည် ဧရာဝတီတိုင်း၏မြို့တော်ဖြစ်ခဲ့သည်။ မကြာမီ တိုင်းမင်းကြီးရုံးအား ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော ပုသိမ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သဖြင့် ပုသိမ်သည် ဧရာဝတီတိုင်း၏မြို့တော်ဖြစ်လာသည်။

## ဆရာမှတ်ကြီး (Dr. Marks) နှင့် ဟင်္သာတ

ဒေါက်တာဂျွန်အီဘဲနီဇာမာက်စ် (Dr. John Ebenezer Marks) မြန်မာအခေါ် ဒေါက်တာမှတ် (ဆရာမှတ်ကြီး) သည် မင်းတုန်းမင်းလက်ထက် မန္တလေးမြို့တော်၌ ဘုရင်၏ခွင့်ပြုကူညီပံ့ပိုးမှုတို့ဖြင့် ၁၈၆၉ ခုနှစ်တွင် ခရစ်ယာန်အသင်းကျောင်းတစ်ကျောင်း ဖွင့်လှစ်ခဲ့သည်။ ဆရာမှတ်ကြီးကျောင်းဟု ခေါ်တွင်ခဲ့ကြသည်။ မင်းညီမင်းသားများသည် ဆင်မြင်းများစီး၍ တက်ရောက်သင်ကြားခဲ့ကြသည်။

(Dr. Marks) သည် ရန်ကုန်မြို့၌ ၁၈၆၄ ခုနှစ်တွင် ယခု ဗဟိုအမျိုးသမီးဆေးရုံကြီး (ယခင် ဒပ်ဖရင်ဆေးရုံ) အနီး၌ စိန့်ဂျွန်းကောလိပ် (St. John College) စိန့်ဂျွန်း ယောက်ျားကလေးအထက်တန်း ကျောင်း (ယခု လမ်းမတော် အထက - ၁) ကို စတင်ထူထောင်ခဲ့သည်။

(Dr. Marks) သည် ဟင်္သာတမြို့၌ ၁၈၆၇ ခုနှစ်တွင် စိန့်ပီတာ (St. Peter) အင်္ဂလိပ်မြန်မာ နှစ်ဘာသာသင်ကျောင်းကို ဖွင့်လှစ်ထူထောင်ခဲ့သည်။ မန္တလေးမြို့တော်ရှိကျောင်းထက်နှစ်နှစ်စောသည်ဟုဆိုနိုင်သည်။

ယင်းအချိန်ကာလပင် ဟင်္သာတမြို့သည် ဧရာဝတီမြစ်ကမ်းတစ်လျှောက်၌ ပထမတန်းစား အရေးပါသော မြို့ဖြစ်ပြီး ဒိစတြိတ်(ခရိုင်)တစ်ခု၏ အုပ်ချုပ်ရေးဌာနရုံးစိုက်ရာမြို့ဖြစ်သည်။ Dr. Marks ဟင်္သာတမြို့သို့ရောက်ရှိပြီးနောက်နေ့နံနက် ကျောင်းသစ်ဖွင့်လှစ်ရန်သွားရာကျောင်းရှေ့လမ်းမပေါ်တွင် ကျောင်းအပ်နံရန်အတွက် စိတ်အားထက်သန်စွာ စောင့်နေကြသော ကျောင်းသားအရွယ်ကလေးသူငယ်များနှင့် ၎င်းတို့၏ မိဘများ စုဝေးရောက်ရှိနေကြသည်ကို တွေ့ရလေသည်။ သို့ဖြစ်ရာ ၁၈၆၇ ခုနှစ် တစ်နည်းအားဖြင့် လွန်ခဲ့သောနှစ်ပေါင်း ၁၃၆ နှစ်ကာလကပင် ဟင်္သာတသူ၊ ဟင်္သာတသားတို့သည် ပညာရေးကို စိတ်ဝင်တစားအားပေးကြကြောင်းနှင့် အင်္ဂလိပ်စာသင်ကြားတတ်မြောက်ရေးကို စိတ်အားထက်သန်မှုရှိကြကြောင်း သိရှိနိုင်ပေသည်။

ဟင်္သာတစိန့်ပီတာကျောင်းမှ အတော်ဆုံးကျောင်းသားများကို ရန်ကုန်မြို့ စိန့်ဂျွန်းကောလိပ်သို့ပို့၍ ဆက်လက်ပညာသင်စေသည်။

မြန်မာနိုင်ငံ၏ ဝန်ရှင်တော်မင်းကြီး (Chief Commissioner)များဖြစ်ကြသော ဆာရေးဗားသွန်မဆင် (Sir. River Thompson) ဆာချားလ်စ်ဘားနဒ် (Sir. Charles Bernard) တို့သည် ယင်းကျောင်းသို့လာရောက်ကြည့်ရှုခဲ့ကြပြီး မှတ်တမ်းများ၌ အထူးချီးမွမ်းရေးသားခဲ့ကြသည်။ ရန်ကုန်မြို့၏ ပထမဂိုဏ်းအုပ်ကြီးဖြစ်သော ခရစ်ယာန်ဘုန်းတော်ကြီး တစ်ကုမ်း (Bishop Titcomb) သည်လည်း ဟင်္သာတစိန့်ပီတာကျောင်း၌ အချိန်များစွာနေထိုင်စစ်ဆေးခဲ့ပြီးပထမတန်းစားအက်စ်ပီဂျီကျောင်းဟုမှတ်တမ်းတင်ခဲ့သည်။ဟင်္သာတစိန့်ပီတာကျောင်းသည်နှစ်ပေါင်း ၂၃ နှစ်တိုင်တိုင် ဟင်္သာတမြို့၏ ပညာရေးအား များစွာအထောက်အကူပြုခဲ့ပြီးနောက် ၁၈၉၀ ပြည့်နှစ်တွင် ကျောင်းကိုပိတ်လိုက်ပြီး မြူနီစီပါယ်ရုံးအဖြစ် ဆက်လက်အသုံးပြုခဲ့ကြသည်။

**ဒေါက်တာအောင်ဝင်းမောင်(ရွှေရော)**

**ကျမ်းကိုးစာရင်း**


၁။ HENZADA DISTRICT BURMA GAZETTEER - VOLUME A,Mr,W.S Morrison, I.C.S,1915

၂။ ဟင်္သာတခရိုင် ဒေသန္တရပထဝီဝင်၊ ဦးပိုင်၊ ၁၉၅၉

၃။ မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ပဉ္စမအကြိမ်၊ ၁၉၉၃ ခု၊ ဧပြီလ၊ ဒုတိယတွဲ

၄။ မဟာရာဇဝင်သစ် (တောင်ငူဆက်) ဒုတိယတွဲ၊ တွင်းသင်းတိုက်ဝန် မဟာစည်သူဦးထွန်းညို၊ ပထမအကြိမ်၊ ၁၉၉၈

၅။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ ဦးမောင်မောင်တင်၊ ၁၉၈၉ ခုနှစ်၊ စတုတ္ထအကြိမ်

၆။ ကုန်းဘောင်ရာပုံတော်၊ အိုးဝေညီမြ၊ ပဉ္စမအကြိမ်ထုတ်၊ ၁၉၉၈ ခုနှစ်

၇။ Embassy to Ava, Michael Symes, A.D 1800

၉။ Forty Years in Burma, Dr Marks, ဦးလှဒင် ဘာသာပြန်၊ ၁၉၆၆ ခုနှစ်

၁၀။ ရာဇဝင်ထဲကမိန်းမသား (ဒေါက်တာမတင်ဝင်း)၊ ပညာရေးတက္ကသိုလ်၊ တတိယအကြိမ်၊ ၁၉၉၆ ခုနှစ်

၁၁။ ဦးပါရဲစေတီ(ဟင်္သာတ) ကမ်းဆည်ရှင်းတမ်း၊ ဟင်္သာတမြို့အကြောင်း၊ အဂ္ဂမဟာပဏ္ဍိတ သခြေပင် ဆရာတော်ဘုရားကြီး၊ ၁၉၆၁ ခုနှစ်

၁၂။ ကိုလိုနီခေတ် ဟင်္သာတခရိုင် သမိုင်း၁၈၅၂ - ၁၉၁၄၊ နိုင်မို့မို့လွင်၊ ၁၉၉၂ ခု



# အကြောင်းတရားများထဲမှ အကြောင်းတရားတစ်ခု (သို့မဟုတ်) ပညာရေးအားပေးသော မိခင်

စောမောင်ယော

ဂျပန်လူမျိုးများမှာ ပင်လယ်ပြင်ကြီး ပတ်ပတ်လည် ဝိုင်းနေသည့်ကျွန်းများပေါ်တွင် နေကြရသည်။ မြေသားက ရှားရှား၊ ကျောက်ဆိုင်ကျောက်သားတွေက များများ၊ သယံဇာတ (သဘာဝအရင်းအမြစ်)ဟူ၍ ရေသယံဇာတသာ ရှိသည်။ ရာသီဥတုကလည်း ဂျပန်လူမျိုးတို့အပေါ် မျက်နှာသာမပေး၊ ဆိုးရွားပြင်းထန်လွန်း၏။ ဆိုင်ကလုန်း၊ တိုင်ဖုန်းစသည့် မုန်တိုင်းမျိုးစုံတို့၏ဒဏ်ကို နှစ်စဉ်လိုလို အပြင်းအထန် ခံစားကြရသည်။ မီးတောင် (၁၀၀) ခန့်ကလည်း ဂျပန်လူမျိုးများအတွက် စိုးရိမ်စရာ၊ မကြာခဏ လှုပ်တတ်သည့် ငလျင်ဘေးဒဏ်ကလည်း ဂျပန်လူမျိုးတို့အတွက် ကျိန်စာသင့်နေသလိုပင်။

ယင်းကဲ့သို့ ဒုက္ခအဖုံဖုံ ပင်လယ်ဝေနေသည့်ကြားမှ ဂျပန်နိုင်ငံသည် ကမ္ဘာတွင် ဒုတိယစီးပွားရေး အင်အားကြီးနိုင်ငံတစ်ခုအဖြစ် ထိုးထွက်လာနိုင်ခဲ့သည်။

အဘယ်ကြောင့်နည်း။

အကြောင်းတရားပေါင်းများစွာ ရှိပါမည်။ အကြောင်းတရားတစ်ခုကိုသာ တင်ပြပါမည်။ လူတိုးတက်မှ နိုင်ငံတိုးတက်မည်။ လူ(လူသားအရင်းအမြစ်) တိုးတက်အောင် လုပ်ရမည်ဟု ရှင်းလင်းစွာသဘောပေါက်ခဲ့ကြသည်။ ဤသဘောထားသည် ၁၈၅၄ ခုနှစ်၊ အမေရိကန်ရေတပ်ဗိုလ်ချုပ်ပယ်ရီ ဂျပန်နိုင်ငံသို့ ဒုတိယအခေါက်ရောက်ခဲ့စဉ်ကစ၍ အမြစ်တွယ်ခဲ့သည်။ နိုင်ငံကို တစ်

သွေး၊ တစ်သံ၊ တစ်မိန့်ဖြင့် အုပ်ချုပ်ပြီး အထီးကျန်စွာ နေခဲ့ကြသော ရှိုဂွန်တို့သည် အမေရိကန်ရေတပ်ဗိုလ်ချုပ် ပယ်ရီ၏ အလိုကျလိုက်လျောပြီး စာချုပ်ချုပ်ပေးလိုက်ရသည်။ ဤအဖြစ်အပျက်က ဂျပန်တစ်မျိုးသားလုံးကို တုန်လှုပ်သွားစေခဲ့သည်။ အသိပညာနံ့နဲ့မှုကြောင့်ဟု မှတ်ယူခဲ့ကြသည်။ နာကျည်းချက်ကို "အား"အဖြစ်ယူကာ ဂျပန်လူမျိုးတို့သည် ပညာရေးကို အထူးအလေးထားခဲ့ကြ၏။ ဂျပန်ပြည်သူပြည်သားများကိုယ်တိုင် တက်တက်ကြွကြွ ပါဝင်ခဲ့ကြသည်။

ဂျပန်လူ့အဖွဲ့အစည်း၏ ပညာရေးစနစ်နှင့် ကျောင်းသားမိဘများ၏ သားသမီးများအပေါ် ကြပ်မတ်ပေးမှုတို့မှာ ခွဲခြားမရဘဲ တစ်သားတည်းဖြစ်နေ၏။ မိဘတို့၏ ကူညီမှု၊ ကျောင်းသားတို့၏ ဖွဲ့နပဲနှင့်ကြိုးစားမှုတို့မှာ အချိတ်အဆက်မိနေသည်ဟု ဆို၏။ (စကားချပ်၊ ပညာရေးနှင့်ပတ်သက်၍ ကျောင်းသားတို့၏ အပြင်းအထန်ကြိုးစားပုံကို အလျဉ်းသင့်ပါက ဖော်ပြပါဦးမည်) ဤသို့ဖြင့် ပညာရေးအားပေးသောမိခင်များ အများအပြား ရှိနေခြင်းကပင်လျှင် ဖွံ့ဖြိုးတိုးတက်စေရန် အကြောင်းတရားတစ်ခု ဖြစ်ပေသည်။

ပညာရေးအားပေးသောမိခင် (Education Mama) မှာ ဂျပန်စကား "ကျိုအိကု-မန်"ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားခြင်းဖြစ်၏။ ဂျပန်လူမျိုးတို့သည် သားသမီးများ၏ ပညာရေးကို အထူးစိတ်ဝင်စားကြသည်။ အလေးအနက်လည်း ထားကြသည်။ သားသမီးများ၏ ပညာရေးကို အားပေးသည့်နေရာတွင် စံတင်လောက်သည်။ သားသမီးများ ကျောင်းစာလိုက်နိုင်မလိုက်နိုင်၊ မည်သည့်ဘာသာရပ်တွင် အားနည်းသနည်း စသည်ဖြင့် အမြဲတမ်းဆန်းစစ်လေ့ ရှိကြသည်။ ကလေးများ ကျောင်းစာအမီလိုက်နိုင်ရေးကို အမြဲတမ်းစိတ်စောနေတတ်ကြသည်။

မိမိတို့သားသမီးများတွင် အားနည်းနေသော ဘာသာရပ်ရှိပါက "ဂျူကု"ဟု ခေါ်သည့် အလွတ်ကျောင်းများကို တက်ခိုင်းတတ်ကြသည်။ ဂျပန်တွင် "ဂျူကု" ကျောင်းများ အလွန်ခေတ်စားသည်။ မူကြိုတက်နေသော ကလေးများပင်လျှင် "ဂျူကု"နှင့် မကင်းကြပါ။

သားသမီးများ၏ပညာရေးအပေါ် မိဘများ အဘယ်မျှ စိတ်ဝင်စားသနည်းဆိုလျှင် မိဘ/ဆရာ အစည်းအဝေးခေါ်တိုင်း ပျက်ကွက်လေ့မရှိ၊ လူစုံတက်စုံ ပါဝင်ဆွေးနွေးကြသည်။ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ကြသည်။ ရေငုံနှုတ်ပိတ်၊ သူတစ်ပါးပြောသည်ကိုသာ နားထောင်ပြီး ပြန်သွားလေ့မရှိကြ၊ မိမိတို့သားသမီးများ နေထိုင်မကောင်း၍ ကျောင်းသို့ ခွင့်တိုင်ကြားထားသော်လည်း မိခင်များက အအားမနေကြ။ မိမိတို့သား/သမီးများ ကျောင်းစာနောက်မကျစေရန် ကျောင်းသို့သွား၍ မှတ်စုကူး၊ ဆရာ/ဆရာမများသင်ပြသည်ကို နားထောင်၊ မှတ်သားလုပ်လေ့ ရှိကြသည်။

ဂျပန်လူမျိုးများတွင် အဆိုပါအလေ့အထ စွဲကပ်နေသည်မှာ တရုတ်တွေးခေါ်ပညာရှင် ကွန်ဖြူးရှပ်(စ်)၏ ဩဇာသက်ရောက်မှုကြောင့်ဟု ဆိုသည်။ သူတို့တွင် ရှေးဟောင်းပုံပြင်ပမာ မှတ်ယူထားသော ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ပုဒ် ရှိ၏။ ကွန်ဖြူးရှပ်(စ်)၏ လက်ရင်းတပည့်ဖြစ်သူ မင်စီးယပ်(စ်)၏"အမေ"အကြောင်းပင်ဖြစ်သည်။

ဇာတ်လမ်းမှာ ဤသို့ဖြစ်၏။ ဖတဆိုးလေးဖြစ်သော မင်စီးယပ်(စ်)နှင့်သူ့အမေတို့သည်ဆင်းရဲလွန်းရှာသဖြင့် မြို့ထဲ၊ ရွာထဲတွင်မနေနိုင်၊ သုသာန်တစပြင်မှာ နေကြရသည်။ မင်စီးယပ်(စ်)သည် ကလေးတို့ဘာသာဘာဝ စဏ္ဍာလတို့၏ သားသမီးများနှင့်အတူ ဆော့ကစားကြသည်။ ကစားနည်းကလည်း ထူးထွေဆန်းပြားလှသည် မဟုတ်၊ မိဘများ၏ လုပ်နေကြအလုပ်ကို အတုခိုးပြီး ခေါင်းလုပ်တမ်း၊ ကျင်းတူးတမ်း၊ မြေမြှုပ်တမ်းကစားကြသည်။ မင်စီးယပ်(စ်)၏အမေမှာ သူ့သားကလေးကို ကြည့်ရင်း ရင်ထုမနာဖြစ်နေရရှာသည်။

"ဩော် ငါ့သားလေး ဒီအတိုင်းသာဆိုရင် မုဆိုးနားနီး မုဆိုး၊ တံငါနားနီး တံငါ ဖြစ်တော့မှာပဲ၊ ဒီအမှုအကျင့်၊ ဒီစရိုက်တွေနဲ့ ငါ့သားလေးကြီးပြင်းလာခဲ့ရင်" စသည့် စိုးရိမ်စိတ်များဖြင့် မင်းစီးယပ်(စ်)၏ အမေသည် သားကလေးကို လက်ဆွဲ၍ သုသာန်တစပြင်ကို စွန့်ခွာခဲ့ပြီး ဈေးအနားသို့ ပြောင်းရွှေ့ခဲ့ကြသည်။

ဈေးနားရောက်သော် မင်းစီးယပ်(စ်)သည် ဈေးသည်များ၊ ကုန်သည်များ၊ ပွဲစားများနှင့် ရင်းနီးသွားသည်။

အနီပုဂ္ဂိုလ်တို့၏ အပြောအဆို၊ အနေအထိုင်၊ အမူအကျင့်များက မင်းစီးယပ်(စ်)ကို ကူးစက်လာသည်။ ဤသို့ဖြစ်လာသည်ကို မင်းစီးယပ်(စ်)၏အမေက ဘဝင်မကျ။ ဤကဲ့သို့ အလိမ်အညာ၊ အခိုးအဝှက်များနှင့်သာ ဆိုလျှင် သူ့သားလေး၏ စာရိတ္တပျက်ပြားသွားတော့မည်။ ပူပန်ရပြန်ပြီ။ သို့ဖြင့် သူတို့သားအမိ ဈေးရပ်ကိုစွန့်ခွာပြီး တစ်မြို့ဝင်၊ တစ်မြို့ထွက်သွားရင်း အလွတ်ပညာသင်ကျောင်းတစ်ခုအနီးသို့ ရောက်ခဲ့ကြသည်။

"လူတိုင်းဟာ မိဘနဲ့လူကြီးသူမတွေကို ရိုသေကိုင်းရှိုင်းရမယ်၊ လေးလေးစားစား ဆက်ဆံရမယ်၊ မကောင်းတာမလုပ်ရဘူး၊ မမှန်တာမပြောရဘူး၊ ကိုယ့်စိတ်ကို အမြဲတမ်း ဖြူစင်အောင် ထားရမယ်"

"လူတစ်ဦးချင်း စိတ်ထားဖြူစင်လျှင်၊ တစ်အိမ်ထောင်လုံး စိတ်ဖြူစင်မယ်၊ တစ်အိမ်ထောင်ချင်း စိတ်ထားဖြူစင်လျှင် တစ်မြို့လုံး စိတ်ထားဖြူစင်မယ်၊ တစ်မြို့ချင်း စိတ်ထားဖြူစင်လျှင် တစ်တိုင်းပြည်လုံး စိတ်ထားဖြူစင်မယ်"

ကိုယ်ကျင့်တရားကောင်းမွန်ရေး ဟောပြောချက်များနှင့် တပည့်များကို သင်ကြားပေးနေသော အသံကို ကြားရခိုက်မှာပင် မင်းစီးယပ်(စ်)၏အမေသည် သဘောကျနေပြီ။ ဤအရပ်သည် မိမိသားကလေးအတွက် ပဋိရူပဒေသဖြစ်ပြီ၊ အခြေတကျနေတော့မည်။ ဤသို့သင်ကြားပေးနေသောကျောင်းမှာ တရုတ်အတွေးအခေါ် ပညာရှင်ကြီးကွန်ဖြူးရှပ်(စ်)၏ကျောင်းပဲဖြစ်သည်။ မင်းစီးယပ်(စ်)သည် ထိုကျောင်းတော်ကြီး၏ အတော်ဆုံး ကျောင်းသားတစ်ဦးဖြစ်ခဲ့သလို ကွန်ဖြူးရှပ်(စ်)နောက် ထွက်ပေါ်လာသော တရုတ်တွေးခေါ်ပညာရှင် တစ်ဦးလည်း ဖြစ်လာခဲ့သည်။

ဤသို့ဖြင့် မင်းစီးယပ်(စ်)၏အမေကို ကမ္ဘာတွင် ပထမဆုံး "ပညာရေးအားပေးသောမိခင်"အဖြစ် အသိအမှတ်ပြုခဲ့ကြသည်။ ယင်းကိုဂျပန်ဘာသာဖြင့် "ကျိုအိကု-မန်"ဟု ခေါ်ကြသည်။

ဂျပန်လူ့အဖွဲ့အစည်းတွင် ဆင်းရဲသောမိဘများသည်ပင်လျှင် ဝမ်းရေးကို ခက်ခက်ခဲခဲရုန်းကန်နေရသော်ငြားလည်း မိမိတို့၏ သားသမီးများ၏ ပညာရေးကို အထူးအားပေးကြသည်။ ထူးခြားပေါ်လွင်သူမှာ ကမ္ဘာကျော် ဂျပန်ဆေးသုတေသီ "နိဂုချိ ဟီဒဲရော"၏ အမေ "ရှိကာ"ပင် ဖြစ်သည်။ အားကျအတုယူစရာကောင်းလှ၏။

နိဂုချိ၏အမေမှာ နားမကြားသော ဖွားအေး၊ (၄)နှစ်အရွယ်သမီးနှင့် (၁) နှစ်ခွဲသာရှိသေးသည့်သားငယ် နိဂုချိတို့ကို ပင်ပန်းကြီးစွာ ရှာဖွေလုပ်ကျွေးနေရသည်။ ကိုယ်ပိုင်လယ်ကွက်ကလေးမှရသည်က သူတို့မိသားစုအတွက် စား၍မလောက်၊ သူတစ်ပါးအလုပ်တွေကို ကူညီလုပ်ကိုင်ပေးရင်းရသည့် ငွေကြေးအနည်းအကျဉ်းဖြင့် အိမ်စရိတ်ကို ကျားကန်နေရသည်။ "ရှိကာ"၏ယောက်ျားက အရက်သမား၊ အားကိုး၍မရ၊ အိမ်ကိစ္စများကို လုံးဝစိတ်မဝင်စား၊ သူ့အလုပ်လုပ်၍ရသော လုပ်ခကို အိမ်သို့ပြန်ယူလာသည်မရှိ၊ သူ့အရက်ဖိုးနဲ့သူပင်လျှင် မလောက်ငါ၊ သည်အိမ်ထောင်စု၏ တာဝန်ကို မိန်းမသားဖြစ်သော နိဂုချိ၏အမေ "ရှိကာ"ကမှ မလုပ်လျှင် မည်သူလုပ်မည်နည်း။

တစ်နေ့မှာ "ရှိကာ"အလုပ်မှအပြန် အိမ်သို့ရောက်လျှင် သမီးကဗိုက်ဆာသည်ဟု ပြောသဖြင့်၊ အမြန်ချက်ပြုတ်နိုင်ရေး စီစဉ်ရသည်။ မီးလင်းဖိုနံဘေးက ပုခက်အတွင်းမှာ သားငယ် နိဂုချိက အိပ်မောကျနေ၏။ "ရှိကာ" သည် မီးလင်းဖိုထဲသို့ ထင်းခြောက်များထည့်၍ ရေနွေးတည်ခဲ့ပြီး ဟင်းရွက်များ ဆေးကြောရန် နောက်ဖေးဘက်ရှိ ချောင်းသို့ သုတ်သုတ်ထွက်သွားခဲ့သည်။ မကြာပါ၊ စူးစူးဝါးဝါးကလေးငိုသံကြောင့် အိမ်သို့ အပြေးပြန်လာရာ သားငယ်"နိဂုချိ"မှာ မီးလင်းဖိုထဲသို့ ကျနေသည်ကို တွေ့ရသည်။ ဆိုးလိုက်သည့်အဖြစ်။ "နိဂုချိ"မှာ ရက်ပေါင်း (၂၀) လောက် အသည်းအသန် နေမကောင်းဖြစ်ခဲ့၏။ သူ့အမေ "ရှိကာ"ကလည်း မအိပ်မနေ ပြုစုရသည်။ နေထိုင်ကောင်းလာချိန်တွင် "နိဂုချိ"၏ ဘယ်ဘက်လက်သည် ထင်းရှူးပင်အခေါက်လို မီးလောင်ဒဏ်ရာနှင့် မသန်မစွမ်းဖြစ်ရပြီ။

"ရှိကာ"က သူ့သားနိဂုချိကို ရင်ထဲမှာထွေးထားရင်း "ငါ့သားလေးဟာ အများတကာ လယ်သမားတွေလို ပင်ပန်းတဲ့အလုပ်ကို အခုလိုလက်မျိုးနဲ့ လုပ်နိုင်တော့မှာမဟုတ်ဘူး၊ ပညာနဲ့လုပ်စားလို့ရအောင် သူများတွေထက်

ပိုပြီးပညာကြိုးစားသင်နော်အဲဒီလိုသင်လို့ရအောင်အမေကလည်း အခုထက်နစ်ဆ၊ သုံးဆပိုပြီး အလုပ် လုပ်မယ်၊ အမေ သည်းခံကြိုးစားပါမယ့် သားရယ်" လို့ အားပေးသည်။

နိဂုရှိလည်း မူလတန်းကျောင်းသားဘဝရောက်လာခဲ့ပြီ။ ရွာထဲရှိရေကန်မှာ ညဘက် ညဘက် သရဲမ ပေါ်နေသည်ဟု လူကြီးလူငယ်များအကြား ပြောဆိုနေကြ၏။ လူငယ်တွေက ယင်းသရဲမကို ဖမ်းကြမည်။ အစီအစဉ်လုပ်ကြသည်။ ရွာရှိ ရှင်တိုဘုရားကျောင်းမှ ခေါင်းလောင်းသံနှင့်အတူ အမှောင်ရိပ်က ပတ်ဝန်းကျင်ကို တဖြည်းဖြည်း ဖုံးလွှမ်းခဲ့ပြီ။ "ရှိက"သည် သမီးနှင့် သားကို အိပ်ယာထဲမှာသိပ်ပြီး အိပ်ပြီဆိုမှ ရေကန်ဆီသို့ တိတ်တဆိတ် ထွက်လာခဲ့သည်။ အပေါက်အပြဲ ဗလပွပါသော ပိုက်စုတ်နှင့် ရေကန်ထဲက ငါးသေးသေးလေးတွေ၊ ပုစွန်ကျော့တွေ ဖမ်းနေသည်။ ရေသံတဗွမ်းဗွမ်းကြားရချိန်လူငယ်များက တုတ်၊ ဓားများဖြင့် သရဲမကိုဖမ်းကြရာ၊ အနီးရောက်မှ နိဂုရှိအမေ "ရှိက"မှန်းသိ၍ ပြန်ပြေးခဲ့ကြရသည်။ နိဂုရှိအမေက ရေကန်ထဲမှ ဖမ်းလို့ရသော ငါးသေးသေးများနှင့် ပုစွန်ကျော့များကို မနက်စောစော မြို့တက်ရောင်းချသည်။

"သြော် "ရှိက"တို့များ သားသမီးအပေါ်ထားတဲ့ မိခင်မေတ္တာကြီးမားပုံကတော့ အံ့ချီးမကုန်ပါဘူးကွာ" ဟု ရွာသူ ရွာသားများက ချီးကျူးကြသည်။

"ရှိက"ကြိုးစားပုံက သည်မျှနှင့်မပြီးသေးပါ။ ဂျပန်နိုင်ငံ၏ ဆောင်းတွင်းသည် ကြောက်စရာကောင်းလောက်အောင် အေး၏။ ဆီးနှင်းများထူထပ်စွာကျသဖြင့် တစ်ရွာနှင့်တစ်ရွာ သွားရေးလာရေး အလွန်ခက်ခဲသည်။ ဆီးနှင်းတွေများလွန်း၍ မြင်းများပင် မသွားနိုင်။ ထိုအချိန်မျိုးတွင် အားကောင်းမောင်းသန် ယောက်ျားကြီးများက တစ်ရွာမှပစ္စည်း တစ်ရွာသို့ ပို့သော အထမ်းသမားအလုပ်ကို လုပ်ကြသည်။

နိဂုရှိ၏အမေက သူလည်း ယင်းအလုပ်ကို လုပ်ချင်သည်ဟု အထမ်းသမားတွေကို ခွင့်တောင်းသည်။ ယောက်ျားများပင် ခါးလယ်လောက်ရှိသော ဆီးနှင်းတောထဲဖြတ်ပြီး သွားရသည်မှာ အင်မတန်ကြမ်းတဲ့အလုပ်ဖြစ်သည့်အတွက်မလုပ်ရန် ဖျောင်းဖျကြသည်။ "ရှိက"က ခခယယ မရမကတောင်းပန်လွန်းသဖြင့် ခွင့်ပြုခဲ့သည်။ သူအလွန်ဆုံးလုပ်နိုင်လည်း (၂) ရက် (၃) ရက်ပေါ့ဟု သဘောထားကြသည်။

သို့သော် မိန်းမသားဖြစ်သော "ရှိက"သည် ယောက်ျားကြီးတွေကြားမှာ ယင်းအလုပ်ကို မဖြစ်ဖြစ်အောင် ဆက်လုပ်ခဲ့သည်။ သားလေးနိဂုရှိ၏ ပညာရေးအတွက် ကြိုးပမ်းခဲ့သည်။ အာဂမိခင်တစ်ဦးပါ။ "ရှိက" ကြိုးစားရကျိုးနပ်ပါသည်။ သူ့သား နိဂုရှိမှာ ကမ္ဘာကျော် ဂျပန်ဆေးသုတေသီ နိဂုရှိဟီဒဲရော ဖြစ်လာခဲ့သည်။

"သည်းခံကြိုးစားခြင်း(နင်တိုင်း ဂျပန်စကား)ဆိုသည်မှာ အောင်မြင်မှု၏နောက်ကွယ်တွင် ရှိစမြဲ"

ဂျပန်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးအားပေးသောမိခင်များမှာ အကြောင်းတရားများထဲမှ အကြောင်းတရားတစ်ခု ဖြစ်ပေသည်ဟု မှတ်ယူမိပါသည်။

**စောမောင်ယော**

စာကိုး

(၁) စောမောင်ယော - သူတို့နိုင်ငံ သူတို့လူမျိုးနှင့် သူတို့စိတ်ဓာတ်

(၂) နန်းမြကေခိုင် - (ဘာသာပြန်) ကမ္ဘာကျော် ဂျပန်ဆေးသုတေသီ နိဂုရှိဟီဒဲရော။




(၁)

သာယာလှတဲ့ ဒူးယားရွာ ထူးခြားစရာ ရှိနေပြီမို့ အလည်တစ်ခေါက်တော့ လှမ်းလို့လာပါ ချစ်ဧည့်သည်ရာ ဖိတ်ခေါ်ချင်တာ ဒူးယားရွာရဲ့ လမ်းနဘေးမှာ ဘုရားကျောင်းကန် စေတီပုထိုးနဲ့ ကြည်ညိုစရာ အလွန်ကောင်းလှတာ ဘုရားတွေလည်း ဖူးလို့နော်ကွာ ကားလမ်းနံဘေးရဲ့ အင်းစောင်းကလေးမှာ စိုက်ခင်းတွေလည်း စိုက်နေကြတာတကယ့်ကိုသာယာလှပနေတာလာလည်ပါလား အချစ်ရာ ဒူးယား အင်းကို လိုက်လို့ပို့ဦးမှာ ... ... ...

ဒီသီချင်းသံလေးကို ကြားလိုက်မိတာနဲ့ လိုက်လံရေရွတ်မိရင်း အဲဒီရွာရဲ့ သဘာဝအလှတရား၊ သာယာလှပမှုတွေကို ရှုမငြီးဖွယ် တွေးမြင်မိခဲ့ပါတယ်။ အခုလို ညွှန်းဆိုရလောက်အောင် သဘာဝကြီးက ပေးအပ်ထားတဲ့ ရွာကတော့ တခြားဒေသက မဟုတ်ပါဘူး။ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ်အတွင်းက ကျေးရွာလေးတစ်ရွာဖြစ်ပါတယ်။

ရွာရဲ့အမည်နာမကလည်း ဆန်းပြားသလို ထူးခြားမှုတွေလည်း ပြည့်နှက်နေတဲ့ ရွာကလေးပါ။ ရှေးဘုရင်မင်းများနဲ့ ဆက်နွယ်သော ရာဇဝင်တွေရှိသလို၊ နိုင်ငံရဲ့ သမိုင်းဝင်ကျေးရွာလေးဖြစ်ပါတယ်။ ရွာကလေးရဲ့အမည်

# ရွှေတိုက်စာရင်းဝင် မြို့ဒူးယား

မိုးပြည့်(ဥပဒေ)



ကတော့ ဒူးယားလို့ခေါ်နေကြတဲ့ ဟသ်ာတမြို့နယ်ထဲက ကျေးရွာတစ်ရွာပါ။ ဒီရွာကလေးရဲ့အမည်ကို အစွဲပြု ပေးအပ်ခဲ့တဲ့ စီးကရက်အမည်ကြောင့် ဒူးယားဆိုတဲ့အမည်ဟာ ပြည်ပနိုင်ငံများအထိ ပေါက်ရောက်ခဲ့ရပါတယ်။

ဒီလိုမျိုး ထူးခြားမှုတွေကြောင့် ကျေးရွာလေးရဲ့ နောက်ခံသမိုင်းကြောင်းကို အထူးတလည် သိချင်ခဲ့မိတယ်။ ဒူးယားလို့ ဘာကြောင့်ခေါ်ဝေါ်သတ်မှတ်ခဲ့တာလဲ၊ ဒူးယားအင်းကို အစွဲပြုပြီး ဒူးယားကျေးရွာ ဖြစ်လာတာလား၊ ဒူးယားကျေးရွာကို အစွဲပြုပြီး ဒူးယားအင်း ဖြစ်လာတာလား၊ ဒူးယား အစက ဘယ်နေရာလဲ စတဲ့ တွေးတောစရာများ ရောယှက်လာပါတယ်။

အဲဒီသိချင်တဲ့စိတ်ကြောင့် ကျေးရွာလေးရဲ့ ဒေသခံများကို လေ့လာမေးမြန်းကြည့်ခဲ့ရာမှာတော့ ဒူးယားကျေးရွာရဲ့ နောက်ခံသမိုင်း၊ ပုံရိပ်တချို့နဲ့ အမှတ်တရတို့က စိတ်ဝင်တစားရှိစေပြီး ပိုမိုဆွဲဆောင်လာပါတော့တယ်။

(၂)

တူးရာ - ဒူးရာ - ဒူးရား - ဒူးယား

တူးရာ - တူးရားမှ ခေတ်ကာလရွေ့လျား၍ ဒူးယားဟု သုံးနှုန်းလာခြင်းဖြစ်ကြောင်း ပါးစပ်ရာဇဝင်တို့ ရှိခဲ့ပါတယ်။

ဉမ္မာဒန္တီမင်းသမီးမှ ဧရာဝတီမြစ်ရိုးစပ်၏ သဲဆန်သော ဒေသတစ်ခုတွင် ဘုရားတည်ရန် မြေတူးစေရာ သဲဆန်သောမြေအမျိုးအစားကြောင့်မြေစီး၊မြေမာရရှိရန် တူးဆွရာတူးဆွသည့်နေရာများစွာရှိခဲ့သဖြင့် "တူးရာ" ဟု သတ်မှတ်ခေါ်တွင်ခဲ့ကြောင်း၊မင်းညီမင်းသားတို့၏ရွှေငွေပစ္စည်းများကို ရှာဖွေတူးဖော်ရာမှ ကျိန်စာတချို့ကြောင့် ယားယံစေ၍ "တူးရား" ဟု ခေါ်ဝေါ်ခဲ့ကြောင်း၊ ထို့အပြင် ယခင်က အင်းအနီးဝန်းကျင်တွင် ရွှေမှုန်ရွှေစများအား ကျင်ယူဆယ်ယူခဲ့သည့်အလေ့အထရှိခဲ့ကြောင်းဒေသခံ သက်ကြီး ရွယ်အိုတို့က ဆိုပါတယ်။

"ဟသ်ာတကိုရောက်ရှိတာဝန်ထမ်းဆောင်ခဲ့တဲ့ဟိုးအရင်ဝန်ထမ်းတွေကလည်း ဒူးယားကို ဘာလို့ခေါ်တာလဲလို့ မေးကြတယ်။ ဒီလိုပဲ တခြားဒေသက သူတွေကလည်း မေးလေ့ရှိတယ်။ အဲဒါကြောင့် ဒူးယားအမည်ကို လေ့လာကြည့်ရင်းနဲ့ သမိုင်းဖြစ်စဉ်တွေကိုပါ ဆက်စပ်လေ့လာမိတာပါ။ လိုအပ်တာလည်း ရှိနိုင်ပါတယ်။ ရွာရှိခဲ့တာက ကြာပြီဆိုတာ ငြင်းဖို့ခက်ပေမဲ့ သမိုင်းတွေနဲ့ ဆက်စပ်ဖော်ထုတ်လိုက်ရင် စိတ်ဝင်စားစရာ သမိုင်းကြောင်းဖြစ်လာမှာပါ" ဟု သမိုင်းအထောက်အထားများ ရှာဖွေစုဆောင်းခဲ့သော ယခင် ကျေးရွာအေးချမ်းဖြိုးကောင်စီအဖွဲ့ဝင် (၁) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဦးတင်ခဲက ပြောပြခဲ့ပါတယ်။

ရှေးမြန်မာမင်းများသည် ရေကြောင်းခရီးလမ်းအား အသုံးပြုသွားလာ၍ ဧရာဝတီမြစ်ရိုးတစ်လျှောက်တွင် စေတီပုထိုးများ တည်ဆောက်လှူဒါန်းလေ့ရှိပြီး အမှတ်တရရှိစေသော အကြောင်းအရာတချို့နှင့် နိမိတ်တဘောင်တို့ကို အခြေခံကာ မြို့အမည်နာမ၊ ရွာအမည်တွေကို မှည့်ခေါ်သမုတ်သည့် အလေ့အထများလည်း ရှိခဲ့ကြောင်း သမိုင်းအထောက်အထားတို့က ဖော်ပြနေပါတယ်။

ထို့အပြင် ဟံသာဝတီတွင် ဒုတိယမွန်မင်းဆက် ဝိမလ နတ်ရွာစံသောအခါ တောင်နန်းမိဖုရား၏ သားတော် သဏ္ဍာဇေယျ နန်းတက်သောကြောင့် မြောက်နန်းမိဖုရား၏ သားတော် ညီနောင် (၆) ပါးသည် ဟံသာဝတီမှ ထွက်ခွာ၍ ပမ္မဝတီ (ဝေန်မြစ်) ရစ်ခွေစီးဆင်းသော "တိယင်္ဂလ" ကျွန်း (ပုသိမ်တွင်မည့် အရပ်) တွင် ကောဇာသက္ကရာဇ် ၅၈၃ သို့အရောက် နစ်ပေါင်း (၄၇) နစ်ခန့် မင်းပြုခဲ့ကြောင်း၊ ရှေးဟောင်း ရွှေတိုက်စာရင်းဝင် မှတ်တမ်းတွင်ကုသိမကုသိမ်မှပုသိမ်သို့ပြောင်းလဲခေါ်ဆိုခဲ့ပြီး ပုသိမ်မြို့တည်နစ်မှာ ၅၃၆ (အေဒီ ၁၁၇၄) ဖြစ်ကြောင်း၊ ပုဂံခေတ် နရပတေ့စည်သူမင်း (၅၃၆ - ၅၇၃) လက်ထက် ကပင် ပုသိမ် (၃၂) မြို့စာရင်းသည် ရွှေတိုက်တော်စာရင်းဝင်အဖြစ် ရှိခဲ့ကြောင်း သမိုင်းအထောက်အထား တချို့က ပြဆိုထားပါတယ်။

ဆောင်းပါးရှင် စောကျော်အေး (ပုသိမ်တက္ကသိုလ်) မှ ၁၉၉၇ ခုနစ်ထုတ် ဧရာဝတီတိုင်းမဂ္ဂဇင်းတွင် ပုသိမ်အကြောင်းဖွင့်ဆိုထားသော ဆောင်းပါးတစ်ပုဒ်၌ ပုသိမ် (၃၂) မြို့စာရင်းအား အောက်ပါအတိုင်းပြုစု ရေးသားခဲ့ပါတယ်။

-

## ပုသိမ် (၃၂) မြို့

| စဉ် | ပထမအမည် | ဒုတိယအမည် | တတိယအမည် | (မြို့နယ်) |
|---|---|---|---|---|
| ၁ | အတိသဓ္ဓာနဂရ၊ ပုသိမ် | ပုသိမ် | ပုသိမ် | (ပုသိမ်) |
| ၂ | ကျိုက်တုလာထားမြို့ | မြန်အောင် | မြန်အောင် | (မြန်အောင်) |
| ၃ | ကျိုက်တော | ကျိုက်တာထိုးမြို့ဆိုင် | ကနောင် | (မြန်အောင်) |
| ၄ | ကျိုက်တည်သာရဝေါ | သာရဝေါ | ဟင်္သာတ | (ဟင်္သာတ) |
| ၅ | သုနန္ဒဗလ | ကွင်းဘောက် | ကွင်းဘောက် | (အင်္ဂပူ) |
| ၆ | အင်္ဂပူရ | အုတ်ဖို | အုတ်ဖို | (အင်္ဂပူ) |
| ၇ | ဒူးယား | ဒူးယား | ဒူးယား | (ဟင်္သာတ) |
| ၈ | ကျိုက်တော်သမန္တပူရ | ဇရွှန် | ဇလွန် | (ဇလွန်) |
| ၉ | ကျိုက်သလွန်ပွန်ဒေါင်းဖြူ | ဓနုဖြူ | ဓနုဖြူ | (ဓနုဖြူ) |
| ၁၀ | ကျိုက်တည်မုဋ္ဌော | သမြင်းကုန်း | သမြင်းကုန်း | (ပန်းတနော်) |
| ၁၁ | ကျိုက်ဇရဲထော် | မြောင်းမြ | မြောင်းမြ | (မြောင်းမြ) |
| ၁၂ | ကျိုက်ပွန် | ဆိတ်ကြီး | ဆိတ်ကြီး | (မြောင်းမြ) |
| ၁၃ | ကျိုက္ကစံ | ခဲဘောင် | ခဲဘောင် | (ကျုံပျော်) |
| ၁၄ | ကျိုက်ပလောင်တောင် | ခဲလောင် | ခဲလောင် | |
| ၁၅ | ကျိုက်ပိ | သစ်ရောင်းချောင်း | ပုသိမ်မြို့ဆင်ခြင်ဖုံး | (ပုသိမ်) |
| ၁၆ | ကျိုက်စော | တကောင်းဘုရား | တကောင်းဘုရား | (ပုသိမ်) |
| ၁၇ | ကျိုက်ဘမော် | ပန်းတောရကြည် | ပန်တောရကြည် | (ရေကြည်) |
| ၁၈ | ကျိုက်မော်ဒေါ | ကျုံတရော် | ကျုံပျော် | (ကျုံပျော်) |
| ၁၉ | ကျိုက်ခမီပူရ | ထောင်လုံ | ထောင်လုံ | (ကျုံပျော်) |
| ၂၀ | ကျိုက်ခန်တလ | အသုတ် | အသုတ် | (ရေကြည်) |
| ၂၁ | ကျိုက်ခန်တော်ထုံ | ထန်းဘူး | ထန်းဘူး မကြီးကုန်း | (သာပေါင်း) |
| ၂၂ | ကျိုက်ခရန်တော်ကျောက်ဖြူ | သိန်ချောင်း | ဇီးဖြူကွင်း(သာပေါင်း) | (သာပေါင်း) |
| ၂၃ | ကျိုက်တလတတပေါ | ကျောက်ချောင်းကြီး | ကျောက်ချောင်းကြီး | (ပုသိမ်) |
| ၂၄ | ကျိုက်အဝုန် | ကျုံတုံး | သီးကွင်းလေ့တန်းနွယ် | (လေးမျက်နှာ) |
| ၂၅ | ဇလဲကျိုက်တဂေါ် | ကျောက်သဘော် | ဖောင်းယားကျွန်း | (ငပုတော) |
| ၂၆ | ကျိုက်ထူပါရုံကမ်းဖြူ | မြစ်တစ်ရာ | ဖောင်းလျှားကျွန်း၊ လေ့တန်းနွယ် | (ငပုတော) |
| ၂၇ | ကျိုက်ထောင်ကော | ပန်းတောကြီး | လေးမျက်နှာနယ် လေ့တန်းနွယ်တွင်ရှိ | (လေးမျက်နှာ) |
| ၂၈ | ကျိုက်တော်ပြည်ပတော | ကျောက်ချောင်းငယ် | ငါးသိုင်းချောင်းတစ်ဖက် သီတာဘုရားရှိအရပ် | (ရေကြည်) |
| ၂၉ | ကျိုက်တမွန်ကျုံတုံး | ကျုံတုံးကန္တီ | ကျုံတုံးကန္တီ | (ရေကြည်) |
| ၃၀ | ကျိုက်ခရံပေါန် | ခေန် | ခေန်၊ ဘုရားကြီးအောက် သာပေါင်းအထက် | (သာပေါင်း) |
| ၃၁ | ကျိုက်ခရမ်း | ဘုရားလှ | ဘုရားလှ | (ငပုတော) |
| ၃၂ | ကျိုက်ထို | မဲခရဲ | မဲခရဲ၊ မော်တင်စွန်းအထက် ဘုရားလှအောက် | (ငပုတော) |

ယင်းဖော်ပြရေးသားသည့် သမိုင်းအထောက်အထားတွင် "ဒူးယား" အမည်နာမသည် အမှတ်စဉ် (၇) တွင် အတိအလင်းပါဝင်နေပြီး အစဉ်အဆက် အမည်နာမသည်လည်း ဒူးယားအမည်တစ်မျိုးတည်းကိုသာ သုံးနှုန်းခေါ်ဝေါ်ခဲ့ခြင်းကြောင့် ဒူးယားဒေသသည် ပုဂံခေတ် နရပတေ့စည်သူမင်း လက်ထက်မတိုင်မီ ကောဇာသက္ကရာဇ် ၅၃၆ (အေဒီ ၁၁၇၄) ကပင် တည်ရှိခဲ့သည်ဟု ဆိုရမှာ ဖြစ်ပါတယ်။

(၃)

"ဧရာဝတီတိုင်းအစ မွန်ညက" ဟု ဆိုနိုင်သော မွန်ညဒေသ ပုသိမ် (၃၂) မြို့တွင် ဒူးယားအမည်သည် ရွှေတိုက်စာရင်းဝင်ခဲ့ပြီး ပေါက္ကံပြည့်ရှင်ဘုရင် နရပတိစည်သူမင်း၏ ဆရာအရှင် အာနန္ဒာမထေရ်၏ တပည့်စတုတ္ထမြောက် ဒလမြို့ဆရာတော် ဓမ္မဝိလာသဘွဲ့တော်ရရှင်သာရိပုတ္တရာ စီရင်တော်မူသော ရဋ္ဌသာရ ဒီပနီကျမ်းလာ စကားတွင် ပါဝင်သော ပုသိမ်ဇရိယာအတွင်း တည်ရှိကာ ထိုစဉ်က သတ်မှတ်သော ပုသိမ်မြို့နယ်သည် အရှေ့အလား တာ ၅၀၀၀ ကွာ ဒါးကချောင်း၊ အခြားတစ်ဖက်ခဲသောင်မြို့ မြေနှင့်ကျောခိုင်း၊ အရှေ့တောင်အလား ပင်လယ်၊ အနောက်တောင်အလား မော်တင်စွန်းအကုန်ပင်လယ်နား၊ အနောက်အလား နဂါးရစ်တောင်ရိုးအထိ၊ မြောက်အလား ကတ္တူချောင်း အခြားတစ်ဖက် ဟသာၤတ စီရင်စု ပိန္နဲကွင်း၊ ကြခတ်ကွင်း၊ ရွာမြေနှင့် ကျောခိုင်း၊ အရှေ့မြောက်အလား ကတ္တူချောင်း၊ သိုက်ပွန်ဝဲ အခြားတစ်ဖက် ဟသာၤတမြို့ကျေးစသော စကိုင်းရွာမြေနှင့် ကျောခိုင်းဖြစ်ကြောင်း၊ အကျယ်အဝန်းကို ဖွင့်ဆိုထားပါတယ်။

လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ အထက်က လက်ရှိတည်နေသော ဒူးယားအင်းရေပြင်သည် ဧရာဝတီမြစ်ရိုးနှင့်ဆက်စပ်သည့် မြစ်ကြောင်းတစ်ခုဖြစ်ခဲ့ပြီး ယင်းနောက်ပိုင်းတွင် ရေစီးကြောင်း ပြောင်းလဲစီးဆင်းသည့် ရေမြေသဘာဝအလျောက် မြစ်ကျိုးအင်းတစ်ခု ဖြစ်ခဲ့ရသည်မှာလည်း ယနေ့တိုင်တည်ရှိနေကြသည့် ဒူးယားအင်း၏ အဆုံးသတ်နေရာတွင် ရေကာတာတစ်ခုသာ ခြားနားရုံရှိ၍ တစ်ဖက်တွင် ဧရာဝတီမြစ်ရိုး တည်ရှိနေဆဲ



ဖြစ်သောကြောင့် ငြင်းဆိုရန် ခက်လှပါတယ်။

ဧရာဝတီမြစ်ရိုးမှတစ်ဆင့် ဒူးယားဒေသသို့ ကူးလူးဆက်ဆံဝင်ရောက်မှုများရှိခဲ့ပြီး ရှေးမြန်မာမင်းများ ရောက်ရှိခဲ့ကြောင်းကို ဦးစွာအမည်နာမ ဖြစ်ပေါ်ခဲ့သည်ဟုဆိုသော ကျွန်းဆွယ်နေရာရှိ ရှေးဟောင်းစေတီတို့က သက်သေခံနေကြပါသည်။ ထိုနေရာကို လက်ရှိတွင် ဘေးချောင်ကျေးရွာအုပ်စု ဘုရားကြီးကျွန်းရွာဟု ခေါ်ဆိုပြီး ဥမ္မာဒန္တီမင်းသမီး တည်ခဲ့သော စေတီပုထိုး တည်ရှိနေကာမလှမ်းမကမ်းရှိကံစုရွာတွင်လည်းမွန်မင်းသမီးတို့ တည်ထားခဲ့သော မြစိမ်းရောင်စေတီတို့ကို ဖူးတွေ့ရမှာ ဖြစ်ပါတယ်။

မြစ်ကြောင်းပြောင်းလဲမှု မဖြစ်ပေါ်ခင် နှစ်ပေါင်း (၂၀၀) အလွန်က ကုလားလူမျိုးတို့ ကုန်သွယ်သွားလာသော မီးသင်္ဘောတစ်စီး ဝင်ရောက်ခဲ့ရာ နစ်မြုပ်ခဲ့ဖူးကြောင်း၊ ရှေ့လူကြီးသူမတို့ ပြောစကားများ ကျန်ရှိခဲ့ပြီး ဒူးယားအင်း၏ အရှေ့ဘက် ကျွန်းဆွယ်အောက်တွင် ရှိနေဆဲဖြစ်ကြောင်းနှင့် ယနေ့ခေတ်တိုင် အစွလာမ်ဘာသာဝင်တို့မှ ဓလေ့ထုံးတမ်းတို့ဖြင့် နှစ်စဉ်လာရောက် ပူဇော်လေ့ရှိကြောင်း ဒေသခံတို့က ဆိုပါတယ်။

ကုန်းဘောင်မင်းဆက်တွင် ပါဝင်သော ဘိုးတော် ဦးဝိုင်း ခေါ် ဘိုးတော်ဘုရား (ခရစ်သက္ကရာဇ် ၁၇၈၂-၁၈၁၉) သည် အိမ်နိမ့်စံဘဝတွင် ငယ်ကျွန်များနှင့်အတူ မြစ်ကြောင်းပြောင်းလဲပြီးနောက်ပေါ်ထွန်းခဲ့သောအဆိုပါ မြစ်ကျိုးအင်းသို့ ရောက်ရှိနေထိုင်ခဲ့ပြီး အင်းသူကြီး ဦးစံမဲ့နှင့် ခင်မင်ခဲ့ကြောင်း၊ နန်းသက် (၃၇) နှစ် စိုးစံစဉ် အင်းသူကြီးဖိုးစံမဲ့အား ဆုလာဘ်တောင်းခံစေရာ ဒူးယားအင်းနှင့် အင်းရဲကြီးအင်းကို အပိုင်စား တောင်းခံခဲ့၍ ဆုလာဘ်အဖြစ် ပေးသနားခဲ့ကြောင်း၊ အင်းသူကြီး ဖိုးစံမဲ့၏ ရာဇဝင်တွင် ရွှေတိဂုံဘုရား သွားရောက်ဖူးမြော်ပြီး စေတီအားမတွေ့မြင်ရ၍ ခရီးမှအပြန် ဆည်တိုင်အား ရွှေချခဲ့ရာ အဆိုပါဆည်တိုင်မှာ ဒေသခံတို့ ယူဆထားသည့် ဆည်တိုင်သည် ယနေ့တိုင် ဒူးယားအင်းအတွင်း တည်ရှိလျက်ရှိနေကြောင်း ဒေသခံတို့၏ ရှေးဆိုရိုးစကားရှိခဲ့၍ ရာဇဝင်သမိုင်းတွင် အင်းသူကြီးဖိုးစံမဲ့၏ အပိုင်စားအင်းအဖြစ် ယူဆဖွယ်ရှိခဲ့ပါတယ်။

အင်္ဂလိပ်နယ်ချဲ့တို့ အုပ်ချုပ်စဉ်က ဒူးယားကျေးရွာသည် လက်ထောက်မြို့ပိုင် (ATO) ရုံးစိုက်ခဲ့ပြီး တိုက်နယ်အဆင့်ရှိ ကျေးရွာအုပ်စုဖြစ်ခဲ့ပါတယ်။ ထိုစဉ်က ဟင်္သာတမြို့နယ်အတွင်းရှိ ဒူးယား၊ နီဗွာန်၊ တလုတ္တော် ကျေးရွာအုပ်စုတို့တွင် လက်ထောက်မြို့ပိုင် ရုံးထိုင်၍ အုပ်ချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း မှတ်တမ်းများအရ သိခဲ့ရပါတယ်။

(၄)

ယခုလို ရာဇဝင်သမိုင်းများရှိခဲ့တဲ့ ကျေးရွာလေးကို ထပ်ဆင့် သမိုင်းဝင်စေခဲ့တာကတော့ တော်လှန်ရေးကောင်စီလက်ထက်ကပြုလုပ်ကျင်းပပေးခဲ့တဲ့တောင်သူလယ်သမားနှီးနှောဖလှယ်ပွဲဖြစ်ပြီး နှီးနှောဖလှယ်ပွဲများကို နိုင်ငံအတွင်းရှိ ဒူးယား၊ ခပေါင်း၊ အုန်းတော၊ ပုပ္ပါးတို့မှာ ကျင်းပခဲ့ပါတယ်။ ကျင်းပခဲ့ရာ ကျေးရွာနှင့် ဒေသများကို အစွဲပြုပြီး စီးကရက်များ ထုတ်လုပ်ဂုဏ်ပြုခဲ့ရာ ဒူးယားစီးကရက်သည် အောင်မြင်ခဲ့ပါတယ်။

တောင်သူလယ်သမားနှီးနှောဖလှယ်ပွဲကို ၁၉၆၃ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့မှ ဖေဖော်ဝါရီလ (၁) ရက်နေ့အထိသုံးရက်ကြာဒူးယားကျွန်းဆွယ် (ယခုဘုရားကြီးကျွန်း) တွင် ကျင်းပဆွေးနွေးခဲ့ပြီး တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းကိုယ်တိုင် တက်ရောက်၍ တောင်သူလယ်သမားများ၏အရေးကိစ္စများကိုဆွေးနွေးခဲ့သောကြောင့် နိုင်ငံတော်အတွက် သမိုင်းဝင်စေသော အခမ်းအနားတစ်ခုလို့ ဆိုရမှာပါ။



ဒူးယားကျေးရွာတွင် လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ခန့်က တဘောင်ဟု ဒေသခံတို့က ပြောဆိုသုံးနှုန်းသော ရတုပိုဒ်တစ်ခုကို အသက် (၈၃) နှစ်အရွယ်ရှိ အဘဦးသောင်းစိန်က အမှတ်တရဖြင့် ရွတ်ပြတတ်သည်။ အဘ အမြဲတမ်းရွတ်ဆိုလေ့ရှိပြီး အမှတ်တရရှိနေသော တဘောင်ဟုဆိုသည့် ရတုပိုဒ်သည် -

ဟင်္သာမောင်နှံ ငွေသောင်ယံဝယ်
တစ်ရံရောအခါ ကျရောက်ရာတွင်
ဝဲယာရှေ့နောက် မဆင်းရောက်နိုင်
ထက်အောင်ပြိုင်လျက် အနိုင်နိုင်သာ သက်ဆင်းလာရ
ကြောင်းချင်းတကြ ခေါ်ကြဝေါဟာ ဟင်္သာပမာန . . .
ဟင်္သာတမှာ လမ်းမခြောက်မိုင် ခုနစ်မိုင်ရှစ်အထိ
ဒွိမိုင်ရှည်လျား ရွာဒူးယားမှာ ဘုရားစေတီ
ကြေးစည်ခေါင်းလောင်း ဂူကျောင်းဇရပ် မပြတ်ဝတ်ပြု
နီးဝေးမခြား မြို့ရွာများက
ဒူးယားစံပြ ရွာဂါမဟု ခေါ်ကြတာလီ . . .
တို့ပြည်ထောင်စု ဒုတိယမြောက်
စည်းဝေးရောက်၍ မပျောက်အမည်
ဖြစ်စေမည်ဟု မော်ကွန်းပြုလျက်
စီးကာရက်ဒူးယား မှည့်ခေါ်ထားသည်
ဒူးယားစံပြ မော်ကွန်းတည်း။

အဆိုပါရတုပိုဒ်ကိုဟင်္သာတမှစာဆိုတော်တစ်ဦးက ဒူးယားကျေးရွာတွင် ပထမဆုံးကျင်းပခဲ့သော ပဋ္ဌာန်းပွဲဖြစ်သည့် အမှတ် (၃) ရပ်ကွက်တွင်တည်ရှိသော



ကျောက်တော်ကြီးတန်ဆောင်း ပဋ္ဌာန်းပွဲသို့ ရောက်ရှိစဉ် ရေးသားစပ်ဆိုခဲ့ကြောင်း ရှေ့မီနောက်မီတို့က ဆိုပါတယ်။

"အဘရဲ့ ဇာတိက ဝါးသလကျေးရွာကပါ။ ဒူးယားမှာ ကြီးပြင်းခဲ့ပြီး ဒီနေ့အထိ နေလာတာဆိုတော့ ဒေသခံလို ဖြစ်သွားပါပြီ။ ပဋ္ဌာန်းပွဲတွေ စတင်ရွတ်တော့ ဘုန်းကြီးတွေတောင် နှစ်ပါးရွတ်ရတာ။ ဒူးယားမှာ ပဋ္ဌာန်းစပြီး ရွတ်ခဲ့တာက ကျောက်တော်ကြီးတန်ဆောင်းမှာလေ။ အဲဒီပွဲကျင်းပချိန်လောက်က ရောက်ရှိခဲ့တဲ့ ဟင်္သာတက စာဆိုတော်တစ်ဦးကရေးခဲ့တာလို့သိရတယ်။ရေးတဲ့သူအမည်ကိုတော့ မမှတ်မိတော့ဘူး။ စာအုပ်မှာပြန်တွေ့ပြီး အဘမှတ်ထားလိုက်တာ။ စာအုပ်ထဲမှာက ရတုတွေရော၊ ပဋ္ဌာန်းတွေရောပါတယ်" ဟု အဘဦးသောင်းစိန်က မှတ်မိသလောက် ပြောပြခဲ့ပါတယ်။

ဒူးယားကျေးရွာလေးသည် မြန်မာနိုင်ငံတော်၏ ရှေးအကျဆုံး ခေတ်ကာလ အပိုင်းအခြားကပင်တည်ရှိခဲ့ပြီး အမှတ်တရများ စွဲထင်ကျန်ရှိခဲ့သည့် ကျေးရွာလေးလို့ ပြောရင်လည်း မှားမည်မထင်ပါ။ ၁၉၈၈ ခုနှစ် အလွန် စစ်အစိုးရအုပ်ချုပ်စဉ်ကလည်း အမှတ်တရများ ရှိခဲ့ပါတယ်။ ကောင်းမယောင်နဲ့ ဆိုးခဲ့ရတဲ့ ကြုံတွေ့ရမှု သမိုင်းတစ်ခုပင်ဖြစ်ပါတယ်။

"တာ ဟိုဘက်က အတန်းက ဖျက်ပြီးတော့ ဟိုတယ်လိုမျိုး၊ ကမ်းခြေပုံစံမျိုး အဲဒီလိုဖွံ့ဖြိုးအောင် လုပ်မယ်ဆိုပြီး ပြောင်းပေးခဲ့တာ။ ကန့်ကွက်တဲ့သူတွေ မရှိဘူး။ မရှိဘူးဆိုတာက အဲဒီအချိန်တွေက ဖွံ့ဖြိုးရေးတွေလည်း လုပ်တယ်။ မြေကလည်း အစားပြန်ပေးတယ်။ မပြောရဲခဲ့ကြတာလည်း ပါတယ်။ တစ်ဦးချင်း မကျေနပ်သံက အရပ်ထဲမှာ ရှိခဲ့ကြတာပေါ့" ဟု အသက် (၆၈) နှစ်အရွယ်ရှိပြီ ဖြစ်သော အဘဦးအေးလှိုင်က သူ့ရဲ့ခံစားမှုကို ပြောပြခဲ့ပါတယ်။

သမိုင်းဝင်လို့ပြောလေ့ရှိသောအဆိုပါကျေးရွာလေးကို မြို့ပြစီမံကိန်းအရ ဒူးယားအင်းသာယာ မြို့ကွက်သစ်ဖော်ဆောင်ရန် အကြောင်းပြု၍ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၁၉၉၁ ခုနှစ်တွင် ရွာမ နေရာအားကားလမ်းတစ်ဖက်သို့ ပြောင်းရွှေ့ချထားခဲ့ပါတယ်။ ယင်း

မြို့ပြစီမံကိန်းအရ မြို့အဆင့် မြှင့်တင်ခြင်းနှင့် တိုးတက်ဖွံ့ဖြိုးရေးအတွက် မြို့အဂါရပ်နှင့်အညီ ဆောင်ရွက်လုပ်ဆောင်သွားမည်ဆို၍ ငြီးတွားကြသူမရှိသလောက် ပူးပေါင်းခဲ့ကြပါတယ်။ သို့သော်လည်း ချတ်ခြုံကျဘ၀ဖြင့် စောင့်စားခဲ့သည်မှာ ဒီမိုကရေစီ အစိုးရလက်ထက် (၂၀၁၀ ခုနှစ်) သို့ ရောက်ရှိခဲ့ပေပြီ။

"အဲဒီတုန်းက သူတို့က လုပ်တိုင်းဖြစ်နေတော့ ယုံကြည်တာပေါ့။ ခုအချိန်ထိဆိုရင် (၂၃) နှစ်သားလောက်ရှိသွားပြီ။ မနိုင်တာတွေလုပ်ခဲ့တယ်လို့ ပြောရမယ်။ အဲဒီအချိန်က ပြောခဲ့တဲ့အတိုင်း ကမ်းခြေမြို့ အပန်းဖြေမြို့ကြီးအဖြစ် မျှော်လင့်ခဲ့တယ်။ ဒါပေမဲ့ အပြစ်မပြောပါဘူး။ အပြုံပဲ မြင်ပါတယ်။ သူလုပ်ခဲ့လို့သာ နောင်လာမယ့် စီမံကိန်းတွေ၊ ဖွံ့ဖြိုးတိုးတက်မှုတွေအတွက် အသင့်ဖြစ်နေရတာပါ။ လက်ရှိအစိုးရလက်ထက်မှာတော့ ဒီရွာလေးကို မေ့မထားဘဲနဲ့ ပြန်ဖော်ပေးစေချင်ပါတယ်" ဟု အဘဦးအေးလှိုင်က ဆက်လက်ပြောသွားပါတယ်။

(၅)

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွက်ပြီးနောက် အများပြည်သူမှ ရွေးချယ်တင်မြှောက်ခဲ့သော ဒီမိုကရေစီအစိုးရသစ်၏ပထမသက်တမ်းကာလ (၃) နှစ်အလွန်တွင် ဒူးယားကျေးရွာလေး၏ မျှော်လင့်မှုများသည် ပြန်လည်သက်ဝင်ခဲ့ရပြန်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် မြို့ကွက်၊ ရွာကွက်တိုးချဲ့ရန် လိုအပ်သည့် မြို့ရွာစာရင်းနှင့် ဆောင်ရွက်မည့် အစီအမံများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၁၂) ရက်နေ့ ရက်စွဲဖြင့် တောင်းခံခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး အပါအဝင် မြို့နယ်စီမံခန့်ခွဲရေးအဖွဲ့နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တို့က ညှိနှိုင်းစည်းဝေး၍ မြို့အဆင့်မြှင့်တင်ရန် ဒူးယားကျေးရွာလေးအပါအဝင် ကျေးရွာအုပ်စု (၆) စုကို "ဒူးယားမြို့" အဖြစ်အဆင့်မြှင့်တင်ရန် လျာထားတင်ပြခဲ့မှုကြောင့် နှစ်ပေါင်း (၂၀) ကျော်ဝေဝါးခဲ့သည့် နင်းမှုန်တို့ကြား နေရောင်ဖြာလာပြီလို့ ဆိုရမှာပါ။

"မြို့အဖြစ် လျာထားခံရတယ်ဆိုတော့ ဒီက ပြည်သူတွေအတွက် ဂုဏ်ယူစရာပဲပေါ့။ နှစ်ပေါင်း (၂၃) နှစ်ကာလက ရည်မှန်းခဲ့တဲ့ မြို့အဖြစ်ဟာ ဒီအစိုးရလက်ထက်မှာ နီးစပ်လာတဲ့ အရိပ်အယောင်လည်း ဖြစ်ပါတယ်။ သမိုင်းအစဉ်အလာတွေရှိခဲ့တဲ့ ဒီဒေသလေးကို ဒီမိုကရေစီလက်ထက်မှာ မြို့အဖြစ် ပေါ်ထွက်လာမယ်ဆိုရင်တော့ ဒါဟာ ဒီဒေသက ပြည်သူတွေရဲ့ဆန္ဒအမှန်ကို ဖြည့်ဆည်းပေးတာပါပဲလို့ ပြောရမှာ ဖြစ်ပါတယ်" ဟု ဒူးယားကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းက ပြောပြခဲ့ပါတယ်။



လျာထားတင်ပြထားသော ဒူးယားမြို့သည် ဧရိယာ အကျယ်အဝန်းအားဖြင့် (၉၃၂၆) ဧကရှိပြီး ဒူးယားအုပ်စုမှ ရပ်ကွက် (၄) ခု၊ ကျေးရွာခွဲ (၇) ရွာ၊ လှည်းလမ်းတက်အုပ်စုမှ ကျေးရွာ (၁၀) ရွာ၊ သပြေပင် အုပ်စုမှ ကျေးရွာ (၄) ရွာ၊ ဘေးချောင်အုပ်စုမှ ကျေးရွာ (၈) ရွာ၊ ကြခတ်ကွင်းအုပ်စုမှ ကျေးရွာ (၅)ရွာနှင့် ရွှေတောင်သာရအုပ်စုမှ ကျေးရွာ (၅) ရွာတို့ကို ပူးပေါင်းဖွဲ့စည်းရန် ရေးဆွဲထားရာ ယင်းဧရိယာအတွင်း၌ အိမ်ခြေ (၃၆၆၄) အိမ်၊ လက်ရှိမှီတင်းနေထိုင်သော အိမ်ထောင်စု (၃၆၈၁) စု၊ လူဦးရေ (၁၄၈၉၆) ဦးခန့် မှီတင်းနေထိုင်လျက်ရှိပြီး အဓိကမှီခိုလုပ်ကိုင်သော အသက်မွေးမှုမှာ စိုက်ပျိုးမွေးမြူရေးနှင့် သက်ဆိုင်သော လုပ်ငန်းများသာ ဖြစ်ကြပါတယ်။

တွံ့တေးစိုးအောင်နဲ့ခေတ်ပြိုင် တေးသံရှင်ဖြစ်သူ ဟင်္သာတစိုးရွှေလေးက ၁၉၉၇ ခုနှစ်မှာ ထုတ်ဝေခဲ့တဲ့ ပထမဆုံးစီးရီးဖြစ်သော မြို့ကြီးရောက်ချစ်သူ တေးစီးရီးခွေမှာ အလည်လာခဲ့ပါ ချစ်ဖည့်သည် သီချင်းနဲ့ ဒူးယားရွာကလေးကို ဖိတ်မန္တကပြုထားခဲ့ပါတယ်။ သူဟာ ဒူးယားကျေးရွာ ဇာတိဖြစ်ပြီး တေးစီးရီးခွေပေါင်း (၁၇) ခွေ ထွက်ရှိခဲ့တဲ့ တေးသံရှင်တစ်ဦးလည်းဖြစ်ပါတယ်။ သူကတော့ ဒီသီချင်းလေး သီဆိုဖြစ်ခဲ့ပုံကို အခုလို ရှင်းပြခဲ့ပါတယ်။

"ရွာရဲ့ သာယာလှပပုံတွေကို သိစေဖို့က ဆိုဖြစ်ဖို့ အတွက် အကြောင်းဖန်လာတာပါ။ ပထမဆုံး စီးရီးခွေမှာ သီဆိုဖြစ်ခဲ့ပြီး အဲဒီစီးရီးနဲ့ အောင်မြင်ခဲ့ပါတယ်။ သီချင်းက အလည်လာခဲ့ပါလို့ ဖိတ်ခေါ်ထားတယ်ဆိုပေမဲ့ အဓိကကတော့ ဒီရွာလေးကို လူသိများစေဖို့နဲ့ တိုးတက်ဖွံ့ဖြိုးစေဖို့ သီဆိုဖြစ်ခဲ့တယ်ဆိုရင် မမှားပါဘူး" ဟု တေးသံရှင် ဟင်္သာတစိုးရွှေလေးက ပြောပြသွားပါတယ်။

တေးသံရှင် ဟင်္သာတစိုးရွှေလေးရဲ့ သီချင်းကတော့ ဒူးယားဒေသခံတွေအတွက် ဇာတိအလွမ်းပြေ နားဆင်ဖွယ်တေးသီချင်း ဖြစ်ခဲ့သလို ရပ်ရွာအတွက် ဂုဏ်ဆောင်ခဲ့တယ်လို့ဆိုရမှာပါ။ သူသီဆိုခဲ့တဲ့သီချင်းကိုကြားရင်ဖြင့် အများစုက ဒူးယားသီချင်း (သာယာလှတဲ့ ဒူးယားရွာ … သီချင်း) လို့ ပြောတတ် ကြပေမဲ့ ယနေ့တိုင် အမှတ်တရ ဖွင့်နေဆဲဖြစ်ပြီး ဖိတ်ခေါ်စောင့်မျှော်နေဆဲ ကာလလို့ ပြောရတော့မှာပါ။

(၆)

ရှေးမင်းများ လက်ထက်က ရွှေတိုက်စာရင်းဝင်ခဲ့သည့် ဒူးယားဒေသသည် တော်လှန်ရေးကောင်စီလက်ထက်၌ သမိုင်းဝင်ခဲ့ပြီး ယနေ့ခေတ် ဒီမိုကရေစီအစိုးရကာလတွင် အမှတ်ရဖွယ်များ ရှိလာနိုင်ဦးမည်လားတွေးတောစရာ ရှိလာခဲ့ပါတယ်။ ဖြတ်သန်းရာ ခေတ်အလိုက် မှတ်တမ်းမှတ်ရာများသည် ဒူးယားတွင် စွဲထင်တတ်လေရာ လက်ရှိဖြတ်သန်းဆဲကာလအတွက် ကောင်းဆိုးနှစ်ဖြာ အမှတ်ထင် ကျန်ရစ်ခြင်း မရှိသေးပေ။

ထို့ကြောင့် ရွှေတိုက်စာရင်းဝင် ဒူးယားရဲ့ အနာဂတ်ကို မျှော်တွေးမိရင်း ဒေသခံတို့ရဲ့ မျှော်လင့်ချက် လင်းရောင်ခြည်လေးကို အတူတကွ ရင်ခုန်ခံစားနေမိပါတော့တယ်။

ဒူးယားဒေသအား ဖွံ့ဖြိုးတိုးတက်ဝေစည်စေမည့် အစပြုခြေလှမ်းဖြစ်သော မြို့ဖွင့်ပွဲရက်ကို ဒေသခံတို့ နှင့်အတူ မျှော်လင့်ချက်ကြီးစွာ စောင့်မျှော်ရင်း …

ရွာထိပ်ကအသံချဲ့စက်မှကြားလိုက်ရတဲ့တေးသံရှင် ဟင်္သာတစိုးရွှေလေးရဲ့သီချင်းသံစဉ်လေး ကတော့ …

"ဆည်းဆာချိန် နေညိုသွေးတော့ လေပြည်လေးတွေ ဖြူးလို့လာ ကျေးငှက်ကလေးတွေ မြူးကြွကာ ရေပြာမှာ ဗေဒါလှိုင်းကလေးနဲ့အတူ လူးလွန့်လာ ကြည်နူးစရာ ဒူးယားအင်းမှ အချစ်ကိုမျှော်ရှာ အလည်တစ်ခေါက်တော့ လာပါကွာ ဒူးယားအင်းက စောင့်လို့ကြိုနေမှာ …

(ဒူးယားဒေသ၏ နောက်ခံသမိုင်း အကြောင်းအရာများ၊ အချက်အလက်များအား စုဆောင်းရှာဖွေပြီး ပိုင်းဝန်းကူညီပေးကြသော ဒူးယားကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဦးစိုးပိုင်၊ ကိုကြွယ်သိန်း၊ ဦးတင်ခဲ၊ ဒူးယားကျေးရွာမှ ဦးမြမောင်မိသားစုနှင့် အင်တာဗျူးမေးမြန်းရာတွင် မညည်းမညူ ဖြေကြားပေးကြပါသော လူကြီးမင်းများအားလုံးကို အထူးပင်ကျေးဇူးဥပကာရ တင်ရှိပါသည်။)

**ဖိုးပြည့်(ဥပဒေ)**

# တောသူမ မြအုံးကျင်

**ဟင်္သာတ–မင်းခန့်ဟိန်း**



ကျွန်တော်တို့ ဟင်္သာတမြို့တွင် ကျွန်တော်တို့ ငယ်စဉ်ကျောင်းနေချိန်အခါက ကျောင်းပေါင်းစုံ ပဒေသာကပွဲများ အလွန်ခေတ်စားခဲ့ပါသည်။ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များ စတင်ပေါ်ပေါက်ခဲ့ပြီး ၁၉၈၁ ခုနှစ်လောက်တွင် ဟင်္သာတကျောင်းပေါင်းစုံ ပဒေသာကပွဲကို မြန်မာ့အသံရုပ်မြင်သံကြားအစီအစဉ်က သွားရောက် ရိုက်ကူးထုတ်လွှင့်ခဲ့ပါသည်။ ထိုစဉ်က ရန်ကုန်ရောက် ဟင်္သာတအသင်းမှ စီစဉ်ပေးခဲ့ခြင်း ဖြစ်ပါသည်။ ရန်ကုန်မြို့ ရန်ကင်းတွင် အိမ်တစ်လုံးဖြင့် တည်းနေပြီး အုတ်ကျင်းဂုံနီစက်ရုံမှ လုပ်သားကြေးမုံဆိုင်းအဖွဲ့နှင့် တနင်္ဂနွေတစ်ပတ်ခန့် အကများတိုက်ပြီး ရုပ်မြင်သံကြားရိုက်ကူးခဲ့ခြင်းဖြစ်ပါသည်။ ကခွင် (၁၂) ခွင်ကို တစ်ဂျူတီနှင့် အပြီးရိုက်နိုင်သဖြင့် မြန်မာ့အသံ ဦးသစ္စာနှင့်အဖွဲ့သားများမှ ချီးမွမ်းကြပါသည်။ ထိုအချိန်က မြန်မာ့အသံရုပ်မြင်သံကြားမှ ဟင်္သာတကပွဲကို မကြာခဏထုတ်လွှင့်ပေးခဲ့ပါသည်။ အဆိုပါအဖွဲ့တွင် ပါဝင်ကပြကြသော ကလေးငယ်များကို သင်ကြားပြသပေးခဲ့သူမှာ မင်းသမီးကြီး တောသူမ မြအုံးကျင်ပင် ဖြစ်ပါသည်။ မင်းသမီးကြီးသည် ကလေးများအပေါ် စိတ်ရှည်သည်၊ အပင်ပန်းခံသည်၊ ကကြိုးစည်းဝါး အနေအထားမှန်ကန်စွာ သင်ကြားနိုင်သည်။ ခေတ်နှင့်အညီ တီထွင်ကြံဆ၍ ကကြိုးများကို ဆန်းသစ် လန်းဆန်းမှုရှိအောင်သင်သည်။ နှစ်ရှည်လများ ဆည်းပူးလေ့လာခဲ့သည့် သူ၏ပညာရပ် အနုပညာကို

မချွင်းမချန် သင်ကြားပေးသည်။ ထို့ကြောင့်လည်း ထိုအချိန်က ဟသ်ာတမြို့ ကျောင်းပေါင်းစုံ ပဒေသာကပွဲသည် မြို့နယ်အဆင့်မှသည် တိုင်းအဆင့် ဧည့်ခံပွဲများ၊ နိုင်ငံခြားဧည့်သည်တော်များဧည့်ခံပွဲများ၊နေ့ထူးနေ့မြတ်ပွဲများတွင် မလွတ်တမ်းဖျော်ဖြေတင်ဆက်ခဲ့ရပေသည်။

မင်းသမီးကြီးမြအုံးကျင်သည် အကသာမက အဆိုပညာလည်းကောင်းပါသည်။ ကျွန်တော့အိမ်ရောက်သည်နှင့် "မောင်လေး "ဇာတိအာဂ"" တီးပါယ်၊ မမဆိုမယ်" ဟု ပြောတတ်ပါသည်။ ကျွန်တော်က ပတ္တလားတွင်ထိုင်၍တီးသည်နှင့် သူ စည်းဝါးကိုင်ကာ လိုက်ဆိုပါတော့သည်။ အသံမှာ ကောင်းသည်ဟု မဆိုသာသော်လည်း ဌာန်ကရိုဏ်း၊ မှင်မောင်း အလွန်ကောင်းလှပါသည်။ ကပွဲတွင် တချို့အကများကို သူကိုယ်တိုင်ဆိုပေးတတ်ပါသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ပြိုင်ပွဲဝင်ယှဉ်ပြိုင်ရန်အတွက် တပည့်များစွာကို သင်ကြားပေးခဲ့သည်။ ယခင်အခါက ပြည်ထောင်စုအလံ ကြိုဆိုရေးအခမ်းအနားတွင် ဟသ်ာတခရိုင်မှ တိုင်းကိုယ်စားပြု သွားရောက်ဖျော်ဖြေရသည့် မင်္ဂလာစည်တော် ယိမ်းအဖွဲ့ကိုလည်းကောင်း၊ လှေသဘင်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းကိုယ်စားပြုဖျော်ဖြေပေးရသည့် ဟသ်ာတခရိုင် လှေသဘင်ယဉ်ကျေးမှုယိမ်းအဖွဲ့ကိုလည်းကောင်း သင်ကြားပေးခဲ့သည်။ ဟသ်ာတခရိုင်မှ တိုင်းသို့ သွားရောက်ယှဉ်ပြိုင်ဖျော်ဖြေရသည့် ရွှေဝါဖူးရေသဘင်ယိမ်းနှင့် ရွှေဟသ်ာရေသဘင်ယိမ်းတို့ကို မင်းသမီးကြီးဒေါ်မြအုံးကျင် ကိုယ်တိုင် သင်ကြားပေးခဲ့သည်။ တိုင်းတွင်လူကြိုက်များ၍ ဆုဖလားများစွာ နှစ်စဉ်နှစ်တိုင်းရခဲ့သည်။ မင်းသမီးကြီးသည် ဘဝက ဆင်းရဲသော်လည်းမြို့နယ်၊ခရိုင်နှင့်တိုင်းအတွက်ဆိုလျှင် အမြဲတမ်းအားတက် သရော ကူညီပေးခဲ့ပါသည်။

မင်းသမီးကြီးဒေါ်မြအုံးကျင် ခေါ် တောသူမမြအုံးကျင်ကို ၁၂၉၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁၂) ရက်နေ့တွင် အဖ ဦးဘိုးကြွယ်၊ အမိ ဒေါ်လှသက်တို့မှ ဟသ်ာတမြို့နယ်၊ ဒူးယားတိုက်နယ်၊ မွေးလုံးကျေးရွာတွင် မွေးဖွားခဲ့သည်။ အနုပညာမျိုးရိုးမရှိပါ။ တစ်မိပေါက် တစ်ယောက်ထွန်းဖြစ်ပါသည်။ အသက် (၁၃) နှစ်၊ (၁၄) နှစ်အရွယ်မှစ၍ အနုပညာနယ်ပယ်ထဲသို့ ရောက်ခဲ့သည်

သူ၏ဇာတိမြေ မွေးလုံးဟူသော ကျေးရွာကလေးတွ
နေစဉ်ကတည်းက အက.ကတတ်နေပေပြီ။ ထိုစဉ်က
ဟသ်ာတမြို့တွင် တည်ထောင်သော ဦးချစ်တီးအငြိ
အဖွဲ့တွင်လိုက်ပါရန် လာရောက်ခေါ်ယူသည်။ ယင်းအ
တွင် မကဖြစ်ဘဲ ဗိုလ်ကေဆိုင်အငြိမ့်အဖွဲ့မှ မရမက
ခေါ်ယူသဖြင့် ကခဲ့သည်။ ဗိုလ်ကေဆိုင်အဖွဲ့တွင် (၄) န
(၅) နှစ် ကပေးပြီး အငြိမ့်မကတော့ဘဲ ထိုအချိန်က
ရုပ်ရှင်အသံတိတ်ခေတ်ဖြစ်၍ ဟသ်ာတမြို့ မင်္ဂလာညွ
ရုပ်ရှင်ရုံတွင် လခစားအဖြစ် နောက်ခံသီဆိုပေးသည်
လခ ၉၅/ - ရသည်။ တနင်္ဂနွေတစ်ပတ်လျှင် (၄) ရက်ခ
ဆိုပေးရသည်။ တီးဝိုင်းမှာ ဦးဘဦးတီးဝိုင်း ဖြစ်သည်
ဦးဘဦးမှာယခုမြန်မာ့အသံတီးဝိုင်း၌တာဝန်ထမ်းဆော
ခဲ့သော စိုးမင်း(တယော)၏ ဖခင်ဖြစ်သည်။

ထို့နောက် ရုပ်ရှင်ရုံမှ လခစားများဖြုတ်သည့်အ
ဟသ်ာတမြို့စန္ဒယားဦးမောင်ကလေး တည်ထောင်သည
စိန်ဟသ်ာအငြိမ့်အဖွဲ့တွင် (၂) နှစ်ကပေးခဲ့သည်။ ထ
အချိန်တွင် မင်းသမီးကြီးမှာ အသက် (၁၈)နှစ် ခန့် ရှိနေ
ပေပြီ။ စိန်ဟသ်ာအငြိမ့်မှထွက်ပြီးနောက် ဗိုလ်ကေဆိုင
အငြိမ့်မှ ပြန်ခေါ်သည့်အတွက် ပြန်ကပေးခဲ့သည်။ အငြိမ့
ထောင်ဆရာ ဗိုလ်ကေဆိုင်မှာ သူ၏ဆရာဖြစ်ပြီး အက
ကောင်းသည်ထက်ကောင်းအောင် သင်ကြားပေးခဲ့ပြီ
အဆို၊ အငို၊ အပြောတတ်အောင် သင်ကြားပေးသည်၊
ထို့ကြောင့် ဗိုလ်ကေဆိုင်အငြိမ့်တွင် စွဲမြဲစွာ ပြန်လည်
ကပေးခဲ့ပြီး ဗိုလ်ကေဆိုင်အငြိမ့်ပျက်သည့်အခါ မြရတနာ
အငြိမ့်ကို မင်းသမီးကြီးကိုယ်တိုင်ထောင်၍ ကခဲ့သည်။

မင်းသမီးကြီး ဒေါ်မြအုံးကျင်သည် မင်းသမီးက
အကနည်းပြီး မင်းသားအကကို ပိုသန်သည်။ သူ၏ မောင
လုပ်သူများကလည်း နမတစ်ယောက်တည်းမို့ စိတ်မချ၍
မင်းသမီးလိုကလျှင် အငြိမ့်မထောင်ရဘူးဟူ၍ ပြော
သဖြင့် မင်းသားကသာ ကခဲ့ရသည်ဟု သိရပါသည်၊
မင်းသမီးကြီးသည် မင်းသားတစ်ပင်တိုင်အကတွင
အလွန်တော်ပါသည်။ ဇော်ကနှင့် လုရိုင်းကတွင်လည်း
အလွန်နာမည်ကြီးပါသည်။ ကျွမ်းထိုး၍ကပြခြင်းဖြစ်
သည်။ မင်းသမီးကြီးသည် အငြိမ့်လောကတွင် ပြဇာတ်

မင်းသားအဖြစ် သရုပ်ဆောင်ရာ၌လည်း နာမည်ကြီး သည်။ ကိုယ်တိုင် မယ်ဒလင်တီးတတ်၍ ယောကျ်ားလေး အသွင်ဖြင့် ရည်းစားအိမ်ရှေ့တွင် မယ်ဒလင်တီးကာ သီချင်းဆိုသည့်အခန်းများသည် ပရိသတ် အလွန်ကြိုက် ကြသည်။ ထိုအချိန်က ပြဇာတ်ပို့သည့်တီးဝိုင်းမှာ ယခု မြန်မာ့အသံဝိုင်းမှ တယောစိုးမင်းတို့အဖွဲ့ဖြစ်ပေသည်။ တယောစိုးမင်း၏အကို ဦးထိန်ဝင်းထံမှ မယ်ဒလင်အတီး သင်ယူခဲ့ကြောင်းသိရသည်။

မင်းသမီးကြီးသည် မန္တလေးမြို့ထွက် နန်းညွန့်စိန်၊ ရွှေဘိုလွင်ဇာတ်အဖွဲ့ ဟင်္သာတမြို့သို့လာကစဉ် ဇော် အကကို ခက်ခက်ခဲခဲသင်ယူခဲ့သည်။ ဇော်အကမှာ မင်း သမီးကြီး၏ နာမည်ကြီးလှသောအက ဖြစ်ပေသည်။

မင်းသမီးကြီးသည် အငြိမ့်ခေတ်တွင် တောရေမြို့ပါ နာမည်အလွန်ကြီးလှသည်။ တောဘက်တွင် ပို၍နာမည် ကြီးသည်။ သူ၏အကဆရာများမှာ ဦးစိန်နက်၊ တလိုင်း စိန်၊ ဦးလူမြင့်နှင့် ဗိုလ်ကေဆိုင်တို့ဖြစ်သည်။ တောသူမ မြအုံးကျင်ဟု အမည်ခေါ်ခြင်းမှာ ထိုအချိန်က ရတနာပုံ မြအုံးကျင်ဟူ၍ ခေတ်ပြိုင်မင်းသမီးရှိနေသည့်အတွက် လူချင်းကွဲအောင် မှည့်ခေါ်ခဲ့ခြင်း ဖြစ်သည်။ သို့သော် လည်း ထိုတောသူမမြအုံးကျင် အမည်ကြောင့် တော ပရိသတ်က သူ့ပေါ်ပို၍ ချစ်ခင်တွယ်တာခဲ့ကြပေသည်။ မင်းသမီးကြီးသည် အသက် (၃၀) အရွယ်တွင် သပြေ ကုန်းရွာသား နဲဆရာဦးကျော်မောင်နှင့် အကြောင်းပါခဲ့ သည်။ သား (၂) ယောက်ရခဲ့သည်။ နဲဆရာဦးကျော် မောင်မှာထိုအချိန်က ဟင်္သာတမြို့တွင် နာမည်ကြီးရွှေစား စိန်တင်သန်းဆိုင်းအဖွဲ့၌ နဲခေါင်းဆောင်အဖြစ် ပင်တိုင် နဲမှုတ်ခဲ့ပါသည်။

မင်းသမီးကြီး တောသူမမြအုံးကျင်တို့ခေတ် အချိန် အခါသည် ဟင်္သာတမြို့၌ ဇာတ်၊ အငြိမ့်များ ခေတ်စားဆုံး အချိန် ဖြစ်ပေသည်။ ဟင်္သာတမြို့သည် မြေလတ်ပိုင်း အနုပညာရှင်များ အများဆုံးမွေးဖွားခဲ့ရာ အရပ်ဖြစ်ပါ သည်။ ထိုအချိန်က ဟင်္သာတမြို့တွင် ဦးချစ်တီးအငြိမ့်၊ ဗိုလ်ကေဆိုင်အငြိမ့်၊ စိန်ဟင်္သာအငြိမ့်၊ မြရတနာအငြိမ့်၊ မြလေဒီအငြိမ့်၊ မျိုးချစ်သန်းအငြိမ့်၊ နိုင်ရတနာအငြိမ့်၊ တင်တင်မြင့်အငြိမ့်စသည်ဖြင့် အငြိမ့်အဖွဲ့များရှိကြပြီး အောင်ညီနောင်ဇာတ်၊ စိန်မြသန်းဇာတ်၊ ဦးဗလကြိုင် ဇာတ်ကဲ့သို့သော ဇာတ်အဖွဲ့ကြီးများလည်း ရှိကြသည်။ ဇာတ်တိုင်း အငြိမ့်တိုင်းလိုလို ပွဲကကြရသည်။ ထိုစဉ်က ဟင်္သာတမြို့တွင် ဇာတ်များ၊ အငြိမ့်များ မျက်နှာပန်းလှ ချိန် ဖြစ်ပေသည်။ ဟင်္သာတမြို့သည် အနုပညာသမားတို့ အတွက် ရေကြည်ရာ မြက်နုရာဖြစ်ခဲ့သည့်နည်းတူ အနု ပညာသမားများစွာကိုလည်း မွေးဖွားပေးခဲ့သည်။ တချို့ လည်း နာမည်ကျော် တိုင်းသိပြည်သိများဖြစ်ခဲ့ကြပြီး တချို့မှာလည်း မိမိဒေသတွင် ကျင်လည်ကျက်စားရင်း ဖြင့် ဘဝချုပ်ငြိမ်း သွားကြရသည်။

တစ်ချိန်က မင်းသမီးတောသူမမြအုံးကျင်ဟု ဟင်္သာတမြို့နယ်တစ်ဝိုက်တွင် နာမည်ကြီးခဲ့သည့် မင်း သမီးကြီး ဒေါ်မြအုံးကျင်မှာ အသက် (၇၇) နှစ်အရွယ်၌ ဟင်္သာတမြို့ ပိုးစာတောလမ်းရှိ သူ၏အိမ် ကုပ်ကုပ် ကလေးတွင် ဘဝကို အပြီးသတ်ချုပ်ငြိမ်း အဆုံးသတ် သွားပြီ ဖြစ်ပါသည်။ မင်းသမီးကြီးသည် အနုပညာ အသီးရင့်လှသော်လည်း အရွက်ဖုံးဘဝဖြင့်ပင် အဆုံး သတ်ခဲ့ရပေသည်။ မင်းသမီးကြီးတောသူမမြအုံးကျင်မှာ လူ့လောကမှ ထွက်ခွာသွားခဲ့ပြီဖြစ်သော်လည်း သူ၏အနု ပညာမျိုးစေ့ချပေးခဲ့မှုများကြောင့်ဟင်္သာတနယ်တစ်ဝိုက် တွင် သူ၏အနုပညာတို့သည် ဆက်လက်ရှင်သန် လန်း ဆန်းနေဦးမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**ဟင်္သာတ–မင်းခန့်ဟိန်း**

ချစ်သောဧရာဝတီ မင်းဟာ မြန်မာပြည်မြောက်ဖျား မြစ်ကြီးနားမြို့ကမိုင်သုံးဆယ်အကွာခန့်မှာမေခနဲ့မေလိခ ဆိုတဲ့ မြစ်နှစ်သွယ်ပေါင်းစည်းမိပြီး စတင်ပေါက်ဖွားလာခဲ့တယ်။ ဒါကြောင့်ဧရာဝတီအစမြစ်ဆုံကလို့ဆိုရမှာပေ့ါ။ မိုင်ပေါင်း (၁၂၃၀) ရှည်လျားတာမို့ ကမ္ဘာ့အရှည်ဆုံးမြစ်များရဲ့စာရင်းမှာ အဆင့် (၃၆) အဖြစ် ရပ်တည်နေလေရဲ့။ ဟိမဝန္တာတောင်မှ မြစ်ဖျားခံစီးဆင်းလာခဲ့တဲ့ အာရှတိုက်ရဲ့ထင်ရှားတဲ့မြစ်ကြီးကိုးစင်းထဲမှာလည်းကုန္ဒူ၊ဂင်္ဂါ၊မြစ်ဝါ၊ မဲခေါင်စတဲ့ မြစ်ကြီးတွေနဲ့အတူ ဂုဏ်ရှိန်ဝင့်ထည်လို့ တင့်တယ်ခဲ့တာလည်း မင်းပါပဲ ဧရာဝတီ။

မင်းကို ရှမ်းဘာသာစကားနဲ့ နမ့်ကျိုမြစ်လို့ ခေါ်ကြတယ်။ *အဓိပ္ပာယ်ကတော့ ကျောက်မြက်ရတနာမြစ်လို့* ခေါ်တာပါ။အေဒီ(၆)ရာစုနဲ့(၉)ရာစုဆီကတရုတ်ပြည်မှာ တန်မင်းဆက်အုပ်စိုးစဉ်ကာလမှာ မင်းကို ဖြတ်သန်းကူးသန်းခဲ့တဲ့တရုတ်ခရီးသည်တွေက "လိရွှေ" လို့ခေါ်ကြပြန်တယ်။ လိရွှေဆိုတာ လှပတဲ့မြစ်ကြီးလို့ အဓိပ္ပာယ်ရတယ်။ ဟင်ဒီစကားနဲ့ အိန္ဒိယသားတွေခေါ်ကြတာကတော့ "ကူရဝတီ" တဲ့ အဓိပ္ပာယ်ကတော့ ဆင်မြစ်ကြီးတဲ့လေ။ မင်းရဲ့ကြီးကျယ်ခမ်းနားမှုကိုဂုဏ်ပြုလို့ခေါ်တာထင်ပါရဲ့။ ဘာပဲဖြစ်ဖြစ် မင်းရဲ့ကျေးဇူးတရားက တို့များတိုင်းပြည်နဲ့လူမျိုးအပေါ်မှာ ကြီးမားလှပါတယ်။ မင်း စီးဆင်းလာခဲ့ရာကနေ မြို့ပေါင်း (၂၁၅) မြို့ ရွာပေါင်း (၁၉၄၀၀) ကျော်မှာ နေထိုင်ကြတဲ့ လူဦးရေ (၂၄) သိန်းကျော်အတွက် ရေချိုသောက်သုံးခွင့်ပေးခဲ့တာ ကျေးဇူးပါ။ ဒါတွင်မက ရထားလမ်း၊ ကားလမ်းမတွေထက် စရိတ်စကသက်သာလှတဲ့ သဘာဝရေလမ်းမကြီးအဖြစ် ပြည်သူတွေကို အသုံးချခွင့်ပေးခဲ့တာလည်း မင်းပဲလေ။

*ဒါကြောင့်မို့ မင်းဟာ တို့တိုင်းပြည်ရဲ့ အသက်သွေး*ကြောလို့ ပြောရင်မမှားသလို လမ်းပန်းဆက်သွယ်ရေး ကောက်ပဲသီးနှံစိုက်ပျိုးရေးတို့အပြင် တို့နိုင်ငံရဲ့ တောတောင်ရေမြေသဘာဝပန်းချီကားဟာ မင်းပါဝင်လာလို့ ပိုမိုသက်ဝင်တောက်ပ ကြွရွစေခဲ့တာပေ့ါ။ တစ်ခါတလေ

# မြစ်ရောနဲ့ မြို့ဟသာၤ

**စိမ်းရည်မြသွေး**



ကိုယ်တွေးမိတယ်။ တို့များရဲ့ မဟာကရုဏာတော်ရှင် မြတ်ဘုရားက တို့နိုင်ငံရဲ့ အလှတရားနဲ့ လူမှုရေး၊ စီးပွားရေးလိုအပ်ချက် အထွေထွေအတွက် ရည်ရွယ်မှန်းထားပြီး မင်းကို ဖန်ဆင်းခဲ့လေသလားလို့လေ။ တို့နိုင်ငံအပေါ်မှာ ရှိထားတဲ့ မင်းရဲ့ကျေးဇူးတရားကို တို့တစ်တွေတင်သာမက တစ်ကမ္ဘာလုံးက သိရှိနားလည်ပြီးသားပါ။ အထူးသဖြင့် ကိုယ်တို့လိုမြစ်ဝကျွန်းပေါ် မြို့ကလေးက မင်းရဲ့တန်ဖိုးနဲ့ကျေးဇူးတရားကို ပိုမိုပြီးယုံကြည်နားလည်ထားတယ်ဆိုတာ မင်းသိမှာပါ ဧရာဝတီ။ မင်းစီးဆင်းခဲ့ရာတစ်လျှောက် ကမ်းဘေးဝဲယာမှာ မြို့ပေါင်းများစွာ မင်းကျော်ဖြတ်ခဲ့ရတယ်။ အဲဒီ မြို့တွေနဲ့ ရင်းနှီးပွေ့ဖက်မင်း ပတ်သက်ခဲ့ရမယ်။ ကိုယ်ထင်ပါတယ်။ အဲဒီပတ်သက်မှုတရားတွေက မင်းနဲ့တို့မြို့ရဲ့ ပတ်သက်ခြင်းတရားတွေနဲ့စာရင် အင်မတန်နည်းပါးနေမယ်လို့လေ။

ဧရာဝတီရေ မင်းရဲ့ အနောက်ဘက်ကမ်းမှာရှိတဲ့ တို့မြို့လေးဟာ "ဟင်္သာတ" လို့အမည်တွင်ပြီးစတုရန်းမိုင်ပေါင်း (၃၇၉) ကျယ်ဝန်းပါတယ်။ အရှေ့မှ အနောက်သို့ (၂၄) မိုင်၊ မြောက်မှတောင်သို့(၂၈)မိုင် ရှည်လျားပြီး မြို့မရပ်ကွက်ပေါင်း(၂၁)နဲ့ကျေးရွာအုပ်စုပေါင်း(၁၀၃)အုပ်စုမှာကျေးရွာပေါင်း(၈၂၀)နဲ့ဖွဲ့စည်းပါဝင်ထားလေရဲ့။ လူဦးရေ (၃၃၇၈၈၀) အထိရှိတဲ့အတွက် လူဦးရေထူထပ် သိပ်သည်းတဲ့မြို့ပေ့ါ။ ဒါ့အပြင် မြေလတ်ဒေသရဲ့ ကုန်သွယ်ရာအချက်အခြာကျတဲ့ မြို့တစ်မြို့ဆိုရင်လည်း မမှားနိုင်ပါဘူး။ မင်းကြောင့် ဖြစ်ထွန်းပေါပေါက်လာတဲ့ မြစ်ဝမြေနုကျွန်းတွေကလည်း စားသုံးမကုန်တဲ့ အသီးအနှံတွေကို လူသားတို့ ရိက္ခာအတွက် ဖြည့်တင်းပေးလျက်ပါ။ တမျှော်တခေါ်ရှုမျှော်မဆုံးတဲ့ မြစ်ဝမြေနုကျွန်းတွေမှာ ပဲမျိုးစုံ၊ ပြောင်း၊ ဆေးရွက်ကြီးနဲ့ ငရုတ်တို့အပြင် ဗူး၊ ဖရုံ၊ သခွား၊ ခရမ်းချဉ်၊ ဂေါ်ဖီ၊ မုံလာအစရှိတဲ့ မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက် အမယ်စုံတွေလည်း စိုက်ပျိုးဖြစ်ထွန်းကြတယ်။ တို့ပြည်သူတွေ သီးနှံမျိုးစုံလတ်ဆတ် ပေါများစွာ စားသုံးနိုင်ဖို့အတွက် အဓိကပံ့ပိုးသူဟာ ဧရာဝတီလို့ ပြောခဲ့ရင် ဘယ်သူကများ ငြင်းဆန်နိုင်မှာလဲကွယ်။

မင်းဆီကတိုက်ခတ်လာတဲ့ လေနုအေးတွေဟာ တမျှော်တခေါ် ကိုင်းစိုက်ခင်းတွေကိုဖြတ်ပြီး တို့မြို့လေးကို မထိခလုပ်၊ ထိခလုပ် ကျီစယ်တတ်တယ်။ ဆောင်းရာသီ ဟေမန္တရဲ့ နှင်းမှုန်ကြားမှာ တို့မြို့ကလေးနဲ့ မင်းရဲ့ ဆက်ဆံရေးကတော့ အေးအေးဆေးဆေး နွေးနွေးထွေးထွေးပါပဲ ဧရာဝတီ။ လန်းဆန်းတဲ့ပန်းမျိုးစုံ၊ လတ်ဆတ်တဲ့ သီးနှံအစုံစုံပေါ်ထွက်ချိန်မို့မြို့လူထုစားသုံးမကုန်အခြားမြို့တွေကိုပါတင်ပို့ရောင်းချရချိန်ပေ့ါ။ ပွင့်လင်းရာသီမို့လည်း တို့မြို့ကလေးဟာ ပွဲလမ်းသဘင်မျိုးစုံနဲ့ သက်ဝင်လှုပ်ရှားစည်ကားလွန်းလှရဲ့။ "အဲ" မိုးခါရောက်ပြီဆိုရင်တော့ တို့မြို့လေးဟာ မင်းရဲ့အကျီစားသန်မှုကြောင့် မြို့ရဲ့ စိုးရိမ်ရေအမှတ် (၄၄) ပေကို မရောက်တဲ့နှစ် မရှိသလောက်ရှားလှတယ်။ မင်းဆီကအင်နဲ့အားနဲ့စီးဆင်းလာတဲ့ရေထုအင်အားကြောင့်ဘယ်ကိုကြည့်ကြည့်ရေပြင်ကျယ်အတိပေ့ါ။ မင်းရဲ့အကြည့်စားသန်တဲ့ဒဏ်ကို ခံနိုင်အောင် တို့မြို့ကို တာတွေဆင့်ပတ်လို့ ကာကွယ်ထားရတယ်လေ။ ဒီလိုရာသီမှာတော့ မင်းက တို့မြို့ကလေးကို အထက်စီးကနေငုံ့ကြည့်ရင်း ဟားတိုက်ရယ်မော တသောသောပေ့ါ။ ဒါကြောင့်လည်း တို့မြို့လေးကို မြစ်အောက်ကမြို့လေးလို့ တင်စားခေါ်ကြတယ်။ ဒီနာမည်လေးရလာတာ မင်းကြောင့်ပေ့ါ ဧရာဝတီ။

တို့မြို့ကို တာမိုင်ပေါင်း (၄၆.၁၃) မိုင်နဲ့ပတ်လို့ ကာရံထားတဲ့ကြားက တစ်ခါတစ်ရံ ကြည့်စားချက် လွန်ကဲပြီး တာပေါင်ကိုဖြတ်လို့ဖြစ်စေ၊ တာရိုးကျိုးလို့ဖြစ်စေ တို့မြို့ထဲအရောက် မင်းဖွတ်အတင်း ဝင်ချလာတတ်တယ်။ ဒီအခါမှာ တို့မြို့သူမြို့သားတွေကလည်း ဆည်မြောင်းဦးစီးဌာနရဲ့ စီမံကွပ်ကဲမှုအောက်ကနေပြီး ညီညာစိတ်ထားစုပေါင်းအားနဲ့ ရေကျော်ကျိုးပေါက်တဲ့နေရာတွေကို အမြန်ဆုံးပြင်ဆင်ဖာထေးလို့မင်းကိုအလျော့မပေးခဲ့ဘူး။ "ဧရာဝတီ" တစ်ခါတစ်ရံမှာ မင်းကတို့မြို့လေးရဲ့ဟာကွက်ပျော့ကွက်ကို အသာချောင်းလို့ မြို့ကိုဖုံးလွှမ်းဖို့ ကြိုးစားတယ်။ တို့မြို့လေးကလည်း နီးကြားတက်ကြွစွာနဲ့ သတိကလေးတစ်ချက်တောင် မလစ်ဟင်းရအောင် အသင့်ပြင်ခုခံထားကြတယ်။ "ရေကင်း" စောင့်တယ်ဆိုတဲ့အသုံးအနှုန်းက တို့မြို့လေးမှာ မင်းကြောင့်သာ ဖြစ်ထွန်းလာရတာပါ ဧရာဝတီ။ ပြောရမယ်ဆိုရင် ဒီအချိန်မှာ မင်းဘက်က တိုက်စစ်၊ တို့မြို့ကလေးကတော့ ခံစစ်အနေအထား

ပေါ့။ ဒီလိုအနေအထားမျိုးက တစ်နစ်လည်းမဟုတ် နှစ်နှစ်လည်းမဟုတ် နှစ်တိုင်းလိုလိုပါပဲ။ ကြာလာတော့လည်း ဒီအကြောင်းတရားကို ပြဿနာလို့မထင် ဖြစ်ရိုးဖြစ်စဉ်လို့ပဲ သဘောထားနေလိုက်ကြတော့တယ်။ အဲဒီဖြစ်ရိုးဖြစ်စဉ်ကလေးက တို့မြို့သူမြို့သားတွေအတွက် အမြတ်ထွက်ခဲ့တယ်။ ဘယ်လိုအမြတ်မျိုးလဲလို့ မင်းသိချင်လား ဇေရာဝတီ။ တခြားဟုတ်ရိုးလား။ အရေးကြုံရင် မနိုမကပ် စုပေါင်းညီညာစိတ်ဓာတ်နဲ့ တက်တက် ကြွကြွ လုပ်ဆောင်တတ်တဲ့ အလေ့အကျင့်ကောင်းလေးပါပဲ။ အဲဒီအကျင့်ကောင်းလေးကြောင့် လူထုအားကစားလဖြစ်တဲ့ ဒီဇင်ဘာလမှာ ကိုယ်လက်လှုပ်ရှား အားကစားနဲ့ လမ်းလျှောက်ပွဲတွေမှာ မြန်မာတစ်ပြည်လုံးမှာ ဆယ်နှစ်ဆက်တိုက် ပထမဆုရခဲ့တာ တို့ဟသ်ာတမြို့လေ။ ခုလိုရတဲ့ကိစ္စမှာ ပြောရမယ်ဆိုရင် မင်းရဲ့ကျေးဇူးမကင်းဘူးဆိုရမယ် ဇေရာဝတီ။

နွေခါသမယရောက်ပြန်တော့လည်း မင်းကတည်တည်ငြိမ်ငြိမ်ကြည်ကြည်လင်လင် စိမ်းစိမ်းလန်းလန်းနဲ့ အသွေးအရောင်ပြောင်းလို့မို့၊ မိုးတွင်းကလှုပ်ရှားမှုတွေနဲ့ ပြောင်းပြန်ငြိမ်သက်လို့နေလေရဲ့။ ဒီအခါကျတော့ တို့မြို့လေးကတစ်ပြန် အထက်စီးကနေ မင်းကိုငုံ့ကြည်ရပြန်ရော။ မင်းကတော့ အဲဒီအခါမှာ မြင့်မတ်တဲ့ ကမ်းပါးအောက်ခြေကနေ အဆိပ်မရှိတဲ့ ရေမြွေလေးလို ခပ်ကုပ်ကုပ် လေးစီးဆင်းနေပြန်တယ်။ ဇေရာဝတီရေ မင်းနဲ့တို့ဟသ်ာတမြို့ကတော့ ဘတစ်ပြန် ကျားတစ်ပြန် ပုံစံမျိုးနဲ့ အတူယှဉ်တွဲနေထိုင်လာခဲ့ကြတာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။ ပတ်သက်မှုတွေများလို့ ရင်းနှီးမှုတွေလည်း များခဲ့လေရဲ့။ တို့မြို့လေးမှာ တန်ခိုးကြီးဘုရား အဆူဆူ၊ တင့်တယ်ခမ်းနားတဲ့ သာသနာ့ဗိမာန်တော်ကြီးနဲ့အခြားသောသာသနိက အဆောက်အအုံ၊ တရားရိပ်သာတွေ တို့မြို့မှာ လက်ညှိုးထိုးလို့ မလွဲရှိတာ မင်းသိမှာပါ ဇေရာဝတီ။ မြို့ရဲ့ကျောင်းတိုက်များမှာ သံဃာတော်ပေါင်း သုံးထောင်ကျော် သီတင်းသုံးနေပြီး မြို့သူမြို့သားများက ခုနစ်ရက်ပတ်လုံး သံဃဒါန ဆွမ်းလောင်းလှူကြတယ်။ နွေရောမိုးမှာပါ သံဃဒါနဆွမ်းလောင်းလှူကြရာမှာ လက်ရှိနေထိုင်တဲ့ မြို့သူမြို့သားတွေပါမက ရန်ကုန်ရောက် ဟသ်ာတအသင်းသူ အသင်းသားများနဲ့ ရပ်ဝေးရောက် ဇာတိမြို့သားတို့လည်း နှစ်စဉ်လာရောက် လောင်းလှူလေ့ ရှိကြပါတယ်။

ဇေရာဝတီရေ တို့မြို့လေးရဲ့ ဓလေ့စရိုက်ဖြစ်တဲ့ အသံမစဲ မဟာပဋ္ဌာန်းပွဲတွေကိုလည်း မင်းကြားမိမှာပါ။ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ဦးစီးလို့ မြို့လုံးကျွတ် ညီညွတ်စွာ ကျင်းပတဲ့ ကထိန်ပွဲကလည်း စည်မှစည်ပဲ။ ပြောရရင်တော့ ဘာသာရေး သာသနာရေးမှာ တို့မြို့က နောက်မကျဘဲ ရှေ့တန်းကရပ်တည်နေတာ မင်းအသိပါ။ စာပေဘက်မှာဆိုရင်လည်း အမျိုးသားပညာဝန် ဦးဖိုးကျား၊ စာရေးဆရာသူရိယကန္တိ၊ ဆရာပါရဂူ၊ တေးသားကြီး လူနိုင်၊ ဆန်းထွန်း(မန်းတက္ကသိုလ်)၊ ဒေါက်တာထွန်းဦးတို့ဟာ ဟသ်ာတသားတွေပါ။ ဒီဘက်ခေတ်မှာဆိုရင်လည်း စာပေလောကမှာ ဟသ်ာတသူ၊ ဟသ်ာတသားအများအပြား ထဲထဲဝင်ဝင်ပါဝင်ရေးသားနေကြပြီး နိုင်ငံတော်အဆင့်ပြိုင်ပွဲများ အဖွဲ့အသင်းဆိုင်ရာ ပြိုင်ပွဲများစွာတို့မှာ ကလောင်စွမ်းပြ၍ ဆုအသီးသီးကို အဆက်မပြတ်ရယူနေကြတာလည်း မင်းသိထားပါ ဇေရာဝတီ။ ဂီတနယ်ပယ်မှာလည်း စန္ဒယားချစ်ဆွေ၊ ဟသ်ာတစိန်လင်း၊



ဟသ်ာတမြင့်ဌေး၊ အကော်ဒီယံအုန်းကျော်၊ ဟသ်ာတထွန်းရင်၊ ဟသ်ာတအောင်တင်ဝင်း၊ အဆိုတော် မင်းအောင်၊ ဒဂ်ါး၊ မောင်ဂျွန်၊ ချစ်စမ်းမောင်စသည်ဖြင့် အနုပညာရှင်အများအပြား အခိုင်အမာ နေရာရထား ယူထားကြတာပါ။ ရုပ်ရှင်နယ်မှာဆိုရင်လည်း မေနွဲ့၊ ခင်မောင်မြင့်၊ ကောလိပ်ဂျင်နေဝင်း၊ သန်းထွဋ်၊ ဒါရိုက်တာ ရဲဘော်သက်ရှည်နဲ့ မိုးဒီအစရှိတဲ့ နာမည်ကျော်တွေဟာ ဟသ်ာတသားတွေပဲပေါ့။

ရပ်ကွက်တိုင်းရဲ့ ဆွမ်းသိမ်းပွဲတွေမှာ ဟသ်ာတမြို့ဆိုင်းအဖွဲ့များရဲ့ ဂီတလက်သံသာတွေကို မင်းကြားရနိုင်မှာပါ ဇရာဝတီ။ တို့မြို့ရဲ့ နာမည်ကျော်ဆိုင်းဆရာကြီးစိန်တင်သန်းဟာ မဟာဂီတစာအုပ်ကို သူ့ရှေ့ကို လှမ်းပစ်သာပေးလိုက် ကျရာ စာမျက်နှာကို ချက်ချင်းကောက်တီးနိုင်အောင် ပြောင်မြောက်ခဲ့သူပေါ့။ ဒ့ါအပြင် ပြီးခဲ့တဲ့ တိုင်းအလိုက် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲမှာ ဆုတံဆိပ်အများဆုံးရရှိပြီး တံခွန်စိုက်ဖလား ရရှိခဲ့တာ တို့ဟသ်ာတခရိုင်လေ။ ဒါကြောင့်လည်း အနုပညာထွန်းကားရာမှာ အထက်မြန်မာပြည်မှာ "မန္တလေး" အောက်မြန်မာပြည်မှာ "ဟသ်ာတ" လို့တောင် ပြောစမှတ်တွင်လေရဲ့။ အားကစားဘက်မှာဆိုရင်လည်း တစ်ချိန်တစ်ခါက မြန်မာ့လက်ရွေးစင်ဘောလုံးသမား "လှငြေး"၊ စိုးသန်းနဲ့ အခုအသက် (၁၉) နှစ်အောက် ပြိုင်ပွဲမှာ ပါဝင်ကစားနေတာ "နန်းဝေမင်း" စတဲ့ ဘောလုံးသမားတွေအပြင် အခြားသော အားကစားကဏ္ဍများမှာ နိုင်ငံဂုဏ်ဆောင်လို့ ဆုတံဆိပ်တွေ ယူပေးတဲ့အထဲမှာ ဟသ်ာတမြို့သား အားကစားသမားတွေ ပါဝင်တယ်ဆိုတာကိုလည်း မင်းသိထားပါ ဇရာဝတီ။

ပညာရေးဘက်မှာလည်း ခမ်းနားတင့်တယ်လှတဲ့ ဟသ်ာတတက္ကသိုလ်၊ သိပ္ပံနှင့်နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ သူနာပြုသင်တန်းကျောင်းတွေကလည်း နောင်တစ်ချိန်မှာ တိုင်းပြည်အကျိုး သယ်ပိုးရွက်ဆောင်ကြမယ့် သားကောင်းသမီးမွန်တွေကို မွေးထုတ်ပညာသင်ကြားပေးလျက် ရှိပါတယ်။ မြို့ရှိ အထကကျောင်းများမှာလည်း ဘာသာစုံဂုဏ်ထူးရှင်တို့အပြင် မြန်မာတစ်ပြည်လုံး အမှတ်အများဆုံး ဆယ်ဦးစာရင်းမှာ ပင် ပါဝင်နိုင်တာ နှစ်စဉ်မြင်ကြသိကြမှာပါ။ ကြွားတယ်လို့ ထင်ချင်လည်းထင်တော့ ဇရာဝတီ။ တို့မြို့သူမြို့သားတွေဟာ ဘာသာရေး၊ ပညာရေး၊ အနုပညာလောက၊ အားကစားနယ်ပယ်အသီးသီးမှာ ဘယ်နေရာမှာမှမခေ အစွမ်းအစရှိသူတွေလို့သာ မှတ်ထားလိုက်နော်။ မင်း ဟိုသီချင်းကလေးကြားဖူးမှာပေါ့။ "တို့ဟသ်ာတသားတွေ စည်းလုံးညီညွတ်တယ် ...တို့ဟသ်ာတသားတွေ ရင်းနှီးဖော်ရွေတယ်" ဆိုတာလေ။ အဲဒီသီချင်းကလေးက ဟသ်ာတသူ ဟသ်ာတသားတွေရဲ့ စရိုက်မှန်ကို ဖော်ပြထားတာပါ။

မြို့တိုင်းမြို့တိုင်းမှာ နာမည်ကျော်ကြားတဲ့ အစားအသောက်ကောင်းရှိကြတယ်။ တို့မြို့ရဲ့ နာမည်ရ အစားအသောက်ကောင်းကတော့ နာမည်ကျော် ဟသ်ာတမုန့်ဟင်းခါးပေါ့။ ဆန်လှော်မှုန့်မွှေးမွှေး၊ လတ်ဆတ်တဲ့ ကုလားပဲ၊ ရေချိုငါးတို့ အချိုးကျပေါင်းစပ်လို့ ကြက်သွန်နီဥနိုင်နိုင်၊ ငရုတ်ကောင်းနံ့မွှေးမွှေး၊ ဟသ်ာတမုန့်ဟင်းခါးကို စားဖူးသူတိုင်း တစ်သက်မမေ့ဘဲ လျှာလည်သွားမှာနော်။ တစ်ချိန်တစ်ခါက မုန့်ဟင်းခါးချက်ကောင်းလွန်းလို့ ဟသ်ာတသူဒေါ်မြသိန်းကို နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ရွှေတံဆိပ်ဆုချီးမြှင့်ခဲ့တယ်တဲ့ ဇရာဝတီ။ မုန့်ဟင်းခါးရဲ့အဓိကမဏ္ဍိုင်ဖြစ်တဲ့ လတ်ဆတ်ချိုမြတဲ့ ငါးမျိုးစုံကိုလည်း မင်းဆီကပဲ ရယူတာပါ ဇရာဝတီ။ တို့မြို့လေးရဲ့ အရာရာတိုင်းမှာ မင်းမပါရင် မဖြစ်အောင် ပါဝင်ပတ်သက်ခဲ့တာမို့ တခြားမြို့တွေနဲ့စာရင် တို့မြို့လေးနဲ့ မင်းရဲ့အနေအထားက ရင်းနှီးမှုက သာသာထိုးထိုးပိုရှိပါတယ်။ ခင်မင်မှုအားကြီးသမို့ မင်းရဲ့ကောင်းရာကောင်းကျိုး သတင်းတွေကိုပဲ မျှော်လင့်နေမိရဲ့။

ဇရာဝတီရေ နှစ်ပေါင်းရှည်ကြာ ကျန်းမာသန်စွမ်းစွာနဲ့ ခရီးဆက်နိုင်ပါစေ။

**စိမ်းရည်မြသွေး**

စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ စေတနာကိုကံဟု လောကသုံးပါး၏ အတုမဲ့ထွတ်တင် အနှိုင်းမဲ့ ကျေးဇူးရှင် မဟာကရုဏာတော်သခင် အမြတ်ဆုံးသော မဟာလူသား သဗ္ဗညုဗုဒ္ဓမြတ်စွာဟောမိန့်တော်မူခဲ့သော စေတနာကောင်းလျှင် ကံကောင်းမည်ဖြစ်ပြီး စေတနာဆိုးလျှင် ကံဆိုးမည်ဖြစ်သည်။ ကံဆိုသည်မှာ အလုပ်ကိုဆိုခြင်းဖြစ်၍ အလုပ်ကောင်းလျှင် ကံကောင်းမည်။ အလုပ်ဆိုး လျှင် ကံဆိုးမည်ဖြစ်သည်။

သို့ဖြစ်ရာ အလုပ်ကောင်း၍ ကံကောင်းခြင်းလက်ဆောင်ကို ရဟန်းရှင်လူ ပြည်သူအများတို့အား ပေးစွမ်းနိုင်ခဲ့သော ဟင်္သာတခရိုင် စက္ခုပါလာဒီဖောင်ဒေးရှင်း၏ စစ်မှန်သော ပြည်သူ့အကျိုးပြု ပရဟိတလုပ်ငန်းကို ဂုဏ်ပြုတင်ပြလိုပါသည်။



## နိုင်ငံတော်သမ္မတကြီးက ချီးမြှင့်သော အဖွဲ့အစည်း စွမ်းဆောင်ရည် အကောင်းဆုံးဆုရ ဟင်္သာတခရိုင်

# စက္ခုပါလာဒီဖောင်ဒေးရှင်း

**သစ္စာဝါဒီဦးမြင့်အောင်**

### ဟင်္သာတခရိုင် စက္ခုပါလာဒီဖောင်ဒေးရှင်း

ဟင်္သာတခရိုင် စက္ခုပါလာဒီဖောင်ဒေးရှင်းဟူသည်မှာ မျက်စိဝေဒနာရှင်၊ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ၊ လူနာများအား ပြန်လည်ကောင်းမွန်စေရန် အခမဲ့ ခွဲစိတ်ကုသစောင့်ရှောက်မှုတို့ကို ကောင်းမြတ်သည့် မနသီ၊ ကြည်လင်သည့် မနော၊ ဖြူစင်သည့်စေတနာဖြင့် အများပြည်သူ ကျန်းမာရေးစောင့်ရှောက်ပေးနေသော လူမှုဝန်ထမ်း ပရဟိတအဖွဲ့ကြီး ဖြစ်သည်။

လောကကြီး၌ စက္ခုနှစ်ကွင်း အလင်းမရရှာသူတို့သည် လကွယ်ည သန်းခေါင်တွင် မိုးမှောင်ကျနေခိုက် တောကြီးမျက်မည်းထဲ၌ မျက်စိသူငယ် နားသူငယ်ဖြင့် အထီးကျန် တစ်ကိုယ်ရေရောက်နေရသည့်သူပမာ လောကကို အလင်းဆောင်ပေးသော ကမ္ဘာ့တန်ဆာဖြစ်သည့် နေလနက္ခတ်တရားတို့ကို ကြည့်မြင်နိုင်စွမ်း မရှိ၊ လောကသဘာဝ အလှတရားတို့ကိုလည်း မတွေ့နိုင်၊

စက္ခုအာရုံချို့တဲ့မှုကြောင့် မိဘဆွေမျိုးညီအစ်ကို မောင်နှမသားသမီးတို့၏ ရုပ်သွင်ကိုပင် မမြင်ရ၊ မမြင်မစမ်း ဘဝလမ်း၌ လမ်းပျောက်အားငယ်နေရရှာကာ နေရောင်အောက်၌ပင် အမှောင်ကျရောက်နေရရှာသည့်အဖြစ်ကြုံနေရသည်မှာဝမ်းနည်းကြေကွဲဖွယ်ကောင်းလှသည်။ ထို့အတူ မွေးရာပါမျက်စိကောင်းသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မျက်စိဝေဒနာ ခံစားနေရသူတို့၏ အဖြစ်မှာလည်း စိတ်ပျက်အားငယ်စရာဖြစ်နေရသည်။

ဗုဒ္ဓမြတ်စွာပါရမီတော်ဖြည့်ဆည်းခဲ့ရာ ဘဝများစွာအနက် ဇာတ်တော်ကြီးဆယ်ဖွဲ့လာ သုဝဏ္ဏသာမ ဇာတ်တော်တွင် တောနေရသေ့များဖြစ်ကြသည့် မိအိုဖအိုတို့အား ရှိသေစွာပြုစုလုပ်ကျွေးလျက်ရှိသော ဘုရားအလောင်းတော် သုဝဏ္ဏသာမ သတို့သားသည် မယ်တော်၊ ခမည်းတော်တို့ ရေချိုးရန်အတွက် သမင်အပေါင်းခြံရံလျက် မြစ်ဆိပ်သို့ရေခပ်ဆင်းစဉ် ပီဠိယက္ခမင်း၏ မြားထိမှန်၍ လဲကျကာ မြားဆိပ်တက်၍ သေအံ့မူးမူး မိန်းမောနေစဉ် မိခင်၊ ဖခင်တို့ သစ္စာစကားဆိုရာ၌ သိကြားမင်းက ဆုသုံးဆုပေးကာ အဘယ်ဆုကို အလိုရှိသနည်းဆိုသော် သားရွှေအိုးထမ်းလာသည်ကို မြင်ရလိုပါ၏ဟုဆို၍ ထိုစကားတစ်ခွန်းနှင့်ပင် သားလည်းအသက်ရှင် မိမိတို့လည်း ကွယ်နေသောမျက်စိတို့ ပြန်မြင်၍ ရွှေအိုးလည်း ရသည့်ကိန်းဖြစ်စေခဲ့သည်။

ဤအတူပင် အကြောင်းအားလျော်စွာ အမြင်ချို့တဲ့ကာ ရောဂါဝေဒနာခံစားနေရသော မျက်စိဝေဒနာရှင်များ သားရွှေအိုးထမ်းလာသည်ကို မြင်ရဘိသကဲ့သို့ မျက်စိအမြင်ပြန်လည်ကောင်းမွန်လာစေရန် ရွက်ဆောင်ပေးလျက်ရှိသောအားကိုးအားထားပြုထိုက်သည့်စက္ခုပါလာဒီဖောင်ဒေးရှင်းသည်ဟသ်ာတမြို့တွင်စတင်သန္ဓေတည်ဖွဲ့စည်းတည်ထောင်ပေါ်ထွန်းလာခဲ့ပေပြီ။

## ဟသ်ာတခရိုင် စက္ခုပါလာဒီဖောင်ဒေးရှင်း စတင်တည်ထောင်ပုံ

ဟသ်ာတခရိုင် စက္ခုပါလာဒီဖောင်ဒေးရှင်းကို (၁၈-၃-၂၀၀၈) ခုနှစ်၊ မြို့မိ၊ မြို့ဖ၊ လုပ်ငန်းရှင်များ ပါဝင်သော ကော်မတီဝင် (၁၇) ဦးဖြင့် အောက်ပါအတိုင်း စတင်ဖွဲ့စည်းခဲ့၍ ဟသ်ာတခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်၊ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ လူနာများအတွက် အခမဲ့ခွဲစိတ်ကုသပေးရန် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ၊ ဟသ်ာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပျံချီ ဦးဌေးဦး + ဒေါ်နီနီဝင်း မိသားစုက မတည်၍ အလှူရှင်များနှင့် တည်ထောင်ဖွဲ့စည်းခဲ့ပါသည် -



| | | | |
|---|---|---|---|
| (၁) | ဦးငွေးဦး | ဟင်္သာတမြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် | ဥက္ကဋ္ဌ |
| (၂) | ဦးသန်းထွန်း | ရွှေဆိုင်ပိုင်ရှင် | ဒု-ဥက္ကဋ္ဌ |
| (၃) | ဦးဝင်းဇော် | ရွှေဆိုင်ပိုင်ရှင် | ဘဏ္ဍာရေးမှူး |
| (၄) | ဦးမြင့်ငွေ (ဟင်္သာတမြင့်ငွေ) | ဒု-ဥက္ကဋ္ဌ၊ ဟင်္သာတအသင်း ရန်ကုန် | အဖွဲ့ဝင် |
| (၅) | ဦးတင်အေး | အတွင်းရေးမှူး၊ ဟင်္သာတအသင်းရန်ကုန် | အဖွဲ့ဝင် |
| (၆) | ဦးမင်းညဏ် | အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး | အဖွဲ့ဝင် |
| (၇) | ဦးမောင်မောင်စိုး | အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး | အဖွဲ့ဝင် |
| (၈) | ဦးမြတ်ဇော် | မှန်လုံကားလုပ်ငန်းရှင် | အဖွဲ့ဝင် |
| (၉) | ဦးတင်နိုင်လင်း | မှန်လုံကားလုပ်ငန်းရှင် | အဖွဲ့ဝင် |
| (၁၀) | ဦးမြတ်စိုး | ဩဘာစိုက်ပျိုးရေးဆေးဆိုင် | အဖွဲ့ဝင် |
| (၁၁) | ဦးကြည်ရွှင် | ဆေးရွက်ကြီးလုပ်ငန်းရှင်နှင့်ပွဲကုန်သည် | အဖွဲ့ဝင် |
| (၁၂) | ဦးဇော်မင်းအောင် | အရှည်ကြီးဆိုင်ကယ်ပစ္စည်းရောင်းဝယ်ရေး | အဖွဲ့ဝင် |
| (၁၃) | ဦးနေမျိုးဝင်း | ဒေါင်းကြီးရွှေဆိုင် | အဖွဲ့ဝင် |
| (၁၄) | ဦးခင်စိုး | ဆေးရွက်ကြီးလုပ်ငန်းရှင် | အဖွဲ့ဝင် |
| (၁၅) | ဦးမြင့်သိန်းဦး | သရဖူစိုက်ပျိုးရေးဆေးဆိုင်၊ ပွဲကုန်သည် | အဖွဲ့ဝင် |
| (၁၆) | ဦးအေးထွန်း | ဆားလုပ်ငန်းရှင် | တွဲဖက်အတွင်းရေးမှူး |
| (၁၇) | ဦးညွန့်လှိုင် | ရတနာကုန်သည် | အတွင်းရေးမှူး |

စက္ကူပါလာဒိဖောင်ဒေးရှင်းက ဟင်္သာတမြို့ မိုးကောင်းပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကတိပိဋကဩဝါဒါစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ပါဠိပါရဂူ၊ ပိဋကတ္တပါရဂူ၊ ဒဿနိကပါရဂူ (Ph.D) ဖြစ်တော်မူသော ဘဒ္ဒန္တသုမင်္ဂလာ စာရဆရာတော်ကြီးထံ လျှောက်ထားရာ ဩဝါဒတော်အရ မျက်စိဝေဒနာရှင်များ သက်သက်ဆိုပါက စက္ကူပါလဒိဟု အမည်ပေးရမည်ဖြစ်သော်လည်း နူတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများပါ ခွဲစိတ်ကုသပေးမည် ဖြစ်သည့်အတွက် စက္ကူပါလာဒိဖောင်ဒေးရှင်းဟု အမည်ပေးခေါ်ဆိုစေခဲ့ပါသည်။

ဟင်္သာတခရိုင် စက္ကူပါလာဒိဖောင်ဒေးရှင်းကို စတင်တည်ထောင်စဉ် (၁၉-၃-၂၀၀၈) က ငွေပဒေသာပင် ကျပ်သိန်း (၆၂၀) ဖြင့် မတည်တည်ထောင်ခဲ့ရာ ယနေ့အထိ ငွေပဒေသာပင် ကျပ်သိန်း (၃၄၀၀) ကျော် ရှိခဲ့ပါသည်။ နှစ်စဉ်မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးရာ၌ တိုးပွားငွေများဖြင့်သာ ကျခံသုံးစွဲနိုင်ခဲ့ပါသည်။ စက္ကူပါလာဒိဖောင်ဒေးရှင်း ရန်ပုံငွေများကို







မြန်မာ့စီးပွားရေးဘဏ် (ဟသ်ာတ) ၌လည်းကောင်း၊ ကော်မတီဝင်များမှလည်းကောင်း၊ ငွေများ တိုးပွားလာအောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဟသ်ာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး+ဒေါ်နီနီဝင်း မိသားစုမှ မတည်တည်ထောင်ထားသော ဟသ်ာတခရိုင် စက္ခုပါလာဒီဖောင်ဒေးရှင်းမှ ချို့တဲ့နွမ်းပါးသော မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးနိုင်ခဲ့ပါသည်။

| ခုနှစ် | စမ်းသပ်လူနာ | ခွဲစိတ်လူနာ | မျက်မှန်တပ်ဆင်ပေးသည့်လူနာ | ဆေးပေးလူနာ |
|---|---|---|---|---|
| ၂၀၀၈ | ၃၂၀၈ | ၇၆၉ | ၁၄၀၀ | ၁၀၃၉ |
| ၂၀၀၉ | ၆၃၄၂ | ၈၆၈ | ၂၀၄၆ | ၃၄၂၈ |
| ၂၀၁၀ | ၅၂၆၃ | ၆၄၄ | ၂၆၃၄ | ၁၉၈၅ |
| ၂၀၁၁ | ၄၄၈၁ | ၅၇၅ | ၂၅၆၄ | ၁၃၄၂ |
| ၂၀၁၂ | ၄၆၈၁ | ၅၃၇ | ၂၇၅၉ | ၁၃၈၅ |
| ၂၀၁၃ | ၄၆၁၇ | ၆၉၆ | ၃၂၉၅ | ၅၉၁ |
| ၂၀၁၄ | ၃၉၃၄ | ၇၉၁ | ၂၂၅၅ | ၇၉၁ |

(၂၂-၄-၂၀၀၈) မှ (၂၆-၄-၂၀၀၈) အထိ ပထမအကြိမ် ခွဲစိတ်ကုသမှုတွင် ကျန်းမာရေးဝန်ကြီးဌာန၊ ရန်ကုန် မျက်စိအထူးကုဆေးရုံကြီးမှ ပါမောက္ခဒေါက်တာဦးတင်ဝင်းဦးဆောင်သော မျက်စိအထူးကု ဆရာဝန်များ၊ သူနာပြုဆရာမများ၊ မျက်မှန်ကျွမ်းကျင်သူများ စုစုပေါင်း (၂၇) ဦး၊ အမှတ် (၂) တပ်မတော်ဆေးရုံမှ ဗိုလ်မှူး ရှုပါအောင်ခေါင်းဆောင်ပါဝင်သောမျက်စိအထူးကုဆရာဝန်များ၊ သူနာပြုများ၊ စုစုပေါင်း (၉) ဦးဖြင့် ခွဲစိတ်ကုသပေးနိုင်ခဲ့ပါသည်။

(၂၈-၅-၂၀၀၉) မှ (၁-၆-၂၀၀၉) ထိ ဒုတိယအကြိမ် မျက်စိစမ်းသပ်ခွဲစိတ်ကုသရာ၌ ရန်ကုန် မျက်စိအထူးကုဆေးရုံကြီးမှ ပါမောက္ခဒေါက်တာဦးတင်ဝင်း ဦးဆောင်သော မျက်စိအထူးကုဆရာဝန်များ၊ သူနာပြုဆရာမများ၊ မျက်မှန်ကျွမ်းကျင်သူများ စုစုပေါင်း (၃၁) ဦး၊ အမှတ် (၂) တပ်မတော်ဆေးရုံးမှ ဗိုလ်မှူးရှုပါအောင်ခေါင်းဆောင်ပါဝင်သော မျက်စိအထူးကုဆရာဝန်များ၊ သူနာပြုများ၊ စုစုပေါင်း (၁၁) ဦးဖြင့် ခွဲစိတ်ကုသပေးနိုင်ခဲ့ပါသည်။

(၄-၆-၂၀၁၀) မှ (၇-၆-၂၀၁၀) ထိ တတိယအကြိမ် ရန်ကုန် မျက်စိအထူးကုဆေးရုံကြီးမှ ပါမောက္ခဒေါက်တာဦးတင်ဝင်း ဦးဆောင်သော မျက်စိအထူးကုဆရာဝန်များ၊ သူနာပြုဆရာမများ၊ မျက်မှန်ကျွမ်းကျင်သူများ၊ စုစုပေါင်း (၄၀) ဦး၊ အမှတ် (၂) တပ်မတော်ဆေးရုံမှ ဒုတိယဗိုလ်မှူးကြီးရှုပါအောင် ခေါင်းဆောင် ပါဝင်သော မျက်စိအထူးကုဆရာဝန်များ၊ သူနာပြုများ၊ စုစုပေါင်း (၁၀) ဦးဖြင့် ခွဲစိတ်ကုသပေးနိုင်ခဲ့ပါသည်။

(၂၀-၅-၂၀၁၁) မှ (၂၃-၅-၂၀၁၁) ထိ မျက်စိဝေဒနာရှင် (၅၀၁) ဦးအား ခွဲစိတ်ကုသပြီးနောက် ခွဲစိတ်ရန် ကျန်ရှိသော မျက်စိဝေဒနာရှင် (၁၃၉) ဦးအား ဟသ်ာတခရိုင် အထွေထွေရောဂါကုဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီးများဖြစ်ကြသော ဒေါက်တာသန့်စင်နှင့် ဒေါက်တာခိုင်ခိုင်မြင့်တို့မှ အပတ်စဉ် ဆက်

လက်ခွဲစိတ်ကုသပေးခဲ့ရာ (၅-၇-၂၀၁၁) နေ့အထိ ဝေဒနာရှင် (၇၄) ဦးအား ခွဲစိတ်ကုသပေးနိုင်ခဲ့ပါ သည်။

(၂၀-၇-၂၀၁၂) မှ (၂၃-၇-၂၀၁၂) ရက်နေ့အထိ ပဉ္စမအကြိမ် မျက်စိစမ်းသပ်ခွဲစိတ်ကုသရာ၌ ရန်ကုန်၊ မိတ္ထီလာ၊ ပုသိမ်၊ ဖျာပုံ၊ လပွတ္တာ၊ ဟင်္သာတ၊ မအူပင်တို့မှ မျက်စိအထူးကုဆရာဝန် (၃၂) ဦး၊ သူနာပြုများ၊ မျက်မှန်ကျွမ်းကျင်သူများဖြင့် ပဉ္စမအကြိမ် မျက်စိခွဲစိတ်ကုသရာတွင် ခရိုင်အတွင်းရှိ ဟင်္သာတ၊ ဇလွန်၊ လေးမျက်နှာ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်များရှိ မျက်စိဝေဒနာရှင်များသာမက ပုသိမ်၊ ပြည်၊ လက်ပံတန်း၊ သာရဝေါ မြို့နယ်များမှ မျက်စိဝေဒနာရှင်များပါ လာရောက်ပြသကုသကြပါသည်။

(၁၀-၆-၂၀၁၃) မှ (၁၃-၆-၂၀၁၃) ရက်နေ့အထိ ဆဋ္ဌမအကြိမ် အခမဲ့ မျက်စိစမ်းသပ်ခွဲစိတ်ကုသရာ၌ ရန်ကုန် မျက်စိအထူးကုဆေးရုံကြီး၊ မြောက်ဥက္ကလာပ ဆေးရုံ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး မျက်စိကုသ အဖွဲ့နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်၊ မအူပင်၊ ဖျာပုံ၊ ဟင်္သာတခရိုင်ဆေးရုံကြီးများမှ ဆရာဝန်၊ ဆရာမများက လူနာပေါင်း (၄၆၁၇) ဦးအား စမ်းသပ်ကုသပေးခဲ့ပြီး ခွဲစိတ်လူနာ (၆၉၆) ဦးကို အခမဲ့ခွဲစိတ် ကုသပေးခဲ့ပါသည်။

မျက်စိအခမဲ့စမ်းသပ်ကုသပေးခြင်းအား ဟင်္သာတ ခရိုင် စက္ကုပါလာဒိဖောင်ဒေးရှင်းက အောက်ပါအတိုင်း ကုန်ကျစရိတ်များကို ကျခံသုံးစွဲခဲ့ပါသည် -

| စဉ် ခုနှစ် | ကုန်ကျငွေ (ကျပ်) |
|---|---|
| (၁) ၂၀၀၈ | ၁၆၆၇၀၁၄၀ |
| (၂) ၂၀၀၉ | ၂၇၈၂၀၃၁၀ |
| (၃) ၂၀၁၀ | ၂၇၂၂၇၀၀၀ |
| (၄) ၂၀၁၁ | ၂၆၉၁၁၆၇၀ |
| (၅) ၂၀၁၂ | ၂၉၀၇၈၃၇၉ |
| (၆) ၂၀၁၃ | ၃၉၈၉၅၈၀၀ |
| (၇) ၂၀၁၄ | ၅၀၆၈၄၆၃၁ |

ထိုသို့ မျက်စိအခမဲ့ ခွဲစိတ်ကုသပေးရာ၌ ဟင်္သာတ ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေး မှူး ဦးလှဝေက ဦးစီးကော်မတီ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ဦးစီးကော်မတီ လုပ်ငန်းကော်မတီများ ဖွဲ့စည်းကာ ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စက္ကုပါလာဒိဖောင်ဒေးရှင်းအဖွဲ့ဝင်များ၊ ဟင်္သာတခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ရပ်ကျေးအမှုဆောင်များ၊ ဟင်္သာတခရိုင် ပြည်သူ့ဆေးရုံ အုပ် ဒေါက်တာကြည်စိုး၊ မျက်စိအထူးကုဆရာဝန် ဒေါက်တာသန့်စင်၊ ဒေါက်တာခိုင်ခိုင်မြင့်နှင့် ဆရာဝန်ကြီးများ၊ သူနာပြုများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များက လိုအပ်သည်များ ဝိုင်းဝန်းပူးပေါင်း ကူညီပံ့ပိုးဆောင်ရွက်မှုကြောင့် လုပ်ငန်းများလုပ်ဆောင်ရာတွင် အဆင်ပြေချောမွေ့ကာ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

လာရောက်ကုသကြသော မျက်စိဝေဒနာရှင်များနှင့် လူနာစောင့်များအတွက် လိုအပ်သော စားသောက်ရေး အတွက် ရပ်ကွက်အသီးသီးမှ စေတနာရှင်များက နေ့စာ၊ ညစာ ထမင်းထုပ်များအား ပေးပို့လှူဒါန်းကြပါသည်။ ထိုသို့ လှူဒါန်းကြရာတွင် အချို့စေတနာရှင်များက ထမင်းထုပ်များအတွင်း၌အလှူငွေများထည့်၍လှူဒါန်းကြသည်ကို တွေ့ရပါသည်။ သတ္တမအကြိမ်မြောက် စက္ကုပါလာဒိဖောင်ဒေးရှင်း၏ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးရာတွင် ဟင်္သာတခရိုင် အုပ်ချုပ်ရေးမှူး ဦးစန်းငွေ၊ ဟင်္သာတမြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်းနှင့် မြို့မိမြို့ဖများ၊ တာဝန်ရှိသူများက လိုအပ်သည်များကို စေတနာအပြည့်အဝဖြင့် ပံ့ပိုးကူညီခဲ့ကြပါသည်။

ဟင်္သာတခရိုင် စက္ကုပါလာဒိဖောင်ဒေးရှင်း အသင်းအား ပြည်ထဲရေးဝန်ကြီးဌာန၊ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ (၃-၆-၂၀၁၀) ရက်နေ့တွင် ဖွဲ့စည်းခွင့်လက်မှတ်အမှတ် (၁၉၂၈) ဖြင့် ခွင့်ပြုထားပြီးဖြစ်ပါသည်။ ၎င်းဖွဲ့စည်းခွင့်လက်မှတ်သည် (၃၁-၁၂-၂၀၁၈) ရက်နေ့အထိ ထပ်မံခွင့်ပြု ထားပြီးဖြစ်ပါသည်။

## စေတနာကောင်း၍ကံကောင်းသည့် စက္ခုပါလာဒီဖောင်ဒေးရှင်း

ဟသ်ာတခရိုင် စက္ခုပါလာဒီဖောင်ဒေးရှင်း၏ မျက်စိဝေဒနာရှင်များအတွက် အခမဲ့ခွဲစိတ် ကုသပေးခြင်းစသည့် လုပ်ငန်းဆောင်တာ စေတနာသည် မျက်စိဝေဒနာရှင်များအတွက် ဖုံးကွယ်နေသည့်အရာကို ဖွင့်လှစ်ပြသကဲ့သို့လည်းကောင်း၊ မျက်စိလည် လမ်းပျောက်နေသူကို လမ်းမှန်ကို ညွှန်ပြပေးဘိသကဲ့သို့လည်းကောင်း၊ မျက်စိရှိသောသူတို့သည် အဆင်းကို မြင်ကြရစေဘိသကဲ့သို့လည်းကောင်း၊ အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့လည်းကောင်း၊ ပြည်သူ့အကျိုးပြု ပရဟိတလုပ်ငန်း အစစ်အမှန်ဖြစ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီးက ချီးမြှင့်သော အဖွဲ့အစည်းစွမ်းဆောင်ရည် အကောင်းဆုံးဆုကို (၂-၅-၂၀၁၄) နေ့တွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းက ဟသ်ာတခရိုင် စက္ခုပါလာဒီဖောင်ဒေးရှင်းအား ထိုက်တန်စွာ အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း၊ စေတနာကောင်း၍ ကံကောင်းသည့် ဟသ်ာတခရိုင် စက္ခုပါလာဒီဖောင်ဒေးရှင်းအကြောင်း သိကောင်းစရာ အဖြာဖြာကို ဟသ်ာတမြို့သူ၊ မြို့သားများ ဂုဏ်ယူဖွယ်ရာအဖြစ် တင်ပြလိုက်ပါသည်။

**သစ္စာဝါဒီဦးမြင့်အောင်**

## ဟသ်ာတ

**ဇော်ထက်နီ**

- နန်းမြို့ရိုးတွေ စိုက်ထူမထားပေမဲ့
  ရာဇဝင်မှာ ရဲရင့်ခဲ့တဲ့မြို့၊
- ဧရာဝတီဟာ ဂုဏ်ယူစွာစီးဆင်း
  သမိုင်းကောင်းများ မျောပါနေတဲ့မြို့၊
- ရွှေတဝင်းဝင်း ထုံးဖြူဖွေးဖွေး
  သာသနာရောင် ထိန်ထိန်လင်းတဲ့မြို့၊
- ခေတ်ဖျက်ပျား ပိတုန်းတွေကိုအံတု
  ရိုးသားမှုတွေ သုံးရာသီပွင့်တဲ့မြို့၊
- ချစ်ခြင်းမေတ္တာကို အတောင်ပံတပ်
  ချိုးငှက်အဖြူတွေ ပျံဝဲနေတဲ့မြို့၊
- သူ့မှာ -
  နူးညံ့သောကမ်းလက်များ
  သစ္စာရောင် မျက်ဝန်းများ
  သိမ်မွေ့သော သွေးသားများရှိနေသလို
  သန်မာသော လက်ရုံးအား
  တည်ကြည်သော စိတ်ဓာတ်များ
  မြဲနိုင်သော နှလုံးသားများရှိနေလေရဲ့၊ ။

ကျွန်တော် ပါမောက္ခရာထူးနဲ့ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်ကနေဟင်္သာတတက္ကသိုလ်သို့(၂၀၁၁)ခုနှစ်၊ ဇူလိုင်လအတွင်းက ပြောင်းရွှေ့ခဲ့ပါတယ်။ ဟင်္သာတမြို့ကို ကျွန်တော်တစ်ခါမှ မရောက်ဖူးပါ။ ဒါကြောင့် ရန်ကုန် လှိုင်သာယာအဝေးပြေးဂိတ်ကနေ ဟင်္သာညီနောင် လေအိတ်ကားကိုစီးပြီး ဇနီးသည်နှင့်အတူ ဟင်္သာတ တက္ကသိုလ်သို့ သွားကြပါတယ်။ ဟင်္သာတခရိုင်အုပ်ချုပ် ရေးမှူး ဦးလှဝေကို ကျွန်တော် မန္တလေးတက္ကသိုလ် ပထမ နှစ်တက်တုန်းက စတင်ရင်းနှီးခဲ့ပြီး တက္ကသိုလ်မှာ ကျွန် တော်က ရူပဗေဒအဓိက၊ သူက ဓာတုဗေဒ အဓိကနဲ့ တက်ရောက်ခဲ့ကြပါတယ်။ ဘွဲ့ရပြီးကတည်းက မတွေ့ကြ တာ ယခု သူ ဟင်္သာတခရိုင်မှာ အုပ်ချုပ်ရေးမှူးအနေနဲ့ ရောက်နေကြောင်းသိရလို့ လှမ်းအကူအညီတောင်း တော့ သူ့ရဲ့ရုံးကားနဲ့ ဟင်္သာတ တက္ကသိုလ်ကို လိုက်ပို့ပါ တယ်။ တက္ကသိုလ်မှာ ပါမောက္ခချုပ်ကို ဝင်သတင်းပို့ပြီး ရူပဗေဒဌာနကို သွားပါတယ်။ ဌာနမှူး ဒေါက်တာဥမ္မာ လှိုင်နဲ့ ကျွန်တော်တို့ဟာ (၁၉၈၀) ခုနှစ်၊ စက်တင်ဘာမှ သရုပ်ပြဆရာအလုပ်အတူ ဝင်ရောက်ခဲ့သူတွေ ဖြစ်တာ ကြောင့် တစ်ယောက်နဲ့တစ်ယောက် သိပြီးသား ဖြစ်နေ ပါတယ်။

ဒါကြောင့် ဌာနမှာရှိတဲ့ ဆရာ၊ ဆရာမတွေကိုပဲ မိတ် ဆက်ပြီး နောက်တစ်ပတ်မှာ အလုပ်စတင်ဝင်ရောက် တော့မည်ဖြစ်ကြောင်းပြောကာ ရန်ကုန်ကို နေ့ခြင်းပြန်ခဲ့ ပါတယ်။ မှတ်မှတ်ရရ အဲဒီနေ့က ဟင်္သာတမှာ မိုးတအား ရွာလို့ တစ်မြို့လုံးရေလျှံတဲ့နေ့ ဖြစ်ပါတယ်။ ကျောင်း တချို့လည်း ပိတ်ထားရပြီး ရူပဗေဒဌာနကို သွားရာလမ်း မှာလည်း ရေကြီးနေလို့ ရေထဲမှဖြတ်ကူးကာ ဌာနကို သွားရပါတယ်။ ဟင်္သာတမြို့ကို နောက်တစ်ပတ် အလုပ် တာဝန်စတင်ထမ်းဆောင်ရန်လာတဲ့အခါမှာ တက္ကသိုလ် ရဲ့ ဆရာများအဆောင်မှာ ကျွန်တော်နေခွင့် ရပါတယ်။

# ကျွန်တော်၏ ဟင်္သာတတက္ကသိုလ်ဆရာဘဝ

**ဒေါက်တာသန့်စင်**





ကျွန်တော့်ရဲ့ တက္ကသိုလ်ဆရာဘဝ (၃၄) နှစ်သက်တမ်း အတွင်း တက္ကသိုလ်အသီးသီးရဲ့ အဆောင်မှာပဲ နေခဲ့တာ များပါတယ်။ ကျောင်းသားဘဝကလည်း အဆောင်မှာ နေရင်း ကျောင်းတက်ခဲ့ပြီး အဆောင်နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဟသ်ာတတက္ကသိုလ် ဆရာများအဆောင်မှာ ကျွန်တော် ရောက်တဲ့အချိန်မှာ အဆောင်နေ ဆရာ (၂၀) ခန့်ရှိပါတယ်။ တစ်ယောက် တစ်ခန်းနေကြပြီး ကျွန်တော်က အဆောင်နာယကအနေ နှင့် အခန်း (၂) ခန်းပေးထားပါတယ်။ အဆောင်နေ ဆရာတွေအားလုံးဟာ တစ်ဦးနှင့် တစ်ဦး လွန်စွာရင်းနှီး ကြပြီးအကူအညီလည်းပေးကြပါတယ်။မကြာခဏညစာ စားပွဲလည်းပြုလုပ်ကြ၍ အဆောင်နေ ဆရာများစုပေါင်း လို့ တက္ကသိုလ်ဓမ္မာရုံမှာ သီလပွဲများ၊ အဆောင်တွင် ပရိတ်တရားနာယူပွဲများ၊ ဝါဆိုသင်္ကန်းကပ်ပွဲများ နှစ် စဉ်ပြုလုပ်ကြပါတယ်။ တစ်လကို ဆရာတစ်ဦး (၁၀၀၀) ကျပ်နှုန်း ကောက်ခံပြီး အဆောင်ရန်ပုံငွေ ထူထောင်ထား လို့ အဆောင်လိုအပ်တာတွေကို ဖြည့်ဆည်းပေးပါတယ်။ ဒါကြောင့် ဟသ်ာတတက္ကသိုလ်မှာ ဆရာများအဆောင်ရဲ့ စည်းလုံးညီညွတ်မှုဟာ နာမည်ရပါတယ်။

ကျွန်တော် ဟသ်ာတမြို့ကိုရောက်ပြီး မကြာခင်မှာပဲ ဆိုင်ကယ်တစ်စီးဝယ်ပြီး မြို့ထဲကို ညနေတိုင်း ထွက်ဖြစ် ပါတယ်။ "ရွှေမောင်း" စာအုပ်ဆိုင်မှာ သတင်းစာ၊ ဂျာနယ် ဝယ်ဖြစ်ပါတယ်။ အပြန်မှာ You and me လက်ဖက် ရည်ဆိုင်မှာ ထိုင်ဖြစ်ပါတယ်။ လက်ဖက်ရည်ဆိုင်က အား ကစားရုံဝင်းအတွင်းမှာ ဖွင့်ထားတာဖြစ်လို့ နေရာကျယ် ဝန်းပါတယ်။ သစ်ပင်ရိပ်အောက်မှာ စားပွဲကုလားထိုင် ခင်းထား၍ ဟသ်ာတမြို့တွင်း သွားလာနေကြသူတွေကို လက်ဖက်ရည်ဆိုင်ထဲကနေ အကဲခတ်ခွင့်ရပါတယ်။ ဟသ်ာတမြို့ မြို့သူမြို့သားတွေဟာ ရိုးသားပြီး အေးချမ်း စွာနေထိုင်တတ်သူတွေ ဖြစ်ပါတယ်။ စီးပွားရေးမြို့မဟုတ် သလို ဝန်ထမ်းမြို့လည်း မဟုတ်ပါဘူး။ ပုံမှန်စီးပွားရေး လုပ်ကိုင်နေကြတဲ့မြို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် မြို့ထဲမှာ ကြီးကြီးမားမား ကုန်တိုက်ကြီးတွေ၊ စတိုးဆိုင်ကြီးတွေ သိပ်မရှိပါဘူး။ သာသာရေးကို အထူးအလေးထားတဲ့မြို့ ဖြစ်ပါတယ်။ ဘုန်းကြီးကျောင်းများ ပေါများလှပြီး နိုင်ငံ တော်မှချီးမြှင့်တဲ့ ဘွဲ့တံဆိပ်ရသံဃာတော်တွေ များလှ ပါတယ်။ ထင်ရှားပြီး သိက္ခာသမာဓိရှိတဲ့ ဆရာတော်ကြီး တွေအများအပြားရှိပါတယ်။မြို့ထဲမှာလည်းဆွမ်းလောင်း အသင်းတွေနဲ့ ဘာသာရေးအသင်းတွေ များလှပါတယ်။

ကျောင်းပိတ်ရက် မနက်ပိုင်းတွေမှာ Country boy လက်ဖက်ရည်ဆိုင်ကို သွားလေ့ရှိပါတယ်။ ဒီလက်ဖက် ရည်ဆိုင်ဟာ "ဦးပါရဲ" ဘုရားနားမှာရှိပြီး ဒီဆိုင်မှာ


ဟသ်ာတမြို့ခံလူကြီးများနဲ့ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာဝန်ထမ်းများ လာလေ့ရှိပါတယ်။ ဆိုင်ပိုင်ရှင် ဦးမောင်မောင်သန်းနဲ့ ကျွန်တော်ဟာ လွန်စွာရင်းနှီးပြီး သူ့ရဲ့မိတ်ဆက်ပေးမှုကြောင့် လက်ဖက်ရည်ဆိုင်မှာ လာနေကြ မြို့မိမြို့ဖများနဲ့ စီးပွားရေးလုပ်ငန်းရှင်များကို ကျွန်တော် ခင်မင်ရင်းနှီးလာပါတယ်။ ဒါကြောင့် ဟသ်ာတတက္ကသိုလ်မှာ ပြုလုပ်တဲ့ ပွဲလမ်းသဘင်များ၊ အားကစားပွဲများမှာ ကျွန်တော်ဦးဆောင်ပြီး တက္ကသိုလ်က ဆရာ၊ ဆရာမများက မြို့မိမြို့ဖများကို ဖိတ်ကြားခဲ့ပါတယ်။ လာရောက်အားပေးကြပြီး အားကစားပွဲများမှာ အလှူငွေများလည်း ထည့်ဝင်ကြပါတယ်။

ကျွန်တော် ဟသ်ာတတက္ကသိုလ်ကနေ လက်ဖက်ရည်ဆိုင်ကိုသွားတိုင်း "ဦးကိုလေး" ကုန်းဆိုတာကိုမကြာခဏ ဖြတ်ရပါတယ်။ စိတ်ဝင်စားမိလို့ ဘာကြောင့် ဒီလိုနာမည်ပေးထားတာလဲ မေးကြည့်မိပါတယ်။ ဒီကုန်းကလေးဘေးမှာ ခန့်ညားလှတဲ့နှစ်ထပ်တိုက်ကြီးကို ပိုင်ဆိုင်သူဟာ "ဦးကိုလေး" ဆိုတဲ့ သူဌေးကြီး ဖြစ်ကြောင်း သိရပါတယ်။ ဒါကြောင့် သူ့ကိုအစွဲပြုပြီး ဦးကိုလေးကုန်းလို့ ခေါ်ကြောင်းနဲ့ ဒီသူဌေးကြီးဟာ မြို့မျက်နှာဖုံးတစ်ယောက်အဖြစ် လူသိများထင်ရှားလှပါတယ်။ သူဟာ ငွေကြေးချမ်းသာရုံသက်သက်မျှမက စည်းကမ်းကြီးပြီး ဟသ်ာတမြို့ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးလှူဒါန်းခဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။ ဟသ်ာတမြို့ရဲ့ အခုလက်ရှိ အားကစားကွင်းကြီး တည်ဆောက်ခဲ့ရာတွင် အများဆုံး ပံ့ပိုးလှူဒါန်းခဲ့သူတစ်ဦးလည်းဖြစ်ပါတယ်။ ဧရာဝတီတိုင်း အားကစားရန်ပုံငွေအတွက် ဟသ်ာတဖုံမှ ရာခိုင်နှုန်းများများ လှူဒါန်းနိုင်အောင် သူဌေးကြီးဦးကိုလေးဟာ အားတက်သရော ရှာဖွေပေးခဲ့သူလည်း ဖြစ်ပါတယ်။ သူ့ရဲ့ကိုယ်ပိုင် "ရွှေနင်းဆီ" ဘောလုံးအသင်းကို တည်ထောင်ခဲ့ပြီး မြို့နယ်အတွင်းရှိ အားကစားသမားများကို ချီးမြှင့်မြှောက်စားတတ်သူ လည်းဖြစ်ပါတယ်။

၁၉၇၆ ခုနှစ်မှာရုရှား - မြန်မာချစ်ကြည်ရေးဘောလုံးပွဲအဖြစ် ဧရာဝတီတိုင်းလက်ရွေးစင်အသင်းနှင့် ရုရှားအသင်းတို့ ပုသိမ်မြို့တွင် ဘောလုံးကစားခဲ့ကြပါတယ်။ ပုသိမ်ပွဲအပြီး ဟသ်ာတမြို့မှာ တစ်ပွဲထပ်မံ ကစားနိုင်အောင် ဆောင်ရွက်ခဲ့သူမှာ သူဌေးကြီးဦးကိုလေး ဖြစ်ပါတယ်။ ယင်းသူဌေးကြီး၏ ထူးခြားသောအလေ့မှာ ကိုယ်ပိုင်ကားရှိသူ၊ စီးနိုင်သူဖြစ်သော်လည်း ဆိုက္ကားစီး၍ မုန့်ထွက်စားတတ်သူ ဖြစ်ပါတယ်။ ဆိုက္ကားကို ကိုယ်တိုင်ဝယ်ထား၍ မနက်တိုင်း နံနက်အစောစောအား ထိုဆိုက္ကားစီးပြီး အေးအေးလူလူ ထွက်စားလေ့ ရှိပါတယ်။ သူ နံနက်စာစားပြီး၍ အိမ်သို့ပြန်ပို့ပေးပြီးသောအခါ ဆိုက္ကားနင်းပို့ပေးသူကို တစ်နေ့တာလုံး ဆိုက္ကားဆွဲခွင့်ပေး၍ ထိုသူ၏ မိသားစုဝမ်းစာရေးကို ရှာဖွေခွင့်ပြုခဲ့ပါတယ်။ သူဌေးကြီးရဲ့အကြောင်းကို မြို့ခံမိတ်ဆွေများကတစ်ဆင့် ကျွန်တော်သိရှိရတဲ့အခါ ဟိတ်ဟန်မကြီး၊ စေတနာကြီးတတ်တဲ့ သူ့ရဲ့စိတ်ထားကို နှစ်သက်မိပါတယ်။

ကျွန်တော် ဟသ်ာတမြို့ကိုရောက်ခဲ့ချိန် သုံးလေးနှစ်ကာလအတွင်းမှာ ကျွန်တော်တာဝန်ထမ်းဆောင်ရာ ဟသ်ာတတက္ကသိုလ်ကြီးမှာလည်း နိုင်ငံတော်အစိုးရရဲ့ ပံ့ပိုးမှုကြောင့် (၄) ထပ်ပင်မကျောင်းဆောင်များ၊ (၃) ထပ်စာသင်ဆောင်များ၊ အဓိပတိလမ်းများ ဆောက်လုပ်ခဲ့ပြီး တက္ကသိုလ်မှာရှိတဲ့ ဆရာ၊ ဆရာမတွေရဲ့ပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းတွေဟာလည်းနိုင်ငံတော်အဆင့်ထိ ဆုများရရှိကြသလိုနိုင်ငံခြားပညာတော်သင်သွားရောက်နိုင်သူတွေလည်း များပြားလာပါတယ်။ တက္ကသိုလ်မှာလည်း ယခုအခါ မဟာသုတေသန (M.Res) ဘွဲ့အထိ ချီးမြှင့်သင်ကြားလာနိုင်ပါတယ်။ ကျွန်တော့်ရဲ့ ဟသ်ာတတက္ကသိုလ် ဆရာဘဝမှာ ဟသ်ာတမြို့ဟာ ဘက်စုံတိုးတက်လာတာတွေ့ရပြီး ဟသ်ာတတက္ကသိုလ်ကြီးလည်း စာပေ၊ အနုပညာ၊ အားကစား၊ သုတေသနတွေမှာ ပိုမိုတိုးတက်လာပြီး မြို့၏ဂုဏ်ကျက်သရေဆောင် တက္ကသိုလ်ကြီးဖြစ်နေကြောင်းမြို့နယ်မဂ္ဂဇင်းမှာမှတ်တမ်းတင်ဂုဏ်ပြုရေးသားလိုက်ပါတယ်။

**ဒေါက်တာသန့်စင်**


ဗိုလ်ချုပ်ရာပြည့်အထိမ်းအမှတ်
ဗိုလ်ချုပ်အောင်ဆန်း
မြန်မာ+အင်္ဂလိပ် နှစ်ဘာသာ
အတ္ထုပ္ပတ္တိ ရုပ်ပြ
Quality Publishing House
Quality
Publishing
House
မှ
ထုတ်ဝေသော
ဗိုလ်ချုပ်ရာပြည့်အထိမ်းအမှတ်
ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ပြ
မြန်မာ–အင်္ဂလိပ်နှစ်ဘာသာတွဲ
အမှတ် – ၅၀၈/၅၁၂ (၂–ခ)
ပထမထပ်၊ ကုန်သည်လမ်း
(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း–၃၈၃၆၆၄၊ ၃၈၆၈၃၃
qualityph@gmail



၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏

အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၁) ဖြင့်

**သုမေဓသိင်္ဂီ ဘွဲ့တံဆိပ်**

ချီးမြှင့်အပ်နှင်းခြင်းခံရသော

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့၊ ဥယျာဉ်မြောက်ရပ်ကွက်၊ မန်းဘခိုင်လမ်း၊ အမှတ် (၁၀) နေ

## ဒေါ်စမ်းရှင်

၏

အတ္ထုပ္ပတ္တိအကျဉ်း

အမည်မှာ ဒေါ်စမ်းရှင်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့တွင် အဘ ဦးစံခ၊ အမိ ဒေါ်ခင်ညွန့်တို့မှ ၁၃၁၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၄) ရက်နေ့တွင် မွေးဖွားခဲ့သည်။ သိပ္ပံဘွဲ့(ရက္ခဗေဒ) ဘွဲ့ ရရှိခဲ့ပြီး လက်ရှိအခါ မိသားစုရတနာရွှေဆိုင်လုပ်ငန်း လုပ်ကိုင်လျက်ရှိသည်။ အမှတ် (၁၀) ၊ မန်းဘခိုင်လမ်း၊ ဥယျာဉ်မြောက်ရပ်ကွက်၊ ဟသ်ာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် နေထိုင်လျက် ရှိသည်။ ဘာသာ၊ သာသနာနှင့် လူမှုရေးလုပ်ငန်းများသို့ ယနေ့ထိ လှူဒါန်းပြီး ငွေပေါင်း (၉၅၅) သိန်း လှူဒါန်းခဲ့ပြီး ဖြစ်ပါသည်။



၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏

အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၆) ဖြင့်

**သူဇမ္ဗူသိင်္ဂီ ဘွဲ့တံဆိပ်**

ချီးမြှင့်အပ်နှင်းခြင်းခံရသော

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့ ရုံးကြီးရပ်၊ စည်ပင်သာယာလမ်းနေ

**ဒေါ်အေးရီ**

၏

အတ္ထုပ္ပတ္တိအကျဉ်း

အမည်မှာ ဒေါ်အေးရီဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ နိဗ္ဗာန်အညာတန်းရွာတွင် အဘ ဦးကံဖူး၊ အမိ ဒေါ်စောငြိမ်းတို့မှ ၁၂၉၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၅) ရက်နေ့တွင် မွေးဖွားခဲ့ပါသည်။ စတုတ္ထတန်းအထိ ပညာသင်ကြားခဲ့ပြီး လက်ရှိအခါ ကုန်သည်အလုပ်ဖြင့် အသက်မွေးလျက် ရှိသည်။ ရုံးကြီးရပ်၊ စည်ပင်သာယာလမ်း၊ ဟင်္သာတမြို့ ဧရာဝတီတိုင်းဒေသကြီးတွင် နေထိုင်လျက် ရှိသည်။ ဘာသာ၊ သာသနာနှင့် လူမှုရေးလုပ်ငန်းများသို့ ယနေ့ထိ လှူဒါန်းပြီး ငွေပေါင်း (၄၁၈) သိန်း လှူဒါန်းခဲ့ပြီးဖြစ်ပါသည်။




# သီရိမေသွယ်

ပထမနှစ်

ကွန်ပျူတာတက္ကသိုလ်

ဓာတ်ပုံ - ကိုထိုက်ဦး(ပါဝါဓာတ်ပုံ)




# အိငုံဖူး

ဒုတိယနှစ်

မြို့ပြအင်ဂျင်နီယာ

ဓာတ်ပုံ - ကိုထိုက်ဦး(ပါဝါဓာတ်ပုံ)

# ဟာန်စုငွေဦး

ပထမနှစ်

ကွန်ပျူတာတက္ကသိုလ်




ဓာတ်ပုံ - ကိုထိုက်ဦး(ပါဝါဓာတ်ပုံ)




# သွန်းဖူးမြတ်ချယ်ဟာန်

ဒုတိယနှစ်

ကွန်ပျူတာတက္ကသိုလ်

ဓာတ်ပုံ - ကိုထိုက်ဦး(ပါဝါဓာတ်ပုံ)




# ကေသီလင်း

တတိယနှစ်

ပထဝီ

ဓာတ်ပုံ - Noble Htoo Photo Studio




# အိမ့်မွန်ချမ်းမြေ့

တတိယနှစ်

စီးပွားရေး(အဝေးသင်)

ဓာတ်ပုံ - Noble Htoo Photo Studio



# ဟသ်ာတမြို့နယ်၏ ကရုဏာရောင်စုံပန်းခင်းအတွင်းမှ သန့်စင်မွန်မြတ်သော အညတရ သူရဲကောင်းများ

ဦးစိုးသိန်း

ကမ္ဘာပေါ်တွင် ရွှေ၊ ရေနံတို့ကဲ့သို့ တန်ဖိုးကြီးသော ပစ္စည်းများသည် အရေးပါ အရာရောက်သကဲ့သို့ လူသားတို့၏ အသက်ရှင်နေထိုင်ရေးအတွက် အရေးအကြီးဆုံးသော ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးတွင် တန်ဖိုးအမြင့်ဆုံးသော မည်သည့်သိပ္ပံပညာရှင်၊ မည်သည့်ဓာတ်ခွဲခန်းကမှ မထုတ်လုပ်နိုင်သောအရာသည် "သွေး" ဖြစ်သည်။ လောက၌ လူဖြစ်စေသော လူသားတို့အတွက် အမေသည်အစားထိုး၍မရသကဲ့သို့ ကျန်းမာရေးအတွက် သွေးကို အစားထိုးနိုင်သော အာဟာရဓာတ်စာလည်း မရှိပါ။ ပစ္စည်းဝတ္ထုလည်း မရှိပါ။ ထို့ပြင် လူတို့၏အသက်သည် သွေးဖြင့် ရှင်သန်နေသည်။ သွေးမရှိလျှင် ရှင်သန်ခွင့်မရှိပါ။ ထို့ကြောင့် သွေးလှူဒါန်းခြင်းသည် လူသားတို့၏ အသက်ကိုကယ်တင်ပေးဆပ်သောမွန်မြတ်သည့်ဇီဝိတဒါန၊ ပါရမီမြောက်ဒါန "ဒါနဥပပါရမီ" မြောက်သော အလှူဖြစ်ပါသည်။

## နာ (၅) နာနှင့် ပြည့်စုံ စေတနာသွေးသန့် သွေးလှူရှင်၏ စံပြဘာဝ

သွေးလှူရှင်တစ်ဦးဖြစ်ရန်မှာ ပထမဦးစွာ မိမိခန္ဓာကိုယ်တွင်း သွေးဘဏ်မှ နလုံးသွေးစက်တို့ကို သူတစ်ပါးသို့ မတွန့်မတို ပေးလှူလိုသော စေတနာအရင်းခံ ရှိကြရပါသည်။

ဒုတိယအဆင့်အနေဖြင့် မိမိအကျိုးထက် သူတစ်ပါး၏အကျိုးကို ကရုဏာဖြင့် ဝန်ဆောင်တတ်သည့် ဝါသနာလည်း ရှိရပါသည်။

တတိယအဆင့်အနေဖြင့် သွေးလှူရှင်တစ်ဦးသည် သွေးလှူရန်ခေါ်၍ လိုက်ပါသွားသည့်အချိန်မှ မိမိအိမ်သို့ ပြန်ရောက်သည့်အချိန်ကာလအထိ တွေ့ကြုံရသည့် အခက်အခဲများ လစ်ဟာသွားသည့်အချိန်နှင့် လုပ်ငန်းကြောင့်မိသားစုအတွက်ပြန်လည်ဖြည့်ဆည်းပေးရသည့် အနစ်နာခံရသော ဘဝကိုလည်း ကြံ့ကြံ့ခံနိုင်ရပါသည်။

စတုတ္ထအဆင့်အနေဖြင့် မိမိထံသို့ အကူအညီတောင်းခံလာသည့် စေတနာရှင်များကို ဆင်းရဲချမ်းသာ လူမျိုးဘာသာမခွဲခြားဘဲ မိမိသွေးစက်ဖြင့် အသက်ကယ်မည်

ဟူသော အကြွင်နာတရားနှင့်လည်း ပြည့်ဝရပါသည်။

နောက်ဆုံးဆင့်အနေဖြင့် သွေးလှူရှင်တစ်ဦးသာမက သွေးသန့်သွေးလှူရှင်တစ်ဦးဖြစ်ရန်အတွက် နေထိုင်သွားလာ ဆက်ဆံနေသည့် လူမှုဘဝထဲတွင် လူမှုကျင့်ဝတ်များ မဖောက်ပြန်မိအောင် စံနမူနာပြအဖြစ် နေထိုင်တတ်ရန်လည်း လိုအပ်ပါသည်။



## စေတနာသွေးလှူရှင်နှင့် သန့်စင်မွန်မြတ်သော အလှူ

မိမိသဘောအလျောက် အခကြေးငွေမယူဘဲ စေတနာဖြင့် လှူဒါန်းသော စေတနာသွေးလှူရှင်ဆိုသည်မှာ -

သွေး (သို့မဟုတ်) သွေးအစိတ်အပိုင်းများကို မိမိတို့၏ သဘောဆန္ဒအလျောက်ပေးလှူပြီး ထိုသို့ ပေးလှူသည့်အတွက် ငွေသားဖြစ်စေ၊ ငွေကြေးအစားထိုးဟု ယူဆနိုင်သောပစ္စည်းဖြစ်စေ တစ်စုံတစ်ရာ အခကြေးငွေဖြစ်စေ မရရှိသော သွေးလှူရှင်ကိုခေါ်သည်။

သို့ရာတွင် သွေးလှူရှင်ဖြစ်ဖို့အတွက် သွေးသန့်အလှူရှင်ဖြစ်ဖို့လိုအပ်ပါသည်။ သို့မှသာမိမိပေးလှူလိုက်သော အလှူဒါနသည် သန့်စင်မွန်မြတ်သော အလှူဖြစ်ပေသည်။

## ဒါနဉပပါရမီ

ဘုရားအလောင်းသူတော်ကောင်းတို့ ဆည်းပူးဖြည့်ကျင့်သော ဒါနပါရမီ (၃) မျိုးရှိသည်။ ၎င်းတို့မှာ ဒါနရိုးရိုးပါရမီ၊ ဒါနဉပပါရမီနှင့် ဒါန ပရမတ္ထပါရမီဟူ၍ဖြစ်သည်။

ခန္ဓာကိုယ်ပြင်ပ ဝတ္ထုပစ္စည်းများ စွန့်လွှတ်လှူဒါန်းခြင်းသည် ဒါနရိုးရိုးပါရမီ၊ အင်္ဂါ၊ ခြေလက် အသွေးအသားမျက်စိစသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို စွန့်လွှတ်လှူဒါန်းခြင်းသည် ဒါနဉပပါရမီ၊ အသက်စွန့်လွှတ် လှူဒါန်းခြင်းသည် ဒါနပရမတ္ထပါရမီ ဖြစ်ပါသည်။

## အာဟာရဒါန

သွေးသည်အသက် အသက်သည်သွေးဆိုသကဲ့သို့ ထိုအသက်နှင့် တန်ဖိုးတူစွာ သွေးကိုဖြစ်စေသော အာဟာရသည်လည်း ဒါနပြုခြင်း၌ မွန်မြတ်ထိုက်တန်သော ကုသိုလ်မျိုးပင်ဖြစ်သည်။ ခန္ဓာကိုယ်မှ သွေးဓာတ် ပြည့်ဝပြည့်စုံရန် အာဟာရပေါ်တွင် တည်မှီနေ၍ သွေးလှူရှင်များ၏သွေးဖောက်ထုတ်စွန့်လွှတ်လှူဒါန်းပြီးလျှင်ပြီးခြင်း လျော့ပါးသွားသောခွန်အား၊ လိုအပ်သွားသော အသက်ဓာတ်ကို ဖြည့်ဆည်းအားဖြည့်ပေးမည့် အာဟာရအလှူရှင်အဖြစ် အလွန်ထူးကဲမွန်မြတ်သော ကုသိုလ်ပါရမီကို ဖြည့်ဆည်းနိုင်ခြင်း တစ်နည်းအားဖြင့် ဆာလောင်မွတ်သိပ်မှု အားအင်ဆုတ်ယုတ်နေမှုကို ရေကြည်တစ်ပေါက် အာဟာရတစ်ဆုပ်တစ်ခဲမျှ လှူဒါန်းဒါနပြုခြင်းဖြင့် ရတောင့်ရခဲ ကုသိုလ်ထူးပြုခြင်းပင် ဖြစ်သည်။

သွေးလှူရှင်ကောင်းမှုရှင်တစ်စုကိုဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ အာဟာရထောက်ပံ့လှူဒါန်းခြင်းအားဖြင့် သွေးလှူရှင်များကဲ့သို့ပင် မွန်မြတ်သောအသက်ဓာတ်အလှူ ဖြစ်စေပါသည်။ တစ်ခါတစ်ရံ၌ သွေးလှူဒါန်းသူများတွင် သာသနာ့ဝန်ထမ်းရဟန်းသံဃာတော်များပါဝင်၍ သွေးလှူဒါန်းမှုနှင့် အသင့်ကြုံကြိုက်ခဲ့ပါက အလွန်ရခဲအပ်သော ကာလဒါနဟု သူတော်ကောင်းတို့ ချီးမြှောက်သာဓုခေါ်အပ်ပေသည်။

## သွေးလှူရှင်စည်းရုံးရေးမှူးတို့၏ စေတနာလုပ်အားအလှူ

သွေးတစ်ပုလင်းရရှိစေနိုင်ရန်အတွက် သွေးလှူရှင်ကောင်းတစ်ယောက်ရရှိရန် စည်းရုံးလှုံ့ဆော်ပေးသူသည် ကိုယ်တိုင်သွေးမလှူသော်လည်း သွေးလှူရှင်တစ်ဦးကဲ့သို့ စေတနာမေတ္တာပြည့်ဝသူများဖြစ်ပေသည်။ အကြောင်းအမျိုးမျိုးကြောင့် သွေးလှူဒါန်းကြရန် အခက်အခဲရှိသူများသည် ကိုယ်တိုင်သွေးဆက်လက် မလှူနိုင်

ခြင်း၊ သွေးလှူဒါန်းရန် အခက်အခဲရှိနေပါက သွေးလှူရှင် လုပ်ငန်းများတွင် တစ်တပ်တအား ပါဝင်ဆောင်ရွက် ခြင်းဖြင့် စေတနာလုပ်အားအလှူကို ကုသိုလ်ယူနိုင်ကြပါသည်။

သွေးလှူရှင်စည်းရုံးရေးမှူးကောင်းသည် သွေးသန့် သွေးလှူရှင်ရွေးချယ်ပေးခြင်း၊ ဆက်သွယ်ပေးခြင်း၊ သွေးလှူဒါန်းသည်မှ ပြီးစီးသည့်အထိ လိုက်ပါဆောင်ရွက်ခြင်းတို့ဖြင့် ၎င်းတို့၏ ကိုယ်ပိုင်အချိန်များစွာကို အသုံးချရသလို မိမိခေါ်ဆောင်လာသည့် သွေးလှူရှင်အတွက် အာဟာရဓာတ်ပြန်လည်ပြည့်ဝစေရေး၊ အန္တရာယ် မရှိ လိုက်ပါပို့ဆောင်ရေး၊ သွေးလှူရှင်အား ကျန်းမာသော အခြေအနေနှင့် မိသားစုထံပြန်ပို့ရေး၊ စိတ်ပါအောင် စည်းရုံးပေးခြင်းစသော လုပ်ငန်းများစွာအတွက် ငွေကြေးစိုက်ထုတ်ခြင်း၊ ကိုယ်ပိုင်ချိန်ဖြုန်းတီးခြင်း၊ တစ်ခါတစ်ရံ တစ်နေ့တည်းဖြင့် ၃-၄ ဦးအား ကူညီရခြင်း၊ ရက်ဆက်ဆောင်ရွက်ရခြင်းကြောင့် ကျန်းမာရေးထိခိုက်သည်အထိ ဆောင်ရွက်ခြင်းကြောင့် ဆေးရုံတက်၍ ကုသရသည်အထိ ဆောင်ရွက်ခဲ့သူ စည်းရုံးရေးမှူးကောင်းများကို တွေ့ရှိရသကဲ့သို့ လူမှုရေးဝန်ပိ၍ ဆေးရုံတက်ရပြီး ဆေးရုံတွင် ရောဂါရှာမရဘဲ အခြေအနေဆိုးဝါးသည့်ဘဝမှ ပြန်လည်ကောင်းမွန်လာသည့် ဖြစ်ရပ်များသည် သွေးလိုအပ်သူများအတွက် ကူညီဖြည့်ဆည်းပေးခဲ့သော စေတနာဝန်ဆောင်မှုများ၏ ရောင်ပြန်ကို ပြန်လည်ခံစားရသည့် ကိုယ်တွေ့ဖြစ်ရပ်များ အပါအဝင် ဖြစ်ရပ်များစွာ တွေ့ကြုံခံစားခဲ့ရပါသည်။



## ဟသ်ာတမြို့နယ်သွေးလှူရှင်များအသင်း ကြီးကြပ်မှုကော်မတီ၏ သမိုင်းအစ

ဟသ်ာတမြို့နယ်သည် ခရိုင်အဆင့်မြို့နယ်တစ်ခု ဖြစ်ပြီး ရထားလမ်း၊ ကားလမ်း၊ သင်္ဘောလမ်းများ ရှိသည်သာမက ဟသ်ာတတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တို့လည်း တည်ရှိ၍ အနယ်နယ်အရပ်ရပ်မှ လူအများစုစည်းရာ မြို့ကြီးတစ်မြို့ ဖြစ်ပါသည်။ ခုတင် (၂၀၀) ဆန့် ပြည်သူ့ဆေးရုံကြီးသာမက ပုဂ္ဂလိကဆေးရုံ(၂)ရုံ၊အထူးကုဆေးခန်းကြီး(၁)ခန်းနှင့် အထူးကုဆရာဝန်ကြီးများ၏ ဆေးခန်းများသည်လည်း တည်ရှိသဖြင့် ခရိုင်အတွင်းရှိ မြို့နယ်များသာမက တိုင်းအတွင်းနှင့် တိုင်းကျော် မြို့နယ်များမှ အရေးပေါ် ထိခိုက်ဒဏ်ရာရသူများ၊ မကျန်းမမာ ဖျားနာဝေဒနာရှင်များအားထားရာ မြို့ကြီးတစ်မြို့လည်း ဖြစ်ပါသည်။

ဝေဒနာရှင်များအတွက် အရေးပေါ်သွေးသွင်းကုသရန်လိုအပ်ပါက ဇီဝိတဒါနအခမဲ့လှူဒါန်းလိုသည့် စေတနာရှင်၊ ကရုဏာရှင်များပေါ်ထွန်းစေရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် (၁၂-၁၁-၂၀၁၄) ရက်နေ့တွင် မြို့နယ်သွေးလှူရှင်များအသင်း ကြီးကြပ်ရေးကော်မတီကို ကော်မတီဝင် (၁၇) ဦးဖြင့် စတင်ဖွဲ့စည်းပေးပါသည်။ မျှော်မှန်းချက်မှာ သွေးသွင်းကုသရန်လိုအပ်သော လူနာများအတွက် သွေးများ လွယ်လင့်တကူ ရရှိနိုင်ရန်ဟူသော ရည်မှန်းချက် ဖြစ်သည်။

ဟသ်ာတခရိုင်၊ ပြည်သူ့ဆေးရုံကြီးတွင် သွေးသွင်းကုသခံယူမည့် လူနာများအတွက် သွေးများ လွယ်လင့်တကူ အချိန်နှင့်တပြေးညီရရှိနိုင်ရန် အသင်းမှတာဝန်ရှိသူ စည်းရုံးရေးမှူးများသည် ဆေးရုံအုပ်ကြီး၏ ညွှန်ကြားစီစဉ်ပေးမှုဖြင့် ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ဟသ်ာတမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပျံချီ ဦးဌေးဦးနှင့် ဇနီးဒေါ်နီနီဝင်းမိသားစုမှ ဆောက်လုပ်လှူဒါန်းသော လူနာများနားနေဆောင်တွင် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့မှစ၍ ရုံးခန်းဖွင့်လှစ်၍ ဆောင်ရွက်ပေးမှုများကြောင့် လူနာရှင်များ စိတ်သောကမရောက်စေရအောင် အချိန်တိုအတွင်း လိုအပ်သော သွေးကို ရရှိနိုင်ရန် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ဟသ်ာတမြို့နယ် သွေးလှူရှင်ကြီးကြပ်ရေး ကော်မတီဝင်များမှ စည်းရုံးရေးမှူးများသည် သွေးသွင်းကုသရန်လိုအပ်သော လူနာများအတွက် သွေးများ လွယ်လင့်တကူရရှိနိုင်ရေးအတွက် နေ့စဉ်အလှည့်ကျ ရုံးချိန်အတွင်း လူနာများ၊ နားနေဆောင်တွင် အလှည့်ကျ တာဝန်ယူ၍ သွေးလှူရှင်နှင့် သွေးလိုအပ်သူများ ကြားတွင် ဆက်သွယ်ရှာဖွေပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် ရုံးချိန်ပြင်ပတွင်လည်းနေ့/ညဆက်သွယ်ပေးနိုင်သော ဖုန်းနံပါတ်များကို အများသိရှိအောင် ကြေငြာထားရှိပါသည် -

(က) ဦးမျိုးမြင့် (ရွှေကူရပ်) ၀၉ - ၃၆၃၇၇၃၈၅

(ခ) ဦးအောင်ကျော်မြင့် (ကနောင်စုရပ်) ၀၉ - ၃၁၄၄၇၁၀

(ဂ) ဦးမြင့်ဆွေ (သုံးပင်ကွင်းရပ်) ၀၉ - ၃၆၃၂၂၂၄၀

(ဃ) ဦးညွန့်တင် (တာကလေးရပ်) ၀၉ - ၄၂၂၅၅၀၁၆၁

(င) ဦးထိန်ဝင်း (ဘုရားကြီးရပ်) ၀၉ - ၄၄၅၁၃၂၁၆

(စ) ဦးစိန်သောင်း (မြဝတီရပ်) ၀၉ - ၃၁၁၄၆၁၆၉

## နှစ်စဉ်သွေးလှူဒါန်းမှုစာရင်း

မြို့နယ်သွေးလှူရှင်အသင်း၏ စည်းရုံးရေးမှူးကောင်းများ၊ အသင်းခွဲခေါင်းဆောင်များ၏ ကြိုးပမ်းမှုတို့ကြောင့် အောက်ပါအတိုင်း သွေးပုလင်းအရေအတွက် ရရှိခဲ့ပါသည် -

| | |
|---|---|
| ၂၀၀၃ - ၂၀၀၄ | ၃၁၂ ပုလင်း |
| ၂၀၀၅ | ၄၉၇ ပုလင်း |
| ၂၀၀၆ | ၅၈၂ ပုလင်း |
| ၂၀၀၇ | ၇၁၃ ပုလင်း |
| ၂၀၀၈ | ၈၃၅ ပုလင်း |
| ၂၀၀၉ | ၁၀၂၄ ပုလင်း |
| ၂၀၁၀ | ၁၁၃၀ ပုလင်း |
| ၂၀၁၁ | ၁၂၆၀ ပုလင်း |
| ၂၀၁၂ | ၁၃၂၀ ပုလင်း |
| ၂၀၁၃ | ၁၇၀၀ ပုလင်း |
| ၂၀၁၄ | ၁၂၄၀ ပုလင်း |

## သင့်သွေးလက်ဆောင်ပေးနိုင်ဖို့ သွေးလှူဒါနပြုကြစို့

ဟသ်ာတမြို့နယ် သွေးလှူရှင်အသင်းမှ မွေးထုတ်လိုက်သော သွေးလှူရှင်များတွင် အလွှာစုံ၊ အဖွဲ့အစည်းစုံ ပါဝင်လျက်ရှိပါသည်။ သံဃာတော်များ၊ ဝန်ထမ်းများ၊ လက်လုပ်လက်စားများ၊ NGO အဖွဲ့အစည်း အသီးသီးမှ လူကြီးလူငယ်များ၊ အမျိုးသမီးသွေးလှူရှင်များ ပါဝင်ဖြစ်ထွန်းရာ ရောင်စုံပန်းခင်းလေးသဖွယ် ဖြစ်ပေါ်လျက် ရှိနေပါသည်။

ထို့ကြောင့် တစ်နှစ်လျှင် ပုံမှန်သွေးလှူဒါန်းမှုကို တိုးမြှင့်ကြရန် သွေးလှူရှင်များအနေဖြင့် အချိန်မရွေး၊ နေရာမရွေး၊ သန့်ရှင်းသောသွေးကို လှူဒါန်းကြရန် လိုအပ်ပါသည်။



အထူးသဖြင့်မျိုးဆက်သစ်သွေးလှူရှင်များပေါ်ထွန်းရေးအတွက်ဦးတည်စည်းရုံးဖော်ထုတ်သွားနိုင်ရေးသည် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။

ယခုအခါတွင် ဟသာၤတမြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အစိုးရနည်းပညာတက္ကသိုလ် ကြက်ခြေနီတပ်ဖွဲ့ဝင်များသည်အစုအဖွဲ့များဖွဲ့စည်း၍သွေးလှူဒါန်းသကဲ့သို့ ဟသာၤတတက္ကသိုလ် ကြက်ခြေနီအသင်းမှ ကြီးမှူး၍ သွေးလှူရှင်များစုစည်းလှူဒါန်းခြင်းကို ၂၀၁၄ ခုနှစ်၊မေလမှစတင်၍ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။

## သွေးလှူရှင်ဂုဏ်ပြုပွဲများကျင်းပခြင်း

ကမ္ဘာ့သွေးလှူရှင်များနေ့သည် ၂၀၀၀ ပြည့်နှစ်၊ ကမ္ဘာ့ကျန်းမာရေးနေ့က သတ်မှတ်ခြင်းဖြစ်သည်

Blood Save Lives, Safe Blood Starts With Me

ဆိုသော ဆောင်ပုဒ်ကို အခြေပြုကာ ပေါ်ပေါက်လာခြင်းဖြစ်သည်။

ကမ္ဘာ့သွေးလှူရှင်များနေ့ကို ရွေးချယ်ရာတွင် အေဘီ၊ အိုသွေးအုပ်စု စနစ်ကို ရှာဖွေတွေ့ရှိခဲ့သူ ကာလန်စတိန်းနား (Karl Lardstener) ၏ မွေးနေ့ဖြစ်သော ဇွန်လ (၁၄) ရက်နေ့ကို ကမ္ဘာ့သွေးလှူရှင် များနေ့အဖြစ် ဂုဏ်ပြုသတ်မှတ်လိုက်သည်။

မြန်မာနိုင်ငံအမျိုးသား သွေးလှူရှင်များနေ့သည် ဒီဇင်ဘာလ (၁၄) ရက်နေ့ဖြစ်ပါသည်။

## ဟသာၤတမြို့နယ်၌ သွေးလှူရှင်ဂုဏ်ပြုပွဲများကျင်းပခြင်း

ပထမအကြိမ် သွေးလှူရှင်ဂုဏ်ပြုပွဲ အခမ်းအနားကို ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

ဒုတိယအကြိမ် သွေးလှူရှင်ဂုဏ်ပြုပွဲ အခမ်းအနားကို ၂၀၁၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

တတိယအကြိမ် သွေးလှူရှင်များ ဂုဏ်ပြုပွဲအခမ်းအနားကို ၂၀၁၂ ခုနှစ်၊ မတ်လ (၇) ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

## သွေးလှူရှင်များပေါ်ထွန်းဖို့ ဝိုင်းဝန်းကူညီပံ့ပိုးစို့

နှစ်စဉ် "အညတရသူရဲကောင်းများ" ဖြစ်သည့် စေတနာရှင် သွေးလှူရှင်များအား မှတ်တမ်းတင် ဂုဏ်ပြုနိုင်ရန် လိုအပ်ပါ၍ မြို့နယ်သွေးလှူရှင်အသင်း ကြီးကြပ်ရေးကော်မတီတွင်လည်း ထောက်ပံ့ရေး၊ ဆက်သွယ်ရေး အပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရပ်ဝေး/ရပ်နီးနှင့် ဒေသတွင်းရှိ စေတနာရှင်တို့၏ အားပေးကူညီမှုအပေါ် မူတည်သဖြင့် စေတနာရှင်တို့၏ အားပေးကူညီမှု ပံ့ပိုးလှူဒါန်းမှုတို့ကို အောက်ဖော်ပြပါ အသင်းခေါင်းဆောင်များမှတစ်ဆင့် လှူဒါန်း၍ ကုသိုလ်ပါဝင်နိုင်ရန် လက်ကမ်းကြိုဆိုလျက်ရှိပါကြောင်း ဤဆောင်းပါးမှတစ်ဆင့် သတင်းကောင်းပါးအပ်ပါသည်။

## ဆက်သွယ်လှူဒါန်းနိုင်သောလိပ်စာများ

၁။ ဦးမင်းညက်၊ ဥက္ကဋ္ဌ၊ မြို့နယ်သွေးလှူရှင်များအသင်းကြီးကြပ်ရေးကော်မတီ၊ ၀၉ - ၈၅၈၀၇၁၄

၂။ ဦးအောင်နိုင်ကျော်၊ ဒုဥက္ကဋ္ဌ၊ မြို့နယ်သွေးလှူရှင်များအသင်းကြီးကြပ်ရေးကော်မတီ၊ ၀၉ - ၈၅၈၀၇၅၄

၃။ ဦးစိုးသိန်း၊ အတွင်းရေးမှူး၊ မြို့နယ်သွေးလှူရှင်များအသင်းကြီးကြပ်ရေးကော်မတီ၊ ၀၉ - ၃၆၃၁၇၂၇၀

၄။ ဦးမောင်ရှိန်၊ဘဏ္ဍာရေးမှူး၊မြို့နယ်သွေးလှူရှင်များအသင်းကြီးကြပ်ရေးကော်မတီ၊ ၀၉ - ၈၅၈၀၅၈၁

**ဦးစိုးသိန်း**

လူ့ဘုံလောကတွင် စားဝတ်နေရေးမည်သော အရေးသုံးပါးအပြင် ကျန်းမာရေးသည်လည်း အရေးကြီးလှပါသည်။ ဘဝအမောတွေ ထွေပြားနွမ်းပါးလှသည့်ကြားက ကျန်းမာရေးချူချာမှုနှင့် ကြုံလာကြလျှင် ဆင်းရဲခြင်း ကြီးမားစွာဖြစ်ကြရမည်မှာ အမှန်ပင်။ ထိုသို့ ဆင်းရဲနွမ်းပါးသူများ၏ ကျန်းမာရေးကို အခမဲ့ကူညီ ဖြည့်ဆည်းကုသပေးနိုင်ရန်အတွက် "ဘဝအလင်းရောင် ကုသိုလ်ဖြစ် အခမဲ့ဆေးခန်း" ကို ဟသ်ာတမြို့ ပျဉ်းမချောင်းရပ်ကွက် ကြာခံဘုန်းတော်ကြီးကျောင်းဝန်းအတွင်းတွင် ဖွင့်လှစ်၍ တနင်္ဂနွေနေ့တိုင်း ဆေးဝါးကုသပေးလျက်ရှိပါသည်။

ကုသိုလ်ရှင်များ၏ မတည်မှုဖြင့် ဆေးခန်းမကြီး ကုန်ကျငွေ သိန်း (၃၁၀) ကျော်ရှိကြောင်းလည်း သိရပါသည်။ ဘဝအလင်းရောင်ကုသိုလ်ဖြစ် အခမဲ့ဆေးခန်း ဖွဲ့စည်းပုံမှာ နာယကဆရာတော် (၈) ပါး၊ အမှုဆောင် ကော်မတီ (၂၆) ဦး၊ ဆရာဝန် (၂၈) ဦး၊ အထောက်အကူပြု မြို့နယ်ကျန်းမာရေးမှူးနှင့် သူနာပြုဆရာမကြီး (၁၀) ဦး၊ ဆေးဝါးကျွမ်းကျင် (၁၅) ဦး၊ တစ်နေ့တာလုပ်အားဒါနပြုသူ (၅၀) ဦးတို့ဖြင့် လုပ်ငန်းအကောင်အထည်ဖော်ခဲ့ခြင်းပင် ဖြစ်ပါသည်။

ဆေးကုသပေးနိုင်မှုအခြေအနေမှာ မြို့မရပ်ကွက်အတွင်းနှင့် မြို့နယ်အတွင်း ထိုမှဆက်စပ်မြို့နယ်များရှိ ဆင်းရဲနွမ်းပါးသည့် လူနာများအား တနင်္ဂနွေနေ့တိုင်း နေ့လယ် (၁၂) နာရီမှ ညနေ (၄) နာရီအထိ ဆေးဝါးကုသပေးနေသည်ကိုလည်း တွေ့သိရပါသည်။ အလှည့်ကျစေတနာ့ဝန်ထမ်း ဆရာဝန် (၇) ဦး၊ အလှည့်ကျ စေတနာ

# ဟသ်ာတမြို့ ဘဝအလင်းရောင် ကုသိုလ်ဖြစ်အခမဲ့ ဆေးခန်း

**နီဗွာန်ဆော် ကပ္ပိယတစ်ဦး**



ရှင်သူနာပြုဆရာမကြီး (၇) ဦး၊ အလုပ်သင့်ကျ ဆေးဝါး ကျွမ်းကျင် (၁၅) ဦး၊ အမှုဆောင် ကော်မတီဝင်များနှင့် တစ်နေ့တာလုပ်အားရှင်များဖြင့် အသပြာမပါ စေတနာ သက်သက်ဖြင့် လုပ်အားဒါန ပေးလှူနေကြသည်မှာ ဝမ်း မြောက်နမော် သာဓုခေါ်စရာမြင်ကွင်းအဖြစ်လည်း ရှုမြင် ခဲ့ရပါသည်။

တစ်နေ့တာလုပ်အား အလှူရှင်အဖွဲ့များကို ဂုဏ်ပြု ဖော်ပြရပါလျှင် (၁) ပန်းပျိုးလက် ပရဟိတလူငယ်အဖွဲ့၊ (၂) ဒေါ်ဒေါ်ဥဆေးဆိုင် ဆေးဝါးကျွမ်းကျင်အဖွဲ့၊ (၃) မြို့ သာယာလှပရေး အမှိုက်ကင်းစင်ပရဟိတလူငယ်အဖွဲ့၊ (၄) ဟင်္သာတပြည်သူ့ဆေးရုံကြီးမှ သူနာပြုဆရာမများ၊ (၅) ညောင်ပင်ရပ် မြင့်မြတ်နလုံးသား ပရဟိတလူငယ် အဖွဲ့၊ ပျဉ်းမချောင်းရပ် မေတ္တာနလုံးသားလူငယ်အဖွဲ့၊ တာသစ်တာဆုံလူငယ်အဖွဲ့၊ ကျောက်ကုန်းဓမ္မာရုံလူငယ် အဖွဲ့၊ ကျောက်ရဲလေး၊ ညောင်ကုန်းလူငယ်အဖွဲ့တို့၏ လုပ်အားဒါနများပင် ဖြစ်ပါသည်။

ဆေးခန်းဖွင့်လှစ်ပြီး တစ်နှစ်အကြာတွင် သွားနှင့် ခံတွင်းကုသမှုအား ဒေါက်တာကြည်စိုး ဦးဆောင်သော ဆရာဝန် (၇) ဦး၊ အလုပ်သင့်ကျဆရာဝန် (၃) ဦးတို့ဖြင့် တစ်ပတ်လျှင် သွားလူနာ (၂၅) ဦးအထိ အခမဲ့ ကုသ ပေးကြောင်း သိရပါသည်။ ဆေးခန်းစတင်ဖွင့်လှစ်သည့် (၆-၈-၂၀၁၁) မှ (၁၉-၁၀-၂၀၁၄)အထိ (၁၅၉) ကြိမ် ဆေးကုသပေးနိုင်မှုအခြေအနေမှာ သံဃာတော်၊ သီလ ရှင်၊ လူပုဂ္ဂိုလ်များအပါအဝင် လူနာပေါင်း (၃၉၃၇၂) ဦး အားကုသပေးနိုင်ခဲ့ပါပြီ။ ဟင်္သာတပြည်သူ့ဆေးရုံကြီးနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပေးပို့သည့် လူနာပေါင်း (၁၆၀) ဦးရှိကြောင်းလည်း သိရှိရပါသည်။

ဘ၀အလင်းရောင် ကုသိုလ်ဖြစ်ဆေးခန်း အမှု ဆောင်ကော်မတီမှ စေတနာရှင်၊ အလှူရှင်များသို့ မေတ္တာ ရပ်ခံ ပန်ကြားထားမှုကိုလည်း အသိပေးလိုပါသည်။

အခမဲ့ကုသိုလ်ဖြစ်ဆေးခန်း ရေရှည်တည်နိုင်ရေး အတွက် စေတနာရှင်၊ အလှူရှင်များ လိုအပ်လျက် ရှိပါ သည်။ ကုသလူနာတစ်ပတ် (၃၀၀) ဝန်းကျင်မျှ ရှိနေ သဖြင့် ဆေးဖိုးကုန်ကျငွေတစ်ပတ် (၂) သိန်းခွဲမှ (၃) သိန်း ဝန်းကျင်ရှိနေပါသဖြင့် ဆေးဝါးအလှူရှင်များ လိုအပ်နေ ခြင်း၊ လူနာများအားကျွေးမွေးရန် အာဟာရ အလှူရှင် များလိုအပ်နေခြင်း၊ ဆရာဝန်၊ ဆရာမများနှင့် လုပ်အား ပေးများအား ကြိုပို့လုပ်ငန်းအတွက် ယာဉ်အခက်အခဲ ရှိနေ၍ အလှူရှင်လိုအပ်နေခြင်းများကြောင့် စွမ်းနိုင်သူ များမှ ပါဝင်ကုသိုလ်ယူကြပါရန် ထပ်ဆင့်တိုက်တွန်း မေတ္တာရပ်ခံအပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန် (၁) ဦးအောင်မြတ်ကျော်၊ ဥက္ကဋ္ဌ၊ ၀၉-၈၅၈၁၁၃၆၊ (၂) ဒေါက်တာဝင်းထွဋ်လှိုင်၊ အတွင်းရေးမှူး၊ ၀၉-၅၂၀၈၁၆၈၊ (၃) ဦးဇော်မင်း၊ ဘဏ္ဍာ ရေးမှူး၊ ၀၉-၀၉၈၅၈၀၈၆၅၊ (၄) ဦးခင်အောင် (ဘ၀ အလင်းရောင်ဆေးခန်း) ရုံးအဖွဲ့မှူး၊ ၀၉-၃၆၃၁၅၄၀၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း တင်ပြလိုက်ရပါတော့ သည်။

**နီဗွာန်ဆော်ကပ္ပိယတစ်ဦး**














### ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၏သမိုင်းဝင်

# ကြီးလေးကြီးအစိဗ္ဘာန်ပြည့် တန်ခိုးကြီးဘုရားလေးဆူ

**ရောမြေ ကျော်ဝေ**

ဧရာဝတီတိုင်းဌာနီသည် မြန်မာပြည်၏ အားထားရာ စပါးကျီ တိုင်းဒေသကြီးတစ်ခုပင် ဖြစ်သည်။ ထိုဧရာဝတီ တိုင်းအတွင်း ဧရာဝတီမြစ်၏ အနောက်ဘက်ခြမ်းကို မေးတင်ပြီး ကျက်သရေမင်္ဂလာရှိစွာ ဣန္ဒြေရရ သိက္ခာနှင့် ရပ်တည်နေသည့် ဟင်္သာတမြို့ကလေးသည် ဘာသာ သာသနာတို့ဖြင့် ထွန်းပစည်ကားလှပါပေသည်။

"ဟင်္သာတ" အမည်နာမက ကဗျာဆန်လှသည်။ ဟင်္သာငှက်တို့ ပျော်စံမြေ၊ ဟင်္သာငှက်ကို ငှက်အပေါင်း တို့၏ မင်းဟုဆိုခဲ့လေတော့ ဟင်္သာတကိုလည်း ငှက်မင်း တို့၏ မြို့တော်ဟု ဆိုရသော် မှားနိုင်အံ့ မထင်ပါ။ ဆိုရပါ လျှင် ဤမြစ်ပြင် ဤသောင်ကမ်းသည် ဟင်္သာငှက်တို့ ပျော်မြူးရာဌာနီပင်တည်း။ သို့ကြောင့် ဤမြေ၊ ဤရေ၊ ဤဌာနီကို ရှေးယခင်က ဟံသာပတံ၊ ဟံသပတမှသည် (ပ) အက္ခရာကြေ၍ ဟံသတထိုမှ ကာလရွေ့လျောလာ သည့်အခါ ဟင်္သာတသို့ ခေါ်ဆိုမည်တွင်ခဲ့ကြပေသည်။

ပါးစပ်ရာဇဝင်အရ တချို့ကလည်း သဲသောင်ပေါ် ထွန်းလျက်ရှိသော ကမ်းခြေတွင် ဟင်္သာငှက်များ ကျက် စားမြူးတူးရာ ဒေသဖြစ်သောကြောင့် ဟင်္သာတဟူ၍ လည်းကောင်း၊ ဟင်္သာဖိုနှင့် ဟင်္သာမတို့ ကွဲကွာသွား သောကြောင့် ဟင်္သာဖို၊ ဟင်္သာမတို့၏ တမ်းတမ်းတတ လွမ်းဟန်ကို မြည်တမ်းဖော်ကျူး၍ ဟင်္သာတဟု ခေါ်ကြ သည်ကိုလည်း မှတ်သားထားမိပါသည်။



တစ်ဖန် သက္ကရာဇ် ၆၀၂ ခု၊ နရသီဟပတေ့မင်းသည် တရုတ်တို့၏ရန်ကြောင့် အောက်အရပ်သို့ စုန်ဆင်းလာရာ ပုသိမ်တွင် (၅) လနေ၍ အပြန်တွင် ပမ္မဝတီမြစ် (ယခု ငဝန်မြစ်) နှင့် ဧရာဝတီမြစ်တို့ ဆုံရာ ဖောင်တော်ပေါ်တွင် ဟင်းခွက် (၃၀၀) မပြည့်သဖြင့် မိမိဆင်းရဲလှသည်ဟု ဆိုကာဟင်းလျာတသည်ကိုအကြောင်းပြုပြီးဟင်းလျာတမှ တစ်ဆင့် ဟင်္သာတဟု ခေါ်ဆိုခြင်းဖြစ်သည်ဟု ရာဇဝင်ကဆိုပြန်ပါသည်။

နောက်တစ်မျိုးမှာ ပထဝီ၊ ရေ၊ မြေအနေအထားအရ သောင်ပေါ်ထွန်းစ ဤဌာနတွင် ရေ၊ မြေကို လိုက်၍ ပေါက်ရောက်သော ဓနန်းပင်များ ပေါများရာဒေသ ဖြစ်ခဲ့သည်။ မွန်လူမျိုးတို့၏ ဘာသာစကားအရ ဟန်ဇဒါးဟု ခေါ်ကြသည်။ ကာလကြာသော် ဟန်ဇဒါးမှ ဟန်းဇဒါး (Henzada) ထိုမှ ဟန်းသဒ၊ ဟင်းသဒ၊ ဟင်္သာတ ဟူသော စကားလုံးဝေါဟာရသို့ ပြောင်းလဲမည်တွင်လာခဲ့ရကြောင်း ပညာရှင်တို့၏ အဆိုကိုလည်း လေ့လာသိရှိခဲ့ရပြန်ပါသည်။ မည်သို့ပင်ဆိုစေ ဟင်္သာတသည် အေးချမ်းစည်ပင် သာသနာရောင်ဝါထွန်းလင်းစေသော မြို့တစ်မြို့ဖြစ်သည်ကိုတော့ မည်သူမျှ ငြင်းဆိုနိုင်မည် မဟုတ်ပါပေ။

ဟင်္သာတမြို့၏ စတုဒိသာ အရပ်လေးမျက်နှာတွင် အထင်ကရဘုရားလေးဆူကိုတည်ထားခဲ့ပါသည်။အရှေ့အရပ်တွင် မြို့သူကြီးဘုရား၊ အနောက်အရပ်တွင် ဆယ်ထပ်ကြီးဘုရား၊ တောင်အရပ်တွင် ကျောက်တော်ကြီးဘုရား၊ မြောက်အရပ်တွင် ချမ်းသာကြီးဘုရားဟူ၍ ကြီးလေးကြီးဘုရားဖြင့် ဝန်းရံထားသည်သို့ ရှိနေပါပေသည်။

ကြီးလေးကြီးမည်သော ဘုရားလေးဆူသည် နေ့နံအလိုက် ထူးထူးခြားခြား အက္ခရာဂဏန်းပေါင်းခြင်းများမှာ အစဉ်လိုက်ဖြစ်နေသည်ကိုလည်း အံ့သြစရာဖြစ်နေပြန်ပါသည်။ အက္ခရာဂဏန်း ငယ်စဉ်ကြီးလိုက် (၁၀)၊ (၁၁)၊ (၁၂)၊ (၁၃) ဟူသော ကြီးလေးကြီးဘုရားလေးဆူကို သမိုင်းအကျဉ်းနှင့်ပူဇော်ပါမည်။

## (၁) ချမ်းသာကြီးဘုရား။

ရှေးအခါက မုဆိုးတစ်ဦးသည် တောဝက်ကို ဟင်္သာတ တစ်ဖက်ကမ်းတွင် မီးကင်လိုသည်။ သို့သော် မီးကားမရှိပေ။ သို့သော် အခြားတစ်ဖက်ကမ်းတွင်မူ မီးရောင်ကို မြင်နေရပေ၏။ ထိုအခါတွင် မုဆိုးမှာ မှန်ကန်သောသစ္စာကို ပြုချေသော် ငါအလိုရှိအပ်သောအရာသည် ပြီးမြောက်ခြင်းသို့ ဖြစ်တန်ရာသည်ဟူသော အတွေးဖြင့် အဓိဋ္ဌာန်လေရာ "ငါသည် ယခင်အခါက မင်းသားတစ်ပါး ဖြစ်ခဲ့ပါ၏။ ရတနာပုံ နန်းတွင်းအရေးတော်ပုံဖြင့် ထွက်ပြေးပုန်းရှောင်ခဲ့ရာတွင် ယခု ဟင်္သာတနယ်ဘက်ရောက်လာခဲ့ရပြီး မုဆိုးအဖြစ် မထင်မရှား ခိုလှုံပုန်းအောင်နေခဲ့ရပါသည်။ ငါသတ်ခဲ့သော သားကောင်များသည်လည်း များလှချေပြီ။ ငါသည် အကုသိုလ်များလွန်းသော မုဆိုးဘဝမှာလည်း ကျွတ်လွတ်ချင်လှပါပြီ။ ဤသစ္စာစကားမှန်ကန်ခဲ့ပါက ငါ၏အဓိဋ္ဌာန်သည် ပြည့်ဝပါစေသတည်း" ဟူသော အဓိဋ္ဌာန်ဖြင့် ဝက်လက်ကို တစ်ဖက်ကမ်းမှ မီးရောင်ဖြင့်ကင်လေရာ အံ့သြစွာပင် ဝက်လက်မှာ ကျက်ခဲ့လေသည်။ မုဆိုးတစ်ဖြစ်လဲ မင်းသားသည် သူ၏အဓိဋ္ဌာန် အောင်မြင်ခဲ့သဖြင့် မုဆိုးဘဝမှ ကျွတ်လွတ်၍ ရဟန်းပြုခဲ့လေတော့သည်။ မင်းကျောင်းတွင် ရဟန်းတရားအားထုတ်နေစဉ်မှာပင် (၁၈) တောင် စေတီတော်တစ်ဆူကိုလည်း တည်ထားကိုးကွယ်ခဲ့ပေသည်။ ထိုအမည်မသိသော မင်းသားမုဆိုးတစ်ဖြစ်လဲ

ရဟန်းတစ်ပါးမှအစပြု၍ တည်ထားခဲ့သော ဘုရားစေတီကို (၁၁၈၁) ခုနှစ်တွင် လှေသူကြီးဦးချမ်းသာက ပြန်လည်၍ပြုပြင်မွမ်းမံပြီး အမြင့် (၄၂) တောင်ဖြင့် "ချမ်းသာကြီးဘုရား" ဟူ၍ ဘွဲ့အမည်တော်ပေးပြီး တည်ထားခဲ့လေသည်။ ထို့နောက် ချမ်းသာကြီးဘုရားကို မင်းကျောင်းဆရာတော် ဦးပဏ္ဍိတဓမ္မသည် ၁၃၂၈ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ထီးတော်အသစ်တင်လှူပြီး စေတီတော်ကိုလည်း ရွှေသင်္ကန်းကပ်လှူခဲ့ပေသည်။ ဝိဇ္ဇာတို့စောင့်ရှောက်သည့် ထူးကဲသော ဘုရားစေတီတော် တစ်ဆူဖြစ်သဖြင့် ကိုယ်စိတ်နှစ်ပါး ချမ်းသာကြီးချင်သူများ အဓိဋ္ဌာန်ဝင် ဆုတောင်းပြည့်စေပါသည်။

ချမ်းသာကြီးကို နေ့နံအက္ခရာဂဏန်း သင်္ချေတာအလိုအားဖြင့် ချမ်းသည် တနင်္လာနံ (၂) ဂဏန်း၊ သာသည် သောကြာနံ (၆) ဂဏန်း၊ ကြီးသည် တနင်္လာနံ (၂) ဂဏန်း၊ စုစုပေါင်းလျှင် ချမ်းသာကြီးသည် (၁၀) ဂဏန်း ရသဖြင့် ကြီးလေးကြီး အဓိဋ္ဌာန်ဝင်လျှင် ပထမဦးဆုံးဝင်ရမည့် ဆုတောင်းပြည့်ဘုရားတစ်ဆူ ဖြစ်ပါသည်။

## (၂) ကျောက်တော်ကြီးဘုရား။

ကျောက်တော်ကြီးဘုရားသည် မြန်မာနိုင်ငံ ကိုလိုနီလက်အောက် ကျရောက်ခဲ့စဉ်ကာလတွင် တည်ထားကိုးကွယ်ခဲ့သော ဘုရားဖြစ်သည်။ ၁၂၇၃ ခုနှစ်တွင် ပထမဘုရားကြီး ဆရာတော် ပျံလွန်တော်မူရာ နိဗ္ဗာန်စံကျောင်းသို့ ပင့်ဆောင်တော်မူကြသည်။ ထိုနှစ်ထဲတွင် တိုက်အုပ်ဆရာတော်က တပည့်ဒါယကာ ဒါယိကာမများအား စည်းဝေးတိုင်ပင်ပြီးလျှင် ဘုရားကြီးကို ပင့်ဆောင်ပူဇော်ရန် အမိန့်ရှိလေသည်။ ပရိသတ်၏ကိုယ်စား ဦးမောင်မောင်ခက ဘုရားကြီးကို ပင့်ဆောင်ပူဇော်ရန် အခက်အခဲရှိလိမ့်မည်ဖြစ်ကြောင်း ပြန်လည်လျှောက်ထားရာ တိုက်အုပ်ဆရာတော်က သဒ္ဓါတရားရှေ့ထား၍ ဆောင်ရွက်လျှင် မဖြစ်နိုင်စရာအကြောင်းမရှိဟု အမိန့်ရှိလေသည်။ ဆရာတော်၏ မိန့်ကြားချက်အရ ဦးမောင်မောင်ခက ဘုရားကြီးကိုထုလုပ် ကိုးကွယ်ပူဇော်နိုင်ရန်အတွက် စရိတ်စကအဖြစ် ဆရာခိုင်အမှူးရှိသော ပုဂ္ဂိုလ်များအား ငွေနှစ်ထောင်စိုက်ထုတ်ပေးသည်။ ဆရာခိုင်တို့သည်



စကျင်တောင်သို့သွား၍ ၁၂၇၄ ခုနှစ်၊ တော်သလင်းလမှစ၍ ရုပ်ပုံတော်ကို အကြမ်းပုံဖော်ခဲ့ကြသည်။ ထိုနှစ် တန်ဆောင်မုန်းလတွင် တောင်ခြေ မြေညီသို့ ရောက်လာကြသည်။ ဆရာခိုင်တို့အား နောက်ထပ်ငွေ အမြောက်အမြားပေးခဲ့သည်။ ၁၂၇၅ ခု၊ ဝါခေါင်လတွင် စကျင်တောင်မြောင်းတော်မှ ထွက်ခဲ့ရာ မန္တလေးသရက်မော်ဆိပ်သို့ ရောက်လာသည်။ တော်သလင်းလတွင် ဖောင်တော်ဖြင့် စုန်ဆင်းလာခဲ့သည်။

တော်သလင်းလဆုပ် (၄) ရက်၊ သောကြာနေ့၌ ဟင်္သာတမြို့ဆိပ်ကမ်းသို့ ဖောင်တော်ကပ်သည်၊ သီတင်းကျွတ်လဆုတ် (၅) ရက်နေ့တွင် ကုန်းပေါ်သို့ ပင့်ဆောင်ခဲ့သည်။ တပို့တွဲလတွင် ပလ္လင်တော်ပန္နက်ချသည်။ မြေတူးသောအခါ ပလ္လင်တော်နေရာ အလယ်ချက်အောက်တည့်တည့်၌ သံသပိတ်တစ်လုံးကို တွေ့ရသည်။ အောက်ဘက်သို့ ဆက်လက်တူးသောအခါ ကမ္ဗာလိပ်ကြီးအရှင်တစ်ကောင် ရသည်။ ဆက်လက်၍ တူးကြည့်ပြန်သောအခါ (၇) ကျပ်သားရှိသော ရွှေလက်ကောက်တစ်ကွင်း ရခဲ့သည်။

၁၂၇၅ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် အမိန့်တော်ပြန်ရန် သေနတ်အချက်ပေါင်းများစွာ ပစ်ဖောက်သည်၊

ထို့နောက် ပလ္လင်တော်၌ ဆရာတော်ကြီး၏ ပရိဘောဂ သက်ံန်းနှင့် သပိတ်တို့ကို ဌာပနာသည်။ ၁၂၇၅ ခု၊ နောင်းတန်ခူးလဆန်း (၁၁) ရက်နေ့တွင် ရွှေပြောင်ပြောင်စံကျောင်းတော်မှ ပလ္လင်တော်ပေါ်သို့ ပင့်ဆောင်သည်။ ၁၂၇၆ ခု၊ ဝါခေါင်လဆန်း (၃) ရက်နေ့မှစ၍ ဘုရားကြီးကို အချောကိုင်ရာ သီတင်းကျွတ်လပြည့်နေ့၌ မျက်နှာတော်ဖွင့်ပွဲကျင်းပခဲ့ပါသည်။ ၁၂၇၅ ခု၊ နယုန်လဆုတ် (၅) ရက်နေ့တွင် ဂန္ဓကုဋီတိုက် ပန္နက်တော်ချခဲ့သည်။ ကျောက်တော်ကြီးဘုရား၏ ညာဏ်တော်အမြင့် (၁၁) တောင် (၂) မိုက် ရှိသည်။ နဖူးသင်းကျစ်တော် အလျား (၃) တောင် (၄)လက်မ၊သင်းကျစ်တော်အပြန့်(၈)လက်မ၊လက်ယာဘက်ချလက်တော် (၆) တောင် (၇) လက်မ၊ လက်ရုံးတော်လုံးပတ် (၃) တောင်၊ လက်ညှိုးတော်အရှည် (၁) တောင် (၆) လက်မ၊ လက်သန်းတော်အရှည် (၁) တောင် (၂) လက်မ၊ လက်ဝဲဘက်ပိုက်လက်တော်မှာ လက်ယာလက်နှင့် အတူတူရှိတော်မူသည်။ ဖဝါးတော် အလျား (၂) တောင် (၇) လက်မ၊ ဖဝါးတော်အပြန့် (၁) တောင်၊ ထက်ဝယ်တော်၏ ဒူးစွန်းနှစ်ဖက်တော်မှာ (၆) တောင်၊ စမွှခက်လုံးပတ်တော် (၁၇) တောင်ရှိတော်မူကြောင်း ဘုရားကြီး၏ ကျောက်စာ၌ တိကျစွာဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ဟသ်ာတမြို့၏ ကြီးလေးကြီးဘုရားများထဲတွင် ပေါင်းခြင်း အက္ခရာဂဏန်း သင်္ကေတအလိုအားဖြင့် ကြီးလေးကြီးတွင် ဒုတိယအမိဋ္ဌာန်ဝင်ရမည့်ဘုရားဖြစ်သည်။ ကျောက်တော်ကြီးဟူသော ဘုရားကြီး၏ နေ့နံ သင်္ကေတဂဏန်းအရ ကျောက်သည် တနင်္လာနံ (၂) ဂဏန်း၊ တော်သည်စနေနံ (၇) ဂဏန်း၊ကြီးသည်တနင်္လာနံ (၂) ဂဏန်းဖြစ်သဖြင့် အားလုံးပေါင်းလျှင် (၁၁) ဂဏန်း ရသည်။ အဓိဋ္ဌာန်ဝင်ဆုတောင်းလျှင် ဆုတောင်းပြည့်ဘုရားတစ်ဆူဖြစ်ပါသည်။

## (၃) ဆယ်ထပ်ကြီးဘုရား

ဟသ်ာတမြို့၏ကြီးလေးကြီးဘုရားများထဲတွင်ပါဝင်သော တန်ခိုးကြီးဘုရားတစ်ဆူမှာ ဆယ်ထပ်ကြီးခေါ် ဆင်းတုတော်ကြီး (သို့မဟုတ်) ရုပ်ရှင်တော်မြတ် ကိုယ်တော်ကြီး ဖြစ်သည်။ ရန်ကုန်မြို့၌ ငါးထပ်ကြီးဘုရား၊ ကိုးထပ်ကြီးဘုရားရှိသလို၊ ကြံခင်းမြို့တွင် ခြောက်ထပ်ကြီးဘုရား၊ ဆယ့်တစ်ထပ်ကြီးဘုရားများ ရှိသည်။ ဟသ်ာတမြို့တွင် အထင်ကရ ဆယ်ထပ်ကြီးဘုရားတစ်ဆူ သပ္ပါယ်စွာ တည်ထားကိုးကွယ်လျက်ရှိပါသည်။



ဆယ်ထပ်ကြီးဘုရားကို ၁၂၇၁ ခု၊ တပို့တွဲလပြည့်ကျော် (၂) ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ (၄) နာရီ (၄၀) မိနစ် (၃၇) စက္ကန့်အချိန်တွင် ပန္နက်တော်တင်သည်။ အုတ်မြစ်ကို အနက် (၉) ပေ အလျား (၆၄) ပေ၊ အနံ (၄၉) ပေ အခြေခံ၍ ဖောက်ထွင်းပြီးလျှင် ကလပ်ခြေကဲ့သို့ တဖြည်းဖြည်းဆုတ်လျက် သရွတ်ပြည့်စီ၍ တက်သည်။ ဒုက္ခရစရိယာ (၆) နှစ် ကျင့်တော်မူသည်ကို ရည်စူး၍ ပလ္လင်တော်မှာ (၆) တောင် ဖြစ်သည်။ ညာဏ်တော်မှာ (၄၅) တောင် အမြင့်တည်သည်။

၁၂၇၄ ခုနှစ်၊ နယုန်လဆန်းတွင် ဘုရားတည်ပြီးခဲ့သည်။ ၁၂၇၅ ခု၊ တန်ခူးလဆုတ် (၅) ရက်၊ သောကြာနေ့ နံနက် (၉) နာရီအချိန်တွင် အင်္ဂတေအချောကိုင်ပြီးသည်ဖြစ်၍ သံဃာတော်အရှင်သူမြတ်များသည် တံခွန်၊ ကုက္ကား၊ မုလေးပွား၊ ဆန်ပန်းပေါက်ပေါက်တို့ဖြင့် ပရိတ်အနေကာဇာ ပထမဗုဒ္ဓဝစန စသည်တို့ကို ရွတ်ဖတ်ပူဇော်

ကြသည်။ စေတီတော်ကြီး၏ ဗွယ်တော်ဓာတ်တော်၊ စိန်၊ ရွှေ၊ ငွေ၊ ဆင်းတုတော်နှင့် ဓမ္မကမ္ဗနာမှစ၍ ရတနာအမျိုးမျိုးတို့ကို ခမ်းနားကြီးကျယ်စွာ မင်္ဂလာသဘင် ဆင်ယင်ကျင်းပပြီးလျှင်ဌာပနာသွင်းလှူ၍ပူဇော်ခဲ့ကြသည်။ဆယ်ထပ်ကြီးဘုရားသည် ကိုလိုနီခေတ်တွင် တည်ထားသောဘုရားကြီး ဖြစ်သည်။ အင်္ဂရာသချာဂဏန်းပေါင်းခြင်းအလိုအားဖြင့် ကြီးလေးကြီးဘုရားလေးဆူအနက် တတိယ အဓိဋ္ဌာန် ဝင်ရောက်ရမည့် ဘုရားကြီးဖြစ်ပါသည်။

ဆယ်ထပ်ကြီးဟူသော ဘုရားကြီး၏နေ့နံသင်္ကေတဂဏန်းအလိုအားဖြင့်ဆယ်သည်အင်္ဂါနံဖြစ်၍(၃)ဂဏန်း၊ ထပ်သည် စနေနံဖြစ်၍ (၇) ဂဏန်း၊ ကြီးသည် တနင်္လာနံဖြစ်၍ (၂) ဂဏန်းဖြစ်သဖြင့် ပေါင်းခြင်းအလိုအားဖြင့် (၁၂) ဂဏန်း ဖြစ်သည်။ ကြီးလေးကြီးဘုရားစာရင်းဝင် ဆယ်ထပ်ကြီးဘုရားတွင် အဓိဋ္ဌာန်ပြု၍ ပုတီးစိပ်သူများအတွက် ပုတီးအဓိဋ္ဌာန်များလည်း အောင်မြင်ကြပါသည်။ ရတနာသုံးပါးကို ရည်စူး၍ သရဏဂုံဆောက်တည်ပြီး ပုတီးစိတ်ပါက ဝိဇ္ဇာများစောင့်ရှောက်ပြီး သမထအောင်သော တန်ခိုးကြီး ဘုရားတစ်ဆူလည်းဖြစ်ပါသည်။

## (၄) မြို့သူကြီးဘုရား

ဟင်္သာတမြို့၏ ကြီးလေးကြီးဘုရားလေးဆူတွင် စတုတ္ထနေရာ၌ရှိသော တန်ခိုးကြီးဘုရားမှာ မြို့သူကြီးဘုရား ဖြစ်သည်။ မြို့သူကြီးဘုရားကို သက္ကရာဇ် ၁၁၄၈ ခုနှစ်တွင် ဘိုးတော်မင်းတရား နန်းတက်သောနှစ်၌ ဟင်္သာတမြို့ မြို့သူကြီးမင်း ဦးမြတ်သာထွန်း ကိုးကွယ်ထားသော စေတီတော်ဖြစ်သည်။ ဘုရားဒါယကာ မြို့သူကြီးကို အစွဲပြု၍ ဘုရား၏အမည်ကိုလည်း မြို့သူကြီးဘုရားဟု အမည်တွင်စေခဲ့သည်။ ထိုဘုရားတည်ခဲ့သော ခုနှစ် ၁၁၄၈ ခုနှစ်ကို (အေးအောင်လာရှုတည်ဘန်ပြုကောင်းမှုမြို့သူကြီး) ဟုလည်းမှတ်သားမှုလွယ်ကူစေရန် စာကာရန်ဖြင့် စပ်ဆိုထားသည်ကိုလည်း လေ့လာသိရှိရပါသည်။

ဘုရားရင်ပြင် အကျယ်ပတ်ဝန်းကျင် အတောင် (၄၀၀)၊ စေတီဖိနပ်တော် (၄၀) တောင်၊ စေတီ ဉာဏ်တော် အမြင့် (၄၉) တောင် ရှိသည်။ ကြီးလေးကြီးဘုရားများထဲတွင် အင်္ဂရာသချာဂဏန်းအလိုအားဖြင့် နံပါတ် (၄) နေရာဖြစ်ပြီး တန်ခိုးကြီးဘုရားတစ်ဆူလည်း ဖြစ်ပါသည်။ အဓိဋ္ဌာန်ဖြင့် ပုတီးစိပ်ကြသူများ အဓိဋ္ဌာန်အောင်မြင်ကြပါသည်။ ဘုရားကြီးပရိဝုဏ်အတွင်းတွင် တိလောက မှန်ကူဆုတောင်းပြည့် နီးဘုရားကြီးတစ်ဆူလည်း ကိန်းဝပ်စံပါယ်တော်မူလျက် ရှိပါသည်။ ဧရာဝတီမြစ်ကမ်းနဖူးတွင်တည်ထားသော ဘုရားဖြစ်၍ လေကောင်းလေသန့်ရပြီး ရှုခင်းသာဆိတ်ငြိမ်သည့်ဘုရား ဖြစ်ပါသည်။ မြို့၏ ကျက်သရေဆောင်ဘုရားဖြစ်သည်နှင့်အညီ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိနေပေသည်။ မြို့သူကြီးဘုရားကို နေ့နံသင့် အင်္ဂရာ ဂဏန်းအလိုအားဖြင့် မြို့သည် ကြာသပတေးနံ (၅) ဂဏန်း၊ သူ သည် သောကြာနံ (၆) ဂဏန်း၊ ကြီး သည် တနင်္လာနံ (၂) ဂဏန်းဖြစ်ပါသည်၊ ပေါင်းခြင်းအလိုအားဖြင့် (၁၃) ဂဏန်းရပါသည်။ ထို့ကြောင့် ကြီးလေးကြီးဘုရားလေးဆူတွင် စတုတ္ထမြောက် အဓိဋ္ဌာန်ဝင်ဆုတောင်းပြည့် ဘုရားတစ်ဆူဖြစ်ကြောင်း ပါရမီဖြည့်လိုသူ ဓမ္မမိတ်ဆွေများအတွက် ရှာဖွေစုဆောင်း၍ ဖော်ပြလိုက်ရပါသည်။



(ဓမ္မောဟဝေရက္ခတိ ဓမ္မစာရီ ... တရားစောင့်သူကို တရားက ပြန်စောင့်ပါလိမ့်မည်)

**ရောင်မြေကျော်ဝေ**



# ကရုဏာလုလင် လူမှုကူညီရေးအသင်း

**ဦးအောင်သန်း (ကရုဏာလုလင်)**

## အသင်းတည်ထောင်ခြင်း

၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့တွင် ဟင်္သာတမြို့ မြဝတီရပ်ကွက်၊ ငုဝါလမ်း၌ ကရုဏာလုလင် လူမှုကူညီရေးအသင်းကို စတင်တည်ထောင်ခဲ့သည်။ စတင်တည်ထောင်စဉ်က အသင်းဝင်ဦးရေ (၃၅) ဦး ရှိခဲ့ရာ ယခုအခါ လက်ရှိအသင်းဝင်ဦးရေမှာ (၆၀၀) ဦးအထိ ရှိလာပြီဖြစ်သည်။

## ဖွဲ့စည်းခြင်း

ကရုဏာလုလင် လူမှုကူညီရေးအသင်းကြီးတွင် ဦးစီးပဓာန နာယကဆရာတော် (၁၅) ပါး၊ ဂုဏ်ထူးဆောင် နာယကနှင့် နာယကအဖွဲ့ (၁၃) ဦး၊ အလုပ်အမှုဆောင်အဖွဲ့ (၁၅) ဦးနှင့် နယ်မြေမှူး (၁၄) ဦးတို့ဖြင့် ဖွဲ့စည်းထားပါသည်။

## အသင်းပိုင်မော်တော်ယာဉ်များ တရားဝင်ဖြစ်ရေး ဆောင်ရွက်ခြင်း

အသင်းပိုင်နာရေးကူညီမှုမော်တော်ယာဉ် (၄) စီးကို (၁၄-၇-၂၀၁၄) ရက်နေ့တွင် ဟင်္သာတခရိုင်၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ကညန) တွင် မှတ်ပုံတင်ခဲ့ရာ ယာဉ်အမှတ် HFE-1871, HFE-1872, HFE-1873, HFE-3009 တို့ဖြင့် ယာဉ်မှတ်ပုံတင်စာအုပ် (Wheel Test) များ ရရှိခဲ့ပြီးဖြစ်သည်။

## အသင်း၏ရန်ပုံငွေအခြေအနေ

သီရိပုံချိုဦးဌေးဦးနှင့် မိသားစုတို့က လှူဒါန်းသည့် နာရေးကူညီမှုငွေပဒေသာပင် ငွေကျပ် (၁၀) သိန်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုငွေပဒေသာပင် ငွေကျပ် (၁၀) သိန်း၊ စုစုပေါင်းငွေကျပ် သိန်း (၂၀) ကို အသင်းရန်ပုံငွေ တိုးပွားရရှိစေရန် အသင်းသားများသို့ အတိုးနှုန်း (၃) ရာခိုင်နှုန်းဖြင့် ချေးငှားထားပြီး အတိုးအညွန့်ကိုသာ သုံးစွဲလျက်ရှိသည်။

အသင်းသားတစ်ဦးလျှင် တစ်လငွေကျပ် (၁၀၀၀) နှုန်းဖြင့် လှူဒါန်းရရှိငွေများကိုနာရေး၊ သင်္ဂြိုဟ်စရိတ်ထောက်ပံ့ခြင်း၊ ဇီဝိတဒါနအခမဲ့ဆေးကုသပေးခြင်း၊ မော်တော်ယာဉ်များပြင်ဆင်ခြင်းနှင့် လိုအပ်သောစက်သုံးဆီများ ဝယ်ယူခြင်းတို့အတွက် သုံးစွဲပါသည်။

ရန်ပုံငွေလက်ကျန်များကို စီဘီဘဏ် (CB Bank) တွင် ငွေစုစာအုပ်ပြုလုပ်ပြီး ငွေသွင်း/ငွေထုတ် ကိုယ်စားလှယ်များဖြင့် ဆောင်ရွက်လျက်ရှိသည်။

## ကရုဏာလုလင်လူမှုကူညီရေးအသင်း၏ဆောင်ပုဒ်

"ရှင်လည်းစိတ်ချ၊ သေလည်းလှဖို့၊ လူမှုကိစ္စအဝဝကို မေတ္တာရှေ့ထား၊ ကရုဏာပွားလျက်၊ စွမ်းအားအပြည့် ဆောင်ရွက်ကူညီနေတာ၊ ကရုဏာလုလင် စေတနာ"

အထက်ပါဆောင်ပုဒ်နှင့်အညီ ကရုဏာလုလင် လူမှုကူညီရေးအသင်းသည် အောက်ပါရည်ရွယ်ချက်

လုပ်ငန်းစဉ် (၅) ရပ်ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ၏။

## ရည်ရွယ်ချက်လုပ်ငန်းစဉ် (၅) ရပ်

(က) နာရေးကူညီမှု၊ နာရေးသင်္ဂြိုဟ်စရိတ် ထောက်ပံ့မှုနှင့် နာရေးယာဉ်အခမဲ့ကူညီမှု။
(ခ) ကျန်းမာရေးစောင့်ရှောက်ကူညီမှုနှင့် ကျန်းမာရေး ယာဉ်အခမဲ့ကူညီမှု၊
(ဂ) သာရေး/နာရေးအတွက် လိုအပ်သော အသုံးအဆောင်ပစ္စည်းများ အခမဲ့ငှားရမ်းကူညီမှု၊
(ဃ) ဘာသာ/သာသနာဆိုင်ရာ လှူဒါန်းမှုနှင့် ပံ့ပိုးဆောင်ရွက်ကူညီမှု၊
(င) အရေးပေါ်ကျန်းမာရေးအတွက် ဇီဝိတဒါန သွေးလှူဒါန်းကူညီမှု။

## လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ချက်

(က) နာရေးကူညီမှု၊ နာရေးသင်္ဂြိုဟ်စရိတ်ထောက်ပံ့မှုနှင့် နာရေးယာဉ်အခမဲ့ကူညီမှုလုပ်ငန်း

နာရေးရှာပနအား Steel ခုတင်၊ အုပ်ဆောင်း၊ Steel ခေါင်း၊ ဇာ၊ ပန်းခြင်း၊ ရောင်စုံမီး စသည်များဖြင့် လှပစွာဆင်ပေးသည့်ပြင် လိုအပ်သော အမိုးတာလပတ်၊ မီးချောင်း၊ မီးကြိုး၊ ထိုင်ခုံ စသည်များကိုလည်း အခမဲ့ကူညီဖြည့်ဆည်းပေးသည်။

နာရေးသင်္ဂြိုဟ်စရိတ်ထောက်ပံ့ရာတွင် သတ်မှတ်နယ်မြေအတွင်းရှိ အသင်းဝင်မဟုတ်သော နာရေးများအတွက် ငွေကျပ် (၁၅၀၀၀ိ/-)၊ အသင်းဝင်မိသားစု နာရေးအတွက် ငွေကျပ် (၂၀၀၀၀ိ/-)၊ အသင်းဝင်၏နာရေးအတွက် ငွေကျပ် (၅၀၀၀၀ိ/-) အသီးသီး ထောက်ပံ့ကူညီပေးသည့်အပြင် အသင်းသား၊ အသင်းသူများ၏ ပရိတ်အဖွဲ့၊ အသင်းပိုင်နာရေးယာဉ်၊ လူမှုရေးသုံးယာဉ်များဖြင့် မြေချသင်္ဂြိုဟ် ပြီးစီးသည်အထိ လိုက်ပါပို့ဆောင်ခြင်းတို့ကို အခမဲ့ကူညီဆောင်ရွက်ပေးပါသည်။

အထောက်အကူမဲ့နာရေးများ၊ သင်္ဂြိုဟ်မည့်သူမရှိသည့် နာရေးများကိုလည်း မိမိတို့အသင်းက သင်္ဂြိုဟ်ပြီးသည်အထိ တာဝန်ယူကူညီဆောင်ရွက်ပေးလျက်ရှိသည်။

လူသေအလောင်း ဆေးရုံပို့ခြင်း၊ ဆေးရုံမှ နေအိမ်ပြန်ပို့ခြင်း၊ သင်္ဂြိုဟ်စက် (သို့မဟုတ်) မြှုပ်နှံမည့် နေရာသို့ ပို့ပေးခြင်း စသည့်နာရေးကူညီမှုများကိုလည်း အသင်းပိုင်နာရေးယာဉ်ဖြင့် အခမဲ့ပို့ဆောင်ကူညီပေးပါသည်။

ဘုန်းတော်ကြီးပျံ၊ ဘတော်ပျံ၊ မယ်တော်ပျံနှင့် သီလရှင်နာရေးရှာပနများကို နစ်ထပ်ခုတင် စံကျောင်းချကလပ်၊ မှန်စီရွှေချခေါင်း၊ မြပုခက်၊ ခေါင်းတုံ၊ ဇာ၊ ပန်းလိပ်၊ ပန်းဆွဲ၊ ပန်းခြင်း၊ ရောင်စုံမီးများဖြင့် ခမ်းနားတင့်တယ်စွာ ဆင်ယင်ပေးသည့်အပြင် လိုအပ်ပါက ကရဝိတ်ပန်းရထားယာဉ်၊ အသင်းပိုင်ပရိတ်အဖွဲ့၏ ကောင်းကင်ကြိုးသီဆိုပူဇော်ခြင်းတို့ကိုပါ အသင်းမှ လူအင်အားဖြင့် လိုက်ပါပို့ဆောင်ပေးသည်။ လိုအပ်ပါလျှင် မီးသင်္ဂြိုဟ်ပြီးစီးသည်အထိ အစအဆုံး အခမဲ့ ကူညီဆောင်ရွက်ပေးသည်။

(ခ) ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေး အထောက်အကူပြုယာဉ်အခမဲ့ကူညီမှုလုပ်ငန်း

ဇီဝိတဒါနအခမဲ့ဆေးကုခန်းကို ကရုဏာလုလင် လူမှုကူညီရေးအသင်းရုံးခန်းတွင် ကျွမ်းကျင်သည့် ဆရာဝန်များ၊ သူနာပြုဆရာမများ၊ ခရိုင်/မြို့နယ်အဆင့် တိုင်းရင်းဆေးသမားတော်များ ဆေးဝါးကျွမ်းကျင်သူပညာရှင်များနှင့်လစဉ်စနေနေ့တိုင်း အနောက်တိုင်း (နိုင်ငံခြား) ဆေးကုသခြင်း (၂) ကြိမ်၊ တိုင်းရင်းမြန်မာဆေးကုသခြင်း (၂) ကြိမ်ဖြင့် တစ်လလျှင် (၄) ကြိမ်ဖွင့်လှစ်၍ အခမဲ့ ကျန်းမာရေးစောင့်ရှောက်ပေးပါသည်။

မကျန်းမမာသော ဝေဒနာရှင်လူနာများအတွက် လိုအပ်သော အောက်စီဂျင်ဘူး၊ ချိုင်းထောက်၊ Wheel Chair စသည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကိုလည်း အခမဲ့ငှားရမ်း ကူညီပေးသည်။

မကျန်းမာသည့်ဝေဒနာရှင်များ ဆေးရုံတက်ခြင်း၊ ဆေးရုံမှ ပြန်ဆင်းခြင်းများနှင့် လိုရာအရပ်သို့ အသင်းပိုင် ကျန်းမာရေးအထောက်အကူပြု မော်

တော်ယာဉ်ဖြင့် အခမဲ့ပို့ဆောင်ကူညီလျက်ရှိသည်။

(ဂ) သာရေး/နာရေးအတွက်လိုအပ်သောပစ္စည်းများ အခမဲ့ငှားရမ်းကူညီမှုလုပ်ငန်း

သာရေး၊ နာရေးအတွက် လိုအပ်သောပစ္စည်းများ အိုးခွက်၊ပန်းကန်များ၊အမိုးတာလပတ်၊မီးချောင်း၊ မီးကြိုး၊ ထိုင်ခုံစသည်များကို အခမဲ့ငှားရမ်း ကူညီပေးခြင်း၊ ဘာသာရေး၊ လူမှုရေးစသည့် အလှူမင်္ဂလာဆောင်အခမ်းအနားများအတွက် နဖူးစည်း၊ နောက်ခံကတ္တီပါ၊ ပန်းလိပ်၊ ပန်းဆွဲ၊ ဇာ၊ တိုင်ဖုံး၊ စာတမ်းများ၊ မီးချောင်း၊ မီးကြိုး၊ ရောင်စုံမီးသီးများကို အခမဲ့ဆင်ယင်ကူညီခြင်းတို့ကို ဆောင်ရွက်ပေးပါသည်။

(ဃ) ဘာသာ/သာသနာဆိုင်ရာလှူဒါန်းမှု ပံ့ပိုးကူညီဆောင်ရွက်မှုလုပ်ငန်း

အသင်းကကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊တရားပွဲ၊ ဆွမ်းဆန်တော်လောင်းလှူပွဲ၊ ဆွမ်းတော်ကြီးကပ်လှူပွဲ၊ နိဗ္ဗာန်ဈေးပွဲတော်နှင့် စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲများကို (၅) နှစ်တိုင်တိုင် ကျင်းပခဲ့ပြီးဖြစ်သည်။

ဘာသာရေး/သာသနာရေးဆိုင်ရာ စာမေးပွဲများ ကျင်းပခြင်း၊ ဘုရားပင့်ဆောင်ခြင်း၊တရားဟောဓမ္မကထိကဆရာတော်များ ပင့်ဆောင်ခြင်း စသည့်လုပ်ငန်းများတွင် လုပ်အားဒါနပေးခြင်း၊ အလှဆင်မော်တော်ယာဉ်များနှင့် ပရိတ်အသင်းသူများ၏ ပရိတ်ရွတ်ဆိုခြင်းများကို ကူညီဆောင်ရွက်ပေးသည်။

မြဝတီရပ်ကွက်၊ တက္ကသိုလ်လမ်း၊ ရွှေဂူကြီးမင်းကျောင်းဝန်းအတွင်း သာသနာ့နယ်မြေတွင် ရဟန်းရှင်လူ ပြည်သူအများ ကြည်ညိုသဒ္ဓါပွားများနိုင်ကြစေရန် ဥက္ကာတော် (၁၁)တောင်အမြင့်ဆောင်သည့် မှန်ဝရုစ်ခုပါသော "လောကဝိဒူရွှေဂူကြီး" ဆုတောင်းပြည့်စေတီတော်မြတ်ကို ဤအသင်းကကြီးမှူး၍ ၂၀၁၁ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့သည်။ လက်ရှိတွင်လည်း စေတီတော်၏ ရင်ပြင်တွင် ကြွေပြားခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိ၏။

(င) အရေးပေါ်ကျန်းမာရေးအတွက် ဇီဝိတဒါနသွေးလှူဒါန်းကူညီမှုလုပ်ငန်း

အသင်းသား/အသင်းသူများကို သွေးစစ်၍ သွေးအုပ်စုအလိုက် မှတ်တမ်းတင်ထားရှိပြီး အရေးပေါ်ကျန်းမာရေးအတွက် သွေးလိုအပ်ပါက သွေးလှူရှင် အသင်းသား/အသင်းသူအား ဆေးရုံ/ဆေးခန်းသို့ အချိန်နှင့်တပြေးညီ ပို့ဆောင်ပေးခြင်း။

သွေးလှူဒါန်းမှုအတွက် အားဖြည့်အာဟာရကျွေးမွေးခြင်း၊ ကုန်ကျသည့် ဝန်ဆောင်စရိတ်စကအားလုံးကို အသင်းက ကျခံကူညီဆောင်ရွက်သည့်ပြင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ပေးခြင်း။

ဟသ်ာတဆေးရုံကြီး၊ သွေးလှူဘဏ်တွင် အသင်းမှ အသင်းဝင်တစ်ဦးထားရှိပြီး သွေးလှူဒါန်းမှုအတွက် အသင်းနှင့် ဆက်သွယ်ပေးခြင်း စသည်တို့ကို ဆောင်ရွက်နေဆဲဖြစ်သည်။

## မော်တော်ယာဉ်များထိန်းသိမ်းအသုံးပြုခြင်း

အသင်းပိုင် နာရေးကူညီမှု မော်တော်ယာဉ် (၃) စီး၊ ကျန်းမာရေးစောင့်ရှောက်မှု အထောက်အကူပြု (လူနာတင်) မော်တော်ယာဉ် (၁) စီးနှင့် ဘာသာရေး၊ လူမှုရေးလုပ်ငန်းများအတွက်အသုံးပြုရန်မော်တော်ယာဉ်(၁)စီး၊ စုစုပေါင်း မော်တော်ယာဉ် (၅) စီးကို မော်တော်ကားရုံအသီးသီးဖြင့် ထိန်းသိမ်းစောင့်ရှောက်လျက် လုပ်ငန်းများကို စေတနာရှေ့ထားကာ စဉ်ဆက်မပြတ် ဆောင်ရွက်လျက် ရှိပါသည်။

## ဆက်သွယ်ရန်

ဦးအောင်ကျော်သိန်း (နာယက) ၀၉ - ၃၁၃၇၈၃၇၄
ဦးအောင်သန်း (ဥက္ကဋ္ဌ) ၀၉ - ၂၅၄၉၉၁၉၆
ဦးဇော်မင်း (အတွင်းရေးမှူး) ၀၉ - ၃၁၁၄၆၀၉၅
ဦးစိုးမင်းထွန်း (ဘဏ္ဍာရေးမှူး) ၀၉ - ၃၆၃၇၆၁၀၀
ရုံးအဖွဲ့ ၀၉ - ၃၁၃၇၈၉၆၀

**ဦးအောင်သန်း(ကရုဏာလုလင်)**



# မသန်သော်လည်းစွမ်းသူ (သို့မဟုတ်) ဘဝအလင်းရောင်၏ ပွဲကိုင်ရှင်

**ဟသ်ာတ မောင်ခင်အောင်**

သူနှင့်ရင်းနှီးခဲ့သည်မှာ (၂) နှစ်ကျော်ပြီ။ အတိအကျပြောရလျှင် (၂) နှစ်နှင့် (၉) လရှိပြီဖြစ်ပါသည်။ သို့သော် သူ့အကြောင်းကို ချိုင်းထောက်နှစ်ဖက်အားပြု၍ သွားလာနေရသူ ပရဟိတစိတ်ဓာတ်ရှိသော ဆရာဝန်တစ်ယောက်ဆိုသည်ကလွဲ၍ ကျွန်တော်ဘာမျှမသိပါ။

သို့သော် သူ့အကြောင်းသိရန် တိုက်ဆိုင်လာသည့် နေ့တစ်နေ့။ ထိုနေ့မှာ ဘဝအလင်းရောင်ကုသိုလ်ဖြစ် အခမဲ့ဆေးခန်းဖွင့်သည့် (တနင်္ဂနွေ) နေ့ ဖြစ်ပါသည်။ ဆေးခန်း၏ စည်းကမ်းသတ်မှတ်ချက်အတိုင်း ဆေးခန်းလာ လူနာစာရင်းအား (သံဃာတော်၊ ကျန်းမာချို့တဲ့၊ ၈၀ နှစ်အထက် သက်ကြီးရွယ်အိုနှင့် နယ်ဝေး) စသည့် ဦးစားပေးအစီအစဉ်အတိုင်း မှတ်တမ်းစာအုပ်တွင် အုပ်စုခွဲစာရင်းရေးသွင်းနေစဉ် ဆေးခန်းရှေ့ကားရပ်သံ ကြားလိုက်မိသော်လည်း မော့မကြည့်မိပါ။

ထိုစဉ် ဆေးကုသမှုခံယူရန် ရောက်ရှိလာသူ လူနာလည်းဖြစ်၊ မိတ်ဆွေလည်းဖြစ်သူ ဦးမြဒွေးက ကျွန်တော့်အား ပေ့လူ - သူကဘာလဲဗျ - ဆေးလာကုတာလား၊ ရုတ်တရက် တီးတိုးကပ်မေးလိုက်တော့မှ လှမ်းကြည့်လိုက်ရာ သူဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့် ဪ - အဲဒါ ဆေးလာကုတာ မဟုတ်ဘူးဗျ။ ခင်ဗျားတို့ကို ဆေးကုပေးမယ့်ဆရာဝန်၊ ဆရာဝန်မှ ရိုးရိုးဆရာဝန် မဟုတ်ဘူး။ ဒီဆေးခန်းကော်မတီရဲ့ အတွင်းရေးမှူးနော်၊ ဟုတ်လား၊ ဒါဆို အတော်ပဲ၊ သူ့ဘဝအကြောင်းရေးထားတဲ့စာစောင်တစ်ခု ကျွန်တော့်မှာ ရှိတယ်။ ယူလာပေးမယ်၊ ခင်ဗျားဖတ်ကြည့်ပြီး ငယ်ဘဝနဲ့ လက်ရှိဘဝကို ဆက်စပ်ပေးသင့်

တယ်၊ ဆက်ဖြစ်အောင် ဆက်ဖို့လည်း တိုက်တွန်းသွားပါသည်။

နောက်တစ်ပတ်ဆေးခန်းဖွင့်ရက်ဖြစ်သည့် တနင်္ဂနွေနေ့တွင် ဦးမြဒွေး ယူလာပေးသည့် ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလထုတ် မင်္ဂလာမောင်မယ်စာစောင် အတွဲ-၁၄၊ အမှတ်-၁၁ တွင် ပါဝင်သည့် (စာရေးသူ ရွှေရည်လှိုင်) ၏ မသန်သော်လည်းစွမ်းသူ ဆောင်းပါးအား ဖတ်မိတော့မှ သူ၏ငယ်ဘဝကို သိခွင့်ရလိုက် ခြင်းဖြစ်ပါသည်။

လွန်ခဲ့သော (၁၂) နှစ်က (စာရေးသူ ရွှေရည်လှိုင်) ဖော်ပြခဲ့သည့် သူ့ငယ်ဘဝကို ဖတ်မိလိုက်သူများပင် မေ့နေလောက်ပြီထင်ပါသည်။ ရွှေရည်လှိုင်ဖော်ပြခဲ့သည်မှာလည်း သူ မကွေးဆေးတက္ကသိုလ်ဝင်ခွင့်ရသည် အထိသာပါသည်မို့ သူ့ဘဝနောက်ကြောင်းကို စာဖတ်သူများအားကျအတုယူနိုင်ရန် ရွှေရည်လှိုင်ရေးခဲ့သည့် သူ့ငယ်ဘဝကို အကျဉ်းမျှပြန်လည်ဖော်ပြလိုပါသည်။ ဂျိုဒို ခေါ် မောင်ဝင်းထွဋ်လှိုင်ကို ဟသ်ာတမြို့တွင် အဖဦးသိန်းလှိုင်၊ အမိ ဒေါက်တာ ဒေါ်ခင်သန်းဝင်းတို့က ၁၉၈၅ ခုနှစ်တွင် မွေးဖွားခဲ့သည်။ မွေးချင်း (၄) ယောက်တွင် သူက ဒုတိယသားဖြစ်သည်။ မိခင်တာဝန်ကျရာ ဇလွန်မြို့သို့ ခေါ်သွားရသည်။ ဇလွန်တွင် မောင်ဝင်းထွဋ်လှိုင် အပြင်းဖျားသည်။ တတိယနေ့တွင် ခြေထောက်နစ်ဖက်စလုံး မလှုပ်နိုင်ဖြစ်ပြီး ပိုလီယိုအကြောသေရောဂါဖြစ်သွားပါသည်။ ရန်ကုန်မြို့ သမိုင်း (ကျိုက်ဝိုင်းဘုရားလမ်း)ရှိ မသန်စွမ်းဆေးရုံမှာ သွားရောက်ကုသသည်။ ခြေထောက်လေ့ကျင့်ခန်းများ ပြုလုပ်သည်။ သို့သော် ခြေထောက်နစ်ဖက်စလုံးမှာ အကောင်းပကတိအတိုင်း မဖြစ်တော့ပါ။ မောင်ဝင်းထွဋ်လှိုင်သည် ခြေထောက်နစ်ဖက်စလုံးမသန်မစွမ်းဖြစ်သွားရသော်လည်း စိတ်ပျက်အားငယ်ခြင်းမရှိဘဲ (၅) နှစ်အရွယ် အလက (၃) တွင် ပညာစသင်သည်မှစ၍ ပညာကို အစွမ်းကုန်ကြိုးစားခဲ့ရာ တန်းစဉ်တိုင်း ထူးချွန်စွာအောင်မြင်သည့်ပြင် အထူးသဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ၌ (၄) ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ပြီး မကွေးဆေးတက္ကသိုလ်တက်ခွင့်ရခဲ့သူ ဒီအထိက ရွှေရည်လှိုင်ဖော်ပြခဲ့သည့် သူ့ငယ်ဘဝအကြောင်း ဖြစ်ပါသည်။

ယခု ကျွန်တော် ဆက်ရေးလိုသည်က မကွေးဆေးတက္ကသိုလ်မှ ဆေးပညာဘွဲ့ရရှိပြီး ဒေါက်တာ ဝင်းထွဋ်လှိုင် ဖြစ်လာသော သူ့ဘဝနောက်ကြောင်းဖြစ်ပါသည်။ ဆရာသည် ဆေးပညာဘွဲ့ရထားပြီး ထိုလုပ်ငန်းဖြင့် အသက်မမွေးသော်လည်း ပရဟိတစိတ်ဓာတ်ရှိပြီး မသန်သော်လည်းစွမ်းသူဖြစ်ကြောင်း၊ သူ့ဆောင်ရွက်ချက်များက သက်သေပြနေပါသည်။ တစ်ချိန်က အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဖခင်နှင့် ဆရာဝန်တစ်ဦးဖြစ်သော မိခင်တို့မှ ပေါက်ဖွားသည့် မျိုးဆက်ပီပီ ယခုအခါ မိသားစုပိုင် "ရွှေကိန္နရီ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ဂန္ဓမာတည်းခိုခန်း" လုပ်ငန်းတို့တွင် သူ့လုပ်အားများဖြင့် မိသားစုကို ပံ့ပိုးကူညီလျက်ရှိပါသည်။

အများအကျိုးဆောင်ရွက်လိုသော သူ့စိတ်ဓာတ်က လွန်ခဲ့သော (၂) နှစ်ခန့်အထိ ဟသ်ာတမြို့နယ်၊ မသန်စွမ်းသူများအဖွဲ့တွင် (ဘဏ္ဍာရေးမှူး) အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အနားယူခဲ့ပါသည်။ လက်ရှိတွင် မိသားစုစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရင်း ဟသ်ာတမြို့ ပျဉ်းမချောင်းရပ်၊ ကြာခံဘုန်းတော်ကြီး ကျောင်းတိုက်အတွင်းဖွင့်လှစ်ထားရှိသော "ဘဝအလင်းရောင်ကုသိုလ်ဖြစ် အခမဲ့ဆေးခန်း အမှုဆောင်ကော်မတီ၏ ပွဲကိုင်ရှင် (အတွင်းရေးမှူး) တာဝန်ကို ထမ်းဆောင်လျက်ရှိပြီး အများပြည်သူ၏ ကျန်းမာရေးကို စောင့်ရှောက်ပေးလျက် လက်တွဲဖော်ချစ်ဇနီး မခိုင်နွယ်နှင့် သမီးကလေး မြမျက်ခြယ်တို့ဖြင့် ဘဝကိုအရှုံးမပေးဘဲ ပျော်ရွှင်စွာ ဖြတ်သန်းလျက်ရှိကြောင်း၊ နိုင်ငံတော်၏အနာဂတ်ကို ပုံဖော်ကြမည့် မျိုးဆက်သစ်လူငယ်လေးများ အားကျအတုယူနိုင်ရန် ရည်ရွယ်၍ ဂုဏ်ပြုဖော်ပြအပ်ပါသည်။

**ဟသ်ာတ မောင်ခင်အောင်**

**အိုင်အိုဒင်း** (Iodine) **ဆိုသည်မှာ**

ဦးနှောက်ဖွံ့ဖြိုးမှု၊ ခန္ဓာကိုယ်ကြီးထွားမှု၊ ခန္ဓာကိုယ်အစိတ်အပိုင်းအသီးသီး၏ လုပ်ငန်းများ ပုံမှန် လုပ်ဆောင်မှုတို့အတွက် မရှိမဖြစ်လိုအပ်သော သတ္တုဓာတ်အာဟာရဓာတ် ဖြစ်ပါတယ်။ လူ့ခန္ဓာကိုယ်အတွင်းမှာ အိုင်အိုဒင်း (၅၀) မီလီဂရမ်၊ တစ်နည်းတစ်ပဲသား၏ (၂၀) ပုံ (၁) ပုံသာရှိရန် လိုအပ်ပါတယ်။

**အိုင်အိုဒင်းချို့တဲ့ရသောအကြောင်းအရင်း**

မြေထု၊ ရေထုတွင် အိုင်အိုဒင်းနည်းလာခြင်း၊ ကောက်ပဲသီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများတွင် အိုင်အိုဒင်းပါဝင်မှု နည်းလာခြင်းအခြေအနေများတွင် လူသားတို့ အသိပညာနည်းပါးမှုနှင့် အိုင်အိုဒင်းမစားသုံးခြင်းတို့ကြောင့် အိုင်အိုဒင်းချို့တဲ့လာခြင်း ဖြစ်လာပါတယ်။



# အိုင်အိုဒင်းချို့တဲ့မှု နှင့် လူသားအရင်းအမြစ် ကျဆင်းမှု

**ရေးသူ – စိုးမြင့် (ပါမောက္ခချုပ်–ငြိမ်း)**

## ကမ္ဘာပေါ်တွင် အိုင်အိုဒင်းချို့တဲ့သော ရပ်ဝန်းဒေသကြီးများ

ကမ္ဘာပေါ်တွင် အိုင်အိုဒင်းချို့တဲ့မှု အပြင်းအထန်ဆုံးနှင့် စိုးရိမ်စရာ အကောင်းဆုံး ဒေသရပ်ဝန်းကြီး (၄) ခု ရှိပါတယ်။ (၁) အဲလ်စ်တောင်တန်းဒေသ (၂) အင်ဒီးလ်တောင်တန်းဒေသ (၃) တရုတ်ပြည် တောင်တန်းကြီးများနှင့်(၄)ဟိမဝန္တာတောင်တန်းငယ်ရှိလည်ပင်းကြီးခါးပတ်ရပ်ဝန်းဒေသ (Himalaya and Sub-hemilaya Goiter Belt region) တို့ ပါဝင်ပြီး ယင်းရပ်ဝန်းဒေသတွင် နီပေါ၊ ပါကစ္စတန်၊ ဘူတန်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့ ပါဝင်နေကြပါတယ်။

## အိုင်အိုဒင်းချို့တဲ့မှုအန္တရာယ်

သားပျက်သားလျှောခြင်း၊ အသေမွေးခြင်း၊ ပေါင်မပြည့်၊ လမစေ့ကလေးမွေးခြင်း၊ လည်ပင်းကြီးရောဂါ၊ ဉာဏ်ရည်ဖွံ့ဖြိုးမှုနှေးကွေးခြင်း၊ ဆွံ့အနားမကြားခြင်း၊ ခြေလက်မသန်စွမ်းခြင်း၊ အရပ်ပုခြင်းနှင့် သန္ဓေသားဘဝမှ အစပြု၍ ခန္ဓာကိုယ် ပုံမှန်ကြီးထွားဖွံ့ဖြိုးမှုမရှိခြင်းတို့ကြောင့် လူသားအရင်းအမြစ် ကျဆင်းစေခြင်းကို (၁၉) ရာစုအစမှာပင် ကျန်းမာရေးပညာရှင်များက ဖော်ထုတ်ခဲ့ပါတယ်။ ဒါကြောင့် ကမ္ဘာ့အမျိုးသား ပြဿနာတစ်ရပ်သတ်မှတ်ပြီးကမ္ဘာ့နိုင်ငံတွေကမိမိတို့နိုင်ငံလူသားအရင်းအမြစ် အဓိကအခြေခံအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ ထိုအချိန်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစီရင်ခံစာအရ လူဦးရေ သန်း (၈၀၇) သန်း၊ အိုင်အိုဒင်းချို့တဲ့ရောဂါခံစားနေရပြီး သန်းပေါင်း (၁၅၀၀) နီးပါးဟာ အိုင်အိုဒင်းချို့တဲ့သော ဒေသများတွင် နေထိုင်ရကြောင်းနှင့် အရှေ့တောင်အာရှမှာ (၂၁၂) သန်း အိုင်အိုဒင်းချို့တဲ့နေသေးကြောင်း မှတ်တမ်းအဖြစ် ဖော်ပြခဲ့ကြပါတယ်။

## အိုင်အိုဒင်းအာဟာရကို ဘယ်လိုဖြည့်ဆည်းမလဲ

နေ့စဉ်စားသောက်နေတဲ့ အစားအစာ၊ ရေ၊ ဆန်နှင့် ဆားမှာ ဆားကို ရွေးချယ်ကြတယ်။ ကမ္ဘာကို လေ့လာတယ်။ ဒုတိယကမ္ဘာစစ်မဖြစ်မီကပင် အိုင်အိုဒင်းချို့တဲ့ရောဂါ ကာကွယ်ရေးလုပ်ငန်းတွေလုပ်နေတဲ့ ဥရောပ



နိုင်ငံတွေကိုလေ့လာတော့ "ဆား" ဖြင့် ဖြည့်စွက်တာကို တွေ့ရတယ်။ ကုန်ကျစရိတ်အနည်းဆုံးနဲ့ နေ့တိုင်းစားနိုင်ပါတယ်။ ကျန်းမာသန်စွမ်းဖို့အငန်ဓာတ်ဟာလူ့ခန္ဓာကိုယ်မှာ မရှိမဖြစ် လိုအပ်နေပါတယ်။ လူ့ခန္ဓာကိုယ်ရဲ့ (၀.၅%) ဟာ ဓာတ်ဆား ဖြစ်ပါတယ်။ ခန္ဓာကိုယ်တွင်းမှာ ဆား (၈) အောင်စခန့်ရှိပါတယ်။ လူတစ်ဦး တစ်နေ့ကို အိုင်အိုဒင်း အာဟာရ (၁၅၀) မိုက်ခရိုဂရမ် ဖြည့်ဆည်းရပါတယ်။ ဒါကြောင့် အခြေခံ စားကုန်ဖြစ်တဲ့ ဆန်၊ ဆီကဲ့သို့ ဆားသည်လည်း ပါဝင်လာရရုံသာမက စက်မှုသုံးကုန်ကြမ်းပစ္စည်းအဖြစ် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှု လုပ်ငန်းစဉ်များအတွက် မရှိမဖြစ်တဲ့ အခြေခံလိုအပ်ချက် ဖြစ်လာခဲ့ပါတယ်။

## နိုင်ငံတကာအိုင်အိုဒင်းချို့တဲ့မှုရောဂါ ကာကွယ်တားဆီးရေး

အဆိုပါလုပ်ငန်းအတွက် (၁၉၈၅) ခုနှစ်မှာ ကော်မတီ ဖွဲ့စည်းခဲ့ပါတယ်။ (၁၉၉၀) ခုနှစ်၊ စက်တင်ဘာလ ကမ္ဘာ့ကလေးများ အခွင့်အရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးတွင် ကမ္ဘာ့နိုင်ငံခေါင်းဆောင်ကြီးများက Universal Salt Iodization (USI Project) အနေဖြင့် စားသုံးရန်ထုတ်လုပ်သည့် ဆားတိုင်းမှာ အိုင်အိုဒင်းဖြည့်တင်းတဲ့စနစ်အဖြစ် အိုင်အိုဒင်းချို့တဲ့မှုရောဂါများကို (၂၀၀၀) ပြည့်နှစ်တွင် အမျိုးသား ကျန်းမာရေးပြဿနာအဖြစ်မှ အပြီးအပိုင်ဖယ်ရှားဖို့ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ သို့သော် ယခုတိုင် အမြစ်ပြတ်ခြင်း မရှိသေးပါ။

## အိုင်အိုဒင်းဆားအရည်အသွေးသတ်မှတ်ခြင်း

အဆင့် (၄) ဆင့် ပါဝင်ပါတယ်။ ဆားတွင် အိုင်အိုဒင်း ပါဝင်ရမည့်စံနှုန်းများမှာ -

(၁) စက်ရုံအဆင့် 40 - 60 ppm
(၂) လက်ကားအဆင့် 30 ppm
(၃) လက်လီဆိုင်အဆင့် 15 - 30 ppm
(၄) အိမ်ထောင်စုစားသုံးအဆင့် 15 ppm
ရှိရမည်ဖြစ်ပါတယ်။

ppm - Parts permillion

ဆားအပုံတစ်သန်းတွင် အိုင်အိုဒင်းပါဝင်မှု ဖြစ်ပါတယ်။ ဆားတွင် အိုင်အိုဒင်းပါဝင်မှုကို လူတစ်ယောက် နေ့စဉ်စားသုံးမှု ၇ - ၁၀ ဂရမ်ခန့် လိုအပ်ပါတယ်။ အိုင်အိုဒင်းဆားအား သယ်ယူပို့ဆောင်မှု သိုလှောင်မှု စနစ်မကျပါက အိုင်အိုဒင်းပါဝင်မှု လျော့နည်းသွားတတ်ပါတယ်။ ဆားတွင် အိုင်အိုဒင်း အရည်အသွေးပြည့်မီ၊ မမီကို စမ်းသပ်ဆေးရည် (Field Test Kit) စမ်းသပ်နိုင်ပါတယ်။

## ကမ္ဘာတစ်ဝှမ်း အိုင်အိုဒင်းဆားစားသုံးရေးလုပ်ငန်းများ

အဆိုပါလုပ်ငန်းများကို အကျဉ်းချုံး၍ ဖော်ပြအပ်ပါတယ်။

| ခုနှစ် | နိုင်ငံများ |
|---|---|
| ၁၉၂၀ ခန့် | အမေရိကန်၊ ဆွစ်ဇာလန်၊ ကနေဒါနှင့် ဩစတေးလျ |
| ၁၉၅၀ ခန့် | အမေရိကန်တောင်ပိုင်းနှင့် အလယ်ပိုင်း |
| ၁၉၅၀ - ၁၉၇၀ | အာရှနိုင်ငံများ |
| ၁၉၉၀ | ကမ္ဘာတစ်ဝှမ်း နိုင်ငံ (၁၀၀) ကျော် |

## မြန်မာနိုင်ငံအိုင်အိုဒင်းချို့တဲ့မှု ကာကွယ်ရေးလုပ်ငန်းများ (အကျဉ်း)

| ခုနှစ် | နိုင်ငံများ |
|---|---|
| ၁၉၆၇ - ၇၉ | တောင်တန်းဒေသများသို့ အိုင်အိုဒင်းဆားများ ပေးပို့ပေးခဲ့သည်။ |
| ၁၉၈၂ - ၉၀ | အိုင်အိုဒင်းအဆီထိုးဆေးများ ထိုးပေးခဲ့ခြင်းနှင့် အိုင်အိုဒင်းအဆီဆေးလုံးများ သောက်သုံးစေခြင်း၊ |
| ၁၉၈၉ | အိုင်အိုဒင်းဆား စားသုံးရေးလုပ်ငန်း ပြန်လည်အကောင်အထည်ဖော်ခဲ့၊ |
| ၁၉၉၀ | အိုင်အိုဒင်းချို့တဲ့မှု ကာကွယ်ရေး ဗဟိုကော်မတီဖွဲ့စည်း။ |
| ၁၉၉၃ | ပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်များတွင် အိုင်အိုဒင်းချို့တဲ့မှု ကာကွယ်ရေးကော်မတီများ ဖွဲ့စည်းခဲ့။ |
| ၁၉၉၄ | ဗဟိုကော်မတီပြန်လည်ဖွဲ့စည်းခဲ့။ |
| ၁၉၉၇ | တစ်နိုင်ငံလုံးအိုင်အိုဒင်းဆား စားသုံးရေးနည်းဗျူဟာကို ရေရှည်ကျင့်သုံးရန် ဆုံးဖြတ်ခဲ့။ |

## တစ်နိုင်ငံလုံး အိုင်အိုဒင်းဆား စားသုံးစေရေး နည်းဗျူဟာ

လူနှင့်တိရစ္ဆာန်စားသုံးရန် ထုတ်လုပ်တင်သွင်းသမျှ ဆားအားလုံး (ငါးပိ၊ ငါးခြောက်နှင့် အခြားအစာများ ထုတ်လုပ်ရာတွင် အသုံးပြုသော ဆားအပါအဝင်)သည် အိုင်အိုဒင်းအာဟာရ ဖြည့်သွင်းထားသော ဆားအသုံးပြုရေး နည်းဗျူဟာပင် ဖြစ်ပါသည်။ ယင်းနည်းဗျူဟာ အောင်မြင်ရေးအတွက် စက်ရုံအဆင့်၊ လက်ကားနှင့် သိုလှောင်ရုံအဆင့်တွင် မြန်မာ့ဆားလုပ်ငန်းမှလည်းကောင်း၊ လက်လီဆိုင်အဆင့်တွင် စည်ပင်သာယာရေး ကော်မတီများမှလည်းကောင်း၊ အိမ်ထောင်စုအဆင့် ကြပ်မတ်ကွပ်ကဲရေးကို ကျန်းမာရေးဦးစီးဌာနနှင့် စီမံချက် အကျိုးသက်ရောက်မှုလေ့လာခြင်းကို အာဟာရဌာနမှလည်းကောင်း၊ စောင့်ကြပ်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နေဆဲဖြစ်ပါကြောင်း တင်ပြရေးသားရင်း မြန်မာပြည်တစ်ဝန်း ပြည်သူများအားလုံး လူသားအရင်းအမြစ် ကျဆင်းမှုကာကွယ်နိုင်ပါစေ၊ အိုင်အိုဒင်းချို့တဲ့မှုကြောင့် ရောဂါအန္တရာယ်များမှ ကင်းဝေးပါစေလို့ ဆန္ဒမွန်ဖြင့် ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

**စိုးမြင့် (ပါမောက္ခချုပ်-ငြိမ်း)**

# အမျိုးသားနိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး ဆောင်ရွက်ချက်များနှင့်အတူ ပြည်ကျောက်စိမ်းလောကကို အသက်သွင်းခဲ့သူ

# မဟာသီရိသုဓမ္မ ဟသ်ာတဦးမြ

**ရေးသူ – တာတီဖိုး (ဟသ်ာတ)**



ဦးမြသည် ၁၈၉၂ ခုနှစ်၊ အောက်တိုဘာလ (၂၀) ရက်၊ သောကြာနေ့ အဘ ဘုရားဒကာ ဦးဆင်၊ အမိ ဘုရားဒါယိကာမ ဒေါ်ရွှေမတို့မှ မွေးဖွားခဲ့ပြီး စစ်ကိုင်း ရွာသစ်ကြီးဘက်မှ အနွယ်ဟုသိရသည်။

၁၉၀၆ ခုနှစ်တွင် အစ်ကိုကြီး ဦးအောင်မြတ်ကျော်၊ ဒေါ်ငွေယုံတို့မှ သားအဖြစ်မွေးကာ မိဘလက်ငုပ်လက် ရင်း စီးပွားရေးလုပ်ငန်းများကို စတင်တာဝန်ယူ လုပ်ကိုင်ခဲ့သည်။ ဇနီးသည် ဒေါ်ပုနှင့် သားသမီး (၉) ဦး ရရှိခဲ့ပါသည်။ ဦးမြသည် ရပ်ရွာအကျိုး၊ မြို့နယ်အကျိုးများကို ဦးစီးကာ အားတက်သရော ဆောင်ရွက်လေ့ရှိပါသည်။



ဝန်ကြီးချုပ် ဦးနု၊ ဗိုလ်ချုပ်ကြီးနေဝင်းတို့နှင့်အတူ တရုတ်ပြည်သူ့ သမ္မတ နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်စဉ်။

၁၉၁၇ ခုနှစ်တွင် နိုင်ငံရေးအစစ်သည်စီးပွားရေးပဲဟု နားလည်သဘောပေါက်ခဲ့သလို အင်္ဂလိပ်လက်အောက်တွင် လောင်းရိပ်မိနေသဖြင့် ငါတို့လူမျိုးဘယ်နည်းနဲ့မှ မကြီးပွားနိုင်ဟူသောအသိဖြင့် လွတ်လပ်ရေး ရယူလိုစိတ် အပြင်းအထန်စတင်ပေါ်ပေါက်ခဲ့သည်။ မြန်မာ့လွတ်လပ်ရေးရရှိရန် အစပြုသည့် (Y.M.B.A) တွင် ပါဝင်ခဲ့ကာ လွတ်လပ်ရေးလှုပ်ရှားမှုများကို တစ်တပ်တအား ပါဝင်လုပ်ဆောင်ခဲ့သည်။

၁၉၃၆ ခုနှစ်တွင် ပိဋကတ်တိုက်တည်ဆောက်ခဲ့ပြီး ၁၉၈၂ ခုနှစ်၊ အစ်ကိုကြီးဘုရားဒကာဦးအောင်မြတ်ကျော် လှူဒါန်းတည်ဆောက်ထားသည့်ပြည်လုံးချမ်းသာဘုရားတည် လုပ်ငန်းများကို တာဝန်ခံ ကြီးကြပ်ပေးခဲ့သည်။

၁၉၃၆ ခုနှစ်တွင် ဝံသာနုစေတီ (၂၁) ဦးအဖွဲ့၊ ငါးပွင့်ဆိုင်အဖွဲ့၊ မျိုးချစ်အဖွဲ့တို့တွင် စဉ်ဆက်မပြတ် ပါဝင်ခဲ့ပြီး ဟင်္သာတအနောက်ပိုင်း လွှတ်တော်အမတ်အဖြစ် အရွေးခံခဲ့ရသည်။

၁၉၄၁ ခုနှစ်တွင် သားကြီး (၃) ယောက်နှင့် တူဖြစ်သူများကို ညောင်ရမ်းဆရာတော်ဘုရားကြီး ရှေ့မှောက်တွင် သာမဏေဘောင်သွတ်သွင်းခဲ့ပါသည်။


မော်စကိုနိုင်ငံပေါ်င်းစုံ စီးပွားရေးကွန်ဖရင့်က ပြန်လာတဲ့
မြန်မာကိုယ်စားလှယ်များ
ဝီကင်းမှာ မေမေအေးနှ. အခမ်းအနားကြည့်နေစဉ် (၁၉၅၂)

၁၉၄၂ ခုနှစ်တွင် ဒို့ဗမာဆင်းရဲသားအစည်းအရုံးတွင် ပါဝင်ခဲ့ပြီး အဖွဲ့ဝင် (၁၅) ဦးပါဝင်သော ဟင်္သာတခရိုင်အုပ်ချုပ်ရေးမှူးအဖြစ်၁၉၄၅ခုနှစ်ထိဆောင်ရွက်ခဲ့ပါသည်။ ၁၉၄၇ ခုနှစ်အထိ မြန်မာကုန်သည်ကြီးများအသင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံတိုင်ပင်ခံလွှတ်တော်အမတ်၊ အတိုင်ပင်ခံလွှတ်တော် ဥပဒေများ ရေးဆွဲရေးအဖွဲ့တွင်လည်း ပါဝင်ခဲ့ပါသည်။

၁၉၄၃ ခုနှစ်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေး စီစဉ်မှုအဖွဲ့ဝင်အဖြစ်လည်း ခန့်အပ်ခံခဲ့ရပါသည်။ ၁၉၄၄ ခုနှစ်-တွင် သား (၄) ယောက်နှင့် တူများ၊ သမီး (၂) ယောက်နှင့် တူမများကို ရှင်ပြုနားသမင်္ဂလာ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

၁၉၄၅ ခုနှစ်တွင် အာဇာနည် မန်းဘခိုင်၊ ဦးဘဆွေ၊ သခင်ဗတင်တို့နှင့်အတူ မြစ်ဝကျွန်းပေါ်ဒေသများသို့ ညီညွတ်ရေး၊ စည်းရုံးရေးကိစ္စများအတွက် ခရီးထွက်ခြင်း၊ ဟင်္သာတမြို့လုံးကျွတ် အစည်းအဝေးကျင်းပခြင်း၊ ဖဆပလဗဟိုဦးစီးအဖွဲ့ဝင်များအဖြစ် ရွေးချယ်ခံရခြင်း၊ မျိုးချစ်ပါတီမှ ဖဆပလအဖွဲ့ချုပ်၌ တစ်သီးပုဂ္ဂလအဖြစ် ပါဝင်ဆောင်ရွက်ခြင်း၊ မြန်မာ - တရုတ်ယဉ်ကျေးမှု နာယကအဖြစ် အရွေးခံရခြင်းစသော များမြောင်လှသည့် တာဝန်များဖြင့် ဗိုလ်ချုပ်အောင်ဆန်း၊ ပျော်ဘွယ် ဦးမြ၊ ဦးဘဖေ၊ သခင်ညို၊ ဦးကျော်ငြိမ်း၊ သခင်သန်းထွန်း တို့နှင့်အတူ အထက်မြန်မာပြည်သို့ စည်းရုံးရေး ခရီးများလည်း ထွက်ကာ လွတ်လပ်ရေးအတွက် အထူးကြိုးပမ်းခဲ့သည်။

၁၉၄၆ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဦးအောင်ဇံဝေတို့နှင့်အတူ ရခိုင်ပြည်နယ်တစ်ခွင်သို့ (ဖဆပလ) အဖွဲ့ချုပ်မှ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် လွတ်လပ်ရေးလုပ်ငန်းများအတွက် စည်းရုံးရေး ခရီးထွက်ခဲ့သည်။

၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ (၂၆) ရက်နေ့တွင် ဘုရင်ခံ ဂျင်နရယ်ဆာဟူးဗတ်ရန့်မှ အမျိုးသား ယာယီအစိုးရအဖွဲ့ဖွဲ့စည်းခဲ့ပြီးဒုတိယသဘာပတိအဖြစ်ဗိုလ်ချုပ်အောင်ဆန်းမှ လက်ခံခဲ့ပါသည်။

၁၉၄၇ ခုနှစ်တွင် ဟသ်ာတမြို့နယ် မဲဆန္ဒနယ်မှ တိုင်းပြု ပြည်ပြုလွှတ်တော်အမတ်အဖြစ် အရွေးခံပြီး အမျိုးသား စီမံကိန်း ဒုဥက္ကဋ္ဌ၊ အခြေခံဥပဒေရေးဆွဲရေး ကော်မတီ ဝင်အဖြစ် ခန့်အပ်ခံရကာ ဆိုရှယ်(င်)တိုဗီလာ အဆောက် အဦ (၂) နှစ်စီမံကိန်းခေါ် အများသိသော ပြည်တော်သာ စီမံကိန်းကို တာဝန်ယူရေးဆွဲခဲ့ပါသည်။ အာဇာနည် ခေါင်းဆောင်ကြီးများ ကျဆုံးပြီးနောက် အာဇာနည်ဗိမာန် တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူးအဖြစ် အမျိုးသား ယာယီအစိုးရအဖွဲ့၏ အဖွဲ့ဝင်အဖြစ် ခန့်အပ်ခံခဲ့ရပါသည်။

၁၉၄၇ - ၁၉၄၉ နိုင်ငံတော်လုပ်ကြံမှုနောက်ပိုင်းတွင် စီးပွားရေးပါရဂူ စီးပွားရေးအရာရှိအများစုဖြင့် ဖွဲ့စည်းထား သည့် "စီးပွားရေးစီမံကိန်းဘုတ်အဖွဲ့ငယ်" ၌ ဝန်ကြီးချုပ် ဦးနုက ဥက္ကဋ္ဌ၊ ဟသ်ာတဦးမြက ဒုဥက္ကဋ္ဌအဖြစ် ဆောင် ရွက်ခဲ့ပါသည်။

၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရပြီး ပထမဆုံး အကြိမ် ဖွဲ့စည်းသော အစိုးရအဖွဲ့တွင် အမျိုးသားစီမံကိန်း နှင့်စက်မှုဝန်ကြီးအဖြစ် ရွေးချယ်ခံခဲ့ရပါသည်။

အမျိုးသားစီမံကိန်းအဖွဲ့ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရေအားလျှပ်စစ်ရှာဖွေရေးအဖွဲ့ ဒုဥက္ကဋ္ဌအဖြစ် လည်း ကောင်း ၁၉၅၂ အထိ တာဝန်ယူခဲ့ပါသည်။ အစိုးရသတ္တု ရောင်းဝယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရေနံလုပ်ငန်းဆိုင်ရာအဖွဲ့ ဥက္ကဋ္ဌ၊ အစိုးရ ချည်မျှင်နှင့်ရက်ကန်းစက်ဒါရိုက်တာ၊ အစိုးရသစ်ရောင်းဝယ်ရေးအဖွဲ့ အဖွဲ့ဝင်၊ ပြည်တွင်းငြိမ်း ချမ်းရေးဆောင်ရွက်ရန် ရွှေပြည်အေးငြိမ်းချမ်းရေးအဖွဲ့ တို့တွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် လွှတ်တော်အမတ် များ ဥပဒေအတည်ပြုပြီး ဝန်ကြီးအဖြစ်မှ နုတ်ထွက်ခွင့် တင်ပြ၍ ဝန်ကြီးအဖြစ်မှ နုတ်ထွက်ခဲ့သည်။ နိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့အမှုဆောင်၊ သာသနာ့ရိပ်သာ အဆောက်အဦများ တည်ဆောက်ရေးအဖွဲ့ လူကြီးများ အဖြစ် ဆောင်ရွက်ခဲ့ပြီး အိန္ဒိယ၊ ပါကစ္စတန်နိုင်ငံများသို့ စက်မှုလုပ်ငန်းများအတွက် လေ့လာရေးသွားခဲ့ကာ မေလတွင် အင်္ဂလန်နိုင်ငံ (B.I.F) ပြပွဲသို့ တက်ရောက် ခဲ့သည်။ ဇွန်လတွင် ဆွီဒင်၊ နော်ဝေး၊ ချက်ကိုစလိုဗေး ကီးယား၊ ဆွစ်ဇာလန်၊ ပြင်သစ်နိုင်ငံများသို့ သွားရောက် ကာ စက်ရုံပြတိုက်ပြပွဲများကို လေ့လာခဲ့သည်။ အထူး သဖြင့် ရေနံတူးဖော်ရေး၊ ရေနံချက်လုပ်ရေးနှင့် သတ္တု တူးဖော်ခြင်းများကို အဓိကထားလေ့လာခဲ့ပါသည်။

၁၉၄၉ ခုနှစ်တွင် ဂျပန်နိုင်ငံသို့သွားရောက်ကာ မြို့ ပေါင်းများစွာအလုပ်ရုံပေါင်းများစွာကိုလေ့လာခဲ့ပါသည်။ ၁၉၅၀ ခုနှစ်တွင် ကမ္ဘာအေးစေတီတော် တည်ဆောက် ရေးအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဟသ်ာတ အလယ် ပိုင်း ပါလီမန်အမတ်အဖြစ်လည်းကောင်း ရွေးချယ်ခံခဲ့ ရပါသည်။

၁၉၅၁ ခုနှစ်တွင် သီရိမင်္ဂလာပရိတ်တော်ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ၁၉၅၂ ခုနှစ်တွင် ဟသ်ာတ ဦးမြနှင့်သားများ ကုမ္ပဏီလီမိတက်မှ မုံရွာ၊ ချင်းတွင်း၊ ဘုတလင်ဘက်တွင် (Bauxite) သတ္တုတစ်မျိုးကို စတင် အခြေခံမိပါသည်။ ယင်းနှစ်တွင် မော်စကို၌ကျင်းပသည့် ကမ္ဘာ့စီးပွားရေးကွန်ဖရင့်သို့ မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်အဖြစ် တက်ရောက်ခဲ့ပြီး တရုတ်နိုင်ငံ သို့လည်း လေ့လာရေးခရီး ဝင်ရောက်ခဲ့ပါသည်။ ပြည် ထောင်စုဘဏ်ကြီး၏ ဥက္ကဋ္ဌအဖြစ်လည်း ဆောင်ရွက်ခဲ့ ပါသည်။ မြန်မာသက္ကရာဇ် ၁၃၁၃ ခုနှစ်တွင် နိုင်ငံတော်မှ မဟာသီရိသုဓမ္မဘွဲ့ကို ချီးမြှင့်ခြင်းခံခဲ့ရပါသည်။



မြောက်ကိုရီးယားသို့ မြန်မာ့ကုန်သွယ်ရေးအဖွဲ့သွားရောက်စဉ် (၁၉၆၀ခုနှစ်)

၁၉၅၃ ခုနှစ်တွင် ဆင္ဃသင်္ဂါယနာလိုက်ဂူ တည်ဆောက်ရေးအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ပဲခူးမြို့ ကလျာဏီသိမ်ပန္နက်ချရာတွင်လည်းကောင်း တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် မုံရွာ၊ ချင်းတွင်း၊ ဘုတလင်ဘက်မှ (Bauxite) ထွက်နိုင်မှုအခြေအနေကို နိုင်ငံတော်အစိုးရထံတင်ပြခဲ့ကာ စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း ဓာတ်သတ္တုရှာဖွေရေးမှ သွားရောက်ကြည့်ရှုခဲ့ပါသည်။

ထွက်ကုန်ဝင်ကုန် ကုန်သည်ကြီး ဆီစက်၊ ဆန်စက်၊ ဆပ်ပြာစက်၊ ရေခဲစက်၊ သစ်စက်၊ ဆေးတံသောက်ဆေးစက်များ တည်ဆောက်ခဲ့ပြီး သတ္တုအမျိုးမျိုး တူးဖော်ခြင်း၊ ရေနံတူးဖော်ခြင်း၊ သံစက်နှင့် စက္ကူထုတ်လုပ်ရန် သုတေသနပြုခြင်းများအပြင် အခြားသော နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးများစွာကို လုပ်ဆောင်ခဲ့ပါသည်။

ကမ္ဘာအေးဘုရား၊ ရွှေမော်ဓောဘုရားတည်ဆောက်ရေးအဖွဲ့ဝင်၊ မိုးညှင်းမင်္ဂလာဂတိဝိသုဒ္ဓိအသင်း လူကြီး၊ ဆင္ဃသင်္ဂါယနာအဖွဲ့အမှုဆောင်လူကြီး၊ သာသနာ့ရိပ်သာ အမှုဆောင်လူကြီး၊ အဘိဓမ္မာပြန့်ပွားရေး အသင်းဝင်၊ စေတီယင်္ဂဏအသင်းဝင်၊ ဝိသုဒ္ဓိမဂ္ဂစာအုပ်၊ ပဋ္ဌာန်း စာအုပ်များစသော စာအုပ်များ ရိုက်နှိပ်လှူဒါန်းခဲ့ခြင်း၊ သီရိမင်္ဂလာပရိတ်တော် အဖွဲ့ခေါင်းဆောင်၊ ဟသ်ာတမြို့ ပရိယတ္တိသာသနာနုဂ္ဂဟအသင်း စသော သာသနာရေးကိစ္စများကို ဆောင်ရွက်ခဲ့ပါသည်။



လန်ဒန်မြို့အရောက် ဗြိတိန်ပြည်လေကြောင်းပြပွဲသို့ သွားရောက်စဉ်။ ၁- ... ၂- ဒေါ်တင်ထွတ်သမီး၊ ၃- ဦးတင်ထွတ်သားမောင်၊ ၄- ဟသ်ာတ ဦးမြ၊ ၅- ကိုယ်ရေးအတွင်းဝန် ဦးကျော်မြင့်

၁၉၆၂ခုနှစ်၊ဩဂုတ်လ(၁၆)ရက်၊ကြာသပတေးနေ့ အသက် (၇၀) ပြည့်နှစ်တွင် ကွယ်လွန်အနိစ္စ ရောက်ခဲ့ပါသည်။ မိသားစုအရေး၊ မြို့ရွာအရေး၊ လွတ်လပ်ရေး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ သာသနာ အရေးစသော ဝန်များထမ်းဆောင်ခဲ့သူ တစ်ယောက်လည်းဖြစ်ပါသည်။

ဦးမြနှင့် ကျောက်စိမ်း၊ ကျောက်စိမ်းနှင့်ဦးမြ အကြောင်းကို အကျဉ်းချုပ်ပြောပြရမည်ဆိုလျှင် ကမ္ဘာပေါ်တွင် အရည်အသွေးမီသော ကျောက်စိမ်းရတနာများကို မြန်မာနိုင်ငံတွင်သာ တွေ့ရှိနိုင်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း (၇၀၀၀) ခန့်က ကျောက်စိမ်းဖြင့်ထုလုပ်ခဲ့သော ကချင်ရိုးရာတူရိယာတစ်ခုကို တရုတ်ပြည်တွင် တွေ့ရှိခဲ့ရသဖြင့် ကျောက်စိမ်းတူးဖော်အသုံးပြုခြင်းကို ခန့်မှန်းတွက်ဆ၍ကြည့်နိုင်ပါသည်။

ရှေးမြန်မာမင်းများလက်ထက် မှတ်တမ်းများတွင်မှ (ဗဒုံမင်း ၁၁၆၄) မှစ၍ ကျောက်စိမ်းတူးဖော်သည့် မှတ်တမ်းများလည်းရှိခဲ့ပါသည်။

မြန်မာပြည်၏ ကျောက်စိမ်းသမိုင်းတွင် လွန်ခဲ့သော နှစ်ပေါင်း (၅၀) ကျော်ခန့်မြန်မာမျိုးချစ် ရဲရဲတောက် စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်သူ ဟသ်ာတဦးမြသည် ဖားကန့်ဒေသမော်တောတွင် ကျောက်စိမ်းငုပ်များကို မိုင်းခွဲလျက် ယန္တရားများဖြင့် ခေတ်မီစွာ အကြီးအကျယ်တူးဖော်ကာ ကျောက်စိမ်းရှာဖွေခြင်းသမိုင်းတွင် တစ်ခေတ်ဆန်းခဲ့သည်။

ဟသ်ာတဦးမြသည် လူအားများများ၊ စက်အားများများဖြင့် အောင်မြင်စွာ ကျောက်စိမ်းတူးဖော်နိုင်ခဲ့သည်၊ ယနေ့ ကျောက်စိမ်းဈေးကွက်၌ တစ်ခန်းတစ်ကဏ္ဍနေရာယူထားသော တောမော်စပ်ပုံကျောက်ဟူသည်ဟသ်ာတဦးမြလက်ထက်က စွန့်ပစ်ထားခဲ့သော မိုင်းစမိုင်းန ကျောက်ပဲ့ကျောက်ရွဲ့လေးများသာ ဖြစ်သည်။

ထို့ကြောင့် တောမော်စပ်ပုံတွင် ကျောက်လုပ်ကိုင်စားနေကြသူ ကျောက်သမားများသည် ဟသ်ာတဦးမြ၏ ကျေးဇူးမကင်းနိုင်ပေ။ ထို့ပြင် ယနေ့မော်တော၌ တရားဝင်ကျောက်စိမ်းတူးဖော်နေကြသော ကုမ္ပဏီများသည်

လည်း ဟသ်ာတဦးမြ၏ ကျောက်ကျင်းဟောင်းများတွင် အောက်ကျောလိုက်ရင်းလမ်းသစ်မဖောက်လမ်းဟောင်း လျှောက်ခဲ့ကြပေသည်။

ဦးမြသည် ၁၉၅၇ ဝန်းကျင်ခန့် မြန်မာနိုင်ငံအနှံ့ သတ္တုရေနံများကို အနံ့အပြားရှာဖွေခဲ့ရင်း မုံရွာဘက်မှ ဦးသောင်းဖေဆိုသူအားဖားကန့်သို့စေလွှတ်၍ဦးဆောင် စေကာ ဖားကန့်မှ ဦးဘ၊ သူကြီး ဦးကံထွန်းတို့၏အင်အား ဖြင့် ကျောက်စိမ်းတူးဖော်ခြင်းကို စတင်လုပ်ကိုင်ခဲ့သည်။ ကံစွမ်းကျင်းဟုခေါ်တွင်ခဲ့ကာ ရရှိသော အကျိုးအမြတ် ကို ကျင်းပိုင်ရှင်က စက်စု (၂၀%)၊ ပိုင်ရှင် (၄၀%)၊ အလုပ် သမား (၄၀%)ဟု အချိုးကျခွဲဝေ လုပ်ကိုင်ခဲ့ကြခြင်း ဖြစ် ပါသည်။

ထိုသို့လုပ်ကိုင်နေချိန်တွင်သားနှစ်ဦးဖြစ်သူဦးထွန်း အောင်ကျော်နှင့် ဦးသာထွန်းနှစ်ဦးအား ဝင်ခွင့် လွန်စွာ ခက်ခဲလှသော အမေရိကန်နိုင်ငံ (Colorado) မြို့ရှိ (School of Mine University)သို့စေလွှတ်ပညာသင် ကြားခဲ့ပါသည်။ ဦးထွန်းအောင်ကျော်မှာ (Mining Geology) ဘာသာရပ်ကိုသင်ယူခဲ့ပါသည်။အမေရိကန် နိုင်ငံတွင် သုံးနှစ်ပညာသင်ယူရခြင်းဖြစ်ပြီး (Mine) နှင့် ပတ်သက်သော စာတွေ့လက်တွေ့ပညာရပ်များကို စေ့ စေ့စပ်စပ်သင်ယူခဲ့ကြပါသည်။

ထိုသို့ ပညာသင်ကြားနေချိန်တွင် ဖခင်ကြီးဖြစ်သူ ဝန်ကြီးဟသ်ာတဦးမြသည် တစ်နှစ်တစ်ကြိမ် သားများ ထံသို့မပျက်မကွက် သွားရောက်ခဲ့ပါသည်။ အမေရိကသို့ ဟသ်ာတဦးမြရောက်ခဲ့စဉ်က မြန်မာ့ရိုးရာ ပုဆိုး၊ တိုက်ပုံ၊ ခေါင်းပေါင်းသာ ဝတ်ဆင်သွားခဲ့ရာ လမ်းသွားလမ်းလာ တွေ့မြင်ကြသော အမေရိကန်နိုင်ငံသူ နိုင်ငံသားများ သည် ခန့်ငြားလှသော မြန်မာဝတ်စုံနှင့် မြန်မာဝန်ကြီး ဟသ်ာတဦးမြအား တအံ့တသြငေးမော ကြည့်ရှုခဲ့ကြဖူး ပေသည်။

သုံးနှစ်ပညာသင်ယူပြီး မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိသောအခါ သားဖြစ်သူ ဦးသာထွန်း၊ ဦးထွန်း အောင်ကျော်တို့နှစ်ဦးသည် ဖခင်ကြီး၏ သတ္တုမိုင်းများ၊ ကျောက်စိမ်းများဆီသို့ လက်တွေ့အလုပ် ဝင်ခဲ့ကြသည်။

၁၉၆၄ ခုနှစ်ဆီသို့ ရောက်သောအခါ အကြောင်း ကြောင်းကြောင့် ကျောက်စိမ်းတွင်းများ ပိတ်ခဲ့ရတော့ သည်။ တောမော်နှင့် ဟသ်ာတဦးမြ၊ ဟသ်ာတဦးမြနှင့် တောမော်သည် ခွဲခြား၍မရပေ။ တောမော်တွင် ဟသ်ာတ ဦးမြ၏အမည်သည် လူသာသေ နာမည်မသေ နောင် လည်းရှင်သန်နေဦးမည်ဖြစ်သည်။

(ဆရာတင့်ဇော် စုဆောင်းပြုစုသည့် မဟာသီရိ သုဓမ္မ ဟသ်ာတဦးမြ၏ အမျိုးသားနိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ဘာသာရေးဆောင်ရွက်ချက်များ စာအုပ်မှ ကိုးကား၍ ဟသ်ာတဦးမြ မိသားစုဝင်များ၏ ပြောပြချက် ဖြင့် ပြန်လည်ကောက်နုတ်တင်ပြအပ်ပါသည်။)

**တာတီဖိုး (ဟသ်ာတ)**


# စာမူဖိတ်ခေါ်လွှာ

စာမူရှင်များသို့.....

ဟသ်ာတမဂ္ဂဇင်း အမှတ် (၂) အား ဆက်လက်ထုတ်ဝေသွားရန် အစီအစဉ်ရှိပါ၍ စာမူရှင်များ၊ ကြော်ငြာထည့်သွင်းလိုသူများနှင့် အလှူစာမျက်နှာကဏ္ဍတွင် ပါဝင်ချင်သူများအနေဖြင့် ဆက်သွယ်စုံစမ်း ပေးပို့နိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်**

၀၉ ၄၂၂၄၉၃၂၇၈၊ ၀၉ ၃၁၁၄၅၃၈၊ ၀၉ ၄၂၅၇၇၈၆၈၊ ၀၉ ၃၆၁၁၉၅၂၇

# ဟင်္သာတသူ စာဆိုရှင် အနောက်နန်းမတော် မမြလေး

**မင်းသန်းဝင်း (ဟင်္သာတ)**



မြန်မာ့စာပေသမိုင်းတွင် ကုန်းဘောင်ခေတ် နန်းတွင်း အမျိုးသမီးစာဆိုတော် အကျော်တစ်ဦးအဖြစ် လွှန်စွာထင်ရှားလှသောဟင်္သာတသူစာဆိုရှင်အနောက်နန်းမတော်မမြလေးအကြောင်း တင်ပြလိုပါသည်။

ဘိုးတော်ဘုရားလက်ထက် အိမ်တော်ပါကျွန်ဖြစ်သော မွန်လူမျိုး ဘိုးထောရာအား ပုသိမ်နယ်နှင့် ၎င်း၏ ကျေးရွာများကို သာရဝေါဟုခေါ်တွင်စေပြီး စားကျေးစားလက်များပေးသနားတော်မူသည့်အပြင်၊ဘိုးထောရာ၏သားကို ပုသိမ်မြို့ဝန်ခန့်ထား၍ သပိတ်ထောရာဇာဘွဲ့အပ်နှင်းတော်မူသည်။ ပုသိမ်မြို့ဝန်ဇနီး၏ မောင်အရင်းဖြစ်သော မောင်ဦးကိုလည်း သာရဝေါလှေပွဲနင်းအဖြစ်ခန့်ထားလိုက်လေသည်။

ဟင်္သာတနယ်သူ နယ်သားများက သာရဝေါလှေပွဲနင်းမောင်ဦး၏ ရာဇသတ်၊ ဓမ္မသတ်အရာတွင် အထူးကျွမ်းကျင်သည်ကို သိရှိကြ၍ ခုံသမာဓိအဖြစ် တင်မြှောက်ထားကြလေသည်။ ထိုအကြောင်းကို မင်းတရားကြီး ကြားသိသော် မင်းပျံ့ချီဘွဲ့အပ်နှင်း၍ ဟင်္သာတမြို့အစီရင်ခန့်တော်မူသည်။ မင်းပျံ့ချီသည် ရေကင်းသူမယ်အိနှင့် အကြောင်းပါပြီး ဟင်္သာတမြို့သို့ ပြောင်းရွှေ့နေထိုင်ကာ အမှုတော်ထမ်းကြလေသည်။

မင်းပျံ့ချီနှင့် မယ်အိတို့မှ သက္ကရာဇ် (၁၁၇၁) ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၂) ရက်၊ တနင်္လာနေ့တွင် သမီးလေး မမြကြူတ်ကို ဖွားမြင်သည်။ အလွှန်ပင် ချစ်

မြတ်နိုးတော်မူကြသဖြင့် မြမြဟုပင် ခေါ်ကြသည်။ မြမြမှာ အရွယ်ရောက်သော် အောက်နယ်တစ်ခွင်တွင် ပြိုင်ဘက်ကင်းလောက်အောင် လှပချောမောသည့် ဟင်္သာတသူကလေးအဖြစ် ထင်ရှားကျော်ကြားလေသည်။

ဘိုးတော်ဘုရားကြီး နတ်ရွာစံသော် ဘကြီးတော်ဘုရားဟုခေါ်သော စစ်ကိုင်းမင်းနန်းတက်သည်။ တောင်သူမင်းနှင့် သာယာဝတီမင်းတို့အား အဆောင်အရွက်ဖြင့် ချီးမြှင့်မြှောက်စားထားပြီး မည်သူ့ကိုမှ အိမ်ရှေ့စံ မပေးချေ။ သာယာဝတီမင်းသည် အင်္ဂလိပ် - မြန်မာ ပထမစစ်ပွဲအပြီး သက္ကရာဇ် (၁၁၈၇) ခုနှစ်၊ တပေါင်းလပြည့်ကျော် (၄)ရက်နေ့တွင် ပြည်မြို့အထက်နားရှိ ရန္တပိုရွာတွင် စစ်ပြေငြိမ်းစာချုပ်ကို လက်မှတ်ရေးထိုးပြီးနောက် နေပြည်တော်သို့မပြန်သေးဘဲ သာယာဝတီနယ်တစ်ဝိုက်ကို ဆင်း၍ကြည့်ရာ နှစ်ပေါင်းတစ်ထောင် ကြာမြင့်ချိန်မှ တစ်ကြိမ်သာပွင့်တတ်သော အာသာဝတီနွယ်နီနတ်ပန်းနှင့်တူသည့် ဟင်္သာတသူကလေး မမြကြူတ်၏ ထူးကဲသည့်အလှအပ ဂုဏ်သတင်းကို ကြားသိတော်မူသော် တိမ်းညွတ်ယိမ်းယိုင် ချစ်မက္ခိုင်တူပြိုင်စိုက်လိုသော ဆန္ဒများ ပြင်းပြတော်မူသဖြင့် ဟင်္သာတမြို့သူကြီး ဦးရွှေလှမှ တစ်ဆင့် မင်းပျံ့ချီကတော် ဒေါ်မယ်အိထံသို့ စကားကြောင်းလမ်းတော်မူစေပြီး အတွင်းဝန် နေမျိုးသီဟသူ၊ အိမ်တော်ဝန် နေမျိုးပန္နကျော်၊ စာရေးတော်ကြီး သီဟကျော်ထင်နော်ရထာတို့ကို နောက်လိုက်နောက်ပါအဆောင်ကိုင် ချွေရံသင်းပင်းနှင့်တကွ အခမ်းအနားများပြင်ဆင်၍ ရွှေလှေနှစ်စင်းဖြင့် စေလွှတ်ကာ မမြကြူတ်ကို ကောက်ယူရန် စီစဉ်လေတော့သည်။

မမြကြူတ်ကို နေအိမ်ပေါ်မှ ရွှေထီးမိုးလျက် ရွှေလှေပေါ်သို့ တက်စေပြီး ဟင်္သာတမြို့မှ ခနဖြူမြို့သို့ စုန်ဆင်းရာ ဆွေတော်မျိုးတော် မိတ်သင်္ဂဟတို့မှ လှေ (၁၀) စင်းဖြင့် လိုက်ပါပို့ဆောင်ကြသည်။ ခနဖြူမြို့သို့ ညနေ (၃) ချက်တီးအချိန်တွင် ရောက်သည်။ မမြကြူတ်ကို ရွှေလှေပေါ်မှ အသင့်စီစဉ်ထားသော ဖောင်တော်ပေါ်၌ စံနေတော်မူစေပြီး မင်းသားသည် ညအချိန်ရောက်သောအခါ ယာယီဆောက်လုပ်ထားသော မင်္ဂလာအိမ်တော်မှ ဆင်းသက်၍ ခေါ်ယူသိမ်းပိုက်တော်မူလေသည်။

သာယာဝတီမင်းသားသည် မမြကြူတ်ကို အလွန်ပင် အရေးပေးတော်မူသည်။ အလွန်ပင်ချစ်မြတ်နိုးတော်မူသောကြောင့် မြကလေးဟုပင် ခေါ်သည်။ ထိုမှစ၍ မမြကလေးဟူသော အမည်နာမ ထင်ရှားလာတော့သည်။ မင်္ဂလာအိမ်တော်၌ စံနေတော်မူစဉ်မှာပင် မမြကလေးကို ရွှေလောင်းတိုက်စား သနားတော်မူပြီး ဖခင်ဖြစ်သူ မင်းပျံ့ချီကိုလည်း ဟင်္သာတမြို့တွင် အနောက်ဘက်တိုက်အုပ်အရာ ခန့်ထားတော်မူလေသည်။

မမြကလေးမှာလည်း မောင်တော် သာယာဝတီမင်းကို လွန်စွာအားကိုးချစ်ခင်သည်ဖြစ်ရာ မောင်တော်အား ရည်ညွှန်း၍ များစွာသော တေးထပ်၊ ကဗျာ၊ လေးချိုး၊ ဒွေးချိုးနှင့် ပတ်ပျိုးသီချင်းများကို ဖွဲ့နွဲ့ရေးသားလေသည်။ "နေမှိန်မှိန်၊ ဆင်ပေါင်းတော်ရွှေပုသိန်နဲ့၊ လာချိန်တန်တော့။ ထပ်ထပ်ကယ်မျှော် ပြာသာဒ်ရယ်ဆောင်ဘုံပေါ်က၊ အကြိုတော်ဒီမယ်ထောက်ရတယ် ကိုးခေါက်ပြန်ပေ့။ ကြာခြည်ယံ နာရီပြန် ဗဟိုရ်ညီတ်ပါပေ့၊ မှေးမိုတ်လို့ စက်ပါသော် ရေးမျှမပျော်။ လာနိုးငယ်မျှော် ကြာမော်မြင့်ဆောင်ထီး။ ရွှေဘောတော် တညက်ပွေလို့၊ မလာနေတာရှည်လှတာကြောင့်၊ တွေးရခက်ကြီး" စသည်ဖြင့် ရင်တွင်းမှ ခံစားချက်များကို အနုပညာဖြင့် ဖွဲ့နွဲ့စီကုံး ရေးသားခဲ့လေသည်။

မမြကလေးတွင် သား (၃) ဦး၊ သမီးကလေး (၁) ဦး ထွန်းကားရာ သားယောကျ်ားလေး (၃) ဦးမှာ ငယ်စဉ်ကပင် ကွယ်လွန်သည်။ သမီးလေးကို ချစ်စနိုးဖြင့် မဖွားကြီးဟု ခေါ်ကြသည်။ မဖွားကြီးမှာ နောင်အခါ စာပေ၊ အလင်္ကာ၊ ကဗျာ၊ အဖွဲ့အနွဲ့တွင် အလွန်ထင်ရှားသူ လှိုင်ထိပ်ခေါင်တင် မင်းသမီးလေးပင် ဖြစ်တော့သည်။

သက္ကရာဇ် (၁၁၉၉) ခုနှစ်တွင် သာယာဝတီမင်းသားသည် နောင်တော်စစ်ကိုင်းမင်း၏ အရိုက်အရာ ရွှေထီး၊ ရွှေနန်းကို သိမ်းပိုက်စိုးစံတော်မူရလေသည်။ ထိုအခါတွင် မမြကလေးကို အနောက်နန်းမိဖုရားအရာ တင်မြှောက်၍(သီရိမဟာသုရတနာစန္ဒာဒေဝီ) ဘွဲ့ကိုချီးမြှောက်တော်မူသည်။ သမီးတော်မဖွားကြီးကိုလည်း (သီရိသုမြတ်စွာရတနာဒေဝီ) ဘွဲ့ကို ပေးသနားတော်မူ၍ လှိုင်မြို့ကို စားစေသည်။ တောင်နန်းမိဖုရား၊ မြောက်နန်းမိဖုရား၊ အလယ်

နန်းမိဖုရား၊ အနောက်နန်းမိဖုရားဟု နန်းရမိဖုရားကြီး လေးပါးထားတော်မူရာ ထိုမိဖုရားများသည် ဘုရင်နှင့် အလွန်နီးစပ်သူ မင်းမျိုးမင်းနွယ် ဆွေရင်းမျိုးရင်းများဖြစ်ကြသော်လည်း ဟသာၤတသူ အနောက်နန်းမတော် မဖြကလေးလောက်အရေးပေးချီးမြှောက်တော်မူခြင်းကို ခံရသူမရှိဟု ဆိုကြပေသည်။

ထိုအချိန်တွင် အဖ မင်းပျံချိမှာ ကွယ်လွန်လေပြီဖြစ်သည်။ မယ်တော် ဒေါ်အိကို ထီးဘုရားကြီးက ရွှေမြို့တော်သို့ ခေါ်ယူထားစေသည်။ ဒေါ်အိမှာ မယ်တော် မယ်တော်နှင့် အလွန်ပင် ဘုန်းကြီးလေသည်။ မဖြကလေးမှာ ကိုယ်တိုင်စောင်းတီး၍လည်းကောင်း၊ ကိုယ်တိုင်စည်းဝါးကိုင်ပြီးသီဆို၍လည်းကောင်း၊ ဧကရာဇ်မင်း ရွှေစိတ်တော် ငြီးငွေ့ခြင်းမရှိရလေအောင် ဖြေဖျော်လေ့ရှိသည်။ ထို့ကြောင့်ပင် ဘုရင်ထီးဘုရားကြီးသည် အနောက်နန်းဆောင်မှာသာ စံနေတော်မူခြင်းက ပို၍သာများသည်။ "နဝရက်ကယ်ရောင်" "ရှိစုံရွက်ကြာ" သီချင်းကြီးများမှာ မဖြကလေး၏လက်ရာများသာဖြစ်ပေသည်။

အနောက်နန်းမတော် မဖြကလေးနှင့် မယ်တော် ဒေါ်အိတို့၏ ဘုန်းတန်ခိုးအာဏာ ကြီးထွားမှုများကြောင့် မဖြကလေး၏ ဘထွေးတော် မင်းပျံချိ၏ညီ ဦးမှူးကို ရေကင်းတိုက်စားချီးမြှောက်ခြင်း၊ မင်းပျံချိ၏သမီးတစ်ယောက်ဖြစ်သူ မလေးဖြူကို နေမဝင်ဘုရင်ခေါ် ရန်ကုန်မင်းကြီး ဦးမေးနှင့် လက်ထပ်ပေးခြင်း၊ ဦးမှူးကို ရေကင်းတိုက်စားအဖြစ်မှ ဟသာၤတမြို့အနောက်ဘက်တိုက်စားအဖြစ် တိုးမြှင့်ချီးမြှောက်ခြင်း၊ မယ်တော်ဒေါ်အိ မောင်ဖြစ်သူ ဦးမြတ်ရေးကို ရေကင်းတိုက်စားအဖြစ် လည်းကောင်း အသီးသီးရာထူးများ ပေးအပ်ချီးမြှင့်တော်မူလေသည်။

ဟသာၤတမြို့၏ အနောက်ဘက်တိုက်မှာ မြို့၏အောက်ဖျားကသောက်ကရောက်ချောင်၏တောင်ဘက်ကင်းရွာ၊တောင်လုံးစုရွာ၊ပခန်းရွာ၊ကျောင်းစုရွာ၊အောက်ရွာလေးရွာ၊ ဖေါင်ချောင်းရွာ၊ စစ်ကုန်းရွာ၊ ရေလဲရွာများ ပါဝင်၍ တောင်ဘက် ဇလွန်နယ် သရွတ်ဝရွာနှင့် စပ်လေသည်။ အနောက်ဘက် ဒူးယားတိုက်၊ ဒူးယားရွာ၊ မီးနင်းရွာ၊ မရမ်းရွာနှင့်စပ်၍ မြောက်ဘက် ဟသာၤတမြို့မတိုက်ကန်တွင်းရွာနှင့် အရှေ့ဘက် ရေဝတီမြစ်တို့ ဖြစ်လေသည်။

အနောက်နန်းမတော်မဖြကလေး၏ ဘုန်းတန်ခိုး၊ ဩဇာတိက္ကမကြီးမားသောကြောင့် မယ်တော်ဒေါ်အိမှာလည်း တန်ခိုးဩဇာတိက္ကမ ကြီးမားရလေသည်။ မဖြကလေးကို ချစ်မြတ်နိုးတော်မူလွန်းသဖြင့် နယ်လေးရပ်သတ်မှတ်ပေးသည်။ အနောက်ဘက်တိုက်စား ဘထွေးတော်ကို ဟသာၤတမြို့ မြို့သူကြီးဦးမြတ်သာထွန်းအားအခွန်တချို့တစ်ဝက်ကို ခွဲဝေပေးစေရသည်။ မယ်တော်ဒေါ်အိကိုလည်း ထိုနယ်လေးရပ်မှ လယ်မြေတစ်ခုကိုအပိုင်စားပေးတော်မူပြန်သည်။ မယ်တော်ဒေါ်အိ အပိုင်စားရသော ထိုလယ်ကိုတော်တစ်လုံးတိုးကာ လယ်တော်ဟု ခေါ်တွင်စေသည်။ ထိုအနီးအနားရှိ ရွာများကိုလည်း လယ်တော်ရွာဟုပင် တွင်လေသည်။ မယ်တော်ဒေါ်အိက ဟသာၤတမြို့ ကင်းရွာရပ်တွင် ဘုရားတစ်ဆူ တည်ထားလိုကြောင်း သမီးမဖြကလေးကိုတိုင်ပင်ရာ မဖြကလေးက ဘုရင်ထံအမိန့်တော်ခံယူသည်တွင် ချက်ချင်းခွင့်ပြုတော်မူသဖြင့် မယ်တော်ဒေါ်အိကောင်းမှု မြေပေါက်စေတီတစ်ဆူ တည်ထားပူဇော်ခွင့်ရလေသည်။ ထိုစေတီကို ယခုတိုင် မယ်တော်ကြီးဘုရားဟု အမည်တွင်တော်မူသည်။

သက္ကရာဇ် (၁၂၀၃) ခုနှစ်တွင် သာယာဝတီမင်း ရန်ကုန်သို့ ကြွချီတော်မူရာ ရွှေတိဂုံစေတီ၏ အနောက်ဘက် တန်ဆောင်းကို မဖြကလေးက တာဝန်ယူ ဆောက်လုပ်စေပြီး မင်းတရားကြီးနှင့်အတူ ရေစက်ချ အမျှဝေခဲ့သည်။ အင်းဝနေပြည်တော်၏ အနောက်မြောက်ထောင့် တက်သေအင်း၏ အလယ်ကျွန်းရှိ ဆင်ဝန်ဦးမြတ်ဖြူ၏ စေတီတော်ကို အသစ်တည်စေပြီး ရုပ်တုများနှင့်တကွ ကုသိန္နာရုံဘုရားဟု အမည်တွင်စေသည်။ ထို့နောက် စန္ဒာမုနိဘုရားစေတီတွင် ရွှေဆည်းလည်း၊ ငွေဆည်းလည်း၊ ကြေးဆည်းလည်း လုံးရေတစ်ဆယ်ကျော်နှင့် ငွေသပိတ်တော်များ လှူဒါန်း၍ ရေစက်ချအမျှဝေခဲ့ကြသည်။ ဇောင်းကလော ကန်တော်ဦးမှာလည်း ရတနာလောကစေတီ၊ ဟသာၤတမြို့ရှိ မယ်တော်ကြီးဘုရား၊ ရေကင်းမြို့ရှိ လောကဇေယျာ ဘုရား၊ လောကမှန်ကူ

ဘုရား၊ လောကဥဒေါင်ဘုရား၊ မင်းအိုကျောင်းရှိ အုတ်ကျောင်းတော်၊ တက်သေအင်းရှိ ကုသိန္နာရုံဘုရားများသည် မမြကလေး၏ ကုသိုလ်တော်များ ဖြစ်ပေသည်။

သက္ကရာဇ် (၁၂၀၄) ခုနှစ်အရောက်တွင် ဟသ်ာတမြို့၌ ဘထွေးတော် အနောက်ဘက်တိုက်စားဦးမှူး အနိစ္စရောက်လေသည်။ ထိုရှာပနကိုကြီးကျယ်ခမ်းနားစွာ ဆင်ယင်ကျင်းပတော်မူသည်။ သန္တိဝန် မင်းလှမင်းကျော်၏ ရှာပနကိစ္စ သဂြိုဟ်စာတမ်းရှိသည့်အတိုင်း ခမ်းနားပြည့်စုံစွာ ကျင်းပစေသည်။ ညီမဖြစ်သူ ရန်ကုန်မင်းကြီးကတော် မလေးဖြူကို ရှာပနကိစ္စအတွက် အဆောင်အယောင်များနှင့်စီစဉ်၍ ဟသ်ာတသို့ စေလွှတ်သည်။ (၇) ရက်ပတ်လုံး သံဃာတော်များကို ဆွမ်းကပ်ခြင်း၊ ဥပုသ် (၇) ရက်စောင့်သုံးခြင်းစသည်များဖြင့် ရှာပနအခမ်းအနားကို ကြီးကျယ်စွာဆင်ယင်စေသည်။ ဟသ်ာတမြို့နှင့် အဝေးအနီးမြို့ရွာဒေသတို့မှ ဤကဲ့သို့ကြီးကျယ်ခမ်းနားစွာ ကျင်းပသော ရှာပနပွဲကို မမြင်ဖူးကြသဖြင့် ညဥ့်အိပ်၊ ညဥ့်နေ လာရောက်ကြည့်ရှုကြလေသည်။ မင်းနေပြည်တော်မှ မှူးမတ်၊ အရာထမ်း၊ အမှုထမ်းများပင် မိဖုရားမမြကလေးကိုယ်တိုင် စီမံကျင်းပသည့် ရှာပနပွဲကို လာကြရသည်ဟု ဆိုသည်။

ဤကဲ့သို့ အနောက်နန်းမတော်မမြကလေးကို ချစ်ကျွမ်းတဝင် အရေးပေးခြင်း၊ အစစပြည့်စုံအောင် စီမံဆောင်ရွက်ပေးခြင်းများနှင့် တန်ခိုးအာဏာအရှိန်အဝါကြီးမားမှုအပေါ် မလိုမုန်းထား မရှုစိမ့်သူများက အချက်ကောင်း၊ အကွက်ကောင်းကို မျှော်လင့်နေဟန်ရှိပေတော့သည်။

မမြကလေးကလည်း အကင်းပါးသူ ပညာရှိ စာပေကျမ်းဂန်နှံ့စပ်သူဖြစ်၍ မောင်တော်အပေါ်၌ သစ္စာရှိသူဖြစ်ကြောင်း အခွင့်သာတိုင်း ကိုယ်တိုင်စောင်းတီး၍ "ရှိစုံရွက်ကြာ" အစချီပတ်ပျိုးကို ဆိုလေ့ရှိသည်။ "မောင်တော်မလာရင်ဖြင့်၊ နောက်အိမ်တော်ဆောင်ရိပ်မှာ၊ လွမ်းစိတ်နဲ့ဆွေး၊ လာလုငယ်လာလု၊ တမ်းခုခုမေး၊ အိုသေသေထားတဲ့အရေး၊ ရွှေရင်ချမ်းမြ၊ ဗျာပါရေးငယ်နှင့် မကြံပါနိုင် နှမ်းခွေလို့ယိုင်၊ နွဲ့ပြင်တိုင်ကြည်ရောင်တိမ်းတယ် စိမ်းသင့်မှုစိမ်း" ထို့ကြောင့်ပင် မင်းသားမှာ အဆောင်သို့မလာဘဲမနေ ချီးမြှင့်မြှောက်စား အရေးပေးခဲ့လေသည်။

သို့ပါသော်လည်းမင်းသားသည်သက္ကရာဇ်(၁၂၀၇) ခုနှစ်၊ဝါခေါင်လတွင်မင်းတဲဒေးဝန်းတိုက်စံနန်းတော်တွင် စံနေတော်မူစဉ် မနာလိုသူတို့၏ တင်လျှောက်သောစကားကိုယုံကြည်တော်မူ၍မမြကလေးအားဘုရင့်ထံသို့ အခစားဝင်ခွင့် မရရှာသည့်အဖြစ်ကစ၍ မမြကလေး၏ ဘဝ အမှောင်ညစခဲ့ရလေသည်။

စုံစမ်းစစ်ဆေးဆဲ၊ အမှုရောက်အံ့သောအခါတွင် မောင်တော်သည် အထင်မှားခဲ့လေပြီ၊ ယုံမှားခဲ့လေပြီ လွဲမှားခဲ့လေပြီဟူသော သဘောကို ထင်ရှားစေသည့် မိမိ၏ အဖြစ်သနစ်ကို တင်ပြသည့် "ကုန်စီစဉ်ပေါင်းပါလို့ ဖြစ်ဟောင်းကိုပြန်မျှော်" အစချီ လေ့တော်သံ သီချင်းကို ရေးဆက်လေသည်။ မည်သို့ပင်ဖြစ်စေ၊ အနောက်နန်းမတော်မမြကလေးမှာ ထောင်သွင်းအကျဉ်းချခံရသည့်အထိ ကံကြမ္မာကဖန်လာလေတော့သည်။

သာယာဝတီမင်းမှာလည်း တိုင်းပြည်ငြိမ်သက်မှုမရှိ၊ အာဏာဖီဆန်မှု လုပ်ကြံမှုများကြောင့် (မိဖုရားခေါင်ကြီးမယ်နု)၏မောင်စလင်းမင်းသားကြီးမောင်အိုနှင့်အပေါင်းပါတို့ကိုဖမ်းဆီး၍ ကွပ်မျက်ခြင်း၊ အချုပ်ချထားခြင်းများပြုလုပ်လေသည်။

သက္ကရာဇ် (၁၂၀၀) ပြည့် တန်ခူးလတွင် တူတော်ညောင်ရမ်းမင်းခေါ် စကြာမင်းကိုလည်း မသင့်မတင့်အကြံကိုကြံသည်ဟူ၍ ဖမ်းဆီးစစ်ဆေးပြီး ကြံရာပါသူ (၂၀) ကျော်တို့ကိုလည်း ကွပ်မျက်လေသည်။

ထို့နောက် သက္ကရာဇ် (၁၂၀၁) ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၀)ရက်ညဥ့်အချိန်တွင်မတ္တရာမြို့ရှိကျေးရွာများကို ရွှေစားမင်းခေါ် ဝဝင်းငယ်၊ ဗိုလ်ငခန်းကျော်၊ ဗိုလ်ငရွှေမောင်တို့သည် ရှမ်း၊ မြန်မာ (၁၅၀၀) ကျော်နှင့် တိုက်ခိုက်ကြပြန်သည်။ အဆိုပါကိစ္စတွင်လည်း မိဖုရားခေါင်ကြီးမယ်နုက အကြံပေးသည်၊ ပါဝင်သည်ဟု ယူဆကာ နန်းမတော်မယ်နု၊ စလင်းမင်းသားကြီးမောင်အိုနှင့် ဇနီး၊ သမီးအပါ လေးယောက်နှင့်အတူ အတွင်းဝန် ပေါ်ရောက်၊ မြို့လတ်ဝန်ငရေး၊ သံတော်ဆင့်ငရွှေသား၊ ပခန်းဗိုလ် ငရန်မင်း၊ စာရေးတော်ကြီးငပျို၊ တောင်သူမြို့ဝန်

ငကူး၊ အဆောင်မြဲငထွန်းညိုတို့ကိုပါ ကွပ်မျက်လိုက်လေသည်။

သားတော်ပြည်မင်းသားသည်လည်း သက္ကရာဇ် (၁၂၀၇) ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၆) ရက်နေ့တွင် မြို့ရိုးကိုဆင်ဖြင့်တိုက်ဖောက်၍ မတ္တရာမိုင်းလုံးသို့ ပုန်ကန်ထွက်ပြေးပြန်သည်။ ထိုအကြောင်းကိုသိလျှင် သာယာဝတီမင်းသည် အဝမြို့ဝန်၊ ညောင်ပင်ဗိုလ်၊ စစ်ကိုင်းဗိုလ်၊ ဗိုလ်နက်ကျော်၊ ဆင်ဝန်ငကလေးတို့ကို ဖမ်းဆီးပြီး ကျေးဇူးသစ္စာကို မစောင့်ဆိုကာ အမျက်ထွက်၍ ကွပ်မျက်လေသည်။ ယင်းတောဝန်ဦးတုတ်ကိုလည်း ပြည်မင်းသားနှင့် ကြံရာပါသည်ဟု ယုံကြည်သည့်အလျောက် မျက်မှောက်ထင်ထင် လက်သုံးတော်လှံဖြင့် စီရင် ကွပ်မျက်လေသည်။ ထို့နောက် သားတော်ပုဂံမင်းသားအား စစ်တပ်ဗိုလ်ပါအလုံးအရင်းနှင့်တကွ ထွက်၍တိုက်ခိုက်စေရာ နောက်ဆုံးတွင် ပြည်မင်းသားကို လက်ရဖမ်းဆီးမိ၍ ချုပ်နှောင်ထားစေပြီး ပုဂံမင်းကို ပင်စစ်ဆေးရန်တာဝန်ပေးထားလေသည်။စစ်မေးရသမျှကို ပုဂံမင်းသားက မင်းတရားကြီးအား တင်လျှောက်ရသည်။ ထိုစစ်ဆေး မေးမြန်းစုံစမ်းချက်အရ အနောက်နန်းမိဖုရားမမြကလေးသည် ပြည်မင်းသားနှင့် ကြံရာပါသည်ဟု ယူဆသော အသံများထွက်ပေါ်လာတော့သည်။

မမြကလေးမှာ ထောင်သွင်းအကျဉ်းကျနေစဉ် အကြောင်းစုံကိုကြားသိတော်မူသဖြင့် ဘုရင်ထီးဘုရားကြီး အမျက်တော်ပြေစေရန် "ချစ်သမျှကို" ပတ်ပျိုးကို ရေးသားဆက်သွင်းခဲ့သည်။ ရှေးကအတူတကွ ချစ်ခင်ကြင်နာခဲ့ကြပုံ၊ ရွှေဂူကြီးဘုရားမှာ သစ္စာတိုင်ခဲ့ကြပုံ ရှေးအခါ ယခင့်ယခင်က အလွန်ချစ်မြတ်နိုးယုယခဲ့ကြ၍ နို့ဗွာန်တည်းဟူသော တစ်ဖက်ကမ်းသို့ မောင်မယ်အတူ လက်တွဲလှမ်းတက်ရန် ဆန္ဒရှိကြပုံများကို နနလှလှ ရိုးရိုးဖြောင့်ဖြောင့် ရေးဖွဲ့ဆက်သွင်းခဲ့ပေသည်။ သို့ပါသော်လည်း ဟသ်ာတမြို့သူဇာတိ (သီရိမဟာသုရတနာစန္ဒာဒေဝီ)ဘွဲ့ရ အနောက်နန်းမတော်မမြကလေးသည် ငြူစူဝန်တို မလိုမုန်းထားသူတို့၏ မဟုတ်မတရား ကုန်းချောစကားများကြောင့် ပုန်းစားပုန်ကန်ပြုသူ၊ ပြည်မင်းသားနှင့် ဆက်သွယ်ပတ်သက်သည်ဟူသော စွဲချက်များက မမြကလေး၏ဘဝနိဂုံးချုပ်စေခဲ့ရလေသည်။

လူသတ်လက်မရွံ့တို့က ရာဇဝတ်သားအဖြစ် မမြကလေး၏ ဆံပင်ကိုဆွဲ၍ အကျဉ်းထောင်မှ ထုတ်လာသည်တွင် မမြကလေးက မိမိသည် ရှေးကုသိုလ်ကြောင့် မြင့်မြတ်သောမိဖုရားဘဝကို ရရှိခဲ့သည်ဖြစ်ရာ ဘုန်းကံရှိသူများကို ထိုကဲ့သို့ ရိုင်းရိုင်းစိုင်းစိုင်းမပြုသင့်ဟု ဆိုဆုံးမလေသည်။ ပြီးလျှင် ကဲကဲ မင်းတို့ရှင်ဘုရင် အမိန့်တော်ရှိသည့်အတိုင်းပြုရပေမည်။ ငါမသေခင် ရေးသားစပ်ဆိုခဲ့တဲ့ ဤတေးထပ်အလင်္ကာလေးကို မောင်မင်းတို့ ဘုရင်ထံ ရောက်အောင် ဆက်သလိုက်ပါတော့ဟုဆိုကာ သေအံ့ဆဲဆဲတွင် -

"လောကဓံရှစ်ပါး၊ ဘုရားပဟောရာ၊ ဖြစ်ပျက်မြဲမမွတာ၊ သေချာစွာမှတ်စွဲ၊ သတ္တဝါတို့မည်သည်၊ မတည်ကြည်ဖောက်ပြန်တတ်မြဲ . . . ငါမင်းဟုပြုပြန် ခံရသူအသစ်ပ၊ အဖြစ်ဖြစ်အပြန်ပြန်၊ နိုင်းထောက်ပေတန်၊ သခါရလမ်းမှန်ကို ရွှေဉာဏ်တော် ရှုအံ့ရှင့်လေး" ဟူသော တေးထပ်ကို ရေးစပ် ထားရစ်ခဲ့လေသည်။

ဟသ်ာတမြို့သူ (သီရိမဟာသုရတနာစန္ဒာဒေဝီ) ဘွဲ့ရ အနောက်နန်းမတော် အဆိုရှင်မမြကလေးမှာ သက္ကရာဇ် (၁၂၀၇) ခုနှစ်၊ အသက် (၃၆) နှစ်အရွယ်တွင် ကွယ်လွန်သွားရရှာလေတော့သည်။

**မင်းသန်းဝင်း (ဟသ်ာတ)**

# နှလုံးသား၌ ကိန်းအောင်းနေသော ကဗျာနှစ်ပုဒ်

ပဒေသာ ဦးစိုး

ရှေးရှေးကာလသမယကပင် မြန်မာလူမျိုးတို့သည် ရတု၊ ကဗျာ၊ စာပေ၊ လင်္ကာ၊ သီချင်းတို့ကို ပျော်ရွှင်မှု၊ ခံစားမှု၊ တွေ့ကြုံမှုတို့ကို အခြေခံ၍ ရေးသားစပ်ဆို သီကုံး ရေးဖွဲ့ခဲ့ကြပါသည်။ ထိုရှေးစာဆိုတို့ ရေးစပ်သီကုံးခဲ့ကြသော ရတု၊ ကဗျာ၊ သီချင်း၊ မော်ကွန်း၊ လင်္ကာစသည်တို့ကို နောင်းလူတို့ လေ့လာပြီး ဖတ်ရှုမှတ်သားခံစားကြပါသည်။

ထိုကဗျာ၊ စာပေ၊ အလင်္ကာ၊ သီချင်း၊ ရတု၊ ရကန်၊ မော်ကွန်းစသည်တို့အထဲမှ ပုဂံခေတ်ရှေးစာဆိုကြီးတစ်ဦးဖြစ်သော "အနန္တသူရိယ" ရေးသားသော မျက်ဖြေလင်္ကာလေးပိုဒ်နှင့် ကုန်းဘောင်ခေတ်စာဆိုအကျော်



တစ်ဦးဖြစ်သည့် လက်ဝဲသုန္ဒရအမတ်ကြီး ရေးသားထားသော မဲဇာတောင်ခြေ အစချီရတုတို့သည် စာရေးသူ၏ စိတ်အစဉ်ကို လွှမ်းမိုးနေခဲ့သည်။ ထိုကဗျာနှစ်ပုဒ်သည် မြန်မာစာပေလောကတွင် အလွန်ထင်ရှားပြီး အရေးအဖွဲ့ အလွန်ပြောင်မြောက်၍ နောင်းလူတို့အတွက် တန်ဖိုးမဖြတ်နိုင်သော စာပေအရေးအဖွဲ့ ဖြစ်ခဲ့ပါသည်။ မြန်မာစာပေ အဆင့်အတန်း မြင့်မားမှုကို ဖော်ကျူးပြဆိုထားသော ကဗျာများ ဖြစ်ကြပါသည်။ ရှေးစာဆိုကြီးတို့၏ အရေးအဖွဲ့ကို သိရှိမှတ်သား ခံစားနိုင်ရန်အတွက် လည်းကောင်း၊ ထိုစာဆိုနှစ်ဦးတို့၏ လောကရေး၊ ဓမ္မရေး၊ ရာဇရေးတို့၌ ကျွမ်းကျင်ပိုင်နိုင်မှုတို့ကိုလည်းကောင်း၊ ယခုခေတ်လူငယ်များ လေ့လာသိရှိနိုင်ရန် ရေးသားဖော်ပြရခြင်းဖြစ်ပါသည်။

သက္ကရာဇ် ၅၃၆ ခုတွင် ပုဂံ နရပတိစည်သူသည် နောင်တော်မင်းယဉ် နရသိခ်ကို လုပ်ကြံ၍ နန်းတက်၏။ အထိန်းတော်သား အနန္တသူရိယအမတ်ကိုလည်း သတ်လေဟု သူသတ်တို့အား အပ်လေ၏။ အနန္တသူရိယအမတ်သည် မင်းပြစ်မင်းဒဏ်ရာဇသံကြောင့် သေရမည်ဆဲဆဲတွင် အောက်ပါလင်္ကာလေးပိုဒ်ကို ရေး၍ မင်းကြီးအားဆက်ပါဟု အပ်ခဲ့၏။

၁။ သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ
သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ
ဓမ္မတာတည်း။

၂။ ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းခံ
မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်
စည်းစိမ်မကွာ၊ မင်းချမ်းသာကား
သမုဒ္ဒရာ၊ ရေမျက်နှာထက်
ခဏတက်သည်၊ ရေပွက်ပမာ
တစ်သက်လျာတည်း။

၃။ ကြင်နာသနား၊ ငါ့အားမသတ်
ယခုလွှတ်လည်း၊ မလွတ်ကြမ္မာ
လူတကာတို့၊ ခန္ဓာခိုင်ကျည်
အတည်မမြဲ၊ ဖောက်လွဲတတ်သည်
မချွတ်စသာ၊ သတ္တဝါတည်း။

၄။ ရှိခိုးကော်ရော်၊ ပူဇော်အကျွန်
ပန်ခဲ့တုံ၏၊ ခိုက်ကြုံဝိပါက်
သံသာစက်၌၊ ကြိုက်လတ်တုံမူ
တုံ့မယူလို၊ ကြည်ညိုစိတ်သန်
သခင်မွန်ကို၊ ချန်ဘိစင်စစ်
အပြစ်မဲ့ရေး၊ ခွင့်လျှင်ပေးသည်
သွေးသည်အနိစ္စာ ငါ့ခန္ဓာတည်း။

သူသတ်တို့သည် သတ်ပြီးမှ ဤစာကို မင်းအား ဆက်၏။ ဖတ်စေ၍ ကြားတော်မူလျှင် လွတ်စေဟု မိန့်တော်မူ၏။ သို့ရာတွင်နောက်ကျလက်လွန်လေပြီ၊မသတ်ခင်က ဆက်ပါမူကား သေဒဏ်အသက်မှ လွတ်မည့် အမျက်ပြေစေမည့်ကဗျာဖြစ်ပေသည်။ နရပတိစည်သူလည်း တအောက်မေ့မေ့ နောင်တကြီးစွာ ရလေသည်။ ထိုနေ့ကစ၍ နောင်သတ်စေအမိန့်ရှိသော်လည်း တစ်လလေးသီတင်းထား၍ စစ်ကြောပြီး သေတန်မှ သေစေဟု အမိန့်ထုတ်ထားလေတော့၏။ ထို့ကြောင့် ဤလင်္ကာသည် သူသတ်တို့လက်လွန်ပြီးမှ မင်းကြီး ဖတ်ရကာ အမျက်ပြေ၍ အပြစ်မှလွတ်စေခဲ့သောကြောင့် မျက်ဖြေလင်္ကာဟု ထွက်ခဲ့၏။

ဤကဗျာလင်္ကာသည် ရိုးရိုးနှင့် အဓိပ္ပာယ်သွားလှသောစာ ဖြစ်၏။ အစပ်အဟပ်လည်းကောင်း၍ ဖတ်ရွတ်ရာ၌ ချောမောလှပေသည်။ ထိုစာကို ဖတ်ပြီးနောက် စာဆိုကို သနားခြင်း၊ ချစ်ခင်ခြင်း၊ ကြည်ညိုခြင်း မဖြစ်ဘဲ မနေနိုင်စိတ်နှလုံးကို အလွန်ထိခိုက်သောစာ ဖြစ်လေသည်။ စာဆိုတော်၏ စိတ်နှလုံးဖြူစင်မှု၊ မြင့်မြတ်မှု၊ ခွင့်လွှတ်သည်းခံမှုတို့ကို တွေ့နိုင်ပေသည်။ ဗုဒ္ဓဘုရားရှင်၏ အဆုံးအမကို ထိတွေ့သိရှိပြီး ကောင်းဆိုးလောကဓံတို့ကို တွေ့ကြုံရသောအခါ မတုန်မလှုပ် ကြံ့ကြံ့ခံနိုင်သော စိတ်ဓာတ်ကို မွေးမြူပြီးဖြစ်သည်ကိုလည်း တွေ့နိုင်သည်။ မှတ်သားစံတင်လောက်သော တရားသဘောများပါရှိပြီး ကိုယ်ခန္ဓာစည်းစိမ်ဉစ္စာတို့၏ မမြဲတတ်သော အနိစ္စသဘောတရားသည် မှန်လှပေစွတကားဟု ထင်မြင်အောက်မေ့ဟန် လက္ခဏာသဘောကို ပေါ်လွင်အောင် ဖွဲ့ဆိုရေးသားနိုင်ပေသည်။

နောက်ရေးမည့် ကဗျာတစ်ပုဒ်မှာ မဲဇာတောင်ခြေရတု ဖြစ်ပါသည်။ ထိုရတုကဗျာကို ရွှေဘိုတိုက်နယ် မန်ကျည်းတုံရွာ၌ (၁၀၈၉) ခုတွင် ဖွားမြင်သော ဦးမြတ်စံနောင် လက်ဝဲသုန္ဒရဘွဲ့ရအမတ်ကြီးက ရေးသားခဲ့လေသည်။

အင်းဝဆင်ဖြူရှင်လက်ထက် (၁၁၂၅ - ၁၁၃၈) တွင် လက်ဝဲသုန္ဒရအမတ်သည် ရာဇဝတ်သင့်၍ မဲဇာသို့ အပို့ခံရလေသည်။ ထိုအခါ ဆင်ဖြူရှင်၏ညီ တောင်အမြင့်မင်း၏အကြီးတော်အဖြစ်အမှုတော်ထမ်းရွက်နေရသည်။ တစ်ခါသော် အမြင့်မင်းသား၏ လူပျိုတော်သားမောင်အောင်ထင် (ငထင်ကျော်) နှင့် နန်းတွင်းအပျိုတော်မမိတ်တို့ ချစ်ကြိုက်၍ နန်းတော်သစ်တပ်အတွင်း ကွယ်ရာ၌ စကားပြောနေကြသည်ကို ဆိုင်ရာက ဝိုင်းဖမ်းကြရာ မမိတ်ကိုသာ မိသည်။ မောင်အောင်ထင်ကို မမိလိုက် ထွက်ပြေးလေသည်။ မောင်အောင်ထင်ကို ဆိုင်ရာအမြင့်မင်းထံတောင်းတော်မူရာ မရသဖြင့် မင်းသား၏ အကြီးတော်ဦးမြတ်စံတို့ တာဝန်ထား၍ မျက်တော်မူပြီးလျှင် မဲဇာသို့ ပို့တော်မူလေသည်။

မဲဇာတောအရပ်ကား တောကြီးတောင်ကြီး လူသူမနီးသော ဝေးလံခေါင်သီသောအရပ် အလွန်အေးလျက် အဖျားငှက်ကြီးသောအရပ်ဖြစ်ပေသည်။ ရှေးယခင်က တစ်ကျွန်းပို့သူများကို ထိုမဲဇာတောကြီးသို့ပို့လေသည်။

ဦးမြတ်စံ (လက်ဝဲသုန္ဒရ) မဲဇာရောက်ပြီးနောက် မိမိသခင်၊ မိမိမိသားစုနှင့် နေပြည်တော်ကို အစဉ် လွမ်းဆွတ်တသ ရှိလေသည်။ လက်ဝဲသုန္ဒရအမတ်သည် မဲဇာမှနေ၍ ရတုပိုဒ်စုံကို ရေးဆက်လိုက်ရာ အရေးအသားထိမိ၍ အလွန်ကောင်းလှသဖြင့် နှစ်သက်သနားတော်မူပြီးလျှင် အဝေးပို့ဒဏ်မှလွတ်၍ ပြန်ခေါ်ရသည်အထိ အရေးအဖွဲ့ကောင်းလှပေသည်။

လက်ဝဲသုန္ဒရအမတ်ကြီး ရေးဖွဲ့ခဲ့သော မဲဇာတောင်ခြေရတုမှာ -

၁။ မဲဇာတောင်ခြေ၊ စီးထွေထွေတည့်
မြစ်ရေဝန်းလည်၊ မြိုင်တောဆီက
ရွှေပြည်ကိုသာ၊ တရှာတော့မိ
မိုးရှိရှိလျှင်၊ သီရိကျက်သရေ
ထက်ဖြိုးဝေသား၊ အောင်မြေကြော့ကြော့

ကုန်းမော့မော့နှင့်၊ ဘိုးတော်ကောင်းမှု
တည်ထားပြုသည့်၊ ဇမ္ဗူဆီမီး
ခြောက်ရောင်ညီးမျှ၊ ဂူကြီးသခင်
ရွှေလင်းပင်နှင့်၊ ရွှေခြသေ့်မွေ
စ၍ရေသော်၊ ရွှေစေတီကြီး
အသီးသီးတည့်၊ ပိတ်ဆီးခြယ်သမ်း
လျှပ်ရောင်တမ်းမျှ၊ ရွှေနန်းရွှေဘုံ
အလုံးစုံကို၊ အာရုံမျက်မြင်
ဖူးမြော်ချင်၍၊ သည်တွင်ရွှေမြို့
သည်သို့စေတီ၊ သည်ဆီရွှေနန်း
ဖြောင့်တန်းတော့မည်၊ စိတ်ကရည်သည်
ရွှေပြည်ဌာနဝေးသောကြောင့်။
၂။ သဲသာသောင်မြေ၊ မြစ်ကမ်းခြေလည်း
အကြေတပြင်၊ တို့အောက်ခွင်ဝယ်
ရေရှင်ပတ်ဝန်း၊ ပျော်ဖွယ်ထွန်းလိမ့်
တစ်ကျွန်းလောက်ပင်၊ ဝေးမည်ထင်ခဲ့
စီးသွင်ညီရစ်၊ မဲဇာမြစ်လည်း
ထစ်ထစ်သွန်းဘိ၊ ချုံအတိနှင့်
တောကြီးဆိတ်ညံ၊ ဆီးကျုံကျုံဝယ်
ရှုဝံမပေါ်၊ ရီမှိုင်းသော်ကြောင့်
မမျှော်ပါရ၊ နေကိုတလည်း
ဘယ်ကရှေ့နောက်၊ ဘယ်တောင်မြောက်ဟု
တွေးထောက်မမှန်၊ ဖြစ်ရပာန်ကို
ဖန်ဖန်အံ့ဩ၊ ကြံတိုင်းမောစွ
ဘယ်တောဘယ်မြိုင်၊ မသိနိုင်ခဲ့
မနိုင်စိတ်ဝမ်း၊ နေ့တိုင်းလွမ်းရှင့်
ကင်းစမ်းတောင်က၊ လေဦးစ၍
နောက်မှလေရှည်၊ အတည်တည်သည်
လေပြည်လာက၊ အေးသောကြောင့်။
၃။ ပွဲခါညောင်ရေ၊ သွန်းမြဲပေတည့်
ရှိသေသဒ္ဓါ၊ ထုံးစဉ်လာဖြင့်
မဲဇာရပ်သူ၊ တောင်ဆုယူသည်
ရွှေဂူတော်နှင့်၊ ရှုတိုင်းတင့်သား
မိုးမြင့်သီခေါင်၊ မဲဇာချောင်က
တစ်တောင်လုံးမှိုင်း၊ စ၍ဆိုင်းသော်
တောင်တိုင်းယှက်၍ဝန်းကာဝေ့သည်
တောင်ငွေ့ဝေဝေ၊ အထွေထွေနှင့်
လေလည်းရောရော၊ မိုးမပါဘဲ
သံဝါဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း
မိုးလောက်ပြင်းထန်၊ သွန်းချပြန်သော်
ယုဂန်ထင်ရှား၊ တောင်တော်ဖျားက
ရထားယာဉ်သာ၊ နေစကြာလည်း
ရောင်ဝါမထွန်း၊ ချမ်းရှာလွန်း၍
တည့်မွန်းချိန်နေ၊ ရောက်လွယ်စေဟု
စေ့ရေလှည့်လည်၊ တလျက်မြည်သည်
နေခြည်ဖြာမှ နွေးသောကြောင့်။

လက်ဝဲသုန္ဒရအမတ်သည် အခြားသော စာပေအမြောက်အမြားကို ရေးသားသော မြန်မာဂန္ထဝင်မြောက် စာဆိုတော်တစ်ဦး ဖြစ်လေသည်။ ရှေးစာဆိုတို့၏ စာပေအရည်အချင်းကို လေးစားမြတ်နိုးနှစ်သက်ခံစားနိုင်ရန် ရေးသားဖော်ပြလိုက်ရပါသည်။ ခေတ်စကားဖြင့်ဆိုသော် Heart ထိအောင် ခံစားစေခဲ့သော စာဆိုတို့၏ စာပေလက်ရာများပါတကား။

**ပဒေသာဦးစိုး**

# လောကဇာတ်ခုံရဲ့တန်ဖိုး

သုတေသီဦးထွန်း



ဒီနေ့တော့ လူစုံပါတယ်၊ တွေ့နေကျ လူငါးယောက် စလုံး ဆုံဖြစ်ကြတယ်။ နွေလယ်ခင်းပေမဲ့ ဆောင်းဥတု ဖြစ်လို့ အပူချိန်သက်သာပါတယ်၊ အသက်အရွယ် ကွာခြားမှုရှိပေမဲ့ ဆုံနေကျဖြစ်တာကြောင့် တစ်ယောက် အကြောင်း တစ်ယောက်သိကြလို့ ပြောမနာ ဆိုမနာတွေပါပဲ။

"လုပ်စားရတာမလွယ်ပါလား ဦးသန်းရယ်" ရောက်လျှင်ရောက်ချင်း မောင်အောင်ကျော်က ညည်းညည်း ညူညူပြောလိုက်တာကြောင့် ...

"ဘာဖြစ်လို့လဲ မောင်အောင်ကျော်ရဲ့ မင်းမလည်း တွေ့လိုက်ရရင် လောကကြီးနဲ့ အမြဲမတည့်ပါလား"

"ဟာ - ဦးသန်းကလည်း ဒီလောကကြီးက ကျွန်တော့်ကို အမြဲအကောက်ကြံနေသလိုဘဲ၊ ဟိုဟာလုပ်လိုက် အဆင်မပြေလိုက် ဒီဟာလုပ်လိုက် အဆင်မပြေလိုက်နဲ့ လောကကြီးနဲ့ ကျွန်တော်တော့ အစပ်ကိုမတည့်ပါဘူး"

မောင်အောင်ကျော်ရဲ့ ချဉ်တူးတူးစကားကြောင့် ဆရာသန်း တစ်ချက်ပြုံးလိုက်ပါတယ်။ ပြီးတော့မှ လေးလေးနက်နက်ပဲ စပြောတယ်။

"လောကဇာတ်ခုံဆိုတဲ့စကားကို ကြားဖူးကြတယ်နော်" အားလုံးရဲ့မျက်လုံးတွေဟာ အရောင်တောက်လာတယ်။အတွေးအခေါ်အသစ်အဆန်းတွေကိုကြားရတော့မယ်ဆိုတဲ့အသိနဲ့ စိတ်ဝင်တစား နားထောင်နေကြတယ်။

"လောကဇာတ်ခုံဆိုတာ ကံဇာတ်ဆရာရဲ့ အလိုကျ ကပြနေကြရတယ်တဲ့။ ဒါကြောင့် ငါတို့လည်း လောကဇာတ်ခုံပေါ်မှာ ကပြနေကြရတဲ့သူတွေပေါ့နော်။ ဥပမာ - ဒီဘဝ ဒီဇာတ်လမ်းမှာ ငါက လူဆိုးကြီး ဖြစ်လိုက်၊ နောက်ဘဝ၊ နောက်ဇာတ်လမ်းကျတော့ သူတော်စင်ကြီး ဖြစ်လိုက်၊ နောက်သူဌေးကြီးဖြစ်လိုက် တော်ကြာသူတောင်းစားကြီးဖြစ်လိုက်နဲ့ အမျိုးမျိုး သရုပ်ဆောင်နေကြရတယ်၊ တို့အခု တွေ့ကြုံဆုံတွေ့နေရတဲ့သူတွေဟာလည်း တို့ရဲ့ ဇာတ်အဖွဲ့ဝင်တွေပေါ့ကွာ၊ အမြို့မြို့အရွာရွာမှာလိုက်ပြီး ကပြနေတဲ့ အခုခေတ် ဇာတ်အဖွဲ့တွေလိုပေါ့ . . . အခု ငါတို့လည်း ကိုယ့်အဖွဲ့နဲ့ကိုယ် သွားနေကြတာလေ။ ဒီမြို့မှာတော့ ဒီဇာတ်လမ်း ကမယ်ပေါ့ - မင်းရယ် သူရယ်က ညီအစ်ကိုလုပ်၊ နောက်တစ်ဇာတ်ကျတော့ သားအဖလုပ်၊ နောက်တစ်ဇာတ်ကျတော့ တူဝရီးလုပ်။ အဲသည်လိုနဲ့ပဲ ဇာတ်လမ်းအရ အမျိုးမျိုးသရုပ်ဆောင်နေကြရတဲ့ အဖွဲ့လိုက်ကနေတဲ့ ဇာတ်အဖွဲ့ကြီးတစ်မျိုးပေါ့"

"နောက်ရှိသေးတယ်၊ ဒီအဖွဲ့က တစ်နေရာရောက်တော့ တစ်ယောက် နှစ်ယောက် ထွက်သွားလိုက်၊ နောက်တစ်နေရာရောက်တော့ တစ်ယောက် နှစ်ယောက် ပြန်ဝင်လာလိုက်နဲ့ အဲသလို သူ့အတွဲနဲ့သူ သံသရာမှာ သွားနေကြတာ။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားရှင်ရဲ့ ဇာတ်တော်တွေကို ကြည့်ပါလား . . . အရှင်သာရိပုတ္တရာတို့၊ အရှင်မောဂ္ဂလန်တို့ ဒေဝဒတ်တို့ ဒီလိုအုပ်စုလိုက်ပဲ သံသရာလည်ခဲ့ကြတာ မဟုတ်လား။ သည်လိုသံသရာလည်နေကြတာကိုပဲ လောကဇာတ်ခုံပေါ်မှာ ကပြနေကြရတယ်လို့ ပြောကြတာပါ။ "The world is a stage and we are players" ကမ္ဘာကြီးဟာဇာတ်ခုံကြီးဖြစ်ပြီး

တို့တွေကပါဝင်ကပြအသုံးတော်ခံသူတွေလို့ကမ္ဘာကျော်စာရေးဆရာကြီး Shakespeare ရှိတ်စပီးယား ပြောသလိုပေါ့။

စကားပြတ်ရုံရှိသေးတယ် မောင်ဖြိုးက အလောတကြီး ဝင်မေးလိုက်တယ်၊ "ဒါဖြင့် - တကယ့် ဇာတ်ခုံက ဘာလဲ"

"အေး . . . ငါပြောချင်တာက အဲဒီဟာပဲ၊ ငါသိတဲ့ လောကဇာတ်ခုံကို ပြောပြမယ်နော်"

အားလုံးက စိတ်ဝင်တစားကြည့်နေကြတယ်၊ ဆရာသန်းက တစ်ချက်ဝေ့ကြည့်လိုက်ပြီး -

"ငါသိတဲ့ လောကဇာတ်ခုံက ဇာတ်ခုံချည်းသက်သက်ပဲ၊ ကပြတဲ့သူတစ်ယောက်မှမရှိတဲ့ ဇာတ်ခုံကြီးပဲ။ ငြိမ်သက်ပြီး တိတ်ဆိတ်နေတဲ့ ဇာတ်ခုံကြီးပဲ။ ဒါပေမဲ့ကွာ ... အခုတော့ ကံဇာတ်ဆရာရဲ့ အလိုကျ ကပြနေကြတဲ့ ဇာတ်သူ ဇာတ်သားတွေ ဒီဇာတ်ခုံကြီးပေါ်မှာ ရှုပ်ယှက်ခတ်နေတာပဲဟေ့ . . . သူတို့ကိုယ်သူတို့ ခံစားချက် (Mode) တွေသွင်းပြီးတကယ့်ဇာတ်ကောင်တွေအနေနဲ့ ခံစားပြီး လှုပ်ရှားနေကြတယ်။ တကယ်တော့ သူတို့ဟာ တကယ့်ဇာတ်ရုပ်တွေ မဟုတ်ကြပါဘူး။ ဥပမာ - ပန်းမြိုင်လယ်က ဥယျာဉ်မှူးဇာတ်ကားထဲမှာ ဦးကျော်ဟိန်းနော်၊ နောက် ဓားတောင်နဲ့မီးပင်လယ်ကျတော့ သံချောင်းဖြစ်သွားပြန်ရော၊ ဒါဖြင့် ဦးကျော်ဟိန်းက တာတီးလား၊ သံချောင်းလား။ ဒါဖြစ်ရင် ငါကော ဘယ်သူလဲ၊ ဘာလဲ၊ မင်းကကော . . . သူကကော . . . ဘယ်ဟာအမှန်လဲ။ ဒီတော့ - ဒီဇာတ်ခုံပေါ်မှာ တကယ့်ငါတို့၊ တကယ့်သူတို့၊ တကယ့်နင်တို့ မရှိကြတော့ဘူးပေါ့။ ဒါဆိုရင် - ဇာတ်ခုံချည်းသက်သက်ပဲပေါ့။ အခု တို့မြင်တွေ့နေရတဲ့ သရုပ်ဆောင်မှုတွေဟာ မာယာတွေလား၊ ဟန်ဆောင်မှုတွေလား"

တစ်ဝိုင်းလုံး တိတ်သွားတယ်၊ အတွေးကိုယ်စီနဲ့ ငြိမ်သက်နေကြတယ်။

"ဒီလိုဟာတွေထဲမှာ ငါတို့က တကယ်ခံစားပြီး ကပြနေရရင် အထုပ်ကြီးတွေထမ်းထားသလို ဖြစ်နေတော့မှာပဲ။ ဒါတွေဟာ မာယာတွေပါ၊ တကယ်တော့ လောကကြီးဟာ ဇာတ်ခုံသက်သက်ချည်းပါပဲလို့ သိလိုက်တာနဲ့ အဲဒီအထုပ်ပြုတ်ကျပြီး နေရထိုင်ရတာ သက်သာသွားပြီ၊ နေတတ်သွားပြီ။ ပေါ့ပေါ့ပါးပါးနဲ့ လောကကြီးမှာ လှုပ်ရှားနိုင်မယ်၊ လောကကြီးကို သူ့သဘာဝအတိုင်းပဲ မြင်တော့မယ်"

"ဟာ - ဦးသန်း ကျွန်တော် သဘောပေါက်ပြီ၊ ကျွန်တော်သိပ်ပင်ပန်းနေတာ ဒါကြောင့်ကိုး..."

မောင်အောင်ကျော်ကဝမ်းသာအားရထပြောတယ်၊ ဒီတော့ မောင်ဖြိုးက သဘောကျပြီး ခပ်သောသော ကလေး ပြောလိုက်တယ်။

ဦးသန်း၊ ဒီကောင်တော့ ဆာတိုရီ (Satori) ပေါက်သွားပြီ။

"အင်္ဂလိပ်လို (Abrupt Englishtement) ပေါ့၊ ဂျပန်လို ဆာတိုရီပေါ့၊ ဒီဉာဏ်မျိုးက မထင်မှတ်ဘဲ ရတတ်တယ်၊ ကြားဖူးတာက ဘုရားပန်းအိုးလဲရင်လည်း ရတတ်တယ်၊ တံမြက်စည်း လှည်းရင်းလည်း ရတတ်တယ်တဲ့၊ ဆာတိုရီဖြစ်ရင် ဒိန်းခနဲ လူကတုန်သွားတယ်၊ လောကကြီးကို သူ့သဘာဝအတိုင်း တစ်ခဏ ကာလလောက် သိနေမြင်နေရတယ်၊ နားလည်အောင် ပြောရရင်တော့ ...ကြောင်တောင်တောင်ကြီးဖြစ်နေတယ်ပေါ့၊ အဲ ...သတိရတော့မှ ငါဘာဖြစ်သွားတာလဲဆိုပြီးပြန်စဉ်းစားလိုက်တော့မှ ခုနကငြိမ်ပြီး တိတ်ဆိတ်သွားတာကို သတိထားမိတယ်၊ အေး ...အဲဒါ လောကကြီးရဲ့သဘာဝအမှန်ပဲ"

"အဲသည်လိုဉာဏ်မျိုးက လေ့ကျင့်ရင် ရနိုင်သလား" ဦးဘိုက စိတ်ဝင်စားသွားပြီး မေးလိုက်တယ်။

"ဟုတ်ကဲ့ဦးဘို...အမြဲတမ်းသတိတရားရှိနေရမယ်၊ အထူးသဖြင့် ကိုယ့်စိတ်ကို ကိုယ်သိနေရမယ်၊ သိပါများလာရင် စိတ်စွမ်းအင်တွေ ရလာမယ်၊ အဲဒီစိတ်စွမ်းအင် (Mental Energy) ကြောင့် အတွင်းဘက် ဟင်းလင်းပြင် (Inner Space) ဆိုတဲ့ စိတ်ကွက်လပ်ကလေးကို သိလာမယ်"

"မိမိရဲ့စိတ်ကို အဲဒီနေရာမှာ ကြာကြာထားနိုင်လေလေ စိတ်တည်ငြိမ်လေလေပဲ၊ အဲဒီနေရာမှာ ဘာအရှုပ်ထုပ်မှ မရှိဘူး၊ အလေ့အကျင့်များလာရင် တည်ငြိမ်လာမယ်၊ သွေးအေးလာမယ်၊ ကိုယ့်စိတ်ကိုယ် သိပါများလာလို့လည်း သူတစ်ပါးရဲ့စိတ်ကိုတောင် သိလာနိုင်တယ်"

"ဦးသန်း ခုနကစကား ပြန်ဆက်ပါဦး" မောင်အောင်ကျော်က သူသိချင်တာတွေ လွတ်သွားမှာစိုးလို့ အလောတကြီး ဝင်ပြောပါတယ်။ ဦးသန်းက မောင်အောင်ကျော်

ကို ပြုံးကြည့်ပြီး -

"လောကဇာတ်ခုံကြီးမှာ ကပြတာတွေဟာ ဟန်ဆောင်တာတွေ၊ မာယာတွေဆိုတာ သိလာရင် သဘောပေါက်လာရင်၊ ဒါတွေဟာ အကာတွေလို့ သိလာမယ်။ အနှစ်သာရမရှိတဲ့ အကာလို့သိရင်တော့ အနှစ်ကိုရှာဖို့ အခွင့်အလမ်းတွေ ရလာရမှာပေါ့"

"အနှစ်ဆိုတာ ဘာကိုပြောတာလဲ၊ အမှန်တရားကို ပြောတာလား"

"ဦးသန်း ဘုရားဟောတာကတော့ သစ္စာလေးပါးဟာ အမှန်တရားလေ" မောင်ဖြိုးက ဝင်ပြောတယ်၊ ဒီတော့ ဦးသန်းက -

"ဟုတ်ပါတယ် မောင်ဖြိုးရဲ့ ဒါပေမဲ့ သစ္စာလေးပါးက လွဲပြီးတော့ ဟန်ဆောင်လောကကြီးမှာ အမှန်တရားတွေ အများကြီးရှိတယ်လေ။ ဥပမာ - သူ့ဘက်ကကြည့်တော့ မှန်နေတာပဲ။ တစ်ဖက်ပြန်ကြည့်လိုက်တော့ သူမှန်တယ်ဆိုတာ မဟုတ်ပြန်ဘူး၊ ခေါင်းနဲ့ပန်းလိုပေါ့။ အဲဒီလိုများပြားလှတဲ့ အမှန်တရားတွေထဲမှာ တရားတော်နဲ့ အနီးစပ်ဆုံး အမှန်တရားကတော့ စွန့်လွှတ်ခြင်းပဲ"

"အမေရိကန်သူဌေးကြီး ဒေးလ်ကာနယ်ဂျီက သူမသေခင်မှာ သူ့ငွေတွေကို မိဘမဲ့ဂေဟာလိုဟာမျိုး လူအိုရုံလိုဟာမျိုး၊ စာသင်ကျောင်းတွေလိုဟာမျိုးတွေမှာ အများကြီးလှူပစ်လိုက်တယ်တဲ့၊ ဒါကို လူတစ်ယောက်က ဘာဖြစ်လို့များ ငွေတွေကို ဒီလောက်လှူပစ်ရတာလဲလို့ မေးတော့ ဒေးလ်ကာနယ်ဂျီက ကျုပ်သေသွားရင် ဒီငွေတွေ ကျန်ခဲ့မှာ ရှက်လို့ပါဗျာလို့ ပြန်ပြောသတဲ့၊ ဟုတ်ကဲ့လား ဦးသန်း"

"ဟုတ်ပါတယ် ဦးဘို ကျွန်တော်လည်း ဖတ်လိုက်ရဖူးပါတယ်"

"ဦးသန်း ဒါဖြင့်ရင် စွန့်လွှတ်ခြင်းဟာ အမှန်တရားပေါ့"

"ဟုတ်တယ်ကွ မောင်ဖြိုး၊ စွန့်လွှတ်ခြင်းဟာ အမှန်တရားလို့ ပညာရှင်အတော်များများက လက်ခံထားကြတယ်။ ဝိပဿနာတရား အားထုတ်ကြတဲ့အခါမှာ မဂ်ဉာဏ်ရဖို့ ဝိပဿနာဉာဏ်ကို စွန့်လွှတ်ရတယ်။ ဖိုလ်ဉာဏ်ရဖို့ မဂ်ဉာဏ်ကို စွန့်လွှတ်ရတယ်တဲ့။ ငါတို့လည်း အမေ့ဝမ်းဗိုက်ကို စွန့်လွှတ်ပြီး အပြင်ရောက်ခဲ့တယ်၊ ကလေးဘဝကို စွန့်လွှတ်ရင်းနဲ့ပဲ တဖြည်းဖြည်းကြီးပြင်းလာခဲ့ကြရတယ်၊ ငွေပိုငွေလျှံရှိရင်လည်း အနည်းနဲ့အများ စွန့်လှူကြတယ်လေ။ ဒါနက စည်းစိမ်ချမ်းသာကို အကျိုးပေးတယ်၊ သီလက အနာရောဂါ ကင်းပြီး အသက်ရှည်စေတယ်၊ ဘာဝနာက ပညာပါရမီကို ဖြစ်စေတယ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုစေတယ်၊ ဒီကောင်းမှုကံတွေဟာ ကံဇာတ်ဆရာက တို့ကို ကခိုင်းနေတဲ့ အလွမ်းခန်း၊ နာကျည်း ကြေကွဲခန်းတွေကို ဖြတ်တောက်ပစ်နိုင်တယ်။ ကုသိုလ်ကံဟာ အကုသိုလ်ကံတွေကို ပြတ်တောက်စေတယ်"

"ဒီတော့ စဉ်းစားစရာတစ်ခု ရှိလာတယ်၊ ဒီကုသိုလ်ကံတွေဟာ ဘယ်သူ့ကို အကျိုးပေးမှာလဲ။ ဒါနကထာ၊ သီလကထာတွေမှာ၊ ငါ နင် သူ ဆိုတဲ့ ပညတ်ပါမှ ဖြစ်တယ်၊ "ငါ" မရှိရင် ၃၁ - ဘုံမရှိဘူး။ အဲ - ပညာကထာမှာတော့ ပရမတ်ကိုပဲယူကြတာမို့ သန္တောကာယော သက္ကာယောတဲ့၊ ထင်ရှားရှိတဲ့ ရုပ်ခန္ဓာကို သက္ကာယခေါ်တယ်၊ အဲဒါကို "ငါ"လို့ စွဲယူရင် သက္ကာယဒိဋ္ဌိဖြစ်တယ်၊ သက္ကာဆိုတာ ပြတ်တောက်အလျဉ်ပဲလို့ သိသွားရင် ဆုံးဖြတ်ချက် ချနိုင်ရင် "ငါ" ဆိုတာ မရှိတော့ဘူး၊ ငါမရှိရင် နင်ဆိုတာ မရှိတော့ဘူး၊ သူဆိုတာမရှိတော့ဘူး၊ အဲဒီလို ငါသူတစ်ပါး၊ ယောကျ်ား၊ မိန်းမဆိုတာတွေ မရှိတော့ဘူးဆိုရင် ဇာတ်ခုံကြီး သက်သက်ပဲ ကျန်တော့တယ်။ ဥပမာကွာ"

ဆရာသန်းက စာရွက်လွတ်တစ်ခုပေါ်မှာ ဒီလိုရေးချလိုက်ပါတယ် -

လောကဇာတ်ခုံ = ကံ (ငါ + နင် + သူ)
= ကံ (၀ + ၀ + ၀) (သုည)
= ကံ (၀)
= ၀

"ကဲ လောကဇာတ်ခုံဆိုတာ သုညပဲ၊ ဒါကြောင့် လောကကြီးရဲ့ ပကတိသဘောက တိတ်ဆိတ်ပြီး ငြိမ်သက်နေတာပေါ့၊ အမှန်တော့ လောကညီမျှခြင်း သုညဖြစ်တဲ့အတွက် လောကရဲ့တန်ဖိုးဟာ ဆိတ်သုဉ်းခြင်းပဲ၊ ဒါကိုပဲ လောက.ကနေ လွတ်မြောက်သွားတဲ့ လောကုတ္တရာလို့ ခေါ်တာ ..."

စကားဝိုင်းတစ်ဝိုင်းလုံး အတွေးကိုယ်စီနဲ့ တိတ်ဆိတ်နေပါတော့တယ်။

**သုတေသီဦးထွန်း**

# ဟသ်ာ တောင်ပံ ဖြန့်ကြက် ဝင့်ကား

**သန်းထွန်း (ရတနာ)**



ကြံ့ခိုင်သောအလုံးအထည်၊ သန့်စွမ်းသော တောင်ပံအစုံဖြင့် တစ်ဟုန်ထိုးပျံတက်လာသော ရွှေဟသ်ာတစ်ကောင်လို။

တောရှင်းရွာရောက်၊ မြွေမကြောက် ကင်းမကြောက်၊ရေမကြောက်လေမကြောက်၊တောင်တွေ့ရင် လမ်းမဖောက်နိုင်ပေမဲ့၊ ချောင်းတွေ့ရင် တံတားမဆောက်နိုင်ပေမဲ့ (Hard to Reach) ဆို အရောက်သွားပြီး ရောဂါဝေဒနာများကို ပျောက်ကင်းအောင် ဆေးကုပေးမည်၊ အခမဲ့ပေါ့။

မြို့နယ်ဆေးရုံ၊ ဆေးခန်းများကို မလာရောက် မကုသနိုင်သော ကျေးလက်နေပြည်သူများကို ၎င်းတို့၏ ရွာ လုပ်ငန်းစဉ်မပျက်၊ အိမ်မှုကိစ္စမပျက်၊ လူမှုရေး၊ မိသားစု အရေးများ လစ်ဟင်းမှုမရှိဘဲ (အိမ်အရောက်) အနာရောဂါပျောက်ကင်းစေရန်ပေါ့။

"ဟသ်ာစေတနာ
ကျေးရွာထိပေါက်
ဖျားနာပျောက်စေ
တစ်ကိုယ်ရည်ကျန်းမာ
ဘဝတာရှေ့ရေး ပညာပေးသန်



မြို့မိ၊ မြို့ဖများ ဗိနပ်မပါ၊ ခြေဗလာ တို့တောရွာဟော့



ဆေးရုံအုပ်ကြီး ဒေါက်တာဦးတိုးတိုး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းငွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီး ဦးစိုးမြင့်၊ မြို့နယ်ပြည်သူ့ဆေးရုံ(?) … မြို့နယ်ပြည်နိုင်ငံ … ဦးညွန့်ဦး၊ ဒေါက်တာ ဦးသီဟမောင် တို့ Interview

ဟသ်ာတောင်ပံ ဖြန့်ကြက်ဝင့်ကား

ကြံ့ခိုင်ခွန်အား စွမ်းသည်ကို။"

ဟသ်ာစေတနာ နယ်လှည့်အခမဲ့ ဆေးကုသ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို ဟသ်ာတမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ကိုယ်တိုင် လိုက်ပါစစ်ဆေးပေးသလို၊ ဟသ်ာတမြို့ (ခရိုင်/မြို့နယ်) အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များလည်း လိုက်ပါအားဖြည့်ပေးကြသည်။

မိခင်နှင့်ကလေးအဖွဲ့များက ကိုယ်ဝန်ဆောင်များ လိုက်နာရမည့် ကျန်းမာရေးနှင့်အညီ နေထိုင်စားသောက်မှုများနှင့် မွေးပြီးစ ကလေးသူငယ်များကို စောင့်ရှောက်နည်းများ သင်ပေးသလို အမျိုးသမီးရေးရာအဖွဲ့ကလည်း အမျိုးသမီးကြီးငယ်များအတွက် တစ်ကိုယ်ရည်ကျန်းမာမှု၊ အမျိုးသမီးများ တန်ဖိုးရှိရှိနေထိုင်တတ်မှု၊ မိမိကိုယ်ကို ကြိုတင်ကာကွယ်ပြင်ဆင်တတ်မှုများကို ဖြစ်စဉ်များ၊ ဥပမာများဖြင့် ရှင်းလင်းပို့ချပေး သည်။

ထူးခြားသည်က မြန်မာအမျိုးသမီးများ လူမျိုးခြား၊ ဘာသာခြား၊ ယောက်ျားနှင့် လက်ထပ်လျှင် မိမိတို့ ကိုးကွယ်ဆည်းကပ်သော ဘာသာတရားများ လက်လွှတ်ရခြင်းနှင့် ဇနီး၊ သားသမီးများ အမွေဆက်ဆံနိုင်ခြင်းများ ဆုံးရှုံးရခြင်းများကို ဘဝအတွက် အသိပေးခြင်းဖြစ်သည်။

ဒါ - ဟသ်ာစေတနာ၏ ရည်ရွယ်ချက်ပါ။

ပရဟိတလုပ်ငန်းမှန်လျှင် မွန်မြတ်၏။

ဟသ်ာစေတနာ၏ ရည်ရွယ်ချက်သည်

မွန်မြတ်၏။

မြင့်မား၏။

မျိုးဆက်ခိုင်စေ၏။

မျိုးဂုဏ်စောင့်ရှောက်၏။

များစွာသော အကျိုးကျေးဇူးကိုဖြစ်စေ၏။

မွန်မြတ်၊ မြင့်မား၊ မျိုးဆက်၊ မျိုးဂုဏ်၊ များစွာအကျိုးဖြစ်ကုန်စေအံ့။

ဟသ်ာစေတနာ နယ်လှည့်အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို (၂၄-၈-၂၀၁၄) ရက်နေ့တွင် နာယက (၃) ဦး၊ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူး၊ အဖွဲ့ဝင် စုစုပေါင်း (၂၉) ဦးဖြင့် ဖွဲ့စည်းသည်။

နာယက (၃) ဦးမှာ -

(၁) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ၊ ဟသ်ာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပျံချီဦးဌေးဦး၊

(၂) ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သစ်တော/သတ္တုဝန်ကြီးဦးစိုးမြင့်၊

(၃) ဦးမြင့်ငွေ (ဟသ်ာတမြင့်ငွေ) ဥက္ကဋ္ဌ၊ ဟသ်ာတအသင်း (ရန်ကုန်)

ကျန်အမှုဆောင်များနှင့် အဖွဲ့ဝင်များသည် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ G.P အလွတ်ဆရာဝန်များ၊ သွားဆရာဝန်များဖြင့် ပါဝင်ဖွဲ့စည်းသည်။

ဟသ်ာစေတနာအဖွဲ့၏ ပထမဦးဆုံး ဆေးကုခရီးစဉ်ကို (၃၁-၈-၂၀၁၄) နေ့တွင် ဟသ်ာတမြို့နယ်၊ သတ္တုယ်ပြင်အုပ်စု၊ သဲထုံးကျေးရွာသို့ ထွက်၏။



ကြပ်ထုပ်မှုမှလေးပေး တိုင်းရင်းဆေးခန်းက မိခင်/ကလေး မမများ။



တစ်လှေထဲစီး တစ်ခရီးထဲသွား ဟသ်ာစေတနာမောင်များ ရေးကထက် ဗိုချစ်ကြသလား။

ဟသ်ာတမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ ဒေါက်တာဦးတိုးတိုး ဦးဆောင်သော သမားတော်၊ အထူးကုဆရာဝန်ကြီး (၈) ဦးနှင့် သူနာပြုများ၊ အခြားအဆင့် ကျွမ်းကျင်သူများ စုစုပေါင်း (၄၁) ဦး ပါဝင်သည်။

ဒုတိယဆေးကုခရီးစဉ်ကို (၂၇-၉-၂၀၁၄) နေ့တွင် နှံဗွာန်ကျေးရွာသို့ထွက်၏။ ဆေးရုံအုပ်ကြီးနှင့် အထူးကု ဆရာဝန်ကြီးများအဖွဲ့၊ တိုင်းရင်းဆေးကုဌာနနှင့်စုစုပေါင်း (၄၇) ဦး။

တတိယဆေးကုခရီးစဉ်ကို (၁၈-၁၀-၂၀၁၄) နေ့ တွင် အိပ်ပျက်အုပ်စု၊ အလယ်စုရွာသို့ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ တိုင်းရင်းဆေးကုအဖွဲ့နှင့် စုစု ပေါင်း (၄၅) ဦး။

ဟသ်ာစေတနာအဖွဲ့၏ ဆေးကုခရီးစဉ်များအတွက် ကုန်းလမ်း၊ ရေလမ်း၊ သယ်ယူပို့ဆောင်ရေး ယာဉ်များကို မြို့မိမြို့ဖများနှင့် ကားလုပ်ငန်းရှင်များ ကူညီပေးသည်။ နံနက်စာနှင့် နေ့လယ်စာများကို မြို့ပေါ် အလှူရှင်များနှင့် ကျေးရွာအလှူရှင်များက ဧည့်ခံသည်။

ဟသ်ာစေတနာအဖွဲ့သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဒေါက်တာဦးခင်ရွှေကိုယ်တိုင်က ဆေးရန်ပုံငွေ ကျပ်သိန်း (၅၀) နှင့် အမျိုးသားလွှတ် တော်အဖွဲ့အစည်းမှ ဆေးဝါးမျိုးစုံ ကျပ်သိန်း (၁၃) သိန်း ဖိုးခန့်ကို လှူဒါန်းသည်။

ဟသ်ာစေတနာအဖွဲ့နာယက သီရိပျံချီ ဦးဌေးဦးနှင့် ဇနီးဒေါ်နီနီဝင်း မိသားစုက (၄၀) သိန်း၊ အဖွဲ့ဝင် ဦးသန်း မြင့်နှင့် ဇနီးဒေါ်ခင်စန်းကြွယ် မိသားစုက (၁၀) သိန်း၊ စေတနာရှင် တစ်ဦးဖြစ်သူ ဦးအောင်မြတ်နှင့် ဇနီး ဒေါ်နီ နီထွေး မိသားစုက (၁၀) သိန်း၊ အဖွဲ့ဝင် ဦးမြင့်သိန်းနှင့် ဇနီး ဒေါ်ခင်သူဇာဘော်က (၅) သိန်း၊ အမျိုးသမီးရေးရာ အဖွဲ့ဝင် ဒေါ်ငြိမ်းကြီးရွှေဆိုင် ဒေါ်တူးက (၅) သိန်းတို့ကို မ.တည်လှူဒါန်းသည်။

ဟသ်ာစေတနာ
ကျေးရွာထိပေါက်
ဖျားနာပျောက်စေ
တူမျှဝေစို့
အဖို့ပါက အာယုဒါနအလှူတော်။



"အဒေါ် ရေ့တည့်တည့်ကြည့်ပေးပါ" ဆိုလာသူ အမျိုးသမီးရေးရာ သူတို့လည်းပါ။



ဟသ်ာစေတနာ နာယကကြီး သီရိပျံချီ ဦးဌေးဦး
ခိုးကျူးစကား၊ ဂုဏ်ပြုစကား၊ အားပေးစကား၊ မိုးပုလဲပန်းများလား။



ဆေးပေးတဲ့ နေရာဟာ သူအပင်ပန်းဆုံး။

လစဉ်ကြေး (၅၀၀) ကျပ်နှုန်းနှင့် အလှူခံပါမည်။
ရာသက်ပန်အလှူရှင်အဖြစ် ကျပ် (၅) သိန်းနှင့် အထက် လှူသူကို ဂုဏ်ပြုမှတ်တမ်းတင်ပါမည်။

**သန်းထွန်း(ရတနာ)**

## တိုင်းရောကမြို့ဟင်္သာ

ပထဝီအနေအထားအရ မြစ်ဝကျွန်းပေါ်ဒေသသည် ဧရာဝတီတိုင်းဒေသကြီးကို ဆိုသည်။ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသကို ကြံ့ခင်းမြို့နယ်၊ ဆိပ်သာကျေးရွာမှ အစပြု၍ ပင်လယ်ကမ်းရိုးတန်းအထိ သတ်မှတ်သည်။ စတုရန်းမိုင်ပေါင်း (၁၃၅၂၅) ခန့် ကျယ်ဝန်းသည်။ ရှေးအခါက မြစ်ဝကျွန်းပေါ်ကို ပြည်မြို့မှ ပင်လယ်ဝအထိ သတ်မှတ်ခဲ့သည်။ ပင်လယ်မှ မိုင် ၂၄၀ ခန့် အလျားနှင့် အောက်ခြေမိုင် ၁၅၀ ခန့်ရှိကြောင်း မှတ်တမ်းပြုခဲ့သည်။ တြိဂံပုံတည်ရှိသည်။ ထောင်သောင်းမကရှိသော မြစ်ချောင်းများပေါများရာ ဒေသဖြစ်၍ (Region of ten thousand creeks) ဟု တင်စားခဲ့သည်။

# အလေးထား စောင့်ရှောက်ရမည့် တာတမံများ

**သန်းလှိုင် (ဆည်မြောင်း)**



ဟင်္သာတမြို့သည်ဧရာဝတီတိုင်းဒေသကြီးရှိခရိုင်ရုံးစိုက်ရာမြို့ ဖြစ်သည်။ ကြံ့ခင်းမြို့နယ်၊ မြန်အောင်မြို့နယ်၊ လေးမျက်နှာမြို့နယ်၊ အင်္ဂပူမြို့နယ်၊ ဇလွန်မြို့နယ်၊ ဟင်္သာတမြို့နယ်များ ပါဝင်သည်။ မြစ်ဝကျွန်းပေါ် ဒေသထိပ် (Appex) တွင် ဧရာဝတီမြစ် အနောက်ဘက်ကမ်း၌ တည်ရှိသဖြင့် ကုန်းလမ်း၊ ရေလမ်းဖြင့် ဆက်သွယ်ရေးကောင်းမွန်ပြီးစိုက်ပျိုးရေးထွက်ကုန်များသဖြင့်စီးပွားရေးကောင်းမွန်သော မြို့အဖြစ် ထင်ရှားလျက် ရှိပါသည်။

ဤသည်ကို စာရေးဆရာကြီး ဦးဆန်းထွန်း(မန်းတက္ကသိုလ်)က ၁၉၈၅ ခုနှစ်ထုတ် ဧရာဝတီတိုင်းမဂ္ဂဇင်း၌ "ဏ္ဍရာဝတီ၊ နဒီဇရာ၊ ဝဲယာတစ်လျှောက်၊ ရှေ့နောက်ကမ်းယံ တမ္ဗဒီပ၊ ပရန္တသုနာ၊ မြို့ရွာအများ၊ ရှိပါခြားလည်း၊ တိုင်းကားဝေါဟာ၊ အခြားသာတည့်၊ ဧရာဒေသ၊ နာမ.မပေါက်၊ အောက်ပိုင်း "ကျဉ်ကင်း. မိကျောင်းကင်းနှင့်၊ မင်းဘောတန္နန်း၊ ထန်းအုန်းကပြား၊ ဟန်းဇဒါးက၊ ရ၍ထင်ပေါ်၊ ဧရာခေါ်သည်၊ တိုင်းကျော်မြေနု ဝတီတည်း" ဟု ထည့်သွင်းရေးသားထားပါသည်။

## ဟင်္သာတနှင့်ရေကာတာ

မြို့နယ်မဂ္ဂဇင်းများ ထုတ်ဝေကြရာတွင် မိမိတို့မြို့ (မြို့နယ်) သမိုင်း၊ ထင်ရှားသောအဖြစ်အပျက်များ၊ ဘာသာရေး၊ သာသနာရေး ဆောင်ရွက်ချက်များ၊ သာသနိက

အဆောက်အအုံများ၊ ထင်ရှားသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များစသည့် စသည်ဖြင့် မြို့နယ်ဂုဏ်ရောင် ထွန်းပြောင်စေရန် ဖော်ထုတ်ရေးသားကြပါသည်။

အလားတူ ဟသ်ာတမြို့ (မြို့နယ်)ကို ဖော်ကျူးကြမည်ဆိုလျှင်လည်း ဟသ်ာတမြို့နယ်အတွင်းရှိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာ၊ လူမှုရေး၊ စီးပွားရေးနှင့် သာသနိက အဆောက်အအုံများ၊ ပြည်သူများ၏ အသက်သွေးဖြစ်သော စိုက်ပျိုးဧရိယာများကို ဧရာဝတီနှင့် ငဝန်မြစ်ရေကြီးခြင်းအန္တရာယ်မှ တံတိုင်းသဖွယ် ကာကွယ်ထားရှိသည့် ရေကာတာများနှင့် ပတ်သက်သော အကြောင်းအရာများပါဝင်ခြင်းမရှိပါက ဆားမပါသော ဟင်းကဲ့သို့ ပြည့်စုံနိုင်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဟသ်ာတမြို့နယ်သည် ဧရာဝတီနှင့် ငဝန်မြစ်ရေကာတာများကြောင့် ရှင်သန်ရပ်တည်ခွင့်ရရှိနေခြင်းကြောင့် ဖြစ်ပါသည်။

ရှေးယခင် တာတမံများမရှိစဉ်က ဟသ်ာတမြို့သည် ရေလွှမ်းဧရိယာအတွင်းရှိ ကုန်းမြင့်ပေါ်တွင် ရေလွှမ်းမိုးဒဏ်ခံရင်း ရပ်တည်ခဲ့ရပါသည်။ မိုးအခါ မြစ်ရေကြီးစဉ် ဟသ်ာတမြို့သို့ သာရဝေါကူးတို့ဖြင့် ရောက်ရှိခဲ့သော စာရေးဆရာတစ်ဦးက သင်္ဘောဆိုက်စဉ် သင်္ဘောက အထက် မြို့ကိုအောက်တွေ့မြင်ရသဖြင့် "မြစ်အောက်ကမြို့" ဟု သမုတ်ခဲ့ဖူးပါသည်။ ရှေးဟောင်းမူလတန်း ပထဝီဖတ်စာတွင် ရေပတ်လည် ဝန်းရံလျက်ရှိသော ကုန်းမြေကို ကျွန်းဟုခေါ်သည်ဆိုသကဲ့သို့ပင် ရေကာတာများ ဝန်းရံလျက်ရှိသောမြို့ကို ဟသ်ာတမြို့ဟုဆိုရမည်ပင်။

ငဝန်မြစ်သည် ဟသ်ာတမြို့၏အထက် သမ္ဘရာတိုင်းကျေးရွာအနီး၌ ဧရာဝတီမြစ်မှခွဲထွက်၍ လေးမျက်နှာ၊ ငါးသိုင်းချောင်း၊ သာပေါင်းမြို့များကိုဖြတ်ကာ ပုသိမ်အထိ စီးဆင်း၍ ပင်လယ်သို့ရောက်သည်။ မိခင် ဧရာဝတီသည် ငဝန်မြစ်အတွင်းသို့ မိမိစီးဝင်ရေ၏ ၁၁ ရာနှုန်း၊ မြစ်မခသို့ ၁၇ ရာနှုန်း ခွဲဝေတိုက်ကျွေးပေးနေသည်။ ထို့ကြောင့် ဟသ်ာတမြို့နယ်သည် ငဝန်မြစ်နှင့် ဧရာဝတီမြစ်ဆုံရာ၌ တည်ရှိပြီး အရှေ့ဘက်တွင် ဧရာဝတီ ဟသ်ာတတာ၊ မြောက်ဘက်နှင့်အနောက်ဘက်တွင် ငဝန်တာ၏ အကာအကွယ်ကို ရယူထားသည်။ ဟသ်ာတ မြို့နယ်အတွင်း ဧရာဝတီတာ အလျားမိုင် (၁၅.၅၀) နှင့် ငဝန်တာ အလျားမိုင် (၁၇.၁၃) ရှိပြီး စိုက်ပျိုးမြေ ဧရိယာဧက (၁၈၁၉၆၀) ကို ကာကွယ်ပေးလျက် ရှိပါသည်။ ဟသ်ာတမြို့ကိုလည်း စည်ပင်သာယာတာ၊ ဟသ်ာတကမ်းနားတာ၊ အလျားမိုင် (၆.၁၃) မြင့် အဆင့်ဆင့်ကာကွယ်ထားရှိပြီး မြို့ပေါ်ရပ်ကွက်များကိုလည်း ဖြတ်တာ (၁) (၂) (၃) တို့ဖြင့် အကန့်လိုက် ကာကွယ်ထားပါသည်။

ဟသ်ာတမြို့တွင်းရှိ လမ်းတိုင်းကိုသွားရောက်ပါက အဆုံး၌ ရေကာတာများကို တွေ့မြင်ရမည်ဖြစ်၍ ဟသ်ာတနှင့်ရေကာတာမှာ ကိုင်းနှင့် ကျွန်းပမာ ဖြစ်နေပါသည်။

## တာတမံအစ၊ ဟသ်ာတက

အင်္ဂလိပ်တို့သည် ၁၈၂၄ ခုနှစ်တွင် မြန်မာပြည်အောက်ပိုင်းကို သိမ်းယူပြီးနောက် ၎င်းတို့၏အကျိုးစီးပွားအလို့ငှာ မြေဩဇာကောင်းမွန်သည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ကို ရေကာတာများ တည်ဆောက်ကာကွယ်၍ စိုက်ပျိုးမြေဖော်ထုတ်ရန် ကြိုးပမ်းခဲ့ကြသည်။ မှတ်တမ်းများအရ ကြံခင်းတာကို (၁၈၆၄) ခုနှစ်၊ မြန်အောင်တာကို (၁၈၆၃) ခုနှစ်၊ ဧရာဝတီဟသ်ာတတာကို (၁၈၆၁) ခုနှစ်၊ ငဝန်တာကို (၁၈၆၉) ခုနှစ်တွင် အသီးသီး တည်ဆောက်ခဲ့ပြီး စိုက်ပျိုးမြေဧရိယာဧက (၆၃၃၉၅၀) ကို ဖော်ထုတ်နိုင်ခဲ့ပါသည်။ ထိုစဉ်က ဟသ်ာတမြို့ ပြည်သူ့လုပ်ငန်းဌာန (P.W.D) ၏ ဌာနခွဲအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ၎င်းနောက် ထိန်းသိမ်းမှုလုပ်ငန်းများအတွက် ဟသ်ာတတွင် တာတမံရုံး (၁၉၀၅) ခုနှစ် ပတ်ဝန်းကျင်တွင် ဖွင့်လှစ်





ခဲ့ပါသည်။ ထို့ကြောင့်ပင် "တာတမံအစ ဟင်္သာတက" ဟု ဆိုရမည် ဖြစ်သည်။ ရှေးအခါက ဆည်မြောင်းရေပေး ရေဝေလုပ်ငန်းကို ကာဘိုးဆည်(ရွှေဘိုခရိုင်)တွင် လေ့လာဆည်းပူးရပြီး ရေဘေးကာကွယ်ရေးလုပ်ငန်း (တာတမံလုပ်ငန်း) ကို ဟင်္သာတတွင် ဆည်းပူးပြီးမှ အရည်အချင်းပြည့်ဝသည့် ဆည်မြောင်းဝန်ထမ်းဖြစ်သည်ဟု ယူဆကြကြောင်း မှတ်သားဖူးပါသည်။

## ခေတ်စနစ်ပြောင်းလဲခြင်းနှင့်တာတမံများ

သဘာဝအတိုင်း ခေတ်စနစ်များ ပြောင်းလဲခဲ့ရာ ခေတ်စနစ်အတွင်းရှိ ရေကာတာ၏ စီမံအုပ်ချုပ်မှုများလည်း ခေတ်စနစ်နှင့်အတူ ပြောင်းလဲခဲ့ကြပါသည်။ ဆည်မြောင်းဦးစီးဌာနသည် ၁၈၆၁ ခုနှစ်တွင် ပြည်သူ့လုပ်ငန်းဌာန (P.W.D) ၌ ဌာနခွဲတစ်ခုအဖြစ် ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၂၇ ခုနှစ်တွင် သီးခြားဌာနတစ်ခုအဖြစ် ရပ်တည်ခဲ့ပါသည်။ ထိုစဉ်က တာတမံရုံး(ဟင်္သာတ)သည် ကြံခင်းမှ ပန်းတနော်အထိ ဧရာဝတီတာနှင့် ငဝန်တာများကို တာဝန်ယူထိန်းသိမ်းခဲ့ပါသည်။ ၁၉၃၇ နောက်ပိုင်းတွင် ဧရာဝတီအရှေ့ဘက်ကမ်းရှိ ကျေးရွာတာတမံများကို အစိုးရမှ တာဝန်ယူထိန်းသိမ်းသည့်အခါတွင်လည်း ဟင်္သာတ၌ ကျေးလက်တာတမံ ရုံးဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၄၆ ခုနှစ်ခန့်တွင် ယင်းရုံးကို မအူပင်သို့ ပြောင်းရွှေ့၍ ဖွင့်လှစ်ခဲ့ပါသည်။ ဤသို့ဖြင့် ဟင်္သာတတွင် ခရိုင်အင်ဂျင်နီယာရုံး၊ မြောက်ပိုင်းတာတမံခရိုင်အဖြစ် ဧရာဝတီ ဟင်္သာတ တာမိုင် ၂၈/၆ (ကျုံရှရွာအထိ)နှင့် ဧရာဝတီ အရှေ့ဘက်ကမ်းတာမိုင် ၄၈/၂ (အဖျောက်ရွာအထိ)နှင့် ငဝန်တာ (၂/၀-၇၅/၇) တစ်လျှောက်လုံးကို တာဝန်ယူစေပြီး မအူပင်၌ တောင်ပိုင်းတာတမံခရိုင်အင်ဂျင်နီယာရုံး ဖွင့်လှစ်၍ အောက်ပိုင်းရှိ ဧရာဝတီအနောက်ဘက်နှင့် အရှေ့ဘက်ရေကာတာများကို တာဝန်ပေးအပ်ခဲ့ပါသည်။

၁၉၇၂ ခုနှစ် စနစ်သစ်အုပ်ချုပ်ရေးအရ လယ်ယာမြေ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း (မြေကျေးရှင်း)အား ဖျက်သိမ်း၍ လုပ်ငန်းနှင့် ဝန်ထမ်းများကို ဆည်မြောင်းဦးစီးဌာနနှင့် မြေစာရင်းဌာနသို့ လွှဲပြောင်းပေးခဲ့ရာ မမြချောင်းရေကာတာ၊ အမြိုင်းဂျမ်းပြင်တာ စသည်တို့ ပါဝင်ခဲ့ပါသည်။ ထို့အပြင် ဌာနဆိုင်ရာများကို လုပ်ငန်းဦးစားပေးဖွဲ့စည်းမှုမှ တိုင်းနှင့်ပြည်နယ် (ခရိုင်မရှိ)အလိုက် ပြုပြင်ဖွဲ့စည်းခဲ့ရာ ဆည်မြောင်းဦးစီးဌာန၏ မြစ်ဝကျွန်းပေါ်တိုင်းရုံး ရန်ကုန်ကို ပုသိမ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။ ဟင်္သာတရုံးအောက်ရှိ ဧရာဝတီ အရှေ့ဘက်ကမ်း ရေကာတာများကိုလည်း (ဇလွန်မြို့နယ်ရှိ တာမပါ) ပဲခူးတိုင်းသို့ (၁၉၈၈) ခုနှစ်တွင် လွှဲပြောင်းပေးပြီး သာယာဝတီ၌ ရုံးဖွင့်အုပ်ချုပ်ခဲ့ပါသည်။ ယင်းသို့ ပြုပြင်လိုက်သဖြင့် အုပ်ချုပ်မှုတစ်ခုတည်း အောက်ရှိ ဧရာဝတီအနောက်ကမ်းတာနှင့် အရှေ့ဘက်ကမ်းတာများမှာ ဧရာဝတီမြစ် (အခြေအနေ) တစ်ခုတွင် ရှိနေသော်လည်း စီမံမှု (command) နှစ်ခုအောက် ရောက်ရှိသွားပါသည်။ ကွဲပြားသော ဆောင်ရွက်ဆုံးဖြတ်မှုကြောင့် လွဲမှားသော အကျိုးရလဒ်များရရှိစေမည် ဖြစ်ပါသည်၊ သာဓကအားဖြင့် ယခင်က အနောက်ဘက် ကမ်းကို စိုက်ပျိုးမြေကြွယ်ဝသဖြင့် ဦးစားပေးကာကွယ်လို၍ အနောက်ဘက်ကမ်းတာအမြင့်ထက် အရှေ့ဘက်ကမ်းတာအား (၁) ပေနိမ့်၍ တာအမြင့် (A.C.L) သတ်မှတ်ချက်များမှာ ဒေသကာကွယ်လို၍ မြှင့်တင်ဖို့ လုပ်နေခြင်းများကြောင့် မူလတာတမံစနစ် (System) ပျက်စီးခဲ့ပါသည်။

## ရေဘေးကာကွယ်ရေးလုပ်ငန်းများ

တာတမံလုပ်ငန်းတွင် ပြုပြင်ထိန်းသိမ်းခြင်းနှင့် ရေဘေး ကာကွယ်ရေးမှာ အဓိကဖြစ်ပါသည်။ ကျောင်းသင်ဘာသာရပ်၌ တာတမံ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် သီးခြားသင်ကြားမှုမရှိပါ။ အဆိုပါလုပ်ငန်းများကို ဌာနတွင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအရသာ လုပ်ငန်းအတွေ့အကြုံနှင့် ပေါင်းစပ်ဆောင်ရွက်ကြရပါသည်။ တာတမံများ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ တည်ဆောက်ခြင်းများကို Maintenance and care of Embomkment အတိုင်း ဆောင်ရွက်ရပြီး ရေဘေးကာကွယ်ရေး လုပ်ငန်းကို co-operative between the civil and Irrigation Deparment with regard to the maintenance and safty of Embankment အရသာ ဆောင်ရွက်ကြရပါသည်။

မြစ်ရေကြီးမှုအခြေအနေကို ခန့်မှန်းရာတွင်လည်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ ခန့်မှန်းချက်များ အပြင်ဌာနဆိုင်ရာအနေဖြင့်ဌာနတွင်းကြိုးပမ်းအားထုတ်၍ ခန့်မှန်းတွက်ချက်သည့်နည်းများလည်း ရှိပါသည်။ အဆိုပါ ခန့်မှန်းချက်များမှာ (၁၀) ရက်ခန့် ကြိုတင်သိရှိရပြီး နီးစပ်မှန်ကန်မှုရှိကြောင်း ယခင်မှတ်တမ်းများ၌ တွေ့ရှိရပါသည်။ ဟသ်ာတမြို့နယ် (ကျွန်း)တောင်သူများ၏ စိုက်ပျိုးရေးစတင်ရန် ယင်းတွက်ချက်မှုများမှာ အားကိုးရာ ဖြစ်ခဲ့ပါသည်။ ယင်းပုံသေနည်းများမှ (Bench Mark) ပန္နက်တစ်ခုတည်းပေါ် အခြေခံထားသည့် ဗန်းမော်နှင့် မော်လိုက် ရေအမှတ်များကို ရေထုစီးနှုန်း (Discharge) ပင်လယ်မှ တည်နေရာအကွာအဝေး (Distance) တို့ကို အခြေခံ ပြုစုထားပါသည်။ ရှေးအခါကပင် ဧရာဝတီမြစ်၏ မြစ်ကြီးနား၊ ဗန်းမော်၊ မန္တလေး၊ ပခုက္ကူ၊ ပြည်စသည့် ရေအမှတ်များနှင့် ချင်းတွင်းမြစ်၏ မော်လိုက် ရေမှတ်များကို နေ့စဉ် ဟသ်ာတရုံးသို့ ပေးပို့ရပါသည်။ ပုံသေနည်းများမှာ -

(1) Mr.Clark's Formula, $H = \frac{1}{3} M + B + 5.5$

(2) Mr.Rickett's Formula, $H = 1.25\times B\times M)^{\frac{1}{2.19}}$

ဖြစ်ပါသည်။

ဗန်းမော် (B) နှင့် မော်လိုက် (M) ၏ တစ်နေ့ ရေမှတ်ကို အခြေခံတွက်ချက်ပါက နောက်ရက် 10½ အကြာ ရောက်ရှိမည့် ဟသ်ာတ (H) ၏ ခန့်မှန်းရေမှတ်ကို ရရှိပါသည်။ ဟသ်ာတခရိုင်ရုံးမှ ယင်းတွက်ချက်မှုနှင့် ဟသ်ာတနေ့စဉ်ရေမှတ် (အမှန်) တို့ကိုလေ့လာ၍ ရေဘေးကာကွယ်ရေးကို စီစဉ်ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။ ဌာနဆိုင်ရာ ညွှန်ကြားချက်များအရ ဟသ်ာတမြို့ စိုးရိမ်ရေမှတ် (၄၂.၅၀)ပေ ရောက်သည်နှင့် မြစ်ဝကျွန်းပေါ်ရှိ ဧရာဝတီရေကာတာများကို ရေကင်းချစောင့်ရှောက်ရပြီး ငဝန်မြစ်၏ ငါးသိုင်းချောင်း ရေမှတ် (၂၇.၀၀) ပေရောက်ပါက ငဝန်တာကို ရေကင်းချ စောင့်ရှောက်ရပါသည်။ တာတမံပျက်စီးစေနိုင်သော အချက်များမှာ ကမ်းပြိုကမ်းစားခြင်း၊ ထူးပေါက်ပေါက်ခြင်း၊ တာထိပ်ရေကျော်ခြင်း၊ တာအိတာလျောခြင်း၊ ရေစိမ့်ခြင်း၊ တာပုံစံကျမရှိခြင်း၊ လှိုင်းပုတ်ခြင်းစသည်များ ဖြစ်ပါသည်။ ယင်းတို့ကို မိုးအခါ အရေးပေါ်ပြုပြင်ထိန်းသိမ်း၍ နွေအခါ အခိုင်အမာပြုပြင်ကြရသည်။ ရေဘေးကာကွယ်ရာတွင် ဌာနဆိုင်ရာနည်းပညာအရ ဆောင်ရွက်မှုနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်း၊ ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ အောင်မြင်မှုရနိုင်ပါသည်။ ဤတွင် စီမံကွပ်ကဲမှုကို ဌာနဆိုင်ရာမှတာဝန်ယူဆုံးဖြတ်ရသည်ဖြစ်၍ အုပ်ချုပ်ရေးပိုင်းမှ နည်းပညာပိုင်းကို ဝင်ရောက်မစွက်ဖက်ရန် အထူးသတိပြုရမည်ဖြစ်ပါသည်။ ဌာနဆိုင်ရာ သတ်မှတ်ချက်အရ တာခြေရေထိသည့် ဟသ်ာတရေမှတ် (၄၂.၅၀) ပေမှာ စိုးရိမ်ရေအမှတ် (Danger Level) ဆိုသော်လည်း ကျိုးပေါက်နိုင်သည့် အခြေအနေမဟုတ်ဘဲ လုပ်ငန်းအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ရန် တပ်လှန့်နှိုးဆော်ရမည့်အခြေအနေ ဖြစ်ပါသည်။ မြစ်ရေမှတ် (၄၄.၀၀) ပေမှာ ကျိုးပေါက်နိုင်သည့် အန္တရာယ်ရှိ၍ အရေးပေါ် အခြေအနေကို ရောက်ရှိကြောင်း သတ်မှတ်ခြင်း ဖြစ်ပါသည်။ ယခုအခါ တာထိပ်အမြင့်သတ်မှတ်ချက်အား (၅၁.၀၀) ပေသို့ ပြုပြင်သတ်မှတ်ပြီးဖြစ်၍ ယင်းညွှန်ကြားသတ်မှတ်ချက်များကိုလည်း ပြုပြင်ရန် လိုအပ်မည် ဖြစ်ပါသည်။

## တန်ဖိုးထားထိန်းသိမ်းရမည့်တာတမံများ

တာတမံလုပ်ငန်းများမှာ ရေ၊ မြေနှင့် ရာသီတို့ ပေါင်းစပ်ဆောင်ရွက်ရသည်ဖြစ်ရာ မိုးအခါ မိုးရေနှင့် မြစ်ရေကြောင့် ပျက်စီးမှုများကို နွေအခါ အငယ်စား၊ အကြီးစား လုပ်ငန်းခွဲခြား၍ မိုးမကျမီ ပြီးစီးအောင် စီမံဆောင်ရွက်ရပါသည်။ရာသီဥတုနှင့်ရေကြီးခြင်းကြောင့်ပျက်စီးသော ထူးပေါက်များ၊ လှိုင်းပုတ်ပျက်စီးမှုများကို အသေးစားပြုပြင်၍ ပန်းတာ၊ ဖြတ်တာ၊ တာပုံစံကျဖို့ခြင်း၊ တာခြေကန်ဖို့ခြင်းများကို အကြီးစား လုပ်ငန်းအဖြစ် ဆောင်ရွက်ကြရပါသည်။ ထိန်းသိမ်းမှုအနေဖြင့် တောရှင်းခြင်း၊ တာထိပ်ညှိခြင်း၊ နှစ်စဉ် တာထိပ် အမြင့်တိုင်းတာရယူခြင်း၊ ကမ်းနှင့်တာအကွာအဝေးတိုင်းတာခြင်းများ၊တာတမံမြေကျူးကျော် ဖျက်ဆီးမှုကာကွယ်ခြင်းများကို ဆောင်ရွက်ကြရပါသည်။ ယင်းလုပ်ငန်းများကို ဌာနဆိုင်ရာ၏ ရန်ပုံငွေရရှိမှု၊ ဝန်ထမ်းအဆင့်ဆင့်၏ကျွမ်းကျင်မှု၊ စိတ်ပါဝင်စားမှုများအပြင် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ ပြည်သူလူထု၏ကူညီပူးပေါင်းစောင့်ရှောက်မှုများဖြင့်သာဆောင်ရွက်လျှင် အောင်မြင်နိုင်မည်ဖြစ်ပါသည်။

ယခုအခါ ဧရာဝတီမြစ်ကြီးသည်လည်း ၎င်း၏ ရေဝင်၊ ရေလဲ ဧရိယာအတွင်း တောပြုန်း၍ ရာသီဥတုဖောက်ပြန်ခြင်း၊ ဆည်များအများအပြားတည်ဆောက်၍ ရေများထိန်းသိမ်းထားခြင်းကြောင့် ရေစီးဆင်းမှု လျော့ကျခြင်း၊ ရာသီဥတုဖောက်ပြန်၍ မိုးရွာသွန်းမှုနည်းပါးခြင်း၊မြစ်ကူးတံတားကြီးများတည်ဆောက်ရာတွင်၎င်း၏ ရေသွားလမ်းကို ဦးစားမပေးဘဲ ကုန်ကျစရိတ်သက်သာစေရန် မြေသားချဉ်းကပ်လမ်းများ ဆောက်လုပ်သဖြင့် ရေလမ်းကျဉ်းပြီး ရေစီးအားနေး၍ သဲသောင်ခုံများပေါ်ထွန်းလာခြင်း၊ ရေဦးတိုက်စား ကမ်းပြိုခြင်းများဖြင့် နာမကျန်းဖြစ်နေပါသည်။

ဧရာဝတီရေကာတာများမှာလည်း မြစ်ရေကြီးမှုမမှန်ကန်၍ တာတမံများ၏ ပျက်စီးမှုများကို နှစ်စဉ် မသိရခြင်း၊ မြေကြီးလုပ်ငန်းကြီးများကို စက်ကြီးများဖြင့် ဆောင်ရွက်ရသဖြင့် ငွေအား၊ စက်အား ပံ့ပိုးမှု အပြည့်အဝမရခြင်း၊ ထိန်းသိမ်းမှုလုပ်ငန်းများတွင်လည်း ဝင်ငွေနှင့် စားသောက်စရိတ်မမျှတ၍ ထိန်းသိမ်းရေးလုပ်သားရှားပါးခြင်း၊အချို့သောပြည်သူအချို့နှင့်အဖွဲ့အစည်းများမှ တာတမံမြေတွင် စီးပွားရေးလုပ်ငန်းများအတွက် အခိုင်အမာအဆောက်အအုံများ ဆောက်လုပ်လာခြင်း၊ တာပေါ်တွင် ဈေးများရောင်းချခြင်း၊ အမှိုက်များစွန့်ပစ်ခြင်း၊ တာတမံဥပဒေအရ ဆောင်ရွက်ရန် အကန့်အသတ်၊ အခက်အခဲများရှိခြင်း စသည်ဖြင့် နဂိုရည်ပျက်ယွင်းလျက် ရှိပါသည်။

တစ်ခါက ဟသ်ာတတွင် တာဝန်ကျခဲ့သော အကြီးအကဲတစ်ဦး၏ အမှာစကားကို သတိရမိပါသည်။ သူကနှုတ်ဆက်ပွဲ၌ ဝန်ထမ်းများအား မိမိ၏သမီးအပျိုစင်ကို စောင့်ရှောက်ထိန်းသိမ်းသကဲ့သို့ တာတမံများကိုလည်း အမြတ်တနိုးထိန်းသိမ်းစောင့်ရှောက်ကြပါရန် မှာကြားခဲ့ပါသည်။ သူ၏ရင်မှလာသောစကားများကဲ့သို့ ဒေသခံပြည်သူများကလည်း တာတမံများကို အလေးထားထိန်းသိမ်းကြပါရန် တိုက်တွန်းနိုးဆော်ရပါသည်။

**သန်းလှိုင်(ဆည်မြောင်း)**

ရည်ညွှန်း။
(၁) မြန်မာနိုင်ငံ ဆည်မြောင်းလုပ်ငန်းများ (၁၉၈၃) ဆည်မြောင်းဦးစီးဌာန၊
(၂) မြစ်ဝကျွန်းပေါ်ရှိ ရေကာတာများ (၁၉၆၄) ဦးအောင်ဘ၊ ညွှန်/ချုပ်(ငြိမ်း) ဆည်မြောင်းဦးစီးဌာန၊
(၃) The Irrawaddy in North Embank ment Division (1971) U Tin Muaung (E.E-Henzada)
(၄) Protected Embankments in the Irawadi Delta. (1902) Samuelson.
(၅) ဌာနဆိုင်ရာ ညွှန်ကြားချက်နှင့်လက်စွဲစာတမ်းများ၊
(၆) မြန်မာ့အလင်း (၁၂-၂-၂၀၀၃) နှင့် ၂၄-၈-၉၃။



# မိုးထဲလေထဲက ဟသ်ာၤတတန်ဆောင်တိုင်ပွဲ

**အယ်ဒီတာတစ်ဦး**

"အရှေ့ကို လျှောက်ပါလို့ အနောက်ကိုတဲ့ မျှော်လိုက်ရင်
ဘုံကထိန်ပဒေသာပင်များနဲ့ ဦးပါရဲဘုရားကိုမြင် ....."

ဟသ်ာၤတမြို့ စုပေါင်းမဟာဘုံကထိန်နှင့် တန်ဆောင်တိုင်ပွဲတော်ကို တန်ဆောင်မုန်းလဆန်း (၁၂၊ ၁၃၊ ၁၄၊ ၁၅)၊ နိုဝင်ဘာလ (၃၊ ၄၊ ၅၊ ၆) ရက်နေ့များတွင် ဟသ်ာၤတခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်းတို့၏ ဦးဆောင်မှုဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

နိုဝင်ဘာလ (၃) ရက်နေ့ ညနေ (၆) နာရီတွင် ဟသ်ာၤတမြို့ ကျက်သရေဆောင် သမိုင်းဝင် ဦးပါရဲဘုရားရှေ့တွင် ပဒေသာပင် (၇၂) ပင်ကို ပူဇော်ထားရှိပြီး ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ (၄) ရက် တိုင်တိုင် ဟသ်ာၤတမြို့နယ်အတွင်းရှိ ရပ်ကွက် (၂၁) ရပ်ကွက်နှင့် ခရိုင်၊ မြို့နယ်၊ ဌာနဆိုင်ရာများမှ လက်ရွေးစင်ဝါသနာရှင်များ၏





"သီကျူးဟစ်ပျော်၊ ဟင်္သာတတန်ဆောင်တိုင် ပွဲတော်" သီချင်းဆိုပြိုင်ပွဲကို ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်လူကြီးများအဖြစ် ဂီတစာဆို ဟင်္သာတမြင့်ငွေ၊ ဟင်္သာတထွန်းရင်၊ မင်းချစ်သူ၊ နောင်နောင်(SF)၊ ဟင်္သာတကိုကိုကြီး(မဟာဂီတ)၊ မောင်ဂဠုန်၊ ကိုကျော်မျိုးသူ(ဟင်္သာတ)၊ ကိုအောင်မင်းဆွေ(တရုတ်ကြီး)တို့က ဆောင်ရွက်ခဲ့ကြသည်။

ပြိုင်ပွဲကျင်းပနေစဉ် အဆိုတော် ဟင်္သာတထွန်းရင်၊ ဗညားဟန်၊ ရန်ပိုင်စိုး၊ မောင်ဂဠုန်၊ နီနီခင်ဇော်၊ မိုးဒီ၊ ကောင်းစံ၊ရုက်တယ်၊ကက်ဆက်၊တက္ကသိုလ်ဝွမ်းပုံတို့က အလှည့်ကျနေ့ရက်အလိုက် ဖျော်ဖြေ တင်ဆက်ကြပြီး ယုန်သလင်းရွာ ကရင်ဒုံးယိမ်း၊ ပညာရေးမိသားစု (အထက၊ အလကကျောင်းများ)က အဖွဲ့လိုက် ကပြသီဆိုဖျော်ဖြေခဲ့ကြသည်။

နိဝင်ဘာလ (၄) ရက်၊ နံနက် (၇) နာရီတွင် ဦးပါရဲဘုရားမုစတင်၍ ပဒေသာပင်များ မြို့တွင်းသို့ လှည့်လည်ပြီးဟင်္သာတမြို့ သာသနာ့ဗိမာန်တော်ကြီးတွင်ဟင်္သာတမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ဟင်္သာတအသင်း (ရန်ကုန်)နှင့် ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ရပ်ကွက်များစုပေါင်း၍ ကထိန်အာနိသင် မရရှိသေးသော ကျောင်းတိုက်များနှင့် မြို့ပေါ်ရှိကျောင်းတိုက်များမှ ဆရာတော်၊ သံဃာတော်များအား ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းကာ ရေစက်ချအနုမောဒနာ အခမ်းအနားကို မြိမ့်မြိမ့်သဲ သိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။



ထိုနေ့ ညနေ (၃) နာရီတွင် တန်ဆောင်တိုင်ပွဲတော်ပျော်ပွဲရွှင်ပွဲအဖြစ် "ဟင်္သာတမြို့နယ်၊ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပုံချိုဦးဌေးဦးဖလား" အသက် (၂၃) နှစ်အောက် ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ (Final) ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဟင်္သာတမြို့အားကစားကွင်းတွင် ကျင်းပခဲ့ရာ ဟင်္သာတ တန်ဆောင်တိုင်ပွဲတော်သည် ကထိန်အလှူတော်ပွဲ၊ ဖျော်ဖြေပွဲ၊ ပျော်ပွဲရွှင်ပွဲများဖြင့် ထူးထူးခြားခြား စည်ကားလွန်းလှသောကြောင့် "မြိုင်မြိုင်ဆိုင်ဆိုင် ဟင်္သာတ တန်ဆောင်တိုင်" ဟု ဆိုစမှတ်ပြုရမည်ဖြစ်ပါသည်။

"ဆီမီးထွန်းပွဲရပ်တိုင်းနွှဲသည်၊ ထူးကဲသာလှ တန်ဆောင်မုန်းလ" ဟူသည်နှင့်အညီ မြန်မာနိုင်ငံ အရပ်ရပ်ရှိမြို့ ရွာအသီးသီးတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို ဆင်ယင်ကျင်းပမြဲဖြစ်သည်။ တန်ဆောင်မုန်းလဟူသည် ပေါရာဏစကားအားဖြင့် တန်ဆောင်ပုန်းမှ ဆင်းသက်လာခြင်း ဖြစ်သည်။ တန်ဆောင်ဟူသည် မီးရှူးမီးတိုင်ဖြစ်၍ ပုန်းဟူသည်ကား မီးပုံးထွန်းလင်းတောက်ပသောလဟုဆိုသည်။ မြန်မာတို့သည် သာကီမျိုးနွယ်များဖြစ်၍ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာသည်လည်း မဇ္ဈိမဒေသမှ အရင်းခံကာ ဆင်းသက်လျက် မဇ္ဈိမယဉ်ကျေးမှုဖြစ်သော နက္ခတ်ပူဇော်ပွဲကို တန်ဆောင်တိုင်ပွဲတော်အဖြစ် ကျင်းပခဲ့ကြခြင်းဖြစ်သည်။

ဝဿန်ကာလ မိုးရာသီကုန်ဆုံး၍ ချမ်းအေးလှသော ဟေမန္တဥတုသို့ဝင်ခါစဖြစ်သည့် တန်ဆောင်မုန်းလ၌ ဆီးနှင်းမြူတိမ်၊ သူရိန်မီးခိုး၊ ညစ်မျိုးငါးအင် ကင်းစင်လျက်၊ ထက်ကောင်းကင်အာကာယံတွင်ဘော်သာနွှာငွေရောင်အဆင်းရှိသော လမင်းသည် ထိန်ထိန်သာလျက်၊ အေးမြကြည်လင်သော အလင်းရောင်ပေးလျက် ချမ်းမြေ့ကြည်နူးဖွယ် ထွန်းလင်းတောက်ပလျက်ရှိသည်။

ထိုစန်းသော်တာလမင်းကြီးနှင့်ယှဉ်၍ ကြတ္တိကာ နက္ခတ်သည်လည်း ကြယ်တာရာနက္ခတ်အပေါင်း ခြံရံလျက် ထွန်းလင်းတောက်ပနေ၍ ရှုမြင်ရသူတို့၏ စိတ်နှလုံး၌ ချမ်းမြေ့မဆုံးဖွယ်ဖြစ်ပေသည်။ သို့ဖြစ်၍ "သရဒ်ဥတုကာလာန်" ကာလတို့တွင် တန်ဆောင်မုန်းလ သရဒဥတုသည် မြတ်၏ဟူ၍လည်းကောင်း၊ လောကနီတိ ကျမ်း၌ဆိုသည်။

"အာကာမှာ ရောင်စုံညီး
ရွှေကျီးတဲ့ ဟံသာ



# မကြွေစေချင် မပွင့်ခဲ့

မင်းမြင့်နိုင်(ဘူးသီတောင်)



မြစ်ပြင်အား ဖြတ်သန်း တိုက်ခတ်လာသော လေပြည်လေညင်းကြောင့် မြစ်ရေပြင်တွင် ဖြစ်ပေါ်လာသည့် လှိုင်းကြက်ခွပ်ကလေးများက ကမ်းစပ်ကို လာရောက်ပုတ်ခတ်သည့် တဖျပ်ဖျပ်အသံက ဂန္ထဝင်တေးတစ်ပုဒ်၏ စည်းချက်ကဲ့သို့ အချက်မှန်မှန် မြည်၍ မြစ်ရေပြင်ပေါ်တွင် လှော်ခတ်သွားနေကြသည့် နာဝါလှေငယ်များက ဝင်လုဆဲ ဆည်းဆာနေခြည်အောက်တွင် လက်ရာမြောက်လှစွာသော ပန်းချီကားတစ်ချပ်ပမာ ရှုမငြီးဖွယ်ရှုခင်းအလှဖြစ်သော်လည်း မြစ်ကမ်းနဖူးတွင်ထိုင်၍ မြစ်ပြင်အား ငေးကြည့်နေသော ကိုဇော်နိုင်၏စိတ်ထဲ၌မူကား ဂန္ထဝင်တေးတစ်ပုဒ်၏ စည်းချက်များကိုလည်း မခံစားနိုင်၊ လှပလွန်းလှသော ဆည်းဆာပန်းချီ အလှအပများကိုလည်း စိတ်မဝင်စားနိုင်ဘဲ မြစ်တစ်ဖက်ကမ်းတွင်ရှိသော စိမ်းစိုညို့မှိုင်းနေသည့် သစ်ပင်အုပ်အုပ်ဆီသို့ ငေးမောရင်းသက်ပြင်းကို လေးတွဲ့စွာ ချလိုက်မိလေသည်။

ကိုဇော်နိုင်၏ သက်ပြင်းချသံကို

အကျဉ်းချုံး၍ ကထိန်ခင်းပေးကြရသည်။

ယခုနှစ် ဟသ်ာတမြို့၏ ကထိန်ပွဲတော်ကြီးတွင် ထူးခြားမှုတစ်ချက်အနေဖြင့် သက်ဆိုင်ရာများမှ အသီးသီး ကထိန်ခင်းကြ၍ ကထိန်မရသည့်ကျောင်း (၂၉) ကျောင်းကို ခရိုင်နှင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဦးဆောင်ပြီး ဌာနပေါင်းစုံ၊ ရပ်ကွက်ပေါင်းစုံ စုပေါင်း ကထိန်ခင်းကျင်းလှူဒါန်းခဲ့ခြင်း ဖြစ်ပါသည်။ ယခုနှစ်အဖို့ ဟသ်ာတမြို့တွင် ကထိန်မခင်းရသည့်ကျောင်း တစ်ကျောင်းမျှ မရှိတော့ပါ။ ကထိန်ပွဲ၏ အကြိုလည်းဖြစ်၊ တန်ဆောင်တိုင်ပွဲတော်၏ အစ ညလည်းဖြစ်သော ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၃) ရက်နေ့တွင် ပဒေသာပင်များကို ဟသ်ာတမြို့ ပြည်လုံးကပ်ကျော် ဦးပါရဲစေတီတော်ရင်ပြင်ပေါ်တွင် လှပဝေဆာစွာ ရောင်စုံမီးများ ထွန်းညှိခင်းကျင်းထားပြီး နိုဝင်ဘာ (၄) ရက်နေ့ နံနက်တွင် မြို့တွင်းသို့လှည့်လည်၍ ဟသ်ာတမြို့ သာသနာ့ဗိမာန်တော်ကြီးအတွင်း၌ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြပါသည်။ ကထိန်ရသွားသော ကျောင်းပေါင်း (၂၉) ကျောင်းတို့မှလည်း မိမိတို့ ကျောင်းသို့ အသီးသီးပြန်သွားကြပြီးနောက် ထိုနေ့ နေ့ချင်းပြီး ကထိန်ခင်းခဲ့ကြပါသည်။ လှူဒါန်းမှုစုစုပေါင်းမှာ ပစ္စည်းတန်ဖိုး ငွေတန်ဖိုး နှစ်ရပ်ပေါင်း (၂၆၃၃၃၀၀၀ိ/-) ဖြစ်ပါသည်။ သံဃာတော်များ ဆွမ်းကွမ်းနှင့် လိုက်ပါလာကြသည့် ပရိတ်သတ်များ ဧည့်ခံကျွေးမွေးစရိတ်မှာ (၁၈၆၂၀၀၀ိ/-) ဖြစ်ပါသည်။ လှူဒါန်းမှုအစုစုတို့တွင် ရန်ကုန်ရောက် ဟသ်ာတအသင်းကြီး၏ လှူဒါန်းပါဝင်မှုကလည်း အားရဂုဏ်ယူဖွယ်ရာ ဖြစ်ပါသည်။

စုပေါင်းမဟာဘုံကထိန်ပွဲတော်ကြီး ကျင်းပခြင်းနှင့် တစ်ပြိုင်တည်း ပြည်လုံးကပ်ကျော်ဦးပါရဲစေတီတော်မြတ်၏ရင်ပြင်ရှေ့ကွက်လပ်တွင် ခမ်းနားထည်ဝါလှသည့် စတိတ်ခုံစင်မြင့်ပေါ်တွင် သီကျူးဟစ်ပျော် ဟသ်ာတ တန်ဆောင်တိုင်ပွဲတော် သီချင်းသီဆိုပြိုင်ပွဲကြီးကို ခြိမ့်ခြိမ့်သဲ ကျင်းပပြုလုပ်ခဲ့ပါသည်။ နိုင်ငံကျော် အဆိုတော်များနှင့် ရုပ်ရှင်နှင့်ဗွီဒီယိုသရုပ်ဆောင် ဟာသလူရွှင်တော်များ ပါဝင်ဖျော်ဖြေသည့်အပြင် ဟသ်ာတမြို့နယ်၊ ယုန်သလင်းကရင်ဒုံးယိမ်းအဖွဲ့၊ အထက (၄) မှ ပြည်ထောင်စုထာဝရအလှ၊ ၂၀၁၄ ခုနှစ် (၂၁) ကြိမ်မြောက် ဧရာဝတီတိုင်းဒေသကြီး ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲတွင် ပထမဆုဖလားရရှိသည့် ဟသ်ာတခရိုင် အလွတ်တန်းကဗျာလွတ်အဖွဲ့၊ အထက (၃) မှ ရွှေလာဘ်တံခါးကြီးဖွင့်ပါဒုံးပုဂံအက၊ အထက (၁) ကျောင်းသား ကျောင်းသူ (၈၀) နှင့် အဆိုတော်နီနီခင်ဇော်တို့တွဲဖက်တင်ဆက်သည့်ထာဝရသစ္စာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး သရုပ်ဖော်အက၊ ပန်းကမ္ဘာမျှော်စင်ယိမ်းအလှအက၊ မဇ္ဈဝါလင်း၏အသက် (၅ )နှစ်မှ (၁၀)နှစ် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲဝင်အက၊ မရွှန်းလဲ့စန္ဒီ၏အသက် (၁၀) နှစ်မှ (၁၅) နှစ် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲဝင်အကစသည်တို့ကလည်း မိမိတို့ ရက်အပိုင်းအခြားအလိုက် သိုက်မြိုက်စွာ ဖျော်ဖြေတင်ဆက်ခဲ့ကြပါသည်။

တန်ဆောင်တိုင်ပွဲတော်ဖျော်ဖြေပွဲနှင့် ပျော်ပွဲရွှင်ပွဲသို့ ဟသ်ာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပျံချီဦးဌေးဦးနှင့်မိသားစု၊ ရန်ကုန်ရောက် ဟသ်ာတအသင်းကြီး၏ အမှုဆောင်များ၊ ဌာနဆိုင်ရာများမှ ကြွရောက်အားပေးချီးမြှင့်ကြပါသည်။ ထို့ပြင် သီကျူးဟစ်ပျော် ဟသ်ာတတန်ဆောင်တိုင်ပွဲတော်ကြီးကို မြို့လူထုကလည်း စိတ်ဝင်တစားဖြင့် လာရောက်အားပေးကြရာ ပရိသတ် ကွင်းလုံးပြည့်လျှံခဲ့ပါသည်။

တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာလ (၃) ရက်မှ (၆) ရက်နေ့အထိကျင်းပခဲ့ရာတွင် သီချင်းဆိုပြိုင်ပွဲ၌ နိုဝင်ဘာလ (၃) (၄) (၅) ရက်နေ့များတွင် အဆင့်ဆင့်စိစစ်ရွေးချယ်ခဲ့ပြီးနိုဝင်ဘာလ(၆)ရက်နေ့တွင်ယခင်(၃)ရက်က ရွေးချယ်ခဲ့သည့် ပညာရှင် (၁၁) ဦးနှင့် ဝါသနာရှင် (၇) ဦး၊ စုစုပေါင်း (၁၈) ဦးတို့ကို နောက်ဆုံးအဆင့် (Final) ပြိုင်ပွဲအဖြစ် ကျင်းပပေးခဲ့ပါသည်။ ပညာရှင်နှင့် ဝါသနာရှင်တန်းအတွက် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု (၂) ဆုစီ၊ နှစ်တန်းပေါင်း ဆု (၁၀) ဆု ရွေးချယ်၍ ဆုချီးမြှင့်ပေးခဲ့ပါသည်။

သီချင်းဆိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည့်သူများမှာ မြို့ပေါ်ရှိ ဌာနများနှင့် ရပ်ကွက်များကို ကိုယ်စားပြုပြီး ဝင်ရောက်ယှဉ်ပြိုင်ကြရပါသည်။ ပြိုင်ပွဲမတိုင်မီကြိုတင်အသံစစ်ဆေးခဲ့ပြီး အသံစစ်ဆေးမှု အောင်မြင်မှသာ စင်ပေါ်သို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ပေးခဲ့ခြင်း ဖြစ်ပါသည်။ ပြိုင်ပွဲဝင်ကြသူများအားလုံး အဆင့်မီကြပါသည်၊ ဟသ်ာတ၏ အနုပညာဗီဇကို ထုတ်ဖော်ပြသသည့်ပွဲဟုလည်းဆိုနိုင်ပါသည်။နောက်ဆုံးအဆင့်တွင်ဆုရရှိကြသူများမှာ -

ပညာရှင်တန်းတွင်

ပထမဆု ဒေါ်လင်းလင်းယု (စစစ)၊
မိဘမေတ္တာသီချင်း
ဒုတိယဆု မသီရိဝင်းလှိုင် (လဝက)
ချစ်သူရဲ့သီချင်း
တတိယဆု မအိအိမျိုး (ပျဉ်းမရှောင်းရပ်ကွက်)
နလုံးသားအကြောင်း
နစ်သိမ့်ဆု မောင်ပြည့်ဖြိုးကျော် (တာငါးဆယ်တောင်ရပ်) အချစ်စွမ်းအား
နစ်သိမ့်ဆု မသက်ထားခင် (နည်းပညာတက္ကသိုလ်)
ညှိနိုင်လွန်းတဲ့ကျမချစ်သူ

ဝါသနာရှင်တန်းတွင်
ပထမဆု မောင်ထက်ထက်နိုင် (နည်းပညာတက္ကသိုလ်)
နဂါးနီ
ဒုတိယ ဦးကိုကိုနိုင် (ရွှေကူရပ်ကွက်)
ကျေးရွာဝါဒ
တတိယဆု ဦးဝေလွင် (ဆည်မြောင်း)
ငယ်ချင်းဟောင်းနဲ့နစ်ပေါင်းများစွာ
နစ်သိမ့်ဆု ဦးမြင့်မောင် (မြဝတီရပ်ကွက်)
မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်
နစ်သိမ့်ဆု ဦးဝင်းလွင် (စိုက်ပျိုးရေး)
ချစ်ပုပ္ပါး
တို့ဖြစ်ကြပါသည်။

ဟသ်ာတမြို့၏ တန်ဆောင်တိုင်ပွဲတော်ကြီးသည် မြိမ့်မြိမ့်သဲလှပါသည်။ ကြီးကျယ်ခမ်းနားလှပါသည်။ သောင်းသောင်းဖျဖျပျော်ရွှင်ကြပါသည်။ သို့သော်လည်း သဘာဝရာသီဥတု၏ ဖောက်ပြန်မှုသဘောကြောင့် နိဝင်ဘာလ (၄) ရက်နေ့ညတွင် မိုးများရွာသွန်းခဲ့ပါသည်။ မိုးရွာသော်လည်း ပွဲမပျက်ပါ။ အားပေးသည့် ပရိသတ်ကလည်း မိုးရွာထဲတွင် ဖွဲနပဲကြီးစွာ ဆက်လက်အားပေးကြသည်။ စင်ပေါ်မှ ဖျော်ဖြေကြသည့် ပြည်သူချစ် တေးသံရှင်နီနီခင်ဇော်၊ ဇာနည်ဟန်နှင့် ဟသ်ာတထွန်းရင်တို့ကလည်း ခေါင်းဆောင်းများ၊ ဝါးခမောက်များဆောင်း၍ မိုးရွာထဲတွင် အားပါးတရ ဆက်လက်ဖျော်ဖြေကြသည်။ အလွန်အားရဂုဏ်ယူဖွယ်ကောင်းလှသည့် အနုပညာရှင်များနှင့် ဟသ်ာတမြို့ တေးချစ်သူပရိသတ်ကြီး ဖြစ်ပါသည်။ မှတ်တမ်းတင်ရမည့် နေ့တစ်နေ့၏ မြင်ကွင်းအလှ ဖြစ်ပါသည်။

နိဝင်ဘာလ (၅) ရက်နှင့် (၆) ရက်နေ့များတွင်လည်း မိုးကအဆက်မပြတ် ဆက်လက်ရွာသွန်းနေပါသည်။ သို့သော်လည်း ပွဲမပျက်ပါ။ ဟသ်ာတခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေး၏ စီစဉ်လမ်းညွှန်မှုဖြင့် (၅) ရက်နေ့ညတွင် ဟသ်ာတမြို့ မြို့တော်ခန်းမသို့ ရွှေ့ပြောင်းကျင်းပခဲ့ပါသည်။ ဦးပါရဲစေတီတော်ရှေ့ကွင်းထဲမှ အခမ်းအနားကြီး တစ်ခုလုံးကို မြို့တော်ခန်းမသို့ ရွှေ့ပြောင်းရာတွင်လည်း မိုးရွာထဲတွင် နာရီပိုင်းအတွင်း အပြီးရွှေ့ပြောင်းနိုင်အောင် စီစဉ်ဆောင်ရွက်ခဲ့ကြပါသည်။ ကျင်းပရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၏ တက်ကြွစွာပါဝင်ဆောင်ရွက်ပေးမှုကြောင့် ဖြစ်ပါသည်။

ယခုနှစ် ဟသ်ာတမြို့၏ မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်ပွဲတော်တွင် မှတ်တမ်းတင်စရာ၊ မှတ်သားစရာ၊ အမှတ်တရဖြစ်စရာများစွာ ရောစွက်နေပါသည်။

"မြောက်လေငယ်သွင်းပါလို့
မြူနှင်းငယ်စိုစို
မြင်တိုင်းငယ်ပျိုသည်
ရွှေကျီးညိုတာရာနှင့်
ကြတ္တိကာထွန်းတဲ့ လကိုလေး" ဟု ဆိုသော တန်ဆောင်မုန်းလဘွဲ့ဂုဏ်ကဲ့သို့ ယခုနှစ်တွင် မြောက်လေညင်းလည်း မသွင်းနိုင်ပါ။ မြူနှင်းလည်းမစိုနိုင်ပါ။ အချိန်အခါမဟုတ် မိုးက ဖျက်ပါသည်။ သို့သော်လည်း ဟသ်ာတမြို့အနေဖြင့် မမှုပါ။ မိုးထဲလေထဲက မြိုင်မြိုင်ဆိုင်ဆိုင် တန်ဆောင်တိုင်ပွဲတော်ကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။ ပွဲတော်၏ နောက်ဆုံးနေ့တွင် ယိမ်းပျိုဖြူကလေးများက WE CAN DO ဆိုသည့် စာလုံးလေးများကို မြှောက်ကိုင်ပြီး "ငါတို့လုပ်နိုင်ပြီ" ဟေ့ဟု ကြွေးကြော်သည့်အလား သရုပ်ဖော်လိုက်သည့်အခါ မြို့တော်ခန်းမကြီးအတွင်းရှိနေသည့် ပရိသတ်ကြီး၏ မြိမ့်သဲလှစွာသော လက်ခုပ်သြဘာသံကြီးမှာ ခန်းမကြီး၏အမိုးကြီး ပွင့်ထွက်သွားလေမည်လားဟု ထင်မှတ်ရပါတော့သည်။

**အယ်ဒီတာတစ်ဦး**



# ထိုက်ချီ

## (TAI CHI)

**ကြည်ဝင်း (ဟသ်ာတ)**

ထိုက်ချီချွမ်သည် မူလအစက နာမ်ပိုင်းဆိုင်ရာ သမာဓိထူထောင်မှုအတွက် ဘာဝနာကျင့်စဉ် ဖြစ်ပေသည်။ သို့သော် ယခုခေတ်တွင် ကျန်းမာရေးနှင့် ကိုယ်ခံပညာ သိုင်းပညာ စသဖြင့် လေ့ကျင့်နေကြသည်။ စင်စစ်အားဖြင့် ထိုက်ချီချွမ်သည် တရုတ်မဟာဂန္ဓာရီပညာ၏ အတွင်းလျှို့ဝှက်လမ်းစဉ်ဖြစ်သောအန္တေဝါသိကဘာဝနာကျင့်စဉ် ဖြစ်သည်။ အထူးသဖြင့် တောက်အန္တေဝါသိက ဘာဝနာကျင့်စဉ်ဖြစ်သည်။

ကျန်းဆန်းဖုံးသည် အေဒီ ၉၆၀ တွင် မွေးဖွား၍ အေဒီ ၁၂၇၀ အထိ နှစ်ပေါင်း (၃၁၀) အသက် ရှည်ခဲ့သော သိဒ္ဓိပေါက်ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

သူသည် ချုံဆန်နယ်တွင် တရားသူကြီးအဖြစ် မင်းမှုထမ်းနေရာမှ တရားအားထုတ်ရန် မင်းမှုထမ်းဘဝမှ ထွက်ခဲ့ပြီး ရသေ့ဝတ်ကာ တောထွက်ကျင့်ကြံအားထုတ်ခဲ့လေသည်။

အနယ်နယ်အရပ်ရပ်သို့ ခရီးထွက်ပြီး ဆရာရှာဖွေ တရားအားထုတ်ခဲ့ရာ တောက်ဂန္ဓာရီပေါက် ပုဂ္ဂိုလ်များနှင့် တွေ့ဆုံပြီး ဂန္ဓာရီပညာရပ်များကို လေ့လာဆည်းပူးခဲ့လေသည်။

နောက်ဆုံးတွင် တောက်ဂန္ဓာရီပညာနှင့် ရှောင်လင်သိုင်းမှ ထိုက်ချီကုန်းတို့ကိုပေါင်းစပ်ပြီး ထိုက်ချီချွမ် လှုပ်ရှားမှုဘာဝနာကို တီထွင်ခဲ့လေသည်။

တောက်မှ မဟာအကနှင့် ရှောင်လင်သိုင်းမှ လှုပ်ရှားမှုအကွက်များကို ပေါင်းစပ်၍ တီထွင်ခဲ့သော ထိုက်ချီချွမ်နှင့် တောက်မဟာဂန္ဓာရီပညာရပ်များကို တပည့်သာဝကများအား ပီကင်းအနောက်ဘက်ရှိ တိမ်ဖြူကျောင်းတိုက်တွင် သင်ကြားစေခဲ့သည်။ ထို့နောက် ဟူပေနယ်ရှိ ဝူတန်းတောင်ပေါ်တွင် ထိုက်ချီချွမ် လှုပ်ရှားမှုဘာဝနာကို သိုင်းကွက်များအဖြစ် တပည့်သာဝကများအား သင်ကြားပို့ချခဲ့လေသည်။

ကျန်းဆန်းဖုံးသည် မိုင်တစ်ထောင်ကျော်ခရီးကို မရပ်မနား သွားနိုင်သည်။ ရန်သူပစ်လိုက်သော မြားတံကို မကြည့်ဘဲ လက်တစ်ဖက်တည်းဖြင့် ဖမ်းယူနိုင်သည်။ သူသည် နောင်အခါ ထိုက်ချီချွမ်သိုင်းဂိုဏ်းချုပ်ကြီးအဖြစ် နောင်လာနောက်သား တပည့်သာဝကများ၏ လေးစားကြည်ညိုခြင်းကို ခံရသူဖြစ်သည်။

တရုတ်မဟာဂန္ထာရီပညာတွင် အရေးပါလှသော ထိုက်ချီချွမ်ကို သင်ကြားလိုသူတိုင်းအား သင်ကြားပေးသည် မဟုတ်ချေ။ ထိုက်ချီချွမ်သည် မဟာဂန္ထာရီပညာ ဘာဝနာတက်စဉ်နည်း (၇) နည်းရှိသည့်အနက် နည်းတစ်နည်းသာလျှင် ဖြစ်ပေသည်။ ထို့ကြောင့် တရုတ်မဟာဂန္ထာရီဝင် ကျမ်း (၇) ကျမ်းရှိသည်ဟု ဆိုရိုး ရှိသည်။

စင်စစ်အားဖြင့် ထိုပညာရပ်များသည် ဆရာနှင့် လက်ပူးလက်ကြပ် နည်းခံသင်ယူရသော ပညာရပ်များ ဖြစ်သောကြောင့် နောင်အခါတွင် ထိုက်ချီချွမ်ဘာဝနာသည် တိမ်းစောင်းလာသည်ဖြစ်ရာ ယနေ့သင်ယူ လှုပ်ရှားကစားနေကြသော ထိုက်ချီချွမ်သည် ထိုက်ချီချွမ် ဘာဝနာ၏အကာဖြစ်သော တိုက်ခိုက်ရေးအတွက်သာ ဖြစ်နေပေသည်။

ထိုက်ချီချွမ်ဘာဝနာအစစ်မှာကား အန္တေဝါသိက တပည့်များသာလျှင် တွေ့ရှိ သိမြင် ကျင့်ကြံနိုင်ပေသည်။ ထိုက်ချီချွမ်ဘာဝနာကို ကျင့်ကြံရန်အတွက် ပဏာမ စရဏများကို အားထုတ်ရလေသည်။ ပဏာမ စရဏကျင့်စဉ် (၇) ဆင့်ရှိ၍သတ္တမအဆင့်ကို အောင်မြင်မှသာလျှင် ထိုက်ချီချွမ်လှုပ်ရှားမှုဘာဝနာကို လေ့လာ သင်ကြားရသည်။

ပထမအဆင့်သည် ထိုက်ချီချွမ်လေ့ကျင့်သောအခါ အန္တရာယ်မဖြစ်အောင် ကြိုတင်ပြင်ဆင်ပေးခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် ခန္ဓာကိုယ်အတွင်း ချီစွမ်းအင်များစီးဝင်သွားစဉ်အပိတ်အဆို့အတားအဆီးမဖြစ်စေဘဲ အမှားအယွင်းမရှိ စနစ်တကျ စီးဝင်ပျံ့နှံ့စေရန်ဖြစ်သည်။

ဒုတိယအဆင့်မှာ ခန္ဓာကိုယ် ခြေ၊ လက်တို့ကို လှုပ်ရှားမှုဖြင့်လည်းကောင်း၊ အသံစွမ်းအင်ကို အသုံးပြုခြင်းဖြင့်လည်းကောင်း၊ ခန္ဓာကိုယ်အတွင်းရှိ အင်္ဂါအစိတ်အပိုင်းများကို အေးငြိမ်းအောင် လေ့ကျင့်ခြင်းဖြစ် သည်။

ဒုတိယအဆင့်တွင် မန္တာန်ရွတ်ခြင်း၊ ဂီတသံများနားထောင်ခြင်းတို့ပါဝင်၍ ဤလေ့ကျင့်ခန်းအောင်မြင်ပါလျှင် အစာကြေခြင်း၊ အာရုံကြောများထက်မြက်၍ အပင်ပန်းခံနိုင်ခြင်း၊ အတွင်းအားကောင်းခြင်းတို့ဖြစ် လာပါမည်။

တတိယအဆင့်တွင် ချက်တိုင်အောက် (၃) လက်မခန့်အကွာတွင်ရှိသော ချီ (ခေါ်) အတွင်းအားကိုခြေ၊ လက် အင်္ဂါများနှင့် ခန္ဓာကိုယ်တစ်ကိုယ်လုံးသို့ ဖြန့်ချိရန် ဖြစ်သည်။

တတိယအဆင့်အောင်မြင်ပါက အတွင်းအားတိုးတက်လာ၍ အသက်ရှည်လာမည်။

စတုတ္ထအဆင့်သည် ချီကုန်း သံချပ်ဝတ်ဆင်ခြင်း လေ့ကျင့်ခန်းဖြစ်၍ ချီစွမ်းအားသည် နိုင်မာတောင့်တင်းလာသည်ဖြစ်၍ ခန္ဓာကိုယ်အပေါ်လွှာသို့ ထွက်ပေါ်ကာရံထားသည်ဖြစ်ရာ ဓား၊ လှံ၊ လက်နက်များ ထိုးဖောက်၍ မရနိုင်သော အဆင့်ဖြစ်ပါသည်။

ပဉ္စမအဆင့်သည် ထိုက်ချီကုန်းကျင့်စဉ်ဖြစ်၍ ခန္ဓာကိုယ်အတွင်း အပြင်အားလုံးသို့ ချီစွမ်းအင်ကို လိုအပ်သလို လှည့်လည်နိုင်းခြင်း ဖြစ်သည်။ ဤအဆင့်သည် ထိုက်ချီချွမ်သိုင်းနှင့် ထိုက်ချီချွမ်ဘာဝနာ၏အခြေခံ အုတ်မြစ် ဖြစ်ပေသည်။





ဆဋ္ဌမအဆင့်သည် ကွန်ဖူးလက်ဝါးဖြစ်၍ ခန္ဓာကိုယ်အတွင်းရှိ ကြွက်သားများ၊ အကြောမကြီးနှင့် နောက်ဆုံးလက်ချောင်း (၅) ချောင်းအတွင်းသို့ ချိစွမ်းအားကို ရောက်စေသော လေ့ကျင့်ခန်းဖြစ်ပါသည်။

သတ္တမအဆင့်ကို ဖိုမကွန်ဖူးဟုခေါ်၍ ချိစွမ်းအားသည် မီးညောင့်ရိုးထိပ်ရှိ မျိုးဆက်စွမ်းအင်ကို ပေးနိုင်သော အဘိညာဉ်စက်မှအပေါ်ဆုံး ငယ်ထိပ်ရှိအဘိညာဉ်စက်အထိ စီးဝင်လှည့်လည်ရသည့် လေ့ကျင့်ခန်း ဖြစ်ပါသည်။

ဤသတ္တမအဆင့်ကို အောင်မြင်ပြီးသူမှသာလျှင် ထိုက်ချီချွမ်ဘာဝနာကို ကျင့်ကြံအားထုတ်နိုင်မည် ဖြစ်ပါသည်။

ယနေ့ ကမ္ဘာနှင့်အဝှမ်း လေ့ကျင့်နေကြသော ထိုက်ချီချွမ်ပညာရပ်မှာ ၁၉၁၁ ခုနှစ်တွင် တရုတ်အစိုးရမှ ပြည်သူများ လေ့လာလိုက်စားနိုင်ရန် သိုင်းပညာရပ်များကို စုစည်း၍ သင်ရိုးညွှန်းတမ်းများဆွဲကာ ပြဋ္ဌာန်းပေးခဲ့သော ခေတ်အစားဆုံးပညာရပ်ဖြစ်ပါသည်။

ထိုက်ချီချွမ်ကို ပုံစံအမျိုးမျိုးနှင့် စိတ်ဝင်စားဖွယ်ဖြစ်အောင် ကစားနေကြသည်ကို ပန်းခြံများ၊ ရုပ်မြင်သံကြားတို့တွင် တွေ့နိုင်ပြီး၊ လေ့ကျင့်ခန်းကို အနည်းဆုံး (၅) မိနစ်မှ (၁၅) မိနစ်အတွင်း စဉ်ဆက်မပြတ်စေဘဲ ညင်သာစွာ လေ့ကျင့်ပေးရမည်ဖြစ်ပါသည်။

ထိုက်ချီချွမ်ကိုစတင်မလေ့ကျင့်ခင် ချီ (chi)၊ ယင်နှင့်ယန် (Yin and Yang)၊ ချီဖြတ်သန်းစီးဝင်ရာ အဓိကနေရာများ (dantiens) အကြောင်းကို သိရှိနားလည်ထားပါလျှင် ထိုက်ချီချွမ်ပညာရပ်အား လေ့လာဆည်းပူးရာ၌ များစွာအထောက်အကူပြုပါသည်။

**၁။ ချိစွမ်းအား** (Chi energy)

ချိကို လူ့ကိုယ်ခန္ဓာအတွင်းမှ မွေးရာပါ ဇီဝစွမ်းအင်ဟူ၍လည်းကောင်း၊ အတွင်းအားဟူ၍လည်းကောင်း၊ အမျိုးမျိုး အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။ ခန္ဓာကိုယ်အတွင်း ချိစွမ်းအား ညီညွတ်မျှတစွာ စီးဆင်းနိုင်ပါလျှင် ခန္ဓာကိုယ် ကျန်းမာကြံ့ခိုင်ပါသည်။ ချိစွမ်းအားသည် ခန္ဓာကိုယ်အတွင်း၌ ဒေါင်လိုက် (လောင်ဂျီတွဒ်မျဉ်း) အတိုင်း စီးဆင်းသည်။ ထိုက်ချီချွမ်ကို နေ့စဉ်လေ့ကျင့်ပေးခြင်းအားဖြင့် ခန္ဓာကိုယ်အတွင်းရှိ ချိကွန်ယက်ကို နိုးကြားစေပါသည်။

လှုပ်ရှားမှုသည် ဖြည်းညင်း ညင်သာသဖြင့် ခန္ဓာကိုယ် တစ်ခုလုံးအား ဖြေလျော့ပေးပြီး တည်ငြိမ်အေးချမ်းမှုကိုပေးစွမ်းနိုင်ကာစိတ်ဖိစီးမှုများကိုပျောက်ကင်းနိုင်စေပါသည်။

**၂။ ယင်နှင့်ယန်** (Yin and Yang)

ယင်သည် အမဓာတ်သဘောကိုဆောင်ပြီး နူးညံ့သိမ်မွေ့ခြင်း၊ ငြိမ်သက်ခြင်းစသည့် ဂုဏ်သတ္တိများ ရှိသည်။ ယန်သည် အဖိုဓာတ်ဖြစ်၍ မာကျောခြင်း၊ လှုပ်ရှားခြင်းစသော ဂုဏ်သတ္တိများရှိသည်။

**ယင်နှင့် ယန်တို့၏ ဂုဏ်သတ္တိများ**

ယင်

၁။ အမဓာတ်ဖြစ်ခြင်း

၂။ လ

၃။ ပြည့်စုံခြင်း

၄။ အအေးဓာတ်

၅။ ပျော့ပျောင်းခြင်း

၆။ နာခံခြင်း

၇။ ရုပ်
၈။ တိုက်ချီကစားကွက်တွင် လက်ဖဝါးအောက်စိုက်ခြင်း

ယန်
၁။ အဖိုဓာတ်ဖြစ်ခြင်း
၂။ နေ
၃။ ဖန်တီးခြင်း
၄။ အပူဓာတ်
၅။ မာကျောခြင်း
၆။ ဦးဆောင်နိုင်ခြင်း
၇။ နာမ်
၈။ တိုက်ချီကစားကွက်တွင် လက်ဖဝါးအပေါ်ထောင်ခြင်း

### ၃။ ချီစွမ်းအားဖြတ်သန်းစီးဝင်ရာ အဓိကနေရာများ

(Dantiens)

ထိုက်ချီချူမ်ပညာရပ်ကို သင်ယူလေ့ကျင့်သူများသည် နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ချီစွမ်းအားသက်ရောက်နေမှုကို အနည်းနှင့်အများဆိုသလို သိရှိခံစားလာနိုင်ကြပါသည်။ ချီစွမ်းအားကို လက်ခံရရှိကြသောလူသားတိုင်းသည် ချီစွမ်းအားကိုအကျိုးရှိစွာအသုံးချတတ်မည်ဆိုပါလျှင် ရောဂါဝေဒနာများကို တားဆီးကာကွယ်နိုင်ကြမည်ဖြစ်ပါသည်။

ချီစွမ်းအား အဓိကဖြတ်သန်းစီးဝင်ရာနေရာသည် ခန္ဓာကိုယ်ပေါ်သို့ ကမ္ဘာ့ဆွဲအား သက်ရောက်ရာဗဟိုချက်နေရာဖြစ်၍ ဝမ်းဗိုက်အောက်ပိုင်း ချက်အောက် (၃) လက်မခန့်အကွာနေရာဖြစ်ပါသည်။

အဓိကဖြတ်သန်းစီးဝင်နေရာများမှာ

(၁) ကျောက်ကပ်
(၂) ဆီးအိမ်
(၃) အဆုတ်
(၄) အူမကြီး
(၅) အသည်း
(၆) သည်းခြေ
(၇) သရက်ရွက်
(၈) ဝမ်းဗိုက်
(၉) အူသိမ်

ထိုက်ချီချူမ်သိုင်းပညာသည် ပြောင်းလွယ်ပြင်လွယ်ကာ လှုပ်ရှားမှုမှန်သမျှကို ဖြည်းညင်းစွာဖြင့် စိတ်ကို ရှည်ရှည်ထားပြီး လုပ်ဆောင်သွားရပါမည်။

ထိုက်ချီချူမ်သိုင်းပညာကို တိုက်ခိုက်မှုအတွက်မဟုတ်ဘဲ ကျန်းမာရေးစွမ်းရည် တိုးတက်ရေးကို ရည်ရွယ်၍ ကျင့်သွားရမည်ဖြစ်ပါသည်။

ကိုယ်နေဟန်ထားသည် မြေပြင်ပေါ်တွင် မတ်တတ်ရပ်ကာ လေ့ကျင့်ကစားရသည်ဖြစ်၍ ကမ္ဘာ့ဆွဲအားကို ခံစားသိရှိရသည်ဖြစ်ရာ မြေပြင်ပေါ်တွင် မြဲမြံစွာ ရပ်နိုင်သကဲ့သို့ ကမ္ဘာ့ဆွဲအားကို ဆန့်ကျင်သောအားသည်လည်း သက်ရောက်နေကြောင်းကို သတိမူမိစေရမည်ဖြစ်ပါသည်။

ခန္ဓာကိုယ်တင်းမာခြင်းနှင့် ဖြေလျော့ခြင်းကို ထိန်းချုပ်၍ လေ့ကျင့်ရသည်ဖြစ်ရာ လေ့ကျင့်ဖန်များလာသောအခါ ယင်နှင့် ယန်လှုပ်ရှားမှုများ အပြန်အလှန် အမှီသဟဲပြုကာ ချိတ်ဆက်နေကြောင်းကို သိရှိလာမည် ဖြစ်ပါသည်။



ထိုက်ချီချွမ်ကို လေ့ကျင့်တော့မည်ဆိုပါလျှင် အောက်ပါအချက်များကို သိရှိရန် လိုအပ်ပါသည် -

- လေ့ကျင့်ကစားရာ၌ လျှာဖျားကို အာခေါင်နှင့် ထိထားရပါမည်၊
- အသက်ရှူမှုနှင့် လှုပ်ရှားမှုတစ်ခုတည်း တစ်သားတည်းဖြစ်အောင် ပေါင်းစပ်လှုပ်ရှားရမည်။
- မြောက်နှင့်တောင်အရပ်ကို မျက်နှာမူ၍ လေ့ကျင့်ကစားရပါမည်။
- စီးဆင်းနေသော စမ်းချောင်းငယ်ရေကဲ့သို့ ဖြည်းညင်းစွာဖြင့် တညီတညာတည်း အဆက်မပြတ် ဖြစ်နေစေရမည်။
- ရွေ့လျားနေသော တိမ်တိုက်ကဲ့သို့ ညင်သာ၍ အားမပါရပါ။
- ခန္ဓာကိုယ်လှုပ်ရှားမှုသည် သဘာဝအတိုင်းဖြစ်၍ ဖန်တီးယူမှုမဖြစ်စေရ။
- လေကျင့်ခန်းကို တောက်လျှောက်လေ့ကျင့်နေစဉ် လေ့ကျင့်သူ၏ ခန္ဓာအထက်ပိုင်းနှင့်အောက်ပိုင်း အတွင်းပိုင်း (အသက်ရှူနှုန်း၊ အာရုံစူးစိုက်ခြင်း)တို့ သည် တစ်စည်းတစ်လုံးတည်း ရှိနေစေရမည်။

ထိုက်ချီချွမ်ကို မှန်မှန်လေ့ကျင့်ပေးခြင်းအားဖြင့် နှလုံးရောဂါ၊ သွေးကြောပိတ်ရောဂါများကို သက်သာပျောက်ကင်းစေပါသည်။အကြောဗဟိုချက်မ၏ထိန်းချုပ်ကွပ်ကဲမှုစွမ်းအားနှင့် ကိုယ်ခန္ဓာအင်္ဂါအစိတ်အပိုင်းများ ပူးပေါင်းဆောင်ရွက်မှုကို တိုးတက်စေသဖြင့် ဦးနှောက်၏ စွမ်းအားကို ပိုမိုတိုးတက်ကောင်းမွန်စေပါသည်။

ထိုက်ချီချွမ်လေ့ကျင့်ခန်းသည် ခန္ဓာကိုယ်၏ အရိုး၊ အကြောနှင့်ကြွက်သားများ၊ အဆစ်များကို များစွာအကျိုးပြုပါသည်။

အိုမင်းမစွမ်းရှိသူတစ်ယောက်သည် ထိုက်ချီလေ့ကျင့်ခန်းကို တစ်နေ့လျှင် (၅) မိနစ်မှ (၃၀) မိနစ်အထိ မှန်မှန်လေ့ကျင့်ပေးပါက ခန္ဓာကိုယ်အတွင်းရှိ ဓာတ်များ ပြောင်းလဲလာကာ နုပျိုကျန်းမာသောအကျိုးကို ရရှိစေနိုင်ပါသည်။

နာမည်ကျော် ကွန်ဖူးရုပ်ရှင်သရုပ်ဆောင်မင်းသား ဂျက်လီက မိမိ၏ဘဝတစ်လျှောက်လုံးကို ထိုက်ချီချွမ် သိုင်းပညာပိုမိုပျံ့ပွားအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း စင်္ကာပူနိုင်ငံတွင် အခြေစိုက်နေထိုင်စဉ် တရားဝင် ပြောကြားခဲ့ပါသည်။

ထိုက်ချီချွမ်သင်ရိုးညွှန်းတမ်းတွင် (၂၄) ကွက်၊ (၄၈) ကွက်၊ (၈၈) ကွက်စသည်ဖြင့် ပါရှိရာ (၂၄) ကွက်သည် အခြေခံအဆင့်ဖြစ်၍ (၈၈) ကွက်သည် အဆင့်မြင့် ပညာရှင်များသာ ကစားကြသော အကွက်များ ဖြစ်ပါသည်။ မည်သည့်အကွက်များမဆို ဆရာနှင့် စနစ်တကျ သင်ယူလေ့လာပြီး လေ့ကျင့်သွားပါလျှင် ရောဂါဝေဒနာများပျောက်ကင်းခြင်း၊ ကျန်းမာ၍ အသက်ရှည်ခြင်း၊ အရွယ်တင်နုပျိုခြင်းစသော အကျိုးကျေးဇူးများကို ပေးစွမ်းနိုင်သော ပညာရပ်ဖြစ်ကြောင်းကို တင်ပြလိုက်ရပါသည်။

**ကြည်ဝင်း(ဟသ်ာတ)**



# အေးချမ်းသာလှ ဆွမ်းဒါနအစ မြို့ဟင်္သာ

ဦးစိုးတင့်

ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးအဓွန့်ရှည်ကြာတည်တံ့ပွားများစေရေးအတွက် သာသနာတော်သုံးရပ်ကို လုံ့လမယုတ် ကြိုးကုတ်အားထုတ်တော်မူကြကုန်သော ဟင်္သာတမြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးမှ သံဃာတော် အရှင်မြတ်တို့အား ချမ်းသာစွာဖြင့် သာသနာပြုနိုင်ကြစေရန်ရည်သန်လျက်လွန်ခဲ့သည့်နှစ်ပေါင်း(၁၀၀) ကျော် ဝါတွင်းကာလမှအစပြု၍ အမြော်အမြင်ကြီးမားသည့် ဦးကျော်ငြိမ်း၊ ဦးဖိုးကြူး၊ ဦးရွှေပန်အစရှိသော စေတနာရှင်များ၏ဦးဆောင်မှုဖြင့်သံဃဒါနဆွမ်းလောင်းအသင်းများကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ဆွမ်းအလှူဒါနများပြုလုပ်ခဲ့ကြပါသည်။

ဟင်္သာတမြို့တွင် ကျောင်းတိုက်ပေါင်း (၁၂၇) ကျောင်းရှိရာ သံဃာတော်ပေါင်း (၃၅၀၀) ကျော် နှစ်စဉ်ဝါဆိုဝါကပ်တော်မူကြပါသည်။ ပရိယတ္တိစာသင်တိုက်ပေါင်းမှာ သံဃာ (၅၀) အထက် (၁၇) ကျောင်းရှိပြီး စာသင်တိုက်ကြီးများမှာ လွန်စွာစည်းကမ်းရှိပါသည်။

## သံဃဒါနဆွမ်းလောင်းအသင်းများ စတင်ပေါ်ပေါက်လာပုံ

ဟင်္သာတမြို့ သုံးပင်ကွင်းရပ်ကွက်တွင်ရှိသော ဘုရားငါးဆူ တန်ဆောင်းကို ဘုရားဒါယကာကြီး ပဲ့နင်းကြီး ဦးထွန်းအောင်၏သား ဦးဆန်း + ဒေါ်ရွှေမယ်မှ မွေးသော တတိယသမီး ဘုရားဒါယိကာမကြီး ဒေါ်ရွှေဆုံ၏ကြင်ဖက် ဘုရားဒါယကာကြီး ဦးတိုးကျင်သည် ဆုတောင်းပြည့်စေတီတော်အနီးရှိ ဒေါ်စောစက် သွားရာလမ်း (ယခု အမှတ် - ၄ အထကကျောင်းလမ်း) အနီး ရှေးဟောင်းဘုရား ရုပ်ပွားတော်ငါးဆူအား ရပ်ရွာလူထု အကူအညီဖြင့် ရွှေ့ပြောင်း၍ ဘုရားဝတ္တကမြေအတွင်း ယာယီသက်ငယ်မိုးနှင့် သစ်သားတန်ဆောင်း ဆောက်လုပ်လှူဒါန်းရာမှ ဘုရားငါးဆူတန်ဆောင်းဟု ထင်ရှားလာပါသည်။

ကောဇာသက္ကရာဇ် ၁၂၆၄ ခုနှစ်တွင် ထွန်းလင်းရုပ်ရှင်ရုံ (ယခု ရွှေဟင်္သာရုပ်ရှင်ရုံ) နေရာတွင်နေသော ဟင်္သာတအရေးပိုင်မင်း ဦးကျော်ငြိမ်း ကမကထပြုလုပ်

၍ ဘုရားငါးဆူတန်ဆောင်းတွင် သံဃာတော်များအား ဆွမ်းလောင်းရန် ဆွမ်းလောင်းအသင်းကို ဖွဲ့စည်းလေသည်။ ဆွမ်းလောင်းမည့်ရက်မှာ ရုံးပိတ်ရက်တနင်္ဂနွေနေ့ ကိုယူပြီး တနင်္ဂနွေပတ် သံဃဒါနဆွမ်းလောင်းအသင်း ဟု အမည်ပေးကာ မြို့ပေါ်ရှိ သံဃာတော်များအား ဆွမ်း၊ ခဲဖွယ် ဘောဇဉ်များ လောင်းလှူကြပါသည်။

အရေးပိုင်မင်း ဦးကျော်ငြိမ်း ပင်စင်ယူ၍ မိမိနေရပ် စစ်ကိုင်းသို့ပြန်သွားရာ လေညှင်းရုံကုန်းအနီးတွင် နေသော အရေးပိုင် ဦးလှကျော်သည် မိမိအိမ်နှင့်နီးသည့် ဦးရွှေဒွေးလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းဆုံကြားတွင် ပြောင်းရွှေ့တန်ဆောင်းဆောက်ပြီး ဆက်လက်လောင်းလှူရာ အခြားသော ရပ်ကွက်များမှလည်း တနင်္လာ၊ အင်္ဂါ စသည်ဖြင့် သံဃဒါနအသင်းများ ပေါ်ပေါက်လာခဲ့ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း (၁၀၀) ကျော်မှစ၍ ဟင်္သာတမြို့ပေါ်ရှိ ပရိယတ္တိ၊ ပဋိပတ္တိ အားထုတ်တော်မူကြသော သံဃာတော်တို့အား (ဒုတိယကမ္ဘာစစ်မတိုင်မီက သံဃာတော် ၁၇၀၀ ကျော်ရှိသည်။) ဝါဆိုလပြည့်ကျော် တစ်ရက်မှ သီတင်းကျွတ်လပြည့်ကျော်အထိ မြို့ပေါ်ရှိ တနင်္ဂနွေအစ စနေအဆုံး သံဃဒါန ဆွမ်းလောင်းအသင်းများမှ စနစ်တကျ ဆွမ်းနှင့် ဆွမ်းဟင်းလျာများ နေ့စဉ်လောင်းလှူကြပါသည်။ (ဗုဒ္ဓဟူးနေ့တွင် ဆကာရပ်၊ ဗုဒ္ဓဟူးပတ်နှင့် ပျဉ်းမချောင်းတာဆုံ ဗုဒ္ဓဟူးပတ်၊ နှစ်ပတ်လောင်းလှူပါသည်။)

ယခုကာလ၌ ဆွမ်းနှင့် ဆွမ်းဟင်းလျာ တစ်နေ့အတွက် အနည်းဆုံး (၁၀ - သိန်း)ကျော် ကုန်ကျပါသည်၊ ဝါတွင်းသုံးလအတွက် ဆွမ်းလောင်းလှူရသည့် အလှူတော်သည် ဆွမ်းပတ်အသီးသီး စုပေါင်းမည်ဆိုပါက အနည်းဆုံး သိန်း (၁၄၀၀) ကျော် ရှိလေသည်။

ဝါတွင်းသာမက ဝါပတွင်လည်းနွေသံဃဒါနအသင်းကြီးရှစ်သင်းမှ ဝတ်မပျက်လောင်းလှူကြသည့် အပြင် အသင်းလေးများမှလည်း မိမိတို့ ဝေါစရဂါမ်အလိုက် စွမ်းအားရှိသလောက် လောင်းလှူကြပါသည်။

ရှေးအခါ ပထမရွှေကျောင်းဆရာတော်ဘုရားကြီးက သံဃဒါနများ၏ တည်နေရာကို စာဖွဲ့တော်မူခဲ့ပါသည်

၁။ တနင်္ဂနွေအတွင်း သုံးပင်ကွင်း မယွင်းနေ့စဉ်သာ၊
၂။ တနင်္လာပတ် ဈေးကြီးရပ် မပြတ်ဆွမ်းလောင်းကာ၊
၃။ အင်္ဂါပတ်ဝယ် တာငါးဆယ် ကြွဖွယ်အရှက်လာ၊
၄။ ဗုဒ္ဓဟူးပတ် ဆကာရပ် မပြတ်တီးမှုတ်ကာ၊
၅။ ကြာသပတေးပတ် ဥယျာဉ်ရပ် နီးကပ်သိမ်နဲ့သာ၊
၆။ လက်သမားရပ် သောကြာပတ် လှူကပ်ယာဂုသာ၊
၇။ ရွှေပြောင်ပြောင်ရပ် စနေပတ် ဝါတွင်းမလပ် စိတ် ဝယ်မှတ် မပြတ်လှူဒါန်းကာ

(ယခင် - ရွှေပြောင်ပြောင်၊ ယခု ရွှေစေတီဟု ခေါ်သည်။)

သံဃဒါနအသင်းများ၏ ထူးခြားချက်များမှာ -

၁။ သုံးပင်ကွင်းရပ် တနင်္ဂနွေပတ် သံဃဒါနဆွမ်းလောင်းအသင်းသည် ဆွမ်းပိတ်ပွဲ၌ ရန်ကုန်အငြိမ့်အမြဲပါသည်။







၂။ ဈေးကြီးရပ် တနင်္လာပတ် သံဃဒါနဆွမ်းလောင်းအသင်းသည် လောင်းလှူသည့် ကုလားပဲဟင်းအချက်ကောင်းလှသည်။

၃။ တာငါးဆယ်ရပ် အင်္ဂါပတ် သံဃဒါနဆွမ်းလောင်းအသင်းသည် မျှစ်နှင့် ဝက်သားဟင်းချက်ကောင်းလှသည်။ ယာဂုဆွမ်းလည်းကပ်သည်။

၄။ ဆကာရပ် ဗုဒ္ဓဟူးပတ် သံဃဒါနဆွမ်းလောင်းအသင်းသည် ဆွမ်းပတ်တိုင်းအမြဲဆိုင်းပါသည်။

၅။ ဉယျာဉ်ရပ် ကြာသပတေးပတ် သံဃဒါနဆွမ်းလောင်းအသင်းသည် ယခင်က ရွှေကျောင်းသိမ်တော်နှင့် နီးသည်။ ယခု ဗိုလ်ဘသိန်းလမ်းထိပ်ပြောင်းရွှေ့သည်။

၆။ လက်သမားရပ် သောကြာပတ် သံဃဒါနဆွမ်းလောင်းအသင်းသည် ငါးနှင့် သပြေသီးချဉ်ဟင်းအလွန်ကောင်းသည်။

၇။ ရွှေပြောင်ပြောင်ရပ် (ရွှေစေတီရပ်)ရှိ စနေပတ် သံဃဒါနဆွမ်းလောင်းအသင်းသည် လူငယ်များတက်ကြွညီညွတ်စွာ ကပ်လှူကြသည်။

ဟသာ်တမြို့မှ ရန်ကုန်ရောက် ဟသာ်တ အသင်းသူ/အသင်းသားများသည် ဟသာ်တမြို့သို့ တစ်နှစ်တစ်ခေါက် တပျော်တပါး ပေါင်းစုညီညာ ဆွမ်းလောင်းလာကြသည်မှာ ဝမ်းမြောက်ကြည်နူးဖွယ်ကောင်းလှသည်။ ဆွမ်းငွေပဒေသာပင်များ စိုက်ထူခြင်း၊ စာသင်တိုက်ရှိ သံဃာတော်များကို ဝတ္ထုငွေကြေးလည်း နှစ်စဉ်လှူဒါန်းပါသည်။

ဟသာ်တမြို့သူမြို့သားများ၏ စေတနာ သဒ္ဓါတရားဖွံ့လှုံ့လ ဝီရိယတို့ဖြင့် အဆက်ဆက်သော ကုသိုလ်ရှင်တို့က ထာဝစဉ် လက်ဆင့်ကမ်းထမ်းဆောင်ခဲ့ကြရာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှာပင် ဆွမ်းဝတ်မပျက်လောင်းလှူခဲ့ပါသည်။ သံဃဒါနဆွမ်းစတင်လောင်းလှူသည့်နှစ်ကို အလွယ်တကူသိစေရန် (အေးချမ်းသာလှဆွမ်းဒါန အစမြို့ဟသာ်) ဟု စာချိုးထားရာ ၁၂၆၄ ခုနှစ်မှ စတင်လောင်းလှူလာရာ ယခုဆိုလျှင် နှစ်ပေါင်း (၁၁၂) နှစ် ပြည့်မြောက်ခဲ့ပေပြီ။ နှစ်ရာထောင်မက တည်တံ့စေရန် ဝါတွင်းသံဃဒါနအသင်းများနှင့် ဝါပ (နွေ) သံဃဒါနအသင်းများ၏ အမှုဆောင်များထဲ ထပ်ဆင့်ရွေးချယ်ကာ "ဟသာ်တမြို့နယ် သံဃဒါနအဖွဲ့ချုပ်" ဟု အမှုဆောင်အဖွဲ့ ဖွဲ့စည်းထားလေသည်။ ထိုအဖွဲ့ နွေ/မိုး သံဃဒါနအဖွဲ့များ၏

(က) စည်းလုံးညီညွတ်ရေး၊

(ခ) အခက်အခဲရှိပါက ကူညီညှိနှိုင်းဖြေရှင်းပေးခြင်း၊

(ဂ) ဆွမ်းပတ်များတွင် ဆွမ်းအလှူရှင်မပြည့်ပါက အလှူရှင် ရှာပေးခြင်း၊

(ဃ) ရန်ကုန်ရှိ ဟသာ်တအသင်းမှ ပံ့ပိုးမှုများရရှိစေရန် ကူညီဆောင်ရွက်ပေးခြင်း၊

(င) သံဃဒါနအဖွဲ့ချုပ်မှရရှိသည့် အတိုးအညွန့်များကို နွေ/မိုးသံဃဒါနများသို့ နှစ်စဉ် ပံ့ပိုးပေးခြင်း

စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက် -

မိဘဘိုးဘွား အစဉ်အဆက် ထမ်းရွက်ခဲ့ကြသော မွန်မြတ်လှသည့် ဆွမ်းအလှူကုသိုလ်ထူးကို ဂုဏ်ယူဝမ်းမြောက်စွာ သာဓုအနုမောဒနာပြုလျက် သားစဉ်မြေးဆက် ကုသိုလ်ခရီးဆက်နိုင်ကြစေရန် ရည်သန်ဆောင်ရွက်လျက် ရှိပါသည်။

**ဦးစိုးတင့်**

# အရေးကြီးသော အခြေခံအုတ်မြစ်

## ထွန်းမြတ်တေဇ (မြန်အောင်)

ကလေးငယ်များ၏သဘာဝအရမိမိပတ်ဝန်းကျင်တွင်တွေ့မြင်နေရသည်များကို စူးစမ်းလေ့လာပြီး သိချင်လိုစိတ်ဖြင့် လူကြီး၊ မိဘများကို မေးမြန်းတတ်ကြပါသည်။ စာရေးသူငယ်စဉ်က အဆောက်အအုံတစ်ခု တည်ဆောက်ဖို့အတွက်မြေကြီးများကိုတူးဆွပြီးအုတ်ခဲများစီနေတာတွေ့ရသဖြင့်သိချင်တာနဲ့ ဖခင်ဖြစ်သူအား "အဖေ ဘာဖြစ်လို့ အဲဒီလိုလုပ်ရတာလဲလို့" မေးလိုက်တော့ အဖေက ဒီလိုရှင်းပြပါတယ်။ "အဆောက်အအုံတစ်ခုကို တည်ဆောက်ဖို့အတွက် အခြေခံအုတ်မြစ် လိုတယ် သားရဲ့၊ ဒီလို အခြေခံအုတ်မြစ်ကို အသေအချာ လုပ်ထားမှ အဆောက်အအုံက ရေရှည်တည်တံ့ပြီး လေဒဏ်၊ မိုးဒဏ်ရာသီဥတုဒဏ်တွေကို ခံနိုင်ရည် ရှိမှာလို့" ရှင်းပြပါတယ်။ အခြေခံအုတ်မြစ်နဲ့ပတ်သက်ပြီး စာရေးသူငယ်စဉ်က သိမြင်ခဲ့ရသည့် အချက်လေးဖြစ်ပါတယ်။

လယ်ယာလုပ်ငန်းနှင့်ပတ်သက်၍လည်း စာရေးသူတို့ နေ့စဉ်စားသုံးနေသော ထမင်းသည် စပါးကနေ ဆန်ဖြစ်၊ ဆန်ကို ထမင်းအဖြစ် ချက်ပြုတ်စားလွယ်တယ်လို့ ထင်နေခဲ့မိပါတယ်။ တကယ်လက်တွေ့ လေ့လာကြည့်မိတော့ စပါးစိုက်ဖို့အတွက် ထယ်ထိုး၊ လယ်ထွန်၊ ပျိုးကြဲ၊ ပျိုးနုတ်၊ နှီးထိုး (ပျိုးပင်တွေစည်းဖို့ရန်)၊ ကောက်စိုက်၊ ရိတ်သိမ်းချိန်မှာ ကောက်ရိတ်၊ ကောက်လှိုင်းစီး၊ လှည်းပေါ်တင်၊ တလင်းနယ်၊ စပါးလှေ့ အဆင့်ဆင့် လုပ်ရတာတွေ ခက်ခဲမှုတွေကို တွေ့ရပါတယ်။ စာရေးသူ အကြမ်းဖျင်း အကုန်ပြောသွားတာ ထယ်မထိုးမီလယ်ထဲကို မြေသြဇာထည့်တာ၊ စပါးပင်တွေစိုက်ပြီး မြေသြဇာတို့၊ ဆေးဖျန်းတာတို့ အများကြီးလုပ်ရပါသေးတယ်။ မိုးစပါးပြီးလို့ နွေရာသီ ပဲမျိုးစုံစိုက်ပျိုးရေးအတွက်လည်း အဲဒီလိုပဲ ပင်ပန်းစွာနဲ့ အဆင့်ဆင့် လုပ်ရပါတယ်။ ယခုအခါ

တွင် တောင်သူဦးကြီးများသည် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ပြောင်း လဲကျင့်သုံးလာပြီဖြစ် သဖြင့် ရေးယခင်ကထက်တော့ ပိုမိုမြန်ဆန်လွယ်ကူစွာ လုပ်ကိုင်လာနိုင်ပြီဖြစ်ပါတယ်။ စာရေးသူက တောရွာတွင် မွေးဖွားကြီးပြင်းခဲ့ရသူဖြစ်သည့်အတွက် လယ်ယာလုပ်ငန်းနဲ့ နီးစပ်ပတ်သက်သည့် အခြေခံအချက်များကို ထုတ်နုတ်ပြခြင်းဖြစ်ပါတယ်။ တခြားသော စီးပွားရေးလုပ်ငန်းများတွင်လည်း ထိုနည်းအတိုင်း အခြေခံအဆင့်များစွာဖြင့် လုပ်ကိုင်ရပါတယ်။

ပညာသင်ရာမှာလည်း ဥပမာ - သင်္ချာတန်းမှာ "က"၊ "ခ"၊ "ဝ" လုံးကို ကောင်းကောင်းမတတ်၊ မသိဘဲ ပထမတန်း၊ ဒုတိယတန်း ဖတ်စာတွေကို ဘယ်လိုဖတ်၊ ဘယ်လိုနားလည်နိုင်မှာလဲ။ အခြေခံဖြစ်သော သူငယ်တန်းစာကို ကြေညက်သည့်ကျောင်းသားအတွက် ပထမတန်းဖတ်စာကို ကောင်းစွာလိုက်နိုင်မှာ ဖြစ်ပါတယ်။ ထို့နည်းတူ ရှစ်တန်း၊ ကိုးတန်းအခြေခံကို ကောင်းစွာနားလည်မှ ဆယ်တန်း (တက္ကသိုလ်ဝင်တန်း) စာကို ကောင်းစွာနားလည်ပြီး အောင်မြင်စွာ ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

တက္ကသိုလ်ဝင်တန်း ကျောင်းသားတစ်ယောက်သည်လည်း သင်္ချာဘာသာရပ်မှာ "Calaulus" အခန်းကို လွှတ်ထားရင် တက္ကသိုလ်ပထမနှစ်မှာ သင်္ချာဘာသာရပ်နဲ့ တွေ့ခဲ့ပါက ဆရာသင်နေပေမဲ့ ဘာသင်နေမှန်း မသိဘဲ ယောင်ချာချာဖြစ်ပြီး အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရမှာဖြစ်ပါတယ်။ စာရေးသူက သင်္ချာဘာသာရပ်နဲ့ဆိုင်သည့် ဥပမာတစ်ခုကို ပြောခြင်းဖြစ်ပါတယ်။ တခြားသော နည်းပညာ၊ ဘာသာရပ်တွေ မှာလည်း အဲဒီလိုပါပဲ။ အခြေခံကိုကောင်းစွာ ကြေညက်စွာ တတ်သိထားမှသာ အဆင်ပြေစွာနဲ့ အခက်အခဲများကို ပြေလည်အောင် ဖြေရှင်းနိုင်ပြီး စာမေးပွဲဆိုသည့် ပန်းတိုင်ကို အောင်မြင်စွာ ဖြေဆိုနိုင်မှာဖြစ်ပါတယ်။

ဘာသာရေးမှာလည်း စာရေးသူတို့ ထေရဝါဒ ဗုဒ္ဓဘာသာဝင်တွေဟာ အခြေခံအုတ်မြစ်ခိုင်ထားဖို့ လိုပါတယ်။ သာသနာတော်ကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဆိုသည့် အခြေခံအုတ်မြစ် သုံးရပ်ရှိပါတယ်။ တရားဘာဝနာ အားထုတ်ရာတွင်လည်း သီလ၊ သမာဓိ၊ ပညာဆိုတဲ့ အခြေခံအုတ်မြစ်သုံးရပ်ရှိပါတယ်။ ရှေးဦးစွာ သီလဆိုသည့် အခြေခံအုတ်မြစ်ကို ခိုင်မြဲခိုင်မာအောင် စောင့်ထိန်းနိုင်မှ ဝိပဿနာဘာဝနာ၊ ပညာပိုင်းကို ဆက်တက်နိုင်မှာဖြစ်ပါတယ်။ ကိုးကွယ်မှုအပိုင်းတွင်လည်း စာရေးသူတို့ ထေရဝါဒ ဗုဒ္ဓဘာသာဝင်တွေဟာ ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံဆိုသည့် သရဏဂုံသုံးပါးကို ယုံယုံကြည်ကြည်နဲ့ ကိုးကွယ်ဆည်းကပ်ရခြင်းမျိုး ဖြစ်ရပါမယ်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကိုးကွယ်ခြင်းဟာ တစ်စုံတစ်ယောက်ကို ကြောက်လို့၊ နိုင်းစေလို့၊ ပစ္စည်းလာဘ်လာဘ၊ ရာထူးရယူလိုသောကြောင့် ကိုးကွယ် ဆည်းကပ်ရခြင်းမျိုး မဖြစ်သင့်ပါဘူး။

ဆရာတော် ဦးဇောတိက (မဟာမြိုင်တောရ) အမေရိကမှာ နေစဉ်တုန်းက Dr. Ronald Browing က ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ ဆရာတော်ကို မေးလျှောက်ခဲ့ခြင်း ဖြစ်ပါတယ်။ Dr. Ronald Browing က ဆရာတော်အား -

What is the frame work of Buddhism

လို့မေးသောအခါ ဆရာတော်က -

cause and effect.

"ဗုဒ္ဓဘာသာရဲ့ အခြေခံ (frame work)က အကြောင်းနဲ့အကျိုး ဖြစ်ပါတယ်။ အကြောင်းတရားတွေကလည်း သဘာဝ၊ အကျိုးတရားတွေကလည်း သဘာဝဆိုတော့ ဗုဒ္ဓဘာသာရဲ့အခြေခံဟာ သဘာဝ အကြောင်းအကျိုးတွေပါပဲ"လို့ ပြန်လည်ဖြေကြားခဲ့ပါတယ်။

ထို့ကြောင့် ဘယ်နေရာ၊ ဘယ်အလုပ်မှာဖြစ်ဖြစ် အခြေခံအုတ်မြစ်ဟာ အလွန်အရေးကြီးကြောင်း ထင်ရှားလှပါတယ်။ အခြေခံအုတ်မြစ်ကို ခိုင်မြဲစွာ ချထားမှသာ လောကီနယ်ပယ်မှာဆိုရင် လေဒဏ်၊ မိုးဒဏ်၊ သဘာဝဘေးဒဏ်၊ လောကဓံတွေကို ကြံ့ကြံ့ခိုင် ရင်ဆိုင်ကျော်လွှားနိုင်မှာ ဖြစ်သလို လောကုတ္တရာဘက်တွင်လည်း အခြေခံအုတ်မြစ်ကို ခိုင်မြဲစွာချထားမှသာ ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်အဖြစ်နဲ့ ရခဲလှတဲ့ လူ့ဘဝမှာ တရားဘာဝနာများ ပွားများအားထုတ်ပြီး မဂ်၊ ဖိုလ် နိဗ္ဗာန်လမ်းကို တက်လှမ်းနိုင်မှာ ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါတယ်။

စာဖတ်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

**ထွန်းမြတ်တေဇ (မြန်အောင်)**

# စေတနာပန်းခင်း ရနံ့သင်းပြီ

ဒေါ်ဝင်းကြည် (ပန်းပျိုးမေ)

ရင်မှာဖြစ်သော စိတ်ကောင်းနှလုံးကောင်းဖြင့် စေ့ဆော်သည့် စေတနာသည် မင်္ဂလာရှိသော ပန်းတစ်ပွင့်ပင် ဖြစ်သည်။ ထိုစေတနာပန်းတို့ ပေါင်းစုထားသော ရောင်စုံအလှတို့ ဖူးပွင့်ဝေရာ စေတနာပန်းခင်းသည်ကား အဘယ်မျှ မင်္ဂလာရှိပါအံ့နည်း။ တွေးကြည့်ရုံဖြင့် ပီတိဖြာကာ ကြည်နူးစရာပင်။ အမည်ကြားသည်နှင့် မုဒိတာပွားချင်စဖွယ်ပင်။ ဤသို့ဂုဏ်အင်ကြီးမားသော စေတနာပန်းခင်းသည်ကား ဧရာဝတီတိုင်းဒေသကြီးအတွင်း ဟသ်ာတမြို့နယ်နှင့် လေးမျက်နှာမြို့နယ်၏ အရှေ့ဘက်နယ်စပ်ဒေသဖြစ်သောဟသ်ာတ - အိုင်သပြကားလမ်းမကြီးဘေးရှိ လေးမျက်နှာမြို့နယ်၏ အားထားရာ ခမောက်စုရွာတွင် တည်ရှိပေသည်။





အရှင်တေဇနန္ဒ
စေတနာပန်းခင်း

အမြင်အားဖြင့် မကြီးကျယ်သော်လည်း စေတနာကား ခမ်းနားလှသည်။ အများအကျိုး၊ ဘာသာ သာသနာအကျိုးကို ထမ်းရွက်လိုသော စေတနာရှင်၊ ဝါသနာရှင်တို့ ပေါင်းစုဖွဲ့စည်းထားသော ပရဟိတ အကျိုးပြုလုပ်ငန်းငယ်လေး ဖြစ်သည်။ အတ္တတို့ လွှမ်းမိုးရာ လူ့လောကနယ်ပယ်တွင်အများအကျိုးပြုပရဟိတလုပ်ငန်းကိုကိုယ်ကျိုးစွန့် အနစ်နာခံ လုပ်ကိုင်နေသူများကား လေးစားဖွယ်ရာပင်။

စေတနာပန်းခင်း၏ မူလလုပ်ငန်းစဉ်ကား ကလေးသူငယ်များအား ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်သည်။ သင်တန်းသာဆိုရသည်၊ မည်သည့်အဖွဲ့အစည်းမျှ မပါ။ လက်လှမ်းမီရာ ဒကာ၊ ဒကာမများကို အရှင်တေဇနန္ဒက ဦးဆောင်၍ ကလေးငယ် (၆) ယောက်သာ ပါဝင်သော သင်တန်းငယ်သာ စတင်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။ သင်တန်းတည်ရာကား သီးသန့်အဆောက်အအုံမရှိ။ ဦးဇင်း၏ မိခင်ရင်းသဖွယ် ဒကာမရင်းဖြစ်သော ဒေါ်သိန်းနှင့်သမီး မသန္တာဦးတို့၏အိမ်၌သာ ဖြစ်သည်။ သင်တန်းကြေးက ဗလာ၊ ဆရာကလည်း တစ်ပါးတည်း။ သင်တန်းကာလ နွေရာသီကျောင်းပိတ်ရက်များသာ ဖြစ်သည်။ အာဟာရအဖြစ် အလှူရှင်တို့၏ အာစိဏ္ဏကံကုသိုလ်များမှ ချိုချဉ်၊ မုန့်ပဲသရေစာများသာ ဖြစ်သည်။

သင်တန်းက မကြီးကျယ်သော်လည်း အကျိုးကား ကြီးမားလှသည်။ တိုးတက်နေသော ပညာရေးနှင့် ဒွန်တွဲနေသော ဆုတ်ယုတ်မှုကား ဘုန်းကြီးကျောင်းပညာရေးနှင့် အလှမ်းဝေးနေကြခြင်းဖြစ်သည်။ ထိုအရေးကို တွေးမိသော ဦးဇင်းလေးက ကလေးငယ်တို့ ဗုဒ္ဓဘာသာ အခြေခံကို သိနားလည်စေချင်သည်။ ထို့ကြောင့် ယဉ်ကျေးလိမ္မာရေးအတွက် ဘာသာတရားကို အဓိကဦးစား ပေးသင်ကြားသော ဆရာတော် ဦးတေဇနန္ဒကား သက်တော် (၃၁) နှစ်၊ ဝါတော် (၁၁) ဝါသာရှိသေးသော ရဟန်းပျိုတစ်ပါးသာ ဖြစ်သည်။ ဆရာတော်ကို ဧရာဝတီ တိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ မဟာသာကျေးရွာတွင် ခမည်းတော် ဦးအုန်းမြင့်နှင့် မယ်တော် ဒေါ်သန်းငြိမ်းတို့မှ ဖွားမြင်သော မွေးချင်းလေးဦးအနက် အငယ်ဆုံးသားရတနာတစ်ပါးပင်ဖြစ်သည်။

ငယ်စဉ်အခါက ကိုရင်ဘဝမှစ၍ ဧရာဝတီတိုင်း ဒေသကြီး၊ ဟင်္သာတမြို့ မဟာဓမ္မိကာရုံကျောင်းတိုက်၊ ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက်၊ ရန်ကုန်တိုင်း ဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်ရှိ ကျောင်းကြီးတိုက်၊ ဘုံပျံကျောင်း၊ စမ်းချောင်းမြို့နယ်၊ ဝံသမေဒိနီစာသင်တိုက်၊ မန္တလေးမြို့ ဘုရားကြီးတိုက်၌ မူလတန်းမှ ဓမ္မာစရိယတန်းထိ ဗုဒ္ဓစာပေများကို သင်ယူခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ရန်ကုန်ဗုဒ္ဓတက္ကသိုလ်မှ ပေးအပ်ချီးမြှင့်သော B.A (Indio - Aryan) သာသန္တရဆောက ဓမ္မာစရိယဘွဲ့ကို ရရှိခဲ့သည်။ ဆက်လက်၍ ထိုင်းနိုင်ငံ၊ မဟာချူလာ လောင်ကွန်းတက္ကသိုလ်၌ M.A (Buddlish) ပညာရပ်များကို လေ့လာဆည်းပူးသည်။ ယခုကာလတွင် သီရိလင်္ကာနိုင်ငံတွင် ပညာဆည်းပူးနေဆဲ ဖြစ်သည်။

ထိုင်းနိုင်ငံ၌ ပညာသင်နေစဉ် ကာလအတွင်း အားလပ်သော တနင်္ဂနွေနေ့တိုင်း "ဗုဒ္ဓဓမ္မ" သင်တန်းကို ဖွင့်လှစ်ပေးသည်။ ထိုင်းနိုင်ငံရောက် ဗုဒ္ဓဘာသာ မြန်မာလူမျိုးအများစု ပါဝင်သော ထိုသင်တန်းကား ယနေ့တိုင် ဆက်လက်တည်မြဲနေဆဲ ဖြစ်သည်။ အရှင်တေဇနန္ဒသည် ရိုးသားကြိုးစားမှုကြောင့် ဒကာ၊ ဒကာမတို့၏ ပစ္စည်းလေးပါး လှူဖွယ်အထောက်အပံ့ကောင်းများဖြင့် ပညာသင်ယူကာအောင်မြင်မှုရရှိခဲ့သော်လည်းမရောင့်ရဲနိုင်။ မိမိ၏ငယ်ဘဝနှင့်နှိုင်းယှဉ်ကာ ကလေးငယ်များကို စာနာတတ်သည်။ အချိန်ကိုတန်ဖိုးထား၍ ဘဝကို မြှင့်တင်စေလိုသည်။ စာတတ်၍ စာဖတ်စေလိုသည်။ အထူးသဖြင့် ကျေးလက်နေဘဝများကို စာပေနှင့် အလှမ်းမဝေးစေလိုပေ။ စာအုပ်စာပေကို ခင်တွယ်ကာ စာပေ၏ အကျိုးကို မြတ်နိုးစေလိုသောကြောင့် စာကြည့်တိုက်များကိုလည်း ဖွင့်လှစ်ပေးလိုသောဆန္ဒမှာ အရှင်တေဇနန္ဒ၏ ထက်သန်သော စေတနာရင်းမှန် ဖြစ်သည်။ သူ၏ ဒုတိယရည်ရွယ်ချက်ဖြစ်သော စာကြည့်တိုက်ဖွင့်လှစ်ရေးကို အကောင်အထည်ဖော်တော့သည်။

အဆောက်အအုံမရှိသေးသော်လည်း အဓိကမကျ၊ စာဖတ်သူနှင့် စာအုပ်လှူသူကသာ ပဓာနကျသည်ဟု ယုံကြည်ထားသည့်အတိုင်း ကိုယ်တိုင်စုဆောင်းထားသော စာအုပ် (၅၀) ဖြင့် ပထမဆုံး စေတနာပန်းခင်း စာကြည့်တိုက်ကလေးကို ဖွင့်လှစ်ခဲ့သည်။ ထုံးစံအတိုင်း ဒကာမကြီး ဒေါ်သိန်း၏အိမ်တွင် ဗီရိုတစ်လုံးသာ ရှိသော စာကြည့်တိုက်ကလေး၏ စာကြည့်တိုက်မှူးမှာ အပြော






မချိုသော်လည်း စေတနာဖြူစင်သော ဆရာမ ဒေါ်သန္တာဦးပင် ဖြစ်သည်။ လက်လှမ်းမီရာ စာဖတ်လိုသူများထံ အိမ်တိုင်ရာရောက် စာအုပ်များပို့၍ ငှားပေးခြင်း သာမက ပြန်အပ်သောအခါ၌လည်း ကိုယ်တိုင်ပင်သွားရောက် လက်ခံယူရသည်။အသင်းဝင်ကြေး (၁၀၀ဝိ/-)ပေးလျှင် တာဝန်ကြေပြီယူဆကြသော စာဖတ်သူအချို့ကြောင့် တစ်ခါတစ်ရံ စိတ်ကသိကအောက် ဖြစ်ရသည်။ သို့သော် ဦးဇင်း၏ ဒကာမရင်းပီသစွာဖြင့် သည်းခံကာ စာကြည့်တိုက်ရည်ရွယ်ချက်ကို ဆက်လက်အကောင်အထည်ဖော်ခဲ့သည်။ ဤသို့ဖြင့် အခက်အခဲမျိုးစုံကြားမှ စေတနာပန်းခင်းစာကြည့်တိုက်ကား တည်တံ့ခဲ့သည်။ ယခုအခါ နှစ်ထပ်တိုက်အဆောက်အအုံနှင့်တကွ စာအုပ်မျိုးစုံစွာဖြင့် ခမ်းနားစွာ ရပ်တည်နိုင်ခဲ့လေပြီ။ စေတနာပန်းရနံ့တို့ကား သင်းပျံ့ကာလှိုင်ခဲ့လေပြီ။

စေတနာပန်းခင်းစာကြည့်တိုက်ကားကျေးလက်နေပြည်သူတို့အား မျက်စိ၊ နားကို ပွင့်စေခဲ့ပြီး ဆက်လက်၍ ဖတ်ပြီးစာများ မမေ့မလျော့စေရန်နှင့် စာဖတ်ရှိန် မြှင့်တင်ရေးအတွက် ကြိုးစားပြန်သည်။ နှစ်စဉ် တစ်နှစ်လျှင် တစ်ကြိမ် စာဖတ်နှုန်းအများဆုံးဆုများ ရွေးချယ်ပေးခြင်းဖြင့် စာပေတန်ဖိုးကို သိစေသည်။ ထိုသို့ချီးမြှင့်ရာတွင် ဖတ်ပြီးစာရင်းပါစာအုပ်များထဲမှ မှတ်သားဖွယ်ရာ အချို့ကို ကောက်နုတ်ကာ မေးခွန်းနှင့် ဖြေစေခြင်းဖြင့် အရည်အချင်းပြည့်မီသူကိုသာ ဆုချီးမြှင့်ပေးသည်။

အလားတူ စာကြည့်တိုက်မျိုးကို ဦးဇင်း၏ မွေးရပ်မြေဖြစ်သော ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ် မဟာသာရွာတွင် ဒုတိယအကြိမ်ဖွင့်လှစ်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့၌ လှူငယ်ပျိုးခင်းစာကြည့်တိုက်ကို တတိယအကြိမ် ဖွင့်လှစ်နိုင်ခဲ့သည်။ ၎င်းတို့အားလုံးသည် အရှင်တေဇနန္ဒ၏ ဦးဆောင်မှုကောင်းနှင့်ဒကာ၊ဒကာမတို့၏စေတနာကောင်းများပေါင်းစုရုံသာမက အနာဂတ်၏မျိုးဆက်သစ်ကလေးများ၏ စာပေဝါသနာလေ့လာမှုတို့ကြောင့် အောင်မြင်မှုရခဲ့ခြင်း ဖြစ်ပေသည်။ အားရဖွယ်အကောင်းဆုံးကား ယခုကာလတွင် အရှင်တေဇနန္ဒသည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် စာကြည့်တိုက်တစ်ခုကို ထူထောင်ထားခြင်းဖြစ်သည်။ အသင်းသားဦးရေ (၃၀၀) ရှိလာပြီဖြစ်သဖြင့် အားရကျေနပ်ဖွယ်ရာအတိပင်။ တိုင်းတစ်ပါးရောက်မြန်မာတို့အားမြန်မာစာပေနှင့် မကင်းကွာအောင် စာပေဒါနပြုပေးရုံသာမက မြန်မာတို့၏ သွေးစည်းမှုကား အချိန်နေရာဒေသမရွေး ရင်မှာအမြဲကိန်းအောင်းနေကြောင်း ပြသနိုင်ခဲ့သည်။

စေတနာပန်းခင်း၏ တတိယလုပ်ငန်းစဉ်ဖြစ်သော ကလေးသူငယ်များအား အာဟာရကျွေးမွေးရေးကိုလည်းအကောင်အထည်ဖော်နိုင်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်ကစတင်၍လှူဒါန်းခဲ့ရာ ယခု ၂၀၁၄ ခုနှစ်ထိ လေးမျက်နှာမြို့နယ်နှင့် ဟင်္သာတမြို့နယ်အတွင်း (ခမောက်စုပတ်ဝန်းကျင်)ရှိ အမက၊ အလက၊ အထကများ၌ (၅၁) ကြိမ်တိုင် ကျွေးမွေးပြီးဖြစ်သည်။ တာဝန်ဝတ္တရားများကြားမှ ဝိုင်းဝန်းကြိုးပမ်းကြသော အဖွဲ့သူ/သားအားလုံးကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ်ကံစမ်းမဲများဖောက်၍ ဘုရားဖူးခရီးစဉ်များဖြင့် အပန်းဖြေစေခဲ့သည်။ ထို့ပြင် ဘိုးဘွားများအား သက်ကြီးပူဇော်ပွဲကျင်းပပေးခြင်း၊ ဇီဝိတဒါနအဖြစ်






တစ်လတစ်ကြိမ် ဆေးစစ်ကုသပေးခြင်း၊ ကြည့်ရှုထောက်ပံ့မှုမဲ့သော ဘိုးဘွားများအား လစဉ်လှူဒါန်းပေးခြင်းနှင့် ကူညီအားပေးခြင်းများကိုလည်း ပြုလုပ်နေကြသည်။ အထူးအစီအစဉ်အဖြစ် ရန်ကုန်မြို့မှ နယ်လှည့်ဆေးကုသရေးအဖွဲ့မှ လာရောက်စစ်ဆေးကုသမှုကုသိုလ်ပြုကြသေးသည်။ ထိုအခါမျိုးတွင် ရပ်ရွာအနီးဝန်းကျင်မှ မည်သူမဆို အခမဲ့ဆေးကုသစေခဲ့သည်။

စေတနာပန်းခင်းဟူသော အမည်နှင့်လိုက်ဖက်စွာ ကျေးလက်မှရှိတဲ့၍ ကျောင်းမနေနိုင်သော ကလေးများကို ကျောင်းအပ်နှံ၍ လိုအပ်သည်များကို ကူညီပံ့ပိုးပေးခြင်း၊စာတော်သော်လည်းကျောင်းဆက်မတက်နိုင်သော ကလေးများကို ကျောင်းဆက်ထားပေးခြင်း စသည်တို့ကို တတ်အားသရွေ့ ရိုင်းပင်းကူညီလျက် ရှိသေးသည်။ ကလေးသူငယ်တို့၏ အခွင့်အလမ်းများ မဆုံးရှုံးရေးအတွက် ပညာပါရမီ ဖြည့်ဆီးပေးရာ မည်ပေသည်။ ကြည်နူးစရာ အကောင်းဆုံးမြင်ကွင်းကား နှစ်စဉ် ရှင်အပါး (၁၀၀) ပါဝင်သော စုပေါင်းရှင်ပြု ရဟန်းခံ အလှူတော်မင်္ဂလာပွဲ ဖြစ်သည်။ ပထမအကြိမ် အလှူပွဲကို ခမောက်စုရွာတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ဒုတိယအကြိမ်ကို မော်လမြိုင်ကျွန်းမြို့နယ်၊ ကနစိုချောင်းရွာတွင် ကျင်းပခဲ့သည်။ ယခုနှစ် ၂၀၁၄ တွင် တတိယအကြိမ်အဖြစ် အင်္ဂပူမြို့နယ်၊ ကွင်းကောက်ရွာအနောက်ဘက်တောင်ခြေတွင် စည်ကားစွာ ကျင်းပခဲ့လေသည်။

ထိုမျှသာမက၊ ကထိန်အလှူကိုလည်း မလစ်ဟင်းစေရ။ စေတနာပန်းခင်းစာတန်းပါသော ဝတ်စုံလေးများကို ကိုယ်စီဝတ်ကာ ပဒေသာပင်လှည့်လာသည်ကို မြင်ရသူတိုင်း ကြည်နူးစေရသည်။ လေးမျက်နှာမြို့နယ်၊ ကျီးတောကုန်းဘုန်းတော်ကြီးကျောင်း၌ ပထမအကြိမ်ဘုံကထိန်ပွဲတော်ကို ကျင်းပခဲ့ပြီး နောင်နှစ်များတွင်လည်း အခြားဘုန်းတော်ကြီးကျောင်းများ၌ ဆက်လက်ကျင်းပပေးရန် စီစဉ်ထားပြီးဖြစ်ပါသည်။ သုံးရေ၊ သောက်ရေ ခက်ခဲသော အရပ်များ၌လည်း ရေကောင်းရေသန့်ရရှိရေးအတွက် စက်ရေတွင်းများကို တူးဖော်လှူဒါန်းမှုလည်း ပြုပေးသည်။

ဤကဲ့သို့ အလှူရေစက် လက်နှင့်မကွာ လှူဒါန်းနေသော အရှင်တေဇနန္ဒမှာ စုဆောင်းထားသော ငွေကြေးများရှိ၍ မဟုတ်။ စေတနာအရင်းခံကြောင့် ဖြစ်ပေါ်လာသောသဒ္ဓါတရားကထက်သန်လွန်းသဖြင့်ကြည်ညိုသဒ္ဓါပွားသူများက ပါဝင်လှူဒါန်းသောကြောင့် ဖြစ်ပါသည်။ တိုင်းတစ်ပါးရောက် စေတနာရှင်အချို့ကလည်း အင်တာနက်မှတစ်ဆင့် ပေးပို့လှူဒါန်းကြသည်။ ထို့ကြောင့်ပင် သဒ္ဓါစိတ်ထက်သန်လွန်းပါက မဟာဒုက်လို လှူဖွယ်တို့ကား ဆိုက်ရောက်လာနိုင်ကြောင်း ဗုဒ္ဓဘာသာဝင်တိုင်း ယုံကြည်သင့်ပေသည်။ ထိုသို့သော မုဒိတာပွားနိုင်သူတို့သာရှိခဲ့သော် လောကကြီးသည် နေချင်စဖွယ်ဖြစ်ရုံသာမက လောကခံဟူသမျှ ကြုံပါကလည်း မတုန်မလှုပ်ရင်ဆိုင်ရန် အသင့်ဖြစ်နေပေရော့မည်။ ထို့ကြောင့် အရှင်တေဇနန္ဒ ကိုယ်တိုင်ရေးသားသော "ကျေးလက် အလှတရား" စာအုပ်မှ ဆရာတော်၏အဆိုအမိန့်ကို လက်ဆင့်ကမ်း မျှဝေလိုပါသည်။

"သူရဲကောင်း"

လောကကောင်းကျိုး၊ အများကောင်းကျိုးအတွက်
သင့်ရဲ့ကံသုံးပါးလုံး (ကိုယ်၊ နှုတ်၊ စိတ်) ကို
အစွမ်းကုန် မြုပ်နှံပြီးသွားတဲ့ခါမှာ သင်ဟာ
သေမင်းကိုတောင် မကြောက်မရွံ့စိန်ခေါ်ဝံ့တဲ့
အရဲရင့်ဆုံး သူရဲကောင်း တစ်ယောက်ဆိုတာ
သင်ကိုယ်တိုင် သိလာပါလိမ့်မည်။

အရှင်တေဇနန္ဒ (အလင်းအိမ်)
စေတနာပန်းခင်း

ထို့ကြောင့် ဥယျာဉ်မှူးကောင်းမှ ပြုစုပျိုးထောင်ပေးခဲ့သော စေတနာပန်းခင်းသည်ကား အများပြည်သူတို့ စုပေါင်းပါဝင်ကာ ရေလောင်းပေါင်းသင် ဩဇာကျွေးခဲ့သောကြောင့် သင်းရနံ့တို့ လှိုင်ခဲ့လေပြီ။ ဆက်လက်၍ ရနံ့မပြယ် အလှကြွယ်စေကြောင်း စေတနာရှင်အပေါင်းက စုပေါင်းအလှဆင်ကြပါစို့ဟု တိုက်တွန်းရင်း စေတနာပန်းခင်း၏ သင်းရနံ့ကို ခံစားကြည်နူးနိုင်ကြပါစေသတည်း။

မှတ်ချက်။ အရှင်တေဇနန္ဒထံသို့ တိုက်ရိုက်လှူဒါန်းနိုင်ပါကြောင်း (Lumarein7@g mai.com)

**ဒေါ်ဝင်းကြည် (ပန်းပျိုးမေ)**

# ပြင်သစ်ဘုန်းတော်ကြီး၏ ပြောက်ကျွန်းရေရှာနည်း

**ဟသ်ာတသန်းလှိုင်ကျော် (ရွှေပန်းချီ)**



ပြာသိုလအလွန်အေးမြသောရာသီ စာရေးသူတို့ ရောက်ရှိနေသည်က ဟသ်ာတခရိုင်၊ အင်္ဂပူမြို့နယ်နှင့် မိုင်နှစ်ဆယ်နီးပါးဝေးကွာသော နတ်တောင်၊ မဲဇလီကုန်း မြို့ ဦးလေး ဦးသိန်းဇံ + ဒေါ်သန်းအေး (ကျော်ကျော်နိုင် အခမ်းအနားပြင်ဆင်ရေး) ၏ အဆက်အသွယ်ဖြင့် ဖျာပုံ မြို့အလှူရှင်တစ်ဦး၏ အလုပ်အပ်မှု ပန်းပုရုပ်လုံးအတွက် နတ်တောင်ပေါ်ကိုရောက်ရှိနေခြင်း ဖြစ်ပါသည်။ စာရေး သူနှင့်အတူ ဦးလေးဖြစ်သူ ဦးမဲကြီးအား လုပ်အားအဖော် အဖြစ်ထားရှိပြီး ထိုတောင်ပေါ်မှာပင် ချက်ပြုတ်စားရင်း ပန်းပုလုပ်ငန်းကို လုပ်ကိုင်ခဲ့သည်မှာ တစ်ပတ်ကျော် ခဲ့ပေပြီ။ ထိုတောင်ပေါ်မှာ အပင်များများစားစား မပေါက် ပေ။ တောင်ပေါ်မှာ ကြည့်လိုက်လျှင် တောင်စွယ်တောင် တန်းအထပ်ထပ်နှင့် စိမ်းညို့ညို့သစ်တောကြီးများဖြင့် ဖုံးလွှမ်းလျက် ရှိနေပါသည်။

ထိုတောင်ပေါ်တွင် စာရေးသူတို့နေရန် တဲလေး တစ်လုံးနှင့် ဇရပ်အပျက်တစ်လုံးသာရှိပြီး လွန်ခဲ့သော နှစ်များစွာကတည်းကတည်ထားခဲ့သောကိုးတောင်ပြည့် စေတီလေးသာ ရှိပါသည်။ တစ်နေ့ညနေစောင်း အချိန် စာရေးသူနှင့် ဦးလေးဖြစ်သူ ဦးမဲကြီးတို့နှစ်ယောက် ရေ နွေးအကြမ်းအိုးတစ်လုံးနှင့် ရေနွေးသောက်ရင်း အလွန် လှပသော သဘာဝအလှတရားများနှင့် ပြည့်စုံသော တောင်စဉ်တောင်တန်းက အထပ်ထပ်။ ကမ္ဘလာနီရောင် နေဝန်းကြီးက တောင်စွယ်တောင်တန်းကြား တဖြည်း ဖြည်းငုပ်လျှိုးသွားပုံ သဘာဝအလှတရားများကို တောင် ပေါ်မှ လေနအေးအေးရှူရှိုက်ရင်း ကြည့်ရှုခံစားနေခဲ့ကြ

ပါသည်။ ထိုသို့ကြည့်ရှုနေစဉ် စာရေးသူတို့ တောင်ခြေရင်းသို့ တရွေ့ရွေ့တက်လာသော ဘုန်းတော်ကြီးတစ်ပါးအား တွေ့လိုက်ရသဖြင့် အံ့သြသွားခဲ့ပါသည်။ ရွာခြေနှင့် (၄) မိုင်လောက်ဝေးသော စာရေးသူတို့ရှိရာ တောင်ပေါ်သို့သပိတ်တစ်လုံးလွယ်လျက်ပခုံးပေါ်သင်္ကန်းတစ်ထည်တင်၍ တစ်လှမ်းခြင်း မှန်မှန်လျှောက်လာနေသော ဘုန်းတော်ကြီးတစ်ပါးအား ဝမ်းသာအားရ သွားရောက်ကြိုဆိုဖို့ ဦးလေးဖြစ်သူအား "ဦးလေးမဲလာထ. ကျွန်တော်တို့ဘုန်းဘုန်းကိုသွားကြိုရအောင်" "အေးကောင်းတယ်" စာရေးသူနှင့် ဦးလေးမဲကြီးတို့ ကပျာကယာ ထသွားရင်း အနားရောက်လျှင် "အရှင်ဘုရား ဒီတောင်ပေါ်ကို ဘယ်လိုကိစ္စဖြင့် ကြွလာပါသလဲဘုရား"

"ဒီလိုကွယ့် ဒကာလေးရဲ့ ဘုန်းဘုန်းကို ဒီတောင်ကတောင်ပိုင်ကြီးကဒီမှာတရားကျင့်ဖို့မေတ္တာသုတ်ပရိတ်ရွတ်ဖို့အိပ်မက်ပေးလို့လာခဲ့တာပဲကွယ့်။အဲဒါဇရပ်လည်းရှိတယ် ပြောတယ်"

စာရေးသူက "ရှိပါတယ်ဘုရား၊ အဲဒီ ဇရပ်ကလေးက တပည့်တော်တို့တဲနဲ့ မနီးမဝေးမှာပါဘုရား" "အေးကောင်းလှသကွယ်၊ တောင်ပေါ်ရောက်မှပဲ အေးအေးလူလူပြောရတာပေါ့" "တင်ပ့ါဘုရား" သို့နှင့် စာရေးသူတို့လည်း ဘုန်းတော်ကြီးသီတင်းသုံးဖို့ ဇရပ်ကလေးအားလှည်းကျင်းပြီး ဖယောင်းတိုင်များ ပေးလှူရင်း "အရှင်ဘုရား လိုအပ်ရင် တပည့်တော်နဲ့ ဦးလေးမဲကြီးကို လှမ်းအသံပြုပါဘုရား" "အေးကွယ် ကဲ ကဲ သွားကြတော့ မှောင်နေပြီ" "တင်ပါ"

စာရေးသူလည်း တဲရောက်လျှင် "ဦးလေးမဲရေ အခုတော့ ပိုအားတက်သွားပြီ၊ တောင်ပေါ်မှာ ဘုန်းတော်ကြီးတစ်ပါး တရားလာထိုင်တာဆိုတော့ ဦးလေးမဲကြီးက "တို့လည်းကုသိုလ်ရအောင် ချက်ပြုတ်တာလေး ဆွမ်းလောင်းရတာပေ့ါကွာ" နစ်ယောက်သားစကားပြောရင်း အေးမြသော ဆောင်းညကို ပါလာသော စောင်လေးနှင့် ကာကွယ်ရင်း အိပ်ပျော်သွားခဲ့ကြပါသည်။ နံနက်မိုးလင်းသော် ဦးလေးဦးမဲကြီးက ဘုန်းတော်ကြီးအတွက် ဆွမ်းချက်ကပ်သောအခါ "ဒကာကြီး ဘုန်းကြီးက တစ်ထပ်ဆွမ်းဘုဉ်းပေးတာပါ၊ ဒကာကြီး လောင်းချင်ရင် ကိုးနာရီမှာ လောင်းပါ၊ ဘုန်းကြီးရွာခြေကို ဆွမ်းခံကြွရင်း အလှူခံပါ့မယ်" "တင်ပ့ါဘုရား" "ဟိုဒကာလေးလည်း လာဦးဘုန်းကြီးပြောဦးမယ်၊ ဒီတောင်ပေါ်မှာ ဘုန်းကြီး (၇) ရက်တရားထိုင်ဖို့ အဓိဋ္ဌာန်ပြုထားတယ်၊ နံနက်စောစောတစ်ကြိမ်၊ နေ့လယ် (၂) နာရီတစ်ကြိမ်၊ ည (၁၂) နာရီတစ်ကြိမ် ထိုင်မှာမို့ ဒကာလေးတို့အတွက် အနှောင့်အယှက် မဖြစ်ပါဘူးနော်" စာရေးသူက "အို ဘာမှအနှောင့်အယှက်မဖြစ်ပါဘူးဘုရား။ တပည့်တော်တို့က ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေပဲ ဘုရားရတနာသုံးပါးကြည်ညိုပြီးသားပါဘုရား" "အေးကွယ် . . . သာဓု . . . သာဓု ..."

နောက်ရက်များတွင်ဘုန်းတော်ကြီးနှင့်အတော်ရင်းနှီးသွားပြီး စာရေးသူတို့ ပန်းပုလုပ်ငန်းကိုလည်း တောင်ပေါ်မှာ အညောင်းဖြေလမ်းလျှောက်ရင်း ဝင်ကြည့်ပြီး "အင်း ဒကာလေးလုပ်ငန်းက . . . တယ်ပင်ပန်းတာပဲ၊ ဒကာလေး သက်သက်သာသာနဲ့လုပ်ရတဲ့ပညာ မယူချင်ဘူးလား" စာရေးသူက "ယူချင်တာပေ့ါ ဘာပညာလဲဘုရား" "အေး ...မြောက်ကျွန်းရေရှာနည်းပဲကွယ့် ဒကာလေး အဲဒီပညာအကြောင်း သိချင်ရင် ဒကာတို့ ညနေအလုပ်သိမ်း စားသောက်ပြီးရင် ဘုန်းကြီးတဲကျောင်းကိုဘောပင်၊ မှတ်စုပါ ယူလာခဲ့" စာရေးသူလည်း ဝမ်းသာအားရ "တင်ပ့ါ လာပ့ါမယ်ဘုရား" ဘုန်းတော်ကြီးလည်း ပြောပြောဆိုဆို ပရိတ်ရွတ်ဖတ်ရင်း သီတင်းသုံးနေရာ တဲကျောင်းသို့ပြန်ကြွသွားပါသည်။

စာရေးသူ အလုပ်သိမ်းပြီးသည်နှင့် ဘုန်းတော်ကြီးတဲကျောင်းသို့ သွားခဲ့ပါသည်။ စာရေးသူ ဦးချပြီး "အရှင်ဘုရား အဲဒီ မြောက်ကျွန်းရေရှာနည်း သင်ပေးပါတော့ဘုရား" "အေးကွယ့် ဒီပညာက နက်နဲတယ် သက်သက်သာသာနဲ့ကုသိုလ်လည်းရဝမ်းလည်းဝပေ့ါ" "တင်ပ့ါမိန့်ပါဘုရား" "ဒီပညာကို ဘုန်းကြီးရဲ့ ဖခင်ကြီး အနောက်ရိုးမတောထဲမှာ အဖွဲ့နဲ့ ဝါးခုတ်သွားရင်း ပြင်သစ်ဘုန်းကြီးတစ်ပါးနဲ့ ဆုံခဲ့တယ်။ ပြင်သစ်ဘုန်းတော်ကြီးက သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်နဲ့ တောတောင်အနှံ့ တရားကျင့်ကြံနေတဲ့ ဘုန်းတော်ကြီး၊ ဗမာစကားလည်းအတော်အတန်ပြောတတ်တယ်၊ ဘာသာခြားကနေ တို့ဗုဒ္ဓဘာသာကို ကူးလာတာ၊ ပြီးတော့ သူက သစ်တစ်ပင်ရင်း ဝါးတစ်ပင်ရင်းမှာနေပြီး တရားကျင့်တာ၊ တောင်ယာ

တဲတွေမှာဆင်း ဆွမ်းခံတယ်၊ မရရင်လည်း တွေ့ရာသစ်သီးကောက်ဘုဉ်းပေးတယ်၊ တစ်ခါတလေ သပိတ်ရေဆေးပြီး ဆွမ်းအလို့ငှာ ပြီးခဲ့ရတယ်၊ အဲဒါဘုန်းကြီးဖခင်နဲ့တွေ့တော့ ပါလာတဲ့ထမင်းထုပ်ကလေး သူမစားဘဲ တောနက်ထဲမှာ တွေ့မြင်ခဲ့ရတဲ့ ရဟန်းတော်ကြီးကိုရှိရှိသေသေ လှူလိုက်တယ်။ အဲဒီမှာ ပြင်သစ်ဘုန်းတော်ကြီးက ဘုန်းကြီးအဖေကို သနားလို့ ဒီမြောက်ကျွန်းရေရှာနည်းပညာကို သင်ပေးခဲ့တာ၊ သူတို့က ထင်းခုတ်တဲ့အဖွဲ့သုံးယောက်ပေါ့။ အဖေက ဒီပညာကို သေတဲ့အထိ လုပ်စားသွားတယ်၊ ကျန်နှစ်ယောက်ကတော့ တစ်နှစ်နှစ်နှစ်မှာတင် ငှက်ဖျားမိပြီး သေသွားကြတယ်။ ဒီပညာကို အမွေဆက်ခံသူရှိမရှိ ဒီနေ့အထိ မတွေ့သေးဘူး။ ဘုန်းကြီးသာ လူ့ဘဝတုန်းက အဖေသင်ပေးတဲ့ပညာနဲ့ မြို့ရွာနယ်ပယ်လိုက်လံပြီး ဒီမြောက်ကျွန်းက ရေရှာနည်းနဲ့ ရိုးရိုးသားသားရှာဖွေစားသောက်ခဲ့တာ လူတစ်လုံး သူတစ်လုံး နေနိုင်စားနိုင် စုနိုင်ခဲ့တယ်၊ ဒါပေမဲ့ကွယ်၊ ဘုန်းကြီးရဲ့ဘဝတစ်ဆစ်ချိုးမှာ ဘဝရဲ့အကြီးမားဆုံး လောကဓံဖြစ်တဲ့ ဇနီးမယား၊ သမီးသားတွေနဲ့ သေကွဲ ရှင်ကွဲတွေတွေ့ကြုံခဲ့ရပြီး သံဝေဂတရားတွေဖြစ်လို့ ရှိတဲ့စည်းစိမ်တွေစွန့်ပြီး အပြီးတိုင် ရဟန်းဘဝခံယူရင်း တောတောင်အနှံ့ တောထွက်တရားရှာကျင့်ကြံခဲ့တာ (၁၀) ဝါ ရှိပါပြီကွယ်။ ဘုန်းကြီး အသက်က (၆၅) နှစ် စွန်းခဲ့ပါပြီကွယ်။ ကဲ ကဲ ဒါတွေအသာထားတော့ မြောက်ကျွန်းရေရှာနည်းပြန်စကြရအောင်။ ပြင်သစ်ဘုန်းတော်ကြီးကလည်း တောင်ပေါ်ဒေသတွေမှာ ရေရှားကြလို့ သူတတ်တဲ့ရေရှာနည်းနဲ့ တောင်ပေါ် တိုင်းရင်းသားတွေကို ရေရှာပေးခဲ့လို့လည်း လူမျိုးခြား ဗုဒ္ဓဘာသာရဟန်းတော်ကြီးအနေနဲ့ လူဆိုးလူမိုက်တွေနဲ့ ကြုံတွေ့ရပေမဲ့ ဘာမှအန္တရာယ်မရှိ တရားရှာနိုင်တာပေါ့ကွယ်" ဟု ရှည်လျားစွာပြောရင်း "ကဲ မနက် (၈) နာရီခွဲစမယ်၊ လိုအပ်တဲ့ မျှင်ဝါးတစ်လုံးသာ လေးစိတ်ခွဲပြီးနှစ်လံလောက်ဖြတ် စက်ဝိုင်းဝိုင်း၊ အဲဒီစက်ဝိုင်းကို အလယ်ကထပ်ပြီး ဝါးနဲ့ပဲ လေးစိတ်ခွဲပြီး ဝါးနီးနဲ့ချည်ထားကြ၊ ကျန်တဲ့ပစ္စည်းက ဘုန်းကြီးမှာပါတယ်၊ ကဲ ကဲ သွားကြတော့ ဘုန်းကြီးလည်း တရားထိုင်ရတော့မယ်" "တင်ပါ့ဘုရား"။


နောက်နေ့နံနက် မိုးသောက်အလင်းရောက်သော် မြောက်ကျွန်းရေရှာနည်းအား စနစ်တကျ သင်ပြပေးပါတော့သည်။ (၇) ရက်တာအတွင်းမှာ မြောက်ကျွန်းရေရှာနည်းကို လုပ်တတ်သွားခဲ့ပါသည်။

နောက်နေ့ မနက်စောစောမှာ ဘုန်းကြီးသည် ပါလာသော သပိတ်ကိုလွယ်လျက် သင်္ကန်းရုံပြီး ကဲ ကဲ ဒကာလေးတို့နဲ့ ဘုန်းကြီး သံသရာတစ်ကွေ့မှာ တွေ့ဆုံကြတုန်း ဒီပညာလေးနဲ့ ဒါနပြုပေးခဲ့ပြီး နောက်ပြန်ဆုံတွေ့ချင်မှ ဆုံတွေ့ကြမှာဆိုတော့ ဘုန်းကြီးနှုတ်ဆက်ရင်း တခြားတောင်တစ်တောင် သွားတော့မယ်။ စာရေးသူတို့လည်း (၇) ရက်တာ တွေ့ဆုံဖူးမြော်ရင်းနှီးခဲ့ရသော ဘုန်းတော်ကြီးအား ဝမ်းနည်းစွာ ဖူးမြော်ဦးချလိုက်ပါတော့သည်၊ စာရေးသူ စိတ်ထဲ တောင်အောက်သို့ တရွေ့ရွေ့ဆင်းသွားသော တောရဆောက်တည်တရားကျင့်ကြံနေသော ဘုန်းတော်ကြီးရဲ့ သံဝေဂနဲ့ စွန့်လွှတ်စွန့်စား တောထွက်လာမှုကို အားကျတမ်းတမိသော်လည်း ဘဝအမောမှာ မျောပါနေသော မိမိဘဝ၊ မီးနင့်ရေဘဝပါလားဟု ကိုယ့်ကိုယ်ကိုယ် မြင်မိလေတော့သည်။ ဘုန်းတော်ကြီးပေးသွားသော မြောက်ကျွန်းရေရှာနည်း အပြည့်အစုံကို စာဖတ်သူ များအား ရေဒါနဝေငှရပါသော် ...


ပထမဆုံး ရေရှာရမည့် အချိန်မှာ နံနက် (၈) နာရီခွဲမှ (၉) နာရီခွဲအထိ၊ တစ်ဖန် ညနေစောင်း (၄) နာရီမှ (၅) နာရီခွဲအထိတစ်ချိန် ရေရှာရပါမည်။ ၎င်းနှစ်ချိန်သာ ရေရှာကောင်းသောအချိန် ဖြစ်ပါသည်။ ရေရှာရန် လိုအပ်သော ပစ္စည်းများမှာ အုတ်နီခဲပွပွတစ်လုံးအား ထုခွဲပြီး ကြက်တိန်ညင်ဥအလုံးလောက် သဏ္ဍာန်တူအောင် ကျောက်ကြမ်းနှင့်ပွတ်တိုက်ပေးပါ။ မွတ်နေအောင် သွေးပြီး ကော်ပတ်နနထပ်စားပါ၊ ပြီးလျှင် ကြက်တိန်ညင်ဥပုံစံ အုတ်နီခဲအားအပ်ချည်အနီကြိုးသေးသေးဖြင့် ထွက်မကျအောင် ရစ်ပတ်ချည်ပါ။ ပြီးပါက အပေါ်မှ အပ်ချည်ကြိုး (၂) တောင်ထွာဖြတ်ပြီးချည်ပါ၊ ချိန်သီးလို ဖြစ်သွားပါမည်။ ၎င်းကြက်ဥပုံစံ အုတ်နီခဲဖင်အောက်တည့်တည့်ဗဟိုတွင် သုံးမတ်သံဖြင့် အပေါက်ဖြစ်အောင်ဖောက်ပါ။ ၎င်းအပေါက်ထဲသို့ ကြေးဝါ (၁၆) ဂိတ် (၂) လက်မအရှယ်ခေါက်ပြီး အစနစ်ဖက်ကို အပေါက်ထဲထိုးထည့်၍ သစ်ကပ်ကော်ဖြင့် တွဲပါ၊ ထိန်းပါ၊ ပြီးပါက တံငါသည်တွေ

ထံက ငါးများများဟပ်သော ငါးမျှားအဟောင်းကို ဝယ်ယူပါ။ ငါးမျှားခပ်သေးသေး (၃) မတ်အရွယ်ဖြစ်ပါသည်။ ၎င်းငါးမျှားကို ကြက်တိန်ညင်ဥအရွယ် အုတ်နီခဲလုံး ထိပ်မှာ ချိတ်ဆွဲပြီး ဖြတ်ထားသော (၂) တောင်ထွာ အပ်ချည်ဖြင့် ချည်ပါ။ ကြိုးစကို အပေါ်ကကိုင်ပြီးထားပါ။ မိမိဒူးခေါင်းနဲ့တည့်တည့်မှာချိန်သီးပုံစံကိုထားရှိရပါမည်။ လေးစိတ်စိတ်အပိုင်းပိုင်းထားသော တစ်လက်မပြား ဝါးခြမ်းပြားအပိုင်းအား အရှေ့အနောက်တောင်မြောက် ပုံစံဝါးဖြင့်စိပ်မှတ်ပြီး အရှေ့၊ အနောက်၊ တောင်၊ မြောက် မှန်အောင်ထားပါ။ မြေမှာချပြီး ကြက်တိန်ညင်ဥချိန်သီး ငါးမျှားကြိုးနှင့်မြေကြီး(၁)ပေကျော်အကွာအဝေးထားပြီး ကြိုးစကို လက်ကကိုင်ဆန့်တန်းထားပါ။ လက်မလှုပ်ပါနှင့် ချိန်သီးက သူ့အလိုလို လှုပ်ရှားလာပါလိမ့်မည် (မှတ်ချက် - ငါးမျှားအသစ်နှင့် လုံးဝရှာမရသလို အုတ်နီခဲပွပွ ရေထဲချကြည့်လို့ ရေစီဖောင်းတွေ တပြုတ်ပြုတ်တက်လာသည့် အုတ်နီခဲသာ ရပါမည်။ အုတ်နီခဲအကျစ် လုံးဝမရပါ။)

(ပုံ) ပုံစံ (၁)




ပုံစံ (၂)




မြေကြီးအောက်မှာ ကွန်ယက်လိုဖြစ်နေသော ရေကြောက အရှေ့ဘက်ကို သွားလျှင် ချိန်သီးက ဒေါင်လိုက် ယိုင်သွားသည်။ ယိုင်သည့်အတိုင်း လိုက်သွားပါ။ ယိုင်ရာကနေ ချိန်သီးက ဝိုင်းပြနေလျှင် ဤနေရာ ရေကြောရှိသည်၊ ကျောက်ခဲဖြင့် ပုံပြီးမှတ်သားထားပါ။ တစ်ဖန် အနောက်ဘက်ကို ရာရမှာလည်း ချိန်သီး ဒေါင်လိုက် အတိုင်း လိုက်သာဝိုင်းပြသည့်နေရာ ကျောက်ခဲဖြင့် မှတ်သားထားပါ။ နောက်တစ်ခါ တောင်မြောက် စသည်ကိုလည်း ဒေါင်လိုက်ယိမ်းသည့်အတိုင်း လိုက်သွား ချိန်သီး ဝိုင်းပြသည့်နေရာကို ကျောက်ခဲဖြင့် မှတ်သားခြင်းဖြင့် ၎င်းအရှေ့အနောက်တောင်မြောက်မှန်သွားလျှင်မြောက်တည့်တည့်ကနေ ချိန်သီး အမှန်ကိုလိုက်၍ တောင်ဘက် တန်းတန်းသို့ လာသော ချိန်သီးက တောင်ဘက် အရောက်မှာ ဝိုင်းပြလျှင် ဤနေရာသည် မြောက်ကျွန်းတည့်တည့်ကလာသော ရေဖြစ်၍ မြောက်ကျွန်းအရပ်က တောင်ကျွန်းတည့်တည့်ကို စီးဝင်သောကြောင့် ထိုရေသုံးစွဲသူအပေါင်းမှာ စိတ်နှလုံးချမ်းသာကြည်နူးခြင်း၊ ရေမှာချိုအေး၍ အသက်ကို ရှည်စေခြင်း၊ အသားအရေ နုချောစိုပြည်ပြီး ရောဂါဘယကင်း လူနပျိုစေသည်ဟု ဆိုပါသည်။

ရေမှာကြည်လင်ပြီး သန့်ရှင်းသောကြောင့်လည်း ကောင်း၊ အေးပြီး ချိုမြမြလေးလည်း ဖြစ်ပါသည်။ ရေတွေ့ပါက ချိန်သီးက လူမလှုပ်ရဘဲ သူ့အလိုလိုဝိုင်းပြီး လည်လာလိမ့်မည်။ တစ်ဖန် မြောက်နှင့် အနောက်ကြား စောင်းပြီးလာသောရေသည် ပေါ့ချို့ ပေါ့ပြီးပြာ၍ ငှက်ဖျား ဖြစ်စေနိုင်သောရေဖြစ်၍ သောက်သုံးသူအတွက် မကောင်းလှပါ။ မြောက်နှင့်အရှေ့သို့လည်းကောင်း မြောက်မှအနောက်သို့လည်းကောင်း၊ တောင်မှအရှေ့သို့လည်းကောင်း စောင်းယိုင်လျှင် ရေကောင်းမရနိုင်ပါ။


လေးကွက်ကြားဒေါင်လိုက် ကျားကွက်သဏ္ဍာန် လာသော ရေသာလျှင် ရေကောင်းရေချိုရနိုင်ပါသည်။ မြောက်တည့်တည့်မှ တောင်ဘက်တည့်တည့်သို့ လာသော ရေဆိုသည်မှာ ပြောဖွယ်ရာပင် မရှိ၊ အလွန်ကောင်းမြတ်လှပါသည်။ အကယ်၍ မြောက်ကျွန်းတည့်တည့်မှ တောင်ကျွန်းတည့်တည့်လာသော ရေကြောရှာတွေ့ပါက မှတ်သားထားပြီး ရေတူးသမားများကိုခေါ်၍

အမြန်သာ တူးခိုင်းပါ။ ဆန်းကြယ်သော မြောက်ကျွန်း ရေကို ရပါပြီ။ ပေအနက်ကြီးမတူးရဘဲ တိမ်တိမ်နှင့် ရေကြောကြီးကို ရပါမည်။ ရေတူးရေထွက်၏။ သို့သော် နည်းမသိက ရေထွက်ပေမည့် ရေဝါရေပြော၊ ပန်းရောင်၊ ပဲပြုတ်မနူး၊ ခေါင်းလျှော်ရေ ချွဲချွဲရေမျိုးများသာ တွေ့နိုင်ပါသည်။ ချိန်သီးဖြည်းဖြည်းလည်ပါက ပေနက်နက်တူးမှ ရပေလိမ့်မည်။ ချိန်သီးတဝီဝီလည်မှသာ ပေနည်းနည်းနှင့် ရေထွက်ရာအဆုံးဖြစ်သောကြောင့် ပေအနည်းငယ်နှင့် မြေပေါ်ပန်းထွက်နိုင်သည်။ ဤမြောက်ကျွန်း ရေရှာနည်းသည် တောင်ပေါ်ဒေသ ကျောက်တောင်ကလွဲလို့ ရှာလို့ရနိုင်ပါသည်။ စာရေးသူတို့ တောင်ပေါ်မှာ ဘုန်းတော်ကြီးကိုယ်တိုင် မြောက်ကျွန်းရေရှာနည်းပေးပြီး တောင်ယာသမားတွေနှင့် တူးကြည့်တာ တောင် (၇) တောင်လောက်နှင့် မြေပေါ်ပန်းထွက်တာ တွေ့ကြုံခဲ့ပါသည်။


၆

(ပုံ)

ပုံစံ (၃)




ပုံစံ (၄)




ဤပုံစံများသည် ဘုန်းတော်ကြီးရေးပေးသွားသော မြောက်ကျွန်းရေရှာနည်းပုံစံများသာ ဖြစ်ပါသည်။ စာရှုသူများ ဝါသနာအရသော်လည်းကောင်း၊ အပျင်းပြေသော်လည်းကောင်း၊ ဤစာစဉ်ကိုကြည့်၍ မြောက်ကျွန်းရေကိုရှာဖွေနိုင်ပါသည်။ ထို့ကြောင့် ရေကောင်းရေသန့်ရဖို့ အရေးကြီးလှပါသည်။ ရေကြည်တစ်ပေါက်ဖြင့် အသက်ရှင်နိုင်သလို ရေနောက်တစ်ပေါက်ကြောင့် ရောဂါရနိုင်ပါသည်။ ထို့ကြောင့် မြောက်ကျွန်းရေရှာနည်းအား ပုံစံငယ်များဖြင့် စာရေးသူအား သင်ကြားပြသပေးသော တောတောင်ပေါ်မှာ တောရဆောက်တည် တရားကျင့်ကြံအားထုတ်နေသော လွန်ခဲ့သည့် (၁၅) နှစ်တာမှ ယနေ့တိုင်ထိ ရှာမတွေ့သော ကျေးဇူးရှင် ဘုန်းတော်ကြီး ဦးရေဝတအား ဤဆောင်းပါးဖြင့် ပူဇော်ပါ၏။ ဤမြောက်ကျွန်းရေရှာနည်းအား စာရေးသူ ဝါသနာမပါ၍ လုပ်ကိုင်မစားဘဲ သင်ပြပေးသည့်နှစ်ကတည်းက ယနေ့အချိန်အထိ မှတ်စုစာအုပ်ထဲတွင်သာ ရှိသည့် အကြောင်းအရာလေးအား စာဖတ်သူများသို့ တင်ပြရကျိုးနပ်မည်ဟုယူဆမိပါသည်။ ထို့ကြောင့် ရေကောင်းရေသန့်သောက်နိုင်စေရန် ရေအကျိုး (၁၀) ပါးနှင့် ပြည့်စုံခြင်းအကျိုးငှာ ရေးသားတင်ပြလိုက်ပါ သည်။

အရာအားလုံး သည်းခံခြင်းမေတ္တာစိတ်ထားဖြင့် အေးမြနိုင်ကြပါစေ။

**ဟသ်ာတသန်းလှိုင်ကျော်(ရွှေပန်းချီ)**



အနာဂတ်ကြယ်ပွင့်လေးများ ထွန်းတောက်စေရန် အထောက်အကူပြုနေသော

# ကိုယ်ပိုင်အထက်တန်းကျောင်းများ

**တင်လှိုင် (ဟိုတယ်/ခရီး)**

တက္ကသိုလ်ဝင် စာမေးပွဲအောင်စာရင်း (၇-၆-၂၀၁၄) ရက်၊စနေနေ့တွင်အောင်စာရင်းထွက်ပြီး (၁၅-၆-၂၀၁၄) ရက်၊ နံနက် (၉) နာရီအချိန်တွင် ပုသိမ်မြို့ မြို့တော်ခန်းမတွင် (၂၀၁၄) ခုနှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက်အကောင်းဆုံးမြို့နယ်၊ အောင်ချက် အကောင်းဆုံးကျောင်းနှင့် (၆) ဘာသာ၊ (၅)ဘာသာ၊ (၄) ဘာသာ ဂုဏ်ထူးရရှိသည့် ကျောင်းသား၊ ကျောင်းသူ များအား ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ စာရေးသူ တက်ရောက်ခွင့် ရရှိခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်ကိုယ်တိုင် တက်ရောက်၍ အမှာစကား ပြောကြားပြီး (၆) ဘာသာ ဂုဏ်ထူးရှင်များအား ဆုချီးမြှင့်ခဲ့လေသည်။

သက်ဆိုင်ရာများမှ (၂၀၁၄) ခုနှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက်အကောင်းဆုံး မြို့နယ်များဖြစ်သည့် ဓနုဖြူ၊ကြံခင်း၊အင်္ဂပူ၊အောင်ချက်အကောင်းဆုံးကျောင်း အထက (၁) (ကျိုက်လတ်)၊ အထက (ဓနုဖြူ)၊ အထက (ကနောင်) တို့ကို အသီးသီးဆုချီးမြှင့်ခဲ့သည့်အပြင် အောင်ချက်အကောင်းဆုံး ကိုယ်ပိုင်အထက်တန်း ကျောင်းများမှာ မြောင်းမြမြို့ မဟာကိုယ်ပိုင်ကျောင်း၊ ဟင်္သာတမြို့ဂုဏ်ထူးပန်းခင်း ကိုယ်ပိုင်ကျောင်း၊ ကျောင်း ကုန်းမြို့ ကန့်ကော်မြိုင် ကိုယ်ပိုင်ကျောင်းတို့ကိုလည်း ဆုအသီးသီး ချီးမြှင့်ခဲ့လေသည်။

ဧရာဝတီတိုင်းဒေသကြီး (၂၀၁၄) ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို လေ့လာခဲ့ပါသည်။

ဖြေဆိုသူ ကျောင်းသား၊ ကျောင်းသူပေါင်း (၅၈၁၃၀) ဦးဖြစ်ပြီး အောင်မြင်သူ (၂၆၀၇၃) ဦး ဖြစ်ပါသည်။ အောင်မြင်မှုရာခိုင်နှုန်းမှာ (၄၄.၈၅) ရာခိုင်နှုန်း ဖြစ်ပါသည်။ (၆) ဘာသာဂုဏ်ထူးရှင် (၂၄) ဦး၊ (၅) ဘာသာ ဂုဏ်ထူးရှင် (၄၆) ဦး၊ (၄) ဘာသာဂုဏ်ထူးရှင် (၈၉) ဦး၊ (၃) ဘာသာဂုဏ်ထူးရှင် (၈၇၀) ဦး၊ (၂) ဘာသာ ဂုဏ်ထူးရှင် (၁၄၂၈) ဦး၊ (၁) ဘာသာဂုဏ်ထူးရှင် (၆၇၇၇) ဦးတို့ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည်။ ပြည်နယ်နှင့်တိုင်း အောင်ချက်အဆင့် စုစုပေါင်း (၁၈) ခုတွင် အဆင့်ဒုတိယရရှိခဲ့ကြောင်း သိရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

(၂၁-၆-၂၀၁၄) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ် (၂၀၁၃-၂၀၁၄) ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ကျောင်းများနှင့် ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ဟင်္သာတ တက္ကသိုလ် အားကစားခန်းမတွင် ပြုလုပ်ခဲ့ရာသို့ စာရေးသူ တက်ရောက်ခွင့်ရရှိခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ သီရိပျံချီဦးဌေးဦးနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သစ်တောနှင့် သတ္တုဝန်ကြီးဌာနဝန်ကြီး ဦးစိုးမြင့်၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ဦးစန်းဌေး၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ထူးချွန်ဆုရကျောင်းသား/ ကျောင်းသူများ၊ မိဘများ၊ ဆရာ/ဆရာမများ၊ ဖိတ်ကြားထားသူများ၊ အလှူရှင်များ တက်ရောက်ကြပါသည်။




ဦးဌေးဦးက အဖွင့်အမှာစကားပြောကြားပြီး ဝန်ကြီးဦးစိုးမြင့်က ဂုဏ်ပြုအမှာစကားပြောကြားကာ ဦးဌေးဦး၊ ဦးစိုးမြင့်တို့က ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ပါသည်။

(၂၀၁၃-၂၀၁၄) ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဟင်္သာတမြို့နယ်၏ အောင်ချက် ရာခိုင်နှုန်းအဆင့်နှင့် ဂုဏ်ထူးရရှိမှု၊ ဆုချီးမြှင့်မှု အခြေအနေများကို လေ့လာခဲ့ပါသည်။

မြို့နယ်၏ အောင်မြင်မှုရာခိုင်နှုန်း (၄၅.၉၈) ရာခိုင်နှုန်းဖြစ်ပြီး တိုင်းအဆင့် (၂၆) မြို့နယ်တွင် အဆင့် (၆) ရရှိခဲ့ပါသည်။

ဂုဏ်ထူးရရှိမှုအခြေအနေများမှာ (၆) ဘာသာ (၁) ဦး၊ (၅) ဘာသာ (၂) ဦး၊ (၄) ဘာသာ (၁၀) ဦး၊ (၃) ဘာသာ (၅၈) ဦး၊ (၂) ဘာသာ (၁၀၁) ဦး၊ (၁) ဘာသာ (၄၈၀) ဦး၊ စုစုပေါင်း (၆၅၂) ဦး ဂုဏ်ထူး ရရှိခဲ့ပါသည်။

အောင်ချက်အကောင်းဆုံးကျောင်းများမှာ အထက (၂) (ဟင်္သာတ) ပထမဆု၊ အထက (တလုတ္တော်) ဒုတိယဆု၊ အထက (ဒူးယား) တတိယဆု၊ အောင်ချက် အကောင်းဆုံးအထူးဆုအဖြစ် အထက(ခွဲ) (တူးမြောင်း) တို့က ရရှိခဲ့ပေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအသီးသီးတို့တွင် ပုဂ္ဂလိက အခန်းကဏ္ဍကိုလည်း ထည့်သွင်းတာဝန်ယူစေခဲ့ပါသည်။ ၎င်းတို့အနက် ပညာရေးကဏ္ဍဝန်ဆောင်မှုအတွက် ကိုယ်ပိုင်အထက်တန်းကျောင်းများကိုလည်း ခွင့်ပြုပေးခဲ့ပါသည်။ ဟင်္သာတမြို့တွင် ကိုယ်ပိုင်အထက်တန်းကျောင်းအဖြစ် ဂုဏ်ထူးပန်းခင်း၊ ကြယ်တံခွန်၊ ပင်မပညာဟူ၍ ကျောင်း (၃) ကျောင်းတို့သည် အသီးသီးပေါ်ထွန်းလာခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါကျောင်းသုံးကျောင်းအနက် ကြယ်တံခွန်ကိုယ်ပိုင်အထက်တန်းကျောင်းသည် ပဉ္စမတန်းမှစ၍ ဒသမတန်းအထိ ပညာရေးဝန်ဆောင်မှုကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပါသည်။

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီးအတွင်း အောင်

ချက်အကောင်းဆုံး ဒုတိယဆုရ ဟင်္သာတမြို့ ဂုဏ်ထူးပန်းခင်း ကိုယ်ပိုင်အထက်တန်းကျောင်းသည်လည်း ဧရာဝတီတိုင်းအတွင်း ပညာရေးမျက်နှာပန်းလှခဲ့ပေသည်။

ဟင်္သာတမြို့နယ်တွင် အထက်တန်းကျောင်းခွဲ (၁၉) ကျောင်း ရှိလေသည်။ အောင်မြင်မှုရာခိုင်နှုန်းမှာ မြင့်မားလျက်ရှိပြီး ဂုဏ်ထူးရရှိသူများမှာလည်း (၆၀၀) ကျော်ဖြစ်ရာ (၆)ဘာသာ ဂုဏ်ထူးရှင် (၁) ဦးဖြစ်သော မမြခွာညိုသင်း၊ အထက (၄) (ဟင်္သာတ)နှင့် တွေ့ဆုံခွင့်ရပြီး (၆) ဘာသာဂုဏ်ထူးရရှိရန် ကြိုးစားအားထုတ်ပုံကို မေးမြန်းခွင့် ရရှိခဲ့ပါသည်။

ထို့အတူ ဂုဏ်ထူးပန်းခင်း ကိုယ်ပိုင်အထက်တန်းကျောင်းတည်ထောင်သူ ဆရာကြီး ဦးအောင်စိုး၊ ကျောင်းအုပ်ဆရာကြီးဦးသန်းလွင်တို့နှင့်တွေ့ဆုံခွင့်ရပြီးလေ့လာခဲ့ပါသည်။ ဆရာကြီးများမှ ဆက်ဆံရေး ကောင်းမွန်ပြီး သိလိုသည်များကိုလည်း ရှင်းပြပါသည်။

ဂုဏ်ထူးပန်းခင်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့အား ပညာရေးဝန်ကြီးဌာန၏ ကိုယ်ပိုင်ကျောင်းဖွင့်လှစ်ခွင့် မှတ်ပုံတင်-အမှတ်၊ ကက ၁၇/၀၈/၀၀၈ ဖြစ်ပြီး ဂုဏ်ထူးပန်းခင်း ကိုယ်ပိုင်အထက်တန်းကျောင်းသည် အမှတ် (၂၁၀)၊ ဦးခိုလမ်း၊ သုံးပင်ကွင်းရပ်၊ ဟင်္သာတမြို့တွင် တည်ရှိပါသည်။ ကျောင်းအဆောက်အအုံမှာ သပ်ရပ်သန့်ရှင်းကောင်းမွန်လှပေသည်။ အလျား (၇၀) ပေ၊ အနံ (၃၆) ပေ၊ RC (၂) ထပ် စာသင်ကျောင်းဆောင်နှင့် အလျား (၇၀) ပေ၊ အနံ (၂၅) ပေရှိ RC (၁) ထပ် ဆောင် ဖြစ်သည်။ ရေချိုးခန်း၊ အိမ်သာများမှာ သန့်ရှင်းမှုရှိသည်ကို တွေ့မြင်ခဲ့ရသည်။ စာကြည့်တိုက်နှင့် သိပ္ပံခန်းများကိုလည်း အဆင့်အတန်းမီစွာ ဆောင်ရွက်ထားလေသည်။ စားသောက်ခန်းမှာ သန့်ရှင်းလှပေသည်။ အုပ်ထိန်းသူမိဘများကိုယ်တိုင် ကျောင်းအပ်နှံရသည်။

နဝမတန်းနှင့် ဒသမတန်းကို လက်ခံသင်ကြားလျက် ရှိသည်။ ဒသမတန်းစရိတ်မှာ (၉) သိန်း၊ နဝမတန်းစရိတ်မှာ (၆) သိန်းဖြစ်ပြီး (၃) ရစ်ခွဲပေးနိုင်ကြောင်းလည်း သိရသည်။ နေရေး၊ စားရေးစသည့်စရိတ်များ အပါအဝင် ဖြစ်သည်။




သင်ကြားရေးအင်အားစုမှာ အထက်တန်းပြ အငြိမ်းစား ကျောင်းအုပ်ဆရာကြီး (၂) ဦး၊ အထက်တန်းပြဆရာ/ဆရာမ (၈) ဦးနှင့်အတူ ပင်တိုင်ဆရာ၊ ဆရာမများပူးပေါင်း၍ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းဆောင်ရွက်ပြီး အုပ်ချုပ်မှုမှာ များစွာစနစ်ကျလှသည်။

(၂၀၁၄-၂၀၁၅) ပညာသင်နှစ်တွင် နဝမတန်း (၄၅) ဦး၊ ဒသမတန်း (၁၄၀) ဦး သင်ကြားလျက် ရှိသည်။ လျှပ်စစ်မီးများဖြင့် ညဘက်တွင် စာကြည့်နိုင်သည်။

လစဉ်စာမေးပွဲနှင့် လပတ်စာမေးပွဲများကို တစ်လ တစ်ကြိမ်မှ သုံးကြိမ်အထိ မြို့နယ်၊ တိုင်းအတိုင်း (၃) နာရီ မေးခွန်းများကို စစ်မေးခြင်း၊ ကျောင်းသား/ကျောင်းသူများ၏ စိတ်ဓာတ်နှင့်စည်းကမ်းကို အထူးကောင်းမွန်စေရန် ဆောင်ရွက်ထားပေးသည်။ စိတ်ဓာတ်၊ စည်းကမ်းကောင်းမှ ပညာရေးတိုးတက်မည်ကို ခံယူလျက် သင်ကြားနေသော ကျောင်းဖြစ်ပေသည်။

(၂၀၁၃-၂၀၁၄) ပညာသင်နှစ် အောင်မြင်သော ရာခိုင်နှုန်းမှာ (၆၇) ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ ကျောင်းသား/ကျောင်းသူများ၏ စားဝတ်နေရေးအပြင် ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း တာဝန်ယူ၍ ဆရာဝန် (၁) ဦး ထားရှိသည်။

စာသင်ချိန်ကို နံနက် (၈) နာရီမှ ညနေ (၅) နာရီအထိ သင်ကြားပြီး ညစဉ် (၆) နာရီမှ (၁၁) နာရီအထိ သုံးကြိမ်ခွဲ၍ လေ့ကျင့်စေသည်။

နဝမတန်းကျောင်းသားများအတွက် ဉာဏ်ရည်တူများစုဖွဲ့၍ A,B,C အတန်းခွဲများ ထားရှိခြင်း၊ နားလည်




တတ်ကျွမ်းအောင် သင်ကြားပေးခြင်း၊ ညဘက် (Night Study) ဖြင့် လေ့ကျင့်ပေးခြင်း၊ စည်းကမ်း၊ စာရိတ္တများ တိုးတက်ကောင်းမွန်အောင် အထူးကြပ်မတ်ထိန်းသိမ်းခြင်း (Computer, Speaking) ထပ်ဆောင်းဘာသာများ သင်ကြားပေးခြင်း၊ ဒသမတန်းအတွက် အခြေခံကောင်းများရရှိအောင် အထူးလေ့ကျင့်ပေးခြင်းများကို စနစ်တကျ ဆောင်ရွက်ပေးလျက် ရှိပါသည်။

ဒသမတန်းကျောင်းသားများအတွက် ဉာဏ်ရည်တူများစုဖွဲ့၍ A,B,C.D အတန်းခွဲများထားရှိခြင်း၊ ဘာသာစုံဂုဏ်ထူးအတွက် ရည်မှန်းထားသူများအတွက် အထူးသင်ကြားလေ့ကျင့်ပေးခြင်း၊ အခြေခံနည်းသော ကျောင်းသားများအတွက် ဘာသာရပ် Guide များဖြင့် အနီးကပ်ကြပ်မတ် လေ့ကျင့်ပေးခြင်း၊ သန့်ရှင်း သပ်ရပ်သောအဆင့်မြင့် စာသင်ခန်းများတွင် သင်ကြားစေခြင်း၊ စာမေးပွဲများ စနစ်တကျပြုလုပ်၍ ပညာရည် တိုးတက်မှုအား မိဘများနှင့် ဆွေးနွေးတိုင်ပင်ခြင်းများကို အထူးအလေးပေးဆောင်ရွက်လျက် ရှိပေသည်။

သင်ကြားရေး၊ လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး ဆရာ/ဆရာမ (၃၀) ဖြင့် စနစ်တကျ လေ့ကျင့်သင်ကြားနေကြောင်း သိရသည့်အတွက် ထိုကျောင်း၏ အောင်မြင်မှုအခြေအနေကို သိသာခွင့်ရသည်။

စနေနေ့တိုင်း အပတ်စဉ် စာမေးပွဲစစ်ဆေးသည်။ တနင်္ဂနွေနေ့အား ကျောင်းပိတ်ရက်အဖြစ် ထားပေးသည်။ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ စားပွဲတင်တင်းနစ် ကစားစေသည်။

ငွေကြေးချို့တဲ့သူများကို ပညာဒါနအဖြစ် ပေးလှူခြင်းကလည်း ဝမ်းသာစရာပင်။

(၂၀၁၄) ခုနှစ်၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် အောင်ချက်ရာခိုင်နှုန်း (၆၇) ရာခိုင်နှုန်းဖြင့် တိုင်းဒေသကြီးအဆင့် ဒုတိယဆုရရှိသော ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့ ဂုဏ်ထူးပန်းခင်း ကိုယ်ပိုင်အထက်တန်းကျောင်းအား ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်က ဂုဏ်ထူးဆောင်လက်မှတ်ဖြင့် ဂုဏ်ပြုမှတ်တမ်းတင်ထားသော ကျောင်းဖြစ်ပေသည်။

ဂုဏ်ထူးပန်းခင်း ကိုယ်ပိုင်ကျောင်းသည် ငွေကြေးချို့တဲ့သူများကို ပညာဒါနပေးလှူခြင်း၊ ဘာသာစုံ ဂုဏ်ထူးရှင်များနှင့် ဂုဏ်ထူးရှင်ပေါင်းများစွာ မွေးထုတ်လျက် အောင်ချက်ရာခိုင်နှုန်းမြင့်မားစွာဖြင့်တိုင်းဂုဏ်၊ဟသ်ာတမြို့နယ်ဂုဏ်ဆောင်နိုင်သောကျောင်းတစ်ကျောင်းဖြစ်ရန် ရည်ရွယ်၍ ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ဟသ်ာတမြို့ပေါ်ရှိ ကြယ်တံခွန်နှင့် ပင်မပညာ ကိုယ်ပိုင်အထက်တန်းကျောင်းတို့သည်လည်း ပညာရေးဝန်ဆောင်မှုပိုမိုမြင့်မားရေးအတွက် ကြိုးစားဆောင်ရွက်လျက် ရှိပါသည်။ ထိုကဲ့သို့ နိုင်ငံတော်အတွင်း အနာဂတ် ကြယ်ပွင့်လေးများ ထွန်းတောက်စေရန် အထောက်အကူပြု သင်ကြားပေးလျက်ရှိသော ကိုယ်ပိုင် အထက်တန်းကျောင်းများကို ဂုဏ်ပြုရေးသားတင်ပြအပ်ပါသည်။

**တင်လှိုင် (ဟိုတယ်/ခရီး)**

# ခရီးသွားခြင်းနှင့် ဟင်္သာတမြေမှ သုတေသန မှတ်တမ်းလေးများ



**ဒေါက်တာကြည်ကြည်ခင် (သတ္တ)**

မိမိသည် (၂၅-၁၁-၂၀၁၂) နေ့တွင် ပင်လုံတက္ကသိုလ်မှ ဟသာ်တတက္ကသိုလ်သို့ မူလရာထူးဖြင့် ဘာသာရပ်ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရန် ရုံးအမိန့် ထွက်ခဲ့ပါသည်။ (၁-၁၂-၂၀၁၂) နေ့တွင် ပင်လုံတက္ကသိုလ်မှ တာဝန်စွန့်လွှတ်ခြင်းကို တင်ပြခဲ့ပြီး ဟသာ်တတက္ကသိုလ်သို့ ပြောင်းရွှေ့ရန် ပြင်ဆင်ရပါတော့သည်။ (၂-၁၂-၂၀၁၂) နေ့၊ နံနက် (၉း၀၀) နာရီတွင် မိမိကားဖြင့် ပင်လုံတက္ကသိုလ်မှ စတင်ထွက်ခွာခဲ့ပါသည်။ မိမိနှင့်အတူ သမိုင်းဌာနမှ ပါမောက္ခ ဒေါက်တာဝါဝါသိန်း၊ မိမိ၏သားအငယ်ဆုံး မောင်ညီရဲဆွေ၊ သားငယ်၏သူငယ်ချင်းတို့ လိုက်ပါခဲ့ပါသည်။ မိုးဖွဲဖွဲရွာနေ၍ လမ်းများကို သတိထား မောင်းနှင်ရပါသည်။

ဆောင်းရာသီဖြစ်သော ဒီဇင်ဘာလတွင် မိုးကြွင်းမိုးကျန်များကလည်း ကျန်နေသေးသည်။ ယခင် ပင်လုံသို့ စတင်ပြောင်းရွှေ့ခဲ့စဉ်က စီးခဲ့ရသော ရှမ်းမောမြေ ရွှေပင်လုံ ဗင် (Van) ကားများဖြင့် မစီးဖြစ်တော့ပါ။ ထိုကားများသည် ပင်လုံမှထွက်လျှင် လူပြည့်အောင် စောင့်ရသည်။ တစ်ဦးလျှင် (၅၀၀၀ိ/-) ကျပ်နှုန်းဖြင့် ရှေ့ခန်း (၂)ယောက်၊နောက်ခန်း(၄)ယောက်စီးရသည်။ပင်လုံမှ တောင်ကြီးသို့ (၃) နာရီ (၄၅) မိနစ် (သို့) (၄) နာရီခန့် လောက် မောင်းရသည်။ လမ်းတွင်ရပ်နားခြင်းမရှိပါက (၃) နာရီ (၃၀) မိနစ် ခန့်ရောက်သည်။ မိမိတို့ကားသည် ပင်လုံမှ တောင်ကြီးသို့ စတင်ထွက်ခွာလာသည်။ လမ်းတွင် တောင်ဆင်း တောင်တက်များ၊ လျှိုမြောင်၊ ချောက်ကမ်းပါးများ၊စိမ်းညို့ညို့တောင်တန်းကြီးများကိုလွမ်းမောဖွယ်ရာ တွေ့ရှိရသည်။

ပင်လုံတက္ကသိုလ် ဂိတ်တံခါးလွန်ကာ ခမရ (၅၀၃) တပ်ရင်းကို ကျော်ဖြတ်ပြီး ပင်လုံမြို့ အဝင်ဂိတ်တံခါးသို့ ရောက်သည်။ ပင်လုံမြို့ဝင်ပြီး ပင်လုံဈေးကို ကျော်ဖြတ်ခဲ့သည်။ ပင်လုံဈေးအလွန်တွင် အလွန်သပ္ပာယ်သော ရွှေတိဂုံပုံတူဘုရားကို နောက်ဆုံးဖူးမြော်ခဲ့ရသည်။ ထိုဘုရား၏တစ်ဖက်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ ပင်လုံ စာချုပ်ချုပ်ဆိုခဲ့သော ကျောက်တိုင် ရှိသည်။ ရှမ်းတို့၏မောမြေ ပင်လုံကျောက်တိုင်ရှိသော ဤပင်လုံမြို့ကို ယခင်က ဘယ်လိုများ နေပါလိမ့်မည်လည်းဟု အမျိုးမျိုးတွေးကာ ရောက်ချင်ခဲ့မိသည်။ ယခုအခါတွင် ပင်လုံကို ကျောခိုင်းကာ ထွက်ခဲ့သည်။ (၇) နာရီ (၂၀) မိနစ်လောက်တွင် လွိုင်လင်သို့ ရောက်သည်။ လွိုင်လင်တွင် ကားလေဖြည့်ပြီး ခရီးဆက်လက်ထွက်ခွာသည်။ (၈) နာရီ (၄၀) မိနစ်လောက်တွင် မိုင်းပွန်ကိုကျော်ဖြတ်ခဲ့ပြန်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးခဲ့သော မိုင်းပွန်စော်ဘွားကြီး စပ်စံထွန်း၏မြို့ဖြစ်သည်။

လမ်းတွင် နင်းထုကြီးများ၊ နွားအုပ်၊ ကျွဲအုပ်ကြီးများကိုလည်း တွေ့ခဲ့ရသည်။ မိုးဖွဲဖွဲရွာလိုက်၊ ခပ်များများလေးရွာလိုက်နှင့် သတိကြီးစွာ စိုးရိမ်စိတ်များဖြင့် မောင်းနှင်နေ

ရသည်။ တဖြည်းဖြည်းနှင့် ဟိုပုန်းမြို့နားသို့ ရောက်လုနီး လာပြီ။ ဟိုပုန်းတွင် ထမင်းစားရန် ရပ်နားကြရသည်။ ဟိုပုန်းထမင်းဆိုင်၏ ကြက်ကြော်မှာ နာမည်ကြီးလှသည်။ ကြက်ကြော်မှာ အသားပင်မက အရိုးများပင် ဝါးစားနိုင်လောက်အောင် နူးပြီး အလွန်အရသာရှိသည်။ တို့ဟူးသုတ်လည်းစား၍ကောင်းသည်။ ထမင်းစားပြီးနောက် ဆက်လက်ခရီးထွက်ကြပြန်သည်။ ဟိုပုန်းမြို့ကျော်လာခဲ့လျှင် တောင်ကြီးမြို့သို့ နီးလာပြီသိထားသည်။ ထို့နောက် တောင်ကြီးမြို့သို့ ရောက်ခဲ့သည်။ တောင်ကြီးမြို့တွင် ရွှေကမ္ဘာကားဂိတ်အနီးရှိ "အေးသီတာ" ထမင်းဆိုင်မှာ မြန်မာထမင်းစားကြသည်။ ငါးပိရည်၊ တို့စရာစုံလင်၍ အလွန်စားလို့ကောင်းသည်။ အသီးအရွက်ပေါလှသည့် တောင်ကြီးမြို့ ထမင်းဆိုင်တိုင်းတွင် တို့စရာများ စုံလင်လှ၍ စားချင်စဖွယ်ရှိလှသည်။ တောင်ကြီး ရွှေကမ္ဘာကားဂိတ်ရှေ့ရှိ "ငွေစံအိမ်" ရှမ်းရိုးရာပစ္စည်းဆိုင်တွင် ရှမ်းလုံချည်၊ အကျီများဝယ်ကြသည်။ တောင်ကြီးမြို့တွင် (၁) နာရီကျော်မျှနေပြီး ပြန်လည်ထွက်ခွာခဲ့ကြသည်။ တောင်ကြီးမှကျော်ပြီး ယင်းမာပင်သို့ရောက်ရန် တော်တော်ကြာကြာ မောင်းရပေသည်။ ယင်းမာပင်ရှိ "ဒဂုံသစ္စာမွန်" စားသောက်ဆိုင်တွင်ရပ်နားစားသောက်ကြသည်။မှောင်ရီပျိုးလှပေပြီ။ ယင်းမာပင်မှတစ်ဆင့် ဆက်လက်ထွက်ခွာခဲ့ကြရာ တစ်မြို့ပြီးတစ်မြို့တရိပ်ရိပ်ကျော်လွန်ခဲ့သည်။ ညအမှောင်၏ ဖုံးလွှမ်းမှုကြောင့် ဖြတ်ကျော်လာသည့်မြို့များ၏ ဆိုင်းဘုတ်များကို သဲကွဲစွာမမြင်ရပါ။ ထို့နောက် နေပြည်တော်သို့ ရောက်ခဲ့ပြန်သည်။

နေပြည်တော်ရောက်သည့်အချိန်မှာ ည (၁၀) နာရီခန့်လောက် ရှိပေမည်။ ခြေကုန်လက်ပန်းကျကာ ရပ်နားကြရတော့သည်။ ဆရာမ ဒေါက်တာဝါဝါသိန်း၏ ညီမအိမ်တွင် ညအိပ်ရပ်နားကြသည်။ မောလွန်းလှသဖြင့် ထမင်းပင်မစားနိုင်တော့ဘဲ အိပ်ပျော်သွားခဲ့ပြန်သည်။ မနက်မိုးသောက်ရောက်သည့်အခါနံနက်စာစားသောက်ကြသည်။ရန်ကုန်သို့မပြန်မီ "ဥပ္ပါတသန္တိ" ဘုရားကြီးအား ဝင်ရောက်ဖူးမြော်ခဲ့ကြသည်။ ထိုမှတစ်ဖန် ရန်ကုန်သို့ ခရီးဆက်ခဲ့ကြသည်။ နေပြည်တော်ကျော်ပြီးသည်နှင့် တောင်ငူမြို့သို့ ရောက်ခဲ့သည်။ တောင်ငူမြို့တွင် ခေတ္တရပ်နားထမင်းစားခဲ့ကြသည်။ တောင်ငူမြို့မှ ဆက်လက်ထွက်ခွာပြီး လမ်းတွင်ရပ်နားခြင်း မရှိတော့ဘဲ ရန်ကုန်မြို့သို့ရောက်အောင်မောင်းနှင်ခဲ့သည်။ ရန်ကုန်မြို့ရှိ မိမိ၏ ကမ္ဘာအေးအိမ်တွင် နေထိုင်ပြီး ဟသ်ာတသို့ ပြောင်းရွှေ့ရန် ပစ္စည်းများကို ဆက်လက်ပြင်ဆင်ရသည်။ ဟသ်ာတမြို့သို့ (၂၀၁၂) ခုနှစ်၊ ဒီဇင်ဘာလ (၅) ရက်နေ့တွင် ရောက်ခဲ့သည်။ ဟသ်ာတမြေသို့ ခြေချလိုက်သည်နှင့် ဟသ်ာတ၏ အငွေ့အသက်အနံ့နှင့် ပတ်ဝန်းကျင်အားလုံးသည် ရင်းနှီးပြီး နေရာဟောင်းဆိုသည်ကို သိလိုက်ရသည်၊ ဟသ်ာတရောက်သည်နှင့် ဦးစွာ ဦးပါရဲဘုရားကို ဖူးမြော်မိပါသည်။ဦးပါရဲဘုရားကြီးက နောက်တစ်ခေါက်ပြန်လာသည်လားဟု မေးနေသယောင် ရှိပါသည်။ ဟသ်ာတတက္ကသိုလ်ဝင်း၏ ပတ်ဝန်းကျင်အားလုံးသည် အတိတ်၏အရိပ်ကို အားလုံးဖော်ဆောင်နေသည်။

လွန်ခဲ့သော (၂၀၀၅) ခုက စတင်ပါရဂူကျမ်းပြုခဲ့ရသည်။ ယင်းတို့အကြောင်းအရာလေးများကို ပြန်လည်မြင်ယောင်မိသည်။ယခင်ကဟသ်ာတတက္ကသိုလ်၊သတ္တဗေဒဌာနမှ တွဲဖက်ပါမောက္ခ တာဝန်ထမ်းဆောင်စဉ် ဖြစ်သည်။ ထိုအချိန်တွင် ပါမောက္ခချုပ်မှာ ဦးစိုးမြင့် (ယခု - ဧရာဝတီတိုင်းဒေသကြီးသတ္တနှင့်သစ်တောဝန်ကြီးဌာန၊ဝန်ကြီး) ဖြစ်သည်။ ထိုအချိန်မှစ၍ လင်းနို့စာတမ်းပြုစုရန်အတွက် ကြိုးပမ်းရတော့သည်။ ဟသ်ာတခရိုင် ဝန်းကျင်ရှိ လင်းနို့များကို မျိုးစိတ်ခွဲလေ့လာပြီး လေးမျက်နှာမြို့နယ်တွင်းရှိ အင်းစက်စားတွင်းသို့ (Pipistrellus tenuis) ၏ ဂေဟဗေဒ (Ecological aspects) အကြောင်းအရာများ လေ့လာရန် ဖြစ်သည်။ မိမိ၏ ကျမ်းကြီးကြပ်သူ (Supervisor) မှာ ဒေါက်တာစီစီလှဘူး (ယခု - တာဝန်ခံ ပါမောက္ခချုပ်၊ မြိတ်တက္ကသိုလ်) ဖြစ်သည်။ သူသည် မလေးရှားမှ ပါရဂူဘွဲ့ရရှိပြီး အင်္ဂလိပ်စကားပြော အသံထွက်အလွန်ကောင်းသည်။ စကားသံကို နားထောင်ပါက နိုင်ငံခြားသူတစ်ဦး ပြောနေသည်ဟု ထင်မှတ်ရသည်။

ကြီးကြပ်သူ၏ ညွှန်ကြားမှုဖြင့် ပါရဂူဘွဲ့အတွက် စာတမ်းပြုစုရန် စတင်လှုပ်ရှားခဲ့သည်။ ဟသ်ာတတက္ကသိုလ် မိမိနေထိုင်သည့် မြောင်းမြအဆောင်တွင် လာရောက်လေ့ရှိသည့် သင်္ချာကျောင်းသူတစ်ဦးရှိသည်၊ သူ၏အမည်သည် မဘေဘီအောင်ဖြစ်ပြီး လေးမျက်နှာ

မြို့မှ လာရောက်ပညာသင်ကြားနေသော မဟာ (M.Sc) ကျောင်းသူတစ်ဦးဖြစ်သည်။ သူမ၏ပြောပြချက်အရ လေးမျက်နှာရဲစခန်းတွင် လင်းနို့များရှိကြောင်း သိရသည်။ ထိုအချိန်မှစ၍ လေးမျက်နှာမြို့ရှိ လင်းနို့ကို လေ့လာရန် ဆုံးဖြတ်ခဲ့သည်။ လင်းနို့များသည် ညထွက်သောမျိုးစိတ်များဖြစ်ပြီး နေမထွက်မီ (၄) နာရီ (၅) နာရီခန့်တွင် ပြန်လည်ဝင်ရောက်လေ့ ရှိသည်။ လေးမျက်နှာသို့ သွားရသောခရီးမှာ (၃၃) မိုင် ရှိသည်။ သိပ်မဝေးလှသော်လည်း ယခင်က လမ်းအချောသားချည်းမဟုတ်ပေ၊ ကတ္တရာလမ်း၊ မြေလမ်း၊ မြေနှင့်ကတ္တရာရောသည့်လမ်း၊ လှည်းသွားသည့် ဖုန်လမ်းအမျိုးမျိုး ကြုံတွေ့ရသည်။ တစ်ခါတစ်ရံ လေးမျက်နှာကားမမီလိုက်၍ တလုတ္တော်ကားစီးရသည်။ ထိုမှတစ်ဖန် ဆိုင်ကယ်တက္ကစီဖြင့် ဆက်၍သွားရသည်။ ထိုခရီးစဉ်တွင် မိမိအား အထူးကူညီပေးသော သူငယ်ချင်းတစ်ဦးရှိသည်။ သူမကား ဒေါက်တာမြမြဝင်း(ယခု - ပါမောက္ခ၊ရူပဗေဒဌာန၊ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်) ဖြစ်သည်။ ညီအစ်မရင်းတစ်မျှ ကူညီခဲ့သောသူမ၏ကျေးဇူးကို မမေ့နိုင်ပေ။

တစ်ခါတစ်ရံ ကုန်ထုပ်များပေါ်တွင် ထိုင်၍လိုက်ရသည်။ တစ်ခါတစ်ရံ ကားပေါ်တွင် အပိုတင်လာသည့် ကားဘီးကြီးများပေါ်တွင် ထိုင်၍လိုက်ရသည်။ တစ်ခါတစ်ရံ မိမိတစ်ဦးတည်း သွားရသည်လည်း ရှိသည်။ ကားထိုင်ခုံနေရာရသော်လည်း ကုန်ထုပ်ကြီးများဝိုင်းရံပြီး များပြားသောပစ္စည်းများကြောင့် မိမိနေရာ ရှာမတွေ့တော့ပေ။ မိမိနေရာရှာရန် ကုန်ထုပ်များပေါ်တက်ရင်း လျောကျသွားကာ "ဖုတ်"ခနဲ အသံကြားရသည်။ ထိုအခါမှ ထိုင်ခုံနေရာသို့ ဖင်ထိုင်လျက်ကျသွားမှန်း သိရသည်။ လေးမျက်နှာတွင် ဘောဘီအောင်၏အစ်ကို အစ်မများဖြစ်သည့် ဦးသိန်းဇင်၊ ဒေါ်သင်းသင်းဦး (Union) လက်ဖက်ရည်ဆိုင်တွင် တည်းခိုရသည်။ ယင်းမိသားစုနှင့် သွေးရင်းပမာ ဖြစ်ခဲ့သည်။ ထိုအိမ်တွင် ခေတ္တခဏ လဲလျောင်းပြီး ညနေ (၄း၃၀) နာရီ (၅း၀၀) နာရီခန့်တွင် လင်းနို့ရှိရာ ရဲစခန်းသို့ သွားရောက်ရန် ပြင်ရသည်။ လိုအပ်သော ပစ္စည်းအစုံထည့်ကာ ရဲစခန်းမှ စခန်းမှူးရဲအုပ် ဦးလှစိုးအား ခွင့်ပန်ရသည်။ စခန်းမှူး၏ ခွင့်ပြုခြင်းကြောင့်သာ လင်းနို့များလေ့လာနိုင်ခြင်းဖြစ်သည်။ ရဲသားလေးများမှလည်း အဝေးသင်တက်ရင်း တာဝန်ထမ်းဆောင်သူများဖြစ်၍ ယဉ်ကျေးသိမ်မွေ့ကြသည်။

မိမိကိုလည်း ကူညီဆောင်ရွက်ပေးသည်။ လင်းနို့ဖမ်း၍ လေ့လာရာတွင် တစ်ဦးတည်းဆောင်ရွက်၍ မရပါ။ ဒေသအကူအညီများ လိုအပ်သည်။ စတင်သွားရောက်စဉ်က လင်းနို့ဖမ်းကျွမ်းကျင်သူ ဦးမျိုးမင်းကို ခေါ်သွားရသည်။ လင်းနို့အိပ်တန်းတက်သည့်နေရာ၊ လင်းနို့ကိုင်နည်း စသဖြင့် လေ့လာရသည်။ လင်းနို့ ဖမ်းပိုက်တွင် မိသည့် လင်းနို့တစ်ကောင်ခြင်းကို အဝတ်အိတ်ရှုံ့ငယ်လေးများဖြင့်ထည့်ကာ (Pesola spring balance) တွင် ချိတ်ကာ အလေးချိန်မှတ်သားရသည်။ လိင်အခြေအနေကြည့်ကာ အထီး၊ အမခွဲခြားခြင်း ပြုလုပ်ရသည်။ အမဖြစ်ပါက ကိုယ်ဝန်ရှိ၊ မရှိ၊ အပျို၊ အအို၊ နို့တိုက်မိခင် စသည်ဖြင့် အသေးစိတ် ကြည့်ရသည်။ လင်းနို့များ၏ ရှေ့ဘက် (forearm) ကို လျောခွပုံ (Caliper) ဖြင့် တိုင်းယူမှတ်သားပြီး မျိုးစိတ်ခွဲရသည်။ တချို့လင်းနို့များတွင် ကြမ်းပိုးပါ၍ တချို့တွင် မပါကြပေ။ ထူးခြားမှုရှိသည့် လင်းနို့များကို မှတ်တမ်းတင် ဓာတ်ပုံရိုက်ထားသည်။ အသေးစိတ်ဖော်ပြပါက များစွာကျယ်ဝန်းလှ၍ အကြမ်းဖျင်းဖော်ပြခြင်းသာ ဖြစ်သည်။ ယခင်က လူနှင့် သတ္တဝါတချို့ကိုသာ နို့တိုက်သတ္တဝါဟု ထင်ခဲ့မိသည်။ အမှန်တကယ်တွင် လင်းနို့သည် ပျံသန်းနိုင်သော နို့တိုက်သတ္တဝါလေးပင် ဖြစ်သည်။ လယ်ယာစိုက်ခင်းများအတွက် သီးနှံဖျက်ပိုး (insect) များကို သုတ်သင်ရှင်းလင်းနိုင်သည်။ လင်းနို့ချေး (Guano) များသည် သီးနှံစိုက်ခင်းများအတွက် မြေသြဇာအဖြစ် အသုံးပြုနိုင်သည်။

အသီးစားလင်းနို့များသည် အပင်များ မျိုးဆက်ပြန့်ပွားအောင် ဆောင်ရွက်ပေးနိုင်သည်။ တစ်နည်းအားဖြင့် နိုင်ငံ့အကျိုးပြု မျိုးစိတ်လေးဖြစ်၍ လင်းနို့များ မျိုးမပြုန်းအောင်ဝိုင်းဝန်းစောင့်ရှောက်သင့်သည်။ မိမိ၏မွေးရပ်မြေဖြစ်သော ဤဟင်္သာတမြို့တွင် မိမိတာဝန်ထမ်းဆောင်ရခြင်း၊ ပါရဂူဘွဲ့အတွက် သုတေသနပြုရခြင်းတို့ကို များစွာကျေနပ်ပီတိ ဖြစ်မိပါတော့သည်။

**ဒေါက်တာကြည်ကြည်ခင်(သတ္တ)**


KSN

# လေသေနတ်

**ညက်ဦးစံ**

ခေတ်သမိုင်း အဆက်ဆက်ကို ကျော်လွန်ဖြတ်သန်းကာ၊ တည်ငြိမ်ရင့်ကျက်သော ဣန္ဒြေဖြင့် စီးဆင်းနေသော၊ ဧရာဝတီမြစ်ကြီး၏ ကမ်းပါးများသည် ၁၉၄၀ ကျော်ခုနှစ်များတွင် ကြမ်းတမ်းသော ရေစီး၊ ရေဝဲများ၏ တိုက်ခိုက်ဖြိုဖျက်မှုကြောင့် တဝုန်းဝုန်းပြိုကျခဲ့ရာ၊ အနောက်ဘက်ကမ်းပါးတွင် တည်ရှိနေသည့် ဟသ်ာတမြို့ကြီး၏ ရပ်ကွက် အချို့သည်လည်း ဧရာဝတီမြစ်အတွင်းသို့ ပြိုဆင်းခဲ့ကြရသည်။ ထိုနေရာသည် မိုးရာသီအချိန်တွင် ရေများ ဖုံးလွှမ်းပြည့်လျှံကာ လှိုင်းတထန်ထန်ရှိနေသော်လည်း ဆောင်းဦးပေါက်သည်နှင့် မြစ်ရေများ ကျဆင်းသွားပြီးနောက် ဟသ်ာတမြို့ကြီးနှင့် မြစ်ပေါက်တစ်ခုခြားကာ၊ ကျယ်ပြန့်သော နန်းတင်မြေနကိုင်းကွင်းကြီးက တစ်မျှော်တစ်ခေါ် ပေါ်ထွန်းလာတော့သည်။ ထိုနန်းတင်မြေနကိုင်းကွင်းကြီးပေါ်တွင် ကိုင်းတောင်သူများ စိုက်ပျိုးကြသည့် ပူး၊ ဖရုံ၊ ပဲ၊ ပြောင်း၊ သခွားစသည့် သီးပင်စားပင်များဖြင့် စိမ်းလန်းစိုပြည်နေသော ရှုခင်းအလှကိုပြည်လုံးကပ်ကျော်ဦးပါရဲစေတီတော်၊မြို့သူကြီးဘုရားရင်ပြင်တော်တို့မှ "ဘုရားဖူးရင်း၊ လိပ်ဥလည်းတူးရင်း" ဆိုသလို ကြည့်ရှုခံစားနိုင်ကြရပေသည်။

ဟသ်ာတမြို့ကြီးသည် သမိုင်းဝင်ဘုရား၊ စေတီများဖြင့် ဘာသာ၊ သာသနာ စည်ပင်ထွန်းကားလှသည့် အပြင် ရေလမ်း၊ ကားလမ်း၊ ရထားလမ်းတို့ဆုံရာ လမ်းပန်းဆက်သွယ်မှု လွယ်ကူအဆင်ပြေသဖြင့် စီးပွားရေး အချက်အချာကျပြီး စည်ကားသိုက်မြိုက်လှသည်။

လွန်ခဲ့သော နှစ်ပေါင်း (၂၇)နှစ်၊ (၁၉၈၇) ခုနှစ်ကဖြစ်သည်။ ဟသ်ာတမြို့နယ်သည်၊ ကျေးရွာအုပ်စု (၁၀၃) အုပ်စု၊ မြို့ပေါ်ရပ်ကွက် (၂၀) ရပ်ကွက်တို့ဖြင့် ဖွဲ့စည်းထားရာ ကျယ်ပြန့်သော မြို့နယ်ကြီးတစ်ခုဖြစ်ပြီး ဟသ်ာတမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ရပ်/ကျေး စာရေးဝန်ထမ်းများကို ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၁၂၃) အုပ်စုသို့ စေလွှတ် တာဝန်ထမ်းဆောင်စေခဲ့ကြသည်။

ဝန်ထမ်းလုပ်သက် (၁၄)နှစ်သားရှိပြီဖြစ်သော အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းအဆင့် (၁) စာရေးလေး ကိုဖိုးစံသည်လည်း မြို့ပေါ်ရပ်ကွက်တစ်ခုဖြစ်သော ဥယျာဉ်မြောက်ရပ်ကွက်တွင် တာဝန်ချထားခြင်း ခံရသည်။ ဥယျာဉ်မြောက်ရပ်ကွက်ရုံးသည် မင်္ဂလာညွန့်ရုပ်ရှင်ရုံ (ယခု ကမ္ဘောဇဘဏ်)၏ရှေ့တွင် တည်ရှိပြီး ရပ်ကွက်အတွင်းတွင် မိုင်ဒါဈေးကြီး (ယခု ပဒေသာဈေးကြီး)၊ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်းများ၊ ရုံးများ၊ ကားဂိတ်များ တည်ရှိနေကြသဖြင့် စည်ကားလှသော ရပ်ကွက်ကြီးတစ်ခုဖြစ်သည်။

စာရေးလေး ကိုဖိုးစံအတွက် တာဝန်တစ်ခုပိုလာသည်က ညဘက်တွင်ပါ ရုံးတက်ရခြင်းဖြစ်သည်။ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်တကွ ရုံးအဖွဲ့သားအများစုတို့သည် ကုန်သည်များ၊ မိုင်ဒါဈေးကြီးအတွင်းမှ ဈေးသူဈေးသားများဖြစ်ကြသဖြင့် နေ့ဘက်တွင်

မအားလပ်ကြ၊ ညပိုင်းတွင်မှ ရုံးတက်နိုင်ကြရာ ညခုနစ်နာရီမှ ဆယ်နာရီကျော်ခန့်အထိ ရုံးဖွင့်ကာ အစည်းအဝေးများပြုလုပ်ခြင်း၊ ရုံးကိစ္စများ၊ တရားစီရင်ရေးကိစ္စများ ဆောင်ရွက်ခြင်း စသည့် ရုံးလုပ်ငန်းများကို ချိန်းဆိုဆောင်ရွက်ကြရသည်။

(၂)

(၁၉၈၇)ခုနှစ်၏ ဝါတွင်းကာလ ကုန်လုနီး၊ ဝါလကင်းလွတ် သီတင်းကျွတ်လပြည့်လုနီးအချိန် ဖြစ်သည်။ မြို့ပေါ်ရှိကျောင်းများ၊ စာသင်တိုက်ကြီးများတွင် ဝါဆိုဝါကပ်တော်မူကြသော သာသနာ့ဝန်ထမ်း သံဃာတော် အရှင်သူမြတ်များ ဆွမ်းကိစ္စ မပင်ပန်းစေရန် အတွက် တနင်္ဂနွေအစ စနေအဆုံး ဝါတွင်းသံဃဒါန ဆွမ်းလောင်းအသင်းကြီး ခုနစ်သင်းတို့က ဝါတွင်းကာလ ပတ်လုံး ဆိုင်းသံတခြိမ့်ခြိမ့်ဖြင့် သံဃဒါနဆွမ်းလောင်းပွဲများ ကျင်းပကာ စည်ကားလျက်ရှိခဲ့ကြသည်။

ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်တကွ ဥယျာဉ်မြောက်ရပ်ကွက်ရုံးအဖွဲ့သည် ညဦးပိုင်း (၇)နာရီခန့်ကစ၍ ရုံးဖွင့်ကာ ရုံးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြရာ (၉း၃၀)နာရီခန့်တွင် လုပ်ငန်းများပြီးစီးခဲ့ပြီးဖြစ်သည်။

ဥက္ကဋ္ဌကြီးဦးသန့်ဆွေ(ရွှေဖလား)က "စာရေးကြီးရေဒီနေ့ လူသွားလူလာ ရှင်းလုချည့်လား၊ ခါတိုင်းညတွေ ဒီလို မဟုတ်ပါဘူး" ဟု ပြောလိုက်ရာ စာရေးလေး ကိုဖိုးစံက –

"ဟုတ်ကဲ့ ဥက္ကဋ္ဌကြီး၊ ဒီနေ့ည ဗုဒ္ဓဟူးသံဃဒါနဆွမ်းပတ်နဲ့ တနင်္ဂနွေဆွမ်းပတ်တွေမှာ ဆွမ်းသိမ်းပွဲတွေ လုပ်နေကြတယ်။ ဆိုင်းတွေ၊ ရုပ်ရှင်တွေနဲ့ဆိုတော့ လူတွေ အဲဒီကို ရောက်ကုန်ကြပြီထင်တယ်"

ဥက္ကဋ္ဌကြီးက "အေး ဟုတ်သားပဲ၊ ဒါဆိုလည်း ဒီနေ့ စောစောရုံးပိတ်ကြတာပေါ့"

"ဟုတ်ကဲ့ ဥက္ကဋ္ဌကြီး"

ရုံးအဖွဲ့သားများ ရှင်းသွားသည်နှင့် ရုံးစာရွက်များ၊ ဖိုင်များကို စီစီရီရီ ထပ်၍ သိမ်းဆည်းကာ ရုံးစားပွဲ အံဆွဲအတွင်း ထည့်လိုက်ပြီး ချိတ်ထားသော တိုက်ပုံအကျီကို ဖြုတ်၍ဝတ်လိုက်ကာ လွယ်အိတ်ကို ပခုံးတွင် လွယ်လိုက်သည်။ နာရီကို မော့ကြည့်လိုက်တော့ (၉း၄၅) နာရီ။

ရုံးတံခါး သော့ပိတ်နေရင်းက ညနေစာထမင်းမစားခဲ့ဘဲ လက်ဖက်ရည်တစ်ခွက်၊ မုန့်တစ်ချပ်ကိုသာ ဝမ်းမီးချက်နေရသော အစာအိမ်က ဆန္ဒပြကာ တကြုတ်ကြုတ် မြည်လာသည်ကို သတိပြုလိုက်မိသည်။ သုံးပင်ကွင်းရပ်ကွက်၊ ပါဆယ်လမ်း (ဗိုလ်အောင်ကျော်လမ်း)ထိပ်၊ လေညှင်းရုံကုန်း (ဦးကိုကိုလေးကုန်း)၏ တစ်ဖက်အဆင်းတွင်ရှိသော တနင်္ဂနွေသံဃဒါနဆွမ်းပတ်တွင် ဆိုင်းတခြိမ်းခြိမ်းဖြင့် ဆွမ်းသိမ်းပွဲကျင်းပနေရာ မုန့်ဟင်းခါးဆိုင်၊အကြော်ဆိုင်တစ်ခုခုတော့ရှိပါလိမ့်မည်။ ဆာလောင်မှုပြဿနာကို တနင်္ဂနွေပတ်တွင် ဝင်ရောက်ဖြေရှင်း၍ ဟသ်ာတမီးရထားဘူတာတစ်ဖက်ရှိ မိမိနေထိုင်ရာ ကနောင်စုရပ်ကွက်သို့ပြန်မည်ဟု ဆုံးဖြတ်ချက်ချလိုက်ပြီး ရုံးရှေ့တွင် ထောင်ထားသော စက်ဘီးကိုယူကာ မြစ်ကွေ့ကျောင်းလမ်း၊ လမ်းမတော်လမ်းမှကွေ့ဝင်၍ဘောဂလမ်းမှ ထွက်ကာဗိုလ်စောမောင်လမ်းအတိုင်း လမ်းမီးတိုင်အလင်းရောင်ကို အားပြုပြီး တနင်္ဂနွေပတ်ဆီသို့ ခပ်မှန်မှန် နင်းလာခဲ့တော့သည်။

× × ×

ဗိုလ်စောမောင်လမ်းနှင့် . . . မန်းဘခိုင်လမ်းဆုံရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးထောင့် အရောက်တွင် အမှတ်(၁)ရဲစခန်းဘက်မှ နင်းလာသော စက်ဘီးတစ်စီးနှင့်ဆုံ၍ကြည့်လိုက်ရာ –

"ဟေ့ကောင်ဝွင်လေး၊ ဘယ်သွားမလို့လဲကွ"

(၃)

ငယ်နာမည် နတ်ကျိုး၍ ခေါ်ကြသော ဝွင်လေးသည် အမှတ်(၁)ရဲစခန်းတွင် တာဝန်ကျနေသည့် ဒုရဲအုပ်သန်းလွင် (ရှောဝတီတိုင်းဘောလုံးလက်ရွေးစင်တိုက်စစ်မှူးဟောင်း)ဖြစ်ပြီး ယခင်က အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ရဲတပ်ဖွဲ့သို့ ကူးပြောင်းသွားသူ ဘောလုံးကန်ဖက်၊ ရင်းနှီးသော သူငယ်ချင်းတစ်ဦးဖြစ်သည်။

စက်ဘီးကို ဘရိတ်အုပ်၍ အရှိန်နှေးလိုက်ကာ စက်ဘီးနှစ်စီးယှဉ်၍ စီးလိုက်ကြရင်း ဝွင်လေးက –

"ရှူး . . . တိုးတိုးပြောသူငယ်ချင်း၊

အတော်ပဲကွာ။ ငါတစ်ယောက်တည်း ဖြစ်နေလို့...ငါ့ကိုကူစမ်းပါအုံး"

"ငါက ဘာကူရမှာလဲကွ"

"ငါ...လူဆိုးဖမ်းမလို့"

"ဘယ်မှာလဲ မင်းလူဆိုးက..."

"ဟိုရှေ့ကဆိုက်ကားတွေပေါ်မှာ"

ကိုဖိုးစံရှေ့သို့ မျှော်ကြည့်လိုက်ရာ လွတ်လပ်ရေးကျောက်တိုင်ဝန်းတစ်ဖက်အစွန်း၊ စည်ပင်ရုံး မျက်စောင်းထိုးသို့ ရောက်နေပြီဖြစ်သော ဆိုက်ကားနှစ်စီးကို တွေ့လိုက်ရသည်။ ရှေ့ဆိုက်ကားတွင် ရှေ့တစ်ယောက် နောက်တစ်ယောက်စီး၍ ဆိုက်ကားနင်းသူနှင့် သုံးဦး၊ နောက်ဆိုက်ကားတွင် ရှေ့တစ်ယောက် နောက်တစ်ယောက်၊ ကယ်ရီယာခုံတွင် တစ်ယောက်စီး၍ ဆိုက်ကားနင်းသူနှင့်လေးဦး၊ စုစုပေါင်းခုနစ်ဦးကို တွေ့လိုက်ရသည်။ မိမိတို့က နှစ်ယောက်တည်း။

"မင်း ဘယ်လိုအစီအစဉ်ချမလဲ၊ ငါက ဘယ်လိုကူရမလဲ" ကိုဖိုးစံက မေးလိုက်ရာ ဂွင်လေးက "ဒီကောင်တွေ သွားနိုင်တာ နှစ်လမ်းပဲ ရှိတယ်ကွ၊ ဦးကိုကိုလေး ကုန်းဘက်ကွေ့ပြီး တနင်္ဂနွေပတ်ကိုသွားတဲ့လမ်းနဲ့၊ ဆည်မြောင်းဘက်ကိုသွားတဲ့လမ်းပဲရှိတယ်။ ငါထင်တာ ဦးကိုကိုလေးကုန်းဘက်ကို သွားလိမ့်မယ်ထင်တယ်။ ကုန်းဘက်ကို ဆိုက်ကားကွေ့တာနဲ့ မင်းက စက်ဘီးကို အမြန်နင်းတက်ပြီး အပေါ်ကနေ ဆိုက်ကားတွေ ပြန်လှည့်နိုင်း၊ ငါက အောက်က စောင့်မယ်၊ ဆိုက်ကားတွေ ပြန်လှည့်တာနဲ့ မင်းစက်ဘီးကို နင်းချလာခဲ့။ ငါတို့နှစ်ယောက်စခန်းကို ပြန်ခေါ်သွားမယ်"

"ဒါပေမဲ့ . . . တစ်ခုတော့ မင်း အထူးသတိထား၊ ကုန်းပေါ်ကနေ မင်း မောင်းချလို့ ဒီကောင်တွေငြိမ်မနေဘဲ၊ ခြေလှုပ်လက်လှုပ် တစ်ခုခုတွေ့ရင် ကုန်းပေါ်က အမြန်ဆုံးဝပ်ချပြီး တနင်္ဂနွေပတ်ဘက်ခြမ်းကို လိမ့်ဆင်းပေတော့"

"အေး၊ သိပြီ သူငယ်ချင်း"

ဗီးဂျက်ကက်စစ်ရောင်ကို ရင်ဘတ်ဖစ်ဆွဲ၍ ဝတ်ထားပြီး ရဲဦးထုပ်ကို ငိုက်ငိုက်ဆောင်းထားသော ဂွင်လေး၏ခပ်အုပ်အုပ်အသံဖြင့် တတွတ်တွတ်ညွှန်ကြားပြောဆိုနေသော စကားသံကို နားထောင်ရင်း ဆိုက်ကားနှစ်စီး၏ နောက်မှ ခပ်မှန်မှန် နင်းလိုက်ခဲ့ကြသည်။

(၄)

ရုံးကြီးထောင့် လမ်းလေးခွဆုံသို့ ရောက်သည်နှင့် ဆိုက်ကားနှစ်စီးက ဦးကိုကိုလေးကုန်းဘက်သို့ ကွေ့နင်းသွားတော့သည်။ ဂွင်လေးက "ကဲ . . . သူငယ်ချင်း၊ ငါထင်တဲ့အတိုင်းတော့ ဖြစ်လာပြီ၊ မင်းနင်းတက်တော့၊ သတိထားနော် သူငယ်ချင်း"

"အေး၊ သူငယ်ချင်း"

ကိုဖိုးစံက စက်ဘီးကို အရှိန်မြှင့်၍ နင်းလိုက်ကာ ကုန်းထိပ်ပေါ် ရောက်သည်အထိ မနားတမ်း နင်းတက်လိုက်သည်။ ကုန်းပေါ်ရောက်သည်နှင့် စက်ဘီးပေါ်မှ ဆင်းလိုက်ကာ စက်ဘီးကို ကုန်းထိပ်ပေါ်တွင်ပင်ဒေါက်ထောက်၍ ရပ်ထားလိုက်ပြီး ဘေးပတ်ဝန်းကျင်ကို တစေ့တစောင်း အကဲခတ်လေ့လာလိုက်သည်။ လမ်းမီးတိုင်များ၏ အလင်းရောင်က ကုန်းတစ်ဖက်တစ်ချက် အောက်ခြေအထိ ထင်ရှားစွာ တွေ့နေရသည်။ တနင်္ဂနွေပတ်တွင် ဆိုင်းသံတမြိမ့်မြိမ့်ဖြင့် လူများ ရုတ်ရုတ်သဲသဲ စည်ကားနေသော်လည်း လမ်းများပေါ်တွင်ကား၊ လူသွားလူလာ မရှိသလောက် ရှင်းလင်းလှသည်။ ဆယ်ထပ်ကြီးဘုရားဘက်မှတက်လာသော လူနှစ်ဦးသာ တနင်္ဂနွေပတ်ဘက်သို့ လျှောက်သွားသည်ကိုတွေ့ရသည်။

ဦးကိုကိုလေး တိုက်ရှေ့ဘက်သို့ ပြန်ကြည့်လိုက်ရာ ဆိုက်ကားနှစ်စီးက ကုန်းအောက်ခြေသို့ ရောက်လုနီး ဖြစ်နေပြီ။ ကိုဖိုးစံ လွယ်အိတ်အတွင်းသို့ လက်နှိုက်ထားလိုက်သည်။ လွယ်အိတ်ထဲတွင်ကား စက္ကူဖိုင်တစ်ခုနှင့် ဘောပင်နှစ်ချောင်း။ တူတူတန်တန် လက်နက်ဆိုလို့စာရွက်မျဉ်းဆွဲရာတွင် သုံးသော ပျဉ်းကတိုးမျဉ်းလုံးတစ်ချောင်းတည်းသာ။

ဆိုက်ကားနှစ်စီးက ကုန်းအောက်ခြေသို့ရောက်လာပြီး ငြိမ့်ခနဲ ရပ်လိုက်ကာ ဆိုက်ကားသမားများက ဆင်းလိုက်ကြသည်။ ဆိုက်ကားစီးလာသူ ငါးဦးကလည်း ဆိုက်ကားများပေါ်မှ ဆင်းလိုက်ချိန်တွင် လွယ်အိတ်ထဲသို့ လက်နှိုက်ထားသည့် ကိုဖိုးစံက လေသေနတ် တစ်ချက်လှမ်း၍ ပစ်လိုက်သည်။

"ဟေ့လူတွေ၊ အကုန် နောက်ပြန်လှည့်စမ်း၊ဆိုက်ကားသမားတွေ၊ဆိုက်ကားတွေ နောက်ပြန်လှည့်ကြစမ်း၊

**ဒါကတော့ သူငယ်ချင်းရာ**
**လူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို**
**နှောင့်ယှက်ဖျက်ဆီးကြတဲ့ လူဆိုးတွေနဲ့**
**တို့ဥပဒေဘက်တော်သားတွေနဲ့**
**ယှဉ်လိုက်ရင် ကံကြမ္မာဆိုတာ**
**ငါတို့ဘက်မှာ အမြဲတမ်းရှိပြီးသားပါကွာ။**
**ညက မင်းနဲ့ငါကိုယ်တွေ့ပဲလေ။**
**အချိန်ကိုက်စည်းဝါးကိုက်**
**ဖြစ်သွားတာလည်း ပါတာပေါ့နော်။**

ရတ်ရတ် ရတ်ရတ် မလုပ်နဲ့နော်"

ဆိုက်ကားများ၏အနောက်၊ လမ်းတစ်ဖက်တွင် စက်ဘီးရပ်၍ ဖီးဂျက်ကက်အိတ်ထဲ လက်နှိုက်ထားသော ဂွင်လေးက -

"ဟေ့ . . . အပေါ်ကပြောနေတာ မကြားဘူးလား၊ ဆိုက်ကားသမားတွေ နောက်ကြောင်းပြန်လှည့်စမ်း၊ ဟေ့ကောင် ချစ်ရှင် မင်းကို ငါသိတယ်နော်၊ ပြောတဲ့အတိုင်းမလုပ်ရင် မင်းတို့ခြေထောက်တွေအကုန်ပစ်ချိုးလိုက်မယ်"

ဆိုက်ကားသမားများက ဆိုက်ကားကို ပြန်လှည့်လိုက်ကြစဉ် လူငါးဦးက တက်၍ထိုင်လိုက်ကြသည်။

"ဆိုက်ကားသမားတွေ လာလမ်းအတိုင်းပြန်နင်းကြ"

ဂွင်လေးက စက်ဘီးကို ဆွဲကွေ့ကာနင်းလိုက်ချိန်တွင် ကိုဖိုးစံကလည်း ကုန်းပေါ်မှ စက်ဘီးကိုနင်း၍ ထိုးဆင်းလိုက်တော့သည်။ လာလမ်းအတိုင်း ပြန်၍ နင်းနေကြသော ဆိုက်ကားများ နောက်က ကပ်ကာ စက်ဘီးများကို ယှဉ်၍ နင်းလိုက်ခဲ့ကြသည်။

ဆိုက်ကားနောက်တွင် ထိုင်လာသူက လှုပ်လှုပ်ရွရွ လုပ်လိုက်စဉ် ဂွင်လေးက "ဟေ့ကောင်ချစ်ရှင် ...ကူလီကူမာ မလုပ်နဲ့နော်၊ ဟေ့ ဆိုက်ကားသမားတွေ မြန်မြန်နင်းကြစမ်း"

ဆိုက်ကားသမားများက အရှိန်မြှင့်၍နင်းနေကြသဖြင့် မကြာမီ အမှတ်(၁)ရဲစခန်းရှေ့သို့ ပြန်ရောက်လာကြသည်။ စခန်းဝင်းတံခါးက ပွင့်နေပြီး စခန်းရုံးရှေ့တွင် ရဲသားလေးတစ်ဦး ရပ်နေသည်ကို တွေ့လိုက်ရသည်။

"ဆိုက်ကားသမားတွေ၊ စခန်းထဲနင်းဝင်လိုက်"

"ဟေ့ညီလေး . . . စခန်းပေါ်ကလူတွေ အကုန်ဆင်းလာခိုင်းစမ်း၊ လက်နက်တွေပါ အဆင်သင့်လုပ်လာခဲ့"

ချက်ချင်းပင် စခန်းပေါ်မှ တပ်ဖွဲ့ဝင်များနှင့် ဂါတ်စာရေးပါမကျန် လက်နက်အဆင်သင့်ဖြင့် ဆင်းလာကြကာ စခန်းပေါ်သို့ ခေါ်တင်သွားတော့သည်။

"ဂွင်လေးရေ၊ ငါ အပေါ်မတက်တော့ဘူးကွာ၊ ပြန်တော့မယ်ဟေ့"

"အေး သူငယ်ချင်း၊ ကျေးဇူးပဲကွာ၊ မနက်ကျရင် ငါ့ဆီကို စောစောလာခဲ့ဦး"

မုန့်ဟင်းခါးဆိုင်ရှိရာ တနင်္ဂနွေပတ်သို့လည်း မလှည့်ချင်တော့၊ နတ်မော်လမ်းမကြီးအတိုင်း ကျောက်တော်ကြီးကုန်း၊ သံလမ်းကုန်းတို့ကို ကျော်ဖြတ်၍ တိုက်ကျောင်းလမ်းမှ ကွေ့ဝင်ကာ နေအိမ်ရှိရာ ကနောင်စုရပ်ကွက်သို့ ပြန်လာခဲ့တော့သည်။ ဇနီးဖြစ်သူ မှုအုပ်ဆရာမနှင့် သမီးလေးများကတော့ အိပ်မောကျနေလောက်ပေပြီ။

× × ×

နောက်တစ်နေ့ နံနက်စောစော ကိုဖိုးစံ နိုးနေသည်။ ရေမိုးချိုးပြီး အဝတ်အစားလဲကာ စက်ဘီးကိုနင်း၍ မြို့ထဲသို့ ထွက်လာခဲ့သည်။ အမှတ်(၁)ရဲစခန်းဝင်းအတွင်းနေသည့် ဂွင်လေးကို ဝင်၍ခေါ်ကာ စစ်တလား နို့စစ်ဆိုင်သို့ ထွက်လာခဲ့ကြသည်။

ဆိုင်ထောင့်တစ်နေရာတွင် ထိုင်လိုက်ကြပြီးနောက် ဂွင်လေးက "ကျေးဇူးပဲကွာ၊ ညက မင်းဝင်ကူပေးလို့၊ ဒီလူတွေ အကုန်ရလိုက်တာ"

ကိုဖိုးစံက ရေနွေးကြမ်းတစ်ခွက် ငှဲ့လိုက်ပြီး -

"ရပါတယ်ကွာ၊ ငါကမင်းအားကိုး၊ မင်းဖီးဂျက်ကက်ထဲက သေနတ်အားကိုးနဲ့ဝင်ပြီး ကူလိုက်တာပါ"

ဂွင်လေးက ရယ်ကျဲကျဲမျက်နှာနှင့် "ညက ငါ့မှာ သေနတ်ပါမလာဘူးကွ"

"ဟော၊ ဒါဆို မင်းလည်း လေသေနတ်နဲ့ပစ်တာပေါ့"

ဂွင်လေးက "ဖြစ်စဉ်က ဒီလိုကွ၊ ဗုဒ္ဓဟူးပတ်နောက်က ဆကာရပ်ကွက်ထဲမှာ မသင်္ကာဖွယ်လူစိမ်း အဝင်အထွက်တွေ ရှိနေတယ်။ ရာဇဝတ်မှု တစ်ခုဖြစ်လာနိုင်တယ်ဆိုတာ မနေ့ကတည်းက ကြိုပြီးသတင်းရထားပြီးပြီ။

ညက တို့ရဲ့တပ်ဖွဲ့နဲ့ ဆကာရပ်ကွက်လူကြီးတွေနဲ့ ပူးပေါင်းပြီး လူဝင်လူထွက်စစ်ဆေးတာတို့၊ ဧည့်စာရင်း စစ်တာတို့ ဝင်ပြီးလုပ်ကြတယ်။ တပ်ဖွဲ့တချို့ကိုလည်း ဆွမ်းသိမ်းပွဲလုပ်နေတဲ့ ဗုဒ္ဓဟူးပတ်မှာ စောင့်ကြည့်သတိ လုပ်ခိုင်းထားတယ်။ ဒီကောင်တွေ အခြေအနေမဟန်တော့၊ သူတို့ ခါးပြတိုက်ဖို့ လက်ထောက်ချတဲ့သူရဲ့အိမ်က ပန်းအိုးတွေထဲမှာ သေနတ်ငါးလက် ဝှက်ထားခဲ့တယ်။ ရပ်ကွက်ထဲက ပုန်းလျှိုးကွယ်လျှိုးထွက်လာပြီး ဆိုက်ကားနစ်စီးငှားစီးလာကြတာ"

"သူတို့အကြံက တနင်္ဂနွေပတ်မှာ လာခိုနေပြီး သန်းခေါင်ကျော် မနက်ပိုင်းကျမှ ပြန်ခါးပြတိုက်ကြမယ်ပေါ့ကွ။ အားကာလမ်းအတိုင်း ရဲစခန်းရှေ့က ဖြတ်နင်းပြီး တနင်္ဂနွေပတ်ကို သွားကြတာကွ။ ငါကလည်း ညတုန်းက ငါ့ဂျူတီ မဟုတ်ဘူး။ အမှုတွဲတစ်ခု ရေးစရာရှိတာနဲ့ လာရေးပြီးလို့ စခန်းရှေ့က ကုလားထိုင်မှာထိုင်ပြီး အိုက်လွန်းလို့ ဦးထုပ်နဲ့ယပ်ခတ်နေတုန်း စခန်းရှေ့ဖြတ်နင်းလာတဲ့ဆိုက်ကားနစ်စီးကြည့်လိုက်တော့ လမ်းမီးတိုင် အလင်းရောင်နဲ့ ဆိုက်ကားနောက်က ထိုင်စီးလာတဲ့ ချစ်ရွှင်ကိုတွေ့လိုက်ရတယ်။ ချစ်ရွှင်ဆိုတာ ဇလွန်မြို့နယ်၊ ကြက်မောက်တန်းရွာက ခါးပြကြီးကွ၊ ငါ ဇလွန်မှာ တာဝန်ကျတုန်းက ဆုံခဲ့ဖူးတယ်။ ချစ်ရွှင်ကိုလည်း တွေ့လိုက်ရော၊ ဒါခါးပြတွေပဲဆိုပြီး စခန်းပေါ်တောင် မတက်ဖြစ်ပါဘူးကွာ။ ကုလားထိုင်မှာချိတ်ထားတဲ့ ဖီးဂျက်ကက်ဆွဲဝတ်၊ ဦးထုပ်ဆောင်းပြီး မျက်ခြည်ပြတ်မှာစိုးလို့ စက်ဘီးဆွဲစီး၊ နောက်က ထက်ကြပ်မကွာ လိုက်ခဲ့တာ။ ကံကောင်းလို့ မင်းနဲ့ဆုံပြီး ခါးပြငါးယောက်လုံးဖမ်းမိခဲ့တာ"

"ဟော၊ ဒါဆို ညကလူတွေအကုန်လုံး ခါးပြတွေပေါ့"

ဝွင်လေးက "အေး…ဟုတ်တယ်၊ ဇလွန်ကြက်မောက်တန်းက ချစ်ရွှင်ရယ်၊ ပဲခူးတိုင်း၊ ဒိုက်ဦးမြို့နယ်က တစ်ယောက်၊ မြန်အောင်ဘက်က တစ်ယောက်၊ ရန်ကုန် ဆယ်သိန်းရပ်ကွက်က တစ်ယောက်နဲ့ တို့ဟသ်ာတ ကိုင်းထဲဘက်က တစ်ယောက်၊ ခါးပြလူသတ်လက်မရွံ့ကြတဲ့ ခါးပြကြီးတွေပေါ့ကွာ။ မြန်အောင်က တစ်ယောက်ဆို ရဲဘက်ပြေးကွ"

ကိုဖိုးစံက အံ့ဩတကြီးဖြင့် . . . "မြို့လယ်ခေါင်ကြီးဆိုတော့ကွာ၊ ငါက ကြက်သူခိုး၊ ငှက်သူခိုးလောက်ပဲ ထင်မိတာ၊ ခါးပြကြီးတွေကိုးကွ။ တို့လေ သေနတ်ပစ်နေတုန်း ပြန်ပြီးခံလုပ်ရင် ဒုက္ခကွာ"

ဝွင်လေးက သောက်လက်စ နို့ခွက်ကို အပြီးသတ်မော့သောက်လိုက်ပြီးနောက် "ဒါကတော့ သူငယ်ချင်းရာ လူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို နှောင့်ယှက်ဖျက်ဆီးကြတဲ့ လူဆိုးတွေနဲ့ တို့ဥပဒေဘက်တော်သားတွေနဲ့ ယှဉ်လိုက်ရင် ကံကြမ္မာဆိုတာ ငါတို့ဘက်မှာ အမြဲတမ်းရှိပြီးသားပါကွာ။ ညက မင်းနဲ့ငါကိုယ်တွေ့ပဲလေ။ အချိန်ကိုက်စည်းဝါးကိုက် ဖြစ်သွားတာလည်း ပါတာပေါ့နော်။ ငါလည်း လုပ်စရာလေးတွေရှိသေးလို့ စခန်းကို ပြန်ဦးမယ်။ မင်းအခု ဘယ်သွားမှာလဲ"

"ငါလည်း ငါ့မိခင်ဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပို့ဖို့ အစီရင်ခံစာ ရေးရအုံးမယ်လေ၊ ရုံးကိုပဲ ပြန်မှာပေါ့"

"အေး…အေး ငါလည်းပြန်လိုက်ဦးမယ်"

ခင်မင်ရင်းနှီးသောသူငယ်ချင်းကို ကူညီချင်သော ဆန္ဒဇောကြောင့်ပေလား။ လူဆိုးဆိုလျှင် မနှစ်မြို့တတ်သော ဝသီစရိုက်ကြောင့်ပေလား၊ ခရီးသွားဟန်လွှဲ အမှတ်မထင် ဆောင်ရွက်လိုက်သော အလုပ်တစ်ခုက အတော့်ကို တာသွားခဲ့ပေပြီ။

သို့ပေမဲ့၊ ညက ရဲစခန်းရှေ့တွင် လူဆိုးများစီးလာသည့် ဆိုက်ကားများကို ရဲတပ်ဖွဲ့ဝင်များ ရှာဖွေကြစဉ် ဆိုက်ကားထိုင်ခုံကူရှင်အောက်တွင် တွေ့ရသော အရှိုးအသွား တောင်ဆုပ်ခန့်ရှိမည့် နစ်ဖက်သွားခါးမြှောင်ကြီးများကို ပြန်မြင်ယောင်မိသည်။

ယားကျိကျိဖြစ်လာသော ဝမ်းဗိုက်ကို ပွတ်သပ်မိရင်း ဥယျာဉ်မြောက်ရပ်ကွက်ရုံးဘက်သို့ စက်ဘီးကိုနင်းကာ ပြန်ခဲ့ပါတော့သည်။

(ဟသ်ာတခရိုင် ရဲတပ်ဖွဲ့မှူးရုံးတွင် တာဝန်ထမ်းဆောင်နေသော ဒုရဲမှူးသန်းလွင်သို့အမှတ်တရ)

**ညာဏ်ဦးစံ**



သစ္စာတော်ချွေပျက်ပေမဲ့
သွေမပျက်နိုင်ပါ
သိန်းကိုဦး(ဟင်္သာတ)

# သစ္စာတော်ချွေဖျက်ပေမဲ့ သွေမပျက်နိုင်ပါ

**သန်းကိုဦး(ဟင်္သာတ)**

ဗဟိုရ်နာရီစက်မှ သုံးချက်တီးသံကို ဆတ်ခနဲ ကြားလိုက်သည်။

ဘယ်လူး၊ ညာလွန့်နှင့် အိပ်၍မပျော်နိုင်သေးပါ။

မျက်စိအစုံကို မှိတ်လိုက်သည်နှင့်မသဲ၏ရွှေမျက်နှာတော်ကလေးက အတွေးအာရုံတွင် ထင်ဟပ်မြင်ယောင်နေမိသည်။ ဩော် ... မျက်လုံးအရိပ်တံခါးမှ နှလုံးစိတ်အကြားထိ စွဲငြိကပ်တွယ်နေခဲ့ပါပြီကော။ သလွန်ထက်မှ ထ၍ ရပ်လိုက်သည်။ အဆောင်တော်ပြတင်းတံခါးဆီသို့ တစ်လှမ်းချင်းလျှောက်ပြီး ပြတင်းတံခါးကို အသာအယာဆွဲဖွင့်လိုက်သည်။

တန်ဆောင်မုန်းလပြည့် ည၏အလှပသာဒသည် ရင်ထဲတွင် အေးမြစွာ ကြည်ကြည်နူးနူး ခံစားလိုက်ရပါသည်။

ကြယ်တာရာစုံ ဝန်းရံခလျက်ရှိသော လမင်းကြီး၏ အလင်းရောင်သည် နန်းတော်တစ်ခွင်တစ်ပြင်လုံး ရှုမဆုံးနိုင်လောက်အောင်ပင် ကျက်သရေတင့်လျက် ရှိနေပေသည်။ သည်လိုညမျိုးမှာ ချစ်ရသူမသဲလေးနှင့်ချိုသာကြည်မြလှပသော ချစ်စကားကလေးများ ဖလှယ်ခွင့် ရခဲ့ပါလျှင် မည်မျှလောက် ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းပါမည်လဲဟု စိတ်ကူးတွေယဉ်နေမိသည်။

"နောင်တော်"

တိတ်ဆိတ် ငြိမ်သက်နေသော အတွေးလှလှကို ဖျက်ဆီးပစ်လိုက်သူအား ရုတ်ခြည်းလှည့်၍ ကြည့်လိုက်မိသည်။

"ဩော် ...ညီတော်ပါလား။ ဘာအရေး ကိစ္စများရှိပါလို့လဲ"

မလုံ့တလုံစိတ်ဖြင့် မေးမိမေးရာ နှုတ်စကားက ထွက်သွားရသည်။ ပြုံးစစဖြင့် လှမ်းကြည့်နေသော ညီတော်ကို မြင်ရသောအခါ "အဖြစ်သည်းလှချည်လား နောင်တော်ရယ်" ဟု အပြစ်တော်တင်မှာကိုလည်း စိုးမိသည်။ ဤစကားကို မဆိုပါသော်လည်း ပြုံးစစနှင့် ရှုစားနေသော အမူအရာကပင်လျှင် သာလွန်၍ လှောင်ပြောင်နေသယောင် ခံစားရပါသည်။

"နောင်တော် ကြိုးစားပြီးတော့ အိပ်ပျော်အောင် အိပ်လိုက်စမ်းပါ၊ မိုးသောက်ရင် ဆရာတော်ကျောင်းကို သွားဖို့ ကိစ္စရှိသေးတယ်မဟုတ်လား"

"အင်း - ဟုတ်ပေသားပဲ၊ ကောင်းလှပါပြီ ညီတော်"

သူ့စကားအဆုံးမှာ ညီတော်က လှည့်၍ ထွက်ခွာသွားလေသည်။

နောက်နေ့မှာဖြင့် ညီအစ်ကိုတော်နှစ်ဦးသား ငယ်ဆရာရင်းဖြစ်သော ဆရာတော် ဦးစန္ဒိမာ၏ ကျောင်းသို့ ကြွလှမ်းခဲ့ကြ၏။

ကျောင်းပေါ်သို့ရောက်၍ ဆရာတော်ဘုရားအား ဝတ်ဖြည့်သောအခါ

"တပည့်မောင်လွင်နဲ့ မောင်ခင် မမြင်တာ ကြာပါရော။ မင်းတို့ ခမည်းတော်ဘုရားရော ကျန်းခန့်သာလို့ မာပါစ"

"မှန်ပါ့ဘုရား အသက်တော်ကလည်း ထောက်လာပြီမို့ ဟိုစဉ်ကလောက် မကောင်းတော့ပါ ဘုရား။ သမားတော်တို့က အမြဲမပြတ် စောင့်ရှောက်နေရပါတယ် ဘုရား"

နောင်တော်ဖြစ်သူ မောင်လွင်က ဦးတင်လျှောက် ထားလိုက်သည်။

"ဟုတ်ပေမပေ့ါလေ။ ဇာတိ၊ ဇရာ၊

ဗျာဓိ၊ မရဏ ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုး ကမှ မလွန်ဆန်နိုင်တာကိုပဲကွယ့်"

"မှန်ပါ့ဘုရား"

"ဒါကြောင့် ဆရာတော်က တပည့်တို့ကို မကြာခဏ ဆုံးမသြဝါဒ ပေးရတာပ"

ဆရာတော် ဦးစန္ဒိမာက ခေါင်း တဆတ်ဆတ် ညိတ်၍ မိန့်တော်မူ လိုက်သည်။

"မောင်လွင်က မင်းတုန်းမြို့စား မောင်ခင်က ကနောင်မြို့စား မင်းညီ မင်းသားတွေပဲ။ နောင်အခါ ဘုရင်နဲ့ အိမ်ရှေ့မင်းသား မလွဲမသွေဖြစ်လာ ကြမှာဆိုတော့လောကီလောကုတ္တရာ နှစ်ဖြာသော အတတ်ပညာတွေကို လေ့လာကြိုးစား အားထုတ်နေကြရ မည်ကွယ့်"

"မှန်ပါ့ဘုရား"

ရိုသေကျိုးနွံစွာ ဦးတင်ကြသည်။ မောင်လွင်က ယူဆောင်လာခဲ့သော အိတ်တစ်လုံးကိုရှေ့သို့ချကာလျှောက် ထားသည်။

"ဆရာတော်ဘုရား ဘုဉ်းပေးဖို့ ငါးခြောက်များ ကပ်လှူပါတယ်ဘုရား"

ထိုအခါ ဆရာတော် ဦးစန္ဒိမာက ပြုံးတော်မူ၍ -

"ကောင်းပေ့၊ ကောင်းပေ့၊ အင်း - မှတ်မိသေးတော့တယ်။ မောင်လွင် ငယ်စဉ်က အရိုက်ခံခဲ့ရတာ။ ဒီငါး ခြောက်ပြားတွေကြောင့်ပေ့၊ ဟုတ်ရဲ့ လား"

"တပည့်တော်အတွက်တစ်သက် တာလုံး မမေ့နိုင်အောင် ပညာပေး ဆုံးမခဲ့တဲ့ ကျေးဇူးတော်ဟာ ကြီးမား လှပါပေတယ် ဘုရား"

ရိုကျိုးသောအမူအရာ၊ ယဉ်ကျေး သိမ်မွေ့သော နှုတ်ထွက်စကားတို့ဖြင့် ပြန်လည်ဦးတင် လျှောက်ထား သည်။

တကယ်ဆိုတော့ ဆရာတော် ဦးစန္ဒိမာမှာ မောင်လွင်နှင့် မောင်ခင် တို့၏ ငယ်ဆရာအရင်း ဖြစ်ပါသည်။ ဘုရင့်သားတော်များပင် ဖြစ်လင့်က စား ဘုန်းကြီး ကျောင်းသားအဖြစ် စံကျောင်း၌ ပညာသင်ကြားကာ ဆရာတော်၏ ဝတ်ကြီးဝတ်ငယ်ကို ပြုစုခဲ့ကြသည်။

ယခု မင်းညီမင်းသားများ ဖြစ်လာ သည့်တိုင် ဆရာတော်၏ကျေးဇူးကို မမေ့လျော့ကြပါ။ ဆရာတော်က မှာ လျှင် မဆိုင်းမတွ ရောက်လာတတ်ကြ သည်။ ဝတ်ကြီးဝတ်ငယ်တို့ကိုပြုစုပေး ပြီး ဆရာတော်၏ ဆုံးမသြဝါဒစကား ကို နာယူမှတ်သားကြလေသည်။

- - - - -

"ကိုယ်တော်လေး တစ်နေ့လုံး ဘယ်ပျောက်နေတာလဲဘုရာ့"

"အေး၊ တို့ညီအစ်ကိုတွေ ဆရာ တော်ရဲ့ကျောင်းကို သွားနေကြတာ ကွ"

ဥယျာဉ်တော်ဝယ် အပန်းဖြေနား နေခိုက် ငယ်ကျွန် မောင်သစ်နှင့် အေး အေးဆေးဆေး စကားစမြည် ပြောဆို နေကြသည်။

"ငါကွာ ညက တစ်ညလုံး အိပ်လို့ မပျော်ဘူး။ သူကလေးရဲ့ မျက်နှာကိုပဲ စွဲထင်မြင်ယောင်နေမိတယ်"

မောင်သစ်က ခိခနဲရယ်လိုက်ပြီး

"ဖြစ်ရမယ် ကိုယ်တော်၊ ဖြစ်ကို ဖြစ်ရမယ်၊ အရင် ကျွန်တော်မျိုး လျှောက်တင်စဉ်က ကိုယ်တော် မယုံ ဘူးမဟုတ်လား။ မသဲရဲ့ အလှဂုဏ် သတင်းဟာနေပြည်တော်ရဲ့အရှေ့ပြင်၊ အနောက်ပြင်၊ တောင် မြောက် တစ်ခွင် လုံးမှာ ကြိုင်သင်းနေခဲ့တာပဲ"

"ဟုတ်ပ ဟုတ်ပ၊ တစ်နေ့က မြတ်မုနိပွဲတော်မှာ သူကလေးကို အမှတ်မထင် တွေ့ဆုံခွင့်ရလိုက်တော့ မှ ရင်ထဲအသည်းထဲ စွဲငြိသွားပေ တော့တယ်"

သူ အားရကျေနပ်စွာ ပြောလေ သည်။

"ကိုယ်တော် ရရင်မလိုချင်ဘူး လား"

"ဟဲ့ကောင် ဘာပြောလိုက်တာ လဲ လူမိုက်"

ရုတ်တရက် သူ့ငေါက်သံကြောင့် မောင်သစ် မျက်လုံးပြူး ဖက်ပုဝင်သွား လေ၏။ ပြီးတော့မှ သူက -

"အခုရရင် အခုလိုချင်တာပေ့ ငယ်ကျွန်ကြီးရာ"

"ဟား ... ဟား ... ဟား"

သည်တော့မှသူ့ရယ်သံနှင့်ရော၍ မောင်သစ်ပါ ရယ်ချလိုက်လေသည်။

"အကြံဉာဏ်လေးများ မပေးနိုင် တော့ဘူးလား ကွာ"

သူက မောင်သစ်ပခုံးကို ဆုပ်ကိုင် လှုပ်ယမ်း၍ မေးသည်။ မောင်သစ်က ခေါင်းကိုတစ်ခြမ်းစောင်းငဲ့၍ စဉ်းစား ပြီး -

"ဒီလိုလုပ် ကိုယ်တော် သူ့အိမ်ကို သွားပြီး စကားပြောပေ့၊ မသဲက ကိုယ် တော့်ကို မြင်ဖူးသွားပြီပဲ"

"ဟ - ငါတစ်ယောက်တည်း မသွားရဲဘူးကွ"

"ကိုယ်တော်က တယ်ပြီး သတ္တိ နည်းတာပဲ၊ ကိုယ်တော်လေး ကနောင် စားကိုကြည့်၊ ဘယ်လောက် သွက် လက်သလဲလို့ လှိုင်မင်းသမီးလေးနဲ့ တောင် ချစ်ကြိုးတွေ သွယ်နေကြပြီ၊ ကိုယ်တော့မှာသာ ကြောက် နေ၊ ကဲ -

ဘာမှမပူနဲ့ ငယ်ကျွန်းကြီးပါလိုက်မယ်၊ မဖြစ်ရင် အသတ်ခံဝံ့တယ် ကိုယ်တော်"

ငယ်ကျွန် မောင်သစ်ကတော့ ဖြင့် အားပေးစကားတွေ ဆိုရှာနေပြီ သူ တက်ကြွသွား၏။ အသက်ကို ပြင်းပြင်းရှူလိုက်ပြီး ယာလက်ရုံးကို မြှောက်ကာ

"ငါဟဲ့ ယောက်ျားကွ"

ဟု ကြွေးကြော် ဟစ်အော်လိုက်ပါတော့သည်။

- - - - -

လရောင်က ဖော့ဖော့ကလေးပင်သာသော်လည်း ခြံဝင်းအတွင်း ကွက်ကြားလင်းလျက် ရှိနေပါသည်။ သေသပ်ခမ်းနားသော သစ်သားအိမ်တော်ကြီးမှာ ခြံဝင်းအလယ်တွင် တင့်တယ်လျက် ရှိနေ၏။ သစ်သားတိုင် ပန်းရုံကလေးများက ခြံထောင့်စွန်းများ၌ အစီအရီပင် ရှိနေသည်။ ခွာညို၊ သဇင်ပန်းရနံ့တို့က ထုံသင်းကြိုင်လှိုင်စွာ ရောက်ရှိလာသည်။ ပန်းရုံနံဘေး ခုံတန်းလျားပေါ်တွင် ကြည်နူးစွာ ထိုင်လျက်ရှိသော မသဲကို သူ လှမ်းမြင်နေရ၏။ သဇင်ပန်းရုံကြားမှ မသဲ မျက်နှာပေါ်သို့ လရောင်တစ်ချက်ထိုးနေသည်မှာ ကျက်သရေတင့်နေပါသည်။

ခုံးမျက်စ၊ သုံးရက်လ သဏ္ဍာန် မျက်ခုံးနှစ်သွယ်က တန်းမတ်စွာ ပေါ်လွင်နေသည်။ ဝိုင်းစက်ရွှန်းလဲ့သော မျက်လုံးအစုံက ကြည်လင်တောက်ပလှသည်။ ဖူးငုံစ နှုတ်ခမ်းအလှကလေးနှင့် သွယ်လျရွှင်ပြသော မျက်နှာတော်ကလေးကို ကြည့်မဝ ရှုမဆုံးနိုင်အောင် ဖြစ်ရသည်။ "အင်း မသဲလို အလှမျိုးက ရွှေနန်းတော် တစ်ခွင်လုံးဆန်ကာတင်ရွေးရှာတောင် တွေ့နိုင်ခဲ့ပါ့ဘိ" ဟု သူ ကောက်ချက်ချနေပါ၏။

"ကိုယ်တော် သွားတော့လေ၊ ခြံထဲကိုဝင်သွားစမ်းပါ၊မသဲတစ်ယောက်တည်းနော်"

နောက်ကနေ၍ သူ့တင်ပါးကို တွန်း၍ လှုံ့ဆော်လိုက်သည်။

သူခါးဝတ်ပုဆိုးတော်ကိုသေသပ်စွာပြင်ဝတ်သည်။ ရင်စေ့ပိုးအင်္ကျီကို ကျကျနနဆွဲဆန့်ပြီး ခြံတံခါးဝကို အသာအယာဖွင့်၍ဝင်သွားလေသည်။

သဇင်ပန်းခက်ကလေးကို ကိုင်လျက် ထိုင်နေသော မသဲအနားသို့ တစ်လှမ်းချင်းတိုး၍ သွားသည်။ သူကလည်း အနားအရောက် မသဲကလည်း သူ့ဘက်အလှည့် ဖြုန်းခနဲ ရင်ဆိုင်တွေ့လိုက်ရသည်။

"အမယ်လေး"

ဟု အသံထွက်အောင် မသဲ ထိတ်ထိတ်ပျာပျာနှင့် လိပ်ပြာငယ်သွားရှာသည်ထင့်၊ လက်ကလေးနှစ်ဖက်ကို နောက်ကိုထောက်၍ တုန်တုန်ယင်ယင် ဖြစ်နေသည်။ သူက လက်ဝါးကလေးကို အသာကာ၍

"ရှူး - တိုးတိုးမောင်တော်ပါ သဲရဲ့ မြတ်မုနိဘုရားမှာ ဆုံခဲ့တာလေ" မှတ်မိစေရန် တိုးတိုးကလေး ပြောပြပေမဲ့ မသဲက ကြောက်ရွံ့သော မျက်လုံးဝိုင်းကလေးများဖြင့် ကြည့်နေရှာသည်။

သူက မသဲနံဘေး ခုံတန်းလျားလေးပေါ်မှာ ဝင်၍ထိုင်လိုက်သည်။ တစ်ဦးနှင့်တစ်ဦး စကားမဆို ငေးလျက်သာ ကြည့်ရှုနေလေသည်။

ထိုစဉ်တွင်ပင် ဘွားခနဲ မသဲ၏ မိခင်ဒေါ်ဖြူ ရောက်ရှိလာ၏။ မသဲ မအိပ်သေး၍ လှမ်းခေါ်မည်အလုပ် သူ့ကို လှမ်းမြင်လိုက်သဖြင့် ရောက်ရှိလာခြင်း ဖြစ်သည်။ သူကလည်း အံ့အားသင့်နေမိသည်။ ဒေါ်ဖြူက သူနှင့် မသဲ အကြားတွင် ဝင်၍ထိုင်လိုက်၏။ မသဲမှာ ခြေမကိုင်မိ လက်မကိုင်မိနှင့် တုန်တုန်ယင်ယင် ဖြစ်နေသည်။

ဒေါ်ဖြူက ခပ်တည်တည် မျက်နှာထားဖြင့်

"ကဲ ကိုယ်တော်လေး၊ ဘာပြောစရာရှိပါသလဲ၊ ပြောစရာရှိရင် ပြောတော်မူပါ"

ဟု ဆိုလေသည်။ သူ့ကို မင်းသားမှန်း သိနေသည်။ သူဘာပြောရမည် မသိ၊ နှုတ်တော်က ဆွံ့အနေမိ၏။

ဒေါ်ဖြူက သမီးမသဲဘက်သို့ တစ်ခါလှည့်၍

"သမီး မင်းထဲစိုးထဲများတော့ စိတ်မကူးလေနဲ့၊ မင်းထဲစိုးထဲ ရောက်လို့ ငှက်ပျောသီးတစ်လုံးတောင် စားရမှာ မဟုတ်ဘူး"

ဟု ပြောဆိုကာ မသဲလက်ကို ဆွဲ၍ သူ့ရှေ့မှ ထွက်ခွာသွားလေတော့သည်။ သူက မျက်လုံးကြောင်တောင်တောင်နှင့် ငေးမောနေမိသည်။

ပြီးတော့မှ သက်ပြင်းရှည်ကြီး တစ်ချက်ကိုချကာ ခေါင်းကို တွင်တွင်ခါ၍ ပြန်လှည့်ထွက်လာရပါတော့သည်။

- - - - -

သူ့ဝေဒနာက ပိုပိုပြင်းထန်လာသည်ထင်၏။

တညည်းညည်း တညူညူနှင့် တမ်းတဖန်များလာတော့ မောင်သစ် မနေနိုင်တော့ပါ။ သည်တစ်ခါ အပိုင်စီစဉ်မည်ဆို၍ ကတိပေးကာ ဆောင်ရွက်ခဲ့သည်။

မောင်သစ်၏ ချစ်ရည်းစား ရွှေစာ

**ဘယ့်နှယ် နောင်တော်ရယ်၊
တောင်ညာစံဒေဝီ တင်မြှောက်စဉ်က
ညီတော်မပြောလိုခဲ့ပါဘူး။
အခုဟာက နောင်တော် ညီတော်တို့ရဲ့
ငယ်ဆရာ အရင်းခေါက်ခေါက်ပါ။
ကိုယ်အခွင့်သာလို့ မမြှောက်စားရင်
ဘယ်သူတွေက ဂရုတစိုက် ရှိကြမှာလဲ၊
စဉ်းစားကြည့်စမ်းပါဦး။**

က မသဲနှင့် သူငယ်ချင်းဖြစ်၏။ ရွှေစာနှင့် မောင်သစ်တို့ တိုင်ပင်၍ တွေ့ဆုံနိုင်ဖို့အရေး ဆွေးနွေးလာခဲ့သည်။ ထို့ကြောင့်လည်း သူ့ကိုခေါ်ငင်သွားလေသည်။ သူက ကျကျနန အလှပဆုံး ဝတ်စားလာသည်။

စာရေးတော်ကြီးလည်း မရှိခိုက် ဒေါ်ဖြူလည်း ဥပုသ်စောင့်သွားခိုက်၊ အခွင့်တော်သာနေ၏။ အိမ်ကို ရောက်တော့ ရွှေစာကို အရင်တွေ့ရသည်။

"စာစာ သေချာတယ်နော်"

မောင်သစ်က မေးရပြန်သေး၏ သည်တော့ ရွှေစာက မျက်စောင်းချိတ်၍

"ကိုသစ်ရယ် စာစာတို့က မသေချာရင် ခြင်တောင်မရိုက်ဘူးမှတ်"

"ဟီး ဟီး ဒါကြောင့် ရွှေစာကို ချစ်နေရတာပေါ့"

မောင်သစ်က ပြောပြောဆိုဆို ရွှေစာ၏ပါးကလေးကို ဆွဲလိမ်လိုက်သည်။

"ရွှေရေး ပန်းကန်မတက်နဲ့နော် တွေ့လား ဒီမှာ ယောက်မ"

ရွှေစာက ယောက်မကိုထောင်၍ ငေါက်လိုက်သည်။

"ကဲပါ ကိုယ်တော်လေးကို ခေါ်ချည်တော့၊ အခန်းထဲမှာ မသဲ စောင့်နေတယ်"

မောင်သစ်က အပြင်ကိုထွက်၍ လက်ယပ်ပြလိုက်တော့မှ သူဝင်လာသည်။ တောင်ကြည့်မြောက်ကြည့်နှင့် မလုံသလိုဖြစ်နေသေး၏။

"စိတ်ချကိုယ်တော် အားလုံး အဆင်ပြေပြီးသားပါ၊ သွားမှာသာသွား၊ ကဲလာ စာစာ ကိုယ်တို့လည်း ကိုယ်တို့ ကိစ္စ"

"ဘာကိစ္စလဲ"

"ဟို - ဟိုစကားပြောရအောင်လို့၊ အဲဒါ - ပြောတာပါ စာစာရယ်"

မောင်သစ်က မျက်စိတစ်ဖက် မှိတ်၍ မေးငေါ့ပြလိုက်တော့ သူ အခန်းတွင်းသို့ ဝင်သွားတော့သည်။

ညောင်စောင်းထက်မှာ ဣန္ဒြေရစွာ ထိုင်နေသော မသဲကိုမြင်တွေ့လိုက်ရ၏။ အနားရောက်တော့ သူ့ ရင်တွေ တဆတ်ဆတ် ခုန်လျက်ရှိ၏။ ရင်ဘတ်ကို လက်ဝါးဖြင့် အသာဖိ၍ မသဲ အနားမှာ ဝင်၍ထိုင်လိုက်သည်။ မသဲက ရှက်စနိုးလေးဖြင့် ခေါင်းငုံ့နေရှာလေသည်။

"သဲရယ်၊ မောင်တော်လေအရှက်တော်ကို ငဲ့ကွက်မနေနိုင်လောက်အောင် ချစ်မြတ်နိုးတယ်ဆိုတာ ယုံပါကွယ်"

မသဲ၏ လက်ဖဝါးနုနုကလေးကို ရွရွကလေး လှမ်းကိုင်၍ ပြောလိုက်သည်။

"ယောက်ျားတွေက ဒီလိုပဲ ပြောတတ်တယ် ထင်ပါရဲ့"

မသဲ၏ နှုတ်မှစကားလေးက သူ့နားထဲသို့ ချိုသာစွာ စီးဝင်လာသည်ဟု ထင်လိုက်ရ၏။ သူ့စကားမဆိုဘဲ မသဲ၏မျက်နှာတော်လေးကို တဝကြီးရှုစားနေမိ၏။

အကြည့်က ကြာလာတော့ မသဲ မနေတတ် မထိုင်တတ် ဖြစ်လာသည်၊

"ကြည့်လှချည်လား မောင်တော်ရယ်"

"ဗျာ - ဗျာ မောင်တော် ဟုတ်ရဲ့လား"

သူပျော်သွားပါသည်။ မောင်တော်ဟု အမြတ်တနိုး ခေါ်လိုက်သော စကားသံသည် ကမ္ဘာကုန်ကျယ်သည်အထိ ပျံ့နှံ့သွားသည် ထင်လိုက်ရသည်။

"လှလိုက်တာ သဲရယ်၊ အဖေ့ကိုတူလို့ လှတာလား၊ အမေ့ကိုတူလို့ လှတာလား၊ ရွှေမှုန်ကိုစားပြီး ဖွားခဲ့လေသလားကွယ်"

"တော်ရုံမြှောက်ပါ မောင်တော်ရယ်၊ သဲမနေတတ်ပါဘူး"

မသဲ၏ ကိုယ်ခန္ဓာလေးသည် သူ့ဘက်သို့ တိမ်းညွတ်လာသည်။ သူ ယုယနွေးထွေးစွာ ပွေ့ဖက်ထား၏။ အိစက်နူးညံ့သော အသားစိုင်လေးမှာ ဝါဂွမ်းနုကို ပွေ့ဖက်ထားဘိသကဲ့သို့ သူ ခံစားလိုက်ရသည်။

"သဲက အမရပူရသူလားဟင်"

"မဟုတ်ပါဘူး မောင်တော်၊ သဲက အောက်ပြည် အောက်ရွာကပါ၊ ဟိုး ဟင်္သာတဆိုတဲ့ ဒေသကပေါ့၊ သဲရဲ့ဘတော်အရင်းက ဟင်္သာတမြို့သူကြီး ကျော်ထင်နော်ရထာဘွဲ့ခံ ဦးပုတဲ့၊ မယ်မယ်ဒေါ်ဖြူနဲ့ မသင့်မမြတ် ဖြစ်ကြပြီး မယ်မယ်က ဒီကို ပြောင်းလာခဲ့တာ၊ မယ်မယ်က မြို့တော်မှာ စာရေးတော်ကြီးနဲ့ အကြောင်းပါတယ်လေ"

"ဪ ... ဪ"

"ဒါကြောင့် သဲက သာမန်အရပ်သူပါ မောင်တော်ရယ်၊ ရွှေနန်းထက်မှာ ဖွားတဲ့ ရွှေမင်းသားနဲ့ မထိုက်တန်ပါဘူး"

"အို သဲရယ်၊ မောင်တော် မကြားပါရစေနဲ့ကွယ်"

သူက မသဲ၏ နှုတ်ခမ်းကလေးကို လက်ဖဝါးဖြင့် ကာ၍ထားလေသည်။

"မောင်တော်ထားတဲ့ မေတ္တာ ဘယ်လောက် ကြီးမားတယ်ဆိုတာ ရင်ကို ခွဲပြချင်ပါတယ်ကွယ်။ သဲကို မြတ်နိုးစုံမက်ခဲ့တာဟာ ဂုဏ်ပကာသန အလျဉ်းမပါ ရပါဘူးကွယ်နော်"

သူ ကြင်နာယုယစွာ ပွေ့ဖက်ထားသည်။ မသဲက သူ့ညာလက်ရုံးထက်ဝယ် ခေါင်းကလေးကို ငဲ့စောင်းမှီတွယ် မေးစက်နေလေသည်။

"မောင်တော်ရဲ့စကားကို သဲ ယုံလိုက်တော့မယ်နော်"

"ယုံတော်မူပါ သဲရယ်၊ သဲဟာ မောင်တော်ရဲ့ အချစ်ဦး အချစ်ဆုံးပါ၊ မြတ်မြတ်နိုးနိုးနဲ့ ထာဝရ ချစ်နေပါ့မယ် သဲရယ်"

သူ့စကားကို မသဲ ယုံလိုက်ပါသည်။

သူ့လက်မောင်းတော်ကို မသဲ အားပါးတရ ဖျစ်ညှစ် ဆုပ်ကိုင်ထားလေသည်။

သည်တော့ အိစက်နူးညံ့မွေးပျံ့လျက်ရှိသော ပါးအိအိကလေးပေါ်သို့ သူက အနမ်းမိုး ရွာသွန်းဖြိုးနေပါလေတော့သည်။

- - - - -

နေဝင်ဖျိုးဖျ အမှောင်ဘက်ဆီ သို့ အားယူစ အချိန်ဖြစ်ပါသည်။

ဒေါ်ဖြူ ပျာပျာသလဲနှင့် မနေနိုင် မထိုင်နိုင် ဖြစ်နေသည်။ တစ်အိမ်လုံး အနှံ့ ရှာသော်လည်း ဘယ်နေရာမှ မတွေ့၊ ပတ်ဝန်းကျင်ကို မေးမြန်းစုံစမ်း ပြန်တော့လည်း မည်သူမျှမသိ၊ သမီး ပျောက်အတွက် ရင်တမမ ဖြစ်ရရှာသည်။

အကြံတစ်ခု ဖျတ်ခနဲ ရလေသည်။

ရွှေစာတို့အိမ်ဘက်ကို သုတ်ခြေတင်၍ ခရီးနှင်ခဲ့သည်။ အခန့်သင့်ပင် ဖြီးလိမ်းဝတ်စားထွက်လာသော ရွှေစာကို တွေ့လိုက်သည်ဆိုရင်ပဲ -

"ဟဲ့ ရွှေစာ၊ မသဲ ဘယ်မှာလဲ"

ရွှေစာ အံ့သြနေမိသည်။ ဘာမပြော ညာမပြောနှင့် မေးလာသော ဒေါ်ဖြူကို ခပ်စိမ်းစိမ်း ပြန်ကြည့်လိုက်သည်။

"ရွှေစာကို ဘာသဘောနဲ့ မေးတာလဲ ကြီးတော်"

"အေး ရွှေစာကိုမေးတာ မသဲ ပျောက်နေလို့၊ ညည်းသိမှာပေါ့"

"မဆီမဆိုင် ကြီးတော်ရယ်၊ ရွှေစာက လေညာကနေ အနေသာချည်းပါ။ ကြီးတော် အိမ်ကနေ ပျောက်သွားတာပဲ။ ရွှေစာမှာ နတ်မျက်စိမရှိလို့ ဘယ်သိနိုင်ပါ့မလဲ"

တည်တည်နှင့် ခပ်ငေါ့ငေါ့ပင် ပြောလိုက်သည်။ ဒေါ်ဖြူ မခံချိမခံသာ ဖြစ်သွားလေ၏။

"အေး ဒါဆိုလည်း ပြီးရောပေါ့ အေ၊ တွေ့ကြသေးတာပေါ့"

ထဘီကိုမ၍ ဒေါ်ဖြူ ခပ်သုတ်သုတ် ထွက်ခွာ သွားလေသည်။

ရွှေစာက ပြုံးလိုက်သည်။

ယမန်နေ့ သန်းခေါင်ယံက သူ မသဲကို ခိုးယူထွက်ပြေးလေသည်။ မောင်သစ်နှင့် ရွှေစာက အကြံပေး အပို့အယူလုပ်ခဲ့သည်။ မြောက်ပြင်ဘက်က သူ့သူငယ်ချင်းအိမ်အရောက် ပို့ပေးခဲ့ကြပြီး နံနက်မိုးသောက်ချိန်မှာ ပြန်လာခဲ့ကြသည်။

မည်သူမျှ မရိပ်မိခဲ့ကြပါ။

သုံးလေးရက် မြောက်သည်အထိ သတင်း အစအနမရ၍ ဒေါ်ဖြူ ရှိုက်ကြီးတငင် ငိုကြွေးရလေ သည်။

နောက်ဆုံး သူ့ဖခမည်းတော် ရှေ့မှောက် ဝင်ရောက်ကာ သမီးပျောက်အတွက် တိုင်တန်းတော်မူသည်။ ရှာဖွေပေးရန်လည်း အသနားခံ လျှောက်ထား တောင်းပန်သည်။ ထို့ကြောင့် သူ့ဖခမည်းတော်က မောင်သစ်ကို ခေါ်ကာ မေးမြန်းစုံစမ်းပြီး မသဲကို ဒေါ်ဖြူထံ ပြန်လည်အပ်နှံလေတော့သည်။

မသဲအိမ်ကိုပြန်ရောက်လေသော အခါ မိခင် ဒေါ်ဖြူ မဆူဝံ့ မကြိမ်းဝံ့ခဲ့ပါ။

သမီးလေးကို အသက်နှင့်အမျှ ချစ်သည်ဖြစ်၍ နမြောတသသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်မပြုစေလိုသေးပါ။ မျက်စိအောက်က အပျောက်မခံလိုသေးပါ။ မသဲမှာတော့ သူ့ကို လွမ်းနေရပါပြီ။

တစ်သက်မှတစ်ခါ၊ တစ်ခါမှာ တစ်ချစ်သာလျှင် ချစ်ခဲ့ရသော မောင်တော်ကို မှန်းဆ တမ်းတ လွမ်းနေရပါပြီလေ။

- - - - -

သူသည်လည်း နန်းတွင်းမှာ မပျော်နိုင်ခဲ့ပါ။

တမှိုင်မှိုင်တတွေတွေနှင့်နွမ်းယိုင် ခွေလျော့ နေရပါချေပြီ။

ကြာလာတော့ ညီတော် ကနောင်မင်းသားလေးက မနေနိုင်တော့ပါ။

"ကဲ ကိုယ်တော် ဒီလောက်

တောင်ဖြစ်နေမှတော့ ထပ်ပြီး ခိုးတော်မူ"

"မလျောင်ပါနဲ့ ညီတော်ရယ်"

သူက မျက်နှာအိုအိုကလေးနှင့် ဆိုရှာသည်။

"အမှန်တကယ်ပြောတာပါနောင်တော်၊ ကိုယ်တော့်ကို မကြည့်ရက်တော့ပါဘူး၊ညီတော့်မှာကတာဝန်တွေက များတယ်၊ ဒီတစ်ခါတော့ နောင်တော်အတွက် တကယ်ကို ကူညီပေးမှာပါ"

သူ ညီတော်ကို အားပါးတရ ပွေ့ဖက်လိုက်ပါသည်။

"ဝမ်းသာလိုက်တာ ညီတော်ရယ်"

တစ်နေ့တွင် ဖြစ်လေသည်။ ကနောင်မင်းသားလေးက သူ့ကျွန်ယုံတော်မှတစ်ဆင့် မသဲထံ တိတ်တဆိတ် စာလွှာပါးလိုက်သည်။ အခွင့်သာသည်နှင့် ကနောင်မင်းသားကိုယ်တိုင် လာရောက်ခေါ်ဆောင်မည့် အကြောင်းပင် ဖြစ်လေသည်။

ကံအကြောင်းကလည်း အခွင့်မသာခဲ့ပါချေ။

ငါးရက်မြောက်သည့်နေ့တွင် ခိုးယူပြီး နောင်တော်ထံ အပ်နှင်းကာ ထွက်ပြေးစေသော်လည်း ဒေါ်ဖြူက လက်ဦးကာ ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပါသည်။ သည်တစ်ခါတွင်မူ ဒေါ်ဖြူ ဒေါသထလေသည်။ မသဲကို တစ်နေ့လုံး ဆူပူကြိမ်းမောင်းသည်။

မသဲက ငိုကြွေးနေရုံမှတစ်ပါး မတတ်သာလေပြီ။

အိမ်ခေါင်းရင်းခန်းတွင် ဖက်ဆေးလိပ်ကြီးကိုဖွာ၍ ထိုင်နေသော စာရေးတော်ကြီးက ငြိမ်၍ နားထောင်လေသည်။ တော်ရုံတန်ရုံ စကားဆိုလျှင် ဆိုခဲပြောခဲလှသည်။ရိုးသားအေးဆေးသူပီပီ ဒေါ်ဖြူတို့ သားအမိကြားတွင် ဆိုးသည် ကောင်းသည်မပြောခဲ့ပါချေ။

"ဒါကြောင့် ပြောတာပေါ့၊ သမီးတစ်ကောင် နွားတစ်ထောင်ဆိုတာ၊ ရှေးလူကြီးများ စကားသိပ်မှန်တယ်"

"တော်ပါတော့ မယ်ဖြူရယ်၊ မင့်မလဲ ကိုယ့်ဒုက္ခ ကိုယ်ရှာနေတယ်။ သမီးကလည်း အရွယ်ရောက်နေမှပဲ။ သူ့စိတ်ကြိုက် ရွေးပါစေလား၊ ဟိုကလည်း မင်းသားတစ်ပါးဟာ၊ ဘာငြင်းစရာ ရှိသလဲ"

စာရေးတော်ကြီးက မနေသာတော့ပြီ။ ဆေးပေါ့လိပ် မီးခိုးများကို ဖွာထုတ်ရင်း ပြောလေသည်။

"တော် ဘာသိလို့လဲ၊ အဲဒီမင်းသားမို့ပြောနေရတာပေါ့၊ကျုပ်ကကျုပ်သမီးကို မယားတစ်ယောက်တည်း ဘဝကိုပဲ ဖြစ်စေချင်တာ၊ တော်ကြာ ဘုရင်ဖြစ်လာရင် မိဖုရားတွေ တစ်သီကြီးနဲ့ မယားပြိုင်ဘဝထဲ ရောက်မှာပြီးတော့ တော့်မင်းသားရုပ်က ခပ်ချောချောနဲ့ ထားလိုက်မယ့်မယား ရေလို့ရမှာ မဟုတ်ဘူး ကြည့်နေ"

ဒေါ်ဖြူစကားအဆုံး စာရေးတော်ကြီး တုတ်တုတ်မျှ မလှုပ်သာပါတော့ချေ၊ စကားသံများ ငြိမ်သက်သွားလေသောအခါ မသဲ၏ ရှိုက်ကြီးတငင် ငိုကြွေးသံက ထွက်ပေါ်လာပါတော့သည်။

-----

"ကဲလေ သဲယုံအောင် မောင်တော် သက်သေ ထူပါ့မယ်။ ဟောဒီ တန်ခိုးတော်ကြီးမားတဲ့ မဟာမြတ်မုနိဘုရားထံပါးမှာ သစ္စာပြုပါ့မယ်နော်"

သူ ရွှင်မြူးအားရ ဝမ်းသာနေရပါသည်။

သူမြတ်နိုးရသော မသဲကို တတိယအကြိမ်မြောက် ခိုးယူနိုင်ခဲ့သောကြောင့် ဖြစ်လေ၏။ သည်တစ်ခါ မသဲ၏အစီအစဉ်ဖြစ်သည်။

မိခင်နှင့်အတူ ဥပုသ်သီတင်းဆောက်တည်ရန် ကျောင်းတော်သို့ လိုက်ပါခွင့်ရခဲ့သည်။ ဘုန်းတော်ကြီးကျောင်းကိုရောက်တော့ ကျောင်းသားလေးတစ်ယောက်အား လွှတ်၍ သူ့ထံ စာလွှာပါးခဲ့သည်။

အခွင့်ကို မျှော်နေသောသူက အမိအရခိုးယူ ထွက် ပြေးနိုင်ခဲ့ပါသည်၊

ယခုမူ၊ သူ မဟာမြတ်မုနိဘုရားထံပါးမှာ ကတိသစ္စာပြုပေတော့မည်၊ မသဲ ထာဝရ ယုံကြည်စိတ်ချနိုင်စေရန် သူရည်ရွယ်လေသည်။

"တပည့်တော်ဟာ မသဲလေးကို ချစ်ခင်မြတ်နိုးစုံမက်တော်မူလှပါသည် ဘုရား။ နောင်အခါ ထီးနန်းစိုးစံခဲ့ရပါက ဘိသိက်ရေစင်ကို သဲလေးနှင့်အတူတကွ ခံယူ၍ တောင်ညာစံဒေဝီ မိဖုရားခေါင်ကြီးအဖြစ် ချီးမြှောက်ပါမည်ဟု ကတိသစ္စာပြုအပ်ပါသည်ဘုရား"

မြတ်စွာဘုရားထံပါး ဦးသုံးကြိမ်နှိမ့်ချပါသည်။ ပြီးတော့ပြုံး၍ မသဲကို ကြည့်လိုက်သည်။

"သဲကလည်း သစ္စာပြုပါတယ် မောင်တော်၊ ချစ်သူ လင်ယောကျ်ားအပေါ် ဘယ်သောအခါမှ မဖောက်ပြန်တဲ့ မေတ္တာတရားနဲ့ ချစ်နေပါ့မယ်၊ ဘယ်ဘဝ ရောက်ရောက် အောက်ပြည်အောက်ရွာက ဟင်္သာတသူ သဲက ချစ်မေတ္တာကို မြတ်နိုးတန်ဖိုးထားနေပါ့မယ်လို့"

သူတို့ချစ်သူနှစ်ဦးသည် အပြုံး

ကိုယ်စီ နားလည်မှု ကိုယ်စီနှင့် တစ်ဦးလက်ကိုတစ်ဦး မြဲမြဲခိုင်ခိုင်စွာတွဲလျက် မဟာမြတ်မုနိဘုရားထံပါးမှ ထွက်ခွာခဲ့ကြပါလေသည်။ သည်တစ်ခါတော့ ချစ်သူနှစ်ဦး ဘယ်လိုမှ မကွဲကွာနိုင်တော့ပါဆိုသော အမိဋ္ဌာန်နှင့် ရွှေလက်မြဲမြဲတွဲကြပါလေပြီ။ အချစ်စစ် အချစ်မှန်၏ ခိုင်မာသောသတ္တိ အင်အားကို အပြည့်အဝခံယူခဲ့ကြပါလေပြီ။ သူတို့ ပျော်ရွှင်ကြည်နူးနေကြချိန်ဝယ် မိခင်ဒေါ်ဖြူတစ်ယောက်မှာတော့ ယူကြုံးမရအပူလုံးကြွ ဖြစ်နေရသည်။

သမီးတစ်ယောက်ကိုပင် လုံခြုံစွာ မသိမ်းဆည်းနိုင်ခဲ့သော မိမိအဖြစ်ကို တွေးမိပြီး ရင်နာရလေသည်။ ယခုလည်း အားကိုးအားထားပြုစရာ သူ့ဖခမည်းတော် ရှေ့မှောက်ဝင်ရောက် တောင်းပန်ရှာဖွေခိုင်းလေမှ အဆင်ပြေရော့မည်ဟုစိတ်ကူးကာ လျှောက်တင်လေ၏။ ထိုအခါ မင်းတရားကြီးက ပြုံးတော်မူ၍ -

"ဟဲ့ မဖြူရဲ့ ငါ့ကိုသာ လာလာပြီး အပူကပ်လေတော့တယ်။ ကဲ ငါ့သားက ခိုးစေဦးတော့ နင့်သမီးက ဘာဇာကြောင့် လိုက်ရတာလဲ။ နင့်သမီး လိုက်ပေလို့သာငါ့သားတော်ကခိုးတာ ဖြစ်ပေမပေါ့။ သင်းတို့ ဒီလောက်တောင် မေတ္တာမျှနေကြရင် သင်းတို့ သဘောအတိုင်းပဲ ရှိပါစေတော့လား။ ဒါမှ နင်သဘောမမျှရင် နင့်သမီးနင်ပဲ ရှာပေတော့။ ငါရှာမပေးနိုင်တော့ဘူး"

ဟု မိန့်တော်မူလေ၏။ သည်တော့လည်း ဒေါ်ဖြူမှာ အကြံကုန် စိတ်ပျက်အားလျော့ကာ ခေါင်းငိုက်စိုက်နှင့် ပြန်လာခဲ့ရပါတော့သည်။

-----

သည်ယနေ့ကားအမရပူရရွှေနန်းတော်ကြီး တစ်ခွင်လုံး စုစုရုံးရုံးနှင့် ပြည်သူအပေါင်းတို့ နှစ်ထောင်းအားရ ဝမ်းသာပျော်ရွှင်နေကြသည့် နေ့ရက်ပင် ဖြစ်လေ သည်။

သူကား "သီရိမဟာသုရဓမ္မရာဇာ" ဘွဲ့ခံ မင်းတုန်းမင်းသားလေးဘဝမှ အမရပူရ ရွှေနန်းတော်၏ အရှင်သခင် ဘုရင်မင်းမြတ်အဖြစ် ထီးဆောင်းမင်္ဂလာ မဟာဥကင်သဘင် ဆင်ယင်ခွင့်ရရှိခဲ့ပါလေပြီ။ မြန်မာသက္ကရာဇ် ၁၂၁၄ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်နေ့ ဖြစ်လေသည်။ ညီတော် ကနောင်မင်းသားကိုလည်း အိမ်ရှေ့အရာထား၍ နေရာပေးခဲ့သည်။

သူ ပျော်ရွှင်အားရ ဝမ်းသာလှသည်ဆိုသော်လည်း ရင်ထဲတွင် ဆို့နင့်စွာ ခံစားနေရသော ဝေဒနာတစ်ခုကိုတော့ ချေဖျက်နိုင်ခြင်းငှာ မတတ်သာခဲ့ပါချေ။ အငိုမျက်လုံး အပြုံးမျက်နှာဖြင့် ဟန်လုပ်၍ ဘုရင်မင်းတရားဆိုသောဘဝကို ဆက်လက်စံစားရပေဦးတော့မည်။

ထိုနေ့ ညက အဆောင်တော်အတွင်း ငယ်ချစ်မသဲနှင့် ဆွေးနွေးဖြစ်ခဲ့သည်။ မဟာမြတ်မုနိဘုရားမှာ သစ္စာဆိုခဲ့စဉ်က တောင်ညာစံဒေဝီ မိဖုရားခေါင်ကြီးအဖြစ် တင်မြှောက်ပါမည် ဆိုသော ကတိစားရှိနေခဲ့သည် မဟုတ်ပါလား။ သို့ရာတွင် ထီးဆောင်းဘုရင်မင်းဧကရာဇ်အဖြစ်ခံယူချိန်တွင် မိဖုရားခေါင်ကြီးအဖြစ် တင်မြှောက်ခွင့်မရခဲ့ပါချေ။ သူသစ္စာပျက်ခဲ့လေပြီ၊ သူ သစ္စာဖောက်ခဲ့ရပါလေပြီ။

"မင်္ဂလာရတနာဒေဝီ" ဘွဲ့အဖြစ် မြှောက်နန်းစံ မိဖုရားအဖြစ်ကိုသာ ချီးမြှောက်ခွင့်ရခဲ့သည်။ သူ့အဘယ်မှာ ပျော်နိုင်ပါမည်နည်း။

ပျော်ရွှင်အားရ ဝမ်းသာလှသည်ဟု ဆိုပါသော်လည်း သူ့ရင်တွင်းမှာ မငြိမ်းချမ်းနိုင်ခဲ့ပါ။ မြှောက်နန်းစံမိဖုရားအဖြစ်ကိုသာ ရရှိခဲ့သော ငယ်ချစ် မသဲကကော ကျေနပ်တော်မူပါမည်လား။

မသဲ ရွှေမျက်နှာတော်လေးကို မကြည့်ဝံ့လောက်အောင်ပင် အားတုံ့အားနာ ဖြစ်နေရသည်။ မိဖုရားအဆောင်အယောင်နှင့် နန်းဝတ်နန်းစားများ ဆင်သထားသော မသဲမှာ ပိုမိုတင့်တယ်လှပနေသည်။ တောင်ညာစံဒေဝီ မိဖုရားကြီးအလား ထင်မှားဖွယ်ရာ ချစ်စရာကောင်းဘိသည်။ သူက မသဲအနားတွင် ခပ်ယို့ယို့ဝင်၍ ထိုင်လိုက်သည်။ ပြီးတော့မှ မဝံ့မရဲ ဆိုရှာသည်။

"သဲလေးရယ် မောင်တော်ကို နားလည်ခွင့်လွှတ်ပါလို့ တောင်းပန်ချင်ပါတယ်။ မောင်တော်ဟာ အခုတိုင်းပြည်ကိုအုပ်ချုပ် မင်းလုပ်ရတော့မယ့် အချိန်မှာ မင်းသားဘဝတုန်းကလို မဟုတ်တော့ပါဘူး။ နန်းတွင်းရေးအခြေအနေတွေနဲ့ ပြည်သူတွေရဲ့ အလိုဆန္ဒအရ မှန်ကန်မြင့်မြတ်တဲ့ သမာဓိတရားကို လက်ကိုင်ထားပြီး ညီညွတ်မျှတစွာ နေထိုင်ရမှာပါ"

သူ့စကားသံက ပြောရင်းတိမ်ဝင်သွားလေသည်။

"ပြောပါ မောင်တော် သဲနားဆင်လျက် ရှိပါတယ်"

"အခု အရေးကိစ္စမှာလည်း သဲလေးဟာ မောင်တော်ရဲ့ ချစ်ဦးသစ္စာပြုဖူးခဲ့သူပါ။ အချစ်လျော့သွားပြီလို့ မထင်မှတ်ပါနဲ့ကွယ်။ အစ်မတော်ကိုတောင် နန်းတင်မြှောက်ခဲ့ရတာဟာ

သူ့ကျေးဇူးတွေက ဖခမည်းတော်ရဲ့ အပေါ်မှာ များစွာရှိနေခဲ့ပါတယ်။ ပြီးတော့ နန်းတွင်းအရေးအခင်းတွေမှာ လိုက်လျောညီထွေ အကြံဉာဏ်ပေးတတ်ပြီး ပြည်သူလူထုက အထူးလေးစားခဲ့လေတော့ ပစ်ပယ်လို့ မရခဲ့ပါဘူး။ ပြည်သူတွေရဲ့ လိုလားတောင်းဆိုချက်ကို မောင်တော်တို့ အလေးထားဆောင်ရွက်ခဲ့ရတာပါ"

သူ့စကားအဆုံးတွင် မသဲမျက်ဝန်းအိမ်မှာ မျက်ရည်စို့လာပါသည်။ ပါးပြင်ပေါ်သို့ မျက်ရည်စက်ကလေးများက ပုလဲလုံးများသဖွယ် လိမ့်ဆင်းကျလာပါသည်။

"မောင်တော်ရယ် သဲ ကျေနပ်ပါတယ်။ လှိုက်လှိုက်လှဲလှဲ ကျေနပ်ပါတယ်။ ဖြစ်သင့်ဖြစ်ထိုက်သူကိုသာ နေရာပေးတဲ့အတွက် မောင်တော်ကို အပြစ်မတင်ရက်ပါဘူး။ အခု သဲမျက်ရည်ကျရတာဟာ ဝမ်းနည်းလို့ မဟုတ်ပါဘူး။ သဲအပေါ် ဘယ်လောက်ချစ်မြတ်နိုးတယ် တိုင်းပြည်အပေါ် ဘယ်လောက်သစ္စာရှိတယ်ဆိုတာ သိရလို့ ယုံကြည်ဝမ်းသာလွန်းလို့ပါ။ မောင်တော်ရဲ့ စိတ်ဓာတ်နဲ့ ပြည်သူအပေါ် လေးစားတဲ့ ဆောင်ရွက်ချက်တွေအပေါ် ဂုဏ်ယူမိပါတယ်၊ သဲကလည်း အချစ် မလျော့သွားဘူးဆိုတာ ယုံပါ မောင်တော်"

သူ မသဲ၏စကားအဆုံးတွင် မသဲကို ကြင်နာ ယုယစွာ ငေးမောကြည့်လိုက်လေသည်။ ပြီး မသဲ၏ မျက်ဝန်းအိမ်မှ မျက်ရည်ဥကလေးများကို ပဝါစကလေးနှင့် တို့လိုက်သည်။ ပါးကလေးနစ်ဖက်ကို လက်ဖဝါးကလေးနှင့် ကိုင်၍ ဆံစနွယ်ကလေးများ ရစ်ခွေကျနေသော မသဲ၏နဖူးပြင်ကို ဖွဖွကလေး နမ်းလိုက်လေသည်။

တကယ်ဆိုတော့ တောင်နန်းစံအရာ တင်မြှောက်ခဲ့သူမှာ ဖခင် ရွှေဘိုမင်းတရားကြီးနှင့် မဟာရတနာ ပဒုမာဒေဝီတို့မှ မွေးဖွားသော ရတနာမင်္ဂလာဒေဝီ မင်းသမီးပင် ဖြစ်ပါသည်။

သူနှင့်က ဖအေတူ၊ မအေကွဲ မောင်နှမတော်စပ်ပြီးသူ့ထက်အသက်သုံးနှစ်ကြီး၏။ တိုင်းရင်းစာပေ၊ ပါဠိစာပေနှင့်တကွ နိုင်ငံခြားစာပေတို့ကို ကျွမ်းကျင်စွာ တတ်မြောက်ပြီး နန်းတွင်းသူအများက လေးစားကြည်ညိုကြသည်။ တိုင်းပြည်အရေးခင်းတို့တွင် ကောင်းမွန်စွာ အကြံဉာဏ်လည်း ပေးနိုင်သူဖြစ်၍ ပြည်သူ့အလိုကျ ရွေးချယ်တင်မြှောက်ခဲ့သည်ကို သူ လက်ခံခဲ့ရလေသည်။

ယခု ငယ်ချစ်ဦး မသဲကိုယ်တိုင်ကပင် သဘောထားပြည့်ဝစွာ နားလည် ခွင့်လွှတ်ခဲ့ပြီဖြစ်၍ သူ့ရင်တွင်းဝယ်၊ တိမ်ကင်းစင်၍ လမင်းသာလျက်ရှိနေပါလေပြီ။

------

"နောင်တော် ဒီကိစ္စရပ်မှာတော့ ညီတော် ဘယ်လိုမှ သဘောမတူနိုင်ဘူး"

အိမ်ရှေ့စံ ကနောင်မင်းသား၊ ညီတော့်စကားသံက ပြင်းထန်လှသည်။ ခက်ထန်မာကျောသော မျက်နှာထားကို သူ ရဲရဲမကြည့်ဝံ့ပါ။ အပြစ်တင်ချက်များကိုလည်း ခေါင်းငုံ၍ ခံစားနေရပါသည်။

"ဘယ့်နယ် နောင်တော်ရယ်၊ တောင်ဉာစံဒေဝီ တင်မြှောက်စဉ်က ညီတော်မပြောလိုခဲ့ပါဘူး။ အခုဟာက နောင်တော် ညီတော်တို့ရဲ့ ငယ်ဆရာအရင်းခေါက်ခေါက်ပါ။ ကိုယ်အခွင့်သာလို့ မမြှောက်စားရင် ဘယ်သူတွေက ဂရုတစိုက် ရှိကြမှာလဲ၊ စဉ်းစားကြည့်စမ်းပါဦး"

လက်နစ်ဖက်ကို နောက်ပစ်၍ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း ဝေဖန်ပြစ်တင် ပြောဆိုနေသော ညီတော်ကို ဘာစကားပြန်ပြောရမည် မသိလောက်အောင် ဖြစ်နေရသည်။

"ပြောပေတော့ ညီတော်ရေ အပြစ်တင်လည်း ခံရမှာပ"

သူ သည်စကားကိုသာလျှင် ပြောနိုင်၏။

"ပြောရမယ် နောင်တော်၊ ပြောရဦးမယ်။ အခု သာသနာပိုင် ဆရာတော်အဖြစ် တင်မြှောက်ခဲ့တဲ့ ဆရာတော်ဟာ နောင်တော်ရဲ့ တောင်ဉာစံဒေဝီ မိဖုရားကြီးရဲ့ ဆရာမဟုတ်လား။ ဒါဆိုရင် မယားပါ သာသနာပိုင်ပဲပေါ့"

"အလို ဘုရား ဘုရား"

သူနားနစ်ဖက်ကိုလက်ဖြင့်ပိတ်၍ ဆိုလိုက်မိလေသည်။ ညီတော်အထင်တော် လွဲလေပြီဟုလည်း ယူကျုံးမရဝမ်းနည်းရလေသည်။ သလွန်တိုင်ကို ခေါင်းတင်၍ ငိုကြွေးရတော့သည်၊ ညီတော်ကတော့ သူ့ခံစားချက်၊ မကျေနပ်ချက်များကို ရင်ဖွင့်၍ အပါးမှ ထွက်ခွာသွားလေပြီ။ ဆရာတော်ဦးစန္ဒိမာကို အများ ထင်မြင်ယူဆခဲ့ကြသလို သာသနာပိုင် မတင်မြှောက်ခဲ့သော်လည်း "စန္ဒိမာဘိ သီရိဓဇပဝရမဟာဓမ္မရာဇာဓိ ရာဇာဂုရု" ဟူသောဘွဲ့တော်ဖြင့် မင်းဆရာအဖြစ် တင်မြှောက်ခဲ့သည့်တိုင် ညီတော်က မကျေနပ်သေးပါ။

သာသနာပိုင် တင်မြှောက်သည့်ကိစ္စရပ်တွင် မိဖုရားခေါင်ကြီး၏ ငယ်

ဆရာဦးညေယျကို "ညေယျဓမ္မာဘိမုနိ ဝရကွဏကကိတ္တိသီရိဓဇမဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇာဓိရာဇာဂုရု" ဘွဲ့တော် ချီးမြှင့်ခဲ့လေသည်။

ညီတော်က ငယ်ရွယ်သူပီပီ ဆရာတော် ဦးစန္ဒိမာကို မတင်ရကောင်းလားဟုအပြစ်တင်သည်။ သူတို့၏ငယ်ဆရာကို လျစ်လျူပြုသည်ဟု စွဲချက်တင်သည်။

တကယ်ဆိုတော့ ဆရာတော်ဦးညေယျမှာ ဖခမည်းတော်လက်ထက်ကတည်းက သာသနာပိုင် ဆရာတော်ဖြစ်၏။ ပိဋကတ်ကျေပွန်သည့် တပေပါရဂူ ဆရာတော်ကြီး အပါးရှစ်ဆယ်တို့၏ ဥက္ကဋ္ဌလည်း ဖြစ်တော်မူ၏။ အကြောင်းအချင်း အရာများစွာတို့ကို ထောက်ထား၍ သူမမှားတန်ကောင်းဟု ယူဆခဲ့လေသည်။

သို့သော်လည်း ညီတော်၏ တစ်ယူသန်စွပ်စွဲချက်ကြောင့် သူကြီးစွာ ဝမ်းနည်းရလေသည်။

- - - - -

"မောင်တော်"

သာယာချိုနွဲ့သောခေါ်သံကို သူကြားလိုက်ရသည်။ ခေါင်းကိုမော့၍ ကြည့်လိုက်၏။ နမတော် မသဲ သူ့ရှေ့တွင်ပြုံးလျက်ရှိနေသည်။ပြီးသူနံဘေးတွင် ကျုံ့ကျုံ့ကလေးဝင်၍ ထိုင်လေသည်။ သူ့ကျောပြင်ကို သာယာဖြည်းညင်းစွာ ပွတ်သပ်ပေး၏။

"သောကဗျာပါဒတွေ ဖြစ်မနေပါနဲ့ မောင်တော်ရယ်။ မောင်တော် မမှားပါဘူး။ ဒီကိစ္စမှာလည်း မောင်တော်ရဲ့ ဆုံးဖြတ်ချက်တွေ မှန်ပါတယ်။ မောင့်ဘက်က နမတော် အမြဲတမ်း ရှိနေပါတယ်"

အားပေးနှစ်သိမ့် စကားသံသည် သူ့ရင်ကိုလန်းဆန်းအေးမြစေပါသည်။

"မင်းသားတစ်ပါးရဲ့ ငယ်ဆရာဟာ အဲဒီမင်းသား အထွတ်အထိပ်ရောက်တိုင်း မုချသာသနာပိုင် ဖြစ်ရမယ် မဟုတ်ပါဘူး။ ဖြစ်သင့်မှလည်း ဖြစ်ရပေမပေါ့၊ ဖြစ်သင့်ဖြစ်ထိုက်သူဖြစ်တာဟာ မင်္ဂလာတစ်ပါးပါ မောင်တော်။ လူမှန်နေရာမှန်နဲ့ စီရင်ဆုံးဖြတ်နေရာ ချထားနိုင်ပါမှ မင်းကောင်းမင်းမြတ်ပီသပြီး တိုင်းပြည်နဲ့ ပြည်သူလူထုက ယုံကြည်အားကိုးတော့မှာပေါ့ မောင်တော်"

မသဲ၏ နှုတ်ခွန်းစကားစုသည် သူ့နားဝမှ နှလုံးသားအထိ စူးရှနက်ရှိုင်းစွာ ဝင်ရောက်သွားလေသည်။ သူ မသဲကို ပိုမိုချစ်ခင်လေးစားရလေပြီ။ သူ့မျက်ရည်စများကို မသဲက ပဝါစဖြင့် တို့ကာတို့ကာ သုတ်ပေးရှာသည်။ ပြီးတော့ ချစ်စဖွယ်အပြုံးကလေးနှင့် ရှုစားနေသောကြောင့် သူမနေတတ်သာတော့ပြီ။ သူ့ စိတ်အစဉ်သည်လည်း ကြည်လင်တောက်ပလာခဲ့ရလေသည်။

"မောင်တော်"

"သဲလေး"

သူက အပြုံးစလေးနှင့် တုံ့ပြန်လိုက်လေ၏။

"တည်ကြည်မြင့်မြတ်တဲ့ စိတ်ဓာတ်နဲ့ စီမံအုပ်ချုပ်ပါ မောင်တော်၊ မောင်တော်တိုင်းပြည်အတွက် ပြန်လည်ပြုပြင် ဆောင်ရွက်ရေး လုပ်ငန်းတွေကို စိတ်ကူးထားတယ်ဆို၊ ပြီးတော့ ပဥ္စမသင်္ဂါယနာတင်ချင်တဲ့ ဆန္ဒတွေကလည်း ရှိနေသေးတယ် မဟုတ်လား။ အုပ်ချုပ်ရေး တရားစီရင်ရေးနဲ့ ပြည်သူပြည်သားတွေအတွက် လူမှုရေး၊ စီးပွားရေးကိစ္စအဝဝကို အမြဲနှလုံးသွင်းထားလေတော့ စိတ်ညစ်စရာ ခေါင်းရှုပ်ဖွယ်ရာ သာမန်ကိစ္စမျိုးတွေကို ပယ်ဖျောက်ပစ်လိုက်ပါတော့ မောင်တော်ရယ်နော်"

ယဉ်ကျေးစွာ အပြုံးစကားနှင့် ပါးချင်းအပ်နင်းကာ ဆိုလေသည်။

"လိမ္မာလိုက်တဲ့ သဲလေးရယ်"

"သဲတဖွဖွပြောခဲ့တယ် မဟုတ်လား၊ ကျေးလက်က ပေါက်ဖွားခဲ့တဲ့ ဟင်္သာကျွန်းသူ မိဖုရားလေးသဲဟာ မောင်တော်သစ္စာ ခြွေဖျက်ခဲ့ပေမဲ့ ထာဝရ မပျက်ပြယ်တဲ့ မေတ္တာနဲ့ ဘယ်ဘဝရောက်ရောက် သေတပန် သက်တဆုံး မမုန်းနိုင်အောင် ချစ်နေပါ့မယ်လို့နော်"

သူ ကက္ခန္ဓြေမဆည်နိုင်တော့ချေပြီ။

သူ့ဘဝင်နှလုံးမှာ ရွှင်ပြုံးအားရစွာနှင့်မသဲ၏ကိုယ်ခန္ဓာတစ်ခုလုံးကိုသိမ်းကျုံးပွေ့ပိုက် ထားလိုက်လေတော့သည်။

**သန်းကိုဦး(ဟင်္သာတ)**

မြို့တစ်မြို့ ရွာတစ်ရွာ ဌာနတစ်ခုခု လူ့အဖွဲ့အစည်းအသီးသီးမှာ ကိုစာမောင်းလိုလူမျိုး တစ်ယောက်ယောက်တော့ အနည်းဆုံး ပါရှိနေတတ်တာတော့ အမှန်ပါပဲ။ တကယ်တော့ မြို့ ရွာ၊ ဌာနအသီးသီးက လူကြီးမင်းတွေဟာ နေရာတကာမှာ အသေးအဖွဲ့ကိစ္စလေးတွေကအစ ခရေစေ့တွင်းကျ ဘယ်လိုလုပ်ပြီး အကုန်အစင်သိနိုင်တာမှတ်လို့။ ဒီတော့ကာ သူ့လူကိုယ့်ဘက်သားဆိုတာထက် ကိုယ့်လူကိုယ့်ဘက်သား ဖြစ်မယ့်လူ။ ကိုယ့်အလိုလိုက်ပြီး ကိုယ့်အကြိုက်ဆောင်ပေးမယ့်လူ။ အတွင်းနှိုက် အပြင်နှိုက်(လူတွေရဲ့ နေမှု၊ ထိုင်မှု၊ စားမှု၊ သောက်မှု အတွင်းစိတ်ဓာတ်၊ အပြင်စိတ်ဓာတ်) စရိုက်အစုံကို ထိုင်ရာမထ သိနိုင်ဖို့ရာအတွက် ကိုစာမောင်းလို တပည့်ကောင်းတစ်ယောက်လောက်တော့ လက်သပ်မွေးရတတ်ပေတာပေါ့။

ကိုစာမောင်းဆိုတဲ့သူဟာ ဒီအလုပ် (------) ဌာနကို ရောက်မလာခင်၊ အလုပ်မဝင်ခင် အချိန်တုန်းကတော့ ရပ်ကွက်ထဲမှာ ယောင်ခြောက်ဆယ်ပါ။ နောက်တော့ အရက်ကလေးစစ ဖဲလေးစစနဲ့ ပိုက်ဆံမရှိလည်း ဖဲဝိုင်းမှာထိုင်ပြီး ဖဲမီးလှုံတတ်တဲ့သူပါ။ နောက်ပိုင်းမှာတော့ ကိုစာမောင်းတစ်ယောက် ဘယ်လို အဆက်အသွယ်ရသွားတယ်တော့ မသိပါဘူး။ ဖဲသုံးချပ်မှာ ဆရာကြီးတစ်ဆူဖြစ်ပြီး နယ်တကာလှည့်လို့ ကစားပါတော့တယ်။ နောက်တော့ အလောင်းအစား၊ လောင်းကစားမှုတွေ၊ ဒုစရိုက်မှုတွေကို ကြပ်ကြပ်မတ်မတ်နှိမ်နင်း ဖမ်းဆီးအရေးယူလာတော့ မိရာကိုင်း ဖမ်းဆွဲပြီး ဒီအလုပ်ဌာနထဲကို ရောက်ခဲ့ရပေတာပေါ့။

ကိုစာမောင်း ပြောပြခဲ့ဖူးတဲ့ သူ့ဘဝ တစ်စိတ်တစ်ဒေသ အချိုးအကွေ့လေးဟာ စိတ်ဝင်စားစရာတော့ ကောင်းပါတယ်။ ဖဲသုံးချပ်ဆိုတဲ့ ကလိမ်ကကျစ် ဒုစရိုက်လောကသားတွေရဲ့ အသိုင်းအဝိုင်းထဲ စဝင်ခါစက ဒလန်အလုပ်ကို အရင်ဦးဆုံးလုပ်ရတယ်ဆိုပဲ။ သူပြောပြတဲ့အကြောင်းတွေက စိတ်ဝင်စားစရာ ရှောင်ရှားစရာ သတိထားစရာတွေပါပဲ။



# ပန်းမြိုင်လယ်
# စိန်ဝင်း
# ဝယ်အာချားဘူး



ပန်းမြိုင်လယ် - စိန်ဝင်း
အမှတ်(၂၅၈)ကန်ပတ်လမ်း၊ ဘုရားကြီးရပ်ကွက်
ဟသ်ာတမြို့ ဧရာဝတီတိုင်းဒေသကြီး
09-425277868

"ငွေကို လွယ်လွယ်လိုချင်တဲ့သူတွေ၊လောဘသားတွေ၊လောင်းကစားကို စိတ်ဝင်စားတဲ့သူတွေရဲ့ အတွင်းအဖွဲ့တွက်ကို ဖောက်ထွင်းမြင်အောင်ကြည့်တတ်ရတယ်။ မလည်မဝယ် တောသားလိုလူမျိုးနဲ့ လူရည်လည်သလို ပန်ကာလိုဖုံ့မျိုးကိုလည်း ခွဲခြားသိတတ်ရတယ်။ ရဲအဖမ်းအဆီးရှိရင်လည်း လွတ်အောင် မြေကြောရှဲ့ ပြေးကြရတယ်"

ဆိုတဲ့ ကိုစာမောင်းရဲ့စကားထဲမှာ "မလည်မဝယ် တောသားလိုလူမျိုး" လို့ ဆိုလိုက်တဲ့စကားကို ကြားရတော့ဗျာကျွန်တော့်ကိုယ်ကျွန်တော်အိုးမလုံ့အုံပွင့်သွားသလို ခံစားလိုက်မိပါရဲ့။ ကျွန်တော်ကိုယ်တိုင် ခံစားခဲ့ရဖူးတဲ့ ကိစ္စကို ရှက်လွန်လွန်းလို့ ဘယ်သူ့ကိုမှ ဟဟတောင် ဖွင့်မပြောပြဖြစ်ခဲ့ပါဘူး။ အခုတော့ ကျွန်တော်က စာတိုစလေးတွေ ရေးပြီး ပြည်သူတွေကို အသိဉာဏ်ပေးဖို့ အသိအလင်းရောင်ပေးဖို့ရာ စာပေတာဝန်ရှိနေတယ်လို့ ခံယူမိလေတော့...။ "အရှက်မရှိသရက်စေ့" လို့ပဲဆိုဆို ငွေးချိုးစေ့လိုပဲ ပြောပြောနောက်လူ နောက်သားတွေ မခံရစေဖို့ စေတနာ ဗရပွနဲ့ အရပ်ကို ကြော်ငြာမောင်းခတ်လိုက်တယ်လို့ပဲ ဆိုပါရစေ။

ကာလကကြာခဲ့ပြီပေါ့ ...။ တိတိပပပြောရရင် ၁၉၇၄ ခုနှစ်၊ အောက်တိုဘာလဆန်းပိုင်းကပါ။ ကျွန်တော်နဲ့ သူငယ်ချင်းဖြစ်တဲ့ ကိုရဲမြင့်နဲ့အတူ မီးရထားစက်မှုဌာနမှာ အလုပ်ဝင်ဖို့ ရန်ကုန်က မီးရထားရုံးချုပ်ကို အတူသွားခဲ့ကြပါတယ်။ တည်းခိုတာက သူငယ်ချင်းရဲ့အမျိုးဖြစ်တဲ့ ရန်ကုန် သမိုင်းဘူတာနားက ရပ်ကွက်မှာပါ။ သမိုင်းဘူတာကနေ ရန်ကုန်ဘူတာကြီးကို မြို့ပတ်ရထားစီးဖို့ ရထားအလာကို စောင့်နေတုန်း၊ သမိုင်းဘူတာ ရထားသံလမ်းကူး ခုံးကျော်သံတံတားအောက်မှာ လူတွေ စုစုအုံအုံနဲ့တွေ့လို့ မလည်မဝယ် တောသားကျွန်တော် သွားလို့ ရပ်ကြည့်လိုက်မိပါတယ်။

ဘူတာပလက်ဖောင်း ကွန်ကရစ်ကျောက်ပြားပေါ်မှာ ဝါတာဖလူး (water proff) ဆိုတဲ့ ပလတ်စတစ်စကို ခင်းပြီးဖဲသုံးချပ် (ကျောဘက်ပုံစံတူကတ်ပြားလေးသုံးချပ်၏ ရှေ့ဝမ်းဗိုက်အလယ်မှာ တစ်ချပ်ကို သိသာအောင် အမှတ်အသားတစ်ခုခု ထည့်သွင်းထားသည့်ဖဲချပ်)ကို ပလတ်စတစ်ပေါ် ချထားတယ်။ လက်နှစ်ဖက်နဲ့ နေရာအမျိုးမျိုးရွှေ့ပြောင်းပြီး အမှတ်အသားပါ ဖဲချပ်ဖြစ်မည်ထင်သည့်နေရာသို့ ပိုက်ဆံချထားကစားရသည့် လောင်းကစားနည်းတစ်မျိုးကိုကစားပြနေခြင်းပင်။ ဖဲသုံးချပ်ကို ဟိုရွှေ့ဒီရွှေ့ လက်နဲ့ အလှည့်အပြောင်း လုပ်ပြနေတာကတော့ ရှင်းရှင်းလေးပါပဲ။ အဲဒီမှာ ဒလန်ဖြစ်တဲ့ သူတို့ဘက်က ထိုးသားက ခရေပွင့်အမှတ်အသားလေးပါတဲ့ ဖဲချပ်ကို အသေအချာမှတ်ပြီး သူ့ဒိတ်ထဲက ပိုက်ဆံနှိုက်နေတုန်း လက်လှည့်ပညာ ဖဲသုံးချပ်သမားက အလစ်အငိုက်မှာ နေရာရွှေ့လိုက်တယ်။ အဲဒီအချိန်မှာ ကျွန်တော်လေ ...ကျွန်တော် လူလည်တောသားက သူရွှေ့လိုက်တဲ့ ခရေပွင့်ဖဲချပ်လို့ သတ်မှတ်ထားတဲ့ ကျွန်တော့် စိတ်ထဲမှာလည်း ယုံကြည်မှုအပြည့်ရှိနေတဲ့ ဖဲချပ်အဖြစ် အပိုင်သိထားတာပါ။ ထင်မှတ်ထားတဲ့ ဖဲချပ်တည့်တည့်ကိုပဲ မျက်တောင်မခတ်ဘဲ စူးစူးစိုက်စိုက်ကြည့်ပြီး ငွေငါးကျပ် ချထိုးလိုက်ပါတယ်။ ကျွန်တော့်လိုပဲပိုင်းကြည့်နေတဲ့ သူတွေထဲကမှ လူလည်တွေ ထင်ရဲ့၊ ကျွန်တော် ချထိုးလိုက်တဲ့နေရာမှာပိုင်းထိုးလိုက်ကြတာ ငွေတွေမနည်းပါဘူး၊ စိတ်ထဲမှာတော့ အပိုင်ပဲပေါ့။

"လက်တွေရှောင်ထား ပေါက်ကောင်ဖွင့်မယ်" ဆိုပြီး ကတ်ပြားလေးတွေကို တစ်ချပ်စီ ဖြည်းဖြည်းချင်း လှန်ပြလိုက်တော့။ ခရေပွင့် အမှတ်အသားရှိတဲ့နေရာက တစ်နေရာ၊ ကျွန်တော်တို့ ပိုက်ဆံချထိုးတဲ့နေရာက တစ်နေရာဆိုတော့ ငွေငါးကျပ် ပါသွားပါလေရော။ ကျွန်တော့်ရင်ထဲမှာတော့ ကလိကလိနဲ့ မချိသွားဖြလို့သာ နေလိုက်ရတယ်၊ ငွေငါးကျပ်ကို နမြောတာရောဟုတ်လှပြီအထင်နဲ့ တောသားလူလည်လုပ်ပြီး ကလိန်ကျကြည့်တာတောင် ခံလိုက်ရတဲ့အဖြစ်ကို ရှက်လွန်လွန်းလို့ ဘယ်သူ့ကိုမှတောင် မပြောပြဖြစ်ခဲ့ပါဘူး။ အဲဒီတုန်းက ငွေငါးကျပ်ဆိုတာ အဆင့်မြင့်ထမင်းဆိုင်မှာ ထမင်းနှစ်နပ်စားလို့တောင် မကုန်တဲ့ ငွေကြေးတန်ဖိုးပါ။

ကဲ ... အခုတော့ ပြောပြလိုက်ပါပြီ။ နီးစပ်ရာအားလုံးကိုသာ ပြောပြလိုက်ကြပါ။ ဖဲသုံးချပ်ကအစ ချဲထီနှစ်လုံးသုံးလုံး အလယ် တစ်လုံးဆိုတဲ့ ဘောလုံးပွဲအဆုံး လောင်းကစားပိုင်းမှန်သမျှ ဝေးဝေးကသာ ရှောင်ကြပါ။

နိုင်သူကို ရှုံးသူကမုန်းတော့ နိုင်လည်းမကောင်း၊ ရှုံးပြန်သော်လည်းမကောင်း အကြောင်းမလှလို့ ရဲဖမ်းခံလိုက်လို့ကတော့ ဘဝပါ ပျက်သုဉ်းပြီး ထောင်နန်းစံကြရမှာတော့ အသေအချာပါ။ ကျွန်တော်ကတော့ အခုပြန်တွေးမိလို့ ရေးပြရတာတောင် တကယ့်ကို အီလည်လည်ကြီး ခံစားနေရတုန်းပါပဲ။ အဆိုးထဲက အကောင်းလို့ပဲ ပြောရလေမလား။ တစ်ခုတော့ တော်ပေသေးတာပေါ့။ မတော်တဆများ ရဲတွေ ရောက်လာပြီး ဖမ်းလားဆီးလား ခံလိုက်ရရင်တော့ ပြီးပါလေရော။ အရှုံးနဲ့ နောက်ဆုတ်ခဲ့တာတောင် ကိုယ့်ကိုယ်ကိုယ် ကျေးဇူးတွေ တင်နေမိပါတယ်။ ရှုံးမဲများ မဲမိရင်တော့ သွားပြီ ပေါ့ဗျာ။

ကဲ . . . ကိုယ်ရေးကိုယ်တာ အကြောင်းတွေ ထားလိုက်ပါတော့။ ကိုစာမောင်းဆိုသူရဲ့အကြောင်း ဆက်ပြောကြစို့ရဲ့။

\- - - - - -

ကိုစာမောင်းဆိုသူကို သူ့အမေ မတင်ရွှေကိုယ်တိုင် စိတ်တိုင်းကျ သေချာရွေးလို့ နာမည်ပေးခဲ့တုန်းက အဂ်ါသားဆိုတော့ မောင်စံမောင်းဆိုပြီး မှည့်ခေါ်ပေးခဲ့တာပါ။ သူ့အဖေနာမည်ကကိုစံလှဘော်ဆိုတော့ကာ သူ့အဖေနာမည်က စံတစ်လုံးကို ယူတယ်။ ပြီးတော့ ဇာတ်မင်းသားကြီးဦးအောင်မောင်းခေါ်တဲ့ မင်္ဂလာ ဦးအောင်မောင်းဆီက မောင်းတစ်လုံးကို ယူတယ်။ ဒါကြောင့် သူ့အဖေ ကိုစံလှဘော်နဲ့ မင်္ဂလာဦးအောင်မောင်း နှစ်ယောက်ပေါင်းလိုက်တော့မှ မောင်စံမောင်းဆိုတာ ဖြစ်ကရောပဲ။ ဒီလိုမျိုးအရပ်ထဲက ပြောင်နောက် ပြောဆိုတာကို မတင်ရွှေက စိတ်မဆိုးတဲ့အပြင် အထင်လွဲခံရလည်း မနည်းဘူးဆိုပြီး ပြုံးဖြီးဖြီးကြီးတောင် ဖြစ်လို့။

"စံမောင်းဆိုတဲ့နာမည်ဟာ နှစ်လွှာပေါင်းမှ တစ်ရွက်မည်တဲ့ စွယ်တော်ရွက်လိုပါပဲ" ဆိုတော့လည်း ပြုံးတုံ့တုံ့။ သားလေး စံမောင်းကို မွေးမယ့်ညတုန်းက ရွာကဘုရားပွဲမှာ ကြီးကျယ်တဲ့ဗလာပွဲအဖြစ် မင်္ဂလာဦးအောင်မောင်းဇာတ်ကမှာဆိုတော့ တစ်ရွာလုံးအုံးအုံးကြွက်ကြွက်ဖြစ်လို့ပေါ့။ တစ်နှစ်ကြာမှ တစ်ခါသာ ပျော်ရတာဆိုတော့ တစ်ရွာလုံးသာမက ရွာနီးချုပ်စပ်တွေကပါ လှည်းတွေနဲ့လာကြတာ။ ဒီအထဲမှာ မတင်ရွှေတစ်ယောက်လည်း ဗိုက်ကြီးတပြုပြုနဲ့ ဇာတ်စင်ထိုးပြီးကတည်းက စင်ရှေ့တည့်တည့်မှာ နေရာမှတ်ထားပြီးသား။ ဇာတ်ပွဲကမယ့်နေ့ မနက်ဖက်မှာတော့ မှတ်ထားတဲ့နေရာ ဖျာခင်းကြတော့ နေရာလုပြီး ရန်တောင်ဖြစ်လိုက်သေး။

စိန်ခေါ်သူကဗိုက်ကြီးကော့လန်နဲ့ မတင်ရွှေပါ။ တစ်ဖက်က သူ့အာကြမ်းကိုပဲ ကြောက်လို့လား၊ သူ့ဗိုက်ကြီးကိုပဲ အားနာလို့လား နှစ်ယောက်တစ်ယောက်မို့လို့ နပန်းမချရဲတာလားတော့ မပြောတတ်ပါဘူး။ အော်ကြောလန် မတင်ရွှေကို အရှုံးပေးသွားကြလေရဲ့။

ဝါသနာအရ ပွဲကြိုက်လွန်းလို့သာ လာခဲ့ရပေမဲ့ ညဦးကတည်းက သူ့ဗိုက်ထဲ သရိုးသရီဖြစ်တယ်ဆိုပဲ။ ဒါပေမဲ့ အီအီးပါချင်တာနဲ့ တူပါရဲ့ဆိုပြီး အောင့်အည်းလို့ ပေတေကြည့်လိုက်တာ နှစ်ပါးခွင်ရောက်တော့ မနေနိုင်တော့ဘူး။ ဗိုက်က တအားနာနေလို့ မွေးချင်နေပြီ။ ကိုစံလှဘော်လည်း ပွဲခင်းထဲက ကိုယ့်ရွာသားတွေ အကူအညီနဲ့ အိမ်ကိုပြန်ခေါ်လာရတော့တယ်။ ပွဲကြည့်ကောင်းဆဲမှာ အရေးကောင်း ဒိန်းဒါင်းဖျက်ဆိုတဲ့ကိန်းမျိုး။ အရပ်လက်သည် ဒေါ်ဘုမပါ ဆိုက်ရလေတော့ ဗျစ်တောက် ဗျစ်တောက်နဲ့ ဖြစ်ခဲ့ရတယ်ဆိုပဲ။ မင်္ဂလာဦးအောင်မောင်းကြီးရဲ့ ဇာတ်ပွဲကအသံတွေကိုတော့ အိမ်ကနေအတိုင်း သားကြားနေရပါတယ်။ အောင်မောင်းကြီးအဟဲမှာ မတင်ရွှေလည်း "အူဝဲ" ဆိုပြီး မွေးလိုက်ရောတဲ့။

အခုတော့ . . . စံမောင်းကနေ စာမောင်းတဖြစ်လဲခဲ့ရပြန်ပါပြီ။ ဒါကလည်း သူ့ရဲ့မွေးရာပါ အတတ်ပညာတစ်ခုလို့ပဲ ဆိုရလေမလားတော့မသိ။ အထက်လူကြီးတွေ၊ အရာရှိကြီးတွေ သူ့ဆရာတွေအပေါ်ကို သူ့ပညာနဲ့ ကြည့်တတ်၊ ဖတ်တတ်၊ ဆောင်ကြဉ်းပေးတတ်တဲ့ စာတတ်တာမို့ သူ့ကို ဌာနတစ်ခုလုံးက စံမောင်းမခေါ်တော့ဘဲ စာမောင်းလို့ ပြောင်းခေါ်ရာက အခုတော့ ကိုစာမောင်း၊ မောင်စာမောင်း၊ ဖိုးစာမောင်းဆိုတဲ့ နာမပညတ်ချက်ဟာ လုံးလုံးလျားလျား အဖတ်တင်သွားခဲ့ရပါပြီ။

\- - - - - - - -

ဒီဌာနကို စံမောင်းရောက်လာပုံ

က ဆန်းသလိုလိုပါပဲ။ ပြောရရင်တော့ ကိုင်းကြီးကြီးကို မီအောင်ဆွဲပြီး အပိုင် ကိုင်နိုင်လို့ ရောက်လာခဲ့တာပါ။ အဲဒါ အမှန်ပါပဲ။ ဒီဌာနမှာ အလုပ်သမား အသစ်တွေ ခန့်တော့မယ်ဆိုတဲ့ သတင်း ကြားလိုက်ကတည်းက စံမောင်းက အလုပ်ခန့်မယ့် အရာရှိ လူကြီးရဲ့အကြောင်း သူ့ဝါသနာ၊ သူ့ အထာကို အရင်ဦးဆုံးလေ့လာလိုက် တယ်။ စုံထောက်ဉာဏ်ပါတာလား၊ သူ့ ကိုယ်စွမ်းကိုယ်စက အထူအပါး နား လည်တာလားတော့ မပြောတတ်ပါ ဘူး။ ချက်ဆို .. နားခွက်က မီးတောက် တာတော့ အမှန်ပါပဲ။

ဌာနကအရာရှိကြီးက ကြက် ခရေစီကြီးတဲ့ ...။ သေချာတာကတော့ အပျော်တမ်း ကြက်တိုက်ရတာကို အလွန်ဝါသနာပါတယ်။ သူကိုယ်တိုင် က အင်္ဂလိပ်ဘောက်ဆင် (Boxing) လက်ဝှေ့သမားကြီး။ ပြီးတော့ (Fighter Fish) ဆိုတဲ့ တိုက်ငါးတွေမွေးပြီး ငါးနှစ်ကောင်တိုက်နေတာကို သဘော ကျနေတတ်တာမျိုးပါ။ တိုက်တာခိုက် တာကို အလွန်ဝါသနာပါတယ်ဆိုတဲ့ အချက်တွေကို လေ့လာထားတယ်။ အရာရှိကြီးအိမ်မှာ ခြံဝိုင်းကြီးကလည်း ကျယ်တာဆိုတော့ သူကိုယ်တိုင် တိုက် ကြက်ကောင်းတွေ မွေးထားတယ်။ ကြက်ကောင်းရှိတဲ့နေရာကို စုံစမ်းပြီး ဈေးကောင်းကောင်း ပေးဝယ်တယ်။ ရုံးအားရက်မှာဆို သူ့ခြံကျယ်ကြီးထဲ မှာ ကြက်နှစ်ကောင်ကို လွှတ်ပေးပြီး မပြေးမချင်း ခွပ်ခိုင်းတယ်။ ပြေးတဲ့ ကြက်ကိုတော့ သတ်ပြီးအရက်နဲ့မြည်း တော့တာပါ။ ဒီလိုရက်စက်တာမျိုး တော့ ကြားဖူးပေါင်၊ ကြုံဖူးပေါင်လို့ တောင် ပြောရမလိုလို ...။

ဒီလိုစကားတွေ ကြားသိရအောင် လို့ အရာရှိကြီးအိမ်မှာ မာလီခြံစောင့် လုပ်တဲ့ စွပ်ပရားကို အဆင်ပြေအောင် အရင်ဆုံး ပေါင်းသင်းရတယ်။ လက် ဖက်ရည်တိုက် မုန့်ကျွေးပြီး သူသိလို သမျှ မေးမြန်းစုံစမ်းထားရတာပါ။

"ငါတို့ ဆရာကြီးက ကြက်နဲ့ပတ် သက်လာရင် တွန်တဲ့အသံကိုတောင် နားထောင်ပြီး ဒါ မဂိုကြက်တွန်တာ၊ ဒါက ညောင်ကန်၊ ဒါက တိန်ညင်ကြက် ဆိုပြီး တွန်သံကိုတောင် သုတေသန ပြုနေတတ်တာ ကောင်လေးရဲ့"

ဆိုတဲ့ အရာရှိကြီးဟာ ခေသူ မဟုတ်တာတော့ အမှန်ပါ။ ဒါတွေကို အရင်ဆုံး လေ့လာပြီးမှ စံမောင်းက ကြက်ကောင်းရှာထွက်လာခဲ့တာ။ ပြီး တော့လည်း ကြက်အကြောင်းတွေကို နိုက်နိုက်ချွတ်ချွတ် လေ့လာထားရပြန် ပါတယ်။

ရပ်တကာရွာတစ်ထိုးမှာ ကြက် အမျိုးပေါင်းများစွာ ရှိနေတွေ့နေပေမဲ့ ကြက်ကောင်းတစ်ကောင်ရဖို့ရှာရတာ တော့ ခက်သား။ ဒါပေမဲ့ စံမောင်းက "အာ" ကောင်းတယ်။ ဟိုးရိုးမတောင် ခြေရောက်အောင် အပေါင်းအသင်း တွေ အကူအညီနဲ့ သွားရှာတော့ ရခဲ့ပေ တာပေါ့။

မှတ်မှတ်ထင်ထင် ဖြစ်အောင် အလုပ်အင်တာဗျူးမဝင်ခင် သုံးရက် အလိုမှာတော့ ကြက်ခရေစီ အရာရှိ ကြီးအိမ်ကို အထူးကြိုးစားပြီးရှာလာခဲ့ တဲ့ တိုက်ကြက်ကောင်းတစ်ကောင်ကို ပိုက်ပြီး အရောက်သွားခဲ့ပါတယ်။ ခြံ စောင့်စွပ်ပရားရဲ့အကူအညီနဲ့ဆိုတော့ အခက်အခဲ မဖြစ်ခဲ့ပါဘူး။ ဟိုရောက် တော့ ရင်းနှီးပြီးသားလေသံမျိုးနဲ့ ရဲရဲ တင်းတင်းပါပဲ ...။

"ဆရာ့အတွက် စိတ်ကြိုက်ဖြစ် စေမယ့် တိုက်ကြက်ကောင်းတစ် ကောင်ကို လက်ဆောင်လာပေးတာပါ ခင်ဗျာ"ဆိုတဲ့ ပဋိသန္ဓာရစကားနဲ့ အတည်ပေါက်ဝင်လာခဲ့တာမို့ ပထမ တော့ ခပ်ကြောင်ကြောင် ဖြစ်သွားတာ ပေါ့။ နောက်တော့ စံမောင်းလက်ထဲ ပိုက်လာတဲ့ ကြက်နီရှိတ် (အောက်ခံ မွေးအနက်၊ လည်ဆံ၊ ခါးဆံ၊ တောင်ပံ ဖုံးအမွေးတွေက အနီရင့်ရောင်မှာ ငရှိတ်ဆန် အရောင်ဖောက်နေသည့် ကြက်) ကိုကြည့်ပြီး သဘောတွေ့သွား ပါတယ်။

"မှန်း ...ပြစမ်းပါဦးကွ ...မင်းယူ လာတဲ့ကြက်က ကြက်ကောင်းပဲကွ"

စံမောင်းတစ်ယောက် ရေလာ တော့ မြောင်းကြီးကြီးကို အပီအပြင် ဖောက်ပေးလိုက်ပါပြီ။

"ကောင်းတာတော့ မပြောပါနဲ့ တော့ ဆရာကြီးရယ် ...။ ဒီကြက်က အမောက်က သုံးမြောင့်၊ နုတ်သီးက ရေတံလျှောက်နဲ့ မျက်လုံးကိုလည်း ကြည့်လိုက်ပါဦး ခင်ဗျာ၊ မျက်ခွံထူပြီး မျက်လုံးက အဝါရောင်(ပဲဆီဝါ)မှာ ဝိုင်းစက်နေတဲ့ မျက်ဆံနက်က ကြီးနေ တာပဲ။ အတက်ကိုလည်း ကြည့်ပါဦး ခင်ဗျ။ တိုက်ကြက်ကောင်းတစ်ကောင် ရဲ့ အတက်ဆိုတာ အထက်ကိုလည်း

မလန်ရဘူး။ အောက်ကိုလည်း မကိုင်းရဘူး။ ခြေထောက်နှစ်ချောင်းဟာ အတွင်းကို မရှိုင်းရသလို အပြင်ကိုလည်းမကားရပါဘူး။ဖြောင့်နေရမှာပါ။ ဒီတိုက်ကြက်ကောင်းရဲ့ ခြေထောက်ဟာနောက်ခြေသန်းနဲ့အပြိုင်တဖြောင့်တည်းရှိနေတာဆိုတော့ ဒီကောင်ရဲ့ကောင်းချက်ကတော့ ဘယ်လိုစာဖွဲ့ရမှန်းတောင် မသိတော့ပါဘူး ဆရာကြီးရယ်"

စံမောင်းရဲ့ကြက်ဗဟုသုတ လေစုန်ထဲမှာ ကြက်ခရေစီဆရာကြီး မျောပါလို့နေချေပြီ။ ထိုစဉ်မှာပင် ခြံထောင့်ဆီမှ "အောက် ...အီး ...အီး ...အွတ်" မြည်သောကြက်တွန်သံကိုကြားလိုက်ရသည်မို့ စံမောင်း ချက်ချင်းလှည့်ကြည့်လိုက်ပြီး ဝေဖန်မှုပြုလုပ်ပြလိုက်ပြန်ပါသည်။ ပြောရပါလျှင် ကြက်ပညာသမားဂုဏ်ကို ပြသလိုက်ခြင်းပင်။

"အောင်မယ် မဂိုကြက်ကြီးပါလား၊ ဇကန္တ ...ဒီကောင့်ကိုလာပြီး စိန်ခေါ်နေတာနဲ့ တူတယ်။ မဂိုမဂဲ မယားဆဲသတဲ့ဆရာရေ့။ အဲဒီကြက်မျိုးနဲ့တော့ ဘယ်တော့မှ သွားမတိုက်လေနဲ့ ခင်ဗျ။ကြည့်လေကြက်ကခြေထောက်ဝါပြီး မျက်ဆံက ပြဲနေပြန်တယ်။ ကြက်သမား အများစုကတော့ ပြောကြတယ် ခင်ဗျ ...။

"ခြေဝါမျက်ပြဲ ဆီမနည်းစေနဲ့လို့ ဆိုထားလေတော့ သူနဲ့ သွားတိုက်လို့ကတော့ သေချာတယ် ရှုံးမှာ။ ဟင်းစားပဲကောင်းတဲ့ ကြက်မျိုးကြီးပါ"

စံမောင်း၏ ကြက်ဗဟုသုတနဲ့ လှေ့လာမှုအားကို ကြက်ခရေစီဆရာကြီး မချီးကျူးပဲ မနေနိုင်တော့။ လက်ဆောင်ပေးတယ်ဆိုတဲ့ကြက်ကို သေသေချာချာ ကိုင်တွယ်ပွတ်သပ်လိုက်ပြီးအမြီးဖျားလေးတွေကိုပွတ်သပ်ပေးနေရင်းမှာပင် ...။ ထတွန်လိုက်ပြန်ပါသည်။ "အောက်အီအီးအွတ်"

"အမြီးကတော့ တံစဉ်ကောက်ပဲကွ"

"ဟုတ်တယ် ဆရာ။ အမြီးတံစဉ်ကောက် အသံပုဆိန်ပေါက်တဲ့ အမြီးကောက်သလို တွန်သံကလည်း အစလိုမျိုး ပြတ်သားရပါတယ်။ အဲဒါမှ ကြက်ကောင်းအင်္ဂါနဲ့ ညီညွတ်တာ။ ဒီကောင့်ထက်သာတဲ့ကောင်ကတော့ ရှာမှရှားပါပဲ ခင်ဗျာ"

ကြက်ဝါသနာအိုး ဆရာကြီးမျက်နှာက မှိုရထားသလိုမျိုးကြီး တကယ့်ကိုပီတိအပြုံးနဲ့ကျေနပ်နေသလိုမျိုးပါ။

"အေး ...မောင်ရင် ...မင်းကို အထူးကျေးဇူးတင်တယ်ကွာ။ ဒြော် ဒါထက် မောင်ရင်က ..."

"ကျွန်တော့နာမည် မောင်စံမောင်းပါ ခင်ဗျာ။ ဆရာတို့ဌာနမှာ အလုပ်ခေါ်မယ်ကြားလို့ လျှောက်ထားပါတယ်။ အင်တာဗျူးတော့ ဝင်ဖြေကြည့်ရမှာပဲခင်ဗျ။ ရခဲ့တော့လည်း ကုသိုလ်ကံပေါ့ ဆရာရယ်။ ကျွန်တော်က မိခင်မုဆိုးမကြီးကို ဖြစ်သလိုနဲ့ ရှာကျွေးနေရတာပါ ဆရာရယ်။ အလုပ်ကလေး အတည်တကျရခဲ့ရင်တော့ အမေ့ကုသိုလ်ပဲပေါ့ ဆရာကြီးရယ်"

စံမောင်းက အကွက်ဝင်လိုက်တာနဲ့ ကရားရေလွှတ်ပါပဲ။ သူလိုချင်တဲ့ အဓိကပစ်မှတ်ကို တည့်တည့်မတ်မတ် ချိန်ပစ်လိုက်တာပါ။ စကားအရာမှာရော သနားစရာပါ အကုန်အစုံ ဖွင့်ဟပြသနိုင်ခဲ့သလို တိုက်ကြက်တစ်ကောင်ကို အရင်းပြုနိုင်ခဲ့တဲ့ လုပ်ဆောင်ချက်ဟာ တကယ့်ကို အရာရောက်ခဲ့ရပါတယ်။

"အေး ...မင်းဝင်ဖြေဖြစ်အောင်သာ ဖြေပါကွာ ...ဆရာကြည့်လုပ်ပေးပါ့မယ်"

ဒီလိုနဲ့ပဲ စံမောင်းတစ်ယောက် ဒီဌာနကို ရောက်ခဲ့ရပေတယ်။ သူဆွဲလိုက်တဲ့ ကိုင်းက ကြီးတော့ မြဲမြဲမြံမြံ ဆုပ်ကိုင်လိုက်မိတယ်လို့ပဲ ဆိုရပေမှာပေါ့ဗျာ။ လူကြီးအကြိုက်နဲ့ ရင်းနှီးမှုရအောင်ယူနိုင်တာမို့သူများတွေထောင်သောင်းချီကုန်နိုင်ပါမှ အလုပ်တစ်ခုရတတ်ကြတဲ့အချိန်မှာစံမောင်းကတော့ တိုက်ကြက်တစ်ကောင် လက်ဆောင်နဲ့ အလုပ်ရခဲ့ပါပြီ။ သူ့ကြိုးစားမှုကလည်း ထူးကဲတယ်လို့ ဆိုရပေမယ်။ အရာရှိအလာကိုကြိုတယ်။ ခိုင်းရင်ဖင်ပေါ့တယ်။ အလကားနေမယ့်အစား အရာရှိကားကို ပြောင်သန့်နေအောင် ပွတ်တိုက်ပေးတယ်။ နောက်တော့ ရုံးလုလင်ကနေ အရာရှိကား ဒရိုင်ဘာဘဝပြောင်းခဲ့ရတော့တယ်။ ဒါတွေအားလုံးဟာ နိုင်းစေသမျှ ဘယ်အခါမှ ခေါင်းမခါတတ်တဲ့ ပုတ်သင်ညိုစံမောင်းရဲ့ စွမ်းဆောင်နိုင်ချက်တွေ လို့ ဆိုရပေမယ်။

ဒါပေမဲ့ဗျာ ဘယ်အရာရှိမှ အစဉ်မမြဲဘူးဆိုတဲ့ တရားသဘောကိုပဲ ဆင်ခြင်ကြည့်မိသလိုပါပဲ။ ဘာကြာတာမှတ်လို့ စံမောင်းရဲ့ လက်ဦးဆရာအရာ

**တကယ်တော့ နောင်တဆိုတာ နောင်မှရတတ်တဲ့ အမျိုးဆိုတာကို ကြိုတင်ပြီး အသိတရားနဲ့ သိထားကြရင်တော့ အကောင်းဆုံးပဲပေါ့။ ဒီလိုကိစ္စမျိုးက မှားမိပြီဆိုလိုက်တော့ ဘူခတ်လို့မရသလို၊ ပဝါမကူ ရေတောင်ရှုခွင့် မရနိုင်တော့ပါဘူး။ ဒီဌာနကို အလာကောင်းခဲ့တဲ့ စာမောင်းလည်း အမှားပေါင်းသောင်း ခြောက်ထောင်နဲ့ အခါနောင်းနေပြီမို့ အချိန်ပိုင်းကိုသာ စောင့်နေ ရစ်ပါတော့လို့သာ အားနာစွာနဲ့ ပြောလိုက်ပါရစေတော့။**

ရှိကြီးလည်း ရာထူးတစ်ဆင့် တက်ပြီး တစ်နယ်ရပ်ခြား ပြောင်းသွားရပါတော့ တယ်။ တစ်ယောက်ပြောင်းတော့ နောက်အရာရှိတစ်ယောက် ရောက် လာခဲ့ပြန်ပါတယ်။ ဒီတော့ ပုတ်သင်ညို စံမောင်းဆိုသူလည်း ...။

- - - - - -

ကော်လာ လည်ကတုံးအင်္ကျီ အဖြူနဲ့ ပုဆိုးအညိုကွက်ကို သပ်သပ် ရပ်ရပ် ဝတ်ဆင်ထားတဲ့ ကိုစာမောင်း ဟာခန့်ခန့်ထည်ထည်ပါပဲ။အင်္ကျီအဖြူ ပါးပါးရဲ့အိတ်ကပ်ထဲမှာတော့ ရင်တော် မြတ်ဗုဒ္ဓ ရုပ်ပွားတော်ပုံကလေးကို အထင်းသား မြင်နေရပါတယ်။ အညို ရောင် လွယ်အိတ်ထဲမှာတော့ အတန် အသင့်ကြီးတဲ့(၁၀၈)လုံးပုတီးတစ်ကုံး ကို ထည့်ထားတာပါ။ ဒီတစ်ခါ ပြောင်း ရွှေ့ရောက်ရှိလာတဲ့ အရာရှိကြီးက ဘာ သာတရားကို အလွန်ကိုင်းရှိုင်းပါ တယ်။ ပုတီးသမားတစ်ယောက်ဖြစ် တာကြောင့် ဘုရားကျောင်းကန်တွေ သွားပြီးပုတီးစိပ်တဲ့အလုပ်ကိုအားလပ် ရက်တွေမှာ ပြုလုပ်လေ့ရှိပါတယ်။

အကုသိုလ်ဖြစ်မယ့် အလုပ်တွေ ဆို အလွန်ရွံမုန်းတယ်။ ဘုရားစကား တရားစကားနဲ့ ဘာသာရေး ဆွေးနွေး မယ့်သူဆိုရင်တော့ သူနဲ့လိုက်လျော ညီထွေဖြစ်ပါပေတယ်။ ဒီတော့ အရာရှိ ကြီးကားမောင်းတဲ့ ပုတ်သင်ညို စာမောင်းလည်း အလိုလို ပုတီးသမား တစ်ယောက်ဖြစ်လာတာ ဘာဆန်း တာလိုက်လို့။ သူ့ကွယ်ရာမှာ မေးငေါ့ ကြတော့ကော အကြောင်းလား။ ကောင်းတာလုပ်တာပဲ ဘယ်သူ့ဂရု စိုက်စရာရှိတာ မှတ်လို့ဆိုတဲ့ သူ့စကား ကတော့ မှန်တာပေါ့။ နေ့ချင်းညချင်း လူကောင်းတစ်ယောက် ဖြစ်သွားတဲ့ စာမောင်းဟာ သွားလေရာမှာ လွယ် အိတ်ကလေးတလွယ်လွယ်၊ တရား စာအုပ်ကလေး တကိုင်ကိုင်နဲ့ စတိုင် ကတော့ အမှန်ပါ။

ဘယ်သူတွေ ဘာပြောပြော စာမောင်းစကားကို ဆရာသမားက ယုံပြီးသား။ ဒီတော့ စာမောင်းကလည်း ဘာဖြစ်ချင်သလဲ သူ့ဆီလာထားပေါ့။ စေတနာတွေ၊ မေတ္တာတွေ၊ ကရုဏာ တွေ တစ်လှေကြီးနဲ့ အကူအညီပေး လိုက်မှာ သူ့ရဲ့စကားတစ်ခွန်းက ပညာ သားပါလှပါတယ်။ "စေတနာဆိုတာ ရောင်ပြန်တော့ ဟပ်ပေးရတယ်ဗျ။ ဒါမှလည်း စေတနာရဲ့အကျိုးဟာ ထိ ရောက်ပေါက်မြောက်ပေမှာပေါ့" ဆို တဲ့ဥပါယ်တံမျဉ်စကားဟာတကယ့်ကို ထိရောက်လှပါတယ်။

"တပည့်လိမ္မာ ဆရာအာပတ် လွတ်" ဆိုတဲ့စကားဟာ သူ့ဆရာကြီးနဲ့ စာမောင်းအကြားမှာတော့ကွက်တိကျ မှန်တဲ့စကား ဖြစ်နေတာပါပဲ။ ပုတီး သမားဆရာကြီးကတော့ ခုနစ်ရက် သားသမီးတွေ ချမ်းသာဖို့ မကျွတ် မလွတ်သေးတဲ့ ဝေနေယျသတ္တဝါတွေ အမျှပေးဝေနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သုသာန်သင်္ချိုင်းတွေအားလုံးမှာသွား ပုတီးစိပ်ပြီးနေပြီ။ အခုသွားကြရမှာ ကမြို့ပြင်မှာရှိတဲ့ နာမည်ကြီး ဇီးပင်ကြီး သင်္ချိုင်း။ အချိန်က နေဝင်ရီးရီ၊ အုပ်အုပ် ဆိုင်းဆိုင်းနဲ့ ခက်ကျိုင်းမားမား ရေမ နှစ်ချို့ ကုက္ကိုပင်ကြီးများကြောင့် ဝန်း ကျင်တစ်ခွင်ကို ပို၍ပင် မှောင်ရောင် ရင့်နေသလို ဖြစ်နေပါတယ်။

ဆရာကြီးဖြစ်သူက မြေပုံအသစ် စက်စက်ပေါ်မှာ နေရာယူပြီးထိုင်လို့ ပုတီးစိပ်နေပါပြီ။ မြေပုံအသစ်ဘေးမှာ လွမ်းသူ့ပန်းခွေတွေတောင် အလတ် ကြီး ရှိနေပါသေးတယ်။ ကျန်တပည့် တွေကလည်း တစ်ယောက် တစ်နေ ရာစီ။ အချို့ကလည်း အုတ်ဂူတွေပေါ် မှာ။ အချို့ကတော့ မြေပုံတွေပေါ်မှာ နေရာအသီးသီးယူပြီး အဓိဋ္ဌာန် ပုတီး စိပ်နေကြပါပြီ။

သူတို့အဖွဲ့၏လှုပ်ရှားမှုမှန်သမျှကို ကုက္ကိုပင်ကြီးအကွယ်ကနေ သေချာ ချောင်းကြည့်နေသူနှစ်ဦးကိုသူတို့တစ်တွေ မသိကြ။ ရည်ရွယ်ချက်ကောင်း ပေမဲ့ အမြင်စောင်းသူတွေဘက်က တော့ ဆိုးဆိုးဝါးဝါးတွေ တွေးထင်မြင် မိတာကြောင့် တစ်မျိုးတစ်မည်ပြောင်း ပြီ ဒုက္ခရောက်တော့မလို့။ ကံကောင်း ထောက်မပေလို့သာ အသက်နဲ့ခန္ဓာ အိုးစားမကွဲကြရတာပါ။

ဖြစ်ပုံကဒီလိုပါ။ သူတို့တွေကို သစ်ပင်အကွယ်ကနေ ချောင်းကြည့် သူတွေက ဗီးပင်ကြီးရွာသား နွား ကျောင်းပြန် ဖိုးထောင်နဲ့ အောင်ဘုတို့ နှစ်ယောက်ပါ။ သူတို့နှစ်ယောက်က ရွာကိုအမောတကောနဲ့ ပြန်ပြေးလာ ကြပြီးတော့ ...။

"သချိုင်းကုန်းထဲမှာ အောက် လမ်းဆရာကြီးနဲ့အဖွဲ့လား မသိဘူး။ အစ်မ အေးမှုင်ရဲ့ မြေပုံပေါ်မှာရော ဂူ တွေပေါ်မှာပါ လူငါးယောက် ပုတီးထိုင် စိပ်နေကြတယ်။ တော်ကြာနေ . . . ဘာတွေဆက်လုပ်မယ်တော့ မသိဘူး ဗျ"

ဆိုတဲ့ ဖိုးထောင်နဲ့ အောင်ဘုရဲ့ ထင်ကြေးနဲ့ သတင်းပေးမှုကြောင့် နေ့ လယ်ပိုင်းကမှ မအေးမှုင်ရဲ့အသုဘမြေ ကျထားတာ။ ဖြစ်ချင်တော့ မအေးမှုင် က မီးမဖွားနိုင်လို့ သေဆုံးထားတာ။ ပြောရရင်တော့ အစိမ်းသေဆိုလားပဲ။ အပူမီးတောက် လောင်ဆဲဖြစ်နေကြ တဲ့မအေးမှုင်ယောက်ျားရော၊သူ့မောင် တွေနဲ့ ဆွေမျိုးသားချင်းတွေဟာ တုတ် တွေ၊ ဓားတွေ၊ မီးတုတ်တွေနဲ့ သချိုင်း ကုန်းကို ရောက်လာကြပြီး ဆရာကြီးနဲ့ စာမောင်းတို့အဖွဲ့ကို ဝိုင်းထားလိုက်ကြ ပါပြီ။ အားလုံးကို အပြီးအပြတ် ရှင်းပစ် မယ်ဆိုတာကို စာမောင်းတို့အဖွဲ့ မသိ ကြသေးပါဘူး။

အဲဒီမှာ ပုတီးစိပ်ပြီးလို့ ဟိုကြည့် ဒီကြည့်လုပ်နေတုန်း မီးတုတ်မီး အလင်းရောင်အောက်မှာ တုတ်၊ ဓား၊ လက်နက်တွေနဲ့ လူတွေကိုတွေ့လိုက် တော့ အစက ဘာမှန်းမသိပေမဲ့ သူတို့ အထဲက ဒေါသသံ စွက်တဲ့လေသံနဲ့။

"ဟေ့ အောက်လမ်းဆရာနဲ့အဖွဲ့ ကျုပ်နှမဝိညာဉ်ကို လာခေါ်ဖို့လုပ်နေ တာ အခုချက်ချင်း ရပ်လိုက်ကြပါ"

"ဟေ့ကောင် မြသောင်း ဘာရပ် လိုက်ပါပြောနေတာလဲ။ အပြတ်ရှင်း ပစ်မယ်။ ဟေ့လူတွေ သေဖို့သာ ပြင် ထား ..."

မီးတုတ်ကိုင်ပြီး သတ်ဖို့ရာ ကြိမ်း မောင်းလို့နေသူကို စာမောင်းတစ် ယောက်ကြောက်အားပိုနေသည့်ကြား ထဲက အသေအချာကြည့်လိုက်တော့ ကြက်သမား ကိုကြင်မောင်ဖြစ်နေတာ ကို သိလိုက်ရတာမို့ အားတက်သွား တယ်။ ဒီအချိန်မှာ ဘာမှဖြေရှင်းလို့မရ ခင်မှာပင် အားလုံးသေကြရတော့မှာ။ တကယ်တော့ ကိုကြင်မောင်ဟာ သူ တို့အတွက် ကောက်ရိုးတစ်မျှင်ပါ။

"ဗျို့...ကိုကြင်မောင် ကျွန်တော် စံမောင်းပါ။ ခင်ဗျားဆီမှာ ဟိုတုန်းက တိုက်ကြက်လာရာတဲ့ စံမောင်းလေ ဗျာ။ ခင်ဗျားတို့ဗျာ . . . ကံကောင်းလို့ လူမှားတော့မလို့။ ကျွန်တော်တို့က အောက်လမ်းဆရာတွေအဖွဲ့မဟုတ်ပါ ဘူးဗျ။ သချိုင်းက မကျွတ်မလွတ်တဲ့ နာနာဘာဝတွေနဲ့ အပါယ်ဘုံသား ပြိတ္တာတွေကို မေတ္တာပို့ အမျှအတန်း ပေးဝေတဲ့ သူတော်စင်အဖွဲ့တွေပါ"

"ဟေ့ . . . မင်းတို့ ညာနေတာ မဟုတ်လား။ ဒီနေ့မှမြေမြှုပ် သင်္ဂြိုဟ် ထားတဲ့ ငါ့မိန်းမအေးမှုင်ကို မင်းတို့ခိုင်း စားဖို့ လာခေါ်တဲ့ အောက်လမ်းဆရာ တွေ မဟုတ်လား"

"ဟာ ... လွဲကုန်ပြီဗျို့။ ကံကောင်း ပေလို့ပဲ ကိုကြင်မောင်ကြီးရေ၊ ဟောဒါ က ကျုပ်တို့ဌာနက အရာရှိကြီးပါဗျာ။ ဟို ကြက်ဝါသနာပါတဲ့ အရာရှိကြီးက ပြောင်းသွားပြီဗျ။ အခုဆရာကြီးက မကျွတ်မလွတ်နိုင်တဲ့ သတ္တဝါ ဝေနေ ယျတွေကို တရားအားထုတ် မေတ္တာ ပို့ပေးတဲ့အလုပ်ကို လုပ်နေကြတာပါ ဗျာ။ ခင်ဗျားတို့ မှားကြတော့မလို့ ကျုပ် တို့လည်း ကံသီပေလို့ ဘုရားမ,တာ ပါပဲဗျာ။ သူတော်ကောင်း နတ်ကောင်း မ,တာပေါ့ဗျာ"

ဆိုတဲ့ စာမောင်းရဲ့ အာသွက်လျှာ သွက် ပြောဆိုနိုင်ခဲ့တာကြောင့် တစ်ဖွဲ့ လုံးသေကံမရောက်လို့သက်မပျောက် ကြရခြင်းပင်။ ကိုကြင်မောင်ကလည်း စာမောင်းတို့ဘက်က ရှေ့နေလိုက်ပေး လိုက်တာဆိုတော့ သက်သာသွား တော့တာပေါ့။ ဘာပဲဖြစ်ဖြစ် ဒီပွဲမှာ တော့ အားလုံးကပြောကြပါတယ်။ စာမောင်းပေးတဲ့အသက်ပဲ ရှိတော့ တယ်တဲ့ ...။

တကယ်မညာစတမ်း ပြောရရင် တော့ ကြက်ခရေစီဆရာကြီး လက် ထက်မှာတုန်းက အရက်ကို တစ်ခွက်

တစ်ဖလားသောက်တတ်ပြီး တိုက်ပွဲမှာရှုံးတဲ့ကြက်ကိုရိုက်ချက်လို့အမြည်းအဖြစ် လတ်လတ်ဆတ်ဆတ် ပွဲတော်တည်ခဲ့တဲ့ စာမောင်းဟာ အကုသိုလ်တွေ ထောင်သောင်းချီလာခဲ့ပေမဲ့ အခုတော့ ချောင်းငယ်၊ မြစ်ငယ်၊ ပင်လယ်ရေနဲ့ ဆေးကြောခြင်းထက် သာလွန်မြင့်မြတ်တဲ့ မဖြစ်မနေ တရားရေနဲ့ ဆေးကြောလို့ပေါ့။ ဒါပေမဲ့ အကုန်အစင်တော့ ပြောင်မယ်မထင်ပါဘူး။

ထားတော့ . . .။ ကဲ အခုလည်း ပုတီးဆရာ အရာရှိကြီးလည်း ထုံးစံအတိုင်း တစ်မြို့တစ်နယ်ကို ပြောင်းမိန့်ကျလာခဲ့ပြန်ပါပြီ။ ဒီတော့ ပုတ်သင်ညိုစာမောင်းဆိုသူလည်း ...။

- - - - -

"ဝန်ထမ်းဆိုတာ ထားရာနေ၊ စေရာသွား ခိုင်းတာလုပ်၊ မဝေဖန်နဲ့ မကဲ့ရဲ့နဲ့၊ မရှုံ့ချနဲ့ ဘယ်တော့မှအလုပ်မပြုတ်ဘူး စိတ်သာချ" ဆိုတဲ့မူကို စာမောင်းက ခံယူထားတာပါ။ လူတွေဟာ ပန်းနှစ်ဖက်ကြား ခေါင်းပေါက်တာချင်းတော့တူပါရဲ့၊ ဒါပေမဲ့ အသက်ရှူချင်းကွဲသလို နေမှုထိုင်မှု စရိုက်ချင်းတော့ ခြားနားကွဲပြားကြပါတယ်။ အခုတစ်ခါရောက်လာခဲ့တဲ့ အရာရှိကတော့ အိမ်ထောင်မရှိတဲ့လူလွတ်တစ်ယောက်ပါ။ ဒီနေရာမှာလည်း အရာရှိကားမောင်းရတဲ့ ကားဆရာ စာမောင်းဆိုတဲ့ ပုတ်သင်ညိုစာမောင်းဟာ အရောင်ပြောင်းဖို့ ဆရာ့အကြောင်းကို ကြိုတင်ပြီး လေ့လာအားကောင်းကောင်းနဲ့ စုံစမ်းထားပြီးသားပါ။

ရာသီပြောင်းတော့ ကော်လာလည်ကတုံးနဲ့ အညိုရောင်ဝတ်ရုံလွှာကိုအသာချွာချလိုက်ပါပြီ။ စိတ်ပုတီးကလည်း ချိတ်ပုတီးဘဝ ရောက်သွားရပြန်ပါပြီ။ သူ့ကိုယ်သူလည်း လုလုပပနဲ့ ကြွကြွရွရွလေးဖြစ်အောင် ပြုပြင်လိုက်ပါတယ်။ လူငယ်စကားကို ခဏငှားသုံးရရင်တော့ ဖလန်းဖလန်းလေးဖြစ်သွားအောင် ရှိုင်းလိုက်တယ် ဆိုပါတော့။ အခုရောက်လာတဲ့ သူ့ဆရာက အလှအပကို မြတ်နိုးတယ်။ ချစ်စရာတွေ့ရင် ချစ်တတ်သူ၊ ယုယတွယ်တာကြင်နာစရာလေးတွေ တွေ့ရင်လည်း အလွတ်မပေးချင်တဲ့သူပါ။ တစ်သက်တာ တာဝန်ယူရမယ့် မူပိုင်ဆိုတာမျိုးတော့ မထားပါဘူး။ ရေထဲမှာလမ်းလျှောက်သလိုသူ့ခြေရာကိုထင်မကျန်စေရပါဘူး။ ချက်မစားဘူး၊ ဝယ်စားတယ်။ သီတယ်မဟုတ်လား၊ စားပြီးသွားရင် တစ်ခါသုံးဖော့ဘူးတို့၊ ဖက်တို့ကို ဘာမှသံယောဇဉ်ထားနေရာ မလိုပါဘူး။ လွှင့်ပစ်လိုက်ရုံပဲပေါ့။

ဒါကို . . . အကြောင်းသိထားတဲ့စာမောင်းက ဆရာ့အတွက် ရှာပုံတော်ဖွင့်ရပေတာပေါ့။ တစ်ကိုယ်ရေ တကာယနေတဲ့ ဆရာ့အိမ်မှာတော့ စာမောင်းတို့ တံခါးမရှိ၊ ဓားမရှိ ဝင်စေထွက်စေပါပဲ။ ဣတ္ထိယသားကောင်ကို ရှာဖွေလို့ဆက်သရတဲ့ မနုဿမုဆိုး စာမောင်းအဖြစ် အမည်တစ်မျိုးတောင်တိုးလို့။

အသုံးစရိတ်နဲ့ အဖြုန်းစရိတ်ကို စိတ်ကြိုက်ကိုင်တွယ်လို့ သုံးစွဲခွင့်ရတဲ့စာမောင်းဟာ သူ့ပိုက်ဆံနဲ့ သူတော့ ဘယ်သောအခါမှ ဝယ်စားတယ်ဆိုတာမရှိပါဘူး။ သူပြောခဲ့ဖူးတဲ့ စကားတစ်ခွန်းပါ ...။

"ဘုရင့်စားတော်ကဲဆိုတာ ဘုရင်ပွဲတော်မတည်ခင် စားတော်ပွဲမှာ အဆိပ် ပါ့,မပါ၊ အန္တရာယ် ကင်း,မကင်း သိရအောင် အရင်ဦးဆုံးမြည်းစမ်း စားပြရတာမျိုးဆိုတော့ သူကလည်း သူ့ဆရာပွဲတော်မတည်ခင်အရင်ဆုံး...." ဆိုတဲ့စကားကို သုံးတတ်ပါတယ်။ ပြီးတော့ ဘုရင်ပွဲတော်တည်ပြီးလို့ စားကျွင်းစားကျန်မှန်သမျှကိုလည်း စားတော်ကဲစာမောင်းပဲဆွဲရတာဆိုတော့၊ စာမောင်းတို့က ဆားမပါဘဲ ကောင်းတဲ့ဟင်းမှာ နှာခေါင်းတောင် မဖော်တော့ပါဘူး။

ကဲ . . . ကြာကြာဝါးလာခဲ့ကြပေမဲ့ အရိုးတောင်မရှောင်တဲ့ ဆရာတပည့်နှစ်ဦးရဲ့သွားတွေဟာ အခုတော့ ယိုင်နဲ့စ ပြုလာပါပြီ။ ဆရာအရာရှိကြီးကတော့ ဘယ်လိုနေသည်မသိ။ ဌာနတစ်ခုရဲ့ထုံးစံအတိုင်း အနေကြာလာတော့ ပြောင်းရပေဦးတော့မည်၊ စားတော်ကဲ ဇာတ်လိုက်ကျော်ကြီး စာမောင်းဆိုတဲ့ ပုတ်သင်ညိုကြီးကတော့ .........။

- - - - -

ဒီတစ်ခါတော့ စာမောင်းတစ်ယောက် နာပြီထင်ရဲ့။ တိကျပြတ်သားတဲ့ ဆရာတစ်ယောက် ထွန်းထွန်းပေါက်ပေါက် ရောက်လာခဲ့ပါပြီ။ ဌာနတစ်ခုလုံးက ဝန်ထမ်းအားလုံးရဲ့ အမူအကျင့်တွေ ထူးခြားမှုရှိသူတွေရဲ့ စရိုက်အကြောင်းတွေကို ကြိုတင်ပြီး

လေ့လာ စုံစမ်းလာတာဆိုတော့ စာမောင်းတို့ ဂျောင်းပြီပေါ့။ အလုပ်ထဲမှာ ဘယ်သူ့ကိုမှ မျက်နှာမလိုက်ဘူး။ အလုပ်ကို အလုပ်နဲ့တူအောင် လုပ်တယ်။ စည်းကမ်းစနစ်တွေ တင်းကြပ်လာတယ်၊ ဖားဖားရားရားတွေ မလိုလားဘူး။ လာဘ်ပေးလာဘ်ယူဆိုတာတော့ ဆောရီးပဲ။ ကားဒရိုင်ဘာ ပုတ်သင်ညိုစာမောင်းလည်း ဒီတစ်ခါတော့ ခေါင်းစားသွားရပြီပေါ့။

တည်တည်ခန့်ခန့်နဲ့ ဘယ်ဝန်ထမ်းကိုမှ အရောမဝင်တဲ့ အရာရှိကြီးဟာ တစ်နေ့မှာတော့ သူ့သားငယ်ကလေးကို ရုံးကိုခေါ်လာတယ်။ ရုံးဝန်ထမ်းတွေနဲ့ကလေးက တွေ့တာနဲ့ ခင်တာပါ။ ဒီလိုအခွင့်အရေးကောင်းတစ်ခု ရလိုက်တဲ့အချိန်မှာ စာမောင်းက ကလေးကြိုက်မယ့် ကစားစရာအရုပ်ကလေးပြေးဝယ်ပြီး ကလေးကို လက်ဆောင်ပေးတယ်။ ပြောရရင်တော့ ကလေးကိုချဉ်းကပ်တယ်ပေါ့။ကလေးက အရုပ်ဝယ်ပေးတဲ့စာမောင်းကို ပိုပြီးခင်သွားတယ်။

ကလေးကိုထိန်းပေးရင်း ကလေးနဲ့ဆော့ကစားပေးရင်း သူသိချင်တာတွေကို အရာရှိကြီးကွယ်ရာမှာ စူးစမ်းလေ့လာတဲ့သဘောနဲ့ မေးကြည့်ပါတယ်။ တကယ်တော့ကလေးကအသိကြွယ်တဲ့ လူလည်လေးဆိုပေမဲ့ စကားတောင် ကောင်းကောင်းမပီချင်သေးပါဘူး။

"သား . . . သားရဲ့ ဖေကြီးနဲ့ မေကြီးကို ချစ်လား"

"ချစ်ရယ်"

"သား . . . ဖေကြီး ဝက်သားစားလား"

"ချား ရယ်"

"ကြက်သား၊ ဘဲသား၊ ဆိတ်သား ရောစားလား ..."

"ချား ရယ်"

"ရထားကြီးတွေ၊ ကားကြီးတွေကို ရော စားလား"

"ချား ရယ်"

"ကဲ...ဒါဆိုစက္ကူတွေပိုက်ဆံတွေ ရွှေတွေ ငွေတွေကိုရော စားလား"

"အကုန် ချားပါရယ်ချို့မှ"

"ဒါဆိုရင် ... သားအဖေကြီး မစားတာ ဘာရှိလဲကွာ"

"ဝယ်အချားဘူး"

ဒီစကား ကြားလိုက်ရတော့ စာမောင်းရင်ထဲ အီလယ်လယ်ကြီးနဲ့ ခေါင်းထဲတောင် မူးမိုက်သွားသလို ခံစားလိုက်ရပေတယ်။

ဟုတ်တယ်လေ ...။ တစ်ချိန်က အစားကြူးတဲ့ အရာရှိကြီးလက်ထက်က သူကိုယ်တိုင် ဝယ်မစားဘဲ ဆရာ့အရင်နှိုက်မြည်းခဲ့တဲ့ကိစ္စတွေက အခုတော့ ကိုယ်ခံအားတွေ ကျလာပြီး မူးချင်သလိုလို၊ မိုက်ချင်သလိုလိုတောင် ဖြစ်လာခဲ့ရပြီပေါ့။

သူများကျွေးသမျှ အကုန်စားခဲ့ပြီး ဝယ်မစားခဲ့တဲ့ စာမောင်းဟာ ကျန်းမာရေးအရ ဆေးစစ်ကြည့်တော့ ...။

(AIDS) အေအိုင်ဒီအက်(စ်) ဆိုတဲ့ ခုခံအားကျဆင်းတဲ့ ကူးစက်ရောဂါဖြစ်နေပြီဆိုတာကို သိလိုက်ရပါပြီ။ စာမောင်းတစ်ယောက် ရောဂါဖြစ်တာကို သိလိုက်ရတဲ့နေ့မှာပဲ တစ်ချိန်က သူနဲ့တွဲခဲ့၊ ကဲခဲ့ဖူးပြီး အစားကြူးတဲ့ သူ့ဆရာလည်း လူ့လောကကနေ စောစီးစွာ ထွက်ခွာသွားပြီဆိုတဲ့ သတင်းကြားလိုက်ရတာပါပဲ။

တကယ်တော့ နောင်တဆိုတာ နောင်မှရတတ်တဲ့ အမျိုးဆိုတာကို ကြိုတင်ပြီး အသိတရားနဲ့ သိထားကြရင်တော့ အကောင်းဆုံးပဲပေါ့။ ဒီလိုကိစ္စမျိုးက မှားမိပြီဆိုလို့ကတော့ ဘွာခတ်လို့မရသလို၊ ပဝါမကူ ရေတောင်ရှူခွင့်မရနိုင်တော့ပါဘူး။ ဒီဌာနကို အလာကောင်းခဲ့တဲ့ စာမောင်းလည်း အမှားပေါင်းသောင်းခြောက်ထောင်နဲ့ အခါနှောင်းနေပြီမို့ အချိန်ပိုင်းကိုသာ စောင့်နေရစ်ပါတော့လို့သာ အားနာစွာနဲ့ ပြောလိုက်ပါရစေတော့။ ။

(ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ (AIDS)တိုက်ဖျက်ရေးသို့)

**ပန်းမြိုင်လယ်စိန်ဝင်း**

# သံသရာကြွေး

ရောမြေ ကြည်စိုး



လောကဝန်းကျင်၏ "အကြွေး" ဟူသော စကားလုံးအား လူ့အသိုင်းအဝိုင်းတွင် မျက်မှန်းတန်းမိကြပြီး ဖြစ်သည်။ အကြွေးနှင့်ပတ်သက်၍ မကျေပွန်ခဲ့သူများသည် လောကီတွင် ဂုဏ်သိက္ခာကျဆင်းခြင်း ဖြစ်ကြရ၏။ ထိုမျှမက သံသရာအထိပါ အကြွေး၏ ဆိုးကျိုးက လိုက်ပါတတ်ပါသည်။ သူ့ဥစ္စာ၊ သူ့ပစ္စည်း၊ သူ့ငွေကြေးတို့အားယူငင်ခဲ့ပြီး ကျေပွန်အောင်မပေးဆပ်နိုင်ခဲ့သော် တစ်ချိန်တစ်ခါဝယ် ပြန်လည်ပေးဆပ်ရတတ်၏။ သို့မို့ကြောင့် သံသရာကြွေးအား လူတို့ ကြောက်လန့်ကြပါသည်။ နောက်နောင်ဘဝအဆက်ဆက်အထိ ပေးဆပ်ရလေသောကြောင့်ပါ။ ယင်းအသိအား သိရှိနားလည်ထားသော်လည်း အကြွေးအား မဆပ်နိုင်မီ တစ်နည်းအားဖြင့် ဆပ်ခွင့်မသာမီ ဘဝပြောင်းသွားသောအခါ ထိုအစွဲအလမ်းက ပါသွားလေတော့၏။

ဤသို့ဖြစ်ရခြင်းနှင့်ပတ်သက်၍ ဖြစ်ရပ်မှန်တစ်ခုကို စာဖတ်သူတို့အား ရင်ဖွင့်ပြချင်မိပါသည်။

(၂၀၀၈) ခု (၂၀၀၉) ခုနှစ်၊ ဩဂုတ်လလောက်မှာ ဟသ်ာတမြို့နှင့် ဆိုရင် (၃၅) မိုင်၊ မိုင် (၄၀) လောက်ဝေးတဲ့ ရွာတစ်ရွာသို့ ကားစီးပြီး တစ်နာရီကျော်သွားရာ ရွာသို့မရောက်သေးဘဲ မော်တော် (ဝျှန်ဆင်) နာရီဝက်ကျော်ကျော်၊ တစ်နာရီနီးပါးခန့်စီး၍သွားရာ အလုပ်လုပ်မည့်ရွာသို့ ရောက်ခဲ့ပါတယ်။ ရွာကလည်းအတော်ကြီးတဲ့ရွာ၊ တောရွာဖြစ်ပေမဲ့ မြို့ရွာများလို ခေတ်မီအဆင့်အတန်းမီရွာတစ်ရွာပါ။ အစိုးရ အထက်တန်းကျောင်းလည်း ရှိပါတယ်။ ရောင်းရေးဝယ်တာကအစ အဆင်ပြေ ချောမွေ့လို့ မြို့နဲ့သွားလာလှုပ်ရှားမှုမှာ ကုန်းလမ်း၊ ရေလမ်း အဆင်ပြေစွာ သွားလာနိုင်ကြပြီး စီးပွားရေးမှာလည်း အဆင်ပြေကြပါတယ်။

ရွာသူရွာသားများမှာလည်း ရိုးသားပွင့်လင်း ခင်မင်တတ်ကြတဲ့ တောသဘာဝအခြေလည်း ရှိကြသူများ

ဖြစ်တဲ့အလျောက် စာရေးသူ ရောက်သွားတဲ့အခါ ဆွေမျိုးရင်းချာကဲ့သို့ ခင်မင်ကြပါတယ်။

စာရေးသူအလုပ် (၃) လလောက် လုပ်ခဲ့ရတဲ့ အချိန်မှာလည်း ဆွေမျိုးများ၊အသိုင်းအဝိုင်းမှာနေရသလိုခံစားရပါတယ်။

ခင်ရာဆွေမျိုး၊ မြိန်ရာဟင်းကောင်း ဆိုရိုးစကားကဲ့သို့ တစ်နေ့သောညချမ်း ညစာထမင်းစားပြီး ရေနွေး သောက်ကြရင်း စကားဆွေးနွေးပွဲဝိုင်းတစ်ခုမှာ မောင်လှရွှေမှ စကားစပြီး ပြောပါတယ်။

"အစ်ကို ကျွန်တော် တစ်ခုမေးစရာ ရှိတယ်"

"မေးလေ ညီလေး"

"အစ်ကိုက စာရေးဆရာဆို"

"အေးပါကွာ ငါ့ညီက ဘာဆန္ဒရှိလို့လဲ"

"ဒီလိုပါ အစ်ကို၊ ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ပုဒ်လောက် ပြောပြချင်ပါတယ်။ အစ်ကို သင့်တော်တဲ့ မဂ္ဂဇင်းကနေ ရေးသားတင်ပြပေးပါလား"

"အေးပါကွာ၊ ရေးပေးမယ်၊ ပါလာရင်တော့ ငါ့ညီကုသိုလ်ပေါ့၊ ငါ့ညီက ဘာဖြစ်ရပ်မှန်ကို ပြောမှာလဲ"

"ဒီလိုအစ်ကိုရဲ့ ကျွန်တော်တို့ရွာမှာ ဖြစ်ခဲ့တဲ့ ဖြစ်ရပ်မှန်တစ်ခုပါ။ ကျွန်တော်နဲ့လည်း ညီအစ်ကို မောင်နမလိုရင်းနှီးတဲ့ ကလေးမတစ်ယောက်အကြောင်းပါ။

ငယ်ငယ်ဘဝကစပြီး အတူဆော့၊အတူစားနေလာကြတဲ့ညီမငယ်အကြောင်းပါ။ သူမကတော့ တစ်ဦးတည်းသော သမီးတစ်ယောက်ပါ။ အချိန်တန်အရွယ်ရောက်တော့ တစ်ရွာတည်းနေ ယောကျ်ားလေးတစ်ယောက်နဲ့ အိမ်ထောင်ကျတယ်။

သူတို့ရဲ့အိမ်ထောင်ရေး၊ စီးပွားရေး အဆင်ပြေပါတယ်။ မိဘများက အသက်အရွယ် ကြီးရင့်လာတော့ စီးပွားရေးက သိပ်အဆင်မပြေလှ။ ဖခင်ဖြစ်သူက လေဖြတ်ပြီးလေငန်းဝေဒနာရှင်ဘဝ။ မိခင်ဖြစ်သူမှာ မုန့်ပြားလေး မုန့်လုပ်ရောင်းချပြီး စာရေးသောက်ရေး ဖြေရှင်းနေရတယ်။ လင်ယောကျ်ားဖြစ်သူအတွက် ဆေးဖိုးနဲ့ ပင်ပန်းကြီးစွာ ရုန်းကန်လှုပ်ရှားနေရရှာတယ်။

မုန့်ရောင်းဖို့ အုန်းသီးဖိုး၊ ဆီဖိုးမရှိတော့ သမီးဖြစ်သူထံမှာ ပိုက်ဆံချေးငှားပြီးမှ မုန့်ရောင်းဖို့လုပ်ရတယ်။

အုန်းသီးနဲ့ ဆီဝယ်ဖို့ ပိုက်ဆံ (၄၅၀) ကျပ်ချေးပြီးဝယ်ကာမုန့်ရောင်းပြီးပြန်တော့ အိမ်စားရေး၊ ဆေးဖိုးနဲ့ သမီးဖြစ်သူကို ပြန်မပေးနိုင်။

ဒီတော့လည်း သမီးဖြစ်သူကို တောင်းပန်ပြောဆိုထားရတယ်။ ဒီလိုနဲ့နေလာခဲ့တာ အသက်အရွယ်က ကြီးရင့်လာ၊ ပင်ပန်းတဲ့ဒဏ်နဲ့ ရောဂါဝေဒနာကစွဲကပ်လာ။နောက်ဆုံးစားဖို့တောင် မလုံလောက်။ ဘာဆေးမှ မသောက်ရနဲ့ ဝေဒနာဒဏ်ကို မခံနိုင်တော့ဘဲည(၁၁)နာရီခွဲအချိန်လောက်မှာ သေမင်းနိုင်ငံသို့ လိုက်ပါသွားခဲ့ရတဲ့အမေရဲ့ဖြစ်အင် ဘယ်သူမှမသိ။ အဖေ လေငန်းသည်က ဒုက္ခပင်လယ်ထဲမှာ ကျန်ခဲ့ရရှာတယ်။ ဒီလိုနဲ့ သမီးဖြစ်သူက အရင်းတည်ပြီး ရပ်ရွာကဝိုင်းဝန်းကြလို့ အမေရဲ့ရှာပနကိစ္စ ပြီးစီးခဲ့တယ်။ (၇) ရက် မြောက်နေ့ ညဘက်မှာတော့ သမီးဖြစ်သူကို အမေက အိပ်မက်တစ်ခု ပေးတယ်။

"သမီးရယ် သမီးတို့အိမ်မှာ အမေ နေပါရစေ"

"နေပါအမေရယ်"

အမေကိုကြည့်လိုက်တော့ သူ့အနားမှာမရှိ။ အိမ်အောက်နားမှ သူတို့မွေးထားတဲ့ ခွေးနီမကြီးအနားမှာ မတ်တတ်ရပ်နေတာကို တွေ့ရတယ်။ သမီးဖြစ်သူမှာ အိပ်မက်မှလန့်နိုးလာပြီး

"ဘယ်လိုအိပ်မက်လဲ၊ အမေ ငါတို့အိမ်မှာနေမယ်ပြောပြီး မိနီအနားမှာ ဘာလို့ရပ်နေပါလိမ့်၊ ဘယ်လိုပါလိမ့်"

ဒီအိပ်မက်အကြောင်းကိုဘယ်သူ့ကိုမှ မပြောဘဲ နေလိုက်တယ်။ အိမ်ထောင်သက်တမ်း သုံးလေးနှစ် ကာလကြာသော်လည်း သားသမီး တစ်ယောက်တလေမျှ မထွန်းကားခဲ့။ ဒီအိပ်မက်နဲ့ပတ်သက်လို့ သူ့ကိုယ်မှာ ဘာမှမခံစားရ။ သားသမီးရှိမယ့် လက္ခဏာမျိုးလည်း မတွေ့ရ။

ဒီလိုနဲ့တစ်လလောက်ကြာတော့ ခွေးနီမကြီးမှာ ကိုယ်ဝန်ရှိနေကြောင်း တွေ့ရတယ်။ သမီးဖြစ်သူရဲ့စိတ်ထဲမှာ တအံ့တွေးတွေးနဲ့ခံစားနေရပြီး "ဘယ်လိုဖြစ်ရတာလဲ အမေရယ်" လို့သာ ရင်ထဲမှာ ခံစားနေရတယ်။ ဘယ်သူ့မှလည်း မပြောရဲ။ သူကတော့ အမေ့ရဲ့အကြောင်းကို သိနေခံစားနေရပါတော့တယ်။ အချိန်တန်လို့ ခွေးနီမကြီး ပေါက်တော့ ခွေးနီကျားမလေးတစ်ကောင် ပေါက်ပါတော့တယ်။ ခွေးမ

လေးဟာချစ်စရာခွေးမလေးဖြစ်နေတဲ့ အတွက် သားသမီးကလည်းမရှိတော့ သားသမီးလို ချစ်တယ်။ ဒါပေမဲ့ ယောက်ျားဖြစ်သူကတော့ မချစ်။

အကြောင်းကတော့ ခွေးမလေးက ခေါင်းရင်းခန်းမှာ တက်ပြီး အမြဲတစေအိပ်လို့ ကြည့်မရပါ။ ဒီလို တက်အိပ်တဲ့အချိန်မှာ အိမ်ပေါ်မှ ရိုက်နက်ချပါတော့တယ်။ ခွေးမလေးကို ရိုက်ရင် မိန်းမဖြစ်သူနဲ့ စကားများ ရန်ဖြစ်ရတာ အကြိမ်ကြိမ်။

ရပ်ရွာထဲမှ လူကြီးများက ခွေးကို အိမ်ဦးခန်းမှာ မအိပ်စေရန် ပြောကြပါတယ်။ ဒါပေမဲ့ခွေးမလေးကအိမ်ဦးခန်းမှာပဲ အိပ်တယ်။

သမီးဖြစ်သူကတော့ အမေဆိုတဲ့ အသိနဲ့ သံယောဇဉ်က ရှိတော့ ခွေးမလေးနေလိုရာ နေရာမှာထားပြီး အမြဲဂရုတစိုက် ရှိတာပေါ့။

ဒါကိုပဲ လင်ယောကျ်ားသမက်ဖြစ်သူက ကြည့်လို့မရ။ ရိုက်ပြန်လည်း မိန်းမဖြစ်သူနဲ့ရန်ဖြစ် စကားများရဆိုတော့ ကြည့်မရ၊ မနှစ်မြို့ပေမဲ့လည်း မကြည့်ချင်ရင် နောက်ခိုင်းနေရတဲ့ အဖြစ်။

ဒီလိုနဲ့ ခွေးမလေးက အတော်လေးကြီးလာခဲ့ပြီ။ သူကတော့ သူနေနေကျနေရာ အိမ်ဦးခန်းမှာသာ နေတယ်။ သမက်ဖြစ်သူကတော့ မသိတဲ့ အတွက် ဒီခွေးမလေး ဒီလိုနေတာကို ကြည့်မရတဲ့စိတ်ဒေါသကြောင့် ဘယ်လိုအပြတ်ရှင်းရမလဲဆိုတာပဲ အမြဲစဉ်းစားနေတယ်။

တစ်နေ့တော့ သမီးဖြစ်သူ မြို့ကို ဈေးဝယ်သွားခိုက်၊ သမက်ဖြစ်သူရဲ့ အငြိုးအတေးဟာ အကောင်အထည် ဖော်ပါတော့တယ်။ ခွေးသားစားသူ အချို့က ခွေးများကို ဝယ်ယူစား သောက်ကြပါတယ်။ မြို့မှာလည်း တချို့နေရာတွေမှာ သူမသိ ငါမသိ ရောင်းချစားသောက်ကြပါသေးတယ်။

ဒီလို ခွေးသားစားသူများကို သမက်လုပ်သူက ရောင်းဖို့ပြောကြားပါတယ်။ ခွေးမလေးကလည်း ဝဝကစ်ကစ်ဆိုတော့ စားသူများကလည်း သိပ်သဘောကျကာ

"ကဲ အစ်ကို ဘယ်လောက်ပေးရမလဲ"

"(၄၅၀) ကျပ်ပဲ ပေးကွာ"

"တကယ်လားအစ်ကို"

"မင်းတို့ကလည်း စကားရှည်တယ်ကွာ။ ငါ့မိန်းမမရှိတုန်း ရောင်းရတာ။ မိန်းမသိလို့ကတော့ မင်းတို့ရော ငါပါ လူကြီးအိမ်ရောက်မှာ။ မြန်မြန်လုပ်ကြကွာ။ ဗိုဗိုရိရိရှိပါစေနော်"

"စိတ်ချပါအစ်ကိုရာ၊ ကဲ ဒီမှာ (၄၅၀) ကျပ်။ ကဲ ကျွန်တော်တို့ ဖမ်းသွားပြီ"

ခွေးမလေးမှာအော်ခြင်း၊ဟစ်ခြင်း မရှိ၊ ငြိမ်သက်စွာ လိုက်ပါသွားပါတော့တယ်။ လူတွေရဲ့ အတွေးနဲ့ဆိုရင် သူ့အပေါ်တင်တဲ့အကြွေးကိုသူဆပ်လိုက်ရတဲ့အတွက် ကျေကျေနပ်နပ်ကြီး အသက်ကို စတေးပေးဆပ်လိုက်ခြင်း ဖြစ်ပါတော့တယ်။

သမီးဖြစ်သူ မြို့ကပြန်လာတော့ ခွေးမလေး မိကျားကို မတွေ့ရတော့။ ဟိုဟိုဒီဒီခေါ်သော် ရှာသော်လည်း မတွေ့။ လင်ယောကျ်ားဖြစ်သူကို မေးတော့လည်း မသိဟန်ပြုပြီး

"ဘယ်သိမှာလဲ ငါလယ်ထဲသွားနေတာ၊ ငါပြန် လာတော့လည်း မတွေ့ဘူး၊ မင်းမရှိကတည်းက မတွေ့တာ၊ ငါနဲ့ မင်းခွေးမနဲ့ တည့်တာမှမဟုတ်တာ၊ ဘယ်သိမှာလဲကွာ"

ဒီလိုနဲ့ မိကျားလေးကို ဘယ်လိုမှ အစအနရှာလို့ မတွေ့ရတော့ စိတ်ထဲမသက်သာတဲ့ သမီးရဲ့ဘဝ အမေမပြေ။

တတွေးတွေး တွေးတောရင်းနဲ့ အချိန်တွေကုန် လွန်သွားပေမဲ့ မိကျားလေးပြန်မလာ၊ပြန်မတွေ့တော့ပေ။

ညအိပ်ချိန် ရောက်တော့လည်း မအိပ်နိုင်။ တလူးလူး တလွန့်လွန့်နဲ့ ဖြစ်နေသည်ကို ယောကျ်ားဖြစ်သူက အကဲခတ်ရင်း။

"မင်းဘယ်လိုဖြစ်နေလဲ အိပ်ပါတော့လား။ ဒီလောက်လည်း သံယောဇဉ်ကြီးမနေပါနဲ့ကွာ။ သတ္တဝါတစ်ခု၊ ကံတစ်ခုပေါ့ကွာ။ အိပ်ရေးပျက်ပြီး နေထိုင်မကောင်းဖြစ်နေဦးမယ်"

ယောကျ်ားက ဒီလိုပြောဆိုဖျောင်းဖျတော့မှ မှေးခနဲဆို အိပ်ပျော်သွားခိုက်။ "သမီးရေ သမီး" လို့ အမေရဲ့ ခေါ်သံနားထဲကြားလိုက်ရပြီး အမေ့ရုပ်လွှာကိုအိပ်မက်ထဲမှာမြင်လိုက်ရပါပြီ။

မြင်လိုက်ရတဲ့ မြင်ကွင်းကတော့ စိတ်မသက်သာစရာဖြစ်သလို၊ချောက်ချားကြွေကွဲ သွေးပျက်စရာ အဖြစ်ကို မြင်လိုက်ရပါတော့တယ်။

မြင်ကွင်းကတော့ အမေ့တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲစွာ မျက်နှာတွေပါ သွေးတွေပေကျံလျက်နဲ့။

"သမီးရယ် အမေ သမီးထံက ငွေ (၄၅၀) ကျပ် အကြွေးပေးစရာကို ဆပ်လိုက်ပြီနော်။ အမေ့အပေါ် တင်တဲ့ အကြွေးကျေသွားပြီ။ အမေသွားလိုရာ ခရီးကို အမေသွားတော့မယ်။ အမေ့ကို ခွင့်ပြုပါတော့ကွယ်" လို့ စကားဆုံးတာနဲ့ အမေ့ရုပ်လွှာ ပျောက်ကွယ်သွားပါတော့တယ်။

သမီးဖြစ်သူမှာ အထိတ်တလန့် အိပ်မက်မှ လန့်နိုးကာ ရင်ထုမနာခံစားရပြီး ထိုအချိန်မှစကာ မအိပ်နိုင်၊ မစားနိုင် ဘယ်သူ့မှလည်း စကားမပြောတော့။ သည်းခြေနာဖြစ်ကာ စိတ်မကျန်းမမာဖြစ်ရရှာလေပြီ။ ရက်ကလ၊ လကနှစ် ကြာလာတာနဲ့အမျှ ပိုမိုဆိုးရွာလာချေပြီ။

လင်ယောကျ်ားဖြစ်သူမှာ ပယောဂဝင်လို့ ဖြစ်တာလို့ ထင်မှတ်ကာ ပယောဂဆရာများနဲ့ ကုသပေမဲ့ အခြေအနေကား မထူးခြား။ ငှက်ပျောသီးဖိုး၊ ဖယောင်းတိုင်၊ အမွှေးတိုင်ဖိုးများသာ ကုန်ပြီး ဘာမျှအရာမထင်။ ဒီလိုနဲ့ မြို့မှ အလည်အပတ်ရောက်လာတဲ့ ဆရာဝန်တစ်ဦး၊ မောင်လှရွှေတို့အိမ်ကို လာပါတယ်။ မောင်လှရွှေမှာ မနေသာတော့။ ညီမလေးတစ်ယောက်လို ခင်မင်ရသူရဲ့အဖြစ်ကို မကြည့်နိုင်သဖြင့် သူတို့အိမ်သို့ ခေါ်သွားပြီး လူနာကို အကဲခတ်စေတယ်။

ဆရာဝန်ဖြစ်သူကလည်း အကင်းပါးပါးနဲ့ အတွေ့အကြုံအရ အကဲခပ်ရာ "ကိုလှရွှေရေ ခင်ဗျားတို့ လူနာအခြေအနေက ဘယ်ကပယောဂဖြစ်ရမှာလဲ။ သည်းခြေနာပြီး စိတ်မကျန်းမမာဖြစ်နေတာဗျ။ ရောဂါက မနည်းရင့်နေပြီ။ ဆေးရုံတက်ပြီး ကုသတာ အကောင်းဆုံးပဲ"

"ကျွန်တော့်မှာလည်း ဆေးဝါး မပါဘူးဗျာ။ ပါလည်း ရောဂါရင့်ဆိုတော့ ကိရိယာတွေလိုမှာ။ ဒီတော့ မြို့ဆေးရုံ ပို့မှဖြစ်မှာ။ သူ့ယောကျ်ားကို အကျိုးအကြောင်းပြောပြီး မနက်ဖြန်ပဲ မြို့ဆေးရုံကိုပို့ပါလို့ အကြံပေးချင်တယ်ဗျာ"

"ဟုတ်ကဲ့ပါဆရာရယ်။ ကျွန်တော် တာဝန်ယူပါတယ်"


မောင်လှရွှေမှာ ရပ်ရေးရွာရေး၊ လူမှုရေးကိစ္စကို ဆောင်ရွက်နေကျဖြစ်လို့ ဝေဒနာရှင်ရဲ့ခင်ပွန်းဖြစ်သူနဲ့ တိုင်ပင်ပြီး မနက်စောစော မြို့ဆေးရုံသို့ပို့ရန် သူ့အိမ်မှ လှည်းနွားစီရင်ကာ မြို့ဆေးရုံကို လိုက်လံပို့ဆောင်ကြပါတယ်။

သူကိုယ်တိုင် မြို့ဆေးရုံကိုလိုက်ပြီး အကျိုးအကြောင်းမေးကာ ဆေးကုသမှုခံယူစေပါတယ်။ တစ်လလောက် ဆေးကုသမှုခံယူပြီး ကျန်းမာလာကာ အိမ်ပြန်ရောက်လို့ မောင်လှရွှေမှ နှစ်ယောက်သား တွေ့ဆုံနိုက် ချော့မော့မေးမြန်းရာ သူမရဲ့ဖြစ်ကြောင်းကုန်စင်ကို ပြောပြလို့ သူ့လိုအမှားမျိုး မဖြစ်စေဖို့ မိဘအပေါ်၌ အကြွေးဆိုတာ သတ်မှတ်မထားရှိရန်ကို သတိပြုကြဖို့၊ သူတစ်ပါးရဲ့အကြွေးကိုယူပြီး ပြန်ဆပ်ဖို့ရန် သတိသံဝေဂ ရရှိစေဖို့၊ အများပြည်သူများသိရှိစေဖို့ ဒီဖြစ်ရပ်မှန်ဇာတ်လမ်းဖြင့် တင်ပြရေးသားဖော်ပြလိုက်ရပါတယ်။

မြင်းမိုရ်တောင်ဦး မကကျူးသည့် မိဘများရဲ့ ကျေးဇူးကြွေးဟာ ဆပ်၍မကုန်နိုင်အောင် များပြားလှပေမဲ့ သားသမီးရဲ့ကြွေး (၄၅၀) ကျပ်ကို အဘယ်ကြောင့် မချေဖျက်နိုင်တာကို ပညာရှိများသတိထား၍ ဆင်ခြင်ကြပါကုန်။

ဤအဖြစ်အပျက် ဇာတ်လမ်း၌ သားသမီးထံမှ ပိုက်ဆံ (၄၅၀) ကျပ် ယူမိသော ကြွေးကြောင့် ခန္ဓာကိုယ်နဲ့ အသက်ကို စတေးပြီး ပြန်ဆပ်လိုက်ရတဲ့ အမေ့ရဲ့အဖြစ်အပျက်များဟာ ရင်နင့်ဖွယ်ရာ ပေးဆပ်ရခြင်းမျိုး မဖြစ်ရလေအောင် သားသမီးများကလည်း မိအိုဖအိုများကို ပစ်မထားကြစေရန်နဲ့ မိဘအပေါ် အကြွေးဆိုတာကို မထားရှိအပ်ပါရန် သတိပေးမှာကြားချင်ပါတယ်။ ဒီလိုအဖြစ်ဆိုးမျိုးဘေးမှလည်း ကင်းဝေးကြပါစေလို့ ဆန္ဒပြုလျက်။

**ရောမြေကြည်စိုး**



ဟင်္သာတ
# မိုးကျော်
# ပန်းပုဆိုး

# ပန်းမုဆိုး

## ဟသ်ာတ–မိုးကျော်

(၁)

နပျိုငယ်ရွယ်တဲ့ အချိန်လေးဟာ ပျော်ရွှင်စရာ အကောင်းဆုံးပါပဲ။

ဒါပေမဲ့ ...

(၂)

"ဘော် ...ဘော်"

ရထားဥသြဆွဲသံ ကြားသည်နှင့် ဘူတာထဲမှ လူအားလုံး ဇာတ်တိုက်ထားသကဲ့သို့ ပြိုင်တူကြည့်လိုက်ကြသည်။လူပဒေသာပင်ရထားဟုခေါ်ကြသည့်အတိုင်း ရထားအမိုးပေါ်ကလူတွေ အဆင်းအတက်လှေကားဘေးရှိ လက်ဆွဲကိုင်းအား နောက်ပြန်တွဲလွဲခိုစီးကြသူတွေ ပြတင်းပေါက်တိုင်းမှာ ဖင်တစ်ခြမ်းထိုင်ပြီး စီးလာကြသူတွေ ရထားတွဲပျောက်လုနီးနီးပင်။

ရထားရပ်သည်နှင့် ဘူတာမှ စောင့်နေကြသော ခရီးသည်တွေ၊ ကုန်စိမ်းသည်တွေ၊ မုန့်မျိုးစုံရောင်းသည့်သူတွေ၏ အော်ဟစ်ရောင်းချ ပြောဆိုနေကြသောအသံများသည် နားကွဲလုမတတ် ...ကုန်စိမ်းများထားရန် နေရာမရကြ၍ အလုပ်သမားတွေကို မာန်မဲနေသည့်အသံ ... အချင်းချင်းရန်ဖြစ်ဆဲဆိုနေကြသည့်အသံများ၊ လူမဆန်သော ယောကျ်ားများ၏ လက်သရမ်းမှုကြောင့် အရှက်မရှိ နားမခံသာအောင် ပြောဆိုနေမှုတွေ။

ရွှေညောင်မှ ရန်ကုန်အထိ မောင်းနှင်သော ရထားသည် တစ်နေ့တစ်ခေါက်ပဲရှိသည်။ တောင်ပေါ်မှဆင်းလာသော ရထားသည် လူစီးရိုးရိုးနှစ်တွဲ၊ အထူးတွဲတစ်တွဲ၊ လတ်ဂိတ်တွဲတစ်တွဲ၊ ကုန်တွဲတစ်တွဲသာပါသည်။ သာစည်ဘူတာရောက်မှ ကုန်တွဲများဆက်တွဲခြင်းဖြစ်သည်။ ရှမ်းပြည်တောင်ပိုင်းဒေသ၌နေထိုင်သော တိုင်းရင်းသားတို့သည် လယ်ယာမြေကွက်နည်းပြီး တောင်ယာစိုက်ပျိုးသောမြေက များသည်။

သီးနှံများ အထွက်များသည်နှင့် ၎င်းဒေသတွင် ကုန်ပစ္စည်းဖြန့်မှု အားနည်းသည်။ လူနေများသောမြေပြန့်ကိုသာ တင်ပို့ရောင်းချရသည်။ ကုန်စိမ်းကားခသည် ဈေးမြင့်သည်။ သည်တော့လည်း ခရီးစရိတ်သက်သာသည့် ရထားနှင့်သာ သယ်ပို့ရောင်းချကြခြင်းပင်။ အချိန်ကား ၁၉၉၀ ဝန်းကျင်လောက်ကပင်ဖြစ်သည်။

သည်အဖြစ်အပျက်များကြောင့် ဝင်းအောင် ရထားတွဲထဲကိုဝင်ဖို့ မကြိုးစားတော့။ ရထားတွဲနှစ်တွဲဆက်သည့် နေရာတွင် တွဲတစ်ခု၌ ၂ ပေ၊ ၁ ပေ ခန့်ရှိသော ၅ မူးထုရှိ မူလီစုတ်ထားသော ထိုင်ခုံပုံစံမျိုး၊ ဘေးမှာကလည်း အမိုးပေါ်တက်သည့် သံလှေကားတစ်ခုကို ရထားတွဲကပ်ပြီး ဂဟေဆော်ထားသည်။ ထိုင်စရာလည်း အဆင်သင့်၊ သည်တော့ ကြိုတင်ထိုင်ပြီး နေရာဦးထားလိုက်သည်။ အိပ်မောကျနေသော ရထားသည် ဘူတာမှ အော်ဟစ်ရုန်းကန်ရင်း ထွက်ခွာခဲ့တော့သည်။

ယူကလစ်တောကို ဖြတ်ကျော်ခဲ့သောလေက ယူကလစ်ရနံ့၊ ထင်းရှူးတောကို ဖြတ်ကျော်ခဲ့သောလေက ထင်းရှူးရနံ့၊ ကျွန်းတောကို ဖြတ်ကျော်ခဲ့သောလေက ကျွန်းရနံ့၊ တောပန်း၊ တောင်ပန်းတွေကို ဖြတ်ကျော်ခဲ့သော

လေက တောတောင်ပန်းရနံ့ လေပြေလေညင်းတို့သည်တာဝန်ကျေမှုတွေနဲ့ သယ်ဆောင်လာသည်ကို ဝင်းအောင် သဘောကျသည်။ ၅ နှစ်တစ်ကြိမ် လာရောက် လည်ပတ်တတ်သော ဝင်းအောင်သည် တောတွေ တောင်တွေ စိမ့်စမ်းတွေ နေရာအနှံ့ကို ဖြတ်သန်းလာသော လေနအေးလေးတွေ လာရောက်ခံစားရင်း ၅ နှစ်တာ ကိုယ်စိတ်နလုံးဆင်းရဲခြင်းတွေပျောက်ပျက်အောင် လာရောက်လည်ပတ်ခြင်းဖြစ်သည်။

"အစ်ကို ဘေးမှာထိုင်လို့ရမလား ဟင်"

ကလောဘူတာ အရောက်တွင် အသက် ၁၆ နှစ်လောက်ရှိသော မိန်းကလေးက နေရာလာတောင်းသည်။ သည်လိုနုနယ်သောမိန်းကလေးအဖို့ တွဲထဲရောက်အောင် ဝင်ဖို့မလွယ်။

**ကျွန်တော့်အတွက် ဘာမှလုပ်မပေးပါနဲ့၊**
**သည်ရွှေပလောင်မလေး (၁၅) ယောက်ရဲ့**
**ဘဝပန်းလေးတွေ မညှိုးနွမ်းဘဲ**
**လန်းဆန်းစိုပြည်နေတာပါပဲ**
**ဝမ်းသာကြည်နူးမိပါတယ်။**
**တစ်ခုလောက်တောင်းဆိုချင်တာကတော့**
**မနက်ဖြန် ဒီမိန်းကလေးတွေကို**
**သူတို့ရွာနေကိုရောက်အောင် ပို့ပေးပါ။**
**သူတို့မှာ ပိုက်ဆံတစ်ပြားမှ မပါကြပါဘူး။**
**ကျွန်တော့မှာလည်း သူတို့အားလုံးကို**
**ပေးလိုက်နိုင်တဲ့ငွေ မရှိဘူးဖြစ်နေတယ်။**

"ထိုင်ခုံက နှစ်ယောက်ထိုင်ဖို့ ခက်ခဲမယ်။ အသားခြင်းထိမယ်။ ပေါင်ချင်းထပ်မိမယ်။ သည်အဖြစ်တွေကို လက်ခံနိုင်ရင် လာပြီးထိုင်လို့ရပါတယ်။

"ရပါတယ်၊ ခရီးသွားဒုက္ခသည် အချင်းချင်းပဲ""

မိန်းကလေးက ပြောပြောဆိုဆို ဝင်းအောင်ဘေး လာထိုင်သည်။ လက်ကိုင်လို့ရအောင် လေ့ကားရှိတဲ့ဘက်ကို ပေးလိုက်သည်။

လေ့ကားကို လက်မောင်းနဲ့ချိတ်ထား၊မအိပ်နဲ့ မျက်လုံးကိုပြူးထား၊တစ်ချက်ငိုက်လို့ အောက်ကျသွားတာနဲ့ လူ့ဘဝကို နှုတ်ဆက်သွားရလိမ့်မယ်"

"ဟုတ်ကဲ့ပါ၊ အစ်ကို"

ရထားသည် ဘူတာရပ်ချိန် ပြည့်သွားသဖြင့် ဆက်လက်ထွက်ခွာခဲ့သည်။ လူ့ဘဝဆိုတာ မွေးဖွားတဲ့အချိန်ကစပြီး သေဆုံးခြင်းရောက်သည့်တိုင် ရုန်းကန်လှုပ်ရှားခြင်းဖြင့် ဘဝကို ရပ်တည်သွားကြသည်။ အငိုနဲ့စပြီး အငိုနဲ့ ဘဝဆုံးကြသူတွေ၊ အငိုနဲ့စပြီး အရယ်နဲ့ ဇာတ်လမ်းဆုံးတဲ့သူတွေ၊ အရယ်နဲ့စပြီး အရယ်နှင့် ဘဝဆုံးခန်းတိုင်တဲ့သူတွေ၊ လောကသံသရာမှာ အငို၊ အပြုံး၊ အရွှံ၊ အနိုင်၊ ဆင်းရဲ၊ ချမ်းသာ၊ ခံစားကြရင်း ခန္ဓာကိုထမ်းဆောင်နေကြရသည်။

(၃)

"ဟိတ် - ချာတိတ်မ"

"အား . . . လန့်လိုက်တာ အစ်ကို ရယ်"

"ငိုက်နေတာကို မလန့်ဘဲ အစ်ကို ခေါ်မှဘဲ လန့်ရသလား၊ ရထားဘီးနဲ့ နှစ်ပါးသွားချင်လို့လား"

"ကျေးဇူးပါပဲ အစ်ကို . . . နန်းခမ်း ငိုက်မိပါတယ်။ အစ်ကို့စကား . . . နားမထောင်မိတာ တောင်းပန်ပါတယ် နော်"

လက်တစ်ဖက်ကို သံလေ့ကားတွင်ချိတ်ပြီး အိပ်ငိုက်နေသည့် မိန်းကလေးကိုကြည့်ကာ ဝင်းအောင် သနားမိသည်။ သောကအပူအပင်မရှိဘဲ အိပ်ငိုက်နေသော မိန်းမငယ်လေး၏ အလှကိုတစ်ဝကြီးကြည့်နေချင်သည်။ မဖြစ်နိုင်ပါ၊ မိမိ၏ စိတ်ခံစားမှုရသအတွက် မိန်းကလေးရဲ့ဘဝကို မစတေးနိုင်ပါ။ သဘာဝကျသည့် အလှအပတွေကို ဝင်းအောင် သဘောကျ နှစ်သက်ပါသည်။ သဘာဝမကျသည့် အလှအပကို လက်မခံပါ။ မနှစ်သက်ပါ။ ဟန်ဆောင်ဘဝနဲ့ ဟန်ဆောင်အလှကို ကမ္ဘာပေါ်မှာ အမုန်းဆုံးလို့ ဟစ်ကြွေးထားတဲ့ ဝင်းအောင်ပါ။

"ဒီနှစ်ယောက် . . . တစ်ယောက်ရဲ့ဘဝ သမိုင်းကြောင်းကို တစ်ယောက်ကသိအောင် စကားပြောကြမယ်၊ ချာတိတ်မ ...စကားမပြောဘဲ ခရီးသွားရတာ အိပ်ချင်တယ်၊ ဟုတ်တယ် မဟုတ်လား။""

"ဟုတ်တယ်နော် အစ်ကို"

"အစ်ကို စမေးမယ် ...ချာတိတ်မ အသက်ဘယ်လောက်လဲ၊ ဘယ်ရွာကလဲ၊ နာမည်က ဘယ်လိုခေါ်လဲ၊ တိုင်းရင်းသားလူမျိုးစုက ဘာလဲ"

"ဟိုး . . . အစ်ကို ခဏရပ်ထားအုံး . . . ယခုမေးတဲ့ဟာကို အရင်ဖြေမယ်၊ နာမည်က နန်းခမ်း၊ အသက်က (၁၆)

နှစ် ပြည့်တော့မယ်၊ ကလောဘူတာ အရှေ့ဘက် ၂ မိုင်အကွာ ရွှေပလောင်ရွာလေး၊ လူမျိုးစုက ရွှေပလောင်မျိုးပါ၊ ဆက်မေးတော့...အစ်ကို"

"မဆိုးပါဘူး တော်တယ် . . . စေ့စေ့စပ်စပ် မြေနိုင်သားပဲ၊ ကဲ ဆက်မေးမယ် . . . ကျောင်းပညာ ဘယ်လောက်သင်ဖူးလဲ၊ ရွာမှာ ဘာအလုပ်လုပ်လဲ ...အခုကော ဘယ်မှာအလုပ်သွားလုပ်မှာလဲ"

"ကျောင်းပညာ မူလတန်းတောင် မတက်ဖူးပါဘူး အစ်ကို၊ ရွှေပလောင်မလေးတွေဟာ ကျောင်းမတက်နိုင်ပါဘူး . . . နမ်းခမ်းတို့နေတဲ့ ရွာငယ်လေးတွေက အိမ်ခြေသုံးဆယ် လေးဆယ်ကြားပဲရှိတယ်။ ရွာရစ်ရွာမှာ စာသင်ကျောင်းတော့မဟုတ်ပါဘူး၊ ဘုန်းကြီးကျောင်းဝန်းထဲမှာ ကိုယ်ထူကိုယ်ထ "လူထု" မူလတန်းကျောင်းလေးတွေပါ။ ယောကျ်ားလေးတွေကတော့ ကိုယ်ရင်ဝတ်ပြီး ညအိပ်ညနေ သွားရောက်သင်ကြားကြပါတယ်။

"ရှမ်းရိုးမတောင်တန်းအပေါ်မှာ နေထိုင်ကြတဲ့ တောင်ပေါ်သားတွေ ထမင်းနပ်မှန်အောင် မနည်းကြိုးစားကြရတယ်။ သားသမီးတွေကို ဝတ်စုံနစ်စုံလောက် ဆင်နိုင်အောင် မနည်းကြိုးစားကြတယ်။ သည်နေ့ ဝတ်တဲ့ဝတ်စုံ ရေစိုသွားရင် နောက်တစ်ရက်ပဲ ကျောင်းတက်နိုင်တော့တယ်။ မိုးသုံးရက်ဆက်ရွာရင် အစ်ကိုပဲ စဉ်းစားကြည့်တော့လေ"

"အလုပ်အကိုင်ဆိုတာလည်း တိကျမှု မရှိပါဘူး။ ရွာမှာ လူဦးရေကများပြီး တောင်ယာစိုက်ခင်းတွေက နည်းတယ်။ တောင်ယာလုပ်ခွင်နည်းပြီး တောင်ယာအလုပ်သမားက များနေတော့အလုပ်ရှင်တွေပေးသမျှယူကျွေးသမျှပဲ စားကြရတယ်။ တစ်ယောက်လုပ်သားခက တစ်ယောက်စားလောက်ရုံပဲရှိတယ် အစ်ကို။ ဒါကြောင့် အလုပ်ရှိရင်စား အလုပ်မရှိရင် ငတ်မယ့်ဘဝတွေကို လွတ်မြောက်အောင် အလုပ်လုပ်ရအောင် နမ်းခမ်းတို့ မိန်းကလေးတွေ ထွက်လာခဲ့ကြတာ"

နမ်းခမ်း၏ ပြောစကားများကြောင့် ဝင်းအောင် အသက်ရှူ၍ မဝနိုင်အောင် မွန်းကြပ်လာမိသည်။ ဝင်းအောင် မသိမဟုတ် သိပါသည်။ လွန်ခဲ့သော သုံးနှစ်ကျော်လောက်က ၎င်းရှမ်းရိုးမ တောင်တန်းကြီးပေါ်မှာ လူထု မူလတန်းကျောင်းအုပ် လုပ်ခဲ့ဖူးသည်။ (တောင်ပိုင်းရှမ်းပြည်ခြင်းတူပေမဲ့ ပင်လောင်းနယ်မြေမှာတော့ သည်လောက် မဆိုးပါဘူး၊ ပအိုဝ်လူမျိုးများနေထိုင်သည်။ ဝင်းအောင်၏ ကြိုးစားမှုကြောင့် ပြည်နယ်ဖွံ့ဖြိုးတောက်ပံ့ငွေအစိုးရကျောင်းတွေဖြစ်အောင်လုပ်ခဲ့သည်။ ဖွံ့ဖြိုးရေးတံတားတွေဆောက်ပေးခဲ့သည်။)

၎င်းတောင်တန်းဒေသတွင် လေ့ကားထစ်လယ်စိုက်ခင်းမှလွဲ၍ အာလူးစိုက်ခင်း၊ တောင်ယာစိုက်ခင်းများ တစ်နှစ်ခြား စိုက်ပျိုးကြသည်။ ယခုနှစ် စိုက်ပျိုးသော အာလူးနှင့် တောင်ယာစိုက်ခင်းများသည် နောင်နှစ်မှာစိုက်လို့ မအောင်မြင် မဖြစ်ထွန်းကြ၊ မြေဩဇာကုန်ခန်းသွားသောကြောင့်ဖြစ်သည်။ ရှမ်းရိုးမမြေသားများသည် မြေလွှာအောက် ကျောက်တောင်ကျောက်သားများဖြစ်ကြသည်။ တချို့နေရာများတွင် ကျောက်သားအပေါ်၌ မြေထု (၄-၅)ပေရှိကြသလို တချို့နေရာများတွင်မြေသား(၂)ပေဝန်းကျင်လောက်ရှိကြသည်။

မြေကွက်ကနည်းပြီးရွာရှိလူဦးရေကများသောကြောင့် လယ်/တောင်ယာစိုက်ခင်းများအတွက် အလုပ်သမားများကို မိမိရွာရှိ လူများဖြင့်သာ ငှားရမ်းလုပ်ကိုင်ကြသည်။

"အစ်ကို . . . နန်းခမ်းအကြောင်း ပြောပြီးပြီလေ . . . အစ်ကို့အကြောင်း ပြောပြလေ"

"အေး . . . ပြောမှာပေါ့ ချာတိတ်မရယ် . . . အစ်ကို အတွေးလွန်သွားလို့ပါ"

"ဘာတွေတွေးနေတာလဲ . . . အစ်ကို။ မိန်းမနဲ့ ကလေးတွေကို သတိရနေတာလား"

"မဟုတ်ပါဘူး ချာတိတ်မရယ်။ အစ်ကိုက နန်းခမ်းလို တောင်ပေါ်သားတွေခေါ်တဲ့ မြန်မာပြည်အောက်ပိုင်းကပါ။ မြန်မာလူမျိုး ... လွန်ခဲ့တဲ့ သုံးနှစ်ကျော်လောက်က ပင်လောင်းမြို့နယ်မှာ ကျောင်းဆရာ လုပ်ဖူးတယ်၊ အသက်ကတော့ (၂၉)နှစ်ပေါ့"

"အသက်(၂၉)နှစ်ဆိုတာတော့ မဖြစ်နိုင်ဘူးထင်တယ်။ နန်းခမ်းက ထင်ထားတာ အစ်ကို့အသက် (၂၀)လောက်ပဲ မှန်းထားတာ၊ ပြီးတော့ အစ်ကိုက အသားဖြူတယ်၊ ရုပ်ကလည်း လှတယ်၊ ကြင်နာတတ်တဲ့ နှလုံး

သားလည်းရှိတယ်နော်”

“တော်ပါတော့ ချာတိတ်မရယ်။ အစ်ကို ဘဝင်မြင့်ပြီး ကောင်းကင်ကို မြောက်သွားပါလိမ့်မယ်”

နန်းခမ်း တစ်ယောက်ကတော့ ပါးစပ်ကိုလက်ဖဝါးလေးဖြင့်ပိတ်၍တိုး တိတ်ညင်သာစွာ ရယ်မောလိုက်သည်။

“အစ်ကို ... ရထားဥသြဆွဲနေပြီ။ သာစည်ဘူတာ ဝင်တော့မယ် ထင်တယ်။ အစ်ကို့ကို နန်း ခွဲသွားရဦးမယ်၊ ထာဝရ သတိရနေမှာပါ၊ အစ်ကိုကော ...နန်းကို သတိရနေမှာလားဟင်”

“ရိုးသားဖြူစင်ပြီး ကလေးဆန်လွန်းတဲ့ ချာတိတ်မကို အဖြူရောင်သက်သက် နှလုံးသားနဲ့ သတိရနေမှာပါ”

(၄)

“စခန်းမှူးနဲ့ တွေ့ချင်လို့ပါ”

“ထိုင်ပါ ... ကျွန်တော်က စခန်းမှူးပါ ...ဘာများ ကူညီရမှာလဲ၊ ပွင့်ပွင့်လင်းလင်း ပြောလို့ ရပါတယ်”

“ကျွန်တော်က . . . မြန်မာပြည်အောက်ပိုင်းကပါ၊ လွန်ခဲ့တဲ့သုံးနှစ်လောက်ရှမ်း/တောင်ပင်လောင်းမြို့မှာ မူလတန်းကျောင်းအုပ်အဖြစ် သုံးနှစ်အမှုထမ်းခဲ့ပါတယ်”

“ကျွန်တော်လည်း မြစ်ဝကျွန်းပေါ်သားပါ၊ ပွင့်ပွင့်လင်းလင်းပြောပါ . . . ကူညီရမယ့်ကိစ္စကို”

စခန်းမှူးသာဆိုတယ် အသက်ကတော့(၃၀)ဝန်းကျင်လောက်ပဲရှိသည်။ ကျောသားရင်သား မခွဲခြားဘဲ ဖော်ရွေသော ဝန်ထမ်းကောင်းတစ်ယောက်ကို တွေ့ရသည်မို့ ဝင်းအောင် ဝမ်းသာကြည်နူးမိသည်။ ခေတ်ရေစီး၏ပြောင်းလဲမှုကြောင့်ဟု ဝင်းအောင် မှတ်ချက်ချမိသည်။

“စခန်းမှူးတို့ ဘူတာတွင်းမှာ လူကုန်ကူးသည့် လူတစ်စုလို့ထင်ရတဲ့ အဖွဲ့တစ်ဖွဲ့ကို တွေ့ထားပါတယ်။ ဖမ်းယူစစ်ဆေးမှုလုပ်ပေးနိုင်မလားဆိုတာ မေးကြည့်မလို့ပါ”

“သက်သေခိုင်လုံမှု ရှိရဲ့လား ကျောင်းဆရာ . . . တစ်ယောက်နဲ့ တစ်ယောက် အဆင်မချောလို့ ချောက်တွန်းတာတော့ မဟုတ်ပါဘူးနော်”

“ကျွန်တော်တွေ့ပေးမယ့် ပုဂ္ဂိုလ်တွေဟာ လုံးဝမသိခဲ့ပါဘူး။ ရန်သူဖြစ်မယ်ဆိုတာလည်း ပိုဝေးသွားပါပြီ။ ကျွန်တော်က ခရီးသွားဧည့်သည်ပါ။ တာဝန်သိ ပြည်သူတစ်ယောက်အနေနဲ့ သတင်းပေးတာပါ။ ကိုယ်ကျိုးကိုလိုလို့ လုပ်တာလည်းမဟုတ်ပါဘူး၊ အဖြူရောင်သက်သက်နဲ့ စေတနာကြွယ်ဝသူလေးတွေ ဒုက္ခရောက်ကြမှာစိုးလို့ပါ”

ဝင်းအောင်သည် စိတ်ထားအမှန်ဖြင့် သတင်းပေးသည်ကို အဓိပ္ပာယ်တစ်မျိုးလွဲအောင် လုပ်လိုက်သည့်အတွက် ဒေါသဖြစ်မိသည်။ မိမိ၏ဂုဏ်သိက္ခာ မထေမဲ့မြင် လုပ်လိုက်သည့်အတွက် စိတ်တော့မကောင်းနိုင်ပါ။ သို့သော် စိတ်ပြေရာပြေကြောင်း တွေးလိုက်သည်။ “သူက ရဲကိုး ...ရဲအတွေးရဲရဲ့ပရိယာယ်”ပါလို့ ဖြေသိမ့်မိသည်။

“လိုရင်းကိုပြောပါကျောင်းဆရာ”

“ကောင်းပြီလေ ...စခန်းမှူးကြီးအနေနဲ့ နံပါတ်(၂) ပလက်ဖောင်းကြက်သွန်ဖြူအိတ်တွေ ထပ်ထားတဲ့နေရာကို ကြည့်လိုက်၊ ဝိုင်းဖွဲ့ပြီး ထိုင်နေတဲ့ အမျိုးသမီးဝိုင်း (၃)ဝိုင်း တွေ့လိမ့်မယ်”

“ဟုတ်ကဲ့ ဆက်ပြောပါ ကျောင်းဆရာ”

“အဲဒီ...ကလေးတွေဟာကလောဘူတာရဲ့ (၂)မိုင်အကွာ ရွာလေးတွေမှာနေတဲ့ ရွှေပလောင်ကလေးတွေပါ။ ဘေးမှာရပ်နေတဲ့ ကျောပိုးအိတ်လွယ်ထားတဲ့ ယောကျ်ားလေးနှစ်ယောက်က အလုပ်ပေးမယ် ဆိုပြီး ခေါ်လာကြတာပါ။ ဘာအလုပ်လဲလို့မေးတော့ ဟိုတယ်မယ်တို့၊ ဧည့်ကြိုတို့ လုပ်ဖို့ခေါ်လာတာတဲ့၊ တောင်ပေါ်သူတွေ စိတ်ထားဖြူစင်ကြပေမဲ့ ကြမ်းတမ်းတဲ့ဘဝလမ်းကို ဖြတ်သန်းလာကြတဲ့သူတွေပါ။ ရုပ်တွေလည်း ကြမ်းပါတယ်၊ ဟိုတယ်မယ်၊ ဧည့်ကြိုတို့လုပ်ဖို့ မသင့်တော်တဲ့ရုပ်တွေပါ”

“ကျောင်းဆရာ ဘယ်လိုသိတာလဲ”

“သူတို့ အုပ်စုထဲမှာပါလာတဲ့ နန်းခမ်းဆိုတဲ့ ကောင်မလေးပြောတာပါ။ ကျွန်တော်နဲ့ ရထားအတူတူ စီးလာကြတဲ့အချိန်မှာပါ။ အလုပ်သမားခကို (၆)လစာ ကြိုတင်ပေးပြီး ခေါ်လာကြတယ်လို့ပြောပါတယ်။ အမှန်အကန်ပြည်တွင်းမှာ အလုပ်လုပ်မယ်ဆိုရင် ကြိုတင်ငွေ နှစ်လထက် ပိုမပေးပါဘူး”

“ခင်ဗျား ပြောသလိုမဟုတ်လို့ရှိရင် သူတို့က တရားပြန်စွဲလိမ့်မယ် ... ခင်ဗျား ဘယ်လိုလုပ်မလဲ”

"အများကောင်းကျိုးအတွက် လုပ်တာပဲ၊ မဟုတ်ခဲ့လို့ရှိရင် တရား ဥပဒေကပေးတဲ့အပြစ်ဒဏ်ကို ကျွန် တော် ပြုံးပြုံးလေးပဲ ခံလိုက်ပါ့မယ်"

စခန်းမှူးသည်ဝင်းအောင်အပြော အား အရမ်းသဘောကျသွားသည်။ လုပ်ရဲရင်ခံရဲတယ်ဆိုတဲ့ယောက်ျားမျိုး မို့သဘောကျမိသည်။

"ကောင်းပြီလေ . . . ကျွန်တော့် တပည့်တွေကို သွားဖမ်းခိုင်းလိုက်ပါ့ မယ်"

"ဒါတော့ မဖြစ်ဘူးထင်တယ်၊ ဒုစရိုက်အလုပ်တွေ လုပ်နေကြတဲ့သူ တွေဟာရဲလာတာမြင်တာနဲ့ထွက်ပြေး ကြလိမ့်မယ်၊ ဘူတာကကျယ်တော့ အပြေးသန်ရင်လွတ်နိုင်တယ်။ သူတို့ နှစ်ယောက် လွတ်သွားလို့မဖြစ်ဘူး။ အဓိကတရားခံတွေလေ၊ မီးရထား ဘူတာအလုပ်သမားတွေကို အကူ အညီတောင်းပြီး ဖမ်းခိုင်းလိုက်ပါ"

"ခင်ဗျားပြောသလို . . . လုပ်ပြီး စစ်ဆေးပေးပါ့မယ်"

"ကျွန်တော် ထမင်းသွားစားလိုက် ဦးမယ်...ဘာမှမစားရသေးဘူး၊ပလက် ဖောင်းထိပ်က လက်ဖက်ရည်ဆိုင်မှာ ပါ။ ထွက်တော့မပြေးပါဘူး"

"ဟား ...ဟား ...ယုံပါတယ်ဗျာ ယုံပါတယ်"

(၅)

"လာ ကျောင်းဆရာ ...ထိုင်ပါ"

တရားခံနှစ်ဦးနဲ့ ရွှေပလောင် မလေးတွေသည် မီးရထားရဲ့ စခန်း အတွင်းဝယ် ထိုင်နေကြသည်။

"ဥက္ကဋ္ဌကြီး တာဝန်သိစွာနဲ့ သတင်းလာပေးတဲ့ ကျောင်းဆရာဆို တာ သူပါပဲ"

"ကျွန်တော် လေးစားပါတယ် ကျောင်းဆရာ၊ သည်လိုတာဝန်သိ ပြည်သူမျိုးတွေ များများရှိလေ၊ ဒုစရိုက် မှုတွေ ပပျောက်လေပေါ့ဗျာ၊ ယခုလော လောဆယ် ကျောင်းဆရာကို ဘာလုပ် ပေးရမလဲ . . . သည်အမှုကို စစ်ဆေး ပြီးရင် ဂုဏ်ပြုပွဲလေး ကျွန်တော်တို့ မြို့နယ်က လုပ်ပေးမှာပါ"

"ကျွန်တော့်အတွက် ဘာမှလုပ် မပေးပါနဲ့ ...သည်ရွှေပလောင်မလေး (၁၅) ယောက်ရဲ့ ဘဝပန်းလေးတွေ မညှိုးနွမ်းဘဲ လန်းဆန်းစိုပြည်နေတာ ပါပဲ ဝမ်းသာကြည်နူးမိပါတယ်။ တစ်ခု လောက် တောင်းဆိုချင်တာကတော့ မနက်ဖြန် ဒီမိန်းကလေးတွေကို သူတို့ ဌာနေကိုရောက်အောင် ပို့ပေးပါ။ သူ တို့မှာ ပိုက်ဆံတစ်ပြားမှ မပါကြပါဘူး။ ကျွန်တော့မှာလည်း သူတို့အားလုံးကို ပေးလိုက်နိုင်တဲ့ငွေ မရှိဘူးဖြစ်နေ တယ်"

"စိတ်ချပါ ကျောင်းဆရာ၊ ကျွန် တော်တို့မြို့နယ်က အရောက်ပို့ပေးပါ မယ် . . . ပံ့ပိုးကူညီငွေကိုလည်း ပေး လိုက်ပါ့မယ် ...မနက်ပိုင်း တရားရုံးမှာ စီရင်ချက်ချပြီးတာနဲ့ နေ့လယ်လောက် မှာ ပြန်ပို့ပါမယ် . . . ကျောင်းဆရာက တော့ ကျွန်တော်တို့ ဂုဏ်ပြုပွဲပြီးမှပြန် ပါ"

ဂုဏ်ပြုမှတ်တမ်းတွေ၊ ဂုဏ်ပြုငွေ တွေကို မပေးပါနဲ့၊ ဘာဖြစ်လို့လဲဆို တော့ ဂုဏ်ပြုပွဲလုပ်တဲ့နေ့မှာ သတင်း ဆောင်းပါးတို့ ...သတင်းဓာတ်ပုံတွေနဲ့ ဖော်ပြခံရလိမ့်မယ်၊ သည်ဂုဏ်ပြုပွဲက သေမင်းကို လက်ကမ်းလိုက်သလို ဖြစ် သွားလိမ့်မယ် . . . တာဝန်သိပြည်သူ တစ်ဦးလောက်ဆို ကျွန်တော်ကျေနပ် ပါတယ်။ ဒီပန်းခြွေတဲ့မုဆိုးတွေက တစ်ဖွဲ့ထဲတော့ မဟုတ်နိုင်ဘူး၊ သူတို့ တွေက ပန်းခြွေရုံတင်မဟုတ်ဘူး၊ ကျွန် တော့်အသက်ကိုပါ ခြွေသွားပါလိမ့် မယ်။

"ကျောင်းဆရာ . . . သူတို့အဖွဲ့ကို ဘယ်လိုပြောလိုက်တယ်"

စခန်းမှူးကငြိမ်ပြီး နားထောင်နေ ရာဝင်းအောင်၏တင်စားပြောဆိုလိုက် သည့်နာမည်လေးကို သဘောကျပြီး မေးလိုက်သည်။

"ဟုတ်ပါတယ်၊ မြန်မာတိုင်းရင်း သားမိန်းကလေးတွေရဲ့ အမြတ်နိုးဆုံး တန်ဖိုးအထားဆုံး ပန်းလေးတွေ ကြွေ ကျမြေခအောင် ခြွေဖျက်ကြတဲ့ပန်းခြွေ မုဆိုးတစ်နည်းအားဖြင့်တော့ပန်းမုဆိုး တွေပါ။

(တစ်သက်မှာတစ်ခါ တစ်ခါမှာ တစ်ညှာ၊ တစ်ညှာမှာတစ်ငုံ၊ တစ်ငုံမှာ တစ်ဖူး၊တစ်ဖူးမှာတစ်ပွင့်သာပွင့်တတ် တဲ့ ပန်းဦးလေးများ ပန်းမုဆိုးဘေးမှ ကင်းလွတ်နိုင်ကြပါစေလို့ ဆုတောင်း ရင်း...)

**ဟင်္သာတ–မိုးကျော်**



ကြိုးတကာ့ကြိုးမှာ မမြင်ရပေမဲ့ ဒီသံယောဇဉ်ကြိုးက ခိုင်မာလွန်းလှတယ်။ဖြတ်တောက်ရခက်လှတယ်ဆိုတာ ကျုပ်တစ်ယောက် အခုလို နဖူးတွေ့ဒူးတွေ့ တွေ့မှပဲ သေချာဂန သိရတော့တယ်။ ခက်လိုက်ပါဘိတော့ မောင်မိုးရယ်၊ မင်းရဲ့သနားစရာမျက်နှာလေးကိုကြည့်ပြီး အဖေကြီး ရင်ထဲမှာ မချိတာရှိပါပဲ။ လွတ်ထွက်သွားမှာစိုးလို့ တင်းတင်းကျပ်ကျပ်ဖက်တွယ်ထားတဲ့ မင်းရဲ့လက်တွေကို အတင်းဖြုတ်ချပြီး ထားခဲ့ရမယ့်အရေးက ဝန်လေးစရာဖြစ်နေလေရဲ့။ တကယ်ဆိုရင် အိမ်အပြန်လမ်းမှာ မင်းကိုချီပိုးလို့ ပျော်ပျော်ရွှင်ရွှင်ကြီးဖြစ်နေရမှာ၊ ခုများမှာတော့ ဒီလိုမဟုတ်ဘဲ ခံစားချက်နှစ်မျိုးက တစ်မျိုးစီ အစွမ်းပြ ဝေခွဲရခက်လှတယ်။ တို့သားအဖကြားက ချစ်ခြင်းမေတ္တာတရားနဲ့ နှလုံးသားကို ဦးစားပေးမယ်ဆိုရင်တော့ မင်းနဲ့အတူ အိမ်အပြန်လမ်းကို ရွေးရမှာလေ။ ဖြစ်သင့်တာလုပ်သင့်တာဆိုတဲ့ ဦးနှောက်ကို ဦးစားပေး ရွေးချယ်ရမယ်ဆိုတော့ မင်းကိုထားခဲ့ပြီးအဖေကြီးပြန်သွားရမှာပဲ။

# ခင်ရှင်ဇော

## သံယောဇဉ်အမျှင်တန်းပေမဲ့



အခုတော့ဖြင့် ဦးနောက်က အတွေးကို ဖေကြီးအသည်းနှလုံးက လက်မခံငြင်းဆန်နေမိတယ်။ တို့နှစ်ဦးကြားက သံယောဇဉ်ကြိုးက တင်းကျပ်ချည်နှောင်ရုန်းမထွက်နိုင်အောင် ရှိနေတာကိုး။ ဖြစ်ချင်ရာဖြစ် တို့သားအဖဘယ်တော့မှမခွဲကြကြေးဆိုပြီး ဖွတ်လုပ်ချင်စိတ်သာ ဝင်လာလေရဲ့။ ဒါပေမဲ့ ထောက်ထားစရာ၊ ငဲ့ကွက်စရာဆိုတဲ့ အကြောင်းတရားတွေက လျစ်လျူရှုလို့မရတာမို့ အဖေကြီးရင်ထဲမှာ မင်းကို မခွဲချင်ပေမဲ့ ခွဲရ၊ ထားခဲ့ရဦးမှာပါ။ "မောင်မိုး"ရယ် မင်းအဖေကြီးကို ဘယ်လောက်ချစ်တယ်ဆိုတာ အဖေကြီးသိသလို၊ အဖေကြီး မင်းကို ဘယ်လောက် ချစ်တယ်ဆိုတာလည်း မင်းအသိဆုံးပါပဲ။ တို့နှစ်ဦးကြားက မေတ္တာတရားကို မင်းနဲ့ငါသာ အသိဆုံးဖြစ်မယ်ထင်ရဲ့။ မင်းကိုပွေ့ချီထားတဲ့ အဖေကြီးကို ဝိုင်းကြည့်နေကြတဲ့သူတွေကလည်း ဘယ်လိုဆုံးဖြတ်လို့ ဘယ်လိုအဆုံးသတ်မယ်ဆိုတာ စိတ်ဝင်တစားကြည့်နေကြတယ်လေ။ သူတို့အားလုံးရဲ့မျက်လုံးအစုံတွေက အဖေကြီးရဲ့ဆုံးဖြတ်ချက်ကို မျှော်လင့်ခြင်းကြီးစွာနဲ့ စောင့်ကြည့်နေကြတယ်။

အခြေအနေအရပ်ရပ်ကို သုံးသပ်လို့၊ အဖေကြီး မင်းကိုထားခဲ့ဖို့ ဆုံးဖြတ်လိုက်ပါပြီ။ မကြင်နာလို့ မဟုတ်ပေမဲ့ မခင်သာတော့လည်း ရင်နာနာနဲ့ မင်းကို ခွဲခဲ့ရမှာပေါ့။ ဒါပေမဲ့ မင်းအတွက် နောက်ဆုံးအနေနဲ့ အဖေကြီး လုပ်နိုင်သမျှတော့ လုပ်ပေးခဲ့မယ်လို့ တွေးဆပြီး ...

"ကဲ . . . ဇာတ်ဆရာ စောစောက ခင်ဗျား တောင်းသလောက်ငွေနဲ့ ပြန်အမ်းပြီး မောင်မိုးကို ပြန်ခေါ်မယ်ဆိုတဲ့ ကျုပ်ရဲ့အစီအစဉ်ကို ပြောင်းလိုက်ပါပြီ။ ဒီအတွက် အလျော်အစားတစ်ခုအနေနဲ့ ကတိတစ်ခုတော့ပေးပါ။ ယောကျ်ားပီပီ အဲဒီကတိကိုလည်းတည်ပါစေ ...။ တခြားတော့မဟုတ်ပါဘူး၊ ကျုပ်သား မောင်မိုးကို ဘယ်တော့မှ ရိုက်လား၊ နှက်လား မလုပ်ပါနဲ့ . . . ဒီကောင်က အကျိုးအကြောင်းကို ချော့မော့ပြောရင် နားလည်ပါတယ် ... လို့ ကျုပ် ပြောလိုက်တယ်"

ချက်ချင်းဆိုသလို ဇာတ်ဆရာကလည်း -

"ဟုတ်ကဲ့ပါ...ခင်ဗျားတောင်းတဲ့ကတိကို ကျွန်တော်ပေးပါတယ်။ သူ့ကို ရိုက်ချင်လို့တော့ မဟုတ်ပါဘူး။ သူက နိုင်းသလို မလုပ်တဲ့အခါကျတော့ အကုန်လုံး အလွဲလွဲအချော်ချော်နဲ့ ပွဲပျက်သွားတာ ခင်ဗျားအသိပါပဲ။ ပွဲတစ်ညပျက်သွားရင် ကျွန်တော့်အဖွဲ့သားတွေရဲ့ စားသောက်စရိတ်က ခက်ပါတယ်။ ပွဲမပျက်အောင် ရုတ်တရက် ချက်ချင်း အစားထိုးဖို့ရာကလည်း မလွယ်တာ နောင်ကြီးလည်း နားလည်မှာပါ။ လူဆိုရင်တော့ ထိုက်သင့်တဲ့ညကြေးပေးလို့အစားထိုးလို့ရနိုင်ကောင်းမယ်၊ တိရစ္ဆာန်ဆိုတော့ အသားကျအောင် သင်ထားတဲ့ကောင်မှ ဖြစ်မှာကိုး။ ဒါ့အပြင် သူက အဓိကဇာတ်ဆောင် ဖြစ်နေတယ်ဗျာ၊ တကယ်လို့များ ခင်ဗျားသာ သူ့ကိုမရမက ပြန်ခေါ်သွားမယ်ဆိုရင် ကျွန်တော်တို့အဖွဲ့ ထမင်းအိုးကွဲမှာ . . .။ အခုလို ခင်ဗျား ဆုံးဖြတ်လိုက်တာ ကျွန်တော် အပါအဝင် တစ်ဖွဲ့လုံးကို ကူညီတယ်လို့ပဲ သဘောထားပါတယ် . . . တကယ့်ကို ကျေးဇူးတင်ပါတယ်ဗျာ ... ဆိုလေရဲ့"

ကျုပ်ကတော့ ရင်နာနာနဲ့ပဲ . . . ကဲ သား "မောင်မိုး" ရေ လက်လှမ်းခေါ်ယူနေတဲ့ မင်းရဲ့သခင်သစ်ဆီမှာသာ နေခဲ့ပါတော့ကွာ . . . ဆိုတဲ့စကားကို ဆိုရင်းဖက်တွယ်ထားတဲ့လက်တွေကို ဖြုတ်ချပြီး လှည့်ထွက်လာခဲ့လိုက်ပါတယ်။ သခင်သစ်ဆီမှာ ရုန်းရင်းကန်ရင်း ကွိကွိကွကွမြည်နေတဲ့ မောင်မိုးရဲ့ အသံတွေဟာ ကျောခိုင်းသွားတဲ့ ကျုပ်ရင်ထဲမှာတော့ ဝေဒနာတစ်ခုလိုပါပဲ၊ တွေ့ဆုံခြင်းနိဒါန်းဟာ ခွဲခွာခြင်းနိဂုံးနဲ့ အဆုံးသတ်ရပြီလို့ စိတ်မှာတွေးရင်း မောင်မိုးနဲ့ကျုပ် ပါဝင်ပတ်သက် ဆက်စပ်ခဲ့တဲ့အချိန်ကာလတွေကိုပြန်လည်အောက်မေ့မိလိုက်ရဲ့။

- - - - -

မင်းနဲ့စတင်တွေ့ဆုံခဲ့တာ ဝဿန်ကာလ မိုးရာသီထဲမှာပေါ့။ မိုးဖွဲဖွဲအောက်မှာ နေရောင်ကလင်းလက်လို့ သစ်ပင်ကြီးငယ်တို့ရဲ့ သစ်ရွက်စိမ်းကလေးတွေဟာ ရာသီတိုင်းထက် တောက်ပစိမ်းမြမြ ရှိနေလေရဲ့။ စိမ်းစို

လန်းဆန်းတဲ့ သဘာဝပတ်ဝန်းကျင် အနေအထားက လူသူတစ်ဖက်သားရဲ့ စိတ်ဘဝင်ကို ချမ်းမြေ့ ကြည်လင်စေတာအမှန်ပါ။ ဒီအချိန်မှာ မင်းနဲ့ ဆုံဆည်းခဲ့တာမို့လို့ အမှတ်တရအနေနဲ့ မင်းကို "မောင်မိုး" လို့ နာမည်ပေးခဲ့တာပေါ့။ မှတ်မှတ်ရရ အဲဒီနေ့က မိတ်ဆွေနှစ်ယောက်နဲ့အတူ စကားပြောရင်း လမ်းလျှောက်လာခိုက်၊ မမျှော်လင့်ဘဲ ရုတ်တရက် ပြေးခုန်တက်လာတဲ့ မျောက်ကလေးတစ်ကောင်ကို တွေ့ရပါပကော။ သုံးယောက် လမ်းလျှောက်လာတဲ့အထဲက ကျုပ်ဆီကိုမှ ဆိုက်ဆိုက်မြိုက်မြိုက် ပြေးတက်လာတာမို့ အံ့အားသင့်သွားမိတယ်။ တစ်ပြိုင်တည်းမှာပဲ တုတ်ကိုင်ထားတဲ့ လူနှစ်ယောက်က မျောက်ကလေးဆီ ပြေးလိုက်လာတာကိုး။ မျောက်ကလေးကတော့ ကြောက်အားလန့်အားနဲ့ ကျုပ်ကို ဖက်တွယ်ထားရင်း အားကိုးတကြီး မော့ကြည့်နေတဲ့ မျက်နှာကလေးက တကယ့်သနားစရာပါ။ ဒါနဲ့ ကျုပ်လည်း ဘာဖြစ်လို့ အခုလို လိုက်ရိုက်ကြတာလဲဆိုတဲ့ အကြောင်းမေးကြည့်တဲ့အခါမှာတော့ -

မနေ့ကတစ်ကောင် ရိုက်ချက်စားပြီးပြီ၊ ဒီကနေ့ သူ့အလှည့်မို့တဲ့ ...ရှေးရေစက်ကြောင့်ထင်ပါရဲ့ မြင်မြင်ချင်း သနားချစ်ခင်စိတ်ဖြစ်မိတာမို့ ...ကျုပ်ပြောလိုက်တယ် ... သူငယ်ချင်းတို့ မနေ့ကပဲ မျောက်သားစားပြီးသားဆိုတော့ ဒီကနေ့အပြောင်းအလဲလေးဖြစ်သွားအောင် တခြားအသားတစ်မျိုးမျိုး ပြောင်းစားကြပါ။ ဒီအတွက် ကျွန်တော် အကုန်အကျခံပါ့မယ် ...ဆိုပြီး သူတို့ ကျေနပ်စေလောက်သော ငွေကြေး ပေးလို့ ကိစ္စပြတ်လိုက်တယ်။ မျောက်ကလေးကိုတော့ ကျုပ်ခေါ်ထားလိုက်တယ်။ ဒီကစလို့ ကျုပ်နဲ့မောင်မိုးက ခွဲခွာမရတဲ့ လူတစ်ယောက်နဲ့ မျောက်တစ်ကောင်ပေါ့ဗျာ။ သွားလေရာမှာ သူ့ပါတတ်လွန်းလို့ ကျုပ်ရဲ့နာမည်ရင်း ရှေ့မှာတောင် နာမဝိသေသနအဖြစ် "မျောက်" ဆိုတဲ့ စကားလုံးတစ်ခု အပိုဆုအဖြစ် ထည့်ခေါ်ခဲ့ကြတယ်လေ။

ကုန်ကုန်ပြောမယ်ဗျာ။ ညအိပ်ရင်လည်း မောင်မိုးက ကျုပ်နဲ့အတူ ခြင်ထောင်ထဲဝင်ပြီး အသားချင်းထိနေမှ အိပ်ပျော်တတ်တာပါ။ ကျုပ်ရဲ့ပုဆိုးဟောင်းတစ်ထည်ကို ခေါင်းမှာခြုံ ကွေးကွေးလေးအိပ်တတ်တဲ့ မျောက်ကလေးက ကျုပ်ရဲ့အသည်းနှလုံးလေး ပေါ့။ ဒါကြောင့် အပေါင်းအသင်းတွေရဲ့ နှုတ်ဖျားမှာလည်း "မင်းတို့သားအဖ" ...ဆိုတဲ့ အသုံးအနှုန်းက အသားကျ နှုတ်ကျိုးနေပါပြီ။ ကျုပ်တို့ကကုန်သွယ်ရေး(၁)ရဲ့ စပါးအဝယ်ဒိုင်အဖြစ် ဖွင့်လှစ်ရာမှာ တာဝန်ကျတဲ့အမှုထမ်းတွေ ဆိုတော့ ယောက်ျားအများစု၊ စုဝေးနေ တာမို့ အသောက်အစားမကင်းသူတွေ လည်း ရှိတတ်တယ်။ တစ်ခါတစ်ရံ ရုံးချုပ်ကို အလုပ်ကိစ္စနဲ့ သွားရတဲ့အခါ မျိုးမှာ မောင်မိုးကို အပေါင်းအသင်း တွေဆီမှာ ကျုပ် အပ်ထားခဲ့ရတယ်။

မောင်မိုးကလည်း ကျုပ်များ သူ့အနား ရှိလို့က ဘယ်သူ့မှ ဂရုမစိုက်ဘူး၊ လူမထင်ဘူး၊ ကျုပ်မှကျုပ်ပဲ။ ကျုပ်မရှိရင်တော့ တခြားသူတွေနဲ့ ကျိုးကျိုးနွံ့နွံ့နေပါတယ်။ ဒါကိုသိနေတဲ့ ကိုထွန်းရီက နည်းနည်းကလေး မူးလာပြီဆိုမှဖြင့် ..."ဟေ့ကောင် မောင်မိုး အခု မင်း ပထွေး မရှိဘူး။ သွား ...ဟိုနားက သောက်လက်စပုလင်းယူခဲ့စမ်း၊ အချိုမပြေရင် သေဖို့သာပြင်" လို့များ ငေါက်ငမ်းလိုက်ပြီဆိုမှဖြင့် မောင်မိုးဟာ သုတ်ခနဲထလို့ပုလင်းကိုလက်နှစ်ဖက်နဲ့ကိုင်ပြီး ယိုင်တိုင်တိုင်ခြေလှမ်းများနဲ့ မျက်လုံးလေး ပေကလပ် ပေကလပ် လုပ်ရင်း ယူလာပေးတာကိုကြည့်လို့ တအုန်းအုန်း တသဲသဲ ပွဲကျလို့မဆုံးဘူး။

"အဲ" ...ကျုပ်ပြန်ရောက်လာလို့တော့ အနားကို မရောက်သေးနဲ့ဦး။ အရိပ်အယောင်မြင်တာနဲ့တင် ဘယ်သူခိုင်းတာမှ ဘယ်သူ့စကားမှ အရေးမစိုက်တော့ဘူးသာမှတ်။ ဒါပေမဲ့လည်း "ထွန်းရီ" ကို မှာထားရတယ်။ "ငါမရှိတုန်း ငါ့သားလေးကို မနှိပ်စက်ပါနဲ့ကွာ" လို့။ ပြောရရင်တော့ ကျုပ်နဲ့မောင်မိုးက တကယ့်သားအဖအတိုင်းပါပဲ။ ကျုပ်တာဝန်ကျရာ ကျေးလက်အဝယ်ဒိုင်တွေ တစ်ခုပြီးတစ်ခုကို မောင်မိုးနဲ့အတူ ရွှေ့ပြောင်းခဲ့ပြီး ယင်းမာပင်ရွာ ရောက်တဲ့အခါ ကျုပ်ဘဝအတွက် ကြီးကြီးမားမား အပြောင်းအလဲတစ်ခုနဲ့ ကြုံဆုံရတယ်။ တခြားတော့မဟုတ်ပါ

**မိဘနဲ့သားသမီးဆိုတဲ့ကြားက
ချစ်ခြင်းမေတ္တာနဲ့
စိတ်ခံစားချက်တွေကို မင်း
နားမလည်နိုင်ပါဘူး။
တစ်ခုတော့ ဆုတောင်းလိုက်ချင်တယ်၊
နောက်နောင်သံသရာရဲ့
ဘဝတစ်ခုကျရင်
လူသားသားအဖအဖြစ် မင်းနဲ့ငါ
ဆုံဆည်းခွင့်ရပါစေလို့လေ။
အဲဒီအခါကျရင်
ဖေကြီးရဲ့ဆုံးဖြတ်ချက်တွေဟာ
မမှားဘူးဆိုတာ ဝေဖန်ပိုင်းခြား
ခံစားနားလည်သွားနိုင်လာလိမ့်မယ်။**

ဘူးလေ "ချောမေ"နဲ့ ကျုပ် ရေးရေစက်ကံအကြောင်း ဖန်လာတယ်လို့ပဲဆိုရမှာပေါ့။ တွေ့ပါမြင်ပါများလို့သံယောဇဉ်ကြိုးများ ချည်နှောင်၊ တစ်အိုးတစ်အိမ်ထူထောင်ဖို့အထိ ဖြစ်လာလေရဲ့။ ကျုပ်ကိုချစ်တဲ့စိတ်ကြောင့် ချောမေက မောင်မိုးကိုကြိုးစားလက်ခံပေမဲ့လည်း မောင်မိုးကတော့ ချောမေကို မလိုလားနိုင်ပါဘူး။ သမီးရည်းစားဘဝမှာ ကျုပ်နဲ့ ချောမေ ပူးပူးကပ်ကပ်နေတာတောင် သူက မရှုစိမ့်နိုင်အောင်ပေါ့။

ကြုံကြိုက်တုန်း ပြောရဦးမယ်။ မင်္ဂလာဦးညမှာ ဒီကောင်နောင့်ယှက်မှာစိုးလို့ အပေါင်းအသင်းတစ်ယောက်အိမ်မှာ သံကြိုးနဲ့ချည်ပြီး အပ်ထားခဲ့တယ်။ တစ်ခါတည်း ညဥ့်လည်းနက်လာရော ဘသားချောက ကျုပ်တို့ခြင်ထောင်ထဲ ကျွမ်းပစ်ပြီး ဝင်လာပါလေရော။ သံကြိုးကို ဘယ်နည်းဘယ်ပုံနဲ့ ဖြုတ်ပြီးပြန်ပြေးလာတယ် မသိပါဘူး။ ရုတ်ရုတ်သဲသဲဖြစ်လို့မို့ ချောမေလည်း အတော်လေး လန့်သွားတော့တယ်။ မှတ်မှတ်ရရမင်္ဂလာဦးညမှာမောင်မိုးနဲ့ ချောမေကြားမှာ ကျုပ် ဗျာများသွားရတာပေါ့လေ။ ဒီကောင်က မျောက်ဆိုပေမဲ့ အသိကတော့ မနည်းလှဘူး။ ကျုပ်က ချောမေကို အရေးပေးရင် သူမကြိုက်တော့ဘူး။ ကြည့်မရတော့ဘူး။ ဒါဆိုရင် ချောမေရဲ့ အသုံးအဆောင်လေးတွေကို ဖျက်ဆီးပစ်တတ်တယ်။ တစ်ခါတစ်လေ ချောမေရဲ့ ထဘီတွေကို လွှင့်ပစ်ပြီး အတွင်းခံဘော်လီတွေကိုအိမ်ရှေ့ကသစ်ပင်မှာချိတ်ထားတာမျိုးတွေ ချီးတတ်တယ်။ ချောမေလည်း ကျုပ်မျက်နှာကို ထောက်လို့ သည်းခံနိုင်သလောက် ခံရှာတယ်။ ချောမေ သိပ်နှစ်သက်တဲ့ ခေါင်းညှပ်ကလစ်ကလေးတစ်ခုကို အပိုင်းပိုင်းဖြစ်အောင် ချိုးဖဲ့ပစ်တဲ့အခါမှာတော့ စိတ်မထိန်းနိုင်ဘဲ သူ့ကို တစ်ချက်ရိုက်လိုက်မိတယ်။ ငနဲသားက စိတ်ဆိုးမာန်ဆိုးနဲ့ ချောမေလက်ကိုပြန်ကိုက်ပါလေရော။

ကျုပ်ဖြင့်ဗျာ...ချောမေကိုလည်း မနည်းပြန်ချော့ယူရတယ်။ ဒင်းကိုလည်း မရိုက်စဖူး ရိုက်လိုက်ရတယ်၊ ဒေါသအလျောက် ဆိုတာထက် ချောမေ ကျေနပ်သွားစေချင်လို့ပါ။ အဲဒီမှာ မကျေနပ်နိုင်တာကတော့ ချောမေရဲ့ အမေ ကျုပ်ယောက္ခမကြီးပေါ့။ နဂိုကတည်းက သားမက်မှာ မျောက်ပါလာလို့ ကြည့်မရတဲ့အထဲ အခု သူ့သမီးကိုကိုက်တယ်ဆိုတော့ ဆွေ့ဆွေ့ခုန်နေလေရဲ့..."မျောက်ကိုက်ရင်နူတတ်တယ်ဟဲ့...ဘာမှတ်နေလဲ၊ ငါ့သမီးမွေးတုန်းက ချောချောလှလှ အနူမ ဖြစ်သွားရင် ဘယ်လိုလုပ်မလဲ"နဲ့ သောင်းကျန်းပါရော။ ကျုပ်ဗျာ...မနည်းကြီးကို ရှိခိုးဦးတင် တောင်းတောင်းပန်ပန်နဲ့ နောက်တစ်ခါ မဖြစ်စေရပါဘူးဆိုတဲ့ ကတိကိုအကြိမ်ကြိမ်အခါခါပေးလိုက်ရတယ်။ ပေးလိုက်တဲ့ကတိ မပျက်ယွင်းအောင် သတိအနေအထားနဲ့ စောင့်ကြည့်ရတဲ့အလုပ်က ကျုပ်အတွက် စိတ်ပင်ပန်းစရာပါ။ ကျုပ်ဘဝမှာ ချောမေကို မပစ်နိုင်သလို မောင်မိုးကိုလည်း မပစ်ချင်ဘူးလေ။ ဒီလိုနဲ့ ချောမေမှာ ကိုယ်ဝန်ရလာတော့ တဖြည်းဖြည်း လရင့်လာတဲ့အခါ ယောက္ခမကြီးက လာရောက်စောင့်ရှောက်လို့ နေ့စဉ်နှင့်အမျှ မောင်မိုးကို ဆက်ထားဖို့ မဖြစ်နိုင်ကြောင်း တဖွဖွပြောတော့တယ်။ မီးဖွားချိန်မှာမောင်မိုး ဖရုတ်သုက္ခလုပ်ရင် မီးနေသည် သွေးလန့်သွားနိုင်တယ်။ ဒါ့အပြင် ကလေး

မွေးလာတဲ့အခါ မတော်တဆ မောင်မိုး လက်ချက်မိသွားရင် ဘယ်လိုလုပ်မှာ လဲဆိုတဲ့ သမီးနဲ့မြေးအပေါ် သူ့ရဲ့မှုပန် စိတ်တွေက ကျုပ်အတွက် ဖိအားတွေ ပေါ့။

ဟုတ်ကဲ့ပါ . . . ဟုတ်ကဲ့ပါနဲ့ ယောကျ္ခမကြီးပြောသမျှ ကျုပ်တစ် ယောက် ပုတ်သင်ညိုရှုံးအောင် ခေါင်း ညိတ်ခဲ့ပေမဲ့ လက်တွေ့မှာတော့ မောင် မိုးကို တခြားမပို့နိုင်ခဲ့ပါဘူး။ ချောမေ တစ်ယောက် ဗိုက်ထဲက သရိုးသရီ နာစပြုလာတဲ့အချိန်မှာတော့ မလွှဲသာ မရှောင်သာတာမို့ အိမ်နဲ့ ခပ်ဝေးဝေး ရွာအစွန်အဖျားကအသိအိမ်မှာအကျိုး အကြောင်းပြောပြအပ်နှံပြီး အိမ်တိုင် မှာ ကျုပ်ကိုယ်တိုင်သံကြိုးနဲ့ ချည်ထား ခဲ့ပါတယ်။ မတော်တဆ လွတ်သွားရင် တောင် ခရီးကွာဝေးသမို့ မောင်မိုး အိမ် ပြန်ရောက်လာဖို့ မလွယ်အောင်ပါ။ ချောမေကလည်း မီးနေခန်းထဲမှာ အသည်းအသန် ဗိုက်နာနေလေတော့ ကျုပ်လည်း ထိုင်မရ၊ ထမရ ဘာလုပ် ရမှန်းမသိအောင် ဖြစ်နေတုန်း၊ ဖိုးသံချောင်းတစ်ယောက် စက်ဘီးနဲ့ အမြန်လာလို့ မောင်မိုးလွတ်သွားတဲ့ အကြောင်း သတင်းလာပို့လေရဲ့။ ကျုပ် လည်း မောင်မိုး အိမ်ပြန်ရောက်မလာ ခင် အမြန်ပြန်ဖမ်းနိုင်အောင် မိန်းမကို အသာထားပြီး ကပျာကယာ မောင်မိုး ကို အရှာထွက်ရတာပေါ့။

တွေ့လိုက်သူ နွားကျောင်းသား လေးပြောစကားအရ လူစိမ်းနှစ် ယောက် မျောက်ကလေးတစ်ကောင် ချီပြီး လှေပေါ်တက်လို့ ချောင်းရိုး အတိုင်း ဆန်တက်သွားကြတယ်ဆိုတဲ့ စကားကလွဲလို့ ဘာမှမသိရတော့ပါ ဘူး။ ကျုပ်လည်းချောမေကိုစိတ်မချလို့ အိမ်ကို အပြေးပြန်လာတဲ့အခါ ကျုပ် အတွက် ချောမေက ချစ်စရာကောင်း တဲ့ တစ်တုံးတစ်ခဲသားဦးလေးကို မွေး ပြီးခဲ့ပြီပေါ့။ အဲဒီနေ့ကတော့ ကျုပ်ရဲ့ သွေးသားရင်းချာ သားဦးလေးလူ့ပြည် ကို ရောက်လာတဲ့နေ့မှာပဲ သားတစ် ယောက်လိုချစ်တဲ့မောင်မိုး ပျောက် သွားတဲ့နေ့ ဖြစ်နေတယ်ဗျာ။ ကျုပ်ရှိရာ အိမ်ကို ပြန်ပြေးလာရင်းနဲ့ မျက်နှာစိမ်း နှစ်ယောက်က မောင်မိုးကို ဖမ်းသွား တာ နေမှာပါ။ ကျုပ်မှာလည်း အိမ်မှာ မီးနေသည်တစ်ဖက်နဲ့ဆိုတော့ ဇစ်ဇစ် မြစ်မြစ်စုံစမ်းလိုက်ရှာဖို့ အရေးလည်း အချိန်မပေးနိုင်ခဲ့ဘူးလေ။ဒီလိုနဲ့မောင် မိုးပျောက်သွားတာ တစ်နှစ်ကျော် နှစ် နှစ်ထဲတောင် ရောက်ခဲ့ပြီပေါ့။ ကျုပ် လည်း ချစ်စရာကောင်းတဲ့ သားလေး ရနေတာမို့ အကြောင်းတိုက်ဆိုင်မှသာ မောင်မိုးကို သတိရနိုင်တော့တယ်။

တစ်နေ့မှာ မြို့ရှုံးကို အလုပ်ကိစ္စ နဲ့လာရင်း ညခင်းဘက်ပွဲဈေးတန်းကို ကျုပ်လျှောက်ဖြစ်တဲ့အခါ ရုံသွင်းပြတဲ့ မျောက်ပွဲ တွေ့ရပါလေရော။ ကြော်ငြာ ပိုစတာထဲကမျောက်ကလေးကမောင် မိုးနဲ့ ဆင်သယောင်ယောင်မို့ သတိရမိ တာနဲ့ မျောက်ပွဲဝင်ကြည့်မိတယ်။ တဖြည်းဖြည်းတိုးသွားရင်း ဇာတ်စင် နား ရောက်သွားတဲ့အခါ မျောက် ကလေးတစ်ကောင်က မောင်မိုးနဲ့တူ လှတယ်ဆိုပြီး သူ့ကိုပဲ အာရုံစိုက်ကြည့် နေမိပါတယ်။ တစ်ချက်မှာတော့ မျောက်ကလေးကလည်း ကျုပ်ကိုတွေ ပြီးစိုက်ကြည့်နေလေရဲ့။ ဇာတ်ကြောင်း ပြောသူကလည်း နောက်ခံတီးလုံးနဲ့ အတူ ဇာတ်ကိုခင်းပြီး မျောက်ကလေး များက အလိုက်သင့် သရုပ်ဆောင်နေ ကြတယ်။ ထူးခြားတာကတော့ မောင် မိုးနဲ့တူတဲ့မျောက်ကလေးက ကျုပ်နဲ့ အကြည့်ချင်းမဆုံခင် အချိန်ထိ အလိုက်သင့် သရုပ်ဆောင်ခဲ့ပေမဲ့ နောက်ပိုင်းမှာ ဘယ်လိုခိုင်းခိုင်း မလုပ် တော့ဘဲ ကျုပ်ကိုသာ စိုက်ကြည့်နေ လေရဲ့။ နောက်ဆုံးမှာတော့ ပွဲခွင်ကို ရပ်ဆိုင်းလို့ ကန့်လန့်ကာ ချလိုက်ရပါ တယ်။ ကျုပ်လည်း မောင်မိုးများဖြစ်နေ မလားဆိုတဲ့အတွေးကြောင့် ဟုတ်. မဟုတ် အနီးကပ် သေချာကြည့်ချင် စိတ်နဲ့ ဇာတ်စင်နောက်ဘက်ကနေ လှည့်ပြီးဝင်သွားလိုက်ပါတယ်။


ဇာတ်စင်နောက်မှာဖြင့် ခိုင်းတာ ကိုမလုပ်တဲ့မျောက်ကလေးကိုလူငယ် လေးတစ်ယောက်က စိတ်ဆိုးစွာ ရိုက် နေတယ်ဗျာ။ ဒီမှာတင် လူကြီးတစ် ယောက်က ... "ဟေ့ကောင် တော်ရုံ ရိုက်၊ တိရစ္ဆာန်ကွ နေရာတကာ လူလို မသိနိုင်ဘူး ငါ့ကိုပေး" လို့ လူငယ်ကို ပြောပါတယ်။ အဲဒီလူငယ်နဲ့ လူကြီး လက်ပြောင်း လက်လွှဲကြားကနေ မျောက်ကလေးက လွတ်ထွက်လို့

ကျုပ်ဆီကို ပြေးတက်လာခဲ့တယ်။ ကျုပ်ကို ဖက်ထားရင်းက ကျုပ်ရဲ့ ညာဘက်နားရွက်နားမှာရှိတဲ့ အသားပိုသီးလေးကို သူ့လက်နဲ့ပွတ်သပ်နေလေရဲ့။ သေချာပါပြီဗျာ . . . အဲဒါ မောင်မိုးမှ မောင်မိုးအစစ်ပါ။ ကျုပ် သူ့ကိုပွေ့ချီလိုက်တိုင်း သူလုပ်နေကျအလေ့အထ တစ်ခုပေါ့။ ခင်ဗျား ဒီမျောက်ကို ဘယ်ကရတာလဲ ...။ အခု ပြန်ခေါ်သွားရင် ဘယ်လောက်ပေးရမလဲ" ဆိုတဲ့ မေးခွန်းတွေနဲ့အတူ "ခင်ဗျား တောင်းသလောက် ပေးပါ့မယ်" ဆိုပြီး စကားလုံးတွေ အဆက်မပြတ် ကျုပ်ပါးစပ်က ပြောနေမိတယ်။ ဇာတ်ဆရာကလည်း အဖွဲ့သားအားလုံးရဲ့ဝမ်းစာရေးနဲ့ သက်ဆိုင်တာမို့လို့ မဖြစ်နိုင်တဲ့အကြောင်းကို တွင်တွင်ကြီး ပြောလေရဲ့။ တကယ်တမ်း အသေအချာ တွေးရရင်ဖြင့် မောင်မိုးကို အိမ်ပြန်ခေါ်သွားဖို့ အရေးက မလွယ်ရေးချ မလွယ်လှဘူး။ ချောမေနဲ့ ကလေးနဲ့ မောင်မိုးနဲ့ အဆင်မပြေခဲ့ရင် သားကို မောင်မိုး ရန်ရှာခဲ့ရင် ဆိုတဲ့အတွေးက ကျုပ်ရဲ့ဆန္ဒတွေကို ထိန်းချုပ်လိုက်သလိုပဲ။ ပြင်းပြင်းထန်ထန်ကန့်ကွက်မဲ့ ယောက္ခမကြီးကို လည်း ထည့်တွက်လို့ အဆုံးသတ်မှာ မောင်မိုးကိုထားခဲ့ဖို့ရာ ဖြစ်လာတော့တယ်။

"သားမောင်မိုး" ရေ တွေ့ဆုံခြင်းနိဒါန်းအစဟာ ခွဲခွာခြင်းနိဂုံးနဲ့ အဆုံးသတ်ရစမြဲမို့ ဒီဘဝဒီမျှသာလို့ပဲ မှတ်ပေရော့၊ မချစ်လို့တော့ မဟုတ်ပါဘူး။ ချစ်ရက်နဲ့ မင်းကို စွန့်ထားခဲ့ရတာပါ။ တကယ်လို့များ မင်းသာ လူသားတစ်ယောက်လို စကားပြောတတ်ခဲ့မယ်ဆိုရင် ... "အခု အဖေကြီးက ရင်၌ဖြစ်တဲ့ သားနဲ့ ကျွန်တော့်လို မွေးစားသားကို ယှဉ်လိုက်တော့ အဖေကြီးရဲ့သားကို အန္တရာယ်ပြုမှာစိုးလို့ ကျွန်တော့်ကို စွန့်လွှတ်ခဲ့တာပေါ့လေ" . . . ဆိုတဲ့ စကားပြောမှာ အမှန်ပဲ။ "အေး" ဒီလို ပြောလာခဲ့ရင်လည်း..."ဟုတ်ပါတယ်" ဆိုတဲ့ ဝန်ခံစကားကလွဲလို့ ပြောစရာစကား မရှိပါဘူး သားရယ်။ ဒါပေမဲ့ မင်းကို အဖေကြီး မကြည့်လည်း နောက်ထပ်ကြည့်ရှုစောင့်ရှောက်မယ့် သခင်အသစ်တွေ တွေ့နိုင်ရှိနိုင်သေးတယ်။ ဖေကြီးရဲ့သားအတွက်ကတော့ သူ့ကို ပြုစုစောင့်ရှောက်ဖို့၊ သူ့မှာ ကျရောက်လာမယ့်အန္တရာယ်ကို ကာကွယ်ဖို့၊ သူ့လိမ္မာရေးခြားရှိအောင် စောင့်ရှောက်ဖို့ အတွက်ကတော့ အဖေကြီးက တာဝန်အရှိဆုံး မိဘတစ်ယောက်ပါကွာ။

မိဘနဲ့သားသမီး ဆိုတဲ့ကြားက ချစ်ခြင်းမေတ္တာနဲ့ စိတ်ခံစားချက်တွေကို မင်း နားမလည်နိုင်ပါဘူး။ တစ်ခုတော့ ဆုတောင်းလိုက်ချင်တယ်၊ နောက်နောင်သံသရာရဲ့ဘဝတစ်ခုကျရင် လူသား သားအဖအဖြစ် မင်းနဲ့ငါ ဆုံဆည်းခွင့်ရပါစေလို့လေ။ အဲဒီအခါကျရင် ဖေကြီးရဲ့ဆုံးဖြတ်ချက်တွေဟာ မမှားဘူးဆိုတာ ဝေဖန်ပိုင်းခြား ခံစားနားလည်သွားနိုင်လာလိမ့်မယ်။ ဖေကြီးတို့လိုလူနဲ့ မင်းလိုတိရစ္ဆာန်နဲ့ ချစ်တတ်တာ၊ မုန်းတတ်တာကတော့ တူပါလိမ့်မယ်။ လုပ်သင့် မလုပ်သင့်၊ အမှားအမှန်ကိုဝေဖန်ပိုင်းခြားတတ်တဲ့ အသိဉာဏ်ဆိုတဲ့ အကြောင်းတရားမှာတော့ လုံးလုံးလျားလျား ကွာခြားသွားကြတယ်လေ။ ဘာပဲဖြစ်ဖြစ် အခုတော့ မင်းကို ဖေကြီးချစ်တယ် ဆိုတဲ့စကားရယ်၊ မင်းကို ဖေကြီးလိုပဲ ချစ်တဲ့သခင်သစ်နဲ့ တွေ့ဆုံပြီး မင်းပျော်နိုင်ပါစေဆိုတဲ့ ဆုတောင်းရယ် အဲဒီနှစ်ခုသာ မင်းအတွက် ချန်ထားခဲ့နိုင်တော့မယ် "မောင်မိုး" ရယ် မင်းကို သိပ်ချစ်တယ်၊

**ခင်ရှင်စော**



# ပူး

**ယုမောင်နိုင်**

လွန်ခဲ့သောကာလ ... 

လူစင်စစ်က ပူးကလေး တစ်ကောင်ဖြစ်သွားတာကျုပ်ပေါ့။ ကျုပ်က သောကြာသား။ သောကြာနေ့ရဲ့ အမှတ်အသားက ပူး။ မှားပါတယ် အမေရယ်။ ဘာဖြစ်လို့များ တခြားနေ့တွေမှာမမွေးဘဲ၊ ဒီနေ့ကျမှဘာကြောင့်သားကို မွေးဖွားရတာလဲ အမေရယ်။

ပူးဆိုတဲ့အကောင်က၊ ဘယ်သူ့ကိုမှ ဒုက္ခမပေးတတ်တဲ့သတ္တဝါပါ။ ကြောက်တတ်၊ လန့်တတ်တာလည်း လွန်ပါလေရော။ အမြီးမှမလှုပ်ရဲ၊ နားရွက်မှမခတ်ရဲတဲ့အထိ ကြောက်တတ်လိုက်တာ။

ကျုပ်ကလည်း သောကြာသား ပီပီ၊ အကြောက်ကြီးပ၊ ကြောက်ချက်ကတော့ ဂျောက်ဂျက်သံတောင် မကြားရဲတဲ့ ကျုပ်။

ကန်ရာသီမှာ မွေးဖွားပြီး ကံကောင်းခြင်းနဲ့ မကြုံဆုံရတဲ့ကျုပ်၊ ကံဆိုးမိုးမှောင်ကျပြီဆိုတာနဲ့ ကျုပ်ဆီ တန်းရောက်လာပြီသာမှတ်ပေတော့။

"ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူ" ဆိုတဲ့ ရန်သူမျိုးငါးပါး အပြင် လေဒဏ်ကလည်း ခံရသေး။ ဆူနာမီမြေငလျင် လှိုင်းဒဏ်ကလည်း မလွတ်၊ ကပ်တွေ၊ ကပ်တွေ၊ သဘာဝကပ်ဘေးရော၊ လူလုပ်ကပ်ဘေးရော၊ ဘယ်မှာကင်းလို့လဲ။

ပူးဆိုတော့ ပူးနဲ့လည်း အကျိုးပေးပ။ ခြောက်ပူးတော့ သမိုင်းမှာ၊ ခွန်ပူးတော့ အပိုင်းလေးရောက်၊ ရှစ်ပူးတော့ အင်းလျားကန်ဘောင်ဘေးမှာ လမ်းလျှောက်လို့။

တောင်စောင်း နေတော့လည်း ပေါင်ရောင်းခံရတဲ့မြေနဲ့က မလွတ်ကင်း။ အမှုအခင်းတွေကလည်း၊ ကရွတ်ကင်းလျှောက်။

ကြောက်ပါတယ်ဆိုမှ ကျောက်တွေနဲ့ကမလွတ်မကင်း၊ ကျောက်တန်းရောက်လိုက်၊ ကျောက်ဆည် ရောက်လိုက်နဲ့၊ လောပန်များဖြစ်မလားလို့ ကျောက်တူးထွက်ခဲ့။ ကံက အကောင်းလွန်တာလားမသိ။ အဖိုးတန် သတ္တုကြောရှိတယ်ဆိုပြီး၊ အသိမ်းခံရ။ ဒီလိုနဲ့ပဲ ကျောက်သူဌေးလောင်းဘဝ နိဂုံးချုပ်ပြန်ပါလေရော။

ကြောက်တတ်ပုံများပြောပါတယ်။ သေနတ်ဆိုတဲ့အသံကြားရုံနဲ့ လန့်ဖျားဖျားပါလေရော။ သရက်သီးသနပ်၊ ရှောက်သီးသနပ်၊ သံပရာသီးသနပ်၊ ပဲကြီးသနပ်၊ သနပ်မှန်သမျှ ဝေါင်ဝေါင်ရှေး၊ ဝေးဝေးရှောင် ဘယ်တော့မှ မစားရေးချမစား။

ကျုပ်ကိုယ်ကျုပ် ပူးကလေးလို သဘောထားလိုက်တော့ အပူးအစွ၊ အကျော်၊ အနင်းတွေနဲ့ ဖျာလိပ်ခင်း၊ နင်းသူကနင်း။

ပူးကပ်တော့ ထူးခတ်ခံရ။ အပူးမတတ်တော့လည်း ခူးခပ်စားမယ့်သူတွေက ကတွတ်ပေါက်က ဖျင်းစောင့်သလို ကောက်ယူစားသောက်ဖို့ အဆင်သင့်စောင့်။

တစ်ခါတလေ အနူးကောင်းလို့ ပူးပေါင်းမိပြန်ပါရော။ ပူးတွဲပါများတော့ အရှုံးဆဲခံရမှာလည်းကြောက်ရ။

ကျုပ်လို ကြောက်ပါများတဲ့ သောကြာသားကလည်း၊ နည်းမယ်ထင်ပ၊ သောကြာသားတွေ ကြီးပွားနေပုံများ ပြောပါတယ်။ သန်းတန်၊ သိန်းတန်တဲ့ စိန်ရွှေနဲ့ သူဌေးသူကြွယ်တွေ။

သူဌေး၊ သူကြွယ်ဆိုတာလည်း သောကြာနံပဲ မဟုတ်ပါလား။ အက္ခရာနှစ်လုံး ပိုင်လို့သာ တော်တော့တယ်။ စနေနံလို အက္ခရာဆယ်လုံးများ ပိုင်ဆိုင်ရင် ခက်များခက်ရချည်ရဲ့။

ကျုပ်ရဲ့မိဘတွေကလည်း ကျုပ်ရဲ့ နာမည်ကို မှည့်မှမှည့်တတ်ပလေ။ "သောင်းငွေ" တဲ့။ ငွေတစ်သောင်းတန် တစ်ရွက်နဲ့ တန်ဖိုးအဖြတ်ခံရလို့များ၊ ကျုပ်ဟာ သနားစရာ ပူးသတ္တဝါဖြစ်နေရှော့သလား၊ မသိ။

ကျုပ်တို့ရွာမှာ လေကြီးမိုးကြီး ဝုန်းဒိုင်းဆိုတဲ့ လူကြီးတစ်ယောက်ရှိတယ်။ သူသာမကယ်တင်ရင် နိုင်ငံတော်ကြီး ဘာဖြစ်မယ်မှန်းမသိ။ ရေဒီယိုတစ်လုံး၊ ဟန်းဆက်တစ်လုံးနဲ့ ရွာစဉ်လည်၊ အပြောကတော့ ငြြမသာဘူး။ ရွှေမန်းတင်မောင်နဲ့ နင်လား၊ ငါလား။ အလုပ်အကိုင်ကတော့ ရွာရိုးကိုးပေါက်လျှောက်။ ဟောလိုက်၊ ပြောလိုက်တဲ့ နိုင်ငံရေးတရားတွေ၊ အဲဒီအထဲမှာ မှူးမတ်ရော၊ ပူးသတ်တာရော၊ဒီမိုကရေစီရော၊ဗျူရိုကရေစီရော၊ ခရိုနီရော၊ စုံပ။

အဲဒီလူကြီး ပြောတဲ့အထဲမှာ ပူးသတ်ဆိုတဲ့ စကားကြားလိုက်ရတော့၊ ကျုပ်တော့ ကြောက်ဒူးတုန်ပြီ။ ခြေမနိုင်တော့။ ခြေမကိုင်မိ၊ လက်မကိုင်မိနဲ့။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ ကျုပ်ကို ပူးတစ်ကောင်မှန်း သူတို့သိသွားပြီထင်တယ်။ ပူးသတ်မယ်ဆိုတော့လည်း ကျုပ်က လွတ်အောင်ရှောင်မှဖြစ်တော့မယ်။

ပူးဆိုတဲ့သတ္တဝါက ဘယ်သူ့ကိုမှ ဒုက္ခမပေးတတ်ပါဘူး ခင်ဗျာ။ အကြောက်လွန်ပြီး မျက်မွေးကျော်မော်မကြည့်ရဲလို့ အမှန်နဲ့အမှား ကောင်းကောင်း မခွဲခြားတတ်တာဘဲရှိကောင်းရှိပါလိမ့်မယ်။ ကျုပ်ကြောင့် ဘယ်သူမှ ဒုက္ခမရောက်ခဲ့ပါဘူး။ ကျုပ်ကိုသာ ဒုက္ခတစ်သီတစ်တန်းကြီး ပေးသွားကြတာပါ။ ကျုပ်က ခြောက်မှ ကြောက်တတ်တာ မဟုတ်ပါဘူး။ ဟောက်သံကြားရုံနဲ့ကြောက်ဖန်လည်း များခဲ့ပါပြီ။

တချို့က ပူးရုံနဲ့၊ အထူးဖုံမှာ အထူးခံရသွားတယ်။ ကျုပ်ကတော့ အထူးခံဖွဲ့ အစစ်ခံရမှာလားမသိ၊ အပူးတွေကလည်း များမှများ၊ နတ်ပူးလိုက်၊ သရဲပူးလိုက်၊ အစိမ်းပူးလိုက်နဲ့။

ကျုပ်ကတော့ မမြင်အပ်တဲ့ အကြောက်တရားတွေထက် မြင်ရတဲ့ အကြောက်တရားတွေကိုပိုပြီး အလေးထားတယ်၊ မြင်နေရတာတွေကိုပဲ ပီပီပြင်ပြင်ကြောက်၊ ကြောက်လာတယ်။

ကျား၊ ကြားသွားမယ်၊ တိုးတိုးတိတ်တိတ်လေး၊ တိတ်တိတ်တိုးတိုးလေး၊ တိုးရာကတိမ်၊ တိမ်ရာကတိတ်။

တိတ်တိတ်ကလေး နေတာတောင် ဆိတ်ကွယ်ရာက လာလာချောင်းသေး။ အန္တရာယ်မကင်းတဲ့ မြေသင်းနံ့တွေကလည်း တစ်ခါတရံ လေညင်းယောင်ဆောင်ပြီး အလည်လာလိုက်သေး။

တောင်သူလယ်သမား နီးနော ဖလှယ်ပွဲတစ်ခုမှာ တော်လှန်ရေးကောင်စီဥက္ကဋ္ဌကြီးက မိန့်ခွန်းချွေခဲ့ဖူးပါတယ်။

"ကြောက်တတ် ဝန်ကင်း" ဆိုတာ မမှန်ဘူး။ကြောက်တတ်ရင်ဝန်ပါတယ်။ ဟုတ်တာ မှန်ရာကို ပြောရဲရမယ်။ မှန်တာကိုမပြောရဲကြလို့ ဆိတ်ချည်တဲ့ကြိုးနဲ့ ဆင်ချည်မိ။ ဆင်ချည်တဲ့ကြိုးနဲ့ ဆိတ်ချည်မိတာမျိုး ဖြစ်တတ်တယ်။ ဒါကြောင့် ရဲရဲပြောကြပါ။

အဲဒီစကားကို ယုံမှတ်ပြီး အဖြစ်မှန်တွေကို တင်ပြမိလို့ ကျုပ်တို့ရွာက ဆရာတစ်ယောက် ပျောက်ခြင်းမလှ ပျောက်သွားလိုက်တာ အခုထိ ဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်းမသိ။

ကျုပ်ရဲ့အကြောက်တရားကို ဖြေဖျောက်စေဖို့ အပေါင်းအသင်း သူငယ်ချင်းတွေက မဟာဆွေရဲ့ မကြောက်တရားဆောင်းပါးကိုလည်း ပေးဖတ်တယ်။ ကြောက်ရွံ့ခြင်းမှကင်းဝေးခြင်း စာအုပ်ကိုလည်း ပေးဖတ်တယ်။

လူလူချင်းပဲ၊ ဘာကြောက်စရာလိုလဲ။ ပခုံးနှစ်ဘက်ကြားက ခေါင်းပေါက်တာချင်းအတူတူ။ ခြေနှစ်ဖက်၊ လက်နှစ်ဖက် ရှိတာချင်းလည်း အတူတူ ဘယ်သူ့ကို ဘာကြောင့်ကြောက်ရမှာလဲ။

ဘာပဲပြောပြော၊ ကျုပ်ရဲ့ အကြောက်တရားကတော့ ပြေမသွားသလို၊ ပျောက်လည်းမသွားပါဘူး။

ဟုတ်ပါတယ်။ အပေါင်းအသင်း၊ သူငယ်ချင်းတွေ ပြောတာတွေက အမှန်တွေပါ။ ဆောင်းပါးပါ အချက်အလက်တွေကလည်း ကောင်းမွန်ပြည့်စုံပါတယ်။

လူလူချင်းတူပေမဲ့ တန်းတူညီမျှတဲ့ အခွင့်အရေး အညီအမျှ မခံစားရတာကို သူတို့တွေသိမှ သိပါ့စလို့ စောဒကလည်းမတက်ရဲ။

ကျုပ်ကြောက်တာက လူမဟုတ်ဘူး။ လူလူချင်းကတော့ ဘာကြောက်စရာလိုလဲ။ ကျုပ်ကြောက်တာက လူလူချင်း တရားမဲ့ ဖမ်းဆီးချုပ်နှောင်ထောင်ချ၊ လူမဆန်အောင် နှိပ်စက်တဲ့ မူဝါဒကိုကြောက်တာလေ။


လူလူချင်းကတော့ သနားတယ်နော်။

ဘာပဲပြောပြော၊ ကျုပ်ကတော့ ပူးသတ္တဝါမဟုတ်တဲ့ ပူးတစ်ကောင်ပဲပေါ့။

**ယုမောင်နိုင်**

# အမေချစ်တဲ့ သား

မျိုးသစ်



သရုပ်ဖော်ပန်းချီ ဝေမွန်လင်း

# မေမေချစ်တဲ့သား

**မျိုးသစ်**

(၁)

"ပန်းသလားမေပျို၊ နန်းရွှေကိုယ်၊ လမ်းရှေ့ဟိုတခိုဝယ်၊ ချောက်ကမ်းပါးတောင်ဆွယ်၊ မောင်မယ်မမြင်ဖူးနယ်၊ တောလယ်မောဖွယ်၊ အပြောကြွယ်တဲ့မယား၊ သနားဖွယ်မူရာ၊ ရုပ်အသွေးရှုပကာ၊ တထိုင် မှိုင်ငေးရာတယ်။ တောခြေဝယ်၊ ဇောကြွေဖွယ်၊ အမောဖြေတယ်၊ တူစုံမောင်နှင့်မယ်၊ ကန္တာလေတောခြေဝယ်၊ စိမ့်စမ်းသွယ်သွယ်၊ စိမ့်ဖြာယိုကျတယ်၊ တောင်တတန်းလေ၊ မျှောင်စမ်းကွေ့လယ်၊ နှံ့သာပင်ရိပ်ဝယ်၊ ချွေးသိပ် ဖြေဦးမယ်"

မင်းသားကြီး စိန်ကတုံး၏ မြိုင်ထတေးတစ်ပုဒ်ကို တီးတိုးဆိုနေသူက ဆရာစိုး။ ရုပ်သေးရုပ်တွေ ထွင်းထုရန် သစ်တုံးများကို နေလှန်းရင်း ဆရာစိုး တေးတညည်းညည်း သီနေမိသည်။ သူ့အနေနှင့် ပွင့်လင်းရာသီ မဟုတ်သည့်လများတွင် ပွဲငှားမလာ။ ထိုအချိန်တွင် အရုပ်ကလေးများပြုပြင်မွမ်းမံရန်နှင့် အရုပ်သစ်ကလေးများ ထုလုပ်ရန်မှတစ်ပါး အခြားအလုပ်မရှိ။ လင်ကိုယ်မယား နှစ်ယောက်တည်းမို့ အေးအေးချမ်းချမ်း နေရသည် ဆိုလင့်ကစား စားရေးသောက်ရေးက ကြီးမြင့်လာသော ကုန်ဈေးနှုန်းကြောင့် ခေါင်ခိုက်နေ၏။

ရုပ်သေးခေတ်က မှေးမှိန်လု ဖြစ်နေပေပြီ။ နိုင်ငံတော်က ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ပြန်လည်ဖော်ထုတ် မြှင့်တင်ပေးနေသော်လည်း မြို့ပြနေသူများ ငွေပင်ငွေရင်း တတ်နိုင်သူများသာ ထင်ပေါ်ခံစားနေရ၍ မြို့သေးမြို့ငယ်များတွင်နေရသော သူတို့အဖို့ လှေဦးစိုတော့စိုခဲ့သလို . . . လှေဦးမခြောက်မီ ခန်းနေစမြဲ။ မိုးအခါသမယအတွက် အနာဂတ်မရေရာမှုနှင့် ကြုံဆုံရမည်။ အနုပညာသမားတို့ကလည်း အခက်သား၊ စိုက်လိုက်မတ်တတ် အနုပညာအလုပ်အပြင် အခြားလုပ်စားကိုင်စားစရာ အလုပ်မရှာဖွေ။ မကျွမ်းကျင်မှုတို့လည်း ပါမည်။ ဆရာစိုးတို့အိမ်တွင် ကုန်ခြောက်ဆိုင်ကလေး ဖွင့်ထားပါသည်။ လက်လုပ်လက်စား ရပ်ကွက်ဖြစ်သဖြင့် နွမ်းပါးချို့တဲ့သူများပြား၍ ခင်မင်သူတို့အကြွေးနှင့် ဝိုင်းဝန်းအားပေးမှုကြောင့် ခြောက်လပင် မခံ၊ ပြုတ်ပြုတ်ပြုန်းခဲ့ရ၏။ အလုပ်လုပ်နေရာမှ သတိရ၍ ဆရာစိုးအိမ်ဘက် လှမ်းကြည့်လိုက်သည်။ ဇနီးသည် ဒေါ်ငြိမ်းက မင်းသမီး မင်းသား အင်္ကျီများမှ ပြုတ်နေသည့် ဘော်ကြယ်တို့ကို မျက်မှန်တစ်လက်နှင့် တပ်နေဆဲ။ ဆရာစိုး သက်ပြင်းမောကြီး မှုတ်ထုတ်မိသည်။ ခြောက်ဆယ့်ငါးနှစ်ဟူသော အသက်မှာ ဌာနဝန်ထမ်းဆိုလျှင် အငြိမ်းစားယူခဲ့ပေပြီ။ သို့သော် ဒေါ်ငြိမ်းမှာ မငြိမ်းနိုင်သေး။ သူလည်း လင်တစ်ထမ်း မယားတစ်ရွက် တလှုပ်လှုပ်ဖြင့် လုပ်နေရတုံး။ မိုးကာလမို့ ကြုံတောင့်ကြုံခဲ ကျဲကျဲတောက်နေကလေး အပူတွင် သစ်တုံးများဖြန့်ခင်းနေခိုက် သီကျူးလက်စတေးကိုပင် . . . ဆရာစိုး စိတ်ပြေလက်

ပျောက် ဆက်ဆိုနေခဲ့သည်။

"တောခြေဝယ်၊ ဖောကြွေဖွယ်၊ အမောပြေတယ်၊ တူစုံမောင်နှင့်မယ်၊ ကန္တာလေတောခြေဝယ်၊ စိမ့်စမ်းသွယ် သွယ်၊ စိမ့်ဖြာယိုကျတယ်၊ တောင် တတန်းလေ၊ မျှောင်စမ်း ကွေ့လယ်၊ နှံသာပင်ရိပ်ဝယ်၊ ချွေးသိပ်ဖြေဦးမယ်"

တကယ်တမ်း . . . ဆရာစိုးတို့ ဘဝမှာ ချွေးသိပ်မဖြေနိုင်သေးပါလား။ နှံသာပင်ရိပ်ဝယ် ချွေးသိပ်ရဖို့ နေနေ သာသာ အိမ်မိုးမနိဝယ်ရန်ပင်မလွယ်။

(၂)

"တီ ...တီ...တီ ...တီ"

ကားတစ်စီး၏ ဟွန်းသံ။ ထူးထူး ဆန်းဆန်း ခေတ်မီကားသစ်တစ်စီး အိမ်ရှေ့တည့်တည့်တွင် ရပ်နေသည့် အတွက် ဆရာစိုးအဖို့ တအံ့တသြ။ သည်လိုထည်ထည်ဝါဝါကားပိုင်ရှင်လို ဧည့်သည်မျိုး သူ့အိမ်သို့ အလည် အပတ် ရောက်မလာခဲ့စဘူး။

"ဆရာစိုး – ဗျို့ ဆရာစိုး"

ကားပေါ်မှဆင်းလာသူက အသိ မိတ်ဆွေ ကိုသန်းဝင်း။ သူ့နောက်မှ အထက်တန်းကျကျ ဝတ်စားထားသူ တစ်ယောက်။ ကျန်တစ်ယောက်က ကားပေါ်တွင် ကျန်ခဲ့သည်မို့ ကား မောင်းသူ ဖြစ်ပေလိမ့်မည်။

"ဟော . . . ကိုသန်းဝင်းပါလား၊ ဧည့်သည်လည်း ပါလာတယ်နော်၊ မငြိမ်းရေ ဖျာခင်းပါဟေ့"

ဆရာစိုး အော်သံကြောင့် ဒေါ်ငြိမ်း ကမန်းကတန်း ဧည့်ခန်းတွင် ဖျာတစ် ချပ်ခင်းပေးလိုက်သည်။ ဧည့်သည်၏ ပုံစံနှင့် သင်ဖျာကလေးမှာ မလိုက်ဖက် လှ။

"ကဲ ... ဆရာစိုးရေ၊ ပောဒီ မိတ် ဆွေက ဦးခင်မောင်ထွန်းတဲ့ ကိုယ်ပိုင် စီးပွားရေးလုပ်ငန်း လုပ်နေတာ၊ ရန် ကုန်မှာနေပါတယ်။ သူက မြန်မာ့ရေး ဟောင်းယဉ်ကျေးမှု အမွေအနှစ်ဖြစ် တဲ့ ရုပ်သေးကို စိတ်ဝင်စားတယ်။ ဒီကို ရောက်တုန်း လိုက်ပြီးလေ့လာတာပါ။ ဒါနဲ့ ဆရာစိုးဆီခေါ်လာခဲ့တယ်"

"ဝမ်းသာပါတယ်ဗျာ၊ ဒီရုပ်သေး ပညာဟာ အခုဆိုရင် တိမ်ကောလု ဘနန်းပေါ့။ စိတ်ဝင်စားတဲ့လူတွေ ရှိသေးတာ ဂုဏ်ယူစရာပါပဲ"

"ကျွန်တော့်သက်တမ်းနဲ့ ရုပ်သေး ကို မမီကမ်းလိုက်ပါဘူး၊ ဒါပေမဲ့ ဟို တယ်တစ်ခုမှာ ဧည့်ခံတာက စပြီး မြင်ဖူးခဲ့တယ်။ ဆိုကရေးတီးပြိုင်ပွဲကြီး မှာ ရုပ်သေးပြိုင်ပွဲပါတယ်ဆိုကတည်း က အားပေးကြည့်ရှုခဲ့တာ ဒီကနေ့ အထိ ဆိုပါတော့။ ဆိုဒိုပြောနဲ့စည်းဝါး အံကိုက်ကရတဲ့ပညာဟာ အံ့သြစရာ ပါပဲဗျာ။ တချို့က ဆွဲသူ သတ်သတ်၊ ဆိုဒိုပြောက သတ်သတ်နော်"

"ဆရာစိုးက ဦးခင်မောင်ထွန်းကို အရုပ်ကလေးဆွဲပြီး ရှင်းလင်းပြရင် ပိုကောင်းမလားလို့"

ကိုသန်းဝင်း အကြံပေးသည့် အတိုင်း ဆရာစိုးက တန်းနှင့်ဆွဲချိတ် ထားသော အရုပ်ကလေးများကို တစ်ခု ချင်းဆွဲပြကာ ရှင်းလင်းပြောပြနေ သည်။ ဝါသနာကြီးသူတစ်ယောက် အား ပညာရှင်တစ်ယောက်က စိတ်ပါ လက်ပါ ပြောဆိုနေရ၍ ,အချိန်ကုန်ရ မှန်းမသိ၊ မောရပန်းရမှန်းလည်းမသိ ဝါသနာတူချင်းပေးကိုး။

"ဆရာကြီးက ဆိုဒိုပြောနဲ့ ကြိုးဆွဲ ပညာအပြင် အရုပ်တွေကိုလည်း ဆရာကြီးပဲ ထုဆစ်တာဆို" ဦးသန်း ဝင်း ပြောလို့သိရတယ်။

"မှန်ပါတယ်ကွယ်၊ မိရိုးဖလာ ဘိုးစဉ်ဘောင်ဆက်တည်းက ဒီပညာ တွေ အမွေဆက်ခံလာတာမို့ အား လုံးကို လုပ်တတ်ပါတယ်။ ဒါနဲ့စားနေရ တာပဲဟာ"

ဦးခင်မောင်ထွန်းက ခေါင်း တဆတ်ဆတ်ညိတ်ရင်း မှတ်ချက်ပြု လိုက်၏။

"ဆရာကြီးက တကယ့်စွယ်စုံ ပညာရှင်ပီသပါပေတယ်"

ဆရာစိုးဘာတစ်ခွန်းမှပြန်မပြော၊ ပြုံးရုံသာ ပြုံးနေမိသည်။ (တကယ် ကြုံတော့ စွယ်စုံတွေငတ်နေတာ သူ မသိသေးပါလား။) သူ့စိတ်ထဲမှာ ပြောမိခြင်းပါ။

(၃)

ဦးခင်မောင်ထွန်း မျက်လုံးအစုံက အိမ်ပတ်လည်ကို လှည့်ကြည့်ရာမှ အိမ်ခန်းတွင်းသို့ အမှတ်မထင် ရောက် သွားခဲ့၏။

"အို . . . အိပ်ခန်းထဲမှာလည်း အရုပ်ကလေးတစ်ရုပ်ပါလား။ ဘာ အရုပ်ကလေးပါလိမ့်"

"ပြော် . . . ဒါလား သားတော်

ရုပ်ကလေးပါ။ မငြိမ်းရေ ဖြုတ်ပြလိုက်ပါကွယ်"

ဒေါ်ငြိမ်းလက်ထဲ ဆွဲလာသည်က ရယ်ရယ်ပြုံးပြုံးနှင့် သားတော်ရုပ်ကလေး။ ရွှေဝါရောင် အင်္ကျီလက်ဖောင်း၊ ရွှေဝါရောင်ပိုးချိတ်ပုဆိုး အောက်ပိုးကျိုက်ကလေး။ လက်နှစ်ဖက်လုံးတွင် ပန်းကုံးလှလှလေးများ၊ ခြေနှစ်ဖက်တွင် ရွှေစက္ကူဖြင့် အလှဆင်ထားသည့် ခြေကျင်းတစ်စုံ၊ မင်းသားစီးဖိနပ် နီနီရဲရဲလေးနှင့် ဗျာပါဆံက တစ်ဖက်တစ်ချက်၊ မျက်နှာမှာ ခြယ်သထားသည်က ပါးကွက်ကလေးများ၊ တကယ့်ချစ်စရာ အရုပ်ကလေး၊ ဆရာကြီးဇနီး ... ဒေါ်ငြိမ်းမှ သားတော်ရုပ် ကဟန်လေးဆွဲပြခဲ့ရာ ဦးခင်မောင်ထွန်းမှာ တပြုံးပြုံး သဘောကျနေရှာ၏။

"ကဲ ... ဆရာကြီးလည်း ကျွန်တော့်ကို ရှင်းလင်းပြောပြခဲ့ရတာ မောနေရော့မယ်။ ကျွန်တော့်အဖို့ ဗဟုသုတရပြီး အသိလည်းတိုးပါတယ်။ ဆရာကြီးအရုပ်ထုရောင်းတော့ တစ်ရုပ်ဘယ်လောက်ရလဲ၊ သိချင်လို့ပါ"

"အရုပ်ကိုလိုက်ပြီး ဈေးအနိမ့်အမြင့်ရှိပါတယ်။ မင်းသား မင်းသမီးရုပ်ဆိုရင် ကြိုးများပြီး အဆစ်အပိုင်းတွေရှိနေတော့ ဈေးပိုရတာပေါ့။ သာမန်ဆင်ရုပ်၊ မြင်းရုပ်နဲ့ တခြားအရုပ်တွေက သိပ်မမြင့်ပါဘူး"

"အများဆုံးဘယ်လောက်ရှိမလဲ ...ဆရာကြီး"

"ကြိုက်ဈေးနဲ့ နှစ်သောင်းလောက်အထိ ရဖူးပါတယ်"

"ဆရာကြီးရဲ့ပညာကို လေးစားတဲ့အနေနဲ့ ကျွန်တော်က ပူဇော်ချင်ပါတယ်။ ဒါကြောင့် ကျွန်တော့်ကို အရုပ်ကလေးတစ်ရုပ် ရောင်းပေးပြီး ကျွန်တော်က ငွေငါးသောင်း ကန်တော့ပါ့မယ် ဆရာကြီးရယ်"

ဆရာစိုးမှာ ကိုယ်နားကိုပင် ကိုယ်မယုံချင်။ တစ်သက်နှင့်တစ်ကိုယ် သည်ဈေးမျိုးဖြင့် အရောင်းအဝယ် မလုပ်ဖူးခဲ့။ ကိုယ့်တွင်လည်း အခက်အခဲ အကျပ်အတည်းတွေက တစ်ပုံကြီး၊ နှစ်တိုင်းထည့်ထားနိုင်သည့် ဆန်ဝမ်းစာပင် မထည့်နိုင်သည်မှာ သုံးနှစ်ရှိပေပြီ။ ထင်းကလည်း မလောက်မငမို့ မိုးလယ်လောက်ဆိုကုန်မည်။ သို့နှယ် ဆရာစိုး ခေါင်းထဲတွင် အတွေးမျှင်များက တရစပ်ဝင်လာနေဆဲ ...

"ဆရာကြီး – ကျွန်တော်ပြောတာ ခုခေတ်ဈေးနဲ့ နည်းသွားသလား။ ဒါဖြင့်ရင် ခုနှစ်သောင်း တိုးယူဗျာ၊ ဟုတ်ပလား"

ချက်ချင်း အဖြေမပေးခဲ့သည့် ဆရာစိုးကို အားတုံ့အားနာမပြောသာသည့်အထင်ဖြင့် ဦးခင်မောင်ထွန်းက တိုးပေးနေပြန်သည်။

"မဟုတ်ပါဘူးဗျာ၊ ဦးခင်မောင်ထွန်းကို ရောင်းမှာပါ။ ဘယ်အရုပ်ယူချင်လို့လဲပြောလေ။ ကြိုက်တာကို ယူပါ"

"သားတော်ရုပ်ကလေး ယူချင်တယ်ဗျာ"

"ဟင်"

"ဟင်" ဟူသောအာမေဋိတ်သံက ဒေါ်ငြိမ်းပါးစပ်မှ ထွက်လာခြင်းပါ။ ဒေါ်ငြိမ်းခမျာ မျက်စိမျက်နှာ အပျက်ပျက်။ ဆရာစိုးကို အားကိုးတကြီးနှင့် ကြည့်မိသည်။ သားတော်ရုပ်ကလေးကို သားထောက်သမီးခံမရှိသူ ဒေါ်ငြိမ်း သားသမီးကဲ့သို့ ချစ်သည်။ အရုပ်ပင်ဖြစ်လင့်ကစား တစ်ပွေ့ပွေ့တစ်ပိုက်ပိုက်။ အိပ်ရာတွင် လူသားတစ်ဦးကဲ့သို့ ထည့်သိပ်သည်။ ရေမချိုး၊ ထမင်းမကျွေးရသည်ကလွဲ၍ "သားလေး သားလေး" နှင့် နှုတ်ကမချ။ ဆရာစိုး တစ်ယောက်၊ မရောင်းစေချင်သည့် အကြည့်ဖြင့် ကြည့်နေသူ ဇနီးသည် ဒေါ်ငြိမ်းအပေါ် နားလည်သဘောပေါက်ပါသည်။ သို့သော် ... နေရေးစားရေး အစစအတွက် ငွေလိုသည်မှာ အမှန်။ မတတ်နိုင်တော့ပြီ (ရသာခိုက်ယူလိုက်မှ)။

"အင်း ...ကြိုက်ရင်လည်းယူသွားပါ။ ရပါတယ်"

ဒေါ်ငြိမ်းလက်မှ အသာအယာဆွဲယူကာ ပလတ်စတစ်အိတ်ကြီးဖြင့် ထည့်ပေးလိုက်သည်။ ကိုသန်းဝင်းနှင့်အတူ ဦးခင်မောင်ထွန်းက နှုတ်ဆက်၍ ပြန်သွားကြ၏။ ဦးခင်မောင်ထွန်း ပေးခဲ့သော ငွေစက္ကူတစ်ထပ်မှာ ဆရာစိုးလက်ထဲတွင် ဆုပ်ထားမြဲ ဆုပ်ထားလျက်။ အိပ်ခန်းဆီမှ ပျံ့လွင့်လာသော ဒေါ်ငြိမ်း၏ငိုရှိုက်သံ တို့မှာ ... ဆရာစိုးရင်ကို ကျင်ခနဲ နင့်သွားစေသည့် ဝေဒနာတစ်ရပ် မွေးဖွားပေးခဲ့သည်။

**ဒေါ်ငြိမ်းခမျာ မျက်စိမျက်နှာ**
**အပျက်ပျက်။ ဆရာစိုးကို**
**အားကိုးတကြီးနှင့် ကြည့်မိသည်။**
**သားတော်ရုပ်ကလေးကို**
**သားထောက်သမီးခံမရှိသူ**
**ဒေါ်ငြိမ်း သားသမီးကဲ့သို့ ချစ်သည်။**
**အရုပ်ပင် ဖြစ်လင့်ကစား**
**တပွေ့ပွေ့ တပိုက်ပိုက်။ အိပ်ရာတွင်**
**လူသားတစ်ဦးကဲ့သို့ ထည့်သိပ်သည်။**
**ရေမချိုး၊ ထမင်းမကျွေးရသည်ကလွဲ၍**
**"သားလေး သားလေး" နှင့် နှုတ်ကမချ။**

(၄)

ဦးခင်မောင်ထွန်း၏နှစ်ထပ်တိုက်ကြီးက ရန်ကုန်မြို့ လှူကုံထံရပ်ကွက်တွင် ဟီးလျက်။ နယ်မှအပြန် သူယူလာသည့် သားတော်ရုပ်ကလေးကို သီးသန့်ဧည့်ဆောင်တွင် ကျကျနန ချိတ်ဆွဲထားလိုက်သည်။ ဧည့်ခန်းအတွင်း ခေတ်မီအသုံးအဆောင်ပစ္စည်းများ၊ ပန်းကနုတ်ဆက်တီဝိုင်းကြီး၊ အလှအပပစ္စည်းများ ထားသိုရာ ဗီရိုကြီးများ၏ ထည်ဝါမှုအလယ်တွင် သားတော်ရုပ်ကလေးမှာ မသိမ်ငယ်လှ ဧည့်ခန်း၏ ကျက်သရေဆောင်နေပုံမျိုး။

"ကြည့်စမ်းပါဦး အဖေရယ်၊ ဧည့်ခန်းကပိုပြီး မင်္ဂလာရှိမသွားဘူးလား"

ဦးခင်မောင်ထွန်းက ဖခင်ဖြစ်သူ တိုင်းမင်းကြီး (အငြိမ်းစား) ဦးလွန်းမောင်ကို လှမ်းမေးလိုက်သည်။ ဦးလွန်းမောင်မှာ ခေါင်းတညိတ်ညိတ်နှင့် ကျေနပ်လျက်။

"အေး - မင်း ပြောတာမှန်တယ်၊ ဧည့်ခန်းအတွက် ပိုပြည့်စုံသွားသလိုပဲ၊ မြန်မာဆန်ဆန်နဲ့ တကယ့်ကို လိုက်ဖက်တယ်ကွာ၊ မင်းမို့ရှာတတ်ပလေ"

တစ်အိမ်သားလုံးက သူရွေးချယ်မှုအပေါ် ကျေနပ်နှစ်သိမ့်ပီတိဖြစ်နေ၍ ကာယကံရှင် ဦးခင်မောင်ထွန်းမှာ ပြုံးပြုံးရွှင်ရွှင်။ အစစ ချေးများလှသည့် မိခင်ကြီးပင် သားတော်ရုပ်ကလေးကို သဘောကျနေရှာ၏။

"ဒါလေးက ရယ်ရယ်ပြုံးပြုံးနဲ့ ချစ်စရာလေးဆိုတော့ လာဘ်ခေါ် လာဘ်ကောင်းတာမျိုး သားရဲ့ မင်းရဲ့ လုပ်ငန်း တိုးတက်အောင်မြင်မှာပါကွယ်"

မိခင်ကြီးမှာ အတိတ်ကောင်း၊ နိမိတ်ကောင်း ယူနေပြန်သည်။ အိမ်လာသည့်ဧည့်သည်တိုင်းက လက်ညှိုးတထိုးထိုး တမေးတည်းမေးနေသဖြင့် ဦးခင်မောင်ထွန်းမှာ ရှင်းပြရသည်ပင်အမော။ သားတော်ရုပ်ကလေးအတွက် ဂုဏ်ယူနေသည့်ဟန်ပန်။

ဦးခင်မောင်ထွန်းတို့ တိုက်ကြီးတွင် သားတော်ရုပ်ကလေးရောက်လာ၍ နှစ်ထောင်းအားရ ရွှင်ပျနေကြသော်လည်း ပူဆွေးနေရသူက ဒေါ်ငြိမ်းပါ။ သားတော်ရုပ်ကလေး မမျှော်လင့်ဘဲ ရောင်းခဲ့ရပြီဆိုကတည်းက ဒေါ်ငြိမ်းမှာ မျက်ရည်နှင့်မျက်ခွက်။ အချစ်ဆုံးသားလေးတစ်ယောက် ခွဲခွာသွားသည့်နှယ် လွမ်းတပူဆွေးခဲ့ရပါပြီကော ...။

အစွဲအလမ်း ကြီးလွန်းသည်ပဲဆိုဆို အချိန်တိုင်းသတိရနေမိသည်၊ တမ်းတနေမိသည်။ အမြဲတမ်း တယုတယ ချိတ်ဆွဲထားရာနေရာကို ကြည့်ရင်း မျက်ရည်ကျနေ၏။

"မငြိမ်း - မင်းက တယ်ခက်တာကိုး၊ ငါအသစ်ထုပေးမယ်ဆိုတော့လည်း မင်းကငြင်းတယ်လေ၊ စားလည်းဒီစိတ်၊ သွားလည်းဒီစိတ်၊ ကြာရင် မင်းဒုက္ခရောက်မယ်၊ တရားသဘောအရ ဘာမှမမြဲပါဘူးကွာ"

"ကျွန်မ သားလေး ရောင်းလိုက်တာ ကျွန်မ အသဲနှလုံးတွေ ဆွဲထုတ်လိုက်သလိုပါပဲရှင်။ ရှင် အသစ်ထုပေးမယ်ဆိုပေမဲ့ နောက်ထပ် သံယောဇဉ် မပွားချင်တော့ဘူးလေ။ ဒီတစ်ခါဆို ကျွန်မ သေလိမ့်မယ်၊ မခံစားနိုင်တော့ဘူးရှင်"

ဆရာစိုး အမျိုးမျိုးဖျောင်းဖျသည့်တိုင် ဒေါ်ငြိမ်းမှာ ဖြေမပြေနိုင်ခဲ့။ တစ်ခါတစ်ရံ စိတ်နှင့်ကိုယ် လွတ်နေလေရော့သလား မသိ။ တငူငူ တငိုင်ငိုင် ... ကြောင်ငေးငေးဖြင့် တွေဝေနေတတ်၏။ အစားကိုပင် မက်မက်မောမော မစား။ နဂိုကပိန်ရသည့်အထဲ အစားအသောက်ချို့တဲ့၍ ကြုံလှီလာသည်မှာမဆန်း။

"မင်းဒီလောက်ဖြစ်မယ်မထင်လို့၊ တို့တွေရဲ့ အကျပ်အတည်းကြောင့် ရောင်းလိုက်မိတာပါကွာ။ တို့အတွက် ဆင်းရဲကျပ်တည်းခြင်းဟာ လာနေကျ၊ တွေ့နေမယ့် ဧည့်သည်ပဲမဟုတ်လား၊ တိုးပြီးမထူးတော့ပါဘူးလေ"

ရင်ထုမနာပြောလိုက်သည့် ဆရာစိုး စကားကို ဒေါ်ငြိမ်းချမ်း မကြားသယောင်၊ ရီဝေသောမျက်လုံးအစုံက အဝေးဆီသို့ တမျှော်မျှော်။

သားတော်ရုပ်ကလေး ...ရောက်ခဲ့သည်ပင် တစ်ပတ်ရှိနေပါပြီ။

တစ်နေ့ . . . ကိုခင်မောင်ထွန်း ဆတ်ခနဲ လန့်နိုးလာသည်။ နာရီကြည့်လိုက်ပြန်ရာ သုံးနာရီ ကျော်ကျော်။ နှစ်ယောက်အိပ်ခုတင်ကျယ်ကြီး၊ ဒန်းလော့မွေ့ရာ၊ ဒန်းလော့ခေါင်းအုံး၊ ကတ္တီပါဖဲနားသတ် နှစ်ယောက်ခြုံစောင်ကြီး၊ တစ်ဖက်ခွဲဇာခြင်ထောင်မှာ ခုတင်ကိုဖြန့်မိုးလျက်။ လူချမ်းသာတို့ အသုံးအဆောင် ပစ္စည်းများ အပြည့်အစုံ၊ ဂါဝန်ရှည်အဖြူ ...ဝတ်၍ ကတ္တီပါစောင်ကြီးအောက် ပုကွေးကာ ဖက်လုံးကြီး ဖက်ပြီး ဇနီးချောက အိပ်မောကျနေသည်။

အိပ်ယာမှ လှန့်နိုးလိုက်သည့်နယ်၊ နိုးလာသူ ကိုခင်မောင်ထွန်းအဖို့ လောလောလတ်လတ် အိပ်မပျော်နိုင်သေး။ အိပ်ရာနံဘေး ခုံငယ်ပေါ်တင်ထားသည့် ရေသန့်ပုလင်းမှရေကို ဖန်ခွက်နှင့်ထည့်ကာ တစ်ဝကြီးသောက်မိသည်။ သတိရလာသဖြင့် အောက်ခန်းဧည့်ဆောင်သို့ဆင်းလာခဲ့၏။ ပြာလဲ့မှုန်ရီသော အလင်းဖြင့် ဧည့်ခန်းဆောင် မီးခလုတ်ကို ဖွင့်လိုက်ရာ ထိန်ညီးသော မီးရောင်အောက်တွင် ခန်းမတစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်လျက်၊ ပစ္စည်းများမှာ ခြေရာလက်ရာ မယွင်းခဲ့၊ အနေအထားမပျက်ရှိနေဆဲ။ သားတော်ရုပ်ကလေးမှာ မူလချိတ်ဆွဲထားသည့်အတိုင်း ပြုံးပြုံးကလေးပင်။ ကိုခင်မောင်ထွန်း သူ့အတွေးနဲ့သူ ရယ်မိပြုံးမိသည်။

"ဩော် ...ငါ့နယ် အိပ်မက်ကို တကယ်ထင်နေတာကိုး"

စောစောပိုင်းက သူ အိပ်မက်မက်ခဲ့သည်။ အိပ်မက်မှ ထူးထူးဆန်းဆန်း အိပ်မက်၊ သားတော်ရုပ်ကလေးက သူ့အိပ်ရာအနီးတွင် ရပ်နေ၏။ မျက်စိမျက်နှာလည်း မကောင်းဘဲ ငိုမဲ့မဲ့မျက်နှာကလေးနှင့် သနားစရာ၊ ပြောပုံကလေးက တွက်တီးတွတ်တာ။

"ဦးဦးရယ် သားဒီမှာမပျော်ဘူး၊ ဦးဦးတို့အိမ်က အစစပြည့်စုံပြီး ချမ်းသာပါတယ်။ ဒါပေမဲ့ သားအမေကြီးကို အောက်မေ့တယ်။ အဖေကြီး၊ အမေကြီးတို့ အိမ်မှာပဲ ပျော်တာပါ။ ဦးဦး သားကိုပြန်ပို့ပါနော်။ သားရှိခိုးတောင်းပန်ပါတယ်။ သားကိုသနားပါဦးဦးရယ်။ သား သိပ်ပြီးပြန်ချင်တာပဲ"

ကိုခင်မောင်ထွန်း အိပ်မက်ကို သတိရနေသည်။ အသက်မရှိသည့် အရုပ်ကလေးကအိမ်ပြန်ချင်၍မရမက သူ့ကိုပူဆာနေ၏။ ကြုံကြုံဖန်ဖန် ပေါက်တီးပေါက်ရှာ အိပ်မက်ကြောင့် အရုပ်ကလေး ထွက်ပြေးပြီအထင်နှင့် သူ ဆင်းကြည့်မိခြင်းပါ။ သူ့အိပ်မက်မှာ ရယ်စရာ၊ ဘာတွေ စိတ်စွဲ၍ မက်ခဲ့သည်မသိ။ သွေးလေကြောင့်များလား၊ အိမ်သားတွေကိုပြောလျှင် တသောသော ရယ်ကြပေလိမ့်မည်။ သူ့ကို ရယ်ပွဲဖွဲ့ရုံသာမက စိတ်ရောဂါဝေဒနာရှင် (စိတ်မနှံ့သူ) ထင်လျှင်အခက်။ အိပ်မက်ကို မသိကျိုးကျွံပြုကာ ကုမ္ပဏီလုပ်ငန်းထဲ စိတ်နှစ်ထားလိုက်သည်။ အားလုံးမှာ မေ့မေ့ပျောက်ပျောက်။ တစ်နေ့လုံးအဖို့ အေးအေးဆေးဆေးသွားလာ လှုပ်ရှားနေဆဲ။

သို့စဉ်လျက် - ဒုတိယညတွင် အလားတူအိပ်မက် မက်ပြန်သည်။ ကိုခင်မောင်ထွန်း အိပ်မက်ကို ပျက်ပျက်ချော်ချော် မစဉ်းစားဝံ့တော့၊ အလေးအနက် ထားလာခဲ့ရသည်။ တတိယညတွင်လည်းတစ်ပုံစံတည်းမို့ သူ့အသိမပေးဘဲ မနေရဲတော့ ...။

ကိုခင်မောင်ထွန်း ဖခင်ဖြစ်သူကို အစအဆုံး ပြောပြလိုက်ပါသည်။

ဦးလွန်းမောင် တွေ၍ တစ်ခုခုကို ...စဉ်းစားနေသည့်ပုံသဏ္ဌာန်။

"နေဦး သားရဲ့ ရုပ်သေးရုပ်တွေဟာ ကြာလာရင် အသက်ဝင်လာပြီး မူလပိုင်ရှင်တွေကို ခင်တွယ်တတ်တယ်လို့ ကြားဖူးတယ်။ တစ်ခါက ဘီလူးရုပ်ဆွဲတဲ့ ဆရာတစ်ယောက်၊ အသက်ရလာလို့မဆွဲနိုင်တော့တဲ့အခါ တခြားလူလွှဲပေးတာ ဆွဲလို့မရဘဲ အနှောင့်အယှက်အမျိုးမျိုး တွေ့သတဲ့၊ နောက်တော့ အရုပ်ကို ဖျက်ဆီးပစ်လိုက်ရတဲ့ကိန်းဆိုက်ရော၊ အဲဒါ အဖေဝန်ထမ်းဘဝက အတွေ့အကြုံပဲ၊ အခုလည်း သားက ဝယ်လာပေမဲ့ လက်ဦးလူကို တွယ်တာနေတဲ့ သဘောပေါ့"

"ဒါဖြင့် ဘာလုပ်ရင် ကောင်းမလဲ အဖေ။ အိပ်မက်က သုံးညဆက်တိုက်ပေးတာ"

"သက်ရှိဆိုရင်တော့ မိတစ်ကွဲ ဖတစ်ကွဲအဖြစ်ဟာ ဆိုးတယ်မဟုတ်လား၊ သက်မဲ့ဖြစ်တာတောင် တကျီကျီသနားစရာ တောင်းဆိုနေတယ်။ စာနာပြီး သားလုပ်သင့်တာ တစ်ခုပဲ ရှိတယ်လေ"

"ကျွန်တော် နားလည်ပါပြီအဖေ။ နာမ်ကိန်းတဲ့သဘောမျိုးလို့ ကျွန်တော်ထင်တယ်လေ၊ ထူးခြားတဲ့ အိုးစည်တွေ၊ ကျွဲပွဲတွေအကြောင်းကြားဖူးထားလို့ သဘောပေါက်နေပါတယ်။ ကျွန်တော်လုပ်သင့်တာ လုပ်မှာပါ"

ဦးလွန်းမောင် - သူ့သားကို ကြည့်နေသည်က ကျေကျေနပ်နပ်အကြည့်မျိုး။

## (၅)

ဦးခင်မောင်ထွန်း ရုပ်သေးရုပ်အိတ်နှင့်ထည့်၍ ဆရာစိုးတို့အိမ်သို့ ဒုတိယအကြိမ် ရောက်လာရခြင်းပင်။ ဦးခင်မောင်ထွန်းပြောပြသည့် အဖြစ်စုံများကို ကြားရသဖြင့် ဆရာစိုးတို့မှာ တအံ့တသြ။ အိမ်ထဲ ခွေနေသူ ဒေါ်ငြိမ်းတစ်ယောက်သာ ကပျာကယာထ၍ သားတော်ရုပ်ကလေးကို ပွေ့ပွေ့ဖက်ဖက်။

ဦးခင်မောင်ထွန်းက သားတော်ရုပ်ကလေးအား ဝယ်ထားရာမှ ပြန်ပေးခဲ့လေပြီ။ ဆရာစိုး တာဝန်က သူ့ငွေပြန်ပေးရန်သာ။ သို့သော် - ကြွေးပူကလေးများနှင့် ဝယ်သင့်ဝယ်ထိုက်သည့် ပစ္စည်းကလေးများ ဝယ်ထားမိသဖြင့် ပိုက်ဆံမှာ နှစ်သောင်းကျော်ကျော် သုံးသောင်းပင် မပြည့်တတ်။ သူ့အတွက် မလွယ်ကူ။

"အဆင်မပြေလို့ ဦးခင်မောင်ထွန်း ပြန်ပေးတာဟုတ်ပါပြီ။ ဒါပေမဲ့ လောလောဆယ် မောင်ရင့်ကို ပြန်ပေးဖို့ ပိုက်ဆံအပြည့်အဝ ဆရာကြီးမှာ မရှိတာ အမှန်ပါ။ နွေဦးပေါက်ပွဲငှားခလေးရရင် ဆက်ဆက် ပြန်ပေးပါ့မယ်ကွယ်"

ဦးခင်မောင်ထွန်း ဆရာကြီး စကားကြောင့် တဟားဟား ရယ်လိုက်၏။ ဆရာစိုး ရင်ထဲပန်းထဲ တုန်ယင်၍ ခေါင်းကြီးသွားမိသည်။

"တကယ်ပေးမှာပါ၊ ယုံပါကွယ်၊ ဆရာကြီးဟာ စကားတည်တဲ့လူတစ်ယောက်ပါ။ ခုလည်းကျန်နေတဲ့ ငွေနှစ်သောင်းကျော်ကျော် ရှိပါသေးတယ်။ ပေးလိုက်မှာပါ။ အဆင်သင့်ရှိနေတယ်"

ဦးခင်မောင်ထွန်းက ဆရာစိုးကို စူးစူးစိုက်စိုက်ကြည့်လိုက်၏။ ပြီးတော့ အားရပါးရပြုံးမိသည်။

"ဆရာကြီးက ကျွန်တော် ဝယ်သွားတဲ့ သားတော်ရုပ်ကလေး ပြန်ပေးတော့ ငွေပြန်တောင်းလိမ့်မယ် ထင်နေတာကိုး"

"ဝယ်ထားတဲ့ပစ္စည်း ပြန်ပေးရင်ငွေကို ပေးရမှာသိပါတယ်ကွာ"

ဦးခင်မောင်ထွန်းကရယ်ပြီးခေါင်းကို ဘယ်ညာခါရမ်းလိုက်သည်။

"ကျွန်တော် ဝယ်စထဲက ပြောခဲ့ပါတယ်။ ဆရာကြီးရဲ့ပညာကို လေးစားလို့ ပူဇော်တယ်ဆိုတဲ့စကားအတိုင်း တစ်ပြားမှ မယူပါဘူး။ ဆရာကြီးတို့ မိသားစုအတွက် လိုရာသုံးဖို့ ကန်တော့ခဲ့တာပါ"

ကြားရသည့် စကားအတွက် ဆရာစိုးမှာ ဝမ်းပန်းတသာ မျက်နာဝင်းပသွား၏။

"ဦးခင်မောင်ထွန်းကို ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူး။ သားတော်ရုပ်ကလေး ပြန်မရရင် ကျုပ်ဇနီး အသက်ရှည်ပါ့မလားလို့ တွေးမိတယ်။ တကယ့်အဖြစ်ဆိုးခဲ့တာ"


ဆရာစိုးက ဒေါ်ငြိမ်းအဖြစ်သနစ်ဖောက်သည်ချလိုက်ပြန်၏။ ဦးခင်မောင်ထွန်းမှာ ပါးစပ်အဟောင်းသားနှင့် အံ့အံ့သြသြ။

"သိပ်ဆန်းတယ်ဗျာ၊ သက်မဲ့အရုပ်ကလေးအပေါ်ထားတဲ့ ထူးထူးခြားခြား မေတ္တာတွေပဲ။ တစ်ခါ တစ်ခါ တကယ့်အဖြစ်တွေဟာ စိတ်ကူးယဉ်ဇာတ်လမ်းတွေထက် ဆန်းကြယ်တာကိုတော့ ယုံသွားပြီ"

ကားသစ်ကြီး ထွက်အသွားတွင် ဝမ်းသာအားရ လက်ပြကျန်ရစ်ကြသော ဆရာစိုးနှင့် ဒေါ်ငြိမ်းတို့ ဇနီးမောင်နှံအပြင် မမြင်ရသော်မှ လက်ပြနှုတ်ဆက်နေမည့်သူမှာ မေမေချစ်တဲ့သား (သားတော်ရုပ်ကလေး) ဖြစ်ပါလိမ့်မည်။

### မျိုးသစ်

ဟင်္သာတခရိုင် နှင့် ဧရာဝတီတိုင်း ဂုဏ်ဆောင် ဂျာမနီပြန် ရုပ်သေးဆရာကြီး ဦးစိုးမြင့် (ကွယ်လွန်) နှင့် ဇနီး ဒေါ်ခင်ငြိမ်းတို့ကို အမှတ်တရ။


ကိုကြီး
2015

# လာရန်ရာနှုန်း (၉၀)

**ကိုကြေး**

Dr ထွန်းလွင် (မိုးလေဝသပညာရှင်)စကားအရ ရွာရန်ရာနှုန်း ငါးဆယ်ဆိုသည်မှာ...

မိုးရွာချင်ရွာမည်၊ မရွာချင် မရွာပါ ဟုဆိုလိုသည်။ ရွာရန်ရာနှုန်းလေးဆယ်ဆိုပါက မရွာရန် ပိုများခဲ့သည်။

ရွာရန်ဆယ်ရာနှုန်းဆိုလျှင် စဉ်းစားရန် လုံးဝကို ရွာမည်မဟုတ်တော့ပေ။

နတ်တော်လ၏ တစ်နေ့သော နံနက်ပိုင်းတွင် နှင်းများ ကျနေသော်လည်း နေမြင့်လာသည်နှင့်အမျှ နှင်းစက်နှင်းပေါက်တို့ ပျောက်ကွယ်သွားခဲ့သည်။ စီးလာသော စက်ဘီးရပ်ကာ တစ်ဖက်လမ်းကူးမည်ကြံရွယ်ပြီး စက်ဘီးလက်ကိုင်ကို လှည့်လိုက်ရာ အသိဖြစ်သူ စခန်းမှူးကတော်ကို မမျှော်လင့်ဘဲတွေ့လိုက်ရခြင်းဖြစ်သဖြင့် ဝမ်းသာအားရ နှုတ်ဆက်မိသည်။

လွန်ခဲ့သော (၁၂)နှစ်ခန့်က ရပ်ရေးရွာရေးကိစ္စများ၊ တိုက်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အတူလက်တွဲဆောင်ရွက်ခဲ့သောကော့ကပ်စခန်းမှူး၏ဇနီးဖြစ်ပြီး မမျှော်လင့်ဘဲ ဒီလိုနေရာမျိုးမှာ တွေ့လိုက်ရသည့်အတွက် အံ့သြမိခြင်းပါ။

"ဟော ... ဆရာမ ဟသာ်တကို ပြန်ရောက်နေတာကိုး"

"ကျွန်မ ပြန်ရောက်တာ သုံးလေးရက်ရှိပြီ၊ သားကြီး ဗိုလ်သင်တန်းဆင်းတာ (၅) လလောက်ကြာပြီ။ (ခလရ-၁၈)မှာတာဝန်ကျနေတယ်၊သဘက်ခါ ရှေ့တန်းထွက်ရမယ်တဲ့"

"ဟုတ်လား ဆရာ ပါမလာဘူးလား"

"မပါဘူး . . . သားကြီးကို အားပေးစကားလေး လိုက်ပြောပေးပါဆိုတာတောင်" "တို့ရဲ့ရဲတပ်ရင်းက လုပ်ငန်းတွေ အရမ်းများတယ်၊ လူကြီးတွေ အချိန်မရွေး လာနိုင်တယ်၊ နောက်ပြီး သူက ပြောသေးတယ်၊ စစ်သားရှေ့တန်းထွက်ရတာ ဘာအဆန်းလဲတဲ့၊ စစ်သားဆိုတာ ရှေ့တန်းထွက်ရမှာဘဲ ...အေး ...ငါမဖြစ်မနေလာမယ်ဆိုရင် ၁၀ ရာနှုန်းပဲရှိမယ်"

မိခင်တစ်ဦးအနေဖြင့် သားကို ယုယပိုက်ထွေးထားချင်သည်မှာ မိခင်တိုင်းရင်ထဲမှာ ရှိပေမည်။ ခင်ပွန်းသည် လိုက်မလာခြင်းကို ရင်ထဲမှာ သိပ်ကျေနပ်ပုံမရ။

စခန်းမှူးဆိုသော်လည်း ရွာသူရွာသားများက "ဆရာ"ဟု ခေါ်ပြောနေကြသည်ကို ကြည်ဖြူစွာ လက်ခံသူဖြစ်သည်။ တိုက်နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အလွန်စိတ်ဝင်စားပြီး ဆောင်ရွက်ခဲ့သူဖြစ်သောကြောင့် တိုက်နယ်မှ စုပေါင်းဆောင်ရွက်မှုမှန်သမျှကို အသိပေးအကြောင်းကြားလေ့ရှိသည်။ ဒါကိုလည်း ဝမ်းပန်းတသာ ကြိုဆိုသူတစ်ဦးပါ။ သူကိုယ်တိုင်က ပရဟိတစိတ်ဝင်စားသူမဟုတ်လား။

ယခုတတိယအကြိမ် စာပေဟောပြောပွဲကိုစာရေးဆရာအဖျောက်မြေ မောင်ဆွေမွန်၊ မောင်မောင်ဆန်းညွန့်၊လွမ်းတင်ဌေး၊ရွာမိရွာဖဦးခင်မြင့်၊ ဦးကျော်စိန်နှင့် ကျေးရွာအေးချမ်းသာ

ယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ စာပေဝါသနာရှင်များ၊ လူငယ်များက "ရန်အောင်မြင်" တံတားအထိမ်းအမှတ် စာပေဟောပြောပွဲ ကျင်းပသည့်အတွက် ဖုန်းဆက်အကြောင်းကြားရမည်ဖြစ်၍ စခန်းမှူးကတော် အားနှုတ်ဆက်ရန်ကိုအောင်ကြည်မြင့် (ဆက်သွယ်ရေး)အိမ်သို့ ထွက်လာခဲ့သည်။

"ဟဲလို . . . ရဲမှူးမြင့်သိန်း ရှိပါသလား"

"ဟုတ်ကဲ့ ...ရှိပါတယ်"

"ကျွန်တော် . . . ကိုကြေးပါ။ ကျွန်တော်တို့ တိုက်နယ်မှာ တတိယအကြိမ် "ရန်အောင်မြင်တံတား" အထိမ်းအမှတ်စာပေဟောပြောပွဲလုပ်တယ် ဆရာ။ အဲဒါ . . . ဆရာ့ကို အသိပေးတာပါ"

"ကောင်းတာပေါ့၊ စာပေဟောပြောပွဲလုပ်တာ ကောင်းတဲ့အစီအစဉ်ပဲ။ စာရေးဆရာတွေရဲ့ တစ်သက်တာ အတွေ့အကြုံကို တစ်ညတာလေး နားထောင်လိုက်ရုံနဲ့ ဗဟုသုတတွေရမှာ ဖြစ်တယ်၊ ကျေးရွာတွေမှာ တိုက်နယ်တွေမှာ လုပ်သင့်တဲ့အလုပ်ပဲ၊ ဒါကြောင့်လည်း ခင်ဗျားတို့ရွာ ခင်ဗျားတို့တိုက်နယ် တိုးတက်တာပဲ၊ ဒါနဲ့ စာရေးဆရာတွေက ဘယ်သူတွေလဲ"

"ဟုတ်ကဲ့ပါ ဆရာ၊ ဟင်္သာတတက္ကသိုလ်စာကြည့်တိုက်က ဆရာမ အကူအညီနဲ့ ဆရာမောင်သာချိုနဲ့ အဆက်အသွယ်ရတယ်။ ဆရာမောင်သာချို ဆက်သွယ်ပေးတာ ပုတီးကုန်း မောင်စိန်ဝင်းရယ်၊ ဆရာ ကိုသုမောင်ရယ်၊ ဆရာချစ်ဦးညိုရယ်၊ ဆရာမောင်သာချိုရယ်ပေါ့၊ ဆရာ လာနိုင်ရင် လာစေချင်တယ်"

"ဒီအတွဲကလည်း ကောင်းလှချည်လား ... ဒီလိုစာပေဟောပြောပွဲတွေလုပ်နေလို့ တစ်ဦးနဲ့တစ်ဦး နားလည်မှုတွေရရှိလာပြီး တိုင်ပင်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ကြတာ လမ်းတွေ၊ တံတားတွေ ဖြစ်ပေါ်လာတာလည်းအမြင်ပဲ။ အဓိကကတော့ ခင်ဗျားတို့လို ကိုယ့်ကျေးရွာ တိုးတက်စေချင်တဲ့စေတနာရှိတဲ့သူတွေ၊ ကိုယ်ကျိုးမဖက်တဲ့ ရွာမိရွာဖတွေ၊ အုပ်ချုပ်တဲ့သူတွေအားလုံး ညီညွတ်ကြလို့ပါပဲ။ ခင်ဗျားတို့ရွာက ခေါင်းဆောင်ကောင်း၊ နောက်လိုက်ကောင်းတဲ့သူတွေ ရှိတယ်။ အဖွဲ့အစည်းပဲဖြစ်ဖြစ်၊ တိုက်နယ်ပဲဖြစ်ဖြစ်၊ တိုင်းပြည်ပဲဖြစ်ဖြစ်၊ ခေါင်းဆောင်ကောင်း၊ နောက်လိုက်ကောင်းတွေရှိရင် တိုးတက်ဖွံ့ဖြိုးတာပါပဲ၊ ခင်ဗျားတို့ သတိတရနဲ့ အသိပေးတာကို အသိအမှတ်ပြုတဲ့အနေနဲ့ လာခဲ့မယ်၊ ကျွန်တော် လာဖြစ်အောင်လာခဲ့မယ်။ လာရန်ရာနှုန်း ၉၀ ပဲ"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျေးဇူးတင်ပါတယ်"

လာမယ်ဟု မမျှော်မှန်းခဲ့သော်လည်း "လာခဲ့မယ်" ဆိုပြီး ပြောစကားကို ကျွန်တော် ကြားလိုက်ရသည့်အခါ ဝမ်းသာဝမ်းနည်းဖြစ်မိသည်။

သူ့ဇနီး ဆရာမပြောတော့ သားရှေ့ဓာန်းထွက်မည်ကို အားပေးစကားပြောပေးရန်မှာ ၁၀ ရာနှုန်း၊ စာပေဟောပြောပွဲ လုပ်သည့်အကြောင်း အသိပေးသောအခါ လာရန်ရာနှုန်း ၉၀၊ ကျွန်တော်နားထဲ အကြားမမှားပါ။


"လာရန်ရာနှုန်း ၉၀" ကိုသာ နားထဲမှာ . . . ကြားယောင်ပြီး ဖုန်းဆက်သည်။အိမ်မှထွက်လာခဲ့သည်။စဉ်းစားကြည့်ပါက -

မိသားစုအရေးထက် ရပ်ရွာကောင်းကျိုးလုပ်ငန်းအား ဦးစားပေးခဲ့သူ ဆရာကို ကျွန်တော် ကြည်ညိုလေးစားမဆုံး ဖြစ်ရ၏။ တစ်ခါက စာရေးဆရာပါရဂူနှင့် စာနယ်ဇင်းသမားတစ်ဦး ခေတ္တတွေ့ဆုံ၍ လိုရင်းတိုရှင်း အင်တာဗျူးကြရာ စာနယ်ဇင်းပုဂ္ဂိုလ်က (ဆရာ လူတစ်ယောက်ကို ဘာကိုကြည့်ပြီး ဆုံးဖြတ်၊ သုံးသပ်ပါသလဲ၊)

"အဲဒီလူမှာ ပရဟိတစိတ်ဓာတ် ဘယ်လောက်ရှိသလဲ၊ အများအကျိုးအတွက် ဘယ်လောက်စွန့်လွှတ်စွန့်စားနိုင်သလဲဆိုတဲ့အပေါ်မှာကြည့်ပြီး သတ်မှတ်တယ်" ... ဆိုပြီး ဆရာကြီးက ဖြေသွားတဲ့အကြောင်း ကျွန်တော် ဖတ်ဖူးတာလေးကို သတိရလိုက်မိပါတော့သည်။

**ကိုကြေး**

ဇလွန်မြို့နယ်၊ ပျဉ်းမကုန်းနယ်မြေ စာပေရောင်းရင်းများနှင့် ဒုတိယရဲမှူးကြီးမြင့်သိန်း(ငြိမ်း)တို့သို့ အမှတ်တရ၊



# ဒါပေမဲ့

**ကိုချိန်ချိန်**

"လာကြနော် ငါးခူတွေ ပေါ်နေပြီ"

"ငါးပြေမစိမ်းစိမ်းကြီးတွေ ယူပါဦး အစ်မ။ တစ်ခါတည်း ကိုင်ပေးလိုက်မယ်"

"ခုမှ မော်တော်ဆိုက်လို့ ရောက်လာတာ၊ ရေခဲရိုက်မဟုတ်ဘူး၊ ငါးရွှေစရေးတွေ၊ ငါးသလဲတိုးတွေ၊ လတ်လိုက်တာ ဖျပ်ဖျပ်ခုန်လို့၊ ယူသွားပါဦး ညီမလေး။ ဒီငါးက ရခဲတယ် ယူပါညီမရဲ့"

ခရိုင်မြို့ကြီးတစ်မြို့၏ ငါးစိမ်းတန်းဖြစ်သည်။ ငါးစိမ်းတန်း၏ အင်္ဂါရပ်နှင့်အညီ မြေလေးချောင်း၊ မြေနှစ်ချောင်းနှင့် ရေချို၊ ရေငံငါးမျိုးစုံရသည်။ ထိုဈေးကိုအမှီပြု၍ မီးဖိုချောင်သုံး ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်မှအစ ကုန်စုံဆိုင်များ၊ ကုန်စိမ်းဆိုင်များ၊ ငါးပိ၊ ငံပြာရည်၊ ငါးခြောက်ဆိုင်များ ဝန်းရံထားသည်။

နံနက်စောစော ဈေးဖွင့်ချိန်မှစ၍ တဖြည်းဖြည်း စည်ကားသက်ဝင်လှုပ်ရှားလာသည်။ နံနက် ခုနစ်နာရီမှ ကိုးနာရီဝန်းကျင်သည် ကျိတ်ကျိတ်တိုးစည်ကားချိန် ဖြစ်သည်။ ဈေးခေါ်သံ၊ ဈေးဆစ်သံ၊အလေးမခိုးပါဘူး၊မယုံရင် သမာဓိချိန်ခွင်မှာချိန်ကြည့်၊ အာမခံတယ် စသည့်အသံများဖြင့် သူ့ထက်ငါကောင်း ရောင်းချနေကြသည်။

× × ×

တချို့ဈေးဝယ်သူများသည် တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်၊ တစ်ဗန်းဝင် တစ်ဗန်းထွက်ဖြင့် ဈေးတန်းကိုနှစ်ပတ်သုံးပတ်လည်နေပေပြီ။ ဘယ်ဟင်းစားကိုဝယ်မှ မိသားစုအတွက် တွက်ခြေကိုက်မည်ကို စဉ်းစားချင့်ချိန်သူများရှိသလို ပုစွန်ထုပ်ကြီး ဘယ်ဈေးလဲ၊ တစ်ပိဿာချိန်လိုက်၊ မြစ်ငါးတန်စစ်ရဲ့လား၊ မွေးမြူရေးဆိုရင် မစားဘူးနော်။ ဝမ်းဗိုက်သားဆူဆူ ငါးဆယ်သားချိန်လိုက်၊ တန်ဖိုးကြီးသော ငါးသားပုစွန်များကို ဈေးမဆစ်ဘဲ ငွေကြေးအထပ်လိုက်ကိုင်၍ ဝယ်နိုင်ခြမ်းနိုင်သူများလည်း ရှိနေ၏။

ထိုအထဲမှာမှ အသက်ငါးဆယ်ဝန်းကျင်ရှိ အမျိုးသမီးတစ်ဦးကိုမူ ဈေးသည်အများစုမှ ဦးစားပေးဈေးခေါ်ကြ၏။ သူမ ကြိုက်နှစ်သက်သော၊ လတ်ဆတ်သော သားငါးများဆိုလျှင် ဈေးဆစ်လေ့မရှိ။ သို့သော် အလေးချိန်ခွင်မှန်ရန်လိုသည်။ ဈေးဝယ်ပြီးတိုင်း "သမာဓိ"ချိန်ခွင်တွင် သွားချိန်လေ့ ရှိသည်။ အပိုမလိုချင်၊ မှန်ဖို့သာ အဓိက ဖြစ်သည်။ ချိန်ခွင်လျှာနောက်သို့ နည်းနည်းလေးယို့ကြည့်၊ ထိုဆိုင်သို့ နောက်ဈေးဝယ်မလာတော့၊ ဘယ်လောက်ဈေးခေါ်ကောင်းကောင်း၊ ဘယ်လောက် နှုတ်ချိုချို လှည့်ကြည့်တတ်သူမဟုတ်။

ယခုလည်း ထိုအမျိုးသမီး ဈေးတွင်းသို့ ဝင်လာသည်။ သူမသည် ဝမ်းဆက်(OneSet)ဝတ်ဆင်လေ့ရှိသည်။ မြေသည်း၊ လက်သည်း၊ ဖိနပ်၊ ထဘီ၊ အင်္ကျီ၊နှုတ်ခမ်းနီ၊ပါးနီမှအစ ခေါင်းတွင်ပန်ထားသော ပန်းအဆုံး၊ ဆင်တူနည်းပါးမျှတူအောင် ဝတ်ဆင်၏။ ပင်ပန်းစွာဘာမှလုပ်ရဟန်မရှိ။ အချိန်ရှိသရွေ့ အလှပြင်ခြင်း၊ လေ့ကျင့်ခန်း ပြုလုပ်ခြင်းဖြင့် လင်ယောကျ်ားအလိုအတိုင်းနေထိုင်သော ချမ်းသာကြွယ်ဝသူ (သို့မဟုတ်) အရာရှိကတော် ဖြစ်လောက်သည်ဟု ဈေးသည်အများစုက ယုံကြည်လက်ခံထားကြသည်။

သူမသည် လိုအပ်သော ဟင်းစားများဝယ်ပြီးပြီ။ အိမ်ကလူ ချင်ခြင်းတတ်နေတာကြာပြီ၊ ပုစွန်ဥနှင့် ချဉ်ပေါင်လက်ခြားဟင်းချို၊ စားတော်ပဲပြုတ်နှင့်

မျှစ်ကြော်ကို စားချင်လို့ မှာနေတာကြာပြီ။ မျှစ်က အိမ်မှာရှိသေးသည်။ ပုစွန်ဥကိုလည်း မှာထားတာကြာပြီ၊ ပုစွန်ဥရမှ စားတော်ပဲနှင့် ချဉ်ပေါင်လက်ခြားဝယ်မည်။

(၂)

"ဟဲ့ . . . ကလေးမ . . . ဒါ ဒေါ်ကြင်ရီဆိုင် မဟုတ်လား၊ ဒေါ်ကြင်ရီ ဘယ်သွားလဲ"

"ဟုတ် . . . ဟုတ်ပါတယ်အန်တီ၊ ပုစွန်ဥမှာထားတဲ့ အန်တီကြီး မဟုတ်လား။ ဒေါ် . . ဖြူဖြူ . . စော . . . ဟုတ်ပါတယ်နော် . . ."

အမျိုးသမီးကြီးသည် ခေါင်းညိတ်ပြီး အေး . . . ဟုတ်တယ်။ ငါမှာထားတဲ့ ပုစွန်ဥဒီနေ့ရမှာလားဟုခပ်တည်တည် ခပ်ဆတ်ဆတ်မေးလိုက်၏။

"အမေနေမကောင်းလို့ . . . သမီး ကျောင်းပိတ်ရက်နဲ့ကြုံတာနဲ့ ဈေးကူထွက်တာပါ။ အန်တီမှာတဲ့ ပုစွန်ဥ ပါ.ပါတယ်။ သေသေချာချာသန့်ပြီးသားပါ"

"အေး . . . အေး ဒါဖြင့် ငါမှာထားတဲ့အတိုင်း အစိတ်သားချိန်လိုက်၊ အခွန်တို့ နုတ်ခမ်းမွှေးနဲ့ ခြေထောက်တွေ မပါစေနဲ့နော်"

"စိတ်ချပါအန်တီ၊ ဒါမျိုးက အန်တီတို့လိုသူဌေးတွေ မျက်နှာကြီးတွေသာ ဝယ်စားနိုင်တာပါ၊ သမီးတို့အနေနဲ့ ဖောက်သည်တစ်ယောက် လက်လွှတ်ခံလို့မဖြစ်ပါဘူး"

ဈေးရောင်းသူ အမျိုးသမီးငယ်သည် နံဘေးရှိ ကြွေရည်သုတ်ထမင်းအုပ်ကိုဖွင့်၍ ဇွန်းနှင့်မွှေနောက်ပြီး ဒီမှာကြည့်ပါ အန်တီ၊ ဘာအမှိုက်မှမပါပါဘူး၊ အိမ်ရောက်ရင် ငံပြာရည်နဲ့ နောက်ဆုံးအဆင့် ကျင်ပေးလိုက်ရင်ပြီးပါပြီ။ မီးအေးအေးနဲ့ ကျက်အောင်သာ လှော်ထား၊ နစ်ပေါက်အောင်ခံတယ်ဟု ချိုသာပြုံးရွှင်သောမျက်နှာဖြင့် ပြန်ပြောသည်။ ဈေးသည်အမျိုးသမီးငယ်နှင့်ကပ်လျက် ငါးမြင်း၊ ငါးတန် စသော ဈေးကြီးငါးရောင်းသူ ဒေါ်ညို့ဆိုသည့် အမျိုးသမီးကြီးမှ စိတ်ချပါ အစ်မကြီး၊ မကြင်ရီ မနေ့က တစ်ဈေးလုံးလိုက်စု တစ်နေ့လုံး ရေအထပ်ထပ်ဆေးပြီး သန့်ထားတာ၊ အစ်မကြီးမှာထားတာကြာပြီ၊ မပေးနိုင်လို့ မျက်နှာပူတယ်ဆိုပြီး တတွတ်တွတ်ပြောနေတာ၊ ဒါကြောင့် သူနေမကောင်းပေမဲ့ သူ့သမီး ထက်ထက်ကို ဈေးထွက်ခိုင်းတာဟု ကူ၍ဝင်ပြောလိုက်သည်။ ထို့နောက် သမီးထက်ထက် သေသေချာချာ ချိန်ပေးလိုက်ဟု ဈေးသည်အမျိုးသမီးငယ်အား ပြောလိုက်လေသည်။ ထက်ထက်သည် ပုစွန်ဥအစိတ်သားကိုသေချာစွာ ချိန်ပေးပြီးအင်ဖက်နှင့်လုံခြုံစွာ ထုပ်ပေးလိုက်၏။

ထိုစဉ် . . .

သူတို့အနီးတွင် ကုမ္ပဏီယူနီဖောင်းဝတ်ထားသော လူရွယ်နှစ်ဦးအနက် စီနီယာဖြစ်ဟန်တူသော လူရွယ် ကိုမောင်မောင်အေးဆိုသူမှ ကျန်တစ်ဦးအား . . .

"မင်းတွေ့လား" "မားကက်ပရိုမိုးရှင်း"ခေါင်းစဉ်နဲ့ သင်တန်းမှာသင်တဲ့ လက်တွေ့ပြကွက်ပဲ၊ ဈေးဝယ်သူကို ဦးစားပေးချိုသာပြုံးရွှင်တဲ့မျက်နှာထားနဲ့ ကိုယ့်ဆီက တစ်ခုခုမဝယ်ဘဲ ပြန်ထွက်လို့မရအောင် ရောင်းနိုင်တဲ့စွမ်းရည် ဒို့ကုမ္ပဏီလုပ်ငန်းတွေမှာ ရှိတယ်လေ၊ ဒိုးတူဒိုးဆိုတာ အိမ်တိုင်ရာရောက်တံခါးဝအထိ ဝန်ဆောင်ပေးရမယ်ဆိုတဲ့ ဆောင်ပုဒ်လေ၊ ဟိုသင်ခန်းစာကွာ၊ ကာစတန်မာအစ်(စ်)ရိုက်(စ်) (Right) ဆိုတာလေ။ ဝယ်သူ (သို့မဟုတ်)ဖောက်သည်ဘက်ကအမြဲမှန်တယ်ဆိုတာလေ"

(၃)

လက်တွေ့ကျသော သင်ခန်းစာကို ဒေါ်ဖြူဖြူစောနှင့် ဈေးသည် မထက်ထက်တို့ အပြန်အလှန် ဈေးဝယ်ဈေးခေါ်ပုံများကို တီးတိုးပြော၍ ထွက်သွားသည်ကို ဝန်းကျင်တစ်ခုလုံး သတိမထားမိပေ။

× × ×

ပုစွန်ဥနှင့် ငါးဖယ်ခြစ်ရောင်းသော ထက်ထက်ဆိုင်ရှေ့သို့ စည်ပင်သာယာယူနီဖောင်းဝတ် လူရွယ်နှစ်ဦး ရောက်ရှိလာသည်။

"နင်က ဒေါ်ကြင်ရီ သမီးမဟုတ်လား၊ ချိန်ခွင်နဲ့ အလေးတွေပေး၊ နင်ပါလိုက်ခဲ့"

ဝန်ထမ်းများအလေးတောင်းငယ်နှင့်ချိန်ခွင်ကိုအတင်းသိမ်းယူနေသည့်အထိ ဈေးသည်မလေး ထက်ထက်မည်သို့တုံ့ပြန်ရမည်ကို တဒင်္ဂစဉ်းစားမရ ဖြစ်နေသည်။ မနေသာသော ဒေါ်ညို့တို့ သားအမိမှ -

"ဟဲ့ . . .ဟဲ့ . . .နေစမ်းပါဦး၊ ဘာဖြစ်လို့လဲဆိုတာ ပြောဦးမှပေါ့။ ဘာမပြော၊ ညာမပြောနဲ့ ဒီလိုမလုပ်နဲ့လေ"

"အမျိုးသမီးကြီးတစ်ဦး အထုပ်တွေ လာချိန်တယ်၊ ဒီဆိုင်က ပုစွန်ဥဝယ်တာ ငါးကျပ်သားအလေးခိုးထားတယ်ဆိုပြီးတိုင်လို့ အလေးနဲ့ချိန်ခွင်တွေစစ်ဖို့ လာသိမ်းတာ"

ဒီနေ့မနက် ပုစွန်ဥကို အမျိုးသမီးနှစ်ဦးသာ ရောင်းချခဲ့၏။ ထက်ထက်

တို့အနေဖြင့် အော်ဒါမှာသူရှိမှ ပုစွန်များကို တစ်ဈေးလုံး ဟိုဆိုင်နည်းနည်း၊ ဒီဆိုင်နည်းနည်း လိုက်စုရတာဖြစ်သည်။ အော်ဒါမှာတဲ့သူ ပိုလျှံမှ အပြင်လူကို ရောင်းတာဖြစ်သည်။ ဘယ်သူဖြစ်နိုင်သည်ကို တွေးမရ၊ တွေးဆ ပုံဖော်ကြည့်သည်၊ ပုံဖော်၍မရ၊ ထက်ထက်တို့လို ဈေးရုံကြီးခုံပေါ်မှာ ရောင်းသူများသည် ကြိုက်ဈေးတင်ရောင်းမည်၊ အလေးခိုးရောင်းချကြသူများ မဟုတ်၊ အပြင်ပျံကျဈေးသည်များသာ ဒီလိုပြဿနာမျိုးဖြစ်နေကျဖြစ်၏။ ဝန်းကျင်ဆိုင်များမှလည်း ဈေးရုံအတွင်း ဈေးသည်တွေ သိက္ခာကို ထိခိုက်သည်ဟု ဆိုကြသည်။ ထက်ထက်ကိုလည်း အလေးမှားချိန်သလား၊ အလေးမှားသလားဟု ဝိုင်းမေးကြသည်။ ထက်ထက်မှလည်း မမှားကြောင်း၊ အခိုင်အမာပြောဆိုသည်ကို အနီးရှိ ဈေးသည် ဒေါ်ညိုမှ သူ အသေအချာကြည့်နေသည်ဟု သက်သေခံထွက်ဆိုသည်။ ဒေါ်ညိုတို့သားအမိ ဦးဆောင်၍ “လာ… ထက်ထက် ဒေါ်လေးတို့ရှိတယ်ဟုဆိုပြီး သမာဓိချိန်ခွင်ရှိရာ စည်ပင်ဈေးခေါင်းရုံးဘက်သို့ ထွက်ခွာသွားကြသည်။

သမာဓိချိန်ခွင်တည်ရှိရာ ဈေးခေါင်းရုံးအရောက်တွင် နောက်ဆုံးလာဝယ်သော ပန်းခရမ်းအနုဝမ်းဆက်နှင့် အမျိုးသမီးကြီးကို မျက်နှာတင်းတင်းနှင့်တွေ့ရသည်။

“အဲဒီကောင်မလေးပေါ့၊ အသေအချာပြောထားတာတောင် ဒီလို အလေးခိုးတယ်၊ ရုပ်ကလေးက သနားကမားနဲ့”

မြင်မြင်ချင်း ဆောက်နဲ့ထွင်းချေပြီ၊ ဈေးသွားဈေးလာများသည် ငှဲစောင်းကြည့်သွားသူရှိသလို ခွေးနှစ်ကောင်ကိုက်လျှင်တောင် ဝိုင်းကြည့်တတ်သောဓလေ့အတိုင်း မနီးမဝေးမှ ရပ်ကြည့်နားစွင့်နေသူများရှိသည်။

(၄)

ဈေးတာဝန်ခံ ကိုသန်းဦးသည် မနေသာတော့ဘဲ ချိန်ခွင်တာဝန်ကျဝန်ထမ်းကို ဘေးဖယ်ခိုင်းပြီး ချိန်ခွင်ခုံပေါ်သို့ တက်လာခဲ့သည်။

ဒေါ်ဖြူဖြူစောသည် သုန်မှုန်သောမျက်နှာဖြင့် မင်းတို့ ဘယ်လိုစီစဉ်ပေးမှာလဲ၊ လူတွေဝိုင်းအုံလာပြီ သူတို့မရှက်ပေမဲ့ ငါရှက်တယ်ဟု ဈေးတာဝန်ခံကို မေးလိုက်၏။ “နေပါဦး အစ်မကြီး၊ သူတို့ အလေးချိန်ခွင်ကို စစ်ပါရစေဦး”

တာဝန်ခံ ကိုသန်းဦးသည် စံချိန်ခွင်၊ စံအလေးများဖြင့် ထက်ထက်၏ ချိန်ခွင့်နှင့်အလေးများကို တိုက်ကြည့်နေသည်။ ဤဖြစ်စဉ်ကို ဝန်းကျင်ဈေးသွားဈေးလာများမှ တီးတိုးလေသံဖြင့်

“ဘာဖြစ်လို့လဲ”

“ပုစွန်ဥ အစိတ်သားဝယ်တာ၊ ငါးကျပ်သားအလေးခိုးလို့ ဈေးခေါင်းကို လာတိုင်တာ”

“ကောင်မလေးက သနရုပ်ပနဲ့ လုပ်ရဲတယ်နော်”

“အေးလေ …ပုစွန်ဥငါးကျပ်သား ဆိုတာ နည်းတဲ့တန်ဖိုးလား”

“ဒီမိန်းမကြီးက သူ့အဝတ်အစား၊ သူ့ဂုဏ်နဲ့ သူမို့မရှက်တယ်”

“ကလေးမလေးက ကျောင်းသူလေးပါ၊ သူ့အမေ နေမကောင်းလို့ ဈေးထွက်ပေးတာလို့ပြောတယ်၊ သူ တော်တော်ရှက်မှာပဲ”

ဝန်းကျင်မှ အမျိုးမျိုးသော ဝေဖန်သံ၊ မှတ်ချက်ပေးသံများ စုံလင်စွာထွက်ပေါ်လာသည်။ အမျိုးသမီးကြီး ဈေးဝယ်စဉ်ကရောင်းပုံဝယ်ပုံကိုလက်တွေ့သင်ကြားပြသခဲ့သည့် ကုမ္ပဏီဝန်ထမ်း ကိုမောင်မောင်အေးနှင့် သူ့အဖော်တို့လည်း ဈေးအပြင် ပြန်ထွက်လာခိုက် တွေ့ကြုံရသော ဤဖြစ်စဉ်ကို မသိမသာ အကဲခတ်နေကြသည်။

ဈေးတာဝန်ခံ ကိုသန်းဦးသည် စံအလေးများဖြင့် မည်သို့ချိန်ချိန်၊ ထက်ထက်၏ ချိန်ခွင်နှင့် အလေးများတွင် အပြစ်မရှိကြောင်း တွေ့ရသည်။ အမျိုးသမီးကြီးကလည်း နောက်ဆုတ်ပေးမည့်ပုံမရှိ၊ အထက်တန်းစားတွေဆိုတော့ သူ့ဂုဏ်ပါ ဝိတ်နဲ့ဖိလာကောင်းဖိလာနိုင်သည်။ အလေးခိုးခြင်းမဟုတ်ဘဲ အလေးမှားချိန်ခြင်း ဖြစ်နိုင်သည်ဟု မရေရာသော ဆုံးဖြတ်ချက်ကိုသာ ချမိသည်။

“မောင်ဟိုဒင်း ဘယ်လိုလဲ၊ မပြီးသေးဘူးလား၊ နေမြင့်လာပြီ၊ ဟင်းချက်နောက်ကျနေပြီ၊ ငါးကျပ်သားဖြည့်ပေးရင်ပေး၊ မပေးရင် သူ့ပုစွန်ဥ ငါမဝယ်တော့ဘူး၊ ငါ့ပိုက်ဆံပြန်ပေး၊ ကဲ ဘယ်လိုဖြေရှင်းမှာလဲ”

ဈေးတာဝန်ခံ ကိုသန်းဦး ခေါင်းနောက်သွားသည်။

“ဒီမှာ ထက်ထက်၊ နင်တို့အလေးချိန်ခွင်တွေကိုစစ်တော့လည်း မှန်နေတယ်၊ ဦးအထင်တော့ နင်တို့အလေးမှားချိန်တယ်ထင်တယ်၊ ဒီအထုပ်ချိန်ကြည့်တော့လည်း နှစ်ဆယ်သားပဲရှိနေတာတွေ့တယ်၊ လိုတဲ့ငါးကျပ်သားနင်ထပ်ဖြည့်ပေးလိုက်”

“ထက်ထက် အလေးမမှားဘူး၊ အလေးခိုးတာမဟုတ်ဘူး၊ သူ့ဘာသာကျွန်မဆိုင်ကထွက်သွားပြီး တခြားမှာ ဘာဖြစ်ခဲ့မှန်းမှမသိတာ ထပ်ဖြည့်

မပေးနိုင်ဘူး"

(၅)

ထက်ထက် စကားကြောင့် ဒေါ်ဖြူဖြူစော ဆွေ့ဆွေ့ခုန်သွားသည်။

"နင် ဘာစကားပြောတာလဲ၊ ငါကပဲ ကလိမ်ကကျစ် လုပ်သလိုပြန်ပြောတယ်၊ အများရှေ့မှာ ချိန်တာလျှော့နေတာအားလုံးမြင်တယ်၊အလေးခိုးတုန်းကခိုးပြီး မိတော့မှ ဘာဗလောင်းဗလဲပြောတာလဲ"

"ကျွန်မတို့ ဘယ်တော့မှ အလေးမခိုးဘူး၊ အလေးခိုးမှ ထမင်းစားရတဲ့အထဲမှာ ကျွန်မတို့မပါဘူး၊ ဆင်းရဲပေမဲ့အကျင့်မပျက်ဘူး၊ ဒီနေရာမှာ တစ်သက်လုံးရောင်းလာတာ၊ တစ်ခါမှ ဒီလိုစွပ်စွဲတာမျိုးမရှိဘူး၊ မကျေနပ်ရင် လူကိုပါးရိုက်သွား၊ သိက္ခာကိုတော့အပွန်းအပဲ့မခံနိုင်ဘူး"

ဈေးခေါင်းရုံးကို ရောက်ခါစတွင် ရှက်ရွံ့ရွံ့အမူအရာဖြင့် ဒေါ်ညိုတို့သားအမိလက်ကိုကိုင်၍အရှက်သည်းသောမျက်နှာထားနှင့် ထက်ထက်သည် ဒေါ်ဖြူဖြူစော၏ အလေးခိုးရောင်းသည်ဆိုသောစကားကြောင့် မထင်မှတ်ဘဲ သွက်လက်စွာ စကားဖြင့် ပြန်ပက်လိုက်သည်။ သမီးအရွယ်၊ တူမအရွယ်၏ နှုတ်လှန်ထိုး ရန်တွေ့စကားကြောင့် ဒေါ်ဖြူဖြူစော မျက်လုံးများပြာဝေသွားသည်။ ဒေါသလည်း ငယ်ထိပ်သို့ တက်ကပ်သွား၏။

"ဒီမှာမောင်ရင် မင်း ဘယ်လိုစီစဉ်မှာလဲ၊ ငါကို မောက်မာတယ်ထင်မှာစိုးလို့ သည်းခံနေတာ၊ အိမ်ကလူကမင်းတို့ဌာနက အကြီးအကဲတွေနဲ့ ဂေါက်ရိုက်နေကြသူတွေ၊ အိမ်ရောက်လို့ဖုန်းတစ်ချက်ဆက်လိုက်ရင်မင်းတို့ဘာဖြစ်သွားနိုင်သလဲဆိုတာစဉ်းစား"

ဈေးတာဝန်ခံ ကိုသန်းဦး ခေါင်းစားနေရပြီ။ ဘာပဲပြောပြော ငါးကျပ်သားလျော့နေတာအမှန်။ ဒီအထုပ်ကိုသက်သေပြုပြီး ရုံးတွင် တရားစွဲပေးရမည်ဖြစ်သည်။ မိမိတို့က အဓိကသက်သေ၊ အလုပ်က ရှုပ်ရပြန်ပြီ။ နောက်ဆုံးအဆင့် ဒေါ်ညိုကို ဖျောင်းဖျပြီး အဆင်ပြေအောင် စီစဉ်ရတော့မည်ဟု စိတ်ကူးဖြင့် ဒေါ်ညိုတို့သားအမိကို တိုးတိတ်စွာ ခေါ်ပြောလိုက်သည်။ ဒေါ်ညိုတို့သားအမိမှ ထက်ထက်အား ငါးကျပ်သားဖြည့်ပေးရန် ပြောချိန်တွင်...

"ဒေါ်ဒေါ်တို့သားအမိကလဲ ... ထက်ထက် ဖြည့်ချိန်ပေးလိုက်ရင် ထက်ထက် အလေးခိုးသလိုဖြစ်သွားမှာပေါ့ ... ဟီး ... ဟီး ... ဟီး ... သမီးမပေးနိုင်ဘူး ... သမီး အလေးခိုးမချိန်ဘူး...ဟီး ...ဟီး..."

ပုစွန်ဥရောင်းသူ မထက်ထက် ချုံးပွဲချငိုချေပြီ။ အသားတွေ ဆတ်ဆတ်တုန်မျှ ဒေါသထွက်ပြီး ဒေါ်ဖြူဖြူစောအားဘုကြည့်ကြည့်နေသည်။ဒေါ်ညိုမှလည်း စိတ်လျှော့ပါ သမီး၊ သမီးအမေလာရင်လည်း ဒေါ်ညို ကြည့်ပြောပေါ့မယ်၊ ဈေးသည်ဆိုတာ သည်းခံရတဲ့ဘက်ကပါ။ဖြည့်ပေးလိုက်နော်...သမီးဟု နစ်သိမ့်ဖျောင်းဖျပြောဆို နေသည်။ ဤတွင်...

"ဒီကအစ်ကို...အကြပ်အတည်းဖြစ်နေပုံရတယ်၊ စွက်ဖက်တာမဟုတ်ပါဘူး၊ အကြံပြုတာပါ၊ ကျွန်တော် အစအဆုံးကြည့်နေတာပါ၊ တစ်ဖက်က ပုစွန်ဥငါးကျပ်သား လျော့တယ်၊ တစ်ဖက်ကလည်းသူချိန်ပေးတာမမှားဘူး၊ တွင်တွင်ငြင်းနေတယ်၊ အစ်ကိုတို့ချိန်တဲ့အထုပ်ကို စစ်ပြီးပြီလား၊ အထဲမှာ ဘာပစ္စည်းလဲဆိုတာ စစ်ကြည့်ပါဦး၊ စဉ်းစားစရာ ဒီတစ်ချက်ပဲရှိတော့တယ်"

(၆)

ကုမ္ပဏီဝန်ထမ်းထောက်ပြမှအားလုံး သတိထားမိပုံရသည်။ ဒေါ်ဖြူဖြူသူ့ဈေးခြင်းထဲမှ ဈေးဝယ်ထုပ်များ စစ်ကြည့်နေချိန်တွင် ဈေးတာဝန်ခံ ကိုသန်းဦး အထုပ်ကြီးကိုဖြေပြီးပေပြီ။

"ဟယ် ... စားတော်ပဲပြုတ်တွေပဲ"

"ဟောတော့ ... ပုစွန်ဥလဲမဟုတ်ဘူး"

"အဲဒါမှ ... သောက်ရက်ကွဲတာ"

ဝန်းကျင်မှ ထိုထိုသော အံ့အားသင့်မှတ်ချက်များ ပေးနေချိန်တွင် ထိုနေရာမှ ကုမ္ပဏီဝန်ထမ်းကို မောင်မောင်အေးနှင့်သူ့အဖော်ဖယ်ကြဉ်လာခဲ့သည်။

× × ×

ဈေးအပြင်သို့ ကုမ္ပဏီဝန်ထမ်းကိုမောင်မောင်အေးတို့ ရောက်ခဲ့ကြသည်။

"အစ်ကို ကာစတန်မာအစ်(စ်)ရိုက်(စ်)ဆို၊ ကာစတန်မာအက်(စ်)ဖတ်(စ်)(ထ်)ဆို၊ခုကိစ္စကျတော့ဘယ်လိုပြောမလဲ"

"ဒါတော့... ဒါပေါ့ကွာ ... ဒါပေမဲ့ ..."

**ကိုချိန်ချိန်**


အိပ်မက်တွေက
ရွှေမြို့တော်
နှင်းရွှေသည်

# အိပ်မက်ထဲက ရွှေမြို့တော်

**နန်းရွှေရည်**

"ဒေါက်တာ မြတ်ပန်းသဇင် … ဟင်္သာတတက္ကသိုလ် …" တဲ့။ ဒီစာသားလေးကိုကြည့်ပြီး ကျွန်မပျော်နေမိ၏။ ဘာကြောင့်ပါလဲ …။ ကျွန်မ ရန်ကုန်တက္ကသိုလ်မှ ဟင်္သာတ တက္ကသိုလ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည့်အမိန့်စာပေါ့။ ဒီအမိန့်စာလေးကို နှစ်ထောင်းအားရ ဖတ်ရင်း အတွေးများစွာနဲ့ပေါ့ …။ အတွေးထဲမှာတော့ -

"ဧရာဝတီတိုင်းသူ တိုင်းသား … ထက်မြက်တဲ့လူငယ်လူရွယ်လေးတွေနဲ့ တွေ့ကြုံ ဆုံဆည်းခွင့်ရမယ် …"

ဒီအတွေးတွေက ရင်ထဲမှာ လှိုင်းဂယက်တွေအဖြစ် ပျော်ရွှင်စွာ ပြေးလွှားလှုပ်ရှားနေတယ်။ တစ်ပတ်အတွင်း ရောက်ခဲ့ပါပြီ ဟင်္သာတ တက္ကသိုလ်ဆီသို့ …။ ဟင်္သာတ တက္ကသိုလ်တွင် ရှိနှင့်ပြီးသော ဆရာ၊ ဆရာမများက ရိုးသားပွင့်လင်းသော အပြုံးများနှင့် ဆီးကြိုနှုတ်ဆက်ကြ၏။ ကျေနပ်ပီတိဖြစ်ရ၏။ ကျွန်မကိုယ်တိုင်က ရိုးသားပွင့်လင်းခြင်းကို မြတ်နိုးတန်ဖိုးထားတာကိုး …။

ဒီလိုနှင့် ဟင်္သာတတွင် နေသားတကျရှိလာပြီ…။ရင်းနှီးပွင့်လင်းသော လုပ်ဖော်ကိုင်ဖက်များနှင့် အလုပ်လုပ်ရသည်မှာ အဆင်ပြေ၏။ ခဏတာ အားလပ်ချိန်လေးတွေမှာ ထွေရာလေးပါး ပြောကြတော့လည်း ရိုးသားပွင့်လင်းသော ဧရာဝတီသားတို့၏ စိတ်ဓာတ်ကို နေရာတိုင်းမှာ တွေ့ရ၏။

တစ်နေ့တွင်တော့ ဆရာမတစ်ဦးက သူ့မောင်အကြောင်း ပြောပြ၏။ သူ့ရဲ့မောင်သည် ကျောင်းဆင်းချိန် ရုံးဆင်းချိန်တွင် နှုတ်ခမ်းနီရဲရဲ၊ မိတ်ကပ်အဖွေးသား မိန်းကလေးတစ်ဦးကို ကြည့်ပြီး မနှစ်မြို့တဲ့ခံစားမှုကို ခံစားရသည်တဲ့။ ထိုအခါ သူ့အစ်မက -

"ဟဲ့ … ဟဲ့ … ငါ့မောင် … မင်းက အလိုအလျောက် ဒီမိန်းကလေးကို ဘာကြောင့် ရွံ့မုန်းတာလဲ …"

"ဟာ … ဗျာ … အစ်မကလည်း … ရုံးဆင်း ကျောင်းဆင်းချိန်ဆိုတာ အားလုံးဟာ အလုပ်ပင်ပန်းပြီး သနပ်ခါးလေးတွေမှာ ချွေးလေးတွေစို့ … ဆံတုံးလေးတွေ လျော့တော့တော့ … ပန်းကလေးတွေက နွမ်းလျလျ …၊ ကြည့်ရတာ ကြည်နူးစရာကောင်းတယ်။ ခုတော့ ရုံးဆင်းချိန်မှာ နှုတ်ခမ်းကရဲရဲ … မိတ်ကပ်ကဖွေးဖွေး … အော်ဂလီဆန်လိုက်တာ …။ မသာကြီး သနပ်ခါး လူးထားတဲ့အတိုင်း …"

ကဲ … ဘယ်လောက်သဘာဝကို မြတ်နိုးသလဲ …။ ဘယ်လောက် ဟန်ဆောင်မှုကင်းတဲ့ နလုံးသားလဲ …၊ ကျွန်မ ကျေနပ်ပီတိတွေနဲ့ ပြုံးနေမိ၏။

\- - - - - -

"ဘာ … ဘယ်သူ …"

"မိနှင်း …"

ကျွန်မနှုတ်က မေးရင်းပြောရင်း ဆိုင်ကယ်ကို ချက်ချင်းဆွဲထုတ်လိုက်၏။ ထို့နောက် မိနှင်းကို ဆေးရုံလိုက်ပို့၏။ ဆေးရုံတွင် လူနာအတော်များသည်ကို တွေ့ရ၏။ မိနှင်းတို့မိသားစုက ကျွန်မတို့ တက္ကသိုလ်ထဲတွင် အလုပ်သမား ဝန်ထမ်းမိသားစုဖြစ်သည်မို့ စီးပွားရေး၊ လူမှုရေး၊ အတွေးအခေါ်

ချို့တဲ့ရှာ၏။ ထို့ကြောင့်ပင်လျှင် မိနှင်းကိုကိုယ်တိုင်ကိုယ်ကျဆေးရုံသို့လိုက်ပို့ခြင်းဖြစ်၏။

ဆေးရုံရောက်တော့ လူနာများလို့ ထင်ရဲ့။ ဆရာဝန်ကို တော်တော်နှင့်မတွေ့။ အနီဝတ် nurse များကိုတော့တွေ့ရ၏။ nurse လေးများသည်မကြာခဏ လာကြည့်ကြ၏။ ခဏနေတော့ ကျွန်မပါ ခေါင်းတွေချာချာလည်၍ မူးဝေလာ၏။ အော်ဂလီဆန်သောခံစားမှုကို ခံစားလာရ၏။ သို့သော် လူမမာ၏ မျက်နှာကိုကြည့်၍ ကျွန်မ၏ အော်ဂလီဆန်မှုကို မျိုချလိုက်၏။

ခဏနေလိုက်၏။

နောက် . . . စောစောက . . . အနီဝတ်၊ အပြာဝတ်တို့နှင့်အတူပါလာသော သန့်ရှင်းရေး ခေါ်လေမလား မပြောတတ်။ ထိုသူငယ်မက ကျွန်မကို မျက်နှာထားတင်းတင်း၊ လေသံခပ်ပြင်းပြင်းဖြင့် -

"လာလိုက်ခဲ့"

ဟုခေါ်၏။ ကျွန်မလည်း လိုက်သွားရချေပြီ။ သူခေါ်သောနေရာသို့ ရောက်သောအခါ ဘာမှမလေးသော ဆေးပန်းကလေးကို မေးငေါ့ပြကာ -

"ဒါယူခဲ့" ...တဲ့။

ကျွန်မယူပြီးသူ့နောက်သို့လိုက်ခဲ့ရပြန်ပြီ . . . ။ ကျွန်မရင်ထဲတွင်တော့ စောစောက အော်ဂလီဆန်သော ခံစားမှုသည် တရိပ်ရိပ်တက်လာ၏။ သို့ သော် ...လောလောဆယ် ကျွန်မအတွက် ဘာမှအရေးမကြီး . . . ။ လူမမာသည်သာ အဓိက . . . ။ ထို့ကြောင့် အော်ဂလီဆန်သော ခံစားမှုကို ရအောင် မျိုချရ၏။ ဒါအကောင်းဆုံးဆေးပေပဲ ...။

အားလုံးအေးဆေးသွား၍ ခဏနားသောအချိန်မှာတော့ ဟင်္သာတတွင် နာမည်ကြီးသော မိုးကောင်းကျောင်း၊ မိုးကောင်းဆရာတော်ဘုရားကြီးနှင့် ယဉ်ကျေးလိမ္မာသင်တန်းများ ကျွန်မစိတ်ထဲတွင် တရိပ်ရိပ် ပေါ်လာပြန်၏။

လောကတွင် လူအချင်းချင်း ဆက်ဆံရာမှာ အသက်အားဖြင့် ကြီးသောသူ၊ ဂုဏ်အားဖြင့် ကြီးသောသူ စသည် စသည်ဖြင့်ပေါ့ ... ဒါတွေ ... ဒါတွေက ရှိသေလေးစားရမည့်သူများ ...။

ဒီခေတ်လူငယ်တွေ ...ဒါတွေ ... ဒါတွေ...ကိုဘာမှမသိလေရော့သလား ...။ဟင်္သာတမှာ...မိုးကောင်းကျောင်းလိုကျောင်းတိုက်တွေ...ကျောင်းတိုက်တွေ အများကြီးရှိလျက် ...။

"ဟူး"

ကျွန်မ၏ အတွေးတို့သည် တစ်ခုပြီးတစ်ခု ဆင့်ကာဆင့်ကာပေါ်လာ၏။ တစ်ခုသည်ကား ...ပါရာယနသုတ္တန်မှ ...ဥတ္တရာ ...၊ နောက်တစ်ခုသည်ကား ချစ်ခင်ရင်းနှီးစွာသော သူငယ်ချင်း နှစ်ယောက်အကြောင်း ...။

"ဥတ္တရာ ...၊ ဥတ္တရာ ..."

ဥတ္တရာဆိုတာ မိန်းမကောင်း ... မိန်းမမြတ် . . . ။ ထိုသို့သော ဥတ္တရာ မိန်းမမြတ်သည်ကား တစ်ခုသောဘဝမှာ ရဟန္တာမတစ်ပါးကို မတော်တဆ စေခိုင်းမိလို့...ဘဝပေါင်း(၇၀၀)အစေအပါးဖြစ်ရသည်။အင်း...နောက်တစ်ခုကလည်း တရားတော်ထဲက ထင်ပါရဲ့ အသေအချာတော့ မမှတ်မိ။ မှတ်မိတာကတော့ . . . သူငယ်ချင်းနှစ်ယောက် အတူသွား အတူစား အတူလုပ်ကိုင်ကြရင်းကနေ ...တစ်ခုသောအချိန်မှာ တစ်ယောက်သော သူငယ်ချင်းစားထားသော ထမင်းပန်းကန်ကို ကျန်တစ်ယောက်သော သူငယ်ချင်းက ပြုံးရွှင်စွာဆေးလိုက်ရသတဲ့ ...။

နောက် ...နောင် ...ဘဝများတွင်တော့ ပန်းကန်ဆေးပေးလိုက်တဲ့ သူငယ်ချင်းအိမ်မှာ . . . စားတဲ့သူငယ်ချင်းက (၇) ဘဝ ကျွန်ဖြစ်ရသတဲ့ ...။

ကျွန်မအတွေးတို့သည် အမျှင်မပြတ်။ ဆက်ခါ ဆက်ခါ တွေးနေမိ၏။

(၇) ရက်၊ (၇) လ၊ (၇) နှစ်၊ (၇) ဘဝ၊ ...ဘဝ (၇၀၀) ...

ဒေါက်တာနန္ဒမာလာတရားတော်တို့သည် အစီအရီပေါ်လာ၏။ အပြစ်တို့သည် ကိုယ်ပြစ်မှားမိသော ပုဂ္ဂိုလ်တို့ဂုဏ်၊ အရည်အသွေးတို့ပေါ်တွင် မူတည်၍ ...(၇) ဘဝ ...။ ဘဝ ... (၇၀၀)။ စသည်စသည်ဖြင့် ...ခံစား ... ရ၏။

ကောင်းမှုပြုလုပ်လျှင်လည်း ထို့အတူ ...။

"အား ... အား ...အမလေး ..."

"ထ ... ထ ... တော့ ... "

အား ...။ အိပ်မက်ရှည်ကိုမက်နေတာပါလား။ ကျွန်မအိပ်မက်တို့သည် အချည်းအနှီးမဟုတ်ပါချေ။ မနက်ဖြန်ဆို ကျွန်မ သူနာပြုသင်တန်းကျောင်းသို့သွား၍ မြန်မာစာသင်ကြားရပေမည်။ အိပ်မက်ထဲက အတွေးအကြံလေးများက ကျွန်မတပည့်တွေအတွက် သွန်သင်စရာ၊ မှာကြားစရာများ ရခဲ့ပေပြီ ...။ နောင်တစ်ခေတ်မှာ

ကျွန်မတပည့်များ အလုပ်ဝတ္တရားကို ကျိုးနွံစွာ ဆောင်ရွက်တတ်စေရမည်။ ဒါထက် သံသရာ ကျင်လည်ရာဘဝ တိုင်းမှာ...ဘဝနစ်မွန်းစေမည့်အတွေး အခေါ် အပြုအမူများ ဖယ်ရှားပေးခဲ့ ရမည် ...။ ဒါဟာ ...ဆရာကောင်း ... ဆရာမြတ်တွေရဲ့ . . . တာဝန် . . . ဝတ္တရား ...။

- - - - -

ဟော ...ရောက်ခဲ့ပါပြီ ...။

ဆေးရုံ အဆောက်အအုံအတွင်း သို့ ...။

ဝင် . . . ဝင်ချင်း ကောင်တာမှာ ထိုင်နေသော nurse ကလေးများကို မြင်ရ၏။ ဒါကြောင့် ကျွန်မ သတင်းမေးမည့် လူနာအမည်ကိုပြောပြီး ...နေရာကို စုံစမ်း၏။ ဘာမှပြန်မပြော . . . ။ မကြား၍လားဟု ထင်ကာ နောက်တစ်ကြိမ်ပြန်မေး၏။ ဒုတိယမ္ဗိတွင်လည်း ဘာမှပြန်မပြော ...။ သူတို့ ကြားပုံပင်မရ။ ဒါကြောင့် ကျွန်မအသံကိုချဲ့ပြီး ထပ်ပြော၏။ သို့သော် ဒီအတိုင်း ...။ ကျွန်မအမေးကို သူတို့ ဂရုပင်မစိုက်။ ကျွန်မကို သူတို့မြင်ကြရဲ့လား . . . ။ ကျွန်မ ... ကျွန် ...ကျွန် ...မ ... လန့်သွား၏။ ကျွန် ... ကျွန် ... မ ...ဝိညာဉ် များဖြစ်သွားလို့လား ...။ အား ...။ မ ... မ ... ဟုတ် ... ဘူး ... ။ ကျွန်မ ... ဝိညာဉ် ... မ ... မဟုတ် ...။ ဇောချွေးများနှင့် အတူ ...ကျွန်မ အော်ဂလီဆန်လာပြန်၏ . . . ။ သူတို့ကို မော့ကြည့်တော့ ... သူတို့ ... ဖုန်းကလိနေကြတယ် ...။

"အား ..."

"တီတီ ... အိပ်ရာထတော့ ..."

တော်ပါသေးရဲ့ . . . ။ ကျွန်မတူ ကျွန်မကို လာနှိုးနေတာပဲ ...။ ကျွန်မ အိပ်မက်ထဲမှာ စိတ်လှုပ်ရှားလွန်းလို့ သေတော့မယ် ...။ အိပ်မက်မှာ ... ကျွန်မ အဘိုးဆေးရုံတက်နေတာ ...။ စိုးရိမ်တကြီးနဲ့ . . . ကောင်တာက nurse တွေကို မေးနေတာ ...။ သူတို့ ဘာမှပြန်မပြောလို့ ...ကျွန်မစိတ်တွေ လှုပ်ရှားနေတာ . . . ။ အိပ်မက်ထဲမှာ ကျွန်မနဲ့အဘိုးက ခရီးတစ်ခုသွားရင်း ချောက်ကမ်းပါးကြီးထဲကို ချော်ကျခဲ့တာ ...။ အဘိုးက ဆေးရုံရောက်နေတယ် ...။ တော်သေးတာပေါ့။ အဘိုးလည်း တကယ်ဆေးရုံမရောက် ...။ ကျွန်မလည်း တကယ်ဝိညာဉ်မဖြစ်လို့ ...။

"ဘုရား ... ဘုရား ..."

ဒီကနေ့ကတော့ canteen မှာ စပ်မိစပ်ရာပြောကြရင်း ကျွန်မ အိပ်မက်အကြောင်းကို အဖော်ဆရာမများအား ပြောမိ၏။ ထိုအခါ ဘေးဝိုင်းမှ မျက်နှာစိမ်း အမျိုးသားက -

"ဒီခေတ် ဝန်ထမ်းငယ်တွေ တော်တော်များများဒီလိုပဲ ... မျောက် ... အုန်းသီးရလေ ...ဒေါက်တာ ...။ ဒါနဲ့ ...ဒေါက်တာတို့ပတ်ဝန်းကျင်မှာကော ...ဒီအပြုအမူတွေ လွတ်ပါလေစ ..." တဲ့။ သူက ရယ်ကျဲကျဲ ...။ ကျီစယ်သမှု ဖြင့် ပြန်ပြော၏။ ကျွန်မ ပါးစပ်အဟောင်းသား ဖြစ်နေချိန်မှာပဲ ဘေးနားက ကျွန်မသူငယ်ချင်းက -

"ရုံးဝန်ထမ်းဆိုတာ အများပြည်သူတွေအတွက် အလုပ်အကျွေးပြုရမှာ အများပြည်သူတွေကို မလေးမစား ဆက်ဆံတာ၊ အထူးသဖြင့် ရုံးအလုပ်တွေကို မသိနားမလည်တဲ့ အများပြည်သူတွေကို မထီမဲ့မြင် ပြုတာကိုတော့ ပန်းသဇင်ရဲ့အိပ်မက်ထဲကအတိုင်း ကျွန်မလည်း အော်ဂလီဆန်တယ် ..."

ဟု ပြန်ပြောလိုက်၏။ ထိုအခါ မျက်နှာစိမ်းက ပြုံးလျက် . . . ။ ထို့နောက်...

"ဒေါက်တာတို့ သူငယ်ချင်းတွေက စရိုက်တူကြတာပဲ"" ဟု ကောက်ချက်ချလိုက်သေး၏။ ဘယ်တုန်းကများ ဒီမျက်နှာစိမ်းက ကျွန်မတို့ အကြောင်း စုံစမ်းထားသည်မသိ။

ထို့နောက် မျက်နှာစိမ်းက ဆက်ပြောပြန်၏။

"ဒေါက်တာတို့ရယ် . . . တကယ်တော့ ဇရာဝတီတိုင်းသူတိုင်းသားတွေကစိတ်ထားကောင်းကြတယ်။ ဒီခေတ်ကြီးထဲမှာ ဦးဖိုးကျားလို အခမဲ့ကူလီထမ်းသူတွေလည်း ရှိကြပါတယ် ..."

သူ့စကားကို ကျွန်မတို့က ခွန်းတုံ့မပြန်သော်လည်း စိတ်ဝင်တစားကြည့်နေတော့ သူက ဆက်ပြော၏။ သူ ဆက်ပြောတာက လူတစ်ယောက်က အရေးတကြီး ဆိုင်ကယ် ကယ်ရီလိုလို့ ခေါ်သတဲ့။ ဒီအခါမှာ သူ အနီးအနားမှာ ရှိတဲ့ သူက အရေးတကြီး လိုက်ပို့ပေး၏။အဝေးကြီးတော့မဟုတ်။ဟင်္သာတ မြို့ထဲတင်။ သူသွားမည့်နေရာ ရောက်လို့ ဆိုင်ကယ်၊ ကယ်ရီဖိုးပေးမည်လုပ်တော့ လိုက်ပို့သူက -

"ကျွန်တော်ကယ်ရီသမားမဟုတ်ပါဘူးဗျာ ...။ ခင်ဗျား အရေးကြီးတယ်ဆိုလို့ လိုက်ပို့တာ။ ကျွန်တော် . . .

ဆရာဝန် ...ပါ" ဟုပြောလေ၏။ ထိုအခါ ခေါ်လာသူမှာ အားတုံ့အားနာဖြစ်၍ ဘာပြောရမှန်းတောင် မသိဖြစ်ခဲ့ရလေတယ် . . . ။ ထိုဆရာဝန်သည်ကား ဟသ်ာတသားအစစ်။

- - - - -

ဒီကနေ့ကတော့ စာသင်ခန်းထဲတွင် စာတွေအားပါးတရသင်ရင်း ကျောင်းသင်ခန်းစာတို့မှ တစ်ဆင့် အနော်ရထာ၏ အတိုင်းမသိ ကြည်နူးနေသောမျက်ဝန်းအိမ်နှင့်နှုတ်ခမ်းအစုံသည်ကျွန်မ၏အာရုံထဲသို့ရုတ်တရက် တိုးဝှေ့ဝင်လာ၏။

အိပ်မက်တွေအကြောင်း ပြောတတ်တဲ့ဆရာမ အနော်ရထာကိုကော အိပ်မက်ထဲမှာ တွေ့ဖူးတာလားဟု မေးကောင်းမေး၍ တွေးကောင်းတွေးကြလိမ့်မည်။ ဤသို့တွေး၍ မေးလျှင် -

"မဟုတ်ပါ ...။ အိပ်မက် မဟုတ်ပါ" ဟု ဖြေရလိမ့်မည်။ အနော်ရထာ၏ အပြုံးကို ကျွန်မ တပ်အပ်မြင်၍ အနော်ရထာ၏နှလုံးသားကို ကျွန်မ၏ နှလုံးသားနှင့် ခံစားနားလည်ခဲ့တာ အမှန်ပါ။ အနော်ရထာနှင့် ကျွန်မ ဆုံတွေ့သောနေရာသည်ကား ...ဟသ်ာတမှာ . . . ။ တကယ့်ကို ဟသ်ာတမြေပေါ်မှာ ...။ အတိအကျပြောရပါလျှင် ...ဦးပါရဲဘုရားမှာ . . . ။ ထိုနေရာတွင် အနော်ရထာမင်းကို တရင်းတနှီးတွေ့ခဲ့ရ၏။ အနော်ရထာ၏ နှလုံးသားကို ခံစားနားလည်ခဲ့၏။

ထို့ကြောင့်ကလေးများကိုစာသင်ရင်း local need သဘောအရကျွန်မက မေး၏။

"သားတို့၊ သမီးတို့ . . . ဦးပါရဲဘုရားကို ရောက်ဖူးကြသလား ..."

"ရောက်ဖူးပါတယ် ..."

"ဘယ်နခေါက်ရောက်ကြသလဲ"

"နှစ်ခေါက်"

"သုံးခေါက်" စသည်ဖြင့် အမျိုးမျိုးဖြေကြ၏။

"ကဲ ဒါဆို ဦးပါရဲဘုရားမှာ ရှင်အရဟံနှင့် အနော်ရထာကို တွေ့ဖူးသလား ..."

"မတွေ့ဖူးပါ ..."

ကလေးများ၏ စကားသံအဆုံးမှာတော့ ကျွန်မနားထဲတွင် မနေ့ကမှ သင်ခဲ့သော အချုပ်တန်းဆရာဖေ၏ တေးထပ်ထဲမှ စာသားများက အစီအရီ တိုးဝှေ့ဝင်လာပြန်ပါတယ် . . . ။ အဲဒါကတော့ -

"တွေးမိတိုင်းအရိုးနာတယ် . . . အမျိုးပါ ဆဲချင်ပေ့ါလေး . . . ။ ဆိုတဲ့ စာသားလေးရယ် ..."

"ဂွကောင်တွေ ခွေးဖြစ်ပေ့ါဗျိုး..." ဆိုတဲ့ ရင်ထုမနာလေသံရယ်ကို ခံစားနားလည်မိ၏။

ထိုခံစားမှုနှင့်အတူကျွန်မအတွေးထဲသို့ ရုတ်တရက် အစီအရီဝင်လာသည်က ...။ ဗုဒ္ဓဘာသာမှန်ရင် ... အနော်ရထာနှင့် ရှင်အရဟံကို လူတိုင်းသိသင့်တယ်။ အနော်ရထာဆိုတာ သူရပ်တည်တဲ့နေရာမှာ သူ့တာဝန်ကို သူကျေပွန်ခဲ့တယ်။ ပိဋကတ်သုံးပုံကို သထုံမှာ သွားတောင်းခဲ့တယ်။ မရတော့ တိုက်ယူပြီး ပုဂံသားတွေလက်ထဲ အရောက်ထည့်ပေးခဲ့တယ်။ သထုံမင်းမနုဟာကို မနိပ်စက် မညှဉ်းပန်းဘဲ အသာတကြည်ထားခဲ့တယ်။

**အတွေးနယ်တို့ ချဲ့ထွင်နေသော်လည်း ကျွန်မနှလုံးသားထဲတွင်တော့ ဦးလေးထွန်း၏ စကားလုံးတွေက နေရာယူဆဲ . . . ။ ထို့ထက်ပို၍ ပြောရလျှင် ဦးလေးထွန်း၏ စကားလုံးတို့သည် နားထဲတွင် ချိုမြိန်နေဆဲ။ ဘာကြောင့်ပါလဲဆိုလျှင်တော့ . . . ကျွန်မဘဝသည်ပင် ဦးလေးထွန်း၏ ဆုံးမမှု၊ လမ်းညွှန်မှုများနှင့် တည်ဆောက်ခဲ့ရသည်မဟုတ်ပါလား . . .**

အဲဒါ . . . အနော်ရထာရဲ့ နှလုံးသားပဲ။ မင်းကောင်းမင်းမြတ် တစ်ပါးအနေနဲ့ စစ်မှန်တဲ့ အယူဝါဒကို ပြည်သူတွေဆီ အရောက်ပို့ခဲ့တာ ...။ ဒါဟာ ...သူရဲ့ တော်တဲ့မှန်ကန်တဲ့ အတွေးအမြင်၊ သူရပ်တည်တဲ့အနေအထားပဲ။

ထိုသို့...ထိုသို့သော အနော်ရထာရယ် . . . ။ ထိုအနော်ရထာ ကိုးကွယ်သော ရှင်အရဟံရယ်၊ ကလပ်ပေါ်မှာ အမြတ်တနိုးတင်ထားတဲ့ ပိဋကတ်သုံးပုံရယ်ကို ကျွန်မ ဦးပါရဲဘုရားမှာ တွေ့ခဲ့တာ။ အဲဒီမှာ အနော်ရထာရဲ့ နှုတ်ခမ်းအစုံကတစ်ဆင့် သူ့ရင်ထဲက ပီတိကို ကျွန်မ ခံစားနားလည်ခဲ့တာ။ ပုဂံသူ ပုဂံသားတွေဆီကို စစ်မှန်တဲ့ သာသနာအရောက်ပို့နိုင်ခဲ့တဲ့ အနော်ရထာရဲ့ပီတိဟာ တကယ့်ကို ဝွမ်းဆီထိနေတဲ့ နှလုံးသားပါပဲ ...။

တကယ်တမ်း ကျွန်မတွေ့ခဲ့သည်

က ပန်းပုရုပ်တုတို့ရယ်သာ . . . ။ သို့သော် . . . ထိုပန်းပုရုပ်တုတို့သည် . . . ရှင်အရဟံ၏ ကြည်ညိုဖွယ်ဂုဏ်ရည် . . . ။ အနော်ရထာ၏ ကြည်နူးဖွယ်နလုံးသား...ဘေးဘိုးတို့၏ယဉ်ကျေးမှုယုံကြည်ခဲ့သောဘာသာသာသနာ...။ နောက် . . . ဟင်္သာတမြို့တော်ကြီးရဲ့ ပုံရိပ် ...။

ဒါတွေ . . . ဒါတွေကို ဟင်္သာတနယ်သူနယ်သား တက္ကသိုလ် ကျောင်းသူကျောင်းသားများ မတွေ့မမြင် . . . နားမလည်...မခံစားတတ်ရင်တော့ဖြင့် ဆရာဖေစကားနဲ့ပြောရလျှင် ...

"ဝှကောင်တွေ ... ဘာဖြစ်မည် ... ဆိုမလား ..."

- - - - -

နောက်တစ်နေ့ ကျောင်းစာသင်ခန်းတွင်တော့ ဟင်္သာတ နိဗ္ဗာန်ရွာသား ဦးဖိုးကျားအကြောင်း ဆွေးနွေးရင်း ခေတ်၊ စနစ်၊ ပညာရေးအကြောင်းများကို ဆွေးနွေးမိ၏။ ဦးဖိုးကျားတို့ခေတ်က အင်္ဂလိပ်အစိုးရရဲ့ ပညာရေးစနစ်ကို မကျေနပ်ကြလို့ ဘွဲ့ရတဲ့အထိ ကျောင်းဆက်မတက်ကြဘဲ ကျောင်းက ထွက်ပြီး အမျိုးသားကျောင်းတွေ ထောင်ကြတယ်၊ ဘွဲ့မရပေမဲ့ အမျိုးသားကျောင်းတွေကိုအခိုင်အမာတည်ထောင်ပေးနိုင်ကြကြောင်း ရှင်းပြရင်း။

"မင်းတို့တစ်တွေကတော့ . . . သိပ်ကိုကံကောင်းတယ်၊ ဘွဲ့ရရင် ဘွဲ့လက်မှတ်ကိုယ်စီနဲ့ မြန်မာ့ပညာရေးစနစ်ကို တစ်ဆင့်ထက်တစ်ဆင့် မြှင့်တင်ကြလိမ့်မယ်ထင်တယ် ..."

လို့ ကျွန်မကပြော တော့ ... သူ-တို့မျက်နှာများကဖြူဖပ်ဖြူရော် ...။ သူတို့၏ အရိပ်အခြည်ကိုသိသော ကျွန်မက သူတို့ကိုပြုံးပြုံးလေးကြည့်ရင်း ...

"ဩ . . . ဆရာမ တပည့်တွေက ...ကျောင်းဆရာလုပ်ဖို့ဝါသနာမပါကြဘူးထင်တယ် ..."

လို့ပြောတော့ သူတို့မျက်နှာများကပြုံးစစ ...တွေနှင့် ...။

- - - - -

"ပန်းသဇင်"

"ရှင်"

"တရိုတသေထူးလို့ ..."

"ဟာ ... သူငယ်ချင်း ..."

"သူငယ်ချင်း ...မလုပ်နဲ့ မနေ့က တစ်နေကုန် ဘယ်သွားနေတာလဲ ..."

"မြစ်ကြေ့ကျောင်း ...၊ အင်း ... မိုးကောင်းကျောင်း . . . ပြီးတော့ ရွှေကြက်ယက်..."

"အလှူသွားလုပ်တာလား ..."

"နီး ... နီး ...အလှူသွားခံတာ"

"ဟား ... ဟား ... ဟား ..."

ကျွန်မတို့သူငယ်ချင်းနှစ်ယောက် ပြိုင်တူရယ်မောလိုက်ကြ၏။ ထိုစဉ်မှာပင် အိမ်ရှေ့မှ လူရိပ်ကိုတွေ့လို့ လှမ်းကြည့်လိုက်တော့ ဟင်္သာတသား စစ်စစ်ဖြစ်သော ကျွန်မဦးလေး ...။

"ဟော . . . ဦးလေးပါလား . . . ဘယ်ကလှည့်လာတာလဲ"

"ငါ့ . . . တူမနဲ့ . . . တွေ့ချင်လို့ တမင်လာခဲ့တာပေါ့ဟ ..."

"ဟုတ်တယ် ဦးလေးရဲ့ ကျွန်မလည်း မတွေ့တာကြာလို့ သတိရနေတာ ...အတော်ပဲ ...ဒီမှာ ...နိုင်မင်းလည်းရောက်နေတယ် ..."

ဟုဆိုကာ ညွှန်ပြတော့ ...

"ဟာ . . . နိုင်မင်း . . . ဝမ်းသာတယ်ကွာ တွေ့ရတာ ..."

"မင်းက အရာရှိကြီး ဖြစ်နေတော့ တသွေးတမွေးနဲ့ ငါ ...ချက်ချင်း မမှတ်မိဘူးကွ"

"ဦးလေးကော . . . ရွာမှာ စီးပွားရေး အဆင်ပြေတယ် မဟုတ်လား ...၊ ဒေါ်လေးကော ကျန်းမာရေးကောင်းရဲ့လား ..."

"အေးကွာ . . . စီးပွားရေးလည်း အဆင်ပြေတယ်။ မင်းဒေါ်လေးလည်း ဒေါင်ဒေါင်မြည်တယ်ကွ။ တစ်ခုပဲရှိတယ် ..."

"ဘာတစ်ခုလဲဦးလေးရဲ့ ..."

"အိမ်ကအငယ်ကောင် လင်းထိန်လေကွာ ...။ ဘွဲ့ရ ... ပညာမတတ်ပေါ့ ... တော်တော် ပြောရခက်တယ် ...။ လူ့ကန့်လန့် ...ပြောရတာ အာပေါက်လွန်းသကွာ ..."

ဟု ရှင်းရှင်းဘွင်းဘွင်း ပြောတတ်သူ ဦးလေး၏စကားအဆုံးတွင်တော့ ကျွန်မတို့သူငယ်ချင်းနှစ်ယောက် ဘာပြန်ပြောရမှန်းပင်မသိ . . . ။ သို့သော် ...ဦးလေးပြောသောဘွဲ့ရပညာမတတ်ဆိုသောစကားက ကျွန်မရင်ထဲ တိုးဝှေ့ဝင်လာကာ ရင်ထဲတွင် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်ကတော့ အမှန် ...။

ဘာကြောင့်ပါလဲ ...။ ကျွန်မကိုယ်တိုင်ပင်လျှင် ဦးလေးဖြစ်သူ၏ ဆိုဆုံးမမှုကို နားခံရင်း . . . အဆင့်ဆင့်သော ဘွဲ့ဒီဂရီတို့ကိုရရှိကာ...ရာထူးတစ်ခုကို ပိုင်ဆိုင်ထားပေသည်။ ဦးလေးသည် ပြောဆို ဆုံးမရာတွင် အလွန်လိမ္မာပါးနပ်သူဟု ဆိုရပေမည်။ တစ်ခါတစ်ရံ

တွင်တုတ်ထိုးအိုးပေါက်စကားပြောဆိုတတ်သလောက် တစ်ခါတစ်ရံတွင် ပညာသားပါပါပြောတတ်၏။

ဒီလို နည်းလမ်းအသွယ်သွယ်နဲ့ ပြောဆိုဆုံးမတတ်သော ဦးလေးထွန်း၏သားက လူ့ကန့်လန့်တဲ့။ ကျွန်မ ... ဦးလေးထွန်းအကြောင်းကိုတွေးရင်း -

"ဩ ...ဒါကြောင့် ...ဆေးသမားလည်းသားသေ ...ဗေဒင်သမားလည်းနွားပျောက် ..."

ဆိုတဲ့စကားတွေ လူ့ဘောင်လောကမှာ တွင်ကျယ်လာတာပဲလေ ဟုတွေးလိုက်မိ၏။

အတွေးနယ်တို့ ချဲ့ထွင်နေသော်လည်း ကျွန်မနလုံးသားထဲတွင်တော့ ဦးလေးထွန်း၏ စကားလုံးတွေက နေရာယူဆဲ . . . ။ ထို့ထက်ပို၍ ပြောရလျှင် ဦးလေးထွန်း၏ စကားလုံးတို့သည် နားထဲတွင် ချိုမြိန်နေဆဲ။ ဘာကြောင့်ပါလဲဆိုလျှင်တော့ . . . ကျွန်မဘဝသည်ပင် ဦးလေးထွန်း၏ ဆုံးမမှု၊ လမ်းညွှန်မှုများနှင့် တည်ဆောက်ခဲ့ရသည်မဟုတ်ပါလား ...။

ထို့ကြောင့် ဦးလေးထွန်း၏ စကားတို့ကို ကျွန်မဆက်တွေးမိပြန်၏။ ဦးလေးသည် သားအငယ်ဆုံးလေးမို့ စေတနာတွေပို၊ ကရုဏာတွေပွား၊ မေတ္တာတွေထားကာ သားကို အားမလိုအားမရဖြစ်၍နေလေရော့သလား ...။ ဒါမှမဟုတ် ကျွန်မလို တက္ကသိုလ်ဆရာမတစ်ဦးကို အရည်အသွေးမြင့်မားသော ဘွဲ့ရပညာတတ်တွေ မွေးထုတ်ပေးပါလို့ သွယ်ဝိုက်ဆုံးမနေတာများလား ...။

ထိုအတွေးများနှင့်အတူ ကျွန်မ ဦးလေးထွန်းကို သာသာနှင့်နာနာတော့ ပြန်ပြောလိုက်လေသည်။ ထိုစကားသည်ကား -

"ဒါဆို ဦးလေးထွန်းရဲ့သားက ကျွန်မတို့ ဟင်္သာတတက္ကသိုလ်က ဘွဲ့ရတာ မဟုတ်တာတော့ သေချာတယ်။ ကျွန်မတို့ တက္ကသိုလ်ကထွက်တဲ့ ကျောင်းသားတွေက ဘွဲ့ရ ပညာတတ်တွေချည်းပဲ . . . ။ ဦးလေးထွန်းသားက . . . ဘီလပ်ပြန် မောင်သောင်းဖေ ဖြစ်မယ် ..."

ဟု ပြောသောအခါ ဦးလေးထွန်းက -

"အေး . . . ဟုတ်တာပေါ့၊ ငါ့တူမရယ် ...။ အစစ်ပေါ့။ ဦးလေးသားက ဘီလပ်ပြန် အစစ်ပေါ့ ..."

ဟု အားပါးတရပြောရှာ၏။ ဦးလေး၏စကားအဆုံးတွင်တော့ သုံးဦးသား အားပါးတရ ပြုံးတူရယ်လိုက်ကြ၏။ ရယ်သံများဆုံးသော်လည်း ... ဦးလေးထွန်း၏ ဘွဲ့ရပညာမတတ်ဟူသောစကားက ကျွန်မရင်တွင် ချိုမြိန်နေဆဲ ...။

"ဘာကြောင့်ပါလဲ ..."

မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်တွေထဲမှာ မှန်ကန်တဲ့ သစ္စာစကားကိုဆိုရခြင်းသည် လောကမှာ အချိုမြိန်ဆုံးအရသာတဲ့ . . . ။ ကျွန်မတွေးနေစဉ်မှာပင် . . . ဦးလေးထွန်းက -

"ငါ့တူမ ..."

ခေါ်လိုက်တော့မှ ကျွန်မ ရုတ်တရက် အသက်ဝင်လာသလို . . . ။ ဦးလေးကပင် -

"ငါ့တူမကော ...ဘာတွေလုပ်နေတယ်။ ဘာရည်ရွယ်ချက်တွေ ရှိတယ်ဆိုတာ ...ဦးလေး သိချင်သကွာ ..."

ဟုဆိုသောအခါ သူငယ်ချင်း နိုင်မင်းက -

"ဦးလေးရေ ...မပြောနဲ့တော့ ... ဦးလေးတူမက ဘွဲ့ရပညာတတ် မွေးဖွားပေးနေတာပါ...။ ဒါတင်မကဘူး"

"နိုင်မင်း ..."

"ဟေ ..."

"နင် ...ငါ့ကို ငေါ့နေတာလား ...။ ဦးလေး ... စိတ်ချမ်းသာအောင် ပြောပေးနေတာလား၊ ဒါမှ ... မဟုတ် ..."

"ငါ အကောင်းပြောတာပါ . . . ။ နင့်ကို ငါ ဂုဏ်ယူလို့ပြောတာပါ ..."

ထို့နောက် နိုင်မင်းက ဦးလေးဘက်သို့ တစ်ဖန်လှည့်ကာ -

"ဦးလေးရဲ့တူမက ဟင်္သာတမြို့ပေါ်က ဆရာတော်သံဃာတော်တွေ ဦးစီးဖွင့်တဲ့ ယဉ်ကျေးမှုသင်တန်းတွေ သွားလေ့လာထားတာ ..."

"ကောင်းသကွာ ..."

ဦးလေးနှင့် နိုင်မင်းတို့ အတိုင်အဖောက်ညီနေကြ၏။ ထိုစဉ်တွင်

"နိုင်မင်း ... နင် ... ထမင်းစားကောင်းအောင် များများပြောက် ...ငါ ... ဟင်းကောင်းကောင်းချက်လိုက်ဦးမယ် ..."

ဟုဆိုကာ ကျွန်မမီးဖိုထဲဝင်၏။ နိုင်မင်းက -

"အေး...ကောင်းကောင်းချက် ... ငါ . . . နင့်ရဲ့ ယဉ်ကျေးမှုအိပ်မက်အကြောင်း ဦးလေးကို ပြောထားလိုက်မယ် ..."

ဟုဆိုကာ သူတို့ စကားဖောင်ဖွဲ့နေကြ၏။

ကျွန်မက မီးဖိုတွင် ချက်ပြုတ်ရင်း ကျွန်မ၏ ယဉ်ကျေးမှုအိပ်မက်ကို ပြန်စဉ်းစားမိ၏။ အိပ်မက်သည် အနိမ့်စားမဟုတ်။ ခပ်မြင့်မြင့် ...။ မြင့်ရပေမပေါ့ ...။ ကျွန်မသည် ... ဘွဲ့ရ ... ပညာတတ်။

"ဟဲ ...ဟဲ ..."

ကျွန်မရဲ့ အိပ်မက်က မြင့်ရမပေါ့။ ကျွန်မရဲ့ အိပ်မက်ထဲမှာ ဟသ်ာတတက္ကသိုလ်ကြီးအမည်က "ဗုဒ္ဓယဉ်ကျေးမှုတက္ကသိုလ်" ဟူ၏။ သင်ကြားသော ဘာသာရပ်များက ယဉ်ကျေးမှုဘာသာရပ်တွေ။ ဟသ်ာတခရိုင်အတွင်း အလုပ်ခန့်ထားရေးနဲ့ ပတ်သက်လာလျှင် ဗုဒ္ဓယဉ်ကျေးမှုတက္ကသိုလ်ကြီးက ဘွဲ့ရပညာတတ်တွေကို ဦးစားပေးခန့်ထားလို့ ရွှေမြို့တော်ကြီးက နလုံးမွေ့လျော်ဖွယ်ရာ အတိ ...။

ကျွန်မ စဉ်းစားနေစဉ်မှာပင် ... ဦးလေးက မီးဖိုထဲကိုဝင်လာရင်း -

"ငါ့တူမ ..."

ဟုခေါ်၍ ခေါင်းမော့ကြည့်လိုက်တော့ -

"ငါ့တူမရဲ့ အိပ်မက်က ဆန်းသကွာ ..."

"ဩ ... ဦးလေးရယ် ...ကျွန်မနလုံးသားထဲမှာ လူ့အခွင့်အရေးထက် ...ဗုဒ္ဓယဉ်ကျေးမှုကပိုပြီးနေရာယူထားလို့ပါ ..."

ဦးလေးရဲ့ မျက်နှာက ချိုမြိန်သောအပြုံးများဖြင့်။

**နန်းရွှေရည်**

# စာမူဖိတ်ခေါ်လွှာ

စာမူရှင်များသို့.....

ဟသ်ာတမဂ္ဂဇင်း အမှတ် (၂) အား ဆက်လက်ထုတ်ဝေသွားရန် အစီအစဉ်ရှိပါ၍ စာမူရှင်များ၊ ကြော်ငြာထည့်သွင်းလိုသူများနှင့် အလှစာမျက်နှာကဏ္ဍတွင် ပါဝင်ချင်သူများအနေဖြင့် ဆက်သွယ်စုံစမ်း ပေးပို့နိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်**

၀၉ ၄၂၂၄၉၃၂၇၈၊ ၀၉ ၃၁၁၄၅၃၈၊ ၀၉ ၄၂၅၇၇၈၆၈၊ ၀၉ ၃၆၁၁၉၅၂၇

ကြားလိုက်ရသော သူ၏အပါးတွင် ထိုင်နေသည့် ခင်မေချိုက ကိုဇော်နိုင်၏လက်ကိုကိုင်လိုက်ပြီး -

“ကိုကြီး သက်ပြင်းတွေချလို့ ဘာဖြစ်နေတာလဲ ... ဟင် ... မိချို ကိုကြီးကို ကြည့်နေတာကြာပြီ... ကိုကြီးမျက်နှာလည်း မကောင်းဘူး ...”

မေချို၏ အမေးစကားကို ကြားလိုက်ရမှ ကိုဇော်နိုင် သတိဝင်လာပြီး

“သြော် ... မိချို ... ကိုကြီး သက်ပြင်းချရတာက မိချိုနဲ့ ကိုကြီးတို့ နှစ်ယောက်ရဲ့ ရှေ့ဆက်လျှောက်လှမ်းရမယ့် ဘဝအခြေအနေကို တွေးမိလို့ပါကွယ် ...”

“ဒါများ ကိုကြီးရယ် ဘာတွေစိတ်ပူစရာရှိလို့လဲ ... မိချိုကလည်း ကိုကြီးကိုချစ်တယ် ... ကိုကြီးကလည်း မိချိုကိုချစ်တယ် ... ပြီးတော့ ကိုကြီးရဲ့ဘဝကို မိချိုအားလုံး သိပြီးသား။ သိလို့ ခွင့်လွှတ်ပြီးသား။ ဘာပူစရာရှိလို့လဲ ပြောစမ်းပါဦးကိုကြီးရယ် ...”

“ဟုတ်တော့ ဟုတ်ပါတယ်လေ .. . ကိုကြီးရဲ့ဘဝအကြောင်းတွေကို မိချိုသိလို့ ခွင့်လွှတ်ပေမဲ့။ ရှေ့ဆက်ရမယ့် ဘဝလမ်းအတွက် စဉ်းစားရတယ်လေ...”

ကိုဇော်နိုင်က တွေးတွေးဆဆဖြင့် ပြောလိုက်၏ ထိုအချိန် ခင်မေချိုက ကိုဇော်နိုင်၏ရင်ခွင်သို့ ခေါင်းကလေးငှဲ့မှီပြီး ပြောလိုက်လေ၏။

“ကိုကြီးကလည်း ဘာတွေတွေးပြီး စိတ်ပူနေတာလဲ ... ကိုကြီးခေါ်ရာနောက်ကိုလိုက်ဖို့ မိချိုက အသင့်ပါနော် ... ကိုကြီးကသာ ဒီနေ့ခေါ် ဒီနေ့လိုက်မယ့် မိချိုပါ စိတ်ချစမ်းပါကိုကြီးရယ် ...”

“ယုံပါတယ်မိချိုရယ် ... ကိုကြီးယုံပါတယ်...ဒါပေမဲ့ကိုကြီးစဉ်းစားပြီးမှ ဆုံးဖြတ်ပါရစေကွယ်”

“ရပါတယ် ကိုကြီးရယ် ... မိချိုက ကိုကြီး ဆုံးဖြတ်တဲ့အတိုင်း လိုက်နာမယ့်သူပါ ... ဒါနဲ့ ကိုကြီး ဘယ်နေ့ပြန်မှာလဲ ... ဟင် ...”

“ကိုကြီးမနက်ဖြန်ပြန်မယ်လေ... ပို့ထားတဲ့ စပါးနဲ့ ပဲဖိုးငွေတွေလည်း နောက်တစ်ပတ်မှာရမယ်တဲ့ နောက်တစ်ပတ် ကိုကြီးလာမယ့်နေ့ကို ဖုန်းကြိုဆက်လိုက်မယ်၊ တွေ့နေကြ ဒီနေရာလေးမှာပဲစောင့်နေနော်”

“စိတ်ချကိုကြီး ... မိချို ကိုကြီးရဲ့ဖုန်းကိုစောင့်နေမယ် ...”

“ကိုကြီးနဲ့မိချိုတို့ ... မလွဲသာလို့ ခဏတာခွဲခွာကြရဦးမှာပေါ့ . . . ကိုကြီးသွားပြီ မိချိုရေ ...”

ကိုဇော်နိုင်က ခင်မေချို၏ လက်ဖဝါးလေးအား ဆုပ်ကိုင်ဖျစ်ညှစ်လိုက်ပြီး လေးလံသောခြေလှမ်းများဖြင့် လှမ်းထွက်လာခဲ့လေသည်။

- - - - -

“ဟော . . . ဖေဖေကြီးပြန်လာပြီ ... မေမေရေ ဖေဖေကြီးပြန်လာပြီ ... မီးမီးမှာလိုက်တဲ့မုန့်တွေ ပါလာလား”

ကိုဇော်နိုင်ခြံထဲသို့ဝင်လိုက်သည်နှင့် ခြံထဲရှိ ခရေပင်အောက်တွင် ဆော့ကစားနေသော သမီးလေး ခင်ပြည့်စုံက ဟစ်အော်ရင်း သူ့ထံသို့ ပြေးလာရာ ကိုဇော်နိုင်က သမီးလေးအား ပွေ့ချီလိုက်ပြီး ...

“သမီးမှာလိုက်တဲ့မုန့်တွေ ပါပါတယ် သမီးရယ်၊ သမီးမေမေကြီးရော အိမ်ထဲမှာလား ...”

“မေမေကြီးက အိမ်ထဲမှာ ရှိပါတယ်။ သမီးက ခြံထဲမှာ ဆော့နေတာ”

ကိုဇော်နိုင်သည် သမီးငယ်အား ပွေ့ချီလျက်အိမ်ထဲသို့ဝင်လာခဲ့လေ၏။ အိမ်ပေါ်သို့ရောက်လျှင် သမီးငယ်အား ဆက်တီထိုင်ခုံပေါ် ချပေးလိုက်ပြီး နောက်ကျောတွင် လွယ်ထားသော ခရီးဆောင်ကျောပိုးအိတ်ကို ဖြုတ်၍ စားပွဲပေါ်တင်လိုက်ကာ အိတ်အတွင်းမှ သမီးငယ်အတွက် ဝယ်လာသော မုန့်များကိုယူပြီး သမီးကို ပေးလိုက်ရာ သမီးဖြစ်သူက မုန့်များကို စားနေစဉ် ကိုဇော်နိုင်သည် မီးဖိုခန်းသို့ဝင်လာရာ မီးဖိုအနီးတွင် ဇနီးဖြစ်သူ မအေးအေးနွယ်ကို တွေ့ရလျှင် ကိုဇော်နိုင်က -

“နွယ် ... နေကောင်းရဲ့လား၊ ဘာဟင်းတွေချက်နေလဲ ...”

“နွယ် ခုတလော နေလို့ထိုင်လို့ကောင်းပါတယ်။ ကိုဇော် ပြန်လာရင် စားဖို့ ငါးခူကြော်နှပ် ချက်နေတာပါ။ ကိုဇော်အလုပ်ကိစ္စတွေ အဆင်ပြေရဲ့လား ...”

တိုးညင်းစွာမေးလာသော ဇနီးသည်အား

“အဆင်မပြေပါဘူး နွယ်ရယ်၊ နောက်တစ်ပတ်မှ ငွေရမယ်တဲ့ကွာ”

“အလုပ်ဆိုတာ ဒီလိုပဲပေါ့ ကိုဇော်ရယ်၊ ကဲ ကိုဇော်ရေချိုးလိုက်ဦး၊ နွယ် ထမင်းပွဲပြင်ထားလိုက်မယ်”

ကိုဇော်နိုင်သည် အဘွားကြီးအိုပမာ ပိန်လှီနေသော ဇနီးအား လှမ်းကြည့်လိုက်ပြီး ရေချိုးရန် အိမ်ရှေ့သို့ ထွက်လာလေ၏။

ကိုဇော်နိုင် ရေချိုးပြီး အိမ်ပေါ်သို့ တက်လာချိန်တွင် ဇနီးဖြစ်သူက

“ကိုဇော် ထမင်းပွဲပြင်ပြီးပြီ ... ထမင်းစားရအောင်၊ သမီးငယ်လည်း

ကိုဇော်ကို စောင့်နေတယ်"

ဇနီးဖြစ်သူ၏ ပြောစကားကြောင့် ကိုဇော်နိုင် ထမင်းစားခန်းထဲသို့ ဝင်လာရာ ထမင်းစားပွဲတွင် သမီးငယ်က ထမင်းမစားသေးဘဲ စောင့်နေသည်ကို မြင်ရ၍ ...

"သမီးငယ်လေး ထမင်းမစားဘဲ စောင့်နေတယ် . . . စားနှင့်ရောပေါ့ သမီးရယ် ..."

"သမီးက ဖေဖေကြီးနဲ့ ထမင်းအတူစားဖို့စောင့်နေတာ ... မေမေကြီးကလည်း ဖေဖေကြီးနဲ့ အတူတူ ထမင်းစားချင်နေတာ ဖေကြီးမသိဘူးလား"

"ကောင်းပါပြီဗျာ ကဲ စားကြမယ် မိသားစု စုံညီ ထမင်းဝိုင်းလေးပေါ့"

ဟုတ်ပါသည်။ ဤကဲ့သို့ မိသားစု သုံးယောက် စုံစုံညီညီ ထမင်းမစားဖြစ်သည်မှာ ကြာပြီဖြစ်သည်။ စပါးပွဲစား၊ ပဲပွဲစားအလုပ် လုပ်နေသော ကိုဇော်နိုင်မှာ နံနက်မိုးလင်းသည်နှင့် တောရွာများသို့ ဆိုင်ကယ်နှင့်သွားပြီး စပါး၊ ပဲရောင်းမည့် တောင်သူများအား လိုက်လံစုံစမ်းရသည်။ ရောင်းမည့်သူများနှင့် ဈေးနှုန်းညှိနှိုင်း၍ စရံငွေ ပေးရသည်။ ပြီးလျှင် စပါး၊ ပဲရောင်းမည့်သူများအား စုံစမ်းရပြန်သည်။ တစ်အိမ်ပြီး တစ်အိမ်၊ တစ်ရွာပြီးတစ်ရွာ ရောက်သည့်ရွာ၊ ကြုံသည့်အိမ်တွင် ထမင်းစားရသည်။ သည်ရွာများရှိ ရွာသားများနှင့် ကိုဇော်နိုင် ရင်းနှီးကျွမ်းဝင်သည်။ မသိသူ မရှိသလောက်ပင်။ စပါးနှင့် ပဲများလိုအပ်သလောက်ရပြီဆိုလျှင် မိမိရွာမှ အလုပ်သမားများခေါ်လာပြီး စပါးနှင့် ပဲများအား ချိန်တွယ်၍ အိတ်ထည့်ပြီး မိမိရွာသို့ ထော်လာဂျီ (သို့မဟုတ်) နွားလှည်းဖြင့် သယ်ဆောင်ကာ အိမ်ရှိ ဂိုဒေါင်ထဲသို့ လှောင်ရသည်။ သိုလှောင်ပြီး စပါးဈေး၊ ပဲဈေး အတက်အကျကိုစောင့်၍ ကိုယ့်အတွက် တွက်ခြေကိုက်ပြီဆိုလျှင် မြို့က အဝယ်ဒိုင်ကြီးသို့ ဖုန်းဆက်၍ ဈေးညှိပြီး မြို့ရှိဒိုင်များသို့ ကားဖြင့်တင်ပို့ရသည်။ မြို့ရှိဒိုင်များတွင် တစ်ခါတစ်ရံ ငွေအကျေရသော်လည်း တစ်ခါတစ်ရံ ငွေမရ၍ တစ်ပတ်ဆယ်ရက် စောင့်ရသည့်အခါများလည်းရှိသည်။

ဤကဲ့သို့ စပါးပွဲစား၊ ပဲပွဲစားအလုပ်လုပ်နေသော ကိုဇော်နိုင်မှာ မိသားစုနှင့် စုံစုံညီညီ ထမင်းလက်ဆုံစားဖြစ်ဖို့ဆိုသည်မှာ ဆယ်ရက်လျှင် တစ်ကြိမ်ဆုံဖို့ပင် မလွယ်ပါချေ။ သို့သော် ကိုဇော်နိုင်၏ဇနီး မအေးအေးနွယ်က နားလည်မှုရှိသည်။

ကိုဇော်နိုင်တို့ အိမ်ထောင်သက် (၅) နှစ်ရှိပြီဖြစ်သည်။ ယခု သမီးလေးမှာ (၃) နှစ်ရှိပြီဖြစ်သည်။ (၅) နှစ်အတွင်း ကိုဇော်နိုင်၏ ရိုးသားစွာကြိုးစားရှာဖွေသောကြောင့် စီးပွားရေးအဆင်ပြေပြီး ကိုယ်ပိုင်အိမ်နှင့် ခြံကိုပိုင်ဆိုင်ခဲ့လေပြီ ဖြစ်သည်။ သို့သော် စီးပွားရေး အဆင်ပြေလာခဲ့သော်လည်း ကိုဇော်နိုင်၏ဇနီးမှာ သမီးလေးကို မွေးဖွားပြီး (၆) လခန့်တွင် မိန်းမရောဂါဖြစ်သော မီးယပ်ရောဂါဖြစ်သောကြောင့် ဆေးကုသလာခဲ့ရသည်မှာ ဆရာလည်းစုံ ဆေးခန်းလည်း စုံပြီဖြစ်သော်လည်း မအေးအေးနွယ်၏ မီးယပ်ရောဂါမှာ မသက်သာဘဲ အစားအသောက်ပျက်ပြီးအရိုးပေါ်အရေတင်အခြေအနေသို့ ရောက်လျက် ရှိနေသည်။ အိမ်ထောင်မကျမီက တောင့်တင်းစိုပြည်လျက် မြင်သူတကာ ငေးရသော မအေးအေးနွယ်၏ အလှအပများမှာ ယခု သမီးငယ်ကိုမွေးပြီး သုံးနှစ်အရွယ်ရောက်သည့် အချိန်တွင် အဘွားကြီးအိုရုပ်ပေါက်လျက် ရှိနေလေ၏။ သို့သော်လည်း ကိုဇော်နိုင်သည် ဇနီးနှင့်သမီးအပေါ် တာဝန်ကျေစွာ လုပ်ကိုင်ကျွေးမွေးလျက်ရှိသည်။

- - - - -

အိပ်ရာခုတင်ပေါ်တွင် ဘယ်လူးညာလှိမ့်ဖြင့် ကိုဇော်နိုင်အိပ်၍ မပျော်နိုင်ပါချေ။ သူ၏နံဘေးတွင် အိပ်ပျော်နေသော ဇနီးအား အသာစောင်းငဲ့၍ ကြည့်လိုက်ရာ ပါးရိုးများ ငေါထွက်လျက်အရိုးပေါ်အရေတင်ဖြစ်နေသော ဇနီးဖြစ်သူ၏မျက်နှာကို မီးရောင်မှိန်မှိန်အောက်တွင် မြင်ရလေလျှင် သက်ပြင်းကို အသာချလိုက်မိလေ၏။ မိမိဇနီးနွယ်နှင့် မြို့တွင် သူနှင့်ချစ်သူဖြစ်နေသော ခင်မေချိုကို နှိုင်းယှဉ်လိုက်မိသည်။ ခင်မေချိုက အသက်(၂၀) အရွယ်ခန့် တောင့်တင်းဖြိုးဝင်း လျက် ရှိုက်ကြီးဖိုငယ် အသွယ်သွယ်က ဆန့်ကျင်ဘက် ပုရိသယောက်ျားများ အသက်ရှူ မှားစေလောက်သည့် အလှ။

ဇနီးနွယ်သည် သူအား အိမ်ထောင်ရေးသုခ မဖြည့်ဆည်းပေးနိုင်သည်မှာကြာခဲ့ပြီ။ ယခု လှပကျော့ရှင်း တောင့်တင်းသည့် ခင်မေချိုအား သူချစ်ခဲ့မိသည်မှာ သူမှားလေသည်လားဟု သူ့ကိုယ်သူ မေးခွန်းများအခါခါမေးခဲ့ဖူးလေသည်။ သူ့အသက်က ယခုမှ (၂၉) နှစ်ပဲရှိသေးသည်။

သူနှင့် ခင်မေချို ဆုံတွေ့ခဲ့ကြရပုံကလည်း မထူးသော်လည်း ဆန်းသည်ဟုဆိုရလေမည်လား မပြောတတ်ပါ

ချေ။ လွန်ခဲ့သော (၇) လခန့်က တစ်ရက်သောနေ့တွင် ကိုဇော်နိုင် စပါးဖိုးငွေများရှင်းရန် မြို့သို့ ကားဖြင့်လာခဲ့ရာ ကားပေါ်မှဆင်း၍ ပွဲရုံသို့အသွားလမ်းတွင်တွေ့ရသော ကျောက်တော်ကြီးဘုရားအဝင်မုခ်ဦးကို တွေ့လိုက်ရ၍ ကျောက်တော်ကြီးဘုရားအား ဖူးမြော်ချင်စိတ်ဖြစ်လာသဖြင့် ကျောက်တော်ကြီးဘုရားဝင်း အတွင်းသို့ဝင်၍ ဘုရားအား ဝတ်ပြုရှိခိုး ပူဇော်နေလေသည်။

ဘုရားရှိခိုးပြီး အလှူငွေ (၃၀၀) ကျပ်အား အလှူခံပုံးထဲသို့ထည့်၍ လှူဒါန်းခဲ့ပြီး ဘုရားကြီးဝင်းထဲမှ ထွက်လာခဲ့ရာ ဘုရားမုခ်အနားသို့အရောက်တွင် သူ၏နောက်မှ –

"ဒီမှာ ... ဒီမှာ . ရှေ့ကအစ်ကို ခဏ"

ကိုဇော်နိုင်က သူ့အား ခေါ်သည် မထင်၍ရှေ့သို့ဆက်၍လျှောက်လာရာ သူ၏လက်ကိုကိုင်၍ ပြောလာသည်က ...

"ဒီမှာ ...ဒီက အစ်ကို ခဏစောင့်ပါဦး ပြောစရာရှိလို့"

ကိုဇော်နိုင်မှာ သူ၏လက်ကိုကိုင်၍ ပြောလာသူကိုကြည့်လိုက်ရာ မိန်းကလေးနှစ်ယောက်ကို မြင်ရလေသောကြောင့် ကိုဇော်နိုင်က ...

"ငါ့ညီမက ဘယ်သူ့ကိုခေါ်တာလဲ ...ဟင်"

ကိုဇော်နိုင်က မေးလိုက်ခြင်းကြောင့် သူ့လက်ကိုကိုင်ထားသော မိန်းကလေးက ...

"အစ်ကိုကို ခေါ်တာပါ ...အစ်ကို ဘုရားရှိခိုးပြီးထသွားတော့ အစ်ကို ဘုရားရှိခိုးတဲ့နေရာမှာ ဒီဟန်းဖုန်းလေးကိုတွေ့လို့ ...ကျွန်မတို့ လိုက်ပေးတာပါ"

မိန်းကလေး၏ ပြောစကားကြောင့် ကိုဇော်နိုင်သည် သူ၏ဘောင်းဘီအိတ်ထဲသို့ လက်ဖြင့် စမ်းကြည့်လိုက်ရာ ဟန်းဖုန်းကို မတွေ့ရတော့ပေ။ ထို့ကြောင့် မိန်းကလေး၏လက်ထဲမှ ဟန်းဖုန်းအား ကြည့်လိုက်ရာ သူ၏ဟန်းဖုန်း ဖြစ်နေသည်ကို မြင်လိုက်ရတော့ ကိုဇော်နိုင်က –

"ဟုတ်တယ် ညီမ။ အစ်ကို့ဟန်းဖုန်းဟုတ်ပါတယ်။ အစ်ကို ဘုရားရှိခိုးတဲ့အချိန် ဟန်းဖုန်းကို ဘေးမှာချထားတာ။ မေ့ပြီးကျန်နေခဲ့တာပါ...ကျေးဇူးတင်ပါတယ် ညီမတို့ရယ် ...ကျေးဇူးကမ္ဘာပါပဲ"

ကိုဇော်နိုင်က သူ၏ဟန်းဖုန်းအားလှမ်းယူလိုက်ရင်း ဟန်းဖုန်းကမ်းပေးလာသည့် မိန်းကလေးအား သေချာစွာကြည့်လိုက်လေ၏။ ယနေ့ခေတ် မိန်းကလေးများ ဝတ်စားဆင်ယဉ်မှုပုံစံအတိုင်း ဝတ်စားထားသဖြင့် အဖုအထစ် အမို့အမောက် အရှိုက်အဝန်းတို့ကို အရှိအတိုင်းမြင်ရလေသည်မှာ ပန်းပုဆရာတစ်ယောက်၏ လက်ရာမြောက်စွာ ထုဆစ်ထားသည့် ယမင်းရုပ်ထုတစ်ခုနှယ် ပြစ်မျိုးမဲ့မထင် ရွှေရုပ်သွင်အလား ထင်မှတ်မှားလောက်သည့် အလှဖြစ်သောကြောင့် ကိုဇော်နိုင် ငေး၍ကြည့်နေမိလေ၏။ ထိုအချိန် ဟန်းဖုန်းပေးလာသည့် မိန်းကလေးက...

"ကျေးဇူးတင်ဖို့မလိုပါဘူး အစ်ကိုရယ်၊ ညီမတို့က အစ်ကိုဖုန်းမှန်းသိလို့ ပိုင်ရှင်ကို ပြန်ပေးတာပါ။ ပိုင်ရှင် မသိမရှိရင်တော့ ယူထားမှာ သိလား"

ပြုံးစစဖြင့် ပြောလိုက်သည်က အလှတွင်အယဉ်ဆင့်သကဲ့သို့ကိုဇော်နိုင်၏ မျက်စိထဲတွင် စွဲထင်သွားမိရချေပြီ။ ထိုစဉ် မိန်းကလေးက သူနှင့်အတူပါလာသည့် မိန်းကလေးဘက်သို့လှည့်လိုက်ပြီး ...

"ကဲ ...ပိုင်ရှင်လက်ထဲကို ပစ္စည်းပေးပြီးပြီ ... ငါတို့လည်း သွားကြစို့မိသွယ် ..."

"နေကြပါဦးညီမတို့ရယ် ...ကျေးဇူးတင်လို့ ... တစ်ခုခုလိုက်ပြီး ကျွေးပါရစေ"

"ဟာ ... မဟုတ်တာ။ စားချင်လို့ဖုန်းကို လိုက်ပေးတာမှ မဟုတ်တာ၊ နေပါစေ အစ်ကိုရယ် ... ရပါတယ်"

ဟန်းဖုန်းပေးသည့် မိန်းကလေးက ပျာပျာသလဲ ငြင်းလိုက်လေသောကြောင့် ကိုဇော်နိုင်က –

"ရပါတယ် လုပ်မနေပါနဲ့ ညီမတို့ရယ်။ မိတ်ဖြစ်ဆွေဖြစ်အနေနဲ့ အစ်ကို့စေတနာကို လက်ခံပေးပါနော်"

"ဒီလိုဆိုရင်လည်း ဒီနားက လက်ဖက်ရည်ဆိုင်ကိုပဲ သွားကြရအောင်၊ လာ ... သွယ်ရေ ... ဒီကအစ်ကိုရဲ့စေတနာကို ဒါနမြောက်သွားအောင်"

လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်နှင့်မုန့်များ မှာယူစားသောက်ကြရင်း တစ်ယောက်နှင့်တစ်ယောက် မိတ်ဆက်ကြရာ ဖုန်းပေးလာသည့် အမျိုးသမီးနာမည်က ခင်မေချို၊ နောက်တစ်ယောက်က မြင့်မြင့်သွယ် ဖြစ်ကြောင်း၊ သူတို့နှစ်ယောက်သည် ဈေးထဲရှိ စတိုးဆိုင်တွင် ဆိုင်အကူအလုပ်လုပ်ကိုင်နေကြသူများဖြစ်ကြောင်း၊ ကိုဇော်နိုင်ကလည်း သူသည် စပါးနှင့်ပဲပွဲစားအလုပ် လုပ်ကိုင်နေသူဖြစ်ကြောင်း ပြောပြကြပြီးချိန်တွင် ခင်မေ

ချိုက သူတို့နှစ်ယောက်သည် နေ့စဉ် နံနက်တိုင်း ကျောက်တော်ကြီးဘုရား သို့ ဘုရားဖူးလာရောက်ကြောင်းများ ပြောပြပြီး လမ်းခွဲခဲ့ကြလေသည်။

ကိုဇော်နိုင်သည် သူ၏မျက်ဝန်းမှ တစ်ဆင့် နှလုံးသားထဲအထိ စွဲထင်သွားခဲ့ရသော ခင်မေချို၏ရုပ်သွင်အား မေ့ဖျောက်၍ မရနိုင်သည့်အတွက် နောက်နေ့များတွင်လည်း ကျောက်တော်ကြီးဘုရားသို့သွားကာ ခင်မေချို နှင့်တွေ့ပြီး ရင်းနှီးခင်မင်မှု ရရှိအောင် ကြိုးစားခဲ့သည်။ တွေ့ပါများတော့ ခင် ဆိုသည့် စကားပုံအတိုင်း ကိုဇော်နိုင် နှင့် ခင်မေချိုတို့သည်အချိန်တိုအတွင်း ခင်မင်ရင်းနှီးသောမိတ်ဆွေများ ဖြစ်ခဲ့ကြသည်။ ငွေကြေးကိစ္စများ ရှင်းပြီး သော်လည်းမြို့တွင် ငါးရက်ခန့် နေပြီးမှ ခင်မေချိုအား နောက်တစ်ပတ်တွင် သူ ပြန်လာမည့်အကြောင်း မှာကြားပြီး ရွာ သို့ပြန်ခဲ့လေသည်။

ကိုဇော်နိုင် ရွာပြန်ရောက်သော် လည်း ခင်မေချိုအား စွဲလမ်းသည့်စိတ် ကြောင့် အလုပ်လုပ်ရာတွင် အမှားမှား အယွင်းယွင်း ဖြစ်နေလေ၏။ ဇနီးနှင့် သမီးတို့ကိုလည်း ဝတ်ကျေတန်းကျေ ခေါ်ပြောဆက်ဆံလေ၏။ ခင်မေချို အပေါ် စွဲလမ်းစိတ်ကြောင့် ရွာတွင် (၅) ရက်သာနေပြီး ငွေရှင်းရန်ကိစ္စ အကြောင်းပြ၍မြို့သို့လာခဲ့လေသည်။

ရွာမှ နံနက် (၅း၃၀)နာရီ ထွက် သောကားဖြင့် လိုက်လာသော ကိုဇော် နိုင်သည် နံနက် (၆း၃၀)နာရီ အချိန် မြို့သို့ရောက်ခဲ့ပြီး ကားပေါ်မှဆင်းကာ ကျောက်တော်ကြီးဘုရားသို့ သွားပြီး ခင်မေချိုအား စောင့်နေလေသည်။ နာရီဝက်ခန့်အကြာတွင် ခင်မေချိုနှင့် မြင့်မြင့်သွယ်တို့နှစ်ယောက် ဘုရားရင် ပြင်ပေါ်သို့တက်လာရာ ကိုဇော်နိုင်နှင့် ခင်မေချိုတို့နှစ်ယောက် အကြည့်ချင်း ဆုံ၍ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး မေးခွန်းများ မေးကာ အဖြေရှာနေမိကြလေ၏။ တွေ့ ဆုံကြစဉ်ဝယ် စကားများ ပြောမဆုံး ဖြစ်ကြရပြီး နှစ်ဦးစလုံး၏ ပြောစကား များထဲတွင် သံယောဇဉ်စကားလုံးများ သာ များသည်ကို အနီးတွင်ရှိသော မြင့် မြင့်သွယ် ကြားရလေသည်။

ကိုဇော်နိုင်နှင့်ခင်မေချိုတို့ဆုံတွေ့ ခဲ့ကြသည်မှာ (၂)လကျော် အချိန်ကြာ လာသည်နှင့်အမျှ သံယောဇဉ်ကြိုးများ ကလည်း ပို၍ခိုင်မြဲလာခဲ့လေသည်။ တစ်ရက်သောနေ့တွင် ကိုဇော်နိုင် စောင့်နေသော ကျောက်တော်ကြီး ဘုရားသို့ ခင်မေချိုတစ်ယောက်တည်း ရောက်လာရာ ကိုဇော်နိုင်မှ မြင့်မြင့် သွယ်အကြောင်းမေးရာ ဒီနေ့ သူ နေ မကောင်း၍ အလုပ်မဆင်းနိုင်သဖြင့် သူတစ်ယောက်တည်း အလုပ်ဆင်း လာကြောင်းပြောပြလေသည်။ထိုအခါ ကိုဇော်နိုင်က သူ၏နှလုံးသားမှ ခံစား နေရသောအချစ်ဝေဒနာကိုဖွင့်ဟလေ သည်။ ခင်မေချိုမှာမည်သည့်စကားကို မျှမဆိုဘဲ မျက်လွှာချပြီး ခေါင်းကလေး ငုံ့နေ၏။ ကိုဇော်နိုင်က ခင်မေချို၏ လက်ဖဝါးလေးကို ဆုပ်ကိုင်၍မေးလေ မှ ခင်မေချို ခေါင်းညိတ် အဖြေပေးလေ သည်။ ထိုနေ့မှစ၍ အခေါ်အဝေါ်များ လည်း ပြောင်းလဲခဲ့လေသည်။ ကိုကြီး နှင့် မေချို။

ကိုဇော်နိုင်နှင့် ခင်မေချိုတို့ ချစ်သူ များဖြစ်ခဲ့ကြပြီးချစ်သက် (၂) လကျော် အချိန်တွင် ကိုဇော်နိုင်က သူ့တွင် ဇနီး နှင့် (၃)နှစ်အရွယ် သမီးလေးတို့ ရှိသည့်အကြောင်း အဖြစ်မှန်အတိုင်း ဖွင့်ဟပြောပြလေရာ ခင်မေချိုသည် မချစ်ဖူး၍ ရူးသည်လား၊ စိတ်အလိုကို လိုက်၍ မိုက်မဲလေသည်လား မပြော တတ်နိုင်ပါပေ။ ကိုကြီးကို သူချစ်သည့် အချစ်မှာ လူပျိုလူအိုဆိုပြီး ခွဲခြားသည့် အချစ် မဟုတ်ပါ။ ဆင်းရဲချမ်းသာရွေး ပြီး ချစ်ခဲ့ခြင်းလည်း မဟုတ်ပါ။ ကိုကြီး ဆိုသည့်သူကိုသာ ချစ်သည့်အချစ် ဖြစ်၍ ခွင့်လွှတ်ရင်းဖြင့် ချစ်နေပါမည်။ ကိုကြီး၏ ဆုံးဖြတ်ချက်အတိုင်း လိုက် နာပါမည်ဟု ပြောလေသည်။

ယခုတော့ တူနှစ်ကိုယ်နီးကြဖို့ အရေး တွေးပြီးရင်မောနေရသူက ကိုဇော်နိုင်ဖြစ်သည်။ အိပ်ပျော်နေ သော ဇနီး အေးအေးနွယ်၏ဘေးတွင် အိပ်ပျော်နေသော သမီးငယ်လေး၏ အပြစ်ကင်းစင်သည့်မျက်နှာလေးအား ကြည့်ရင်း ဆုံးဖြတ်ချက်ချရန် အခက် ကြုံနေရလေပြီ ဖြစ်သည်။ သူ၏နှလုံး သားဆန္ဒကို ဦးစားပေးရလျှင် သူ မတရားရာများ ကျူးလေမည်လား သို့ မဟုတ် လူမဆန်သည့်သူဟု အပြော အဆိုခံရလေမည်လား တွေးရင်း ရင် မောစွာ သက်ပြင်းအခါခါ ချမိလေ သည်။ သို့သော်လည်း ဦးနောက်၏ အတွေးများကို နှလုံးသား၏ဆန္ဒက အနိုင်ယူသွားခဲ့လေပြီဖြစ်သော ကြောင့် နောက်ဆုံး ဆုံးဖြတ်ချက်ကို ရဲရဲကြီးချလိုက်လေတော့သည်။

\- - - - -

ကျောက်တော်ကြီးဘုရား ရင်ပြင် ပေါ်ဝယ် ကိုဇော်နိုင်နှင့် ခင်မေချို

"မိချို ကိုကြီး ဆုံးဖြတ်ချက် ချခဲ့ပြီး ပြီ၊ မနက်ဖြန် ရန်ကုန်သွားမယ့် ကား

ဂိတ်ကို မနက် (၇)နာရီအရောက် လာခဲ့နော်။ အဝတ်အစား တစ်စုံနှစ်စုံ လောက်ပဲ ယူလာခဲ့။ ကိုကြီး ဒီနေ့ထဲက ကားလက်မှတ် ကြိုတင်ပြီး ဝယ်ထားမယ်။ ဒီနေ့ ကိုကြီးရစရာရှိတဲ့ငွေတွေ အားလုံး သွားတောင်းပြီး မနက်ဖြန်မနက် ကားနဲ့ အရောက်လာခဲ့မယ်။ မိချို ကားဂိတ်ကစောင့်နေပါ ..."

"စိတ်ချပါ ကိုကြီးရယ်၊ မိချို ဆက်ဆက်လာခဲ့ပါ့မယ် . . . မိချိုဆိုင်ကို သွားပြီး ဟန်မပျက်အလုပ် လုပ်လိုက်ဦးမယ်။ ကိုကြီးလာဖြစ်အောင် လာခဲ့ပါနော် ..."

မိချိုက ပြောပြီးထွက်သွားလေသည်။ ကိုဇော်နိုင်သည် ပွဲရုံများတွင် သူရရန်ကျန်ရှိနေသော စပါးဖိုး၊ ပဲဖိုးငွေများအား သွား၍တောင်းယူ၍ ရန်ကုန်ကားဂိတ်သို့လာခဲ့ပြီး မနက်ဖြန် ရန်ကုန်သို့ နံနက် (၇း၃၀)နာရီ ထွက်မည့် ရန်ကုန်ကားလက်မှတ်နှစ်စောင် ကြိုတင်ဝယ်ယူခဲ့ကာ မိမိရွာသို့သွားသည့် ကားဂိတ်ရှိရာသို့ လာခဲ့လေသည်။ ကားဂိတ်သို့ရောက်လျှင် ကားမလာသေးသဖြင့် ကားဂိတ်တွင် ကားစောင့်နေကြသူများအနီး ပလက်ဖောင်းပေါ်တွင်ထိုင်၍ ကားစောင့်နေလေ၏။

ကိုဇော်နိုင် ကားစောင့်နေသည်မှာ (၁၅) မိနစ်ခန့်အကြာတွင် ကိုဇော်နိုင်ထိုင်နေသော လက်ယာဘက် ပလက်ဖောင်းသို့ ကြည့်မိလိုက်ရာ ပလက်ဖောင်းပေါ်၌ထိုင်၍ ပလတ်စတစ်အိတ်ထဲမှ ထမင်းကို အားရပါးရ နှိုက်စားနေသော (၈)နှစ်ခန့်ရှိ ယောကျ်ားကလေးတစ်ယောက်ကို မြင်ရ၍ သေချာစွာကြည့်မိရာ အရောင်လွင့်ပျယ်နေသော တီရှပ်ကျောပြဲ အင်္ကျီနှင့် ဒူးကျဘောင်းဘီတိုကလေးကို ဝတ်ဆင်ထားသည်ကို မြင်ရလေသည်။ ကိုဇော်နိုင် ကလေးငယ်အား စိတ်ဝင်စားစွာ ကြည့်နေသည်ကို မြင်ရသော သူ့အနီးမှလူက -

"ခင်ဗျား သည်ကလေးကို စိတ်ဝင်စားနေတယ် ထင်တယ်။ အဲသည်ကလေးက သနားစရာကောင်းပါတယ်ဗျာ။ သူ့မှာ မိဘတွေမရှိကြတော့ဘူးတဲ့ အဖေက နောက်မိန်းမ ယူသွားတယ်။ အမေက သေသွားတယ်။ ဒါကြောင့် သူက ဒီအနီးအနားမှာရှိတဲ့ ဆိုင်တွေက နိုင်းသမျှ လုပ်ပေးပြီး ဆိုင်တွေကပေးတဲ့ ထမင်းဟင်းနဲ့ စားစရာတွေကိုစားပြီး ညအိပ်တော့ ဘုရားစောင်းတန်းထဲမှာ သူ့လိုဘဝတူကလေးတွေနဲ့ အိပ်ကြတယ်လေ"

ကိုဇော်နိုင်က သူစိတ်ဝင်စားမိသည့် ကလေးငယ်၏အကြောင်းကို ပြောပြသူဘက်သို့လှည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။ ထိုအချိန်တွင် သူတို့ထိုင်နေသည့် ကားလမ်းတစ်ဖက်ရှိ ပလက်ဖောင်းဘေး သစ်သီးစုံရောင်းသည့်ဆိုင်ဘက်မှ ဆူဆူညံညံအသံများကြား၍ လှမ်းကြည့်လိုက်ရာ သစ်သီးဆိုင်ပိုင်ရှင်က အသက် (၉)နှစ်ခန့် ယောကျ်ားလေးတစ်ယောက်၏ လက်ကိုဆွဲကိုင်ထားပြီး သူက လက်ထဲမှ ဝါးခြမ်းပြားဖြင့် ကလေး၏တင်ပါးအား တစ်ချက်ရိုက်လိုက်ပြီး အသံကျယ် ကျယ်ဖြင့် ...

"မင်းတို့ မိမဲ့ဖမဲ့ ကလေကချေလေးတွေ ...လမ်းပေါ်မှာနေ လမ်းပေါ်မှာစား လစ်ရင်ခိုးမယ်၊ အခုလည်း ငါ့ဆိုင်က ပန်းသီးခိုးတာမြင်မိလို့ မင်းတို့တွေ နေ့တိုင်း ငါ့ဆိုင်က သစ်သီးတွေခိုးစားနေကြတာ မဟုတ်လား"

"ကျွန်တော် ဒီတစ်ခါပဲ ခိုးမိပါတယ် ဦးလေးရယ်။ . . . ကျွန်တော် ထမင်းမစားရတာ နှစ်ရက်ရှိပါပြီ။ ဒါကြောင့် ဗိုက်ဆာလွန်းလို့ ခိုးစားမိတာပါ။ ရှိခိုးပါတယ် ဦးလေးရယ်။ ကျွန်တော့်ကို ရဲလက်ထဲ မအပ်ပါနဲ့နော်"

လက်အုပ်ကလေးချီလျက် သနားစဖွယ် ငိုပြီးပြောနေသော ကလေးငယ်အားကြည့်ပြီး ဆိုင်ရှင်ဖြစ်သူသည် သနားသွားဟန်နှင့် သူ၏ဆိုင်မှပန်းသီးနှစ်လုံးကိုယူ၍ ကလေးအား ပေးလိုက်ပြီး သွားခိုင်းလိုက်လေသည်။

ကိုဇော်နိုင် မြင်ရသည့်မြင်ကွင်းအားကြည့်၍ သူ၏စိတ်အစဉ်ဝယ် အတွေးများ အစီအရီဖြစ်ပေါ်၍ လာလေသည်။ မိမဲ့ဖမဲ့ ကလေးငယ်များ၏ အနာဂတ်မဲ့နေသော ဘဝလေးများ မပွင့်မီ ညှိုးရော်နွမ်းကြွေ မြေခကြရတော့မည့် ပန်းကလေးများ၏အဖြစ် မတွေးဝံ့စရာအဖြစ်တွေကို ဆက်၍ မတွေးရဲတော့ပါချေပြီ။ မိနှင့်ဖဖြစ်ကြသူများကြောင့် အပြစ်မဲ့သော ဖြူစင်သည့် နလုံးသားပိုင်ရှင် ကလေးငယ်လေးများ တိုင်းပြည်၏ မျိုးဆက်သစ်လေးများ ဆုံးရှုံးနေရပြီကော။ အတွေးများ ဆူဝေနေကြလေသည်။ ထိုစဉ် ကိုဇော်နိုင်၏ နားစည်ထဲသို့ ဝင်ရောက်ရိုက်ခတ်လာသည့် အသံတစ်သံကြောင့် အသံလာရာဆီသို့ ခေါင်းကို စောင်းငဲ့ကြည့်လိုက်ရာ အသက် (၁၂) နှစ်အရွယ် မိန်းကလေးတစ်ယောက်သည် ပလက်ဖောင်းပေါ်တွင်ထိုင်၍ ကားစောင့်နေကြသူများထဲမှ အလှူခံနေသံဖြစ်သည်ကို မြင်လိုက်ရသည်၊

အောက်အနားသားများ စုတ်ပြဲနေသည့် အရောင်မပေါ် ညစ်ထပ်ထပ်ဂါဝန်အင်္ကျီလေးကို ဝတ်ဆင်ပြီး သနားစဖွယ် လက်ဝါးလေးနှစ်ဖက်ဖြန့်လျက်ပါးစပ်မှလည်း -

"ကျွန်မရဲ့အမေ ရောဂါဖြစ်နေတာ (၆)လလောက်ရှိသွားပါပြီ။ အမေ့ဆေးဖိုးနဲ့ ထမင်းဖိုးလေး သနားကြပါရှင်"

မိန်းကလေး အလှူခံနေသော မိန်းမကြီးက ငွေ(၅၀)ကို မိန်းကလေး၏လက်ထဲသို့ ထည့်ပေးလိုက်ပြီး မိန်းကလေးကို မေးလိုက်လေ၏။

"ဟဲ့ ကလေးမ ...နင့်မှာ အဖေမရှိဘူးလား၊ နင့်အဖေက ဘာအလုပ်မှ မလုပ်ဘူးလား"

"ကျွန်မအဖေက အလုပ်လုပ်မယ်ဆိုပြီး ထွက်သွားတာ (၄)နှစ်လောက်ရှိသွားပါပြီ။ ဟိုမှာ မိန်းမရနေတယ်လို့ သတင်းကြားရပြီး တစ်ခါမှ ပြန်မလာပါဘူး ဒေါ်ကြီးရယ်။ အစကတော့ ကျွန်မအမေက အကြော်ကြော်ရောင်းပါတယ်။ လွန်ခဲ့တဲ့ (၆)လလောက်က ရောဂါဖြစ်ပြီး အကြော် မကြော်နိုင်တော့တာကြောင့် ကျွန်မက အလှူခံပြီး အမေ့ကို ရှာကျွေးနေရတာပါရှင် ..."

မိန်းကလေး၏ ပြောစကားကို ကြားကြရသောသူများက ၅၀၊ ၁၀၀၊ ၂၀၀ စသည်ဖြင့် မိန်းကလေးကို ပေးလှူကြလေသည်။ မိန်းကလေး ကိုဇော်နိုင်၏ရှေ့သို့ ရောက်လာချိန် ကိုဇော်နိုင်၏မျက်စိထဲတွင် မိန်းကလေး၏ မျက်နှာလေးမှာ သူ့သမီးလေး ခင်ပြည့်စုံ၏ မျက်နှာလေးအဖြစ် မြင်လိုက်ရသောကြောင့် သူ၏မျက်လုံးများကို လက်ဖြင့်ပွတ်သပ်၍ ကြည့်လိုက်ရာ သမီးငယ်ခင်ပြည့်စုံ မဟုတ်သည်ကို မြင်ရလေမှ သူ၏အင်္ကျီအိတ်ထဲမှ ငွေ ၂၀၀၀ ကျပ်အား ထုတ်ယူ၍ မိန်းကလေး၏ လက်ဝါးလေးနှစ်ဖက်ထဲသို့ ထည့်ပေးလိုက်ရာ မိန်းကလေးသည် အံ့ဩဝမ်းသာစွာဖြင့် ကိုဇော်နိုင်၏မျက်နှာကို မော့၍ကြည့်လိုက်ပြီး အသံစာစာလေးဖြင့် ဆုပေးလေ၏။

"ဒုက္ခရောက်နေတဲ့ ကျွန်မတို့သားအမိအတွက် ခုလို ငွေ ၂၀၀၀ ကျပ်လှူတဲ့အကျိုးကြောင့် ဦးဦးတို့ မိသားစုအားလုံး ကျန်းမာချမ်းသာကြပါစေ။ မိသားစု စုံစုံညီညီနဲ့ ဘဝတစ်လျှောက်လုံး ပျော်ရွှင်စွာ နေနိုင်ကြပါစေရှင်။ သိန်းထီကြီးလည်း ပေါက်ပါစေ ..."

ကိုဇော်နိုင် မိန်းကလေး၏ ဆုပေးသံကို ဆုံးသည်အထိ မကြားတော့ပါချေ။ သူ၏မျက်စိထဲတွင် ယခု အလှူခံနေသည့် မိန်းကလေးနေရာတွင် သူ၏သမီး ခင်ပြည့်စုံကိုသာ မြင်မိပြီး သူ့သမီးလေးသာ သည်အဖြစ်မျိုး ဖြစ်ခဲ့ပါလျှင် သူဆက်၍ မတွေးရဲတော့ပါချေပြီ။ သမီးလေး ခင်ပြည့်စုံ အဖမဲ့သမီးဖတဆိုးသမီးဘဝဖြင့် လူလောကအလယ်တွင် မျက်နှာငယ်စွာဖြင့် လျှောက်လှမ်းရမည့်အဖြစ်ဆိုး သူ - သူများတော့မလို့ပါလား ...တစ်သက်လုံးပြင်မရသည့်အမှားကြီး မှားမိတော့မလို့ ... သူ့အား အသိမှန် အမြင်မှန်ရအောင် လမ်းပြပေးလိုက်သည့် မိန်းကလေးအားကြည့်လိုက်ရာ သူတို့အား ကျောခိုင်း၍ တရွေ့ရွေ့ ထွက်ခွာသွားသည်ကို မြင်ရလေသည်။

ကိုဇော်နိုင် သူ ဘာလုပ်ရမည်ကို သဲကွဲပြတ်သားစွာ သိလိုက်ရလေပြီမို့ သူ၏ပိုက်ဆံအိတ်ထဲတွင် ထည့်ထားသော ကြိုတင်ဝယ်ယူထားသည့် ကားလက်မှတ်နှစ်စောင်ကို ထုတ်ယူလိုက်ပြီး အစိပ်စိပ် အမြွှာမြွှာဖြစ်အောင် ဆုတ်ဖြဲ၍ ပလက်ဖောင်းအောက်တွင်ရှိသော ရေမြောင်းထဲသို့ ပစ်ချလိုက်ပြီး သူ၏ရင်ထဲမှ ပြောလိုက်သည့် အသံတိတ်စကားသံများကတော့ ...

"မိချိုရေ ကိုကြီးကို ခွင့်လွှတ်ပါလို့ မပြောချင်တော့ပါဘူးကွယ်။ ကိုကြီး မိချိုကို တကယ်ချစ်ခဲ့တာပါ။ ဒါပေမဲ့ ကိုကြီးအတွက်နဲ့ အပြစ်မဲ့တဲ့ သမီးငယ်လေးရဲ့ဘဝ မိတဆိုးသမီးအဖြစ်နဲ့ လူ့လောကအလယ်မှာ မျက်နှာငယ်စွာနဲ့ ဘဝတစ်လျှောက်လုံး လျှောက်လှမ်းရမယ့်အဖြစ်ဆိုး မဖြစ်ရလေအောင် မိချိုကို ပေးထားခဲ့တဲ့ကတိကို ဖျက်လိုက်ပါပြီ။ ကိုကြီးရဲ့ ဆုံးဖြတ်ချက်ကို ပြင်လိုက်ပါပြီ။ ကိုကြီးရဲ့ဇနီးနဲ့ သမီးလေးတို့နဲ့အတူ သာယာချမ်းမြေ့တဲ့ ဘဝလေးကို တည်ဆောက်သွားတော့မယ်ကွယ်။ ကိုကြီးကို ခွင့်မလွှတ်ပါနဲ့ မိချိုရယ်"

ကိုဇော်နိုင်၏ရင်တွင်းမှ အသံတိတ်စကားသံများကိုသာ သူ၏ဇနီး အေးအေးနွယ်နှင့် သမီးလေးတို့ ကြားကြရမည်ဆိုလျှင် ...။

**မင်းမြင့်နိုင်(ဘူးသီးတောင်)**



# အဖြူရောင်သစ္စာဖြင့် နှောင်ဖွဲ့လေသောမေတ္တာ

ခမောက်စု

သရုပ်ဖော်ပန်းချီဝေမွန်လင်း



# အဖြူရောင်သစ္စာဖြင့် နှောင်ဖွဲ့လေသောမေတ္တာ

**ရွှေကျွန်းမောင် (ခမောက်စု)**

(၁)

"နှစ်ဖက်စလုံး ခွဲရမယ် ..."

ဆေးခန်းထဲက ထွက်လာပြီး ဆိုက်ကားပေါ်ရောက်တဲ့အထိ မျက်စိအထူးကုဆရာဝန်ကြီးရဲ့ စကားသံတို့ကို နားထဲမှာ တရစပ်ကြားယောင်နေမိသည်။ နှစ်ဖက်စလုံး ခွဲရမယ်ဆိုလျှင် အနည်းဆုံး တစ်သိန်းခွဲလောက်တော့ ကုန်လိမ့်မည်။ လက်ထဲမှာ ငွေရှိလို့ကတော့ တစ်သိန်းခွဲမပြောနဲ့ ကုန်ချင်သလောက် ကုန်စမ်းပါစေ။ အစ်ကို့ရဲ့ မျက်လုံးတွေ ပြန်မြင်လာရင်ပဲ ခင်စန်းကြည် ကျေနပ်ပါပြီ။

အခုတော့ ရရစားစားဘဝမှာ ခင်စန်းကြည်ရဲ့ လုပ်အားတစ်ခုတည်းနဲ့ မိသားစုတစ်စုလုံးကို ရှာဖွေကျွေးမွေးနေရတော့ အပိုအလျှံဆိုတာ ဘယ်လိုလုပ်ရှိမှာလဲ။ ဒီနှစ်ဆိုရင်ပဲ အကြီးမက ဆယ်တန်း၊ အငယ်ကောင်က လေးတန်း၊ သူတို့ရဲ့ကျောင်းစရိတ်နဲ့ မိသားစုတစ်စုလုံးရဲ့စားစရိတ်ကို အလျင်မီအောင် မနည်းရုန်းကန်နေရသည်။

ခင်စန်းကြည်ဟာ ကလေးနှစ်ယောက်မိခင် အိမ်ထောင်ရှင်ဖြစ်ပေမဲ့ ကျန်းမာသန်စွမ်းပြီး လှပကျော့ရှင်းတဲ့ရုပ်ရည်နဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားသူဖြစ်သည်။ ကျောင်းပညာရေး တစ်ပိုင်းတစ်စနဲ့ ပထမအရွယ် မလွန်ခင်ကလေးမှာ အိမ်ထောင်ကျခဲ့သည်။ မိဘများကလည်း သာမန်ဘဝ ရရစားစားတွေဖြစ်လို့ ခင်စန်းကြည်တို့ အိမ်ထောင်ဦးအတွက် မယ်မယ်ရရ မထည့်ပေးနိုင်ခဲ့ပေ။ ကိုယ့်အိုးကိုယ့်အိမ်နဲ့ဖြစ်လာပြီမို့ သမ္မာအာဇီဝအလုပ်မှန်သမျှ အလုပ်မရွေးဘဲ ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ဆောက်လုပ်ရေးလုပ်ငန်းတွေထဲမှာ မဆလာသယ်၊ သဲသယ်၊ အုတ်သယ်အလုပ်ကအစ အိမ်ဖေါ်အလုပ်အဆုံး အကုန်လုပ်ဖူးသည်။

နောက်ဆုံးလုပ်ခဲ့တဲ့အလုပ်တွေမှာ ဟသ်ာတဘူတာမှာ ငုံးဥပြုတ်၊ စာလေးခွေ ရောင်းသည်။ အရင်းပြုတ်သွားတတ်တဲ့ရက်တွေမှာ ကုန်ရွက်သည်။ ကုန်သည်သည်။ ကုန်စိမ်းသည် ဒေါ်မြကြည်ရဲ့ အကူအညီ အထောက်အပံ့နဲ့ ကုန်စိမ်းသည်အဖြစ် ပုသိမ် - ဟသ်ာတ လော်ကယ်ရထားပေါ်သို့ ခင်စန်းကြည် တက်ခဲ့သည်။

ဟသ်ာတကနေ ပုသိမ်ကို မနက်လေးနာရီခွဲမှထွက်တဲ့ မနက် လော်ကယ်ရထားနဲ့ ဟသ်ာတ၊ ယုန်သလင်း၊ ခမောက်စု စတဲ့ ဘူတာတွေက မီးဖိုချောင်သုံး ဟင်းရွက်ဟင်းသီးများကို ဝယ်ယူစုဆောင်းပြီးပုသိမ်မြို့ကဘူတာဈေးကြီးမှာ ရောင်းရသည်။ ပြောင်းဖူးလှိုင်လှိုင်ထွက်ချိန်မှာ ပြောင်းဖူး၊ ငှက်ပျောဈေးကောင်းချိန်ကျတော့ ငှက်ပျောစသည်ဖြင့် တစ်နှစ်ပတ်လုံးတင်ပို့ရောင်းချရသည်။

ခေါင်းရွက်၊ ဗျပ်ထိုး၊ ကျပန်းလုပ်ရတာထက်စာလျှင်ကုန်စိမ်းသည်အဖြစ် ရထားပေါ်မှာ ကျင်လည်လှုပ်ရှားရတာက ပိုပြီးတော့ အကျိုးအမြတ်ရှိသည်။ လူရည်သန့်သည်။ ဣန္ဒြေရသည်။ ဒါ့ကြောင့်လည်း ခင်စန်းကြည်ရဲ့ မိသားစုတစ်စုလုံး ဟန်မပျက် နေနိုင်စားနိုင်ခြင်းဖြစ်သည်။ တစ်ခုတော့ရှိသည်။ ရထားပေါ်တက်ပြီး ကုန်စိမ်းရောင်းတယ်ဆိုတာ ကိုယ်ကျင့်တရားကို စောင့်ထိန်းနိုင်ဖို့ အရေးကြီးသည်။ ခင်စန်းကြည်တို့လို အရွယ်ကောင်းတွေအတွက် ချဉ်းကပ်မှုအမျိုးမျိုး ကြုံရသည်။ လက်မှတ်စစ်ကအစ. ဘဝတူကုန်စိမ်းသည်အဆုံး မထိတထိနဲ့ ရိသဲ့

သဲ့လုပ်တာတွေ ကြုံရသည်။ ဒါတွေကို ခင်စန်းကြည် လိမ္မာပါးနပ်စွာ ရှောင်တိမ်းနိုင်စွမ်း ရှိခဲ့သည်။ အနေအထိုင် တည်တံ့သည်။ ကျစ်လျစ်သိုသိပ်မှုရှိသည်။

ဘဝပေးအခြေအနေအရ ရထားပေါ်တက်ပြီး ကုန်စိမ်းရောင်းနေရပေမဲ့ မိမိရဲ့ ကိုယ်ကျင့်တရားကို အထင်သေးတဲ့အကြည့်မျိုးကို လက်မခံနိုင်။ အစ်ကိုအပေါ်မှာထားတဲ့ ခင်စန်းကြည်ရဲ့ သစ္စာတရားဟာ အခုအချိန်အထိ မဲ့တစ်ပေါက်မစွန်းခဲ့ဖူးသေး။

ခင်စန်းကြည်. အစ်ကိုလို့ နှစ်နှစ်ခြိုက်ခြိုက်ခေါ်ရတဲ့ ခင်ပွန်းဖြစ်သူ ကိုတင်မောင်လွင်ဟာ ဟင်္သာတမြို့ ပန်းဘဲတန်းရပ်ကွက်ကြီးထဲက သံရည်ကျိုစက်မှုလက်မှုလုပ်ငန်းများမှာကျွမ်းကျင်လုပ်သားတစ်ဦးဖြစ်သည်။ လူပျိုပေါက်ဘဝကတည်းက သံဂဟေဆော်တဲ့အလုပ်ကို ကျွမ်းကျွမ်းကျင်ကျင် လုပ်နိုင်သူဖြစ်သည်။ လုပ်ငန်းတွင် ကျယ်လာတာနဲ့အမျှ မျက်ကာမှန်ကို အမြဲတစေအသုံးမပြုဘဲ သာမန်မျက်လုံးဖြင့် အလျင်စလို သံဂဟေဆော်ခြင်းများကို လုပ်မိသောကြောင့် အချိန်ကြာလာတော့ မျက်စိစူးခြင်း၊ အောင့်ခြင်းများ ဖြစ်ပေါ်လာလေတော့သည်။

ခင်စန်းကြည်မှာကလည်း ချိန်းဆိုဝယ်ယူထားမိတဲ့ ကုန်စိမ်းသီးနံများကို အချိန်မီတင်ပို့ရောင်းချရတာဖြစ်လို့ အစ်ကို့ရဲ့မျက်လုံးကို သာမန်မျက်စဉ်းလောက်နဲ့ နှစ်သိမ့်ထားခဲ့ပြီး ရထားပေါ်တက်ရသည်။ စားရေးသောက်ရေးကိစ္စအဝဝ သမီးကြီးကိုပဲ မှာထားခဲ့ရသည်။

အစ်ကို့ရဲ့မျက်လုံးတွေက နှစ်ဖက်စလုံး မှုန်ဝါးဝါးဖြစ်နေသည်။ ရှိုးရှိုးမျက်စဉ်းလောက်နဲ့တော့ မျက်စိစပ်ရှံ့ကလွဲပြီး ပိုလင်းမလာဘဲ ပိုပြီးမှောင်သွားခဲ့သည်။ အလုပ်မဆင်းနိုင်တော့တာ သည်ပင်ခုနစ်လ၊ ရှစ်လလောက်ရှိရှေ့မည်။

ကိုယ့်ယောက်ျားကို ဒီလိုအဖြစ်မျိုး ဘယ်မှာဖြစ်စေချင်ပါ့မလဲလေ။ အစ်ကို့မျက်လုံးတွေ ကောင်းကောင်းမြင်ရသေးတဲ့အချိန်က စိတ်လိုလက်ရရှိတဲ့အခါမျိုးမှာ ခင်စန်းကြည်ကို တစိမ့်စိမ့်ကြည့်ရင်း "ငါ့မိန်းမက သိပ်လှတာပဲ၊ မိန်းမကောင်း မိန်းမမြတ်ထဲမှာပါတယ်"လို့ ပြောလေ့ရှိသည်။ အဲဒီလိုအခါမျိုးမှာ ခင်စန်းကြည် နှုတ်ခမ်းစူမျက်စောင်းထိုးရင်း စိတ်ဆိုးဟန်ဆောင်လို့ ရင်ထဲမှာ ကျေနပ်နေမိသည်။ ကြည်နူးနေမိသည်။

ခင်စန်းကြည်ရဲ့မျက်နှာကို အစ်ကိုမြင်တွေ့နိုင်စွမ်း မရှိတော့တဲ့အချိန်ကစပြီး ခင်စန်းကြည်ရဲ့ပါးမို့မို့ပေါ်က သနပ်ခါးတွေ အဓိပ္ပာယ်မဲ့ခဲ့ရသည်။ ဒါကြောင့် ဒီတစ်ရက်တော့ ကုန်ရောင်းဖျက်ပြီး အစ်ကို့ကို မျက်စိအထူးကုဆရာဝန်ကြီးထံသို့ သွားရောက်ပြသခဲ့သည်။

ရောဂါရင့်မှ ရောက်လာလို့ ဆရာဝန်ကြီးက ကရုဏာဒေါသောနဲ့ အပြစ်ဆိုသည်။ ခင်စန်းကြည်အဖို့ ခေါင်းငုံ့ခံရုံသာရှိသည်။ ဆရာဝန်ကြီးက သေသေချာချာ စမ်းသပ်စစ်ဆေးပြီးမှ ခပ်အေးအေး ရှင်းပြသည်။

"နှစ်ဖက်စလုံး ခွဲရမယ်၊ ခွဲလိုက်ရင် ပြန်မြင်နိုင်တယ်။ သိပ်နောက်ကျသွားခဲ့ရင်တော့ ပြန်မြင်နိုင်ဖို့ ရာခိုင်နှုန်းနည်းသွားနိုင်တယ် ...၊ ခင်ဗျားတို့ စဉ်းစားဆုံးဖြတ်ပေါ့"

"အစန်းရေ . . . ရောက်ပြီလားမသိဘူး""

ဟုတ်ပါရဲ့ အတွေးတွေ ဘယ်လောက်များသွားလဲမသိ။ အိမ်ရှေ့ကို ရောက်လို့ရောက်မှန်းတောင် သတိမထားမိ။ အစ်ကိုက သတိပေးတော့မှ ဆိုက်ကားနောက် ကပျာကရာ လျှောဆင်းလိုက်ပြီး အစ်ကို့ကို တွဲချပေးရသည်။ ဆိုက်ကားခရင်းပေးနေတုန်းမှာ သမီးကြီးပြေးထွက်လာပြီး သူ့အဖေကို တွဲခေါ်သွားသည်။

အစ်ကို့မျက်လုံးတွေကို အချိန်မီအခါမီ မြန်မြန်ခွဲပေးချင်လှသည်။ အဲဒီအတွက် လိုတဲ့ငွေကို ဘယ်လိုရှာမလဲဆိုတဲ့အတွေးက အဖြေရှာမရတဲ့ ပုစ္ဆာတစ်ခု ဖြစ်နေသည်။

- - - - -

(၂)

"ဘော် ... ဘူ ... ဘော် ..."

ကုန်စိမ်းခြင်းတွေ ရထားတွဲပေါ်ရောက်ရုံရှိသေး . . . ရထားက စတင်ထွက်ခွာလေပြီ။ ခင်စန်းကြည် ရထားမီရုံကလေးပဲရှိသည်။ ကုန်စိမ်းခြင်းတွေကို ရထားတွဲပေါ်မှာနေရာတကျချထားပြီးတော့မှ ဒေါ်မြကြည်ရဲ့ နံဘေးက နေရာလွတ်တစ်ခုမှာ ဝင်ထိုင်လိုက်သည်။

"ဟူး ...အခုမှပဲ အသက်ဝအောင် ရှူရတော့တယ်""

"ဟဲ့ ... မိစန်းကြည် ... မနေ့က ဘာဖြစ်လို့ မလိုက်တာလဲ ..."

"အစ်ကို မျက်စိမကောင်းလို့ ဆေးခန်းပြနေတာပါ ဒေါ်လေးမြကြည်"

"အော် ... ဟုတ်လား ... ညည်းယောက်ျားမျက်လုံးက ဘာဖြစ်တာလဲ"

"သူ့ဝပ်ရှော့လုပ်ငန်းမှာ ဂဟေဆော်တဲ့ဒဏ်တွေပေါ့ ဒေါ်လေးရယ်။ အစ်ကို့မျက်လုံးနှစ်ဖက်စလုံး တိမ်စွဲပြီး

အခုလောလောဆယ် ဘာမှမမြင်ရတော့ဘူး”

“ဆရာဝန်က ဘာပြောသလဲ”

“ခွဲလိုက်ရင်တော့ နှစ်ဖက်စလုံးပြန်မြင်နိုင်တယ်တဲ့ ...”

“ဒါဆိုရင်လဲ မြန်မြန်ခွဲပေးလိုက်လေဟယ် ...”

“ခွဲစေချင်တာပေါ့ ဒေါ်လေးရယ်။ ဒေါ်လေးသိတဲ့အတိုင်းပဲ လက်ထဲမှာက ကုန်ရင်းတဲ့ပိုက်ဆံက လွဲလို့ အပိုအလျှံများများစားစား ရှိတာမဟုတ်ဘူးလေ ...။ သူများဆီက ချေးရအောင်ကလည်း ကိုယ့်ပတ်ဝန်းကျင်မှာက သူလိုကိုယ်လိုတွေချည်းပဲ ...”

“ညည်းယောကျ်ားအလုပ်လုပ်တဲ့ ဝပ်ရှော့အိမ်ကို အကူအညီတောင်းမကြည့်ဘူးလား”

“ကျွန်မ စဉ်းစားမိပါတယ်၊ သူတို့ဆီက ငွေယူမိရင် ငွေပြန်ဆပ်လို့မရဘူး။ အလုပ်လုပ်ပေးရမှာ၊ အစ်ကို့ကို အဲဒီအလုပ်ကို ဘယ်တော့မှ ပြန်မလုပ်နိုင်းတော့ဘူးဒေါ်လေး”

“အေးလေ ... ညည်းပြောတာလည်း ဟုတ်တာပါပဲ”

ရထားကြီးက တာဝန်ကျေစွာ မှန်မှန်ခုတ်မောင်းလျက် ရှိသည်။ ခင်စန်းကြည်တို့ စကားစပြတ်သွားကြပြီး ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်သက်စွာ လိုက်ပါလာကြသည်။ ခင်စန်းကြည်နဲ့ မျက်နှာချင်းဆိုင် ထိုင်ခုံမှာ လိုက်ပါလာတဲ့ အသက်(၄၅) နှစ်ဝန်းကျင်ခန့်ရှိ ရုပ်ရည်သန့်သန့် အမျိုးသမီးကြီးက မိတ်ဖွဲ့စကား ဆိုလာသည်။

“ဒီကညီမလေးက အိမ်ထောင်နဲ့လား”

“ဟုတ်ကဲ့ အိမ်ထောင်ရှိပါတယ်။ ကလေးနှစ်ယောက်နဲ့ပါ”

“ထင်တောင်မထင်ရပါဘူးကွယ်။ အစ်မတို့ မိန်းမချင်းတောင် ညီမလေးကို အပျိုလို့ထင်နေတာ”

“မထင်နဲ့ အစ်မကြီးရေ။ ဒါတောင် နောက်ထပ်မမွေးချင်တော့လို့ ကလေးနှစ်ယောက်နဲ့ ရပ်သွားတာ ...”

“ညီမလေးက ပွင့်ပွင့်လင်းလင်းပဲနော်။ အဲဒါမျိုးမှ မမနတို့က သဘောကျတာ။ ညီမလေးရဲ့ အမျိုးသားက မျက်စိခွဲရမယ်လို့ ခုနကပြောတာ ကြားလိုက်မိသလိုပဲ”

“ဟုတ်ပါတယ်၊ အစ်မကြီးရယ်။ ညီမယောကျ်ားက မျက်စိနှစ်ဖက်စလုံး မမြင်ရတော့ဘူး။ ခွဲလိုက်ရင် ပြန်ကောင်းမယ်လို့ ဆရာဝန်ကြီးက ပြောတာပဲ။ လောလောဆယ် ငွေရေးကြေးရေး အခက်အခဲရှိနေတော့ ချက်ချင်းမခွဲနိုင်သေးပါဘူး”

“အော် ... စိတ်မကောင်းစရာပဲကွယ်။ ဒါပေမဲ့ အားမလျှော့ပါနဲ့ ညီမလေးရယ်။ ညီမလေးနာမည် ဘယ်လိုခေါ်လဲ”

“ခင်စန်းကြည်ပါ ...အစ်မကြီး”

“မမနကိုတော့ မမနလို့ပဲ မှတ်ထားပေါ့။ ညီမလေးရဲ့အမျိုးသားမျက်စိ ခွဲဖို့ သိပ်အခက်အခဲ ရှိနေတယ်ဆိုရင် ညီမလေးရဲ့ အလုပ်ကိစ္စတွေပြီးတော့ ဟောဒီလိပ်စာအတိုင်း လာခဲ့ပါလား။ မမန တစ်ခုခုတော့ ကူညီပေးနိုင်လိမ့်မယ်ထင်တာပဲ ...”

ကြားရတဲ့စကားက ကိုယ့်နားတောင် ကိုယ်မယုံ။ ခင်စန်းကြည် ဝမ်းသာလိုက်တာမပြောပါနဲ့တော့။ ဘာပဲဖြစ်ဖြစ် ပုသိမ်ဘူတာဈေးထဲမှာပါလာတဲ့ကုန်စိမ်းသီးနှံတွေမြန်မြန်ရောင်းပြီးတာနဲ့ မမနဆီကို သူပေးထားခဲ့တဲ့ လိပ်စာအတိုင်း သွားတွေ့ဖို့ ဆုံးဖြတ်လိုက်သည်။

-----

အစ်ကို့ရဲ့မျက်လုံးတွေ ပြန်ကောင်းဖို့ဆိုရင် ခင်စန်းကြည်မှာ သတ္တိတွေ အလိုလိုရှိနေသည်။ ဘယ်လိုအခွင့်အရေး၊ ဘယ်လိုမျှော်လင့်ချက်ပဲဖြစ်ဖြစ် လက်လွှတ်အဆုံးရှုံးခံမည်မဟုတ်ပေ။

မမနဆိုတဲ့ အမျိုးသမီးကြီးပေးထားခဲ့တဲ့လိပ်စာက ကမ်းနားလမ်းရဲ့ ချောင်ကျကျလမ်းသွယ်တစ်ခုထဲက အိမ်တစ်လုံးဖြစ်သည်။

ခင်စန်းကြည်ကိုတွေ့တော့ မမနက ဝမ်းသာအားရ ထွက်ကြိုသည်။

“ဟော...ညီမလေးခင်စန်းကြည်။ လာ ... ညီမလေးလာထိုင်နော် ... မာလာရေ ... အအေးလေးတစ်ခွက်လောက်ယူခဲ့ပါကွယ်”

“ဟုတ်ကဲ့ ...လာပါပြီ မမန”

အအေးခွက် လာချပေးတဲ့ မာလာဆိုတဲ့ မိန်းကလေးကို ခင်စန်းကြည် အကဲခတ်ကြည့်မိသည်။ ခေတ်ဆန်လွန်းသည်လို့ မှတ်ချက်ချမိသည်၊ မမနအိမ်ရဲ့ဧည့်ခန်းကို ဝေ့ဝဲအကဲခတ်ကြည့်လိုက်သည်။ ခေတ်မီအသုံးအဆောင် ပရိဘောဂများနဲ့ အပြင်အဆင်တို့က မမနရဲ့ ဥစ္စာဓနအင်အားကို ဖော်ပြနေသည်။

“အအေး သောက်လိုက်ပါဦး ညီမလေး”

“ဟုတ်ကဲ့ပါ ... ညီမကို မမန ဘယ်လိုကူညီပေးနိုင်မလဲဆိုတာ သိပါရစေရှင့် ...”

“အော် ... ပြောပြမှာပေါ့ ညီမလေးရယ်။ လူဆိုတာ အူမတောင့်မှ သီလစောင့်နိုင်မယ်ဆိုတဲ့ ဆိုရိုးစကား

ရှိတယ်လေ။ ငွေရေးကြေးရေးနဲ့ ပတ်သက်လို့ကတော့ ဒီလိုပဲရင်းသင့်တာကို ရင်းပြီးရှာရတာပဲလေ။ အလုပ်က အပန်းဖြေခရီးတွေမှာ ဧည့်သည်တွေနဲ့ အဖော်လိုက်ပေးရတဲ့အလုပ်ပါ။ ဒီအလုပ်က ကိုယ့်ရပ်ကိုယ့်ရွာမှာ နာမည်မထွက်ဘူး။ ကျန်နေရရနဲ့ ပိပိရိရိ နေရင်နေသလို ခြေလုံတယ်။ မမနမှာ အဆက်အသွယ်ကောင်းတွေ အများကြီးရှိတယ်။ ညီမလေးရဲ့အဝတ်အစားနဲ့ ဆံပင်ကို နည်းနည်းလောက် ပြုပြင်ပေးလိုက်ရင် မင်းကြိုက်စိုးကြိုက်ပဲ ကွယ့်"

ဒီစကားမျိုး ပြောလာလိမ့်မယ်လို့ ခင်စန်းကြည် လုံးဝမထင်မိခဲ့။ စကြားကြားချင်းတော့ ရင်ထဲမှာ ဒေါင်းခနဲ ဒေါသထွက်သွားမိသည်။ တစ်ခုခုပြောပြီးထပြန်ဖို့စိတ်ကူးမိလိုက်သေးသည်။ တစ်ချိန်တည်းမှာ အစ်ကို့မျက်နှာကို မြင်ယောင်လာမိသည်။ မျက်လုံးတွေ ပြန်ကောင်းချင်နေရှာတဲ့အစ်ကို။ ပြန်ကောင်းဖို့အခွင့်အရေးကလည်း ရှိနေသည်။ အချိန်သိပ်ဆွဲလို့မရ။

မိန်းကလေးတွေ အတွက် အလွယ်တကူငွေရနိုင်တဲ့အလုပ်ဟာ ဒီအလုပ် တစ်မျိုးတည်းရှိသလားလို့ အော်မေးလိုက်ချင်သည်။ စကားသံတို့က လည်ချောင်းဝမှာပဲ ပျောက်သွားသည်။ အမှန်တကယ်ထွက်လာတဲ့ စကားလုံးတွေက ...

"ဘယ်လောက်ရမှာလဲ မမန" ဟူ၍ဖြစ်သည်။

"သုံးညအိပ် လေးရက်ခရီးကို စရိတ်ငြိမ်း နှစ်သိန်းအထိရမယ် ညီမလေးရဲ့။ ညီမလေးကို မမန အတင်းမတိုက်တွန်းဘူးနော်။ ညီမလေး သဘောဆန္ဒအတိုင်း ဆုံးဖြတ်ပါ။ စဉ်းစားဦးမယ်ဆိုရင်လည်း စဉ်းစားပါ"

ခင်စန်းကြည် ကိုယ့်သမိုင်းကို ကိုယ်သာအသိဆုံးဖြစ်သည်။ ခင်စန်းကြည်ရဲ့ဘဝမှာ အစ်ကိုကလွဲလို့ဖွဲ့ဆန်ကွဲလို့ပဲ သတ်မှတ်ထားခဲ့သည်။ အစ်ကို့အပေါ်မှာထားရှိတဲ့ သစ္စာတရားကို မိမိရဲ့ကိုယ်ကျင့်တရားနဲ့ ခိုင်မြဲစွာ ချည်နှောင်ထိန်းချုပ်ထားသည်။ ဒါကိုတော့ အချိန်မရွေး သစ္စာဆိုဝံ့သည်။ ခင်စန်းကြည်အစ်ကို့အတွက် ရွေးချယ်စရာအခြားနည်းလမ်းတွေ စဉ်းစားကြည့်မိသည်။ မှတစ်ပါးအခြားနည်းလမ်းမရှိတော့ပြီ။

"ဘယ်တော့သွားဖို့ အစီအစဉ်ရှိလဲမမန ..."

"ညီမလေး လက်ခံဖို့ ဆုံးဖြတ်လိုက်ပြီလား ..."

ခင်စန်းကြည်စကားသံမထွက်ဘဲ ခေါင်းအညိတ်မှာ မျက်ရည်စက်များက ပေါက်ခနဲ လွင့်ကျသွား သည်။

"အို . . . မငိုပါနဲ့ ညီမလေးရယ်၊ စိတ်မကောင်းလည်း မဖြစ်ပါနဲ့။ ညီမလေးနဲ့ ဘဝတူမိန်းကလေးတွေ မမန မွေးထားတာအများကြီးပဲ။ ဘယ်သူမှ ဒီအိမ်မှာ ရှုပ်ရှုပ်ယှက်ယှက်မလုပ်ဘူး။ ဖုန်းဆက်လိုက်တော့မှ မှာတဲ့နေရာကို လွှတ်ပေးရတာလေ။ ညီမလေးကို ဆက်သွယ်လို့ရမယ့် ဖုန်းနံပါတ်နဲ့ လိပ်စာရေးပေးခဲ့။ မမနဖုန်းနံပါတ်လည်း မှတ်သွားဦး။ ခရီးလမ်းကြောင်းရှိရင် မမန ဖုန်းကြိုဆက်လိုက်မယ်။ ညီမလေး ဒီအိမ်ကိုပဲ လာခဲ့နော်။ ကျန်းမာရေးကိုတော့ အထူးဂရုစိုက်ပါ။ အလုပ်သဘောအရ ခရီးစဉ်တစ်ကြောင်းစာအတွက် မမန နှစ်သိန်းကြိုထုတ်ပေးလိုက်မယ်။ ငွေလက်ခံရရှိကြောင်းလေးတော့ လက်မှတ်ထိုးပေးခဲ့။ ညီမလေးအမျိုးသားကိုမျက်စိမြန်မြန်ခွဲပေးလိုက်။ ဒီအလုပ်အကြောင်းလည်းလုံးဝ

ဆရာတို့ ဟင်္သာတပြည်သူ့
ဆေးရုံကြီးမှာလေ၊ စက္ခုပါလာဒီ
ဖောင်ဒေးရှင်းက လှူတာ။ ညည်းတို့
တစ်ပြားတစ်ချပ်မှ ကုန်စရာမလိုဘူး၊
အခု ဒီကပြန်ရင် ဆေးရုံကြီးကိုဝင်၊
နာမည်စာရင်းပေး။ ဆရာရေးပေးထားတဲ့
ဟောဒီဆေးလက်မှတ် မပျောက်စေနဲ့။
ခွဲတဲ့နေ့မှာ ဒီဆေးလက်မှတ်ကို
တစ်ပါတည်းယူလာခဲ့။
လာတဲ့လူနာနဲ့ လူနာစောင့်တွေကို
ထမင်းပါကျွေးလိုက်ဦးမှာ။
ကဲသွားပေတော့ . . .

မသိပါစေနဲ့။

ငါးထောင်ကျပ်တန် တစ်သိန်းအုပ်နှစ်အုပ်က ခင်စန်းကြည်ရှေ့က စားပွဲပေါ်ကို ရောက်လာသည်။ ချက်ချင်း ကောက်ယူဖို့ လက်ရွံ့နေမိသည်။ အဲဒီအတွက်ပြန်လည်ပေးဆပ်ရမှာက ဘဝ ...။

- - - - -

ခါတိုင်းဆို မနက်အမြန်ရထားနဲ့ ပြန်နေကျ။ မမန ဈေးဝယ်ထွက်တဲ့နောက်ကို လိုက်ပေးရင်း ညနေ လော်ကယ်ရထားနဲ့မှ ပြန်ဖြစ်သည်။ မမနက သူ့ကို ဖြူတီပါလာတစ်ခုမှာ ဆံပင်ပုံ လှလှလေး ပြုပြင်ပေးလိုက်တဲ့ အပြင် သူနဲ့လိုက်ဖက်တဲ့ ထဘီနဲ့အင်္ကျီလေးတွေလဲ ဝယ်ပေးလိုက်သေးသည်။ မမနက သူ့ဝယ်ပေးတဲ့ အဝတ်အစားတွေကို အတင်းဝတ်ခိုင်းပြီး ရွှေမှော်ဘုရားနားက ဓာတ်ပုံဆိုင်မှာ အလှပုံ ရိုက်ယူထားလိုက်ပြန်သည်။

ခင်စန်းကြည် ဓာတ်ပုံထဲမှာ သူ့ကိုယ်သူတောင်မမှတ်မိ။ ဒီဓာတ်ပုံထဲက မိန်းကလေးဟာ မီးရထားပေါ်က ကုန်စိမ်းသည်မလို့ပြောရင် ဘယ်သူမှယုံမှာမဟုတ်။ မမနဒီဓာတ်ပုံနဲ့ ဈေးတောင်းတော့မယ် ဆိုတာတော့ ခင်စန်းကြည် ခန့်မှန်းမိသည်။ "အော် မြင်တတ်လိုက်တာ" လို့ တွေးမိသည်။

ညလော်ကယ်ရထား ဟသ်ာတဘူတာကိုဆိုက်တော့ ညဉ့်နက်လှချေပြီ။ စီးနေကျ ကိုအေးထွန်း ဆိုက်ကားကို ဘူတာဂိတ်မှာတွေ့တာနဲ့ အိမ်ကိုတန်းတန်းမတ်မတ် ပြန်လာခဲ့သည်။ အိမ်ရောက်တော့ ည (၁၁)နာရီထိုးပြီ။ သမီးကြီးက စာကျက်နေတုန်း။

"ကလင် ...ကလင် ..."

ကိုအေးထွန်းက ဆိုက်ကားဘဲလ်တီးလိုက်တော့ အိမ်ပေါ်က အစ်ကို့အသံကို ကြားရသည်။

"သမီးကြီးရေ . . . ဆိုက်ကားသံကြားတယ်၊ သမီးအမေ ပြန်လာပြီနဲ့တူတယ်၊ ထွက်ကြိုလိုက်ပါဦး သမီးရယ်"

"ဟုတ်ကဲ့ အဖေ ..."

ခင်စန်းကြည် အိမ်ပေါ်ရောက်တော့ အစ်ကို့ကို အိမ်ရှေ့ပက်လက်ဝါးကုလားထိုင်ကလေးမှာ ထိုင်နေတာတွေ့ရသည်။

"အစ်ကို ...မအိပ်သေးဘူးလား"

"မနက်အမြန်ရထားနဲ့ အစန်း ပြန်မရောက်လာတော့ အစ်ကို တစ်နေ့လုံး စိတ်ပူနေတာ၊ အခုမှပဲ ရင်ထဲက အလုံးကြီး ကျသွားတော့တယ်"

"အော် ...အစ်ကိုရယ် ...အစ်ကို့မျက်စိခွဲဖို့ ကုန်စိမ်းဒိုင်မှာ ကြိုတင်ငွေလေးစောင့်ယူနေလို့ မနက်အပြန်မမီလိုက်တာပါ။အစန်းကိုအစ်ကိုယုံတယ်ဆိုရင် ဘာမှစိတ်မပူနဲ့နော်"

အစ်ကို့အပေါ်မှာ တစ်သက်လုံး မှန်သောစကားကိုသာ ပြောခဲ့တဲ့ ခင်စန်းကြည်တစ်ယောက် အခုတော့ မမှန်သောစကားတွေ ပြောမိနေပြီ။

"ခွင့်လွှတ်ပါအစ်ကိုရယ်" လို့ ရင်ထဲကနေ တောင်းပန်နေမိသည်။

"မနက်ဖန် အစန်းကုန်ရောင်းမသွားဘူး အစ်ကို၊ အစ်ကို့ကို ဆေးခန်းပြန်ပြပြီး မျက်စိခွဲဖို့ရက်ချိန်း ယူရမယ်"

"ကျေးဇူးတင်လိုက်တာ အစန်းရယ်။ လင်နဲ့မယား တကယ်ချစ်တယ်မချစ်ဘူးဆိုတာ နွဲကျိုးကန်း၊ အိုမင်းရင့်ရော်မှ သိရတာနော်။ အစ်ကို့ကိုအစန်း အခုလို ဂရုတစိုက်ရှိတာကိုပဲ ကျေနပ်လှပါပြီ။ အစန်းတစ်ယောက်တည်းရဲ့လုပ်စာကို မှီခိုနေရတာ အစန်းကို သနားလည်း သနားတယ်၊ အားလည်းနာတယ်။ အစ်ကို့မျက်လုံးတွေ ပြန်ကောင်းသွားရင်တစ်လှည့်ပြန်လုပ်ကျွေးပါ့မယ် ..."

"အို ...အစန်း လိပ်ပြာမလုံတော့ဘူး အစ်ကိုရယ် ..."

ခင်စန်းကြည် ရင်ထဲကပဲ ပြောမိသည်။ အဲဒီညက ခင်စန်းကြည် တစ်ညလုံး အိပ်မပျော်ခဲ့။ မမနဆီက ယူလာခဲ့တဲ့ငွေနှစ်သိန်းက သူ့ကို ခြောက်လှန့်လျက်ရှိနေသည်။ ကိုယ့်ပတ်ဝန်းကျင်နဲ့ ကိုယ့်အသိုင်းအဝိုင်းက ဒီကိစ္စကို လုံးဝမသိကြဘူးပဲထားပါတော့ ကိုယ့်ကိုယ်ကိုယ်သိနေသည်။ ဒါကြောင့် မိမိကိုယ်မိမိတစ်သက်လုံး လိပ်ပြာမလုံဖြစ်နေရတော့မှာ ကြိုသိနေသည်။ ဒါပေမဲ့ နောက်ဆုတ်လို့မရတော့ ...။ မှေးခနဲ အိပ်ပျော်သွားတော့လည်း အိပ်မက်ဆိုးတွေ မက်နေပြန်သည်။

\- - - - -

"ဆရာ . . . အစ်ကို့မျက်လုံးကို ဘယ်ရက်ခွဲပေးမှာလဲ ဟင် ..."

ခင်စန်းကြည်ရဲ့ အမေးကြောင့် မျက်စိအထူးကုဆရာဝန်ကြီးက သူမကို မော့ကြည့်သည်။

"ကလေးမက ပိုက်ဆံအကုန်ခံပြီး ကျုပ်ဆီမှာခွဲချင်သေးလို့လား"

"ခွဲလိုက်မှ ပြန်ကောင်းမယ်ဆိုတော့ ခွဲပေးပါ့မယ် ဆရာရယ်၊ ကုန်ကျစရိတ်ကို ကျွန်မ ရှင်းပါ့မယ်"

"မဟုတ်သေးဘူး ကလေးမရဲ့ ဆရာတို့ ဟသ်ာတမှာ မျက်စိအခမဲ့ ခွဲစိပ်ကုသပေးမယ့် အစီအစဉ်ကို မင်းမသိသေးဘူးလား"

"ရှင် . . . အခမဲ့ခွဲပေးမယ် ဟုတ်လား၊ ဘယ်မှာလဲဟင်၊ ဘယ်တော့လဲ"

"ဆရာတို့ ဟသ်ာတပြည်သူ့ဆေးရုံကြီးမှာလေ၊ စက္ကူပါလာဒီဖောင်ဒေးရှင်းက လှူတာ။ ညည်းတို့ တစ်ပြားတစ်ချပ်မှ ကုန်စရာမလိုဘူး၊ အခု ဒီကပြန်ရင် ဆေးရုံကြီးကိုဝင်၊ နာမည်စာရင်းပေး။ ဆရာရေးပေးထားတဲ့ ဟောဒီဆေးလက်မှတ် မပျောက်စေနဲ့။ ခွဲတဲ့နေ့မှာ ဒီဆေးလက်မှတ်ကို တစ်ပါတည်းယူလာခဲ့၊ လာတဲ့လူနာနဲ့ လူနာစောင့်တွေကို ထမင်းပါကျွေးလိုက်ဦးမှာ ကဲသွားပေတော့ ..."

ဒီလို အခမဲ့ခွဲပေးမယ့်အကြောင်းကို ခင်စန်းကြည် လုံးဝမသိ။ ကုန်စိမ်းအရောင်းအဝယ်ကတစ်ဖက်၊ စိတ်သောကကတစ်ဖက်နဲ့ အပြင်လောကနဲ့ အဆက်ပြတ်နေခဲ့သည်။ မျှော်လင့်တဲ့အခြေအနေက သူတို့ဘဝကို ဘုရားမ,သလိုဖြစ်ခဲ့ရပြီ။ ဆိုက်ကားဆရာကို ပြည်သူ့ဆေးရုံကြီးသို့ တန်း၍ နှင်းခိုင်းလိုက်သည်။

ဟုတ်ပါရဲ့ ...။ ဆေးရုံအဝင်လမ်း

ထိပ်မှာ အစိမ်းရောင်မုခ်ဦးကြီးက ခန့်ခန့်ညားညားရှိနေသည်။ အလံတွေလည်းစိုက်လို့။ ဆေးရုံဝင်းထဲရောက်တော့ လူနာစာရင်းလက်ခံတဲ့နေရာမှာ အစ်ကို့နာမည်ကို ပေးသွင်းလိုက်သည်။

- - - - -

(၄)

မျက်စေ့အထူးကု ဆရာဝန်ကြီးပြောသလို အခမဲ့ခွဲစိပ်ပေးရုံသာမက မျက်စဉ်း၊ သောက်ဆေး၊ မျက်မှန် အခမဲ့ပေးတဲ့အပြင် ထမင်းထုပ်တွေကိုပါ လူတိုင်းစေ့ ဝေပေးသည်။ မျက်စိဝေဒနာရှင်များကလည်း ကြိတ်ကြိတ်တိုး လာရောက်၍ ကုသမှုခံယူကြရာသည်။

စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများက လူငယ်တွေကလည်း တာဝန်ကျေလှသည်။ မြို့နယ်အသီးသီး၊ ကျေးရွာရပ်ကွက်အသီးသီးက ရောက်လာတဲ့ မျက်စိဝေဒနာရှင်တွေကို ကြိုဆိုတွဲခေါ် နေရာချထားပေးကြသည်။ လူနာတွေ အရမ်းများပေမဲ့ အစီအစဉ်စနစ်တကျရှိသဖြင့် ရှုပ်ရှုပ်ထွေးထွေး မရှိ။

ခင်စန်းကြည်ကတော့ လူတွေအားလုံးထဲမှာ သူ့လောက်ပျော်တဲ့သူ မရှိလို့ ထင်မိသည်။ အစ်ကိုခွဲရမယ့်အလှည့်ရောက်တော့ နားနေဆောင်ကနေ ဆေးရုံကြီးထဲကို စပို့ရှပ်အစိမ်းဝတ်လူငယ်နှစ်ဦးက တွဲခေါ်သွားသည်။ ခင်စန်းကြည်ကတော့ ခွဲခန်းအပြင်က ခုံတန်းလျားမှာထိုင်ရင်း ဘုရားကို အာရုံပြုလျက် ဂုဏ်တော်ရွတ်ဆိုနေမိသည်။

"ဦးတင်မောင်လွင်ရဲ့ လူနာရှင်ရှိပါသလား ရှင် ..."

"ဟုတ်ကဲ့ရှိပါတယ် ရှင် ..."

"ဦးတင်မောင်လွင်ကို တိုက်ရမယ့်သောက်ဆေးနဲ့ခပ်ရမယ့်မျက်စဉ်းတွေ ဟိုဆေးကောင်တာမှာ သွားထုတ်ပါနော်"

အစ်ကို့မျက်လုံးကို ခွဲပြီးတော့ မြို့ပေါ်ရပ်ကွက်ထဲကမို့ လူမှုကူညီရေးအဖွဲ့က စူပါကာစတန်ကားကြီးနဲ့ အိမ်ရှေ့အရောက် လိုက်ပို့ပေးသည်။ ခင်စန်းကြည်တို့ ပျံကျရပ်ကွက်ထဲကို စိတ်ရှည်လက်ရှည် လိုက်မောင်းပို့ပေးတဲ့ ကားဆရာကိုလည်း ကျေးဇူးတင်၊ အားနာရသေးသည်။

ခွဲစိပ်ထားတဲ့ ဒေါက်တာကျက်အောင်ဆေးညွှန်းအတိုင်းမျက်စဉ်းခပ်၊ သောက်ဆေးတိုက်ပြီး မျက်လုံးကို အနားပေး အုပ်ထားရသည်။ သုံးရက်လောက်အနားယူပြီးနောက် အစ်ကို့မျက်လုံးတွေ အလင်းရောင်နဲ့ စတင်တွေ့ခွင့်ရပြီဖြစ်သည်။

"ဟာ ... အစန်းရေ ... အစ်ကိုမြင်ရပြီ ... မြင်ရပြီ ... အားလုံးကို ရှင်းရှင်းလင်းလင်းပြတ်ပြတ်သားသား ကိုမြင်ရတာ"

"ဟယ် . . . ဝမ်းသာလိုက်တာ အစ်ကိုရယ် ..."

ကျေးဇူးတင်တာကတော့ သက်ဆိုင်သူအားလုံးကိုဖြစ်သည်။ အစ်ကို့မျက်စိခွဲပြီးတော့ ကျေးဇူးတင်ကြောင်း ဘယ်သူ့ကိုပြောရမှန်းမသိလို့ အစ်ကို့ကို ကားပေါ် တွဲတင်ပေးကြတဲ့ လူငယ်နှစ်ယောက်ကိုပဲ ပြောခဲ့ရသည်။

"ကျေးဇူး အများကြီးတင်ပါတယ် မောင်လေးတို့ရယ်။ မင်းတို့လူကြီးတွေကိုလည်း ပြောလိုက်ကြပါ။ အစ်မယောက်ျားကို မျက်စိခွဲပေးတဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ်လို့" သူတို့ကြည်ကြည်နူးနူးပြုံးရင်း လက်ပြကျန်ခဲ့သည်။

စက္ကူပါလာဒီဖေါင်ဒေးရှင်းဆိုတာကို ခင်စန်းကြည် မသိပါ။ ဒါပေမဲ့ အဲဒီဖောင်ဒေးရှင်းက အခမဲ့ လုပ်ပေးလိုက်လို့ ခင်စန်းကြည် ဘဝမပျက်ရဘဲ အစ်ကို့မျက်စိပြန်မြင်ခဲ့ရသည်။အစ်ကို့မျက်စိကို အခမဲ့ခွဲပေးလိုက်တာဟာ ခင်စန်းကြည်ကိုပါ ကယ်တင်ရာရောက်ခဲ့သည်။ ဒီအဖြစ်ကို ခင်စန်းကြည်ကလွဲလို့ ဘယ်သူမှသိမှာ မဟုတ်ပါ။

မကြာသောကာလမှာ ကြေးစားပျော်တော်ဆက်အဖြစ် ခရီးတစ်ခုကို လိုက်ပါဖို့ မမနု တယ်လီဖုန်းနဲ့ လှမ်းခေါ်တော့မည်။ သူခေါ်တဲ့အထိ ခင်စန်းကြည်မစောင့်နိုင်။မမနုကြိုတင်ထုတ်ပေးလိုက်တဲ့ ပိုက်ဆံနှစ်သိန်းကို ရိုးသားစွာဖြင့် အမြန်ဆုံးပြန်အပ်လိုက်တော့မည်။

အသွေးအသားကို ရောင်းကုန်တစ်ခုလို သဘောထားပြီး ကြားပွဲစားလုပ်တဲ့ မမနုတို့လို မတော်လောဘသမားတွေရဲ့ငွေကြေးနဲ့ သိမ်းသွင်းဖြားယောင်းမှုအောက်မှာ မြန်မာအမျိုးကောင်းသမီးလေးတွေ ဘယ်လောက်များ နစ်မွန်းခဲ့ကြပြီလည်းမသိ။

ခင်စန်းကြည်ကတော့ ဘဝနစ်မွန်းရတော့မယ့်အဖြစ်က သီသီကလေး လွတ်မြောက်ခဲ့ရတဲ့အတွက် စွန်းထင်းပေကျံမှု လုံးဝမရှိသေးတဲ့ မိမိရဲ့ကိုယ်ကျင့်တရားကို အစ်ကို့အပေါ်မှာထားရှိပြီး ဖြူစင်တဲ့သစ္စာတရားနဲ့ ချည်နှောင်လျက် ရာသက်ပန် ထိန်းသိမ်းစောင့်ရှောက်သွားဖို့ ခိုင်ခိုင်မာမာ ဆုံးဖြတ်လိုက်ပါတော့သည်။

**ရွှေကျွန်းမောင်(ခမောက်စု)**

# ရင်ခွင်ထဲမှာ ကြာပန်းတွေနဲ့

**လုံမငြိမ်းချမ်း(ဟသ်ာတ)**

ကျွန်မတို့ ညီအစ်မနစ်ယောက် ပုသိမ်ရွှေမောဋ္ဌောဘုရားပွဲကို သွားရောက်တုန်းက ပုသိမ်ထီးလက်ဆောင် ရဖူးသည်။ ဘုရားပွဲညသည် လရောင်တွေ အဖူးလိုက်ကြွေကျမတတ် ဝင်းတောက်နေသည်။ မိုးသားလွင်ပြင်ပေါ်တွင် ကြယ်ရောင်တွေ တဖိတ်ဖိတ်တောက်ပနေသည်မှာ စိန်တွေစီထားသလား အောက်မေ့ရသည်။ ဘုရားပွဲကလည်း ကြိတ်ကြိတ်တိုး စည်ကားလိုက်သည့်ဖြစ်ခြင်း။ပွဲဈေးတန်းတွေကလည်း အရှည်ကြီး။ ကျွန်မတို့မောင်နှမသုံးယောက် ပွဲဈေးတန်းကို လျှောက်ကြည့်ကြသည်။ အစ်ကိုဝမ်းကွဲက ပုသိမ်ထီးတွေ ရောင်းချနေသော ဆိုင်ရှေ့မှာ ရပ်လိုက်၏။ ပုသိမ်ထီးတွေက အရောင်စုံ၊ အဆင်စုံ၊ ဒီဇိုင်းအမျိုးမျိုး။ အစ်ကိုက ထီးနှစ်လက်ဝယ်ကာ ကျွန်မတို့ ညီအစ်မနှစ်ယောက်ကို လက်ဆောင်ပေးသည်။ ကျွန်မ ပုသိမ်ထီးကို ဖွင့်ကြည့်သည်။ ဝါးဖြင့်ပြုလုပ်ထားသော ထီးကိုင်းတွေက တော်တော်လှသည်။ ထီးကိုင်းတစ်ကိုင်းနှင့် တစ်ကိုင်း ယှက်နွယ်ထားပုံက ဆန်းသစ်ကာ ကြည့်၍လှ၏။ ပုသိမ်ထီး ဒီဇိုင်းအရောင်အသွေးက မိုးပြာရောင်။ တိမ်တောက်သော ညနေဆည်းဆာပေါ်တွင် တိမ်လွှာတွေ အမျှင်လိုက် မျောလွင့်နေပုံဖြစ်သည်။ ပင်လယ်ကမ်းခြေတွင် အုန်းပင်စိမ်းစိမ်းကလေးများ စီတန်းနေသည်။ ရေလှိုင်းပေါ်တွင် နေရောင်ခြည်များ ထွန်းပနေပုံကို ရေးဆွဲထားသည်မှာ ရှုချင်စဖွယ် သာယာလှပသည်။ ကျွန်မနှင့်မမ ထီးဆင်တူ။ အစ်ကိုက



အဆင်ကွဲ ထီးနှစ်လက်ကို ကြိုက်တာယူပဟု ပြောသော်လည်း ကျွန်မတို့ ညီအစ်မက အကြိုက်ခြင်းတူနေသည်။ ကျွန်မတို့ ညီအစ်မနှစ်ယောက် ထီးတကိုင်ကိုင်ဖြင့် ပွဲခင်းထဲကို လျှောက်ကြပြန်သည်။ ဇာတ်သဘင်မှ ဆိုင်းသံ ဗုံသံတွေကလည်း လွင်ညံနေသည်။ ရုပ်သေးပွဲလည်း ပါသည်။ ရုပ်သေးပွဲက ရာမဇာတ်တော်ကို တင်ဆက်ကပြဖျော်ဖြေမည်တဲ့။ အစ်ကိုက မေးသည်။

"ရုပ်သေးကြည့်မလား ညီမလေး"

ကျွန်မ ခေါင်းညိတ်ပြမိ၏။ ကျွန်မ ရုပ်သေးကို စိတ်ဝင်စားသည်။ ရုပ်သေးပညာက မြန်မာ့ယဉ်ကျေးမှု အနုပညာတွင် ထိပ်တန်းမှ တစ်ခုအပါအဝင် ဖြစ်သည်။ ကျွန်မမှာ ရုပ်သေးလည်းကြည့်ချင်၊ ဇာတ်သဘင်ကိုလည်း ကြည့်ချင်နှင့် ဝေခွဲမရ ဖြစ်နေသည်။ ကျွန်မငယ်စဉ်ကတည်းက အဆိုအကကို ဝါသနာပါသည်။ အဆိုအကဆိုသည်ကား လူတို့သည် မိမိတို့စိတ်အတွင်း၌ ဖြစ်ပေါ်လာသော စိတ်၏အခြေအနေကို ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း ဖော်ပြခြင်းတစ်မျိုး ဖြစ်ပေရာ ကမ္ဘာပေါ်၌ လူမပေါ်လာကတည်းက အဆိုနှင့် အကသည် ဖြစ်ပေါ်လာသည်ဟု ဆိုရပေမည်။

လောကဓမ္မတာရားဖြင့် သားသည်မိခင်တို့သည်မိမိတို့၏ရင်သွေးကလေးအား "အို အို အာ အာ" ဟူ၍ နစ်သိမ့်စေမှုပင်လျှင် သီဆိုခြင်းတစ်မျိုးဖြစ်သည်။ ယဉ်ကျေးခြင်းအောက်ဆုံးတန်းတွင် ရှိနေကြသော လူရိုင်းတို့ပင်လျှင် ပျော်ပွဲရွှင်ပွဲပြုလုပ်ရာ၌ဝိုင်းဝန်း၍ကခုန်ကြသောအလေ့ ရှိခဲ့ကြ၏။ ထို့ကြောင့် "မြန်မာအက ငှက်ပျောပွဲနှင့် ပြောထဲက" ဟု ဆိုစေကာမူ ကမ္ဘာတို့မှာ နတ်ပွဲများမပေါ်မီ ပြောစသည်တို့ မပေါ်မီကပင် ရှိသည်ဆိုရပေမည်။

ထိုညက ကျွန်မတို့မောင်နှမသုံးယောက် ရုပ်သေးဝင်ကြည့်ကြ၏။ ရုပ်သေးက အချိန်တိုတိုနှင့် ကြည့်ခွင့်ရတာမို့ ရုပ်သေးဘက်ကို အလေးသာသွားသည်။ ဇာတ်သဘင်ကို ကြည့်ချင်သော်လည်း ကျွန်မ ကျန်းမာရေးကြောင့်မိုးအလင်းအိပ်ရေးပျက်မခံနိုင်။ ဒါကြောင့် ရုပ်သေးကို ရွေးချယ်ခြင်းဖြစ်သည်။ ရုပ်သေးဇာတ်လမ်းက ရာမဇာတ်တော်ကို သရုပ်ဖော်ထားခြင်း ဖြစ်သည်။ ခေါင်း၊ ခါး၊ ခြေ၊ လက်၊ မျက်လုံး၊ မျက်ခုံး၊ ပါးစပ်ဟပုံ အသံကအစ အပ်ချမတ်ချ သဘာဝကျသည်။ ကြိုးဆွဲကျွမ်းကျင်သော ရုပ်သေးပညာရှင်တွေ၏ လက်ကို အံ့မခန်း ဖြစ်မိသည်။ ရုပ်သေးကြည့်ချိန်က (၁း၀၀) နာရီခန့် ကြာပါမည်။ ကျွန်မအပါအဝင် ရုပ်သေးကြည့်ကြသူ ပရိသတ်များ ရုံအပြင်ဘက်ကို ထွက်လာသောအခါ မိုးကောင်းကင်တစ်ခွင်လုံး ကြယ်ရောင်လရောင်တွေ လင်းချင်းနေသည်။ မောင်နှမသုံးယောက် စောင်းတန်းရှိရာကို လျှောက်လာကာ ကြာပန်းများ ဝယ်ကြသည်။ လန်းဆန်းလှပသော ပဒုမ္မာကြာပန်းတွေကို ကိုင်ဆောင်ကာ ရင်ပြင်တော်ပေါ်သို့ တက်လာကြ၏။ ရွှေမုဋ္ဌောဘုရားစေတီထံပါးမှာ ကြာပန်းများ ကပ်လှူကြသည်။ သောက်တော်ရေချမ်းကပ်ချိန်တွင် လရောင်အောက်မှာ ဆည်းလည်းသံတွေက တချွင်ချွင်။ တဖိတ်ဖိတ်တောက်ပနေသည့် ကြယ်ရောင်တွေကလည်း စိန်တွေ ကြဲပက်ထားလေသလား ထင်မှတ်ရသည်။ မိုးကုပ်စက်ဝိုင်းသည် စိမ်းပြာလဲ့ကာ မဟူရာအနက်ဘက်နှင့် ဖြူလွှ ဖွေးဥနေသည်။ ငန်မြစ်မှ တိုက်ခတ်လာသော လေပြည်ကြောင့် ကျွန်မနားသယ်စပ်မှ ဆံနွယ်တွေက တဖျတ်ဖျတ် မမလည် တိုင်တွင် ချည်နှောင်ထားသော ပန်းရောင်ပဝါလေးကလည်း တလွင့်လွင့်။ ကျွန်မက သင်တိုင်းအင်္ကျီလေးနှင့်မို့ တော်တော်ငယ်သေးသည်ဟု ပြောရပေမည်။ ဩော်...ပြန်လည်တွေးတော ကြည့်သောအခါ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပါပြီ။ အစ်ကို လက်ဆောင်ပေးခဲ့သည့် ပုသိမ်ထီးလေးပင် အရောင်မှိန်ဖျော့နေလေပြီ။ လက်ဆောင်ပုသိမ်ထီးကို ကျွန်မ ထုတ်မဆောင်းဖြစ်ခဲ့ပါ။ ခေတ်ကာလနှင့် မကိုက်ညီဟု ယူဆကာ ပုသိမ်ထီးကို သိမ်းဆည်းထားခြင်း ဖြစ်သည်။ မေမေကတော့ ပြောသည် -

"သမီး ပုသိမ်ထီးဆိုတာ မြန်မာမိန်းကလေးတွေနဲ့ အသင့်တော်ဆုံးပဲ။ ရင်ဖုံးအင်္ကျီနဲ့ ချိတ်ထဘီဝတ်ဆင်ပြီး ပုသိမ်ထီးဆောင်းလိုက်ရင် ဘယ်လောက် ယဉ်ကျေးသိမ်မွေ့ပြီး မြန်မာဆန်လိုက်မလဲ ကိုယ့်ယဉ်ကျေးမှုကို မြန်မာလူမျိုးတွေက ထိန်းသိမ်းမှ မြန်မာ့ယဉ်ကျေးမှု မတိမ်ကော မပျောက်ပျက်ဘဲ အမြဲတမ်း ရှင်သန်နေမှာပေါ့ကွယ်"

ကျွန်မ နားမဝင်ပါ။ ပုသိမ်ထီးဆောင်းရမှာ ရှက်သလိုကြီး ဖြစ်နေသည်။ ပုသိမ်ထီးဆိုတာ နေရာတကာ ဆောင်း၍မရ။ ရှင်ပြုနားသမင်္ဂလာ အလှူအတန်းတွေကို သွားရောက်သည့်အခါမျိုးမှသာ တင့်တယ်သည်ဟု

ထင်သည်။ လူတကာ မှင်တက်ငေး မောရလောက်အောင် ပုသိမ်ထီး ဆောင်းပြီး ရှင်လောင်းလှည့်လိုက်ဦး မည်ဟု အားခဲမိသော်လည်း လက်တွေ့မှာ အထမမြောက်ခဲ့ပါ။ ကျွန်မ ပုသိမ်ထီးကို ဒုတိယအကြိမ် ဖွင့်ကြည့်မိ၏။ ပုသိမ်ထီးက အသွေးအရောင် ဖျော့တော့သွားတာကလွဲလျှင် အလှမပျက်ပါ။ ကျွန်မ ပုသိမ်ထီးလေးကို ပလတ်စတစ်နှင့်ပတ်ကာ လုံလုံခြုံခြုံ သိမ်းဆည်းထားလိုက်၏။ ပုသိမ်ထီးက မြန်မာ့ယဉ်ကျေးမှုသင်္ကေတ။ ပုသိမ်ထီးလုပ်ငန်းရှင်များက ပုသိမ်ထီးကို ဘုရားစင်ပေါ်တင်ကာ အထွတ်အမြတ်ထားကြသည်ကို တွေ့ရသည်။ ထီးသည် အရိပ်၊ လူသားအားလုံးကို အေးမြခြင်း အရိပ်အာဝါသကို ပေးစွမ်းနိုင်သော ထီးကို တန်ဖိုးထားရပေမည်။

စေတီပုထိုးကဲ့သို့ သာသနိက အဆောက်အအုံများတွင် ထီးသည် အထွတ်အမြတ်နေရာ၌ ရှိလေသည်။ ရှေးမင်းတို့၏အုပ်ချုပ်ရေးစနစ်တွင် ထီးသည် အချုပ်အခြာအာဏာသဘောဆောင်လေသည်။ ဘီစီ ၂ ရာစုလောက် အိန္ဒိယ၌ သာသနိက အဆောက်အအုံများ တည်ဆောက်ခဲ့ကြသည်တွင် ဆန်ချီ(အရပ်ရှိ) စေတီထူပါရုံများလည်း အပါအဝင် ဖြစ်လေသည်။ မူလက ထိုထူပါရုံများကို အာသောကမင်းကြီးလက်ထက်တွင် တည်ဆောက်သည်ဟု အဆိုရှိလေသည်။ သို့ရာတွင် ထိုအဆောက်အအုံတို့မှာ နှစ်ကာလ ကြာညောင်းပျက်စီးယိုယွင်းခဲ့သဖြင့် နောင်းခေတ်လူများက ထပ်မံပြုပြင်ခဲ့ရလေသည်။ ဤသို့ ပြုပြင်ခဲ့ရသောပုံတွင်လည်း မူလသဘောလက္ခဏာများ မပျောက်မပျက် ရှိလေသည်။

ထိုထူပါရုံများတွင် ရှေးဦးစွာ "ပစ္စယာ" ထို့နောက် "အဏ္ဍ" ခေါ် စက်ဝန်းတစ်ခြမ်းကိုယ်လုံး၊ ထို့နောက် "ဆတ္တာဝလီ" ခေါ် ထီးဟူ၍ အစိတ်အပိုင်းများ ရှိလေသည်။ ဘုရားဖူးများအဖို့ ပစ္စယာတစ်လျှောက် လက်ယာရစ် ပဒက္ခိဏာ ပထတက်၍ ဖူးမြော်နိုင်အောင် စကြံလုပ်ထားလေသေးသည်။ ဤတွင် ဆတ္တာဝလီသည် တရားမွှေစိုးမိုး၍ သဘောလည်းဆောင်၏။ တစ်ဖန် စက်ဝန်းတစ်ခြမ်းကိုပင် မြင်းမိုရ်တောင်ကဲ့သို့ ထားကာ ဆတ္တာဝလီကို အထက်ဘုံနန်းများအဖြစ် အနက်ယူလျှင်လည်း ရ၏

စေတီပုထိုးများ၌ ဆတ္တာဝလီ ထီးဆင့်ပုံရိုးရိုးကို မြန်မာနိုင်ငံ၌ သရေခေတ္တရာခေတ်လောက်က စတင်တွေ့ရှိရပေသည်။ သရေခေတ္တရာ ခင်ဘားကုန်း၌ တူးဖော်ရရှိသော ငွေစေတီများတွင် ဖောင်းရစ်၊ ကြာမှောက်၊ ရွှဲ၊ ကြာလန်၊ ခရားသီး၊ ထီး၊ ငှက်မြက်နား၊ စိန်ဖူးဟူ၍ အမွှမ်းအမံအဆင်အပြင် တိုးတက်လာလေသည်။

ရှေးမင်းတို့နှင့်ဆိုင်ရာ ထီးအကြောင်းကား ဤသို့ဖြစ်လေသည်။ ဘဂဝတပုရာဏ်ကျမ်းကဲ့သို့ ရှေးအိန္ဒိယကျမ်းများအရ မင်းခမ်းမင်းနားများ၌ ဘုရင်များကို ထီးဖြူဆောင်းပေးလေ့ရှိကြောင်း သိရသည်။ သာဓကအားဖြင့် ၁၇ ရာစု အိန္ဒိယ အနောက်ဘက် ဒေသ၌ မင်းပြုသော ရှီဗားဂျီးသည် ဘိသိက်ခံပြီးသည့်နောက် မိမိကိုယ်ကို ဆတ္တပတိ (ထီးဆောင်းမင်း) ဟူ၍ သမုတ်ခဲ့ဖူးလေသည်။

အိန္ဒိယနည်းကို မြန်မာမင်းများကလည်း လက်ခံသုံးစွဲ၏။ ကျန်စစ်သားမင်းတရား၏ နန်းတော် မွန်ကျောက်စာတွင် နန်းတော်တည်ဆောက်သော အခမ်းအနား၌ ထီးဖြူစိုက်ထူသော အချက် ပါရှိလေသည်။ ဤသို့အားဖြင့် အိန္ဒိယနှင့် မြန်မာတို့ ဓလေ့ထုံးစံ ကူးယှက်နေပုံသဘောသည် အနုပညာလက်ရာ အနုစာပေများတွင် ပေါ်လွင်နေပေသည်။ အာနန္ဒာဂူဘုရားအတွင်းရှိ ဗုဒ္ဓဝင်ရုပ်ကြွပုံများအနက် သုဒ္ဓေါဒနမင်းကြီးပုံကိုကြည့်ပါက ထီးဆောင်းလျက် တွေ့ရတတ်သည်။

တစ်ဖန် နိပါတ်တော်လာ ဇာတ်ဝတ္ထု အဋ္ဌကထာကို မြန်မာမှုပြုခဲ့သော အရှင်ဦးဩဘာသ၏ မဟာဇနကဇာတ်ဝတ္ထုတွင် -

"ဘုရားလောင်းသည် သီဝလိဒေဝီမင်းသမီးကို လက်တော်ဖြင့်ဆွဲလျက် နန်းမဆောင်သို့ တက်ရောက်တော်မူပြီးလျှင် ကြငှန်းထီးဖြူစိုက်ထူဖြန့်မိုးအပ်သော ရာဇပလ္လင်ပေါ်တွင် အတူယှဉ်ပြိုင် ထိုင်နေတော်မူလေ၏" ဟူသော စာပုဒ်မျိုးကို တွေ့ရမည် ဖြစ်လေသည်။

ဤသဘောသည် မြန်မာမင်းများခေတ် ကုန်ဆုံးချိန်အထိ တည်ရှိခဲ့လေသည်။ ၁၉ ရာစုခေတ် ရှေးကဗျာတစ်ပုဒ်ကို ကြည့်ပါလေ။ ထိုကဗျာတွင် မန္တလေးနေပြည်တော်ရှိ မြန်မာမင်းကို မင်းပေါင်းတစ်ရာက ရိုကျိုးပဏ္ဏာ ဆက်ရသည့်အနက်ပေါ်အောင်

"ထီးတစ်ရာ ပဏ္ဏာကျိုးပါတဲ့"
မင်းနေမြို့ရွာနီ။

စသောအပိုဒ်ကို ထည့်သွင်းစပ်ဆို ခဲ့လေသည်။ ထို့ကြောင့် နယ်ချဲ့လက်သို့ မြန်မာမင်းများ ပါသွားသည့်အခါ မြန်မာ အချုပ်အခြာအာဏာ ဆုံးရှုံးသည့်အနေ ဖြင့် ထီးကျိုးစည်ပေါက်ဟူ၍ စကား တင်စား သုံးစွဲခဲ့ကြလေသည်။ ကြာညို ပန်းရနံ့များ သင်းတပျံ့ပျံ့ ကြိုင်လာ၏။ ကျွန်မတို့အိမ်နားက ရေကန်ကြီးထဲ တွင် ကြာမျိုးငါးပါး ပွင့်ဝေနေသည်။ မှန် သားပြင်လို ကြည်လင်နေသော ရေကန်ထဲမှ ကြာဖူး ကြာငုံတွေက ဆွတ်ခူး ချင်စရာ ပွင့်အာနေ၏။ ရေကန်ကြီးနား မှ ဖြတ်လျှောက်လျှင် တီတီတာတာ အော်မြည်ပျံသန်းနေသော ငှက်မျိုးစုံ ကိုလည်း တွေ့ရတတ်သည်။ ဖရက်၊ ချိုးငှက်၊ ဥဩ၊ ကြိုးကြာ၊ ဟင်္သာငှက် များ ပျံဝဲနေတတ်သည်။ ရေကန်ကြီး နားတွင် ဟင်္သာငှက်များ စုဝေးနေသည် မှာ ရွှေဖလားရောင်ကော်ဇောကြီး ဖြန့် ခင်းထားသည့်နယ် ရင်သတ်ရှုမောဖွယ် ရလောက်၏။ ကျွန်မတို့သားအမိတွေ က ဒီရေကန်ကြီးထဲမှာ ကြာပန်းတွေ ခူး နေကြမို့ ဟင်္သာငှက်ကလေးတွေနှင့် မစိမ်းလှပေ။ လူယဉ်ပါးနေသော ဟင်္သာ ငှက်ကလေးတွေက ကျွန်မတို့ပခုံးပေါ် လာနားမတတ် ပျံဝဲနေသည်။ ဟင်္သာ ငှက်တစ်ကောင်က ကြာပန်းခူးနေ သော ကျွန်မလက်ဖမိုးကို အတောင်ပံ ဖြင့် ခတ်သွားလေသည်။ ဟင်္သာငှက် တစ်ကောင်ကတော့ အသည်းယား စရာ ကျွန်မပါးပြင်ကို ရှပ်ပျံသွား၏။ မေမေ့အနားတစ်ဝိုက်မှာလည်း ဟင်္သာ ငှက်တွေ ဝန်းရံနေသည်။ ရွှေရောင်နေ ရက်များဟု တင်စားရလောက်အောင် ဟင်္သာငှက်တွေ မြူးတူးနေ၏။ ရွှေ ရောင်အဆင်းနှင့် လှပသော ဟင်္သာ ငှက်တွေ၏ စိတ်ဝင်စားစရာ ရာဇဝင် ကို မေမေက ရှင်းလင်းပြောပြသည်။ မေမေက ဟင်္သာငှက်များ၏ ရာဇဝင်ကို စာတင်လောက်အောင် ပြောပြလေ၏။

"သမီး ဟင်္သာငှက်တွေကို စိတ်ဝင် စားပုံရတယ်။ ဟင်္သာငှက်က အရှေ့ အလယ်ပိုင်း ရေအိုင်များမှာ ပေါက်ဖွား ကြီးပြင်းတာ သမီးရဲ့။ ငှက်ပုံစံက အတောင်ပံမှာ အနက်စက်ပြောက် ကလေးများနဲ့ အဖြူကွက် ရှိတယ်။ နား နေတဲ့အချိန်မှာ မမြင်နိုင်ဘဲ ပျံတဲ့အခါမှ သာ ဟင်္သာငှက်တွေကို မြင်နိုင်တယ်။ ပျံပုံက လှတယ်။ အသံလည်း အလွန် သာတယ်။ ဟင်္သာငှက်တွေက အောက်တိုဘာလအကုန် ဆောင်း အဝင်ကာလမှာ အိန္ဒိယဘက်၊ မြန်မာ နိုင်ငံမြောက်ပိုင်းနဲ့ အလယ်ပိုင်းကို ပျံ သန်းလာလေ့ ရှိတယ်။ အထူးသဖြင့် သန့်ရှင်းတဲ့ သဲသောင်ပြင်ကို ကြိုက် ကြတယ်။ ဧရာဝတီနဲ့ ချစ်တွင်းမြစ်လို မြစ်ကြီးများ ကမ်းခြေမှာ နားခိုနေတတ် တယ်။ အိုင်များမှာလည်း ကျက်စား တယ်။ ဟင်္သာငှက်များဟာ ဆောင်းဥ တုမှာ နေထိုင်ဖို့ နေရာများကို ရွေးချယ် ပြီး အဖိုနဲ့အမ စုံတွဲလိုက် နေလေ့ရှိ တယ်။ စုံတွဲပေါင်း နှစ်ဆယ့်ငါးတွဲထက် ပိုပြီး မြင်ရခဲတယ်။ နွေဦးရာသီ မတ်လ ကျမှ နေရင်းဒေသကို ထွက်ခွာပျံသန်း လေ့ ရှိတယ်။ စုံတွဲရှိကြတဲ့ ဟင်္သာဖိုမ အကြောင်းတစ်ခုက ရေးမွန်-မြန်မာ သမိုင်းပုံပြင်မှာ တွေ့နိုင်တယ်။ မြတ်စွာ ဘုရားဟာ သထုံမြို့မှာ တရားခုနစ်ရက် ဟောတော်မူပြီး အနောက်မြောက် ထောင့်ကို မျက်နှာမူ ရှေးရှုကြွတော်မူ တယ်။ မြတ်စွာဘုရား ဟင်္သာကုန်း အရှေ့ကို ရောက်တာနဲ့ ဟင်္သာဖိုမဟာ ကောင်းကင်ထဲမှာ ပျံဝဲလျက် အတောင် နှစ်ဖက်ယှက် ပူဇော်တာကို ဘုရားရှင် မြင်တော်မူပြီး ပြုံးတော်မူတယ်။ ရှင် အာနန္ဒာက မြင်တော့ ဘုန်းတော်ကြီး လှသော တရားမင်းဘုရား၊ အဘယ် အကြောင်းကြောင့် ပြုံးတော်မူသနည်း လို့ လျှောက်ရာမှာ ချစ်သားအာနန္ဒာ ထို ဟင်္သာဖိုမပျံဝဲသောအရပ်၌ ငါပရိနိဗ္ဗာန် ယူတော်မူသည့်နောက် အနှစ် ၁၃၆ နှစ် ရှိသောအခါ ဟံသာပြည်ကြီး ဖြစ်လတ္တံ့ လို့ ဘုရားရှင် ဗျာဒိတ်ပေးတော်မူတယ် ကွယ့်။ ဘုရားရှင် ဗျာဒိတ်ပေးတော်မူတဲ့ မြို့ဖြစ်တာကြောင့် သိကြားမင်းကိုယ် တိုင် စောင်မစီရင်တယ်။ သက္ကရာဇ် ၅၁၄ ခု တပို့တွဲလပြည့်ကျော် ၁ ရက် တနင်္လာနေ့ ဟံသာကုန်းမှာ မြို့တည်ပြီး ပဲခူးဟံသာအမည် သမုတ်တယ်။ သမလ၊ ဝိမလ ညီနောင်နှစ်ပါးတို့ကို ပေးအပ်တော်မူတယ်။ ဒါ မွန်လူမျိုးများ နဲ့ ဟင်္သာ ဆက်စပ်ပုံ ဖြစ်တယ်။ ဟံသာ ဝတီပြည် ဟင်္သာတို့ပြည်နဲ့ ဟင်္သာငှက် က ဟံသာဝတီ ဆင်ဖြူရှင် ဘုရင့်နောင် ကျော်ထင်နော်ရထာ လက်ထက်မှာ လည်း ဆက်စပ်မိပြန်တယ်။ ထိုမင်းက ကုန်သည်၊ ဈေးသည်၊ ပြည်သူများအဖို့ အလေးတင်းတောင်း မူးပဲကျပ် စသည် တို့ မှန်မှန်ကန်ကန် ရောင်းဝယ်သုံး ဆောင်နိုင်ကြစေဖို့ ဟင်္သာရုပ်အလေး ကြီးငယ်တို့ကို သွန်းလုပ်ထုတ်ပေး တော်မူတယ်။ ဟင်္သာငှက်က လောကီ လောကုတ္တရာရေးနဲ့ ရောယှက်နေတာ ကို မြင်ရတယ်။ မွန်မြန်မာဒေသကို ဗုဒ္ဓ ဘာသာအယူ၊ ဗြဟ္မဏ၊ ဟိန္ဒူဝါဒ အယူ

စုံစုံ ရောက်ခဲ့တာကြောင့် ဟင်္သာနဲ့ ဆက်စပ်တဲ့ သာဓက အများအပြား ရှိလေတယ်။ သမီး နားလည်သဘောပေါက်အောင် မေမေ ဆက်လက်ရှင်းလင်းပြောပြရရင် ရှေးခေတ် မြန်မာ အဆောင်အယောင် မင်းခင်းတို့မှာ ဟင်္သာရုပ်၊ ကွမ်းအုပ်တော် အထိမ်းအမှတ် ပြုလုပ်သုံးစွဲရိုး ရှိလေတယ်။ အဓိပ္ပာယ်က ငါးရာ့ငါးဆယ်အသီတိနိပါတ် စူဠဟံသ၊ မဟာဟံသ ဇာတ်လာ ဘုရားအလောင်း ဟင်္သာမင်းကို မုဆိုးက ညွှတ်ကွင်းထောင်ပြီး ဗာရာဏသီမင်းကိုဆက်ရာမှဟင်္သာမင်းမှာဝေဒနာကြောင့် ရွှေနှင့်တူသောအသား၊ ပတ္တမြားအရည်တူသော သွေးရည် ယိုစီးနေသောကြောင့် မင်းကြီး သနားကရုဏာဖြစ်ပြီး ပြုစုကျွေးမွေးတာကို အစွဲပြုကာ အထိမ်းအမှတ်အဖြစ် ထုလုပ်လေတယ်။ နောက်ပြီး ဘုရားကျောင်းကန် တံခွန်တိုင်ထိပ်မှာလည်း သစ်သား ဟင်္သာရုပ်ထုလုပ်ရိုး ရှိတယ်ကွယ့်။ ဒီအလေ့အထက မြန်မာနိုင်ငံမှာသာ မဟုတ် ရှေးခေတ် မွန်များ နေထိုင်ခဲ့ရာ ယိုးဒယား၊ သန်ဖွန်းမြို့ဘက်မှာလည်း ရှိလေတယ်။ ဟင်္သာရုပ်ထားတဲ့ အကြောင်းရင်းက ငါးရာ့ငါးဆယ် တေရသနိပါတ်၊ဇဝနဟံသဇာတ်လာဘုရားလောင်း ဟင်္သာမင်းက နေမင်းနဲ့အပြိုင် လျင်မြန်ပုံအစွမ်းပြရာက ဗာရာဏသီမင်းကိုသေခြင်းတရား လျင်မြန်ပုံဟောပြဆုံးမတာမို့မင်းကြီးကြည်ညိုပြုစုခြင်းကိုစွဲပြီး အထိမ်းအမှတ် ထုလုပ်လေတယ်။ ဒါ ဗုဒ္ဓဘာသာ အစဉ်အလာက အနက်အဓိပ္ပာယ်ယူခြင်း ဖြစ်တယ်။ ဗြဟ္မဏ၊ဟိန္ဒူအယူနဲ့ဟင်္သာငှက်ဆက်သွယ်ပုံဆက်ရန် ရှိသေးတယ်။ မွန်မြန်မာဒေသကို စောစောကတည်းက ဗုဒ္ဓဘာသာ သာမဟုတ် ဗြဟ္မဏ၊ ဟိန္ဒူအယူကလည်း ရောက်လာ ထွန်းကားခဲ့ဖူးတယ်။ ဗြဟ္မဏ၊ ဟိန္ဒူအယူမှာ ဗြဟ္မာမင်းကြီးဟာ ဩကာသလောကနဲ့ သတ္တလောကကို ဖန်တီးသူ ဖြစ်လေတယ်။ ဗြဟ္မာမင်းကြီးရဲ့ ဇနီးမှာလည်း သူရသတီနတ်သမီး ဖြစ်တယ်။ ထိုနတ်သမီးရဲ့စီးယာဉ်က ဟင်္သာဖြစ်တယ်။ သူရသတီက စာပေ ပညာ၊ နှုတ်မှုပညာများ စောင့်ရှောက်တယ်လို့ လူအများ ယုံကြည်ကြတဲ့အတိုင်း ဟင်္သာစီး သူရသတီပုံသဏ္ဌာန် ကိုးကွယ်တတ်ကြတယ်။ ဟင်္သာရုပ်ဟာ မြန်မာ့ယဉ်ကျေးမှု ဖြစ်တယ်။ ဟင်္သာကွမ်းအုပ်တော်ဟာ အေဒီ ၁၉ ရာစု မန္တလေး အမျိုးသားပြတိုက်နဲ့ ရန်ကုန်ပြတိုက်မှာ ရှိတယ်ကွယ့်"

မေမေက ရှည်လျားစွာ ရှင်းပြရသောကြောင့် မောပန်းသွားဟန်ဖြင့် ကြာညိုပန်းကို နမ်းရှိုက်နေ၏။ ကြာပန်းကလည်း မြန်မာ့ယဉ်ကျေးမှုဖြစ်သည်ဟု မေမေ ပြောဖူးသည်။ ကြာပန်းက မြန်မာ့ယဉ်ကျေးမှု အထိမ်းအမှတ်တဲ့။ ကျွန်မ ကြာပန်းအကြောင်းကို နက်နက်ရှိုင်းရှိုင်း သိချင်လာ၏။ မေမေ့ကို အားနာနာဖြင့် အပူကပ်မိ၏။

"မြန်မာ့ယဉ်ကျေးမှုဖြစ်တဲ့ ဟင်္သာအကြောင်းကိုရှင်းပြတာ ကျေးဇူးတင်ပါတယ် မေမေ။ ကြာပန်းအကြောင်းကိုလည်း ရှင်းပြပေးပါဦးနော်"

မေမေက ကြာရိုးတွေကို တစ်ဆစ်ခြင်းချိုးကာ ဆွဲကြိုးပြုလုပ်နေ၏။ ကျွန်မရင်ညွှန့်ပေါ်မှာ ကြာဖြူပွင့်လေးက လှလိုက်သည့်ဖြစ်ခြင်း။ မေမေ့နှုတ်ခမ်းလွှာက ပြုံးယောင်သန်းနေ၏။ မေမေ့အသားအရည်က ကြာညိုပွင့်ဖတ်လွှာလို ညိုစိမ့်စိမ့်။ နလုံးပေါ်လွင်ပြီး ကကြီးပုံ နှုတ်ခမ်းနှင့် မေမေက စကားပြောရာတွင် လေယူလေသိမ်း စနစ်ကျသည်။ တစ်ဖက်သား နားဝင်အောင်လည်း ပြောတတ်၏။

"ကြာပန်းက ပန်းချီ၊ ပန်းပု၊ အနုသုခုမ လက်ရာများမှာ အဆင်တန်ဆာအဖြစ် ဂုဏ်ဝိသေသ ဆောင်တယ်။ ကြာပန်းရဲ့ ဂုဏ်ဝိသေသ သမိုင်းက ဒီလိုကွယ့်။ အခု ပါကစ္စတန်နိုင်ငံ အိန္ဒုမြစ်ဝှမ်းမှာ ရှေးနှစ်ပေါင်းငါးထောင်ခန့် ဘီစီ ၃၀၀၀ က မိုဟန်ဂျိုဒါရိုမြို့ ဟာရပ္ပမြို့များ ထွန်းကားခဲ့တယ်။ မြို့နေများမှာ အသားမည်း ဒရာဗီးဒီးယန်းလူမျိုးများ ဖြစ်ကြတယ်။ အဲဒီလူတွေဟာ တိုက်တာ ကျိုကြနဲ့အတူ လူနေမှုအဆင့်အတန်း မြင့်လှပေသည်။ သူတို့ဟာ ချည်ထည်ကို ဆေးဆိုးတဲ့အတတ်ကိုလည်း တတ်မြောက်ကြတယ်။ နီလာ၊ ကျောက်စိမ်း၊ သလင်း စတဲ့ တွင်းထွက်ကျောက်မျက်ရတနာတို့ကိုလည်း သုံးတယ်။ ကျွဲ၊ နွား၊ ကုလားအုပ်၊ ဆင် စတဲ့ တိရစ္ဆာန်တို့ကိုလည်း ယဉ်ကျေးအောင် မွေးမြူကြတယ်။အရုပ်စာကိုတီထွင်ပြီး အချင်းချင်း ဆက်သွယ်မှုပြုကြတယ်။ သူတို့ကိုးကွယ်ရာဟာ ဘူမိဒေဝီ ဖြစ်ပေတယ်။ ပုံသဏ္ဌာန်က ရှေးဟောင်းသုတေသနဌာနရဲ့ တူးဖော်မှုအရ ပေါ်ထွက်လာတာကတော့ ခါးကျယ်ကျယ် ရင်ပြည့်ပြည့်နဲ့ ကြာပန်းကို ဦးခေါင်းမှာ ပန်ထားတဲ့ အမျိုးသမီးရုပ် ဖြစ်တယ်။ ဘူမိဒေဝီဆိုတဲ့ကိစ္စကို ရှင်းပြရဦးမယ်။

လူတို့ဟာ မိမိတို့ရဲ့ဘဝ တည်တံ့ရေးအတွက် သူတို့နေထိုင်ရာ ရေမြေကို အားထားကြရတယ်။ ရေမြေတည်းဟူသော မိခင်ရဲ့ရင်ခွင်မှ သူတို့ စပါးရေစာကို စားသုံးကြရတယ်။ ထိုရေမြေကို ပုဂ္ဂလိကဝိသေသပြုကာ နတ်မိခင်အဖြစ် သူတို့ ကိုးကွယ်ကြတယ်။ ထိုကိုးကွယ်မှုက မိုဟန်ဂျိုဒါရိုဘတ်တွင်သာမက ခေတ်ပြိုင် အီဂျစ်ဒေသ၊ အဆီးရီးယားဒေသဘက်မှာလည်း အလားတူ ရှိလေတယ်။ ဘူမိဒေဝီဟာ ရေမြေနဲ့ ဆိုင်တာ ဟုတ်ပေမဲ့ ကြာပန်းနဲ့ ဘယ်လိုဆက်သွယ်နေသလဲ ဆိုတာကို အကျွရာစာပေ တင်လာခဲ့တဲ့ခေတ်ကို ပြန်လည်ရည်ညွှန်းဖို့ လိုတယ်ကွယ့်။ ယခု အိန္ဒိယနဲ့ ပါကစ္စတန်ဒေသများမှာ အကွ္ခရာစာပေစတင်ခဲ့တာ အာရှအလယ်ပိုင်းကနေ အသားဖြူ အာရိယန် လူမျိုးများ ဝင်ရောက်လာပြီးတဲ့နောက် နှစ်ပေါင်းအတန်ကြာကာလမှာ ဖြစ်ပေတယ်။ သူတို့ဟာ ဒရာဗီးဒီးယန်းများကို နှိမ်နင်းပြီး သူတို့နယ်မြေများကို သိမ်းယူအုပ်ချုပ်ကြတယ်။ အဲဒီအခါမှာ သူတို့ဟာ ဒရာဗီးဒီးယန်းတို့ရဲ့ ဓလေ့ထုံးစံအချို့ကို သူတို့၏ပါရင်းဓလေ့ထုံးစံနဲ့ ရောစပ်သုံးလာကြတယ်။ သူတို့ရဲ့ ပါရင်းဓလေ့ထုံးစံနဲ့ဆိုင်တဲ့ ဝေဒဉာဏ်ပညာအမည်ရှိ မော်ကွန်းကဗျာများလည်း ရှိလေတယ်။ မော်ကွန်းကဗျာများမှာ သူတို့ရဲ့ အစသမိုင်းကြောင်းလည်း ပါတယ်။ သူတို့ကိုးကွယ်တဲ့ နတ်ဒေဝါများကို ဆုတောင်းတဲ့ဂါထာများလည်း ပါဝင်တယ်။ ဝေဒမော်ကွန်းကဗျာများကို အိန္ဒိယနဲ့ ပါကစ္စတန်ဒေသများဘက်ကို သူတို့မဝင်လာမီကတည်းကသီကုံးကျက်မှတ်ခဲ့ကြလေတယ်။ နောင်အခါ အဲ နောင်အခါ အက္ခရာစာပေတင်ခဲ့ကြတော့တယ်။ မော်ကွန်းကဗျာများထဲမှာ နှစ်အတန်ကြာမှ ထည့်သွင်းခဲ့တဲ့ နောက်ဆက်တွဲရဲ့ ဤလောက၏ မူလအစ ယောနိဟာ (ပွင့်ချပ်တစ်ထောင်ရှိ) ကြာပင် ဖြစ်လေတယ်။ အလင်းရောင်ကိုမှီပြီး ကမ္ဘာ့ကြာက ပွင့်အာလာလေခြင်း ဖြစ်တယ်။ ကမ္ဘာ့ကြာမှ ပြဟ္မာ၊ ပြဟ္မာမှ အခြားသက်ရှိသက်မဲ့များ ပေါက်ဖွားလာရတယ်။ အဲဒီကြာကိုပင် ပုဂ္ဂလိကဝိသေသ ပြုတယ်။ ကြာနတ်သမီး၊ သီရိနတ်သမီး၊ လက္ခမီနတ်သမီးလို့ အာရိယန်များက ကိုးကွယ်ကြတယ်။ အဲဒီနတ်သမီးကို လယ်ယာစိုက်ပျိုးရေးကဏ္ဍဘက်က နွားချေးခြောက်ပိုင်ရှင်မလို့ ခေါ်ဝေါ်တတ်ကြသေးတယ်။ အဓိပ္ပာယ်ကတော့ ကျွဲ၊ နွား၊ လယ်ယာ၊ ဥစ္စာစောင့်ဆောင်ပေးသူ၊ တစ်နည်း ပြန့်ပွားခြင်း၊ အသက်ရှည်ခြင်း၊ ဥစ္စာတိုးတက်ခြင်း၊ ကျော်စောထင်ရှားခြင်း၊ ဂုဏ်ကျေးဇူးပေးသူ၊ မင်္ဂလာပေးသူလို့ ယူဆကြတယ်။ ဒါကြောင့် သီရိနတ်သမီးကို ကြာပန်းပေါ်မှာ မတ်တတ်ရပ်နေပုံကို ထုလုပ်တတ်ကြတယ်။ ကြာဟာ တိုးပွားစည်ပင်တဲ့ အနက်အဓိပ္ပာယ်၊ မင်္ဂလာရှိတဲ့ အနက်အဓိပ္ပာယ်ဆောင်ရာမှနောက်တစ်ဆင့်အဓိပ္ပာယ်ပွားလာခဲ့ပြန်တယ်။ တစ်ဆင့်အဓိပ္ပာယ်ပွားလာပုံက အိန္ဒိယ မဇ္ဈိမဒေသမှ ဗုဒ္ဓဘုရား ပွင့်ပြီးတဲ့နောက်ကာလနဲ့ ဆိုင်လေတယ်။ ပါဠိတော် ဘာသာပြန်မှာ အနံ့ကောင်း၍နလုံးမွေ့လျော်ဖွယ်ရှိသော ကြာ ပုဏ္ဍရိတ်သည်လည်းကောင်း၊ ပဒုမ္မာကြာသည်လည်းကောင်း၊ ရေ၌ပေါက်၍ကြီးပွားသော်လည်း ရေနှင့်မှုကား မလိမ်းကျံသကဲ့သို့ ထို့အတူသာလျှင် မြတ်စွာဘုရားသည် လောက၌ဖြစ်၍ လောက၌ နေတော်မူသော်လည်း လောကနှင့် လိမ်းကျံတော်မမူလေလို့ ကြာနဲ့ဗုဒ္ဓကို နှိုင်းနှိုင်းထားလေတယ်။ တစ်ဖန် ပါဠိအဌကထာ ဘာသာပြန်မှာ ဘုရားငါးဆူပွင့်မည့်ပုဗ္ဗနိမတ်အားဖြင့်ဤဘဒ္ဒကမ္ဘာပေါ်စအခါ၌ သကၤန်းပရိက္ခရာ အစုံအလင်နှင့်တကွ ကြာငါးပွင့်ပါလာသည်ဟု ဆိုလေတယ်။ ဗုဒ္ဓသာသနာ ပျံ့နှံ့ရာ အိန္ဒိယ၊ တရုတ်၊ သီဟိုဠ်၊ မြန်မာ စတဲ့ အာရှနိုင်ငံအသီးသီးမှာ ဘုရားဆင်းတုများကို ကြာပလ္လင်ပေါ်မှာ ထိုင်လျက်ဖြစ်စေ၊ ကြာပွင့်ပေါ်မှာ ရပ်လျက်ဖြစ်စေ၊ ကြာချပ်တွေ ဝိုင်းရံလျက်ဖြစ်စေ ထုလုပ်တတ်ကြလေတယ်။ သက်ရိုက် ဗုဒ္ဓဝင်ဖြစ်တဲ့ လလိတဝိတ္ထာရ ဘာသာပြန်မှာ ဘုရားဆင်းတုများကို ဗောဓိသတ္တဘုရားလောင်းဟာ မယ်တော်၏ ညာဘက်ခါးထက်မှ ဖွားမြင်၍ မြေပြင်သို့ဆင်းသည့်အခါမြေပြင်မှကြာပေါက်၍ ခံလာသည်ဟု ပါရှိလေတယ်။ ဖွားတော်မူခန်းပုံများကို ကြာပန်းပေါ်မှာ ဗောဓိသတ္တဘုရားလောင်း မတ်တတ်ရပ်နေဟန် ရေးဆွဲထုလုပ်တတ်ကြတယ်။ အိန္ဒိယ နာလန္ဒာအရပ်မှ ရုပ်ကြွ၊ တိဗက် ဆေးရေးပန်းချီ၊ မော်ဇာ ရွှေညောင်ပင်ရိုးမှ ကျောက်ရုပ်ကြွ၊ ပုဂံ နန္ဒာမည အနန္တပညာဘုရားမှ ဆေးရေးပန်းချီဟာ သာဓကများ ဖြစ်ကြလေတယ်။ ဒါ့အပြင် မဟာယာဉ်ဂိုဏ်းလာ ဗောဓိသတ္တများကို ကြည့်လေ။ ဗုဒ္ဓသာသနာမှာ ထေရဝါဒနဲ့ မဟာယာဉ်

ဆိုပြီး ဂိုဏ်းကြီးနှစ်ဂိုဏ်း ရှိခဲ့ရာမှ မဟာယာဉ်ဂိုဏ်းက ဗောဓိသတ္တများက ပါရမီဖြည့်ပြီး သတ္တဝါတို့ကို ချွတ်ပြီးနောက် ပရိနိဗ္ဗာန်စံဝင်ရန်အထက် သတ္တဝါတစ်ဦးတစ်ယောက်မကျန် ကယ်တင်ဖို့ စောင့်ဆိုင်းပြီး လောကကို စောင့်ရှောက်နေသူများသာ ဖြစ်ကြတယ်။ ပြယုဂ်အားဖြင့် အိန္ဒိယ၊ မြန်မာ၊ နီပေါ စတဲ့ ဒေသများမှာ တွေ့ရတတ်တဲ့ ကြာရိုး၊ ကြာစွယ်ကို ဝဲယာထား၊ ဒူးတစ်ဖက်ထောင်၊ ဒူးတစ်ဖက်ချ၊ မင်းထိုင်နေတဲ့ အဝလောကိတေသရ ဗောဓိသတ္တပုံများ၊ ကြာရိုးကို လက်တစ်ဖက်မှကိုင်လျက် မတ်တတ်ရပ်နေတဲ့ ပဒ္မပါဏိ ဗောဓိသတ္တပုံများ ဖြစ်ကြလေတယ်။ ကြာဟာ သန့်ရှင်းစင်ကြယ်ခြင်း၊ မြင့်မြတ်သော သဘောကို ဆောင်တယ်။ မြန်မာ့ယဉ်ကျေးမှုဖြစ်တဲ့ အဝလောကိတေသရဗောဓိသတ္တ အေဒီ ၁၁ ရာစု အပယ်ရတနာဘုရားကို ပုဂံမှာ ဖူးမြော်ကြည်ညိုနိုင်တယ်ကွယ့်"

ကျွန်မသိချင်တာတွေကို အခွင့်သာတုန်း ပြောပြခွင့်ရသောကြောင့် မေမေ ကျေနပ်သွားပုံရသည်။ ကျွန်မ ကြာပန်းတွေကို မြန်မာ့ယဉ်ကျေးမှုဟု မထင်မှတ်ခဲ့ပေ။ ငယ်စဉ်ကတည်းက ကြာနွယ်၊ ကြာရိုး၊ ကြာစွယ်ရိုးတွေကို တစ်ဆစ်ချင်းချိုးကာ လည်တိုင်မှာ ဆွဲ၍ ရသောကြောင့် ပျော်ရွှင်ကြည်နူးစရာ အဖြစ်သာမြင်ခဲ့မိသည်။ ကျွန်မ ငယ်စဉ်တုန်းက ကြာကို ကလေးအတွေးဖြင့် ပေါ့ပေါ့ဆဆ ထင်ခဲ့မိသည်။ နှင်းမှုန်မှုန်တွေ ဖုံးလွှမ်းနေသော ကြာပန်းတွေကို ကျွန်မ လှမ်းကြည့်မိ၏။ နှင်းရောင်ကြားမှာ ရေခိုးရေငွေ့တွေ အငွေ့ပျံနေ၏။ ရေလှိုင်းတွေ ငြိမ်သက်နေသည့် ရေကန်ထဲဆင်းပြီး ကြာပန်းတွေကို နောက်တစ်ကြိမ်ခူးရန် ဟန်ပြင်သောအခါ "ဟေး စိမ်းလဲ့ကန်သာ" ဟု အော်ပြောလိုက်သော မမအသံကို ကြားလိုက်ရ၏။ အသံလာရာကို ကျွန်မ ဆတ်ခနဲ လှမ်းကြည့်လိုက်သောအခါ ရင်ခွင်ထဲမှာ ကြာပန်းတွေ တစ်ပွေ့တစ်ပိုက်နှင့် ပြုံးရွှင်နေသော မမကို တွေ့လိုက်ရ၏။ အလို . . . ရင်ဖုံးအကျီလက်ရှည်၊ ဇင်းမယ်ထဘီဖြင့် ကိုယ်ဟန်ကျော့ရှင်းသည့် မမက ပုသိမ်ထီးကို ဆောင်းလျက် ကြာပန်းတွေပိုက်ကာ ကျွန်မတို့အိမ်ရှိရာသို့ လျှောက်လှမ်းသွားနေ၏။ မမ၏ မြန်မာဆန်သည့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုကို ဘဝင်ကျသည့်မေမေကပြုံးပြုံးကြီး ငေးကြည့်နေသည်။ ကျွန်မကိုယ်ကျွန်မ ငုံ့ကြည်မိ၏။ အသားကပ်အကျီ၊ ဒူးကျဘောင်းဘီနှင့် မျက်စိနောက်စရာ ကျွန်မကိုယ်ကျွန်မ ဘဝင်မကျမိပေ။ ကျွန်မက မြန်မာမိန်းကလေး၊ မြန်မာ့သွေး၊ မြန်မာ့ဟန်ဖြင့် မြန်မာဆန်ဆန် ဆင်ယင်ထုံးဖွဲ့သင့်သည်။ ကျွန်မ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းသင့်သည်။ မမကလည်း မြန်မာ၊ ကျွန်မကလည်း မြန်မာ။ အသိတရားခြင်း ကွာခြားနေတာ ထင်ရှားနေသည်။ မမကလည်းမြန်မာ့သွေး၊ ကျွန်မကလည်း မြန်မာ့သွေး ယဉ်ကျေးမှုခြင်း မတူ မှုကွဲနေသည်။ မမက မျက်စိရှင်းအောင် မြန်မာဆန်သည်။ ကျွန်မက တောင်မရောက် မြောက်မရောက် မျက်စိနောက်လောက်အောင် ဘိုဆန်နေသည်။ အားကျမခံ မနက်ဖြန်မှာ မြန်မာဆန်ဆန် ဝတ်ပြလိုက်ဦးမည်ဟု ကြုံးဝါးကာ ရေကန်ထဲမှ ကြာပန်းတွေကို သည်းကြီးမည်းကြီး ခူးနေပါတော့သည်။ ကန်ဘောင်ပေါ်တွင် ရပ်နေသော မေမေက ကျွန်မကို လှမ်းပြောသည်။

"ချစ်သမီးရေ ရာသီဥတု အေးတယ်။ ပန်းတွေ မြန်မြန်ခူးပော့"

အိုကေဟု ကျွန်မ မျက်စပစ်ပြလိုက်၏။ ကျွန်မ အေးရချမ်းရကောင်းမှန်း မသိ။ ကျွန်မဘဝင်ထဲရှိနေတာက နှင်းငွေ့သန်းပြီး နေရောင်ခြည်တွေ လင်းပနေသော နေ့တစ်နေ့မှာ ကျွန်မ စိတ်တွေ ယူပစ်လိုက်သလို ပြောင်းလဲသွားခြင်းပင်။ ဩော် . . . မေမေ၏ ရှုမငြီး သည့် ချစ်သမီးဖြစ်ရန် မြန်မာဆန်ဆန် တစ်ပတ်လျှိုဆံထုံးမှာ ကျွန်မ ပန်းပန်ရ ပေဦးတော့မည်ဟု အတွေးစိတ်ကူးဖြင့် အူမြူးနေသည့် ကျွန်မကို မျက်ခြည် မပြတ် အကခတ်နေ၏။ ကျွန်မ ပြုံးစစ ဖြင့် မေမေ့ကို လှစလ်ခနဲ လှမ်းကြည့်မိ၏။ အို . . . မေမေ့ဦးခေါင်းထက်က ဘီးစပတ်မှာ ပန်းတွေဝေနေပါပေါ့လား။ လှလိုက်တဲ့ မြန်မာအမျိုးသမီးဟု ကျွန်မရင်မှ မြည်တမ်းသံက နှလုံးသွေးကြောထဲ အထိ ဘဝင်ညံသွားလေသည်။

**လုံးမငြိမ်းချမ်း(ဟသ်ာတ)**